
# နားထောင် တတ်ရန်သင်ယူခြင်း
# နှုတ်ပြောသမိုင်းစီမံကိန်းအတွက်လက်စွဲစာအုပ်



# နားထောင် တတ်ရန်သင်ယူခြင်း
# နှုတ်ပြောသမိုင်းစီမံကိန်းအတွက်လက်စွဲစာအုပ်



# အမှာစာ

Panos စာတမ်း Listening For A Change နှင့် Giving Voice မှ အချက်အလက်များကို ဤလက်စွဲစာအုပ်တွင် ထည့်သွင်း ခွင့်ပြုသောကြောင့် လန်ဒန်မြို့မှ Panos Institute Oral Testimony Programme ဒါရိုက်တာ အိုလီဗီယာဘင်းနက်(Olivia Bennett )အား ကျေးဇူးတင်ရှိပါသည်။ Panos OTPနှင့် အဖွဲ့သားများ၏သုတေသနအတွေ့အကြုံများမှ အချက်အလက် အတော်များများကို ဤလက်စွဲစာအုပ်တွင် အသုံးပြုထားပါသည်။ Panos Oral Testimony Programme ကို ဆက်သွယ်ရန်လိပ်စာမှာ 9 White Lion Street, London N1.9PD, Uk ဖြစ်ပါသည်။ အင်တာနက်မှာ www.oneworld.org/panos ဖြစ်ပါသည်။ ဤလက်စွဲစာအုပ်တွင် ထည့်သွင်းအသုံးပြုထားသော ဓါတ်ပုံများမှာ အနောက်တိုင်း မဟုတ်သော အနုပညာ ဂရင်းပိဋကတ်တိုက် (Green Center of Non-Western Art ) တွင် ထိန်းသိမ်းထားသော Green Collection (ဂရင်း၏စုဆောင်းမှု) မှ ဓာတ်ပုံများ ဖြစ်ပါသည်။ အင်္ဂလန်နိုင်ငံ ဘုရင့်နန်းတော်တွင်းစာကြည့်တိုက်နှင့် ပြတိုက် (Green Centre of The Royal Pavilion, Libraries and Museums, Brighton. Uk) အနေဖြင့်တာဝန်ယူ ထိန်းသိမ်းထားသော အာဖရိက၊ အာရှ ဖိစိဖိတ်နှင့် အမေရိကတိုက် အနုပညာလက်ရာများကို စီမံကွပ်ကဲလျက်ရှိပါသည်။ Green ပိဋကတ် တိုက်က စုဆောင်းထားသော အနုပညာလက်ရာများတွင် ဂျိမ်းစ်ဟင်နရီဂရင်း (James Henry Green) ကိုယ်တိုင် ၁၉၂၀ ကျော်နှစ်များနှင့် ၁၉၃၀ ကျော် နှစ်များအတွင်း မြန်မာနိုင်ငံ၌ ရိုက်ကူးစုဆောင်းခဲ့သော ဓါတ်ပုံပေါင်း ၁၆၀၀ နီးပါးပါဝင်သည်။ ဤလက်စွဲစာအုပ်တွင် အသုံးပြုထားသော ဓါတ်ပုံများတွင် ဂရင်းခေါ်ဝေါ်သည့်အတိုင်း စာတမ်းခေါင်းစည်းများကို ဖော်ပြထားပါသည်။

# နားထောင်တတ်ရန်သင်ယူခြင်း လက်စွဲစာအုပ်အကြောင်း

## လက်စွဲစာအုပ်အကြောင်း

"နားထောင်တတ်ရန်သင်ယူခြင်း" စာအုပ်သည် နှုတ်ပြောသမိုင်းများနှင့် နှုတ်ပြောရိုးရာ အစဉ်အလာများကို အသုံးပြုခြင်းဖြင့် သင်ကိုယ်တိုင်ဖြစ်စေ ၊ သင်၏အဖွဲ့ ၊ ရပ်ရွာနှင့်အစည်းအရုံး အဖွဲ့အစည်းများတွင် စီမံကိန်း များကို လုပ်ဆောင်တတ်ရန် အထောက်အကူပြုသော စာအုပ် ဖြစ်ပါသည်။ အချို့စီမံကိန်းများသည် ဖွံ့ဖြိုးရေးနှင့် ပတ်သက်ဆက်နွယ်ကောင်းဆက်နွယ်နေပါမည်။ အချို့စီမံကိန်းများမှာ သမိုင်းဖတ်စာအုပ်များ ပြုစုခြင်းနှင့် ပတ်သက်ဆက်နွယ်နေပါမည်။ ဤသို့ဖြင့် ယဉ်ကျေးမှုရိုးရာဓလေ့ ပိဋကတ်တိုက် အဖြစ်စုဆောင်းထားရှိခြင်း၊ ကြားရလေ့မရှိသော ရပ်ရွာ လူထုများ အတွင်းမှ အသံများ၊ ထိုသူတို့၏အဖိုးတန်သော အတွေ့အကြုံများနှင့် အသိပညာ ဗဟုသုတ များကို မှတ်တမ်းတင် ထိန်းသိမ်းထားနိုင်ခြင်း အကျိုးဖြစ်ထွန်းပါမည်။

ဤလက်စွဲစာအုပ်သည် နှုတ်ပြောသမိုင်း (Oral History)နှင့် နှုတ်ပြောရိုးရာအစဉ်အလာ (Oral Tradition )၏ အနက်အဓိပ္ပါယ်ကိုရှင်းလင်းဖော်ပြပါမည်။ ထိုနောက် စီမံကိန်းကို မည်ကဲ့သို့ ရေးဆွဲ ရမည်ကိုလည်းကောင်း အခြားသူများကို သင့်အတွက်အလုပ်လုပ်ရန် မည်ကဲ့သို့ လေ့ကျင့်ပေးရမည်ကို လည်းကောင်း သင်၏လုပ်ငန်းအတွက်ငွေကြေးကို မည်ကဲ့သို့ရှာဖွေရမည်ကိုလည်းကောင်း သင်ထုတ်လုပ်သော စာရွက်စာတမ်းများကို အချောဖြစ်အောင်မည်ကဲ့သို့ဖန်တီးယူရမည်ကိုလည်းကောင်း ဤစာရွက်စာတမ်း မှတ်တမ်းမှတ်ရာများကို နောင်လာနောက်သားများအတွက် မည်ကဲ့သို့ထိန်းသိမ်း စောင့်ရှောက်ထားရမည်ကို လည်းကောင်း စသည်တို့ကို ရှင်းလင်းပေးပါလိမ့်မည်။

## ဤလက်စွဲစာအုပ်သည်မည်သူ့အတွက်နည်း

ဤလက်စွဲစာအုပ်ကိုတစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေအသုံးပြုနိုင်သည်။ ဤလက်စွဲစာအုပ်ကို ရေး သားရာတွင် မြန်မာနိုင်ငံလူထုကိုအခြေခံ၍ရေးသားပြုစုထားပါသည်။ အကြောင်းမှာ မြန်မာနိုင်ငံရှိလူမျိုးစု ယ် များစွာတို့သည် သူတို့၏သမိုင်းနှင့် ရိုးရာယဉ်ကျေးမှုထုံးတမ်းများကို မှတ်တမ်း တင်ထားသောစာရွက်စာတမ်း အထောက်အထားများ မရှိသောကြောင့် သူတို့၏သမိုင်းရာဇဝင်များနှင့်ရိုးရာယဉ်ကျေးမှုများကို သုတေသနပြု ရန်နှင့် မှတ်တမ်းတင်ရန်အခက်အခဲများနှင့် ရင်ဆိုင်ရပါသည်။ သို့ဖြစ်၍ များစွာသော ဥပမာများ သည် ထိုလူမျိုး စုငယ်များအကြောင်းဖြစ်နေပါမည်။ ဤဥပမာ အထောက်အထားများစွာတို့သည် ကချင်လူမျိုးများနှင့် ဆက်နွယ် နေကြောင်းတွေ့ရပါမည်။ ဤဥပမာများကို သင်၏အတွေ့အကြုံနှင့် နှိုင်းယှဉ်နိုင်ပါသည်။ သို့ရာတွင် ဤလက်စွဲ စာအုပ်သည် မြန်မာနိုင်ငံမှ လူမျိုးစုငယ်များအတွက်သာမက သင်ကိုယ်တိုင်၏ အလားတူ လုပ်ငန်းအတွက်လည်း အကျိုးရှိမည်ဟု မျှော်လင့်ပါသည်။

## လက်စွဲစာအုပ်ကို မည်ကဲ့သို့အသုံးပြုရမည်နည်း

လက်စွဲစာအုပ်ကိုအပိုင်းငယ်များခွဲထားပါသည်။ သင့်အနေနှင့်အချို့အပိုင်းကို စိတ်ဝင်စားခြင်းမရှိပါက တစ်မျက်နှာချင်း၊ စာလုံးတစ်လုံးချင်း အသေးစိတ် ဖတ်နေရန်မလိုပါ။ ဥပမာ – နှုတ်ပြောရိုးရာအစဉ်အလာ အကြောင်း မှတ်တမ်းကို စိတ်မဝင်စားပါက ထိုအပိုင်းကို ဖတ်ရှုလေ့လာရန် မလိုပါ။ ထို့အပြင် လက်စွဲစာအုပ်ပါ အခြားအပိုင်းကို ရံဖန်ရံခါ လှန်လှော၍ ညွှန်းရန် လိုကောင်းလိုပေမည်။ တစ်ထိုင်တည်းနှင့် အားလုံး ဖတ်ရမည် ဟု မယူဆစေလိုပါ။

အချို့သောသူများသည် တစ်ကိုယ်တည်းလေ့လာ လုပ်ဆောင်လိုပါမည်။ အချို့သောသူ များသည် အဖွဲ့နှင့်လုပ်ဆောင်လိုကြမည်။ အချို့သောသူများသည် ဤလုပ်ငန်းမျိုးနှင့် အကျွမ်းဝင်ခြင်း မရှိသည့်တိုင်အောင် အခြားသူများကို သင်တန်းပို့ချလေ့ကျင့်ပေးလိုကြပါမည်။ ဤလက်စွဲစာအုပ်၏ရည်ရွယ်ချက်မှာ –

သင့်လိုအပ်ချက်နှင့် ဆီလျော်သော စီမံကိန်းကိုရေးဆွဲလုပ်ဆောင်ရန် အထောက်အကူပြုရေးဖြစ်ပါသည်။ ဤလက်စွဲစာအုပ်ကို သင့်လျော်သလို လှည့်ပြောင်းအသုံးပြုနိုင်ပါသည်။ ကိုယ့်အကြံနှင့်ကိုယ် လုပ်ဆောင်ရန် ကြိုးစားပါ။ စာအုပ်ကြီးအတိုင်း မလိုက်ပါနှင့်။ သင်၏နေရာဒေသ အလိုက်လိုအပ်ချက်နှင့် ဆီလျော်ကောင်းမှ ဆီလျော်ပါမည်။

## ဖြစ်ရပ်မှန်ကို လေ့လာခြင်းဆိုသည်မှာ အဘယ်နည်း။ ၄င်းတို့ကို အဘယ်ကြောင့် ထည့်သွင်းထားရသနည်း။

ဖြစ်ရပ်မှန်ကိုလေ့လာခြင်းဟူသည်ကား နှုတ်ပြောသမိုင်း စီမံကိန်းနှင့်ဆက်နွယ်သော အကြောင်း အရာ အဖြစ်အပျက်များကို လူ့အသိုင်းအဝိုင်းတစ်ခု သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်က မည်သို့မည်ပုံ ကိုင်တွယ်ဖြေ ရှင်းကြောင်း အသေးစိတ် မှတ်တမ်းတင်ထားသောအရာဖြစ်ပါသည်။ ဥပမာ ဤလက်စွဲစာအုပ်တွင် ယေဘုယျ ဖော်ပြထားသော ပြဿနာတစ်ရပ်ကို အဖွဲ့အစည်းတစ်ခုက မည်သို့ဖြေရှင်းကြောင်း သင်ယူနိုင်မည်ဖြစ်သည်။ ဤသို့ဖြင့်၊ သင်တွေ့ကြုံရသော အခြေအနေနှင့် ဤလက်စွဲစာအုပ်ရှိ ဖြစ်ရပ်မှန်ကို လေ့လာခြင်း နမူနာမှ အဖြစ်အပျက်တို့၏ တူညီသောအချက်နှင့် ခြားနားသောအချက်များကို ယှဉ်တွဲစဉ်းစားရန် အထောက်အကူ ရပါလိမ့်မည်။ တခါတရံ ကျွန်ုပ်တို့ ကြုံတွေ့နေရသောပြဿနာနှင့် ဆင်တူသောပြဿနာများကို အလွန် ဝေးကွာသော အခြားဒေသရှိလူများ မည်ကဲ့သို့ ကိုင်တွယ်ဖြေရှင်းကြောင်း လေ့လာသိရှိရလျှင် အကျိုးဖြစ်ထွန်း ပါမည်။ ဖြစ်ရပ်မှန်ကိုလေ့လာခြင်းအများစုမှာ Panos Organisation နှင့်ဒေသခံလူများ လက်တွဲ၍ လုပ်ဆောင် ခဲ့သော အဖြစ်အပျက်များ ဖြစ်ပါသည်။ သူတို့ ဖော်ပြသော အတွေ့အကြုံများသည် သင့်အတွက်အကျိုးရှိနိုင် ပါသည်။ ၄င်းအတွေ့အကြုံများကို အသုံးပြု၍ သင်အမှန်တကယ် လုပ်ဆောင်ရသော နှုတ်ပြောသမိုင်း စီမံကိန်း လုပ်ငန်းခွင်နှင့် ဆက်နွယ်နေသော အတွေ့ အကြုံများအပေါ် အပြုသဘောနှင့် အဖြစ်သဘောရှုထောင့် နှစ်မျိုး လုံးဖြင့် လေ့လာနိုင်ပါမည်။

## မာတိကာ


အပိုင်း – (၁) နိဒါန်း – အဘယ်ကြောင့်နားထောင်ရမည်နည်း.................. ၁–၂၀

နှုတ်ပြောသမိုင်း ဆိုသည်မှာအဘယ်နည်း ..................................................၂

နှုတ်ပြောရိုးရာအစဉ်အလာ ............................................................ ၄

နားထောင်ခြင်း၏အရေးကြီးပုံ ......................................................... ၆

ပြဿနာများ၏ အဖြေရှာဖွေခြင်း....................................................... ၈

အရှေ့တောင်အာရှမှ နှုတ်ပြောသမိုင်း နှင့်
နှုတ်ပြောရိုးရာအစဉ်အလာ ............................................................၁၁

နှုတ်ပြောသမိုင်းနှင့် နှုတ်ပြောရိုးရာအစဉ်အလာကို
ယနေ့ကမ္ဘာအနှံ့စိတ်ဝင်စားလာခြင်း ...................................................၁၁

ယခုမျက်မှောက်ကာလ အရှေ့တောင်အာရှ၌ နှုတ်ပြောရိုးရာအစဉ်အလာနှင့်
နှုတ်ပြောသမိုင်းအပေါ် စိတ်ဝင်စားလာကြခြင်း.........................................၁၂

အရှေ့တောင်အာရှရှိ လူမျိုးစုငယ်များ(လူနည်းစု လူမျိုးစုများ)အတွက် နှုတ်ပြောရိုးရာ
အစဉ်အလာနှင့် နှုတ်ပြောသုတေသနလုပ်ငန်း အရေးကြီးပုံ ..................................၁၄

ဖြစ်ရပ်မှန်ကို လေ့လာခြင်း – စာပေဖြင့်ရေးထားသော
သမိုင်းမှတ်တမ်းနှင့် နှုတ်ပြောသမိုင်းတို့၏ခြားနားချက် ....................................၁၆

အပိုင်း – (၂) သမိုင်းကို နားထောင်ခြင်း .................... ၂၁–၅၁

သမိုင်းနှင့် နှုတ်ပြောသမိုင်း.......................................................... ၂၂

သမိုင်းအထောက်အထားများကိုအသုံးပြုခြင်း ............................................ ၂၂

မြန်မာနိုင်ငံမှ မူလ အထောက်အထားနှင့်
တစ်ဆင့်ခံ အထောက်အထားနမူနာများ ................................................ ၂၃

မူလအထောက်အထားများ ............................................................ ၂၄

မြန်မာနိုင်ငံမှ မူလအထောက်အထားများဆိုင်ရာ နမူနာ .....................................၂၅

ဆင့်ပွားသတင်းအချက်အလက် ....................................................... ၂၇

နှုတ်ပြောသမိုင်း အထောက်အထားများကို အသုံးပြုရာတွင်
ထည့်သွင်းစဉ်းစားရမည့်အချက်များ ..............................................၃၁

မြန်မာနိုင်ငံရှိဘာသာစကားနှင့်လူမျိုးစုအနေအထား ........................................၃၁

နားထောင်ခြင်းနှင့် စကားပြောခြင်း ..........................................................၃၂

မိမိအကြောင်းတင်ပြခြင်းနှင့်မှတ်ဉာဏ် (မှတ်မိခြင်း) ........................................၃၄

အချက်အလက်များကိုမှတ်တမ်းတင်ခြင်း၊ အသုံးပြုခြင်းတို့နှင့်
ဆက်နွှယ်နေသော ကျင့်ဝတ်ဆိုင်ရာ ခံယူချက်များ ........................................၃၅

စဉ်းစားဆင်ခြင်ရန် အဓိကအချက်များ ......................................................၄၀

သမိုင်းနှင့် နှုတ်ပြောသမိုင်း ......................................................................၄၁

ဖြစ်စဉ်တစ်ခုဖြစ်သော နှုတ်ပြောရိုးရာအစဉ်အလာ ..........................................၄၁

သရုပ်ဖော်ပြသမှုတစ်ခု ဖြစ်သော နှုတ်ပြောရိုးရာအစဉ်အလာ
(သရုပ်ဖော်နှုတ်ပြောသမိုင်း) ......................................................................၄၂

နှုတ်ပြောသမိုင်းသရုပ်ဖော်မှုမှ အကြောင်းအရာစာမူကို
ထုတ်ယူရရှိခြင်း ......................................................................................၄၃

သတင်းအချက်အလက် ..............................................................................၄၄

"ရိုးရာတေးတပုဒ်ကို နိုင်ငံတော်သီချင်းတပုဒ်အဖြစ်သို့
ပြောင်းလဲနိုင်သည်" ..................................................................................၄၅

ဖြစ်ရပ်မှန်ကိုလေ့လာခြင်း – ကချင် ဂွမ်ဆာ၊ ဂွမ်လောင်
(ပဒေသရာဇ်နှင့် ကိုယ့်မင်းကိုယ့်ချင်း) အချေအတင် ........................................၄၇

အပိုင်း – (၃) နားထောင်ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်ခြင်း .................... ၅၂–၆၇

နှုတ်ပြောသုတေသနလုပ်ငန်းနှင့်ဖွံ့ဖြိုးရေးကိစ္စများ ..........................................၅၃

ဖြစ်ရပ်မှန်လေ့လာခြင်း – နှုတ်ပြောသမိုင်းနှင့်
ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ လုပ်ငန်းအစီအစဉ်များ ..............................................၅၄

ပညာရေးနှင့် နှုတ်ပြောသမိုင်း .................................................................. ၆၀

နှုတ်ပြောသမိုင်း သင်ခန်းစာအစီအစဉ်နမူနာ .................................................. ၆၀

မော်ကွန်းတိုက်ဖန်တီးခြင်းနှင့်ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းခြင်း ........................ ၆၃

အာရှအရှေ့တောင်အာရှဒေသမှ နှုတ်ပြောမော်ကွန်းတိုက်များ .................................... ၆၄

မှတ်ဉာဏ်ဘဏ်တိုက် ........................................................................................ ၆၅

အပိုင်း – (၄) နားထောင်ခြင်းစီမံကိန်းများ .................... ၆၈–၉၀

စီမံကိန်းတစ်ခုကို စီစဉ်ရေးဆွဲခြင်းနှင့်
အကောင်အထည်ဖော်ဆောင်ရွက်ခြင်း ........................................................ ၆၉

စီမံကိန်းကို အစီအစဉ်ရေးဆွဲခြင်း ............................................................ ၆၉

စီမံကိန်း၏ပန်းတိုင်နှင့် ရည်ရွယ်ချက်နမူနာများ ............................................ ၇၁

စီမံကိန်းကို ပြန်လည်သုံးသပ်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းနှင့်
ပြန်လှန်ဆန်းစစ်ကြည့်ခြင်း ....................................................................... ၇၅

စီမံကိန်းတစ်ခုကို ပြန်လည်သုံးသပ်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းနှင့်
ပြန်လှန်ဆန်းစစ်ခြင်း ပြုရာတွင်ကြုံတွေ့ရသော
ခလေ့ထုံးတမ်းဆိုင်ရာအခက်အခဲများ ....................................................... ၇၅

အဘယ်ကြောင့် ပြန်လည်သုံးသပ်ရမည်နည်း ................................................ ၇၆

နှုတ်ထွက်သက်သေခံချက်များကိုတွေ့ဆုံမေး မြန်းနည်းအတွက်
ပြန်လှန်သုံးသပ်ရန်အချက်များ ............................................................... ၇၇

အဘယ်ကြောင့် ကြီးကြပ်ကွပ်ကဲ၍ စိစစ်သုံးသပ်ရမည်နည်း ................................ ၇၉

စီမံကိန်းတင်သွင်းချက်ရေးသားခြင်းနှင့်ထောက်ပံ့ငွေလျှောက်ထားခြင်း ..................... ၈၁

ငွေကြေးထောက်ပံ့မှုလျှောက်ထားရာတွင် အဓိကထည့်သွင်းရမည့်အချက်များ ............. ၈၂

စီမံကိန်းတာဝန်ခံ၏အခန်းကဏ္ဍ ............................................................... ၈၄

လက်တွေ့ဖြစ်ရပ်ကိုလေ့လာခြင်း–အမျိုးသမီးများတွင် ကာကွယ်ဆေးထိုးသော
အစီအစဉ် မအောင်မြင်ရခြင်း အကြောင်းရင်း ............................................... ၈၅

အပိုင်း – (၅) နားထောင်နည်း .................... ၉၁–၁၂၉

နားထောင်ခြင်းစီမံကိန်းများအတွက် တွေ့ဆုံမေးမြန်းမည့်သူများကို
ရွေးချယ် လေ့ကျင့်ပေးခြင်း.................................................................... ၉၂

နားထောင်ခြင်းစီမံကိန်းများအတွက် တွေ့ဆုံမေးမြန်းမည့်သူများကို ရွေးချယ်ခြင်း .............၉၂

စွမ်းရည်မြှင့်တင်ပေးခြင်း ..........................................................၉၃

အတွင်းလူများနှင့် အပြင်လူများ ..................................................၉၃

ဒေသဆိုင်ရာဗဟုသုတ ..............................................................၉၄

မှန်ကန်သင့်လျော်သောစကားများ ................................................ ၉၅

နှုတ်ပြောသက်သေခံချက် စီမံကိန်းအတွက်
မေးမြန်းမှုလုပ်မည့်လူများကို လေ့ကျင့်သင်တန်းပေးခြင်း ................................ ၉၅

သင်တန်းပေးခြင်း၏ ရည်ရွယ်ချက် .................................................. ၉၆

မည်သူတို့ပါဝင်သင့်သနည်း ........................................................ ၉၆

သင်တန်းစဉ်၏ အစီအစဉ်အကြမ်းဖျင်း ............................................ ၉၆

လီဆိုသိုနိုင်ငံမှ နှုတ်ပြောသက်သေခံချက် စုဆောင်းထားခြင်း
(အမေးအဖြေပြုလုပ်ရန် ခေါင်းစဉ်များ) ............................................၉၇

ပါဝင်သရုပ်ဆောင်ခြင်း နမူနာ ......................................................၁၀၂

သင်တန်းစဉ်များကို စီစဉ်ရေးဆွဲခြင်း .............................................၁၀၅

ပါးစပ်ရာဇဝင်စီမံကိန်းအတွက် အမေးအဖြေပြုရာတွင်
ကြုံတွေ့ရတတ်သောအရာများ .....................................................၁၀၉

ဖြစ်ရပ်မှန်ကိုလေ့လာခြင်း– စက်ာပူနိုင်ငံမှ အထက်တန်း စီးပွားရေး
သမားများ နှင့်နိုင်ငံရေးသမားများကို အမေးအဖြေပြုလုပ်ခြင်း ..........................၁၁၀

နှုတ်ပြောရိုးရာအစဉ်အလာစီမံကိန်းအမေးအဖြေ ပြုလုပ်ရာတွင်
ကြုံတွေ့ရတတ်သောအရာများ .....................................................၁၁၁

လူတွေ့ မေးမြန်းခြင်း ပုံစံအမျိုးမျိုး ..................................................၁၁၃

ကိုယ်တွေ့ ဘဝဇာတ်လမ်းများကို တွေ့ဆုံမေးမြန်းခြင်း ....................................၁၁၃

ကိုယ်တွေ့ဘဝဇာတ်လမ်းအတွက် ခေါင်းစဉ်များ ............................................၁၁၅

မိသားစုမျိုးရိုးသမိုင်းအမေးအဖြေများ ......................................................၁၁၆

အကြောင်းအရာတစ်ခုတည်းကို ဦးတည်၍
အမေးအဖြေပြုလုပ်ခြင်း ........ ၁၁၆

နေ့စဉ်မှတ်တမ်း အမေးအဖြေပြုလုပ်ခြင်း ........ ၁၁၇

အဖွဲ့လိုက် အမေးအဖြေပြုလုပ်ခြင်း ........ ၁၁၇

မေးခွန်းများမေးခြင်း ........ ၁၁၈

အဓိပ္ပါယ်ကို နှိုက်ယူရန် အသုံးပြုသည့် မေးခွန်းများ ........ ၁၁၈

မေးခွန်းပုံစံအမျိုးမျိုး ........ ၁၁၉

လူတွေ့မေးမြန်းရန် အထောက်အကူပစ္စည်းများ ........ ၁၂၁

ရုပ်ဝတ္ထုပစ္စည်းများနှင့် ပုံစံတူများ ........ ၁၂၁

အမြင်အာရုံအသုံးပြုနည်းများ ........ ၁၂၁

လူတွေမေးမြန်းခြင်းနှင့် အသံဖမ်းမှတ်တမ်းတင်ခြင်း ........ ၁၂၅

နှုတ်ပြောသမိုင်းနှင့် နှုတ်ပြောသက်သေခံချက်များကို
လူတွေ့မေးမြန်းခြင်းနှင့် အသံဖမ်း မှတ်တမ်းတင်ခြင်း ........ ၁၂၇

နှုတ်ပြောရိုးရာအစဉ်အလာများကိုမှတ်တမ်းတင်ခြင်း ........ ၁၂၈

အပိုင်း – (၆) စကားပြောခြင်းနှင့်ရေးခြင်း ........ ၁၃၀–၁၅၀

လူတွေ့ မေးမြန်းပြီးနောက်ပိုင်းလုပ်ငန်းများ ........ ၁၃၁

နှုတ်ပြောသက်သေခံချက်နမူနာအကျဉ်းချုပ်များ ........ ၁၃၂

ကက်ဆက်တိပ်ခွေစာရင်း နမူနာ ........ ၁၃၆

စာသားဖြင့် ကူးရေးခြင်းနှင့် ဘာသာပြန်ခြင်း ........ ၁၃၇

စာသားဖြင့်ကူးရေးခြင်း ........ ၁၃၇

ဘာသာပြန်ခြင်း ........ ၁၃၉

စာသားဖြင့် ရေးချထားသော သက်သေခံချက်နှင့်
ဘာသာပြန်ထားသော သက်သေခံနမူနာများ ........ ၁၄၁

ဖြစ်ရပ်မှန်လေ့လာခြင်း – ဘာသာပြန်ခြင်း၏ အခက်အခဲ .................................. ၁၄၃

နှုတ်ပြောရိုးရာအစဉ်အလာများကို စာဖြင့်ရေးသားခြင်းနှင့် ဘာသာပြန်ခြင်း ............. ၁၄၅

မှတ်တမ်းဓာတ်ပုံနှင့် ဗီဒီယိုမှတ်တမ်းခွေများ ................................................ ၁၄၈

မှတ်တမ်းဓါတ်ပုံနှင့် ဗီဒီယိုခွေများကို အမျိုးအစားခွဲ၍ စီစဉ်ထိန်းသိမ်းခြင်း ............ ၁၄၈

အပိုင်း – (၇) ကြာရှည်ခံသောအသံများ (Lasting Voices) ................... ၁၅၁–၁၇၂

သင်စုဆောင်းထားသော ပစ္စည်းများကို
စောင့်ရှောက်ခြင်းနှင့် ထိန်းသိမ်းခြင်း ....................................................... ၁၅၂

စာရွက်စာတမ်းများကို ထိန်းသိမ်းခြင်း ...................................................... ၁၅၂

ဓာတ်ပုံများကို ထိန်းသိမ်းခြင်း ................................................................ ၁၅၄

VCR တိပ်ခွေများကို ထိန်းသိမ်းခြင်း ......................................................... ၁၅၆

သင်၏ဝတ္ထုပစ္စည်းများကိုထိန်းသိမ်းခြင်း၏အဓိကအချက်များ(အကျဉ်းချုပ်) ........... ၁၅၇

သင်၏ပစ္စည်းများကို ထိန်းသိမ်းရန် အီလက်ထရွန်နစ်ကိရိယာများကို
အသုံးပြုခြင်း ........................................................................................ ၁၅၈

Scanner အသုံးပြုခြင်းနှင့် ပုံကူးခြင်း ......................................................... ၁၅၉

ဖိုင်အရွယ်အစား ..................................................................................... ၁၅၉

ရုပ်ပုံများရိုက်နှိပ်ခြင်း .............................................................................. ၁၆၀

စာရွက်စာတမ်းများကို စကင်ဖတ်ခြင်း ........................................................ ၁၆၀

ရုပ်ရုပ်ပုံများကို စကင်ဖတ်ပြီး တဖန်ပြောင်းခြင်း............................................. ၁၆၁

အဖြူအမည်း အလင်းအမှောင် အရောင်အပြင်းအပျော့ညှိ ခြင်း ............................ ၁၆၁

အဖြူအမဲပုံများ ....................................................................................... ၁၆၁

ရုပ်ပုံများကို စကင်ဖတ်ပြီးနောက် သိမ်းဆည်းထားခြင်း .................................. ၁၆၂

ပုံနှိပ်ထုတ်ယူခြင်း ..................................................................................... ၁၆၂

အသံနှင့်ရုပ်သံ မှတ်တမ်းများကို စီဒီသို့ကူးပြောင်းယူခြင်း အခြေခံအချို့................. ၁၆၂

သင်၏ပစ္စည်းများဖြင့် အလုပ်လုပ်ခြင်း ........................................................ ၁၆၃

နားထောင်မည့်ပရိသတ်များ ........................................................ ၁၆၄

ရည်ရွယ်ချက် ........................................................ ၁၆၄

မီဒီယာ ........................................................ ၁၆၄

အထူးအလေးပေးချက် ........................................................ ၁၆၅

Web site သက်သေခံချက်နမူနာ
"ဘယ်ဆီမှန်းမသိသည့် ခရီးပန်းတိုင်" ........................................................ ၁၆၇


ဤလက်စွဲစာအုပ်၏ အချို့နေရာအပိုင်းများတွင် မေးခွန်းများနှင့်လက်တွေ့လုပ်ဆောင်ရန် ဟူသော စာတမ်းကို ဘောင်ခတ်ထားသော ကွက်လပ်အတွင်း၌ အနက်ရောင်နောက်ခံချယ်ထားပါသည်။ ဤအပိုင်းတို့သည် နှုတ်ပြောသမိုင်းနှင့် နှုတ်ပြောရိုးရာအစဉ်အလာများကို လေ့လာသောအခါ သင့်အား ရှင်းလင်းစွာ တွေးတောဆင်ခြင် နိုင်ရန်အထောက်အကူပြုမည်ဟု မျှော်လင့်၍ထည့်သွင်းဖော်ပြထားသော စဉ်းစားရန်မေးခွန်းများ ဖြစ်ပါသည်။ သင့်အနေနှင့် ဤလက်စွဲစာအုပ်ကို မိမိဘာသာဖတ်ရှု လေ့လာနေသည် ဖြစ်စေ ၊ သို့မဟုတ် သင်တန်းတစ်ခု၏ တာဝန်ခံပို့ချသူအနေနှင့်ဖတ်ရှုနေသည်ဖြစ်စေ ဤဘောင်ခတ်ထားသော အပိုင်း၏အဖြေကို မည်သည့်နေရာ၌ ရှာရပါလိမ့်မည်ဟု တွေးတောမိပါလိမ့်မည်။ အမှန် ဤအပိုင်းအတွက် ကြိုတင်ဆုံးဖြတ်ပေးထား သော အဖြေဟူ၍မရှိပါ။ လူမှုအသိုင်းအဝန်း အမျိုးမျိုးနှင့် စီမံကိန်းအမျိုးမျိုး ရှိသည့်နည်းတူ ဖြစ်ရပ်မှန် အားလုံး တွင် တွေ့ရသော နှုတ်ပြောသမိုင်းအားလုံးအတွက် မှားသည်၊ မှန်သည် ဟူသောအဖြေ အတိအကျမရှိပါ။ သို့ရာတွင် လွယ်ကူသော လမ်းညွှန်ပုံစံနမူနာအချို့ ကိုအထူးသဖြင့် သင်တန်းပို့ချမည့်သူများအတွက် ဖော်ပြပေးထားသည်။ လမ်းညွှန်ချက်ပုံစံနမူနာများကို ဤစာအုပ်၏ နောက်ဆုံးပိုင်းရှိနောက်ဆက်တွဲ (၁) တွင်ဖော်ပြထားပါသည်။

# အပိုင်း(၁)အဘယ်ကြောင့်နားထောင်ရမည်နည်း။

**နှုတ်ပြောသမိုင်းဟူသည်အဘယ်နည်း။**

- နှုတ်ပြောသမိုင်း
- မေးခွန်းများနှင့်လုပ်ဆောင်ချက်များ၊ နှုတ်ပြောသမိုင်းဘာသာရပ်များ

**နှုတ်ပြောရိုးရာအစဉ်အလာ**

- မေးခွန်းများနှင့်လုပ်ဆောင်ချက်များ ။ နှုတ်ပြောရိုးရာအစဉ်အလာများ

**နားထောင်ခြင်း၏အရေးကြီးပုံ**

- မေးခွန်းများနှင့်လုပ်ဆောင်ချက်များ– နှုတ်ပြောသမိုင်းနှင့်ဖွံ့ ဖြိုးတိုးတက်ခြင်း

**ပြဿနာများ၏အဖြေကို ရှာခြင်း**

- ပြဿနာ ၁ – ၇

**အရှေ့တောင်အာရှမှ နှုတ်ပြောသမိုင်းများနှင့် နှုတ်ပြောရိုးရာအစဉ်အလာများ**

- နှုတ်ပြောသမိုင်းများနှင့် နှုတ်ပြောရိုးရာအစဉ်အလာများကို ယနေ့ကမ္ဘာအနှံ့စိတ်ဝင်စားလာခြင်း
- ယခုမျက်မှောက်ကာလ အရှေ့တောင်အာရှ၌ နှုတ်ပြောရိုးရာအစဉ်အလာနှင့် နှုတ်ပြောသမိုင်း အပေါ် စိတ်ဝင်စားလာကြခြင်း။
- အရှေ့တောင်အာရှရှိလူမျိုးစုငယ်များအတွက်နှုတ်ပြောရိုးရာအစဉ်အလာနှင့် နှုတ်ပြောသုတေသန လုပ်ငန်း အရေးကြီးပုံ၊
- မေးခွန်းများနှင့် လက်တွေ့လုပ်ဆောင်ရန် – တိုင်းရင်းသားလူမျိုးစုငယ်များ၏သမိုင်းများ

**ဖြစ်ရပ်မှန်လေ့လာခြင်း– စာပေမှတ်တမ်းများနှင့် နှုတ်ပြောသမိုင်းတို့၏ခြားနားချက်။**

# နှုတ်ပြောသမိုင်းဟူသည်အဘယ်နည်း

နှုတ်ပြောသမိုင်းဟူသော အသုံးအနှုန်းကို အလွန်ယေဘုယျဆန်ဆန်သုံးတတ်ကြသောကြောင့် ၎င်း၏ အဓိပ္ပါယ်ကို ရှေးဦးစွာ ရှင်းလင်းရပါမည်။

## နှုတ်ပြောသမိုင်း (**Oral History**)

တိကျစွာပြောရလျှင် နှုတ်ပြောသမိုင်းဆိုသည်မှာ ပြောသူ၏ဘဝသက်တမ်းအတွင်းဖြစ်ပွားခဲ့သည့် အဖြစ်အပျက်နှင့် ပတ်သက်သည့် မျက်မြင်သက်သေမှတ်တမ်း သို့မဟုတ် မှတ်မိထားသမျှ သို့မဟုတ် ကောလာဟလများ ကို နှုတ်ဖြင့် ပြန်လည်ပြောပြချက် ဖြစ်သည်။ ပြောပြသူကိုယ်တိုင် ၎င်းအဖြစ်အပျက်တွင် ပါဝင်ကောင်းမှ ပါဝင်မည်ဖြစ်သော်လည်း ၎င်းအဖြစ်အပျက်နှင့် ပတ်သက်၍ သူကြား သိရသမျှကိုလည်းကောင်း၊ သူကိုယ်တိုင်၏ ထင်မြင်ယူဆချက် နှင့် အခြားသူများ၏ ထင်မြင်ယူဆချက် တို့ကိုလည်းကောင်း နှုတ်ပြောသမိုင်းတွင် တင်ပြနိုင်သည်။ စာဖြင့်ရေးထားသည့် မှတ်တမ်းမှတ်ရာများနှင့် အစီရင်ခံစာများတွင် မတွေ့ရသော အချက်အလက်တို့ကို နှုတ်ပြောသမိုင်းနည်းဖြင့် ရနိုင်သည်ဟု ယူဆသော ကြောင့် သမိုင်းပညာရှင်များ၊ သတင်းစာဆရာများ၊ နိုင်ငံရေးသမားများနှင့် လူမှုရေးသိပ္ပံပညာရှင်များက ဤနည်းကို မကြာခဏအသုံးပြုတတ်ကြသည်။ သို့သော် နှုတ်ဖြင့်ပြောသော အချက်အလက်မှတ်တမ်းများကို သုံးသပ်ရာတွင် အဖြစ်အပျက်နှင့်သက်ဆိုင်သည့် အခြားအထောက်အထားများပေါ် အခြေခံ၍ သုံးသပ်စမြဲဖြစ်ရာ နှုတ်ပြောသမိုင်းများကို ဖြစ်နိုင်သမျှ အခြားအထောက်အထားများဖြင့် တိုက်ဆိုင်စစ်ဆေး(cross check) ရပါသည်။ (မြန်မာ့လူမှုအသိုင်းအဝိုင်းများ၏ ခေတ်ပြိုင်သမိုင်းဆိုင်ရာ အဖြစ်အပျက် မျိုးကဲ့သို့) စာပေဖြင့် ရေးသားပြုစုထားသည့် မှတ်တမ်းမှတ်ရာများ မရရှိနိုင်သော အခြေအနေမျိုးတွင် နှုတ်ပြောသမိုင်းနည်းကို စေ့စပ်သေချာစွာ စိစစ်သုံးစွဲမည်ဆိုလျှင် အလွန်အဖိုးတန်သော ထိုးထွင်းသိမြင်မှုများ ရရှိနိုင်ပါသည်။

### *ကိုယ်တွေ့ဇာတ်လမ်းများ (Life Stories)*

ကိုယ်တွေ့ဇာတ်လမ်းများသည် နှုတ်ပြောသမိုင်းပုံစံတစ်မျိုး ဖြစ်သည်။ ကိုယ်တွေ့ဇာတ်လမ်းများသည် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ ဘဝတွင်တွေ့ကြုံရသော အဖြစ်အပျက်မှတ်တမ်းများဖြစ်၍ ၎င်း၏အတ္ထုပ္ပတ္တိ သော်လည်းကောင်း ထူးခြားသောအဖြစ်အပျက်များကို ဖော်ပြထားခြင်းသော်လည်းကောင်း ဖြစ်နိုင်သည်။ ကိုယ်တွေ့ဇာတ်လမ်းသည် တွေ့ကြုံရသူအကြောင်းနှင့် သူ၏ ပုဂ္ဂိုလ်ရေးအတွေ့အကြုံများ အပေါ်၌ အဓိကထားပါသည်။ နှုတ်ပြောသမိုင်းသုတေသနလုပ်ငန်းမှာကား ပုဂ္ဂိုလ်ရေးအပေါ် အဓိကမထားဘဲ သီးခြားအဖြစ်အပျက်နှင့် စပ်သည့်ပြောဆိုချက်များကို စုဆောင်းရန်သာ အဓိက ထားပါသည်။

### *နှုတ်ပြော သက်သေထွက်ချက် (Oral testimony)*

နှုတ်ပြောသက်သေထွက်ချက်သည်လည်း နှုတ်ပြောသမိုင်းတစ်မျိုးဖြစ်ပါသည်။ သို့ရာတွင် ဤအသုံးအနှုန်းကို မျက်မှောက်ခေတ် လူမှုရေးပညာသုတေသနပြုရာတွင်သုံးသော နှုတ်ပြောသမိုင်းနည်း အတွက် အသုံးပြုတတ်ပါသည်။ ဥပမာ ဖွံ့ဖြိုးရေးဆိုင်ရာကိစ္စတွင် အခြေအတင်ပြောဆိုရာ၌ အထောက်အကူ အဖြစ် နှုတ်ပြော သက်သေထွက်ချက်ကို အသုံးပြုနိုင်သည်။ မူဝါဒဖန်တီးသူများ နှင့် အဆုံးအဖြတ် ပေးရမည့် ပုဂ္ဂိုလ်များအနေနှင့် အချက်အလက်များ အထောက်အထားများကို အခြားနည်းဖြင့်မရနိုင်သည့်အခါမျိုးတွင် နှုတ်ပြောသက်သေထွက်ချက်အားဖြင့် ရရှိနိုင်သည်။ အဆုံးအဖြတ်ပေးရသည့်နေရာတွင်မရှိသော သာမန်ပုဂ္ဂိုလ်များ၏ ဘဝအတွေ့အကြုံများနှင့် အယူအဆများကို ဤနည်းဖြင့် သိနိုင်သည်။ မူဝါဒများက ထိုသူတို့ဘဝအပေါ်တွင် မည်သည့်အကျိုးများ သက်ရောက်စေခဲ့သည်ကို ဤနည်းဖြင့် သိရှိနိုင်သည်။

သို့ဖြစ်၍ အဖွဲ့အစည်းသို့မဟုတ် အသိုင်းအဝိုင်းတစ်ရပ်၏ သမိုင်းအကြောင်းဖြစ်စေ အတ္ထုပ္ပတ္တိအကြောင်းဖြစ်စေ သက်သေထွက်ဆိုချက်အကြောင်းဖြစ်စေ နှုတ်ပြောသမိုင်းဟူသည်မှာ ဘဝအတွေ့အကြုံများကို (ပြောပြသူ၏ဘဝသက်တမ်းအတွင်းရှိခဲ့သည့်) ဖွင့်ဆိုယူဆချက်များနှင့်တကွ ဖော်ပြခြင်း ဖြစ်သည်။ နှုတ်ပြောမှတ်တမ်းများ (oral accounts) ကို နောင်လာနောက်သားမျိုးဆက်များအား နှုတ်ဖြင့် လက်ဆင့်ကမ်းလိုက်သောအခါ ယင်းနှုတ်ပြောမှတ်တမ်းများသည် နှုတ်ပြောရိုးရာအစဉ်အလာများ ဖြစ်လာကြသည်။

<u>မေးခွန်းများနှင့်လက်တွေ့လုပ်ဆောင်ဖွယ်ရာများ– နှုတ်ပြောသမိုင်းအကြောင်းအရာများ</u>

**အရေးကြီးဆုံးဟု ထင်မြင်ယူဆသော နိုင်ငံရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် စီးပွားရေး အဖြစ်အပျက်များကို စာရင်းပြုစုပါ။**

- သင်၏ဘဝသက်တမ်း
- သင်၏မိဘများ ခေတ်မှ အသက်ရှင်ကျန်ရစ်သော သူများ၏ ဘဝသက်တမ်း
- သင်၏ဘိုးဘွားများခေတ်မျိုးဆက်မှ အသက်ရှင်ကျန်ရစ်နေသောသူများ၏ဘဝသက်တမ်း

**လွတ်လပ်ရေး၏နောက်ပိုင်း**

- သင်၏မိသားစုအတွက်
- မြန်မာနိုင်ငံအတွင်းရှိ သင်၏ဇာတိရပ်ရွာအတွက်
- သင်နေထိုင်လျက်ရှိသောရပ်ရွာအတွက် အရေးအကြီးဆုံး အဖြစ်အပျက်ဟုထင်မြင်ယူဆရသော အကြောင်းအရာများစာရင်းကို ပြုစုပါ။

(သင်ကိုယ်တိုင်ပါဝင်ပတ်သက်နေသော သင်၏လူမျိုးစု၊ သင်၏ ဘာသာ ရေးအဖွဲ့အစည်း၊ သင်၏ ယဉ်ကျေးမှု သို့မဟုတ် အခြားလူမှုအဖွဲ့အစည်းအတွက်ဟု ဆိုလိုသည်။)

**ဤအဖြစ်အပျက်များအကြောင်းကို ပိုမိုနားလည်လာစေရန် နှုတ်ပြောသမိုင်းက မည်သို့ အထောက်အကူ ပြုသနည်း။**

## နှုတ်ပြောရိုးရာအစဉ်အလာ (**Oral Tradition**)

နှုတ်ပြောသမိုင်းနှင့် နှုတ်ပြောရိုးရာအစဉ်အလာတို့ ၏ အဓိကကွာခြားချက်မှာ နှုတ်ပြောရိုးရာအစဉ်အလာကို မူလပြောပြသူ သေလွန်ပြီးနောက်ပိုင်း အချိန်ကာလတခုကြာအောင် နှုတ်ဖြင့် ဆင့်ကမ်းပြောဆိုထိန်းသိမ်းသည့်အချက် ဖြစ်သည်။ အချို့ နှုတ်ပြောရိုးရာအစဉ်အလာများကို မျိုးဆက်များစွာ လက်ဆင့်ကမ်းလာကြပြီး အချို့ကိုမူ မကြာသေးမီကမှ ပြောဆိုလာကြသည်။ ဥပမာ – သင်၏အဘိုးက သူတို့ရွာတွင် ဗြိတိသျှများ လာရောက်၍ စစ်သားစုဆောင်းခြင်းအကြောင်း သင့်ကို ပြောပြလျှင် ထိုအဆိုသည် နှုတ်ပြောသမိုင်းဖြစ်သည်။ သင်၏အဘိုးကွယ်လွန်ပြီးနောက် ဤအဆိုကို သင်၏သားသမီးများအား သင်ကပြောပြလျှင် ဤအဆိုသည် မိသားစု၏နှုတ်ပြောရိုးရာအစဉ်အလာ (Family oral tradition) ဖြစ်လာသည်။ နှုတ်ပြောရိုးရာအစဉ်အလာဟု ဆိုနိုင်သော နှုတ်ဖြင့်ပြောဆိုဆက်သွယ်ခြင်း အမျိုးမျိုးရှိပါသည်။ အချို့ကို လူတိုင်း နားလည်နိုင်သော နေ့စဉ်သုံးစကားများဖြင့် ပြောဆိုထားသည်။ အချို့ကိုမူကား အလွယ်တကူ နားမလည်နိုင်သော စကားပုံစံ အမျိုးမျိုးဖြင့် ဖွဲ့ဆိုထားတတ်ကြသည်။ နှုတ်ပြောရိုးရာအစဉ်အလာအချို့ကို နမူနာအဖြစ် တင်ပြထားပါသည်။

- သမိုင်းဖြစ်ရပ်ဇာတ်လမ်းများ
- ကဗျာလင်္ကာ
- သီချင်းများ
- ဘာသာရေးလုပ်ထုံးလုပ်နည်းများ
- ဒဏ္ဍာရီပုံပြင်များ

အချို့ နှုတ်ပြောရိုးရာအစဉ်အလာများသည် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်နှင့် ဆက်နွယ်ပတ်သက်နေတတ်ပြီး၊ အချို့မှာ လူတစ်စု သို့မဟုတ် မိသားစုတစ်စုနှင့် ပတ်သက်နေတတ်ရာ စာပေသော အထောက်အထားများကဲ့သို့ ပုံသေမတည်တံ့ဘဲ အချိန်ကြာညောင်းလာသည်နှင့် ပြောင်းလဲ နေ တတ် သည်။ ထို့ကြောင့် အချို့သူများက နှုတ်ပြောရိုးရာအစဉ်အလာများသည် မည်သည့်အခါမှ စစ်ဆေး၍ မရဟု လည်းကောင်း မှန်မမှန် အထောက်အထားပြ၍မရဟုလည်းကောင်း မူရင်း ဇစ်မြစ်ကို ရှာဖွေ၍မရ ဟု လည်းကောင်း ဝေဖန်တတ်ကြသည်။ သို့ရာတွင် နှုတ်ပြောရိုးရာအစဉ်အလာများကို သေသေချာချာ လေ့လာကြည့်လျှင် လူတစ်စု၏ သမိုင်းကို များစွာ သိရှိနိုင်ပါသည်။ အနည်းဆုံးအားဖြင့် အတိတ်နှင့် ပတ်သက်၍ ထိုလူစု၏ နားလည်သဘောပေါက်ထားချက်နှင့် အနက်ဖွင့်ချက်တို့ကို သိရှိ သဘောပေါက် နိုင်သည်။ ထို့အပြင် ဖွံ့ ဖြိုး ရေး စီမံကိန်းတစ်ရပ်ကို အောင်မြင်စွာ အကောင်အထည်ဖော် နိုင် ရေးအတွက် သိမြင်ထားရန်လိုအပ်သော လူမှုအဖွဲ့အစည်းများ၏ လောကအမြင်၊ ဒဿနအတွေးအခေါ်၊ ယဉ်ကျေးမှုထုံးတမ်း ဓလေ့နှင့် လူမှုရေးဖွဲ့ စည်း တည်ဆောက်ပုံတို့ကိုလည်း ထိုနှုတ်ပြောရိုးရာအစဉ်လာများမှ သိရှိနိုင်သည်။ နှုတ်ပြောရိုးရာ အစဉ်အလာများသည် လူမှုအဖွဲ့အစည်းနှင့် ပတ်သက်၍လည်းကောင်း လူမှုအဖွဲ့ အစည်း၏ ယဉ်ကျေးမှုဓလေ့များနှင့် ပတ်သက်၍လည်းကောင်း အချက်အလက်များစွာကို ပေးနိုင်သည်။ ထိုအချက်အလက် များမှာ အခြားနေရာတွင်မျှ မရရှိနိုင်သော အချက်အလက်များဖြစ်သည်။ ထိုအချက်များကို နားမလည် သဘောမပေါက်ပါက လက်ရှိလူမှုအဖွဲ့အစည်းကို နားလည်ရန် မဖြစ်နိုင်သကဲ့သို့ ထိုလူမှုအဖွဲ့ အစည်း၏ အနာဂတ်အတွက် ခိုင်မာသော အုတ်မြစ်ကိုလည်း ချနိုင်ဖို့ မသေချာလှပါ။

*မေးခွန်းများနှင့် လက်တွေ့လုပ်ဆောင်ရန်များ။ ။ နှုတ်ပြော ရိုးရာအစဉ်အလာများ*

**သင်၏ရပ်ရွာတွင် မည်သည့် နှုတ်ပြောရိုးရာအစဉ်အလာများသည် အရေးပါသနည်း။**

- ♦ သင်၏မိသားစုသမိုင်း၊ သင်၏မျိုးနွယ်စုသမိုင်း ၊ သင်၏လူမျိုးသမိုင်း အကြောင်း ပြောပြကြပါသလား။

**ဤနှုတ်ပြောရိုးရာအစဉ်အလာများကို သင်မည်ကဲ့သို့ ကြားသိရသနည်း။**

- ♦ သင့်ကို မည်သူက မည်သည့်အချိန်တွင် ပြောပြခဲ့သနည်း။
- ♦ ပြောသူအသက်ရှင်လျက်ရှိသေးသလား။

**သင်၏သားသမီးများ သို့မဟုတ် မြေးများသည် နှုတ်ပြော ရိုးရာအစဉ်အလာများကို ကြားကြရပြီလား။**

- ♦ သူတို့သည် ထိုနှုတ်ပြောရိုးရာအစဉ်အလာများကို မည်သည့်နည်းဖြင့် ကြားရသနည်း။
- ♦ ထိုနှုတ်ပြောရိုးရာအစဉ်အလာများကို စာဖြင့် ရေးသားထားပြီလား။
- ♦ ထိုနှုတ်ပြောရိုးရာအစဉ်အလာများကို မည်သူက ရေးထားသနည်း။

**ဤနှုတ်ပြော ရိုးရာအစဉ်အလာများကို ရပ်ရွာလူထုက အမှန်ဟု ယုံကြည်ကြပါသလား။**

- ♦ ထိုနှုတ်ပြောရိုးရာအစဉ်အလာများ အရေးကြီးပါသလား။
- ♦ အချို့ကိုမှန်ကန်သည်ဟုလက်ခံ၍ အချို့ကိုမမှန်ဟုယူဆကြပါသလား။
- ♦ အချို့ရိုးရာပြောဆိုချက်များကို မမှန်ဟုယူဆပါက၊ ထိုသို့ယူဆခြင်းသည် သင်၏အသိုင်းအဝိုင်း လူထုနှင့် သင်၏ယဉ်ကျေးမှု ထုံးတမ်းဓလေ့အတွက်အရေးကြီးသလား။

**သင်၏အသိုင်းအဝိုင်းအတွက် မည်သည့်အရာက အရေးကြီးသနည်း။**

- ♦ တေးသီချင်းများလား။ စာသားပါသောဂီတနှင့် အကလား။ သို့မဟုတ် စာသားမဲ့ဂီတနှင့် အက လား။
- ♦ ကဗျာလင်္ကာများလား။
- ♦ အိပ်မက်များလား။
- ♦ ဤနှုတ်ပြောရိုးရာအစဉ်အလာများကို မည်သည့်အချိန်၌ သီဆိုကခုန်ကြသလဲ။
- ♦ ၎င်းတို့ကို မည်သူက သီဆိုကခုန်ကြသနည်း။ယနေ့မျက်မှောက်ကာလတွင် သီဆိုကခုန်ကြသလား။ အဘယ်ကြောင့် သီဆိုကခုန်ကြသနည်း။သို့မဟုတ် အဘယ်ကြောင့် သီဆိုကခုန်ခြင်း မပြုကြတော့သနည်း။
- ♦ ဤနှုတ်ပြောရိုးရာအစဉ်အလာများသည် သင်၏သက်တမ်းအတွင်း မည်သို့မည်ပုံပြောင်းလဲသွားကြသနည်း။
- ♦ ဤနှုတ်ပြောရိုးရာအစဉ်အလာများပေါ်တွင် လူငယ်များက မည်သို့သဘောထားကြသနည်း။
- ♦ လူငယ်များအနေနှင့် ဤနှုတ်ပြောရိုးရာအစဉ်အလာများကို နားလည်သဘောပေါက်ရန် အဘယ်မျှ ခက်ခဲသနည်း။

**သင်၏အသိုင်းအဝိုင်းမှ နှုတ်ပြောယဉ်ကျေးမှုဓလေ့ (Oral culture) သည် ထူးခြားသည်ဟု သင် အဘယ့်ကြောင့် ဆိုနိုင်သနည်း။**

**သင်၏အသိုင်းအဝိုင်းမှ နှုတ်ပြောယဉ်ကျေးမှုဓလေ့တွင် သင်၏ပတ်ဝန်းကျင်ရှိ အခြားလူမျိုး အသိုင်းအဝန်းမှ နှုတ်ပြောရိုးရာအစဉ်အလာနှင့် မည်သည့်အပိုင်းများဆင်တူသနည်း။**

အိမ်နီးချင်းလူမျိုးအသိုင်းအဝန်းမှ နှုတ်ပြောရိုးရာအစဉ်အလာများကို စာသားဖြင့် ရေးသားမှတ်တမ်း တင်ထားခြင်းမျိုး၊ အသံဖမ်းမှတ်တမ်းတင်ထားခြင်းမျိုး ရှိသလား။
ထိုသို့ရေးသားပြုစုထားခြင်းနှင့် အသံဖမ်းမှတ်တမ်းတင်ထားခြင်းသည် အရေးပါသလား။

## နားထောင်ခြင်း၏အရေးကြီးပုံ

မြန်မာနိုင်ငံရှိလူမျိုးစုအမျိုးမျိုးနှင့် ပတ်သက်နေသော၊ အထူးသဖြင့် ထိုင်းနိုင်ငံနှင့်နယ်စပ်ဒေသရှိ ပြည်ပရောက်တိုင်းရင်းသားများနှင့် ဆက်နွယ်ပတ်သက်လုပ်ကိုင်နေကြသော အဖွဲ့အစည်းများအနေဖြင့် ယဉ်ကျေးမှုဓလေ့ဆိုင်ရာနှင့်သမိုင်းဆိုင်ရာ လုပ်ငန်းတို့သည်လူမှုအသိုင်းအဝိုင်းတိုင်းအတွက် အရေးကြီးကြောင်း အသိအမှတ်ပြုကြသော်လည်း ထိုလုပ်ငန်းများအတွက် အချိန်လည်းမပေးနိုင်၊ လုပ်အားနှင့်ငွေကြေးလည်း မတတ်နိုင်ဟု ခံစားနေကြသည်။ သို့ရာတွင် နှုတ်ပြောသမိုင်းနည်းပညာသည် သင့်လျော်သောမူဝါဒကို ဖော်ထုတ်ရာတွင်လည်းကောင်း၊ ဆုံးဖြတ်ချက်များချမှတ်ရာတွင်လည်းကောင်း လက်ငင်းလက်တွေ့ အသုံးတည့်နိုင်ပါသည်။ ထို့ပြင် နှုတ်ပြောသမိုင်းကို မှတ်တမ်းတင်သောလုပ်ငန်းစဉ်အတွင်းတွင် မမျှော်လင့်သော လူမှုရေးဆိုင်ရာ အချက်အလက်များ၊ ယဉ်ကျေးမှုဓလေ့ဆိုင်ရာအချက်အလက်များနှင့် သမိုင်းဆိုင်ရာ အချက်အလက်များကို စုဆောင်းရမိတတ်သည်။ ဖွံ့ဖြိုးရေး လုပ်ငန်းများ၌ ဤနည်းစနစ်အား အသုံးချပုံကို ဤလက်စွဲ စာအုပ်၏နောက်ပိုင်း၌ အသေးစိတ်ဖော်ပြထားပါသည်။ထိုရှင်းလင်းတင်ပြချက်များတွင် ကမ္ဘာအနှံ့ရှိ စီမံကိန်း များမှ ဖြစ်ရပ်မှန်လေ့လာချက် (Case Study) တို့ကိုလည်း ထည့်သွင်းဖော်ပြထားပါသည်။ ဤအကြောင်းအရာ ကို အဓိက စိတ်ဝင်စားသည် ဆိုပါက အောက်ဖော်ပြထားသောစာပိုဒ်ကို ဖတ်ရှုလေ့လာပါ။ Save the Children Fund (UK) စီမံကိန်းမှ ဟူဂိုဆလင်း(Hugo Slim) နှင့် University of Essex in UK မှ National Life Story Collection ဌာနတာဝန်ခံဒါရိုက်တာ ပေါလ်သွန်မဆင်(Paul Thompsom) တို့၏ ဖွံ့ဖြိုးရေးလုပ်ငန်းဆိုင်ရာ သုတေသန နည်းစနစ်အပေါ် ထင်မြင်ယူဆချက်များ ဖြစ်ပါသည်။ [1]

> *"နှုတ်ပြောသမိုင်းသည် သာမန်သမိုင်းတို့ တွင် မတွေ့ရသော လူမျိုးပေါင်းစုံ၏ ဘဝနှင့် ခံစားချက်တို့ ကို မှတ်တမ်းတင်ခြင်းအားဖြင့် အတိတ်ကာလက ဖြစ်ရပ်မှန်များကို ပိုမိုမှန်ကန်တိကျစွာ ထုတ်ဖော် ပေးသည့်နည်းတူ ဖွံ့ ဖြိုးရေး လုပ်ငန်းဆိုင်ရာ အခြေအတင်ဆွေးနွေးမှုတွင် မကြာခဏ ချန်လှပ်ထားတတ်သော လူပုဂ္ဂိုလ်တို့၏အတွေ့အကြုံနှင့် ခံစားချက်တို့ကို ပြည့်ပြည့်ဝဝ နားလည်သဘောပေါက်လာအောင်လည်း လုပ်ပေးပါသည်။ ထို့အပြင် လူများကို သူတို့၏ဘဝမျက်နှာစာမှန်သမျှနှင့် ပတ်သက်၍ လွတ်လပ်စွာ ပြောဆို ခွင့်ပြုခြင်းကြောင့် နှုတ်ပြောသမိုင်း မှတ်တမ်းတင်သည့်အလုပ်သည် ဘဝအတွေ့အကြုံ၏ လျှို့ဝှက် ထားသော အခန်းကဏ္ဍများကို ဖွင့်လှစ် ပေးပါသည်။ စာရွက်စာတမ်းအထောက်အထားများနှင့် တရားဝင် မှတ်တမ်းများသည် နိုင်ငံရေးသြဇာမရှိသူတို့ စိတ်ဝင်စားသည့်အချက်များထက် ထိပ်တန်းနိုင်ငံရေးသမားတို့ စိတ်ဝင်စားသည့်အချက်များကိုသာ အလေးပေးဖော်ပြတတ်ကြသည်။ နှုတ်ပြောသမိုင်းသည် အကြောင်းခြင်းရာများစွာနှင့် ပတ်သက်၍ ရှုထောင့်အသစ်တို့ကိုလည်း ဖော်ထုတ်ပေးသည်။ ဥပမာ လူမှုဖူလုံရေးကိစ္စကို ကြည့်ရာတွင် ထောက်ပံ့သူတို့ဘက်မှ မကြည့်ဘဲ အထောက်အပံ့ခံတို့ ဘက်မှ ရှုမြင်နိုင်အောင် လုပ်ပေးသည်။ နှုတ်ပြောသမိုင်းသည် လူတို့၏ကိုယ်ရေးကိုယ်တာ ကိစ္စ၊ လူမှုရေးနှင့် ယဉ် ကျေးမှုကဏ္ဍမှအတွေ့အကြုံများကို ဖော်ထုတ်ပြောဆိုနိုင်ရန် အခွင့်အလမ်းဖွင့်ပေးသည်။ နှုတ်ပြောသမိုင်းသည် လူမှုရေးနယ်ပယ်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းခွင်နယ်ပယ်ကဲ့သို့ သော ကွဲပြားခြားနားသည့် နယ်ပယ်များအကြားရှိ ဆက်စပ်မှုများကိုလည်းကောင်း၊ မိသားစုဘဝပုံစံအပေါ်တွင် အလုပ်အကိုင်က မည်သို့ လွှမ်းမိုးပုံကိုလည်းကောင်း ဖော်ပြပေးပါသည်။"*

ဖွံ့ ဖြိုးရေးဆိုင်ရာ အခြေအတင်ဆွေးနွေးမှုများအတွက် နှုတ်ပြောသမိုင်းစီမံကိန်းများက ကူညီပေးသည့် အရာများကို ဟူဂိုဆလင်းနှင့် ပေါလ်သွန်မဆင်တို့က အောက်ပါအတိုင်း ဖော်ပြထားသည်။

---

[1] Listening for a Change, Slim H.& Thompson P., Panos, London, 1993, p.14

၁။ လူ့အသိုင်းအဝိုင်းသမိုင်း (Community history) ဟူသောအယူအဆ အတွေးအခေါ်ကို အားပေးသည်။ ထို့ကြောင့် လူထုအတွက်ဖွံ့ဖြိုးရေးလုပ်ငန်းသည် အထက်တန်းလွှာ လူတစ်စု၏ အသံကိုသာ အရေးယူ တုံ့ပြန်ရမည် မဟုတ်ဘဲ လူထုတစ်ရပ်လုံး၏ အသံကိုလည်း အရေးယူ တုံ့ပြန်ရမည် ဖြစ်သည်။
၂။ ရပ်ရွာလူထုအဖွဲ့ဝင်များ ပူးပေါင်းလုပ်ဆောင်ခြင်း (cooperation) နှင့် စုပေါင်းအလုပ် (Group work) ကို အားပေးသည်။
၃။ ပြည်သူလူထုကို အတတ်ပညာအသစ်များ သင်ယူလေ့လာရန် အခွင့်အလမ်းဖွင့်ပေးသည်။ သို့ရာတွင် မိရိုးဖလာအသိပညာ (traditional knowledge) ကိုလည်း နည်းသစ်များနှင့်အတူ တန်ဖိုးထားသည်။
၄။ မျိုးဆက်များအကြား လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ဆက်နွယ်မှုများကို ဖော်ထုတ်ပေးကြသည်။
၅။စကားပြောရန်ဖိတ်ကြားခံရသူများအတွင်းတွင် ယုံကြည်မှုကိုလည်းကောင်း ကိုယ့်ကိုယ်ကိုယ် လေးစားမှုကိုလည်းကောင်း တိုးပွားစေသည်။
၆။ စာပေတတ်မြောက်ရေးနှင့် ပညာရေးအစီအစဉ်များအောင်မြင်မှုရအောင်လုပ်ရာတွင် အသုံးဝင်သည်။
၇။ လူမှုအသိုင်းအဝိုင်းအတွင်းရှိ သက်ကြီးရွယ်အိုများအား အထီးကျန်မဖြစ်အောင် ကာကွယ်ပေးသည်။ တန်ဖိုးမဲ့သလိုမျိုး မခံစားရအောင် ကာကွယ်ပေးသည်။

*မေးခွန်းများနှင့် လက်တွေ့လုပ်ဆောင်မှုများ – နှုတ်ပြောသမိုင်းနှင့်ဖွံ့ဖြိုးတိုးတက်မှု*

သင်၏ရပ်ရွာဒေသတွင် လက်တွေ့ လုပ်ဆောင်၍မအောင်မြင်ခဲ့သော ဒေသဖွံ့ဖြိုးရေးဆိုင်ရာ မူဝါဒတစ်ခုခုကို စဉ်းစားမိပါသလား။ သို့မဟုတ် လက်တွေ့လုပ်၍ မဖြစ်နိုင်ခဲ့သော မူဝါဒတစ်ခုခုကို သင်၏အဖွဲ့အစည်းက ချမှတ်ခဲ့ဖူးပါသလား။

- ထိုမူဝါဒများသည် အဘယ်ကြောင့် လက်တွေ့အလုပ်မဖြစ်ခဲ့သနည်း။
- စီမံကိန်းမတိုင်မီတွင်လည်းကောင်း ၊ စီမံကိန်းကာလအတွင်းနှင့် စီမံကိန်းပြီးဆုံးသည့်နောက်တွင် လည်းကောင်း လူထုအသံကို နားထောင်ခြင်းသည် ပိုမိုကောင်းမွန်သောဆုံးဖြတ်ချက်များ ချနိုင်အောင် မည်သို့ အကူအညီပေးသနည်း။

*လတ်တလောကာလတွင် သင်၏ရပ်ရွာအတွင်း အရေးအကြီးဆုံးဖွံ့ ဖြိုးရေးကိစ္စများသည် မည်သည့်အရာများ ဖြစ်သနည်း။*

- ဆုံးဖြတ်ချက်ကို မည်သူတို့က ချမည်နည်း။ ဆုံးဖြတ်ချက်ချသူတို့က မည်သူတို့ကို စကားပြောမည်နည်း။
- မူဝါဒအား လက်ခံရမည့်သူများကို ဦးစွာတွေ့ဆုံပြောဆိုခြင်းဖြင့် မည်သည့်အသိပညာများ ရရှိကြမည်နည်း။
- ပြည်သူလူထုကို ဦးစွာတွေ့ဆုံမှု အဘယ်ကြောင့် မဖြစ်ရသနည်း။

# ပြဿနာများအတွက် အဖြေရှာခြင်း

မြန်မာနိုင်ငံရှိ လူမှုအသိုင်းအဝိုင်းအမျိုးမျိုးတွင် ပါဝင်ပတ်သက်နေကြသော အဖွဲ့အစည်းများစွာတို့သည် ထိုလုပ်ငန်း၏ အဖိုးတန်မှုကို အသိအမှတ်ပြုကြသော်လည်း သူတို့၏ လက်တွေ့အခြေအနေအရ အကောင်အထည်ဖော်လုပ်ဆောင်ရန် မဖြစ်နိုင်ဟု ယူဆကောင်း ယူဆနေကြမည်။ သူတို့တွေ့ကြုံနေရသော အခက်အခဲများသည် ကြီးမားသည်မှန်သော်လည်း၊ ဤပြဿနာများအား ရှောင်ကွင်းဖြတ်ကျော်နိုင်မည့် နည်းလမ်းများကို ရှာဖွေ၍ ရနိုင်ပါသည်။ ဤအကြောင်းအရာနှင့်ပတ်သက်သောအခက်အခဲများနှင့် အကြံပြုချက်အချို့ကို အောက်တွင် ဖော်ပြထားပါသည်။ အကြံပေးချက်အချို့သည် လက်တွေ့အသုံးချ၍ ရကောင်းမှ ရပါမည်။ သို့သော် ယေဘုယျကျသော အကြံဉာဏ်များကို ပြုပြင်ခြင်းအားဖြင့် သင့်အဖွဲ့သားများ အနေနှင့်လည်းကောင်း၊ သင် အားပေးကူညီနေသော အခြားအဖွဲ့အစည်းများအနေနှင့်လည်းကောင်း၊ ပြဿနာဖြေရှင်းချက်များကို ကိုယ့်ဖာသာရှာဖွေတွေ့ရှိလာနိုင်ပါသည်။

**ပြဿနာ ၁။ ကျွန်ုပ်တို့တွင် ဤလုပ်ငန်းမျိုးလုပ်ကိုင်ဖူးသူ မရှိပါ။**

အတွေ့အကြုံသည် မရှိမဖြစ်သည့် လိုအပ်ချက် မဟုတ်ပါ။ ဤလက်စွဲစာအုပ်၏ လမ်းညွှန်ချက်အတိုင်း လိုက်နာ၍ လုပ်ငန်းအစပြုနိုင်သည်။ ဤလုပ်ငန်းသည် ခက်ခဲနက်နဲခြင်းမရှိပါ။ ရှုပ်ထွေးခြင်းမရှိပါ။ မှတ်တမ်းတင်အသံသွင်းခြင်းနှင့် ပတ်သက်သည့် အခြေခံအချက်များကို လိုက်နာဆောင်ရွက်ပါ။ သို့ရာတွင် စီမံကိန်းအတွက် တာဝန်ပေးအပ်ခြင်း ခံရသူတို့အနေနှင့် လုပ်ငန်းတွင် စိတ်ဝင်စားမှုရှိရန် အရေးကြီးသည်။ နှုတ်ဖြင့်ပြောသမျှကို ရေးမှတ်ရသောအလုပ်သည် အလွန်ငြီးငွေ့စရာကောင်းပါမည်။ သို့ရာတွင် အဆင့်တိုင်းကို ဂရုတစိုက်လုပ်ရမည်။ သို့ ပါမှ ထိုမှတ်တမ်း အဖိုးတန်ပါမည်။

**ပြဿနာ ၂။ ပြီးအောင်လုပ်ရမည့် အရေးကြီးလုပ်ငန်းများအတွက်ပင် လူအင်အားအလုံအလောက်မရှိပါ။ ဤကဲ့သို့ အလုပ်မျိုးအတွက် လူမပေးနိုင်ပါ။**

လုပ်မည့်သူကို အဆိုတင်သွင်းခြင်းမပြုဘဲ လုပ်ငန်းကို စိတ်ဝင်စားပြီး အချိန်ပေးနိုင်မည့်သူ တစ်ယောက်ကို ရှာဖွေခြင်းသာ အကောင်းဆုံးဖြစ်ပါသည်။ ရပ်ရွာအတွင်းမှ သက်ကြီးရွယ်အိုများအား ဤစီမံကိန်းဖြစ်မြောက်ရေးနှင့် စီမံကိန်းအကောင်အထည်ဖော်ရေးအတွက်တာဝန်ပေးလျှင် အလွန်ကောင်းပါမည်။ သက်ကြီးရွယ်အိုများသည် ရပ်ရွာထဲတွင် အားလပ်ချိန်အများဆုံးရှိသူများဖြစ်၍ သူတို့ ကိုယ်တိုင်လည်း ပြောပြသူများ၊ အမေးခံရသူများအဖြစ် ဤစီမံကိန်းတွင် ပါဝင်နိုင်ပါသည်။ သက်ကြီးရွယ်အိုများသည် ကိုယ့်ကိုယ်ကို ဘာမှအသုံးမဝင်တော့သူများအဖြစ်လည်းကောင်း အလေးစားမခံရတော့သူများ အဖြစ်လည်းကောင်း ခံစားနေရတတ်သည်ဖြစ်ရာ သူတို့ ကို ဤစီမံချက်မျိုးတွင် ပါဝင်စေခြင်းသည် ယင်းခံစားမှုများအား ကျော်လွှားသည့် နည်းလမ်းတစ်ခုဖြစ်သည်။

**ပြဿနာ ၃။ ဤလုပ်ငန်းတွင်လူငယ်များကို စိတ်ဝင်စားလာအောင်မလုပ်နိုင်ပါ။ ယနေ့မျက်မှောက်ခေတ်တွင် ဤလုပ်ငန်းအရေးကြီးပုံကို လူငယ်များ မသိမြင်နိုင်ကြပါ။**

ဤပြဿနာကိုတစ်ဖက်လှည့်ဖြေရှင်းနည်းတစ်ရပ်မှာ ဤလုပ်ငန်းကိုဖွံ့ဖြိုးရေးလုပ်ငန်းအဖြစ် ဦးတည် လိုက်ခြင်းဖြစ်သည်။ (အောက်တွင်ရှုပါ)

သို့ရာတွင် ဤလုပ်ငန်း၏မှတ်တမ်းတင်ခြင်းတွင် အစဦးပိုင်းလူငယ်များ စိတ်မဝင်စားကြသည့်တိုင်၊ သူတို့၏နည်းပညာပိုင်းကျွမ်းကျင်မှုကို တိုးတက်အောင် လေ့ကျင့်ပေးသော အစီအစဉ်များ၌ အဆိုပါ စီမံကိန်းမျိုးကို အသုံးပြုနိုင်သည်။ ဥပမာ – ဗီဒီယိုကင်မရာအသုံးပြုခြင်း၊ ဗီဒီယိုမှတ်တမ်းနှင့် အသံသွင်း မှတ်တမ်းများ အသုံးပြုခြင်း၊ ဗီဒီယိုမှတ်တမ်းနှင့် အသံသွင်းမှတ်တမ်းများကို တည်းဖြတ်ခြင်း၊ အချက်အလက်များကို စုဆောင်း၍ ကွန်ပျူတာတွင် ရိုက်သွင်းခြင်း၊ လက်ရေးမူများ ကွန်ပျူတာဖြင့် ရိုက်နှိပ်မှတ်တမ်းတင်ခြင်းတို့ကို လူငယ်များ လုပ်နိုင်သည်။ အချို့ကိစ္စများ၌ နှုတ်ပြောသမိုင်းဆိုင်ရာ ဝက်ဘ်ဆိုက်များ၊ ရိုးရာပြောဆိုချက်ဆိုင်ရာ ဝက်ဘ်ဆိုက်များဖွင့်ခြင်းတို့ကို ပြုလုပ်နိုင်သည်။ လူငယ်များစိတ်ဝင်စားသည့် အတတ်ပညာသစ်များကို ဖွံ့ဖြိုးတိုးတက်အောင် လေ့ကျင်ပေးနိုင်သောကဏ္ဍများ၌ ပါဝင်လာအောင် လုပ်ပါ။ သူတို့၏ ကျွမ်းကျင်မှု ချက်ချင်းအသုံးဝင်ပုံနှင့် တန်ဖိုးရှိပုံကို မြင်တွေ့နိုင်သော လုပ်ငန်းများ၌ ပါဝင်စေပါ။

**ပြဿနာ ၄။ ကျွန်ုပ်တို့အဖွဲ့ ၊ ကျွန်ုပ်တို့အသိုင်းအဝိုင်းတွင် ဤလုပ်ငန်းမျိုးလုပ်ရန် ငွေကြေးမရှိပါ။**

ဤလုပ်ငန်းလုပ်ဆောင်ရန်ငွေကြေးအမြောက်အများမလိုပါ။ တန်ဖိုးကြီးမားသော စက်ကိရိယာပစ္စည်း မလိုပါ။ အသံဖမ်းစက်တစ်လုံး၊ ကက်ဆက်ခွေတစ်ခွေနှင့် အသံဖမ်းယူထားသော အကြောင်းအရာများကို ကူးယူရေးသားရန် စာရွက်၊ ဘောပင် ရှိလျှင် လုံလောက်ပါသည်။ သည့်ပစ္စည်းများက လွဲလျှင် ကျန်ပစ္စည်းများသည် မရှိမဖြစ်မဟုတ်ဘဲ အပိုပစ္စည်းများသာဖြစ်သည်။ တကယ်အလုပ်လုပ်မည့်သူများသာလျှင် သင်၏အကြီးမားဆုံး အရင်းအနှီးဖြစ်ပါသည်။ ၎င်းမှာလည်း ဈေးကြီးသောအရာ မဟုတ်ပါ။ အသုံးလို မည့် ကိရိယာပစ္စည်းအချို့အကြောင်းကို ဤလက်စွဲစာအုပ်တွင် ဖော်ပြထားပါသည်။ သို့ရာတွင် ရနိုင်လျှင် သုံးဖို့ ညွှန်ထားခြင်းသာဖြစ်ပါသည်။ နေရာအတော်များများတွင် တေးသီချင်းများကို တိတ်ရီကော်ဒါ (ကက်ဆက်) ဖြင့် နားထောင်နေကြသည် ကိုတွေ့ရသည်ဖြစ်ရာ ထိုတိတ်ရီကော်ဒါများကို အသံဖမ်းရာတွင်လည်း သုံးနိုင်ပါသည်။ အသံဖမ်းနည်းကို သင်ပေးရန်သာ လိုအပ်မည်။ ရန်ပုံငွေရှာဖွေရန်အတွက် နယ်ပြောသမိုင်းအဖွဲ့ကို ရပ်ရွာမှ အသက်ကြီးသူများ သို့မဟုတ် စီးပွားရေးခေါင်းဆောင်များဖြင့် ဖွဲ့စည်းနိုင်သည်။ ရပ်ရွာတွင် အသုံးပြုရန် တိပ်ရီကော်ဒါ (ကက်ဆက်) တချို့ ဝယ်ယူရေးအတွက် အဖွဲ့ဝင်များ ငွေကြေး အနည်းငယ်စီ ထည့်ဝင်လှူဒါန်းရမည်။ ရပ်ရွာသုံးပစ္စည်းကို ယူမသုံးနိုင်အောင် သော့ခတ်ထားခြင်းမျိုး မလုပ်ပါနှင့်။

**ပြဿနာ ၅။ ဤပစ္စည်းများကို ထိန်းသိမ်းထားမည့်နေရာမရှိပါ။ ခိုးယူဖျက်ဆီးခံရမည့်အန္တရာယ် အမြဲရှိသည်။**

သင်၏အဖွဲ့သည် ထိုင်းနိုင်ငံတွင် တည်ရှိပါက အကျိုးပြုပြီး သတင်းအချက်အလက်ပေးနိုင်သော၊ ထို့ပြင် သမာသမတ်ကျသောအဖွဲ့အစည်းများနှင့် မကင်းကွာပါစေနှင့်။ အထူးသဖြင့် ချင်းမိုင်နှင့် အနီး ဝန်းကျင်တွင်၊ သင့်အားအကြံဉာဏ်ကောင်း ပေးနိုင်သော၊ ပစ္စည်း ထိန်းသိမ်းရန် နေရာပေးနိုင်သော၊ ထို့ပြင် ကွန်ပျူတာသုံးစွဲခွင့်ပေးနိုင်သော အဖွဲ့များစွာ ရှိပါသည်။ ဤအဖွဲ့အစည်းများကို ရှာဖွေဆက်သွယ်နိုင်ရေး အတွက် နိုင်ငံရေးအဆက်အသွယ်ထက် ယဉ်ကျေးမှုနှင့် မနုဿဗေဒဆိုင်ရာ အဆက်အသွယ်များကို အာရုံစိုက်ရန် လိုအပ်ပါသည်။ ပထမဦးဆုံးအနေနှင့် သတင်းအချက်အလက် ကောင်းကောင်းပေးနိုင်သော ဒေသခံအဖွဲ့ အစည်း အဖြစ် ချင်းမိုင်တက္ကသိုလ်ကိုဆက်သွယ်သင့်သည်။ သင်မှတ်တမ်းတင်ထားသော ကက်ဆက်ခွေများကို ထိန်းသိမ်းစောင့်ရှောက်ပေးမည်ဟု သဘောတူသော သိက္ခာရှိသည့် အသင်းအဖွဲ့ တို့ သည် မှတ်တမ်းပစ္စည်းများကို ဖတ်ရှုအသုံးပြုခြင်းနှင့် ပတ်သက်၍ တင်းကျပ်သော စည်းမျဉ်းများကို လိုက်နာ ကျင့်သုံးတတ်ပါသည်။

မြန်မာနိုင်ငံအတွင်း၌ ဤသို့သော အကြံပေးချက်များကို ရယူရန် ပိုခက်ခဲသော်လည်း၊ နယ်ရှိ လူများနှင့် ရန်ကုန်မြို့သို့ ရွှေ့ပြောင်းနေထိုင်သူများအကြားတွင် ပိုမိုတည်ငြိမ်သော ဆက်သွယ်ရေးကွန်ယက်များ ရှိတတ်သည်။ လူထုဆက်သွယ်မှုနှင့်ပတ်သက်၍ စုဆောင်းရရှိသော မှတ်တမ်း ဓာတ်ပုံနှင့်စာရွက်စာတမ်းများကို ကွန်ပျူတာဓာတ်ပြား များတွင် ထည့်သွင်းပေးမည့်သူကို တွေ့ရှိနိုင်သည်။ ရပ်ရွာရှိလူများကို သူတို့ စိတ်ဝင်စားသောအလုပ်တွင် တစ်ယောက်တစ်မျိုးစီ ပါဝင်ကူညီရန် ပန်ကြားပါ က သူတို့၏ အတတ်ပညာအသစ်ကို တိုးတက်အောင် လေ့ကျင့်ခွင့်ပေးရာ ရောက်သည် သာမက စရိတ်ကျဉ်းကျဉ်းနှင့် လူများစွာ ပါဝင်စေနိုင်ပြီး ရေရှည်တန်ဖိုးရှိသော စီမံကိန်းကို လုပ်ဆောင် နိုင်ပါမည်။

ပစ္စည်းများကို ကောင်းမွန်စွာထိန်းသိမ်းထားနိုင်ရန် ကက်ဆက်ခွေများ၊ ဓါတ်ပုံများနှင့် စာရွက်စာတမ်း များ ထိန်းသိမ်းနည်း အခြေခံလမ်းညွှန်ချက်ကို ဤလက်စွဲစာအုပ်တွင် ထည့်သွင်းဖော်ပြထားပါသည်။ သင်၏အဖွဲ့သည် ကွန်ပျူတာကို အသုံးပြုနိုင်လျှင် စုဆောင်းရရှိထားသော ပစ္စည်းများကို ကွန်ပျူတာ floppy disc သို့မဟုတ် စီဒီ များတွင် တတ်နိုင်သမျှထည့်သွင်းထားနိုင်ပါက အလွန်ကောင်း ပါမည်။ကွန်ပျူတာရိုက် တတ်သူရှိလျှင် သို့မဟုတ် ဤစီမံကိန်းမှ လူတစ်ယောက်ယောက်ကို ကွန်ပျူတာ ရိုက်တတ်ရန်လေ့ကျင့်သင် ကြားပေးနိုင်လျှင် ရန်ကုန်မြို့နှင့်ဆက်သွယ်၍ ကက်ဆက်ခွေ၊ ဗီဒီယိုခွေတို့ကို ဃီ များသို့လွယ်ကူစွာပြောင်းလဲ ထိန်းသိမ်းမှတ်တမ်းပြုနိုင်ပါမည်။ zip drives များကို အသုံးပြုနိုင်ပါက အချက်အလက်အမြောက်အများကို ပိုမို သိမ်းဆည်းထားနိုင်သည်။ ဤဓာတ်ပြားငယ် discs တို့ ကို အလွယ်တကူဖြင့် အမြောက်အများ ကူးယူနိုင်ပြီး နေရာအနှံ့တွင် ထိန်းသိမ်းထားနိုင်သည်။ ဤသို့ဖြင့် မော်ကွန်းတိုက်တစ်တိုက်စာကို သေတ္တာငယ်တစ်လုံးတွင် ထိန်းသိမ်း သိုလှောင်ထားနိုင်သည်။

ဤပြဿနာဖြေရှင်းရေးအတွက် ဒေသခံဆက်သွယ်ရေးကွန်ယက်ကို အသုံးပြုကာ ရှေ့ဆက်ဖို့ အရေးကို ကြံစည်စဉ်းစားပါ။

**ပြဿနာ ၆။ ယခု လောလောဆယ်၌ ဤလုပ်ငန်းအတွက် အချိန်ဖြုန်းသင့်သည်ဟု မမြင်ပါ။**

ဖွံ့ဖြိုးရေးလုပ်ငန်းအောင်မြင်ရန်အတွက် နှုတ်ပြောသမိုင်း နှင့် နှုတ်ပြောရိုးရာအစဉ်အလာများအား မှတ်တမ်းတင်ထားခြင်း၏တန်ဖိုးရှိပုံကို ဤလက်စွဲစာအုပ်က ပြောပြပါလိမ့်မည်။ ဤရည်ရွယ်ချက်အတွက် စုဆောင်း မှတ်တမ်းတင်ထားသမျှကို စနစ်တကျ အမျိုးအစားခွဲခြားထားခြင်း၊ အညွှန်းရေးခြင်းနှင့် ထိန်းသိမ်းခြင်းများ ပြုလုပ်ရန်လည်း အရေးကြီးပါသည်။ သို့မှသာ သင်၏အဖွဲ့သည် ထိုပစ္စည်းများကို စုဆောင်းရရှိပြီးနောက် အဘယ်သို့ ကိုင်တွယ်အသုံးပြုရမည်ကို ဆက်လက်စဉ်းစားနိုင်ပါမည်။ ထိုကိစ္စမျိုးကို ပေါ့ပေါ့တန်တန် မလုပ်ဘဲ လေးလေးနက်နက် ဂရုတစိုက်ဆောင်ရွက်ရမည်။ သို့သော် သင့်လျော်ပြီး လက်တွေ့ကျသော ဖွံ့ဖြိုးရေး အစီအစဉ်နှင့် ပူးပေါင်းနိုင်သည့် အကြံဉာဏ်မျိုးက ပိုသင့်မြတ်ပါသည်။

**ပြဿနာ ၇။ ရပ်ရွာလူထုများသည် မိမိတို့၏ ပြောဆိုချက်များအား ဖမ်းယူမှတ်တမ်းတင်မည်ကို အကြောက်လွန်နေကြသည်။**

မြန်မာနိုင်ငံအတွင်းနှင့် နယ်စပ်ဒေသတွင် လွတ်လပ်ပွင့်လင်းစွာပြောဆိုခြင်းကိုလည်းကောင်း၊ ပြောသမျှကို မှတ်တမ်းတင်မည့်အရေးကိုလည်းကောင်း ကြောက်လန့်နေကြသည်။ ထင်ရှားသော ယဉ်ကျေးမှုအမှတ်အသား (distinct cultural indentity) ကို ထုတ်ပြောခြင်းသည် နိုင်ငံရေး လှုပ်ရှားမှုတခု အဖြစ် အသတ်မှတ်ခံရတတ်လေရာ နှုတ်ပြောသမိုင်းနှင့် နှုတ်ပြောသက်သေခံချက်တို့ ကို လုပ်ဆောင်ရန် ကြောက် သကဲ့သို့ နှုတ်ပြောရိုးရာအစဉ်အလာနှင့် နှုတ်ပြောယဉ်ကျေးမှုဓလေ့များကို ပြောရန်လည်း ကြောက်နေတတ်ပါသည်။ ကိုယ်တွေ့အမေးအဖြေလုပ်ခြင်းကိုလည်း နိုင်ငံရေးအရ စစ်ဆေး မေးမြန်းခြင်း၊ သတင်းပေးခြင်းနှင့် ဆင်တူနေသောကြောင့် စိုးရိမ်ကြောက်လန့်ပြီး မယုံသင်္ကာဖြစ်တတ်ကြသည်။ ဤပြဿနာကို ရှောင်ရှားနိုင်သည့် အလွယ်နည်းလမ်း မရှိပါ။ သို့ရာတွင် အချင်းချင်းကြား ယုံကြည်မှု တည်ဆောက်နိုင်မည့် နည်းလမ်းများ ရှိပါသည်။ စီမံကိန်းကို အကောင်အထည် မဖော်ဆောင်မီကတည်းက ရရှိလာသော မှတ်တမ်းများကို လျှို့ဝှက်စွာ ထိန်းသိမ်းထားပြီး လုံလုံခြုံခြုံ ထိန်းသိမ်းထားပါမည်ဟု အာမခံချက်ပေးရန် တာဝန်ရှိကြောင်း ဤစိုးရိမ်ချက်များက ရည်ညွှန်းနေပါသည်။

- စီမံကိန်းအစီအစဉ်များကို ရပ်ရွာလူထုနှင့် ညှိနှိုင်းတိုင်ပင်၍ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အစပြုပါ။
- လူတွေ့အမေးအဖြေဦးဆောင်မည့်သူများကို ကြိုး၍လေ့ကျင့်သင်တန်းပေးထားပြီး သတိထားရမည့်အချက်များကို အသိပေးထားရမည်။ (ဤလက်စွဲစာအုပ်၏နောက်ပိုင်းတွင်ရှု)
- ဤအစီအစဉ်သည်အခွင့်အရေးယူသည့်သဘော မဖြစ်စေရ။ ရေရှည် အမြင်ဖြင့် လုပ်ရမည်။ သို့ပါမှ မှတ်တမ်းတင်သည့်လုပ်ငန်း ရှေ့ဆက်နိုင်မည်။ ဝင်ရောက်နှောက်ယှက်ခြင်းမျိုးကို တတ်နိုင်သမျှ ကင်းအောင် လုပ်ရမည်။ နှုတ်ပြောသမိုင်းများသည် လူ့အခွင့်အရေးအကြောင်းအရာများကို တင်ပြသည့်နည်းလမ်းအဖြစ်လည်းကောင်း ရန်ပုံငွေရှာဖွေရန်အတွက်လည်းကောင်း အလွန်အစွမ်းထက်သော်လည်း ထိုရည်ရွယ်ချက်များနှင့် ပြုလုပ်ပါက ပြောပြသူများအနေနှင့် အနေရအထိုင်ရကျပ်ပါလိမ့်မယ်။
- ဤအစီအစဉ်မျိုးတွင် ရှိသော ကျင့်ဝတ်နီတိပိုင်းကို ပြည့်ပြည့်ဝဝ ကြိုတင်စဉ်းစားမှသာ ပြောပြသူများအား ကာကွယ်ပေးဖို့ ဆောင်ရွက်မိပါမည်။ မည်သို့ ဖြစ်စေ အချက်အလက်မှတ်တမ်းများ ရေရှည် တန်ဖိုးရှိစေရန်အတွက် ၊ ပြည့်စုံသည့်အညွှန်းမှတ်တမ်းများပြုစုထားခြင်း၊ အမျိုးအစားခွဲခြားထားခြင်း၊ ကောင်းကောင်းမွန်မွန် သိုလှောင်သိမ်းဆည်းခြင်းတို့ ကို လုပ်ဆောင်ရပါမည်။

## အရှေ့တောင်အာရှမှ နှုတ်ပြောသမိုင်းများနှင့် နှုတ်ပြောရိုးရာအစဉ်အလာများ

အရှေ့တောင်အာရှ လူ့အသိုင်းအဝိုင်းများနည်းတူ၊ အာဖရိကလူ့အသိုင်းအဝိုင်းများကလည်း နှုတ်ပြောရိုးရာအစဉ်အလာများကို အရေးပါသော အရာများ အဖြစ် သဘောထားကြသည်။ အာဖရိကလူ့အသိုင်းအဝိုင်းများစွာတို့သည် သူတို့၏ နှုတ်ပြောရိုးရာအစဉ်အလာများကို ယခုထက်တိုင် တန်ဖိုးထားနေကြဆဲ ဖြစ်သည်။ စာပေမပေါ်မီကတည်းက ရှိခြင်းကြောင့် အလွန်ရှေးဆန်လွန်းသည်ဟု မယူဆကြ။ အမှန်မှာ နှုတ်ပြောရိုးရာအစဉ်အလာများသည် စာပေမပေါ်မီ ရှေးကျသောကာလ၏ လက္ခဏာမဟုတ်။ စာပေကိုရော နှုတ်ပြောစကားကိုပါ လေးစားတန်ဖိုးထားသည့် ရှုပ်ထွေးသော လူ့အသိုင်းအဝိုင်းအတွင်းက ကဏ္ဍတစ်ခု ဖြစ်သည်။ မကြာသေးမီနှစ်များအတွင်း လူ့ အသိုင်းအဝိုင်း အတော်များများသည် သူတို့၏ရိုးရာနှုတ်ပြောဓလေ့ယဉ်ကျေးမှုများကို ပြန်လည်သုံးသပ်လာကြ သည်။ နှုတ်ပြောရိုးရာဓလေ့ယဉ်ကျေးမှုကို နည်းလမ်းသစ်ဖြင့် တန်ဖိုးထားလာကြပြီး၊ လူမှုအသိုင်းအဝိုင်း၏အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်အတွက် အရေးကြီးသော အစိတ်အပိုင်း ဖြစ်ကြောင်း သတ်မှတ်လာကြသည်။ ယနေ့မြန်မာနိုင်ငံအတွင်းရှိ အသိုင်းအဝိုင်းများစွာတို့ သည်ကား နှုတ်ပြောရိုးရာအစဉ်အလာများ၏ တန်ဖိုးကို တစ်မျိုးမြင်နေကြသည်၊၊နှုတ်ပြောစကားများကို မျက်မှောက်ကာလအဖြစ်အပျက်များ၏ မှတ်တမ်းအဖြစ်သာ မြင်နေကြသည်။

မြန်မာနိုင်ငံတွင်းရှိ လူမျိုးစုငယ်များစွာတို့က ဤကဲ့သို့ ခံယူကြခြင်းမှာ စာပေမတတ်မြောက်ခြင်းနှင့် အကျင့်စာရိတ္တခေါင်းပါးခြင်းတို့ ကို ဒွန်တွဲပြီး မြင်နေတတ်ကြသော ခရစ်ယာန်သာသနာပြု များထံမှ မြစ်ဖျားခံပါသည်၊၊ ယခုထက်တိုင် ဤအမြင်သည် မြန်မာနိုင်ငံအတွင်းရှိ ခရစ်ယန်သာသနာပြုများအပေါ် ဩဇာလွှမ်းနေဆဲဖြစ်ပါသည်၊၊ သို့ရာတွင် နှုတ်ပြောရိုးရာအစဉ်အလာအပေါ် တန်ဖိုးမထားခြင်းမှာ ဤအချက်တခုတည်းကြောင့် မဟုတ်ပါ၊၊ တခါတရံ မြန်မာ ရှမ်း မွန် စသော အိမ်နီးချင်းလူမျိုး တို့သည်လည်း နှုတ်ပြောသမိုင်းများနှင့် နှုတ်ပြောရိုးရာအစဉ်အလာများ ရှိနေသည်ဟူသောအချက်ကို မေ့လျော့၍ ထိုလူမျိုး များ၏စာပေယဉ်ကျေးမှုနှင့် နှိုင်းယှဉ်ပြီး မိမိတို့၏နှုတ်ပြောယဉ်ကျေးမှုကို နိမ့်ကျသည်ဟု ယူဆတတ်ကြသည်။ စာပေဖြင့် မှတ်တမ်းတင်ထားသောသမိုင်း၌လည်း ဒဏ္ဍာရီပုံပြင်များ ကင်းရှင်းသည်မဟုတ်ပါ ။ ဥပမာ – မြန်မာ လူမျိုးများ၏ မှန်နန်းရာဇဝင်ကိုကြည့်ပါ။ လူမှုရေး၊ နိုင်ငံရေး၊ ဘာသာရေး၊ ယဉ်ကျေးမှုနှင့် သမိုင်းကြောင်း ဆိုင်ရာအချက်များကြောင့် မြန်မာနိုင်ငံအတွင်းရှိ လူ့အသိုင်းအဝိုင်းများတွင် နှုတ်ပြောယဉ်ကျေးမှုကို အထင်အမြင်သေးလျက်ရှိကြသေးကြောင်း တွေ့ရ၏။

သို့ရာတွင် ထိုလုပ်ငန်းများတွင် ပါဝင်လုပ်ဆောင်ခြင်းမှာ နှုတ်ပြောသမိုင်းများနှင့် နှုတ်ပြောရိုးရာအစဉ်အလာများကို ကမ္ဘာတရပ်လုံးမှ စိတ်ဝင်စားလာကြောင့်လည်း ဖြစ်ပါသည်။ သင်၏ရပ်ရွာတွင် သင်တယောက်တည်း ထိုလုပ်ငန်းမျိုးကို ဆောင်ရွက်နေရပြီး၊ သင်၏ စိတ်ဝင်စားမှုကို အခြားသူများက လေးလေးနက်နက်မြင်လာအောင် စည်းရုံးရာတွင် အခက်အခဲ တွေ့သည့်တိုင်အောင် ဤလုပ်ငန်း၏ နောက်ခံတွင် ခိုင်မာသောအုတ်မြစ်နှင့် တွေးခေါ်ယူဆချက်မှု ရှိကြောင်း သတိရပါ။ ဤလုပ်ငန်းကို အာဆီယံအဖွဲ့ က ကျယ်ကျယ်ပြန့်ပြန့်ထောက်ခံအားပေးမှုရှိကြောင်း ခိုင်မာစွာ ခံယူထားပါ။

## နှုတ်ပြောသမိုင်းနှင့် နှုတ်ပြောရိုးရာအစဉ်အလာတို့ ကို ယနေ့ကမ္ဘာအနှံ့စိတ်ဝင်စားလာခြင်း

ယနေ့ကာလ၌ နှုတ်ပြောသမိုင်းကို လေ့လာအပ်သော ဘာသာရပ်တစ်ခုအဖြင့် စိတ်ဝင်စား လာကြခြင်းတွင် ဒုတိယကမ္ဘာစစ်သည် အရေးပါသောအလှည့်အပြောင်းတခု ဖြစ်နိုင်သည်။ ဥရောပနိုင်ငံများနှင့် မြောက်အမေရိကတိုက်တွင် နိုင်ငံ ရေးသမားများသည် နှုတ်ပြောသမိုင်း၏ အခန်းကဏ္ဍကို မြှင့်တင်ပေးသော သာမန်ပြည်သူလူထု၏အသံကို ပိုမို ဂရုစိုက် နားထောင်လာကြရသည်။ ဥရောပ အင်အားကြီးနိုင်ငံများ၏ ကိုလိုနီပြုလုပ်ခြင်းခံခဲ့ကြရသော နိုင်ငံများ တွင်၊ လွတ်လပ်ရေးလှုပ်ရှားမှု၏ တစ်စိတ်တစ်ဒေသအဖြစ် နှုတ်ပြောရိုးရာအစဉ်အလာများနှင့် နှုတ်ပြောသမိုင်းများကို မကြာခဏ ပြန်လည်စိတ်ဝင်စားလာကြသည်။ အမျိုးသားရေးဝါဒီများအနေဖြင့်၊ လွတ်လပ်လာတော့မည့် မိမိတို့၏နိုင်ငံတော်သည် မည်သို့သော ပုံစံမျိုး ဖြစ်ရမည်ဟူသော အတွေးအခေါ်ကို သမိုင်းအရ နိုင်ငံရေးအရ၊ အမျိုးသားရေးအရနှင့် ယဉ်ကျေးမှုအရ ပုံဖေါ်ရန်

ကြိုးစားကြသည်။ ဤသို့ဖြစ်ပေါ်လာရခြင်း၏ တွေ့နေကျလက္ခဏာတစ်ရပ်မှာ ဒီမိုကရေစီ ပိုဆန်သော လူ့အဖွဲ့အစည်းမျိုးသို့ ဦးတည်ခြင်းဖြစ်ပြီး၊ အများပြည်သူ ပါဝင်ဆောင်ရွက်ခြင်းကို အရေးပါသော အခြေခံ အချက်တခုအဖြစ် ၄င်းစနစ်တွင် သတ်မှတ်သည်။ ပါဝင်ဆောင်ရွက်ခြင်းအလုပ်တွင် သူတပါး၏ ပြောဆိုချက်အသံများကို နားထောင်ရမည်။ တုံ့ပြန်ရမည်။

နှုတ်ပြောသမိုင်းနှင့် နှုတ်ပြောရိုးရာအစဉ်အလာများကို ယခုမျက်မှောက်ကာလတွင် ပိုမိုစိတ်ဝင်စား လာကြခြင်း၏အကြောင်းရင်းတစ်ခုမှာ အဝေးဆက်သွယ်ရေးစနစ် (telecommunication) ကျယ်ပြန့်လာ ခြင်းဖြစ်သည်။ သမိုင်းပညာရှင်များနှင့် လူမှုရေးသိပ္ပံပညာရှင်များအတွက် စာပေအရေးအသားသည် အခြေခံအကျဆုံးအချက် မဟုတ်တော့။ ရုပ်မြင်သံကြား၊ ရေဒီယိုနှင့် အခြား ဆက်သွယ်နည်း တို့သည် စာပေအရေးအသားနည်းတူ စွမ်းအားထက်ပြီး အသုံးတည့်သည်။ အချို့အဆို ပြုသူများက ကွန်ပျူတာပညာ တိုးတက်လာခြင်းနှင့် hypertext ခေါ် အင်တာနက်ဖြင့် ဆက်သွယ် သတင်းပို့ သောစံနစ် ဖွံ့ဖြိုး လာခြင်း သည် ခေတ်တစ်ခုကို နိဒါန်းပျိုးလိုက်ခြင်းဖြစ်ရာ ဒုတိယအဆင့် နှုတ်မှုရေးရာ (secondary orality) ဟု ခေါ်ကြ သည်။ ဒုတိယဆင့်နှုတ်မှုရေးရာသည် စာပေလွန်အဆင့် (post-literate) ဖြစ်သည်။ သို့ ဖြင့် စာပေ အရေးအသားနှင့် ဆက်စပ်ထားသော တန်ဖိုးများသည် ဆက်လက် မတည်တံ့ နိုင်တော့ပါ။ဤရှုထောင့်အရ အနာဂတ်ကာလတွင် ကွန်ပျူတာဖြင့် ရေးသားမှတ်တမ်းတင်သောနည်းသည် အဓိကမှတ်တမ်းရေးနည်းစံနစ် ဖြစ်လာ ပေမည်။ ဤစံနစ်သည် ပုံသေမဟုတ်။ မည်သူက စတင်ရေးသား လိုက်သည်ကို မသိနိုင်။ မှတ်တမ်း မှတ်ရာများကို မည်ကဲ့သို့ ပြောင်းလဲပြင်ဆင်ရေးသားလိုက်သည်ကိုလည်း မသိ။ ဘယ်က လာမှန်း လည်း မသိ။ သို့ သော် ယင်းမှတ်တမ်းတို့ နှင့် အပြန်အလှန်ဆက်ဆန်နိုင်သည်။ ယင်းမှတ်တမ်းတို့ ကို ပြောင်းလဲပစ်နိုင်သည်။ စာအရေးအသားဖြင့် သက်သေအထောက်အထား ကိုးကားသည့် စံနစ် သည် ပိုမိုမသေချာမရေရာဖြစ်လာသည်။ ဤအယူအဆအရ ကွန်ပျူတာဖြင့် ဖော်ပြသော သတင်းများသည် စာပေနှင့် ဖော်ပြခြင်းထက် နှုတ်ဖြင့် ဖော်ပြသော သတင်းပုံစံနှင့် ပိုတူလာသည်။ ဤသို့ဆိုလျှင် နှုတ်ဖြင့် ဆက်သွယ်မှုတို့ ကို ဆင့်ကမ်းသည့် နည်းလမ်းများအား ကျွန်ုပ်တို့ ပိုမိုလေ့လာရတော့မည်။ သို့မှ သတင်းအချက်အလက်ရင်းမြစ်တခုဖြစ်သည့် နှုတ်ဖြင့် ဆက်သွယ်ရေး၏အားသာချက်နှင့် အားနည်းချက်များကို ခွဲခြားသိရှိနိုင်မည်။ မြန်မာနိုင်ငံမှ လူမှုအသိုင်းအဝိုင်းများ အပါအဝင် ကမ္ဘာ့လူဦးရေအများစုသည် ကွန်ပျူတာကို လက်လှမ်းမမှီသေးပါ။ သို့ရာတွင် ဤတိုးတက်မှုသည် နှုတ်ဖြင့် ဆက်သွယ်မှုဆိုင်ရာနည်းလမ်းများနှင့် ဆက်စပ်နေသော တန်ဖိုးများကို တိုးမြင့်ပေးနိုင်သောကြောင့်၊ နှုတ်ပြောသမိုင်းနှင့် ပတ်သက်သည့် အခြေအတင် ဆွေးနွေး ပြောဆိုမှုအတွက် အသုံးတည့်ပါသည်။

## ယခုမျက်မှောက်ကာလ အရှေ့တောင်အာရှ၌ နှုတ်ပြောရိုးရာအစဉ်အလာနှင့် နှုတ်ပြောသမိုင်းအပေါ် စိတ်ဝင်စားလာကြခြင်း

နှုတ်ပြောသမိုင်းနှင့် နှုတ်ပြောရိုးရာအစဉ်အလာများ စုဆောင်းလေ့လာခြင်းလုပ်ငန်းအပေါ်တွင် အရှေ့ တောင်အာရှဒေသ၌ စိတ်ဝင်စားမှုရှိလာခြင်းကို အောက်ပါအချက်များအရ သိနိုင်ပါသည်။[၂]

၁။ ၁၉၇၃ – မလေးရှားတက္ကသိုလ်ကကြီးမှူး၍ နှုတ်ပြောရိုးရာအစဉ်အလာများဆိုင်ရာ ဆွေးနွေးပွဲတစ်ရပ် ကျင်းပခဲ့သည်။

၂။ ၁၉၇၃ – Kuching Sarawate တွင် ဒေသဆိုင်ရာ နှုတ်ပြောရိုးရာအစဉ်အလာများအကြောင်း ဆွေးနွေးပွဲတစ်ရပ် ကျင်းပခဲ့သည်။

၃။ ၁၉၇၈ – Penang တွင် နှုတ်ပြောသမိုင်းနှင့် ပတ်သက်သော ပထမဆုံး အကြံဉာဏ်ဖလှယ်ပွဲ (Colloquium) ကို ကျင်းပခဲ့သည်။

---

[2] 'A Global Perspective of Oral History in Southeast Asia', Morrison J.H, in Oral History in Southeast Asia, Singpore, 1998, pp.8-9

၄။ ၁၉၉၀ – မော်ကွန်းတိုက် မှတ်တမ်းများနှင့် ပတ်သက်သော အပြည်ပြည်ဆိုင်ရာကောင်စီ၏ အရှေ့တောင်အာရှရုံးခွဲ (Southeast Asia Regional Branch of the International Council on Archives – SARBICA) က ကြီးမှူး၍ နှုတ်ပြောသမိုင်း အစည်းအဝေးကို ကျင်းပခဲ့သည်။

၅။ ၁၉၉၁ – Kuala Lumpur တွင် နှုတ်ပြောသမိုင်းနှင့် ပတ်သက်သော အကြံညာဏ်ဖလှယ်ပွဲ (ASEAN Colloquium) ကျင်းပခဲ့သည်။

၆။ ၁၉၉၂ – ကျွန်ုပ်တို့အာဆီယံအမွေအနှစ်ကိုမှတ်တမ်းတင်ခြင်း "Recording our ASEAN Heritage" ဟူသောအကြံဉာဏ်ဖလှယ်ပွဲ (ASEAN Colloquium) ကို ကျင်းပခဲ့သည်။

အရှေ့တောင်အာရှ၏ နှုတ်မှုရေးရာကို လေ့လာသောလုပ်ငန်းများစွာတို့သည် အနာဂတ် အတွက် ကိုးကားကျမ်းများဖြစ်လာမည့် မှတ်တမ်းများ ရေးသားပြုစုခြင်းနှင့် ပတ်သက်နေသည်။ ဒေသဆိုင်ရာ ထူးခြားသောအဖြစ်အပျက် သို့မဟုတ် ခေတ်ကာလကို လေ့လာသောအခါ ဒုတိယကမ္ဘာစစ်အတွင်းဂျပန်များ ဝင်ရောက်အုပ်စိုးစဉ်က အတွေ့အကြုံများကို မှတ်တမ်းတင်ခြင်း၊ အထက်တန်းလွှာဟုသတ်မှတ်ခံရသော နိုင်ငံရေးသမားများ၊ စီးပွားရေးလုပ်ငန်း ရှင်များ၊ ဒေသခံလူထု၏အမျိုးသားခေါင်းဆောင်များနှင့် လူတွေ့မေးမြန်းပြီး အထူးသဖြင့် အာဆီယံ၏ စောစောပိုင်းနှစ်များအတွင်း စီးပွားရေးနှင့် နိုင်ငံရေးသမိုင်းဖြစ်ရပ်များကို မှတ်တမ်းတင်ခြင်းကို အာရုံစိုက်လုပ်ဆောင်ခဲ့ကြသည်။

အရှေ့တောင်အာရှတွင်၊ ပုံမှန်ညီလာခံများကျင်းပပြီး နှုတ်ပြောသမိုင်းလက်စွဲစာအုပ်နှင့် ဂျာနယ်စာစောင်များကို ထုတ်ဝေကြသည်။ သင်သည် ဤအဖွဲ့အစည်းများနှင့် လက် လှမ်းမီဆက်သွယ်နိုင်လျှင် သင်၏အသိုင်းအဝိုင်းအတွင်း လုပ်ငန်းခွင်ကို ရှာဖွေတိုးချဲ့နိုင်၍ အတွေ့ အကြုံနည်းသောသူများကို ကူညီထောက်ပံ့ အကြံပေးနိုင်မည်။ ဤအဖွဲ့အစည်းများသည် အဆိုပါလုပ်ငန်းများ နှင့် ဆက်စပ်သော ဒေသအတွင်း ပြဿနာများနှင့် ဖြစ်ရပ်မှန်များကို ကျွမ်းဝင်ကြသည်။ အထက်တွင် ဖော်ပြခဲ့ ပြီးသည့်အတိုင်း ချင်းမိုင်တက္ကသိုလ်တွင် အကြံဉာဏ်ကောင်း နည်းလမ်းကောင်း များရရှိနိုင်ရာ သင်၏လုပ်ငန်းတွင် အထိးကျန်ခံစားနေမည့်အစား ထိုအဖွဲ့အစည်းနှင့် ဆက်သွယ်လျှင် ကောင်း ပါမည်။ သင်၏အသိုင်းအဝိုင်းမှ နှုတ်ပြောသမိုင်းသည် အခြားအသိုင်းအဝိုင်းမှ နှုတ်ပြောသမိုင်းနှင့်မတူပဲ တမူ ထူး ခြားသောအချက်များစွာ ပါဝင်ကောင်းပါဝင်နေမည် ဖြစ်သော်လည်း၊ ထိုဒေသရှိ အခြားလူမှုအဖွဲ့အစည်းမှ နှုတ်ပြောသမိုင်းနှင့် ဆင်တူသော အချက်များလည်း ရှိပါမည်။ သင့်လုပ်ငန်းကို အကောင်အထည်ဖော်သောအခါတွင် အထောက်အကူပြုနိုင်မည့် သတင်းအချက်အလက်များကို ထိုလူမှုအသိုင်းအဝိုင်းများမှ သင်ယူရရှိနိုင်မည်။

အရှေ့တောင်အာရှရှိလူမျိုးစုငယ်များ အတွက် နှုတ်ပြောရိုးရာအစဉ်အလာနှင့် နှုတ်ပြောသုတေသန လုပ်ငန်း အရေးကြီးပုံ

ကနေဒါနိုင်ငံ စိန့်မာရီတက္ကသိုလ် အရှေ့ တောင်အာရှလေ့လာရေးဌာနမှူးနှင့် သမိုင်းပါမောက္ခ ဂျိမ်းမော်ရစ်ဆန် James Morrison ၏အောက်ပါအဆိုတွင် ဤသုတေသန လုပ်ငန်းသည် အရှေ့တောင် အာရှ[၃] ၌ရှိသော လူနည်းစုတိုင်းရင်းသားများအတွက် အဘယ်ကြောင့် အရေးကြီးကြောင်း ဖော်ပြထားသည်။ ဖော်ပြထား သောအရာကို ဖတ်ရှုပြီး၊ ဆက်စပ်ရေးသားထားသော မေးခွန်းများကို ဆင်ခြင်ပါ။

*“သမိုင်းပညာရှင်များသည် မကြာသေးမီကာလတိုင်အောင် စာနှင့်ပေနှင့်ရေးသားပြုစုမထားသောအချက်အလက် အကြောင်းအရာများကို လက်ခံရန် တွန့်ဆုတ်နေခဲ့ကြသည်။ ဆိုလိုသည်မှာ မှတ်တမ်းမှတ်ရာမရှိလျှင် သမိုင်း မရှိ’ ဟူ၍ နှုတ်ပြောအချက်အလက်များ (oral sources) ကို အသိအမှတ်မပြုခြင်းသည် ကမ္ဘာ့သူကမ္ဘာ့သား လူများစုကို တံခါးပိတ်တားဆီးလိုက်ခြင်းနှင့်တူသည်။ ထိုသူများကား ထိုသို့ပြုခြင်းဖြင့် မွေးလာ၍သက်ရှင်နေထိုင်ပြီး၊ သေဆုံး သွားသူများနှင့်ပတ်သက်၍ ရေးမှတ်ထားခြင်းများသောအကြောင်း အရာများကို လက်မခံရာရောက် သည်။ ကိုလိုနီကျွန်ပြုခံခဲ့ရသူများ၊ အာဏာလက်ဝယ်မရှိသူများ၊ လုပ်သားများ၊ အမျိုးသမီးများ၊ လူနည်းစုတိုင်း ရင်းသားများ နှင့် ကလေးများအကြောင်းကို စာပေမှတ်တမ်း၌ တွေ့ရခဲသည်။ Oral research နှုတ်ထွက် အဆိုများကို သုတေသနပြုသောလုပ်ငန်း ကြီးထွားတွင်ကျယ် လာသောအခါ အသံထွက်ဖွင့်ဟမပြောသော အရာများကို အသံ ထွက်ဖွင့်ဟခွင့်ပေးလိုက်ရာရောက်၏။ ဆိုလိုသည်မှာ နှုတ်ပြောသုတေသနလုပ်ငန်း သည် ယနေ့ မျက်မှောက်ကာလ သမိုင်းကဏ္ဍ အတော် များများနှင့် ယခင်ကာလ အရှေ့တောင်အာရှသမိုင်းတွင် ကျယ်ကျယ်ပြန့်ပြန့်ဝင်ဆန့် လာကြောင်း တွေ့ရသည်။ နှုတ်ပြောသမိုင်း၏ အသုံးဝင်ပုံ အမျိုးမျိုးရှိ သည်။ တဦးချင်းအတွက်သော်လည်းကောင်း၊ လူ့အဖွဲ့အစည်းအသိုင်း အဝိုင်း အတွက်သော်လည်းကောင်း၊ နိုင်ငံ အတိုင်းအတာအရ ရည်ရွယ်ချက်အတွက် သော်လည်းကောင်း အသုံးဝင်နိုင်ပါသည်။ အရှေ့တောင်အာရှနိုင်ငံများ အတွက်မူကား၊ အချို့အရှေ့တောင်အာရှနိုင်ငံများအနေနှင့် လွတ်လပ်ရေးရရှိသည်မှာ နှစ်ပေါင်း(၅၀) သို့မဟုတ် နှစ်ပေါင်း (၅၀) အောက်ရှိကြ၍၊ အမျိုးသားသမိုင်းဖြစ်ရပ် မရေမတွက်နိုင်အောင် တောင်ပုံယာပုံရှိသည်။ သို့ရာ တွင် တိုင်းပြည်တိုင်း၊ ဒေသရပ်ရွာတိုင်း၊ လူမျိုးစုတိုင်းတွင် သီးခြားသမိုင်း အတွေ့အကြုံ များစွာရှိနေကြပြီး၊ မတူသော သမိုင်းအတွေ့အကြုံများကြောင့် အမျိုးသားသမိုင်းသည် စုပေါင်းအတွေ့အကြုံများကို စုစည်းထားသော သမိုင်းပင်ဖြစ်တော့သည်။ ပြည်ထောင်စုနိုင်ငံ အတော်များများသည် စုပေါင်းအမျိုးသားသမိုင်း ရှိကြသဖြင့် အရှေ့ တောင်အာရှနိုင်ငံများအားလုံးတွင်ရှိသော အမျိုးသားသမိုင်းများသည် လူမျိုးစုတိုင်းရင်းသားပေါင်းစု၏ မတူညီ သောခံယူချက်၊ မတူညီသောပန်းတိုင်၊ မတူညီသောလှုံ့ဆော်မှုစုစည်းထားသောသမိုင်းဖြစ်လာသည်။*

*ဤစုပေါင်းသမိုင်းတွင် နှုတ်ပြောရိုးရာအစဉ်အလာနှင့် နှုတ်ပြောသမိုင်းကို ထည့် သွင်း အသုံးပြုရပါသည်။”*

[3] ibid., pp. 1-9

### မေးခွန်းများနှင့် လက်တွေ့လုပ်ဆောင်ရန်များ – တိုင်းရင်းသားလူမျိုးစုငယ်များ၏သမိုင်းများ

အရှေ့တောင်အာရှတွင်ရှိသော တိုင်းရင်းသားလူမျိုးမည်မျှကို သင်သိသနည်း။

- သူတို့သည် မည်သည့်အချက်များတွင် ကွဲပြားခြားနားသောသမိုင်း ရှိကြသနည်း။

ယခင်သင်နေထိုင်သော ရပ်ကွက် သို့မဟုတ် ပြည်နယ်(မြန်မာနိုင်ငံ) အတွင်းတွင် တိုင်းရင်းသားလူမျိုးစု မည်မျှရှိသနည်း။

- သင်၏လူမျိုးစုသမိုင်းနှင့် သူတို့၏သမိုင်းတွင် မည်သည့်အချက်တို့သည် တူညီကြ၍ မည်သည့်အချက် များတွင် ကွဲပြားခြားနားကြသနည်း။
- ဤတိုင်းရင်းသားလူမျိုးစုများကြားတွင် သာမန်ရိုးရာနည်းဖြင့် သမိုင်းပြောကြသည့်အခါ မတူသောအချက် များကို သင်သိပါသလား။

သင်၏သမိုင်းသည် မြန်မာနိုင်ငံအမျိုးသားသမိုင်း၏ တစ်စိတ်တစ်ဒေသအဖြစ် မည်သည့်နည်းလမ်းဖြင့်ပါဝင်နေ ပါသနည်း။

- သင်၏သမိုင်းကို နိုင်ငံတော်၏သမိုင်းတွင် မည်ကဲ့သို့ရေးသားဖော်ပြမည်နည်း။ သင်မည်ကဲ့သို့ တင်ပြနိုင် သနည်း။

သင့်အသိုင်းအဝိုင်း၏သမိုင်းသည် သင်နှင့်အိမ်နီးချင်းတိုင်းရင်းသားလူမျိုးများ၏သမိုင်းနှင့် မည်ကဲ့သို့ကွဲပြား ခြားနားသည်ဟုထင်မြင်ပါသနည်း။

- သင်၏အသိုင်းအဝိုင်းအကြောင်း စာပေနှင့်ရေးသားထားသောမှတ်တမ်း မှတ်ရာများ စာရွက်စာတမ်းများ ရှိပါသလား။
- မည်သူကရေးသားပြုစုခဲ့သနည်း။ မည်သည့်အချိန်တွင် ရေးခဲ့သနည်း။
- ဤအထောက်အထားမှတ်တမ်းစာရွက်များ၏ အကောင်းနှင့် အဆိုးကို သင် အဘယ်သို့ ထင်မြင် ယူဆသနည်း။
- သင်၏အိမ်နီးချင်းလူမျိုးစုများအကြောင်း ရေးသားပြုစုထားသော အထောက်အထား စာရွက်စာတမ်းများ ရှိပါသလား။
- ရှိလျှင်၊ သူတို့၏သမိုင်းသည် သင့်အသိုင်းအဝိုင်း၏သမိုင်းထက် ပိုအရေးကြီးပါသလား။
- သူတို့၏ စာပေမှတ်တမ်းများသည် သင်၏နှုတ်ပြောမှတ်တမ်းထက် ပိုတိကျမှန်ကန်သလား။ သူတို့၏သမိုင်းက ပို၍မှန်ကန်ပါသလား။

ဖြစ်ရပ်မှန်ကိုလေ့လာခြင်း။ ။ စာဖြင့်ရေးထားသော သမိုင်းမှတ်တမ်းနှင့် နှုတ်ပြောသမိုင်းတို့၏ခြားနားချက်။

ယခင်ကဖော်ပြခဲ့ပြီးသည့်အတိုင်း၊ စာပေနှင့်ရေးသားပြုစုထားသော မှတ်တမ်းများ သည် ကွန်ပျူတာတွင် ရိုက်ထားသောမှတ်တမ်း သို့မဟုတ် နှုတ်ဖြင့်ပြောပြသော မှတ်တမ်းများနှင့် မတူကြောင်း တွေ့ရသည်။ အဓိကခြားနားချက်တစ်ရပ်မှာ – ရေးသားပြုစုထားသောစာမူအမျိုးမျိုး ရှိနေလျှင် စာမူတစ်ခုသည်အချိန်ကြာလာသည်နှင့်အမျှ မည့်သို့မည်ပုံပြောင်းလဲသွားတတ်ကြောင်း ကျွန်ုပ်တို့သိရှိနိုင်သည်။ အောက်ဖော်ပြပါ ဥပမာသည် ဤခြားနားချက်ကို သဘောပေါက်ရန် အထောက်အကူပြုပါလိမ့်မည်။

တခါတရံ စာမူတစ်ခုကို ကွဲပြားခြားနားသောအခြားစာမူများနှင့် နှိုင်းယှဉ်ခြင်းဖြင့်၊ ၎င်းစာမူ တိုးတက်ပြောင်းလဲလာပုံကို နောက်ကြောင်းလိုက်ရန်ဖြစ်နိုင်သည်။ ဥပမာ – ၁၉၂၅ ခုနှစ်အတွင်း ဘုရင်ခံ ဆာဟာကုတ်ဘတ်တလာ (Governor Sir Harcourt Butler) အနေနှင့် ဟူးကောင်းတောင်ကြား မိုင်းကွမ် (Mai kung) ရွာတွင် ကျင်း ပသော မနောပွဲ၌ ပြောခဲ့သောစကားကို ပထမဦးစွာ လက်ရေးစာမူဖြင့် ရေးထားပြီးနောက်၊ စာမူအချောကို မစတင်မီ ပြန်လည်ပြင်ဆင်ရေးသားခဲ့သည်။ ဤစာရွက်စာတမ်းများကို လန်ဒန်မြို့ရှိ ဗြိတိသျှစာကြည့်တိုက်တွင် စုဆောင်းထားသော အိန္ဒိယရုံးတော် မှတ်တမ်းပစ္စည်းများနှင့်အတူ တွေ့နိုင်သည်။ တိုအချိန်က ဗြိတိသျှအစိုးရသည် ကချင် ဂျိန်းဖောနှင့် လူသတ် ခေါင်းဖြတ်သော နာဂလူမျိုးစုတို့အကြား ကျင့်သုံးခဲ့သည့် ကျွန်စံနစ်နှင့် နာဂလူမျိုးများ လူသတ်၍ နတ်ပူဇော် သော ဓလေ့ကို ဖျက်သိမ်းပစ်ရန် စိတ်စောနေချိန်ဖြစ်သည်။ ဤကိစ္စနှင့်ပတ်သက်၍ ပထမ စာမူကြမ်းတွင် အောက်ပါအတိုင်း ဖော်ပြထားသည်။

*Despatch from His Majesty's Secretary of State for India, Public No.11, dated 21st february,1924 (Mss Eur F/116/82)*

အရှေ့မြောက်နယ်ခြားဒေသ၏အစီရင်ခံစာ အခန်း ၁၈ တွင်ပါရှိသော ၁၉၂၃ – ဇွန် – ၃၀ ရက်စွဲပါ အဆိုအရ အစိုးရက ထိရောက်စွာ မအုပ်ချုပ်နိုင်သေးသော နာဂတောင်တန်းဒေသ တစ်ဝိုက် လူကိုသတ်၍ နတ်ပူဇော်သည့် တုန်လှုပ်ဖွယ် ဓလေ့ဆိုးကိုကျင့်သုံးနေကြ သဖြင့် အထူးအာရုံစိုက် စိုး ရိမ်နေရသည်။ ထိုကိစ္စနှင့်ပတ်သက်သော ဇူလိုင် ၁၉ ရက်စွဲပါ နိုင်ငံခြားနှင့် နိုင်ငံရေးဌာနအတွင်းရေးမှူးထံမှ ကျွန်ုပ်၏ ရုံးသို့ တင်ပြသောစာအုပ်အမှတ် ၉၁၁၉၊ ၅၀၅ X တွင် ဤဓလေ့ကျင့်သုံးရာအရပ်၌ ဗြိတိသျှ အစိုးရအနေဖြင့် ယခုလောလောဆယ် တိုက်ရိုက်အုပ်ချုပ်ရန် မပြင်ဆင်ရသေးကြောင်း၊ တခုတည်းသော နောက်ဆုံးအဖြေမှာ ခရစ်ယာန်သာသနာ စိမ့်ဝင်ခြင်းဖြစ်ကြောင်း ဖော် ပြထားသည်။ ကျွန်ုပ်တို့ စွမ်းအားဖြင့် ယင်းကိစ္စမျိုးကို ကာကွယ်နိုင်သည်ဖြစ်ရာ ဤသို့ သောအခြေအနေမျိုး ဗြိတိသျှသြဇာသက်ရောက်သည့် နေရာတွင် တည်ရှိနေခြင်းမှာ ယုံကြည်နိုင်ဖွယ်မရှိဟု ကျွန်ုပ်ထင်ပါသည်။ ဤအထင်ကို သင်လည်း သဘောတူမည်ဖြစ်ပါ၏၊ ဤအခြေအနေကို အဆုံးသတ်နိုင်မည့် အုပ်ချုပ်ရေးမျိုးကို မကြာမီကာလအတွင်း တိုးချဲ့ နိုင်ရေး အတွက် ကျွန်ုပ်အနေနှင့် အကြံဥာဏ်ပေးနိုင်ခြင်း မရှိပါ။ ဤကိစ္စအတွက် ကုန်ကျ စရိတ်ကို အိန္ဒိယနိုင်ငံ အကောက်ခွန်ငွေ မှ ရယူရန်လည်း အကြံပေးစရာ မရှိပါ။ သို့ ရာတွင် လူကြီးမင်းအနေနှင့် ဤကိစ္စကို ရှုထောင့်စုံမှ စေ့စေ့စပ်စပ်စဉ်းစားရန် ကျွန်ုပ်တိုက်တွန်းလိုပါသည်။ ဤကိစ္စကို အဆုံးသတ်ရန် အလွန် လိုအပ်နေပြီး လူကြီးမင်း၏သဘောထားကိုလည်း ဆောလျှင်စွာ သိလိုပါသည်။

နောက်ဆုံးပိုင်းတွင် ဘုရင်ခံအနေဖြင့် ဗြိတိသျှအုပ်စိုးမှုနယ်အဆုံးတွင်ရှိသည့် ဟူးကောင်း တောင်ကြားအစွန်တွင် လူထုစုဝေးပွဲ (durbar) ကို ကြီးကြီးကျယ်ကျယ်လုပ်သင့်သည်ဟု ဆုံးဖြတ်ခဲ့သည်။ ဗြိတိသျှ အစိုးရ၏အာဏာကို ဖော်ကျူးသည့် ဤပွဲကြီးကို ပြပြီး ဒေသခံရိုးရာဓလေ့ကို ပြောင်းလဲပစ်အောင် ဆွဲဆောင်ဖျားယောင်းနိုင်မည့် လူမျိုးစုစော်ဘွား (ဒူဝါများ) နှင့် ရွာသူကြီးများကို ခေါ်ယူစုဝေးခြင်းသည် အခွင့်အလမ်းကောင်းကြီးတစ်ရပ်ဖြစ်ပါလိမ့်မည်။ ဘုရင်ခံသည် သူဟောပြောမည့် မိန့် ခွန်းအတွက် ခွင့်ပြုချက်ကို အိန္ဒိယအစိုးရ၏ နိုင်ငံခြားနှင့် နိုင်ငံရေးဌာနမှ တောင်းခံရပါသည်။

*Letter No.366_B.22, dated the 9th December 1924 from the Chief Secretary to the the Government of Burma to the Deputy Secretary to the Government of India, Foreign and Political Department (Mss Eur F/116/82)*

ဟူးကောင်းတောင်ကြားသို့ ဘုရင်ခံသွားရောက်လည်ပတ်ရန် ကိစ္စနှင့်ပတ်သက်၍ဩဂုတ် လ ၁၃ ရက်စွဲပါ ကြေးနန်းစာ (သံကြိုးစာ) အမှတ် **No.505X** ကို ညွှန်းလိုက်ပါသည်။ နာဂစော်ဘွားများနှင့် ကချင်ဒူဝါများအား လူကြီးမင်းဟောပြောမည့် မိန့်ခွန်းမူကြမ်းကို ပူးတွဲပေးပို့ပါ၏။ ဒေသခံနှင့်ဆိုင်သောအခြား အကြောင်းအရာများကို နောက်မှထပ်မံထည့်သွင်းဖော်ပြနိုင်သော်လည်း ဆာဟာကုတ်ဘတ်တလာအနေဖြင့် ဤ စာမူကြမ်း၏ ဒုတိယစာပိုဒ်ကို အကြံပြုထားပါသည်။ အိန္ဒိယအစိုးရအနေဖြင့် ပြင်ဆင်ပြောင်းလဲခြင်း မပြုလုပ် လိုပါက ထိုစာမူကြမ်းအတိုင်း အတည်ဖြစ်ပါမည်။ အမိန့်စာမူကြမ်းကို ကြေးနန်း (သံကြိုး) ဖြင့်ပို့လျှင် သင့်တော် မသင့်တော် သိပါရစေ။

*<u>၁၉၂၅ ခု ဇန်နဝါရီလ ၂၇ ရက်နေ့ ဟူးကောင်းတောင်ကြား ဒေသလူထုကို ဟောပြောရန် မိန့်ခွန်းမူကြမ်း</u>*

(အကြံပြုပြင်ဆင်ပြီး)

သင်တို့၏ကောင်းကျိုးကို ဗြိတိသျှအစိုးရက စိတ်ဝင်စားဆဲဖြစ်ကြောင်း အာမခံချက်ပေးရန် သင်တို့၏ တိုင်းပြည်တွင် သင့်တို့ကို လာတွေ့ပါမည်။ သင်တို့သည် ဗြိတိသျှအုပ်ချုပ်မှု အောက်တွင် တိုက်ရိုက်မရှိသော်လည်း၊ ဗြိတိသျှအစိုးရသည် သင်တို့အပေါ်တွင် တာဝန်ရှိပါသည်။ သင်တို့ကြားတွင် ပြဿနာ ဖန်တီးလိုသောဆိုးသွမ်းသူအချို့က ဗြိတိသျှအစိုးရသည် အားနည်း၍ မြန်မာပြည်မှ ထွက်ခွာ တော့မည်ဟု ပြောဆို နေကြကြောင်း ကျွန်ုပ်ကြားသိရသည်။ ဤကောလဟလသတင်းများကို မယုံကြည်ပါနှင့်။ သူတို့သည် ကောက်ကျစ်စဉ်းလဲ၍ ရူးမိုက်သောသူများ ဖြစ်ကြသည်။ ဗြိတိသျှအစိုးရသည် ငြိမ်ချမ်းစွာ နေထိုင်ကြသော တိုင်းသူပြည်သားများကို ကာကွယ်စောင့်ရှောက်ရန်နှင့် တိုင်းပြည်ကို အုပ်ချုပ်ရန် အာဏာကုန် အသုံးပြု လိမ့်မည်။ သင်တို့သိသည့်အတိုင်း လူသတ်၍ ယဇ်ပူဇော်သော ဓလေ့မျိုးကို ဗြိတိသျှအင်ပါရာတွင် ခွင့် မပြုပါ။ ဤဓလေ့သည် နာဂလူမျိုးအကြားတွင် တည်ရှိဆဲဖြစ်ပါသည်။ ဤ လူအချို့တို့သည် သင်တို့ အုပ်ချုပ်မှု အောက်တွင်ရှိနေကြပြီး၊ သင်တို့လည်း ထောက်ခံ အားမပေးသော ရက်စက်ကြမ်းကြုတ်သည့် ဤဓလေ့ကို ရပ်စဲပစ်ရန် ကျွန်ုပ်လာရောက်ခြင်းဖြစ်ပါသည်။ ၎င်းကို မည်သည့်အခြေအနေမျိုးတွင်မှ ခွင့်မပြုနိုင်ပါ။ ဤအချက်ကို ရှင်းလင်းစွာ နားလည်သဘော ပေါက်ထားရန် လိုအပ်ပါသည်။ မဟာဗြိတိသျှအစိုးရ၏ အမိန့်များကို လိုက်နာ ဆောင်ရွက်ခြင်းရှိ/မရှိ၊ မကြာခဏ လာရောက် စစ်ဆေးရန် အစိုးရအမှုထမ်းအရာရှိများအား ညွှန်ကြားပါလိမ့်မည်။

သင်တို့နှင့်တွေ့ဆုံပြီး သင်တို့၏လိုအင်ဆန္ဒများကို နားထောင်ရန် အခွင့်အလမ်းရရှိသောကြောင့် ဝမ်းသာပါ သည်။ သင်တို့အနေဖြင့် ဗြိတိသျှအစိုးရကို သစ္စာစောင့်သိပြီး အမိန့်များကိုနာခံမည်လျှင် သင်တို့အား အစွမ်းကုန်ကူညီရန် ကျွန်ုပ် ဆန္ဒရှိပါသည်။

**အိန္ဒိယစိုးရသည် ထိုမိန့်ခွန်းကို ပြင်ဆင်ပြောင်းလဲလိုခဲ့သည်။**

*Telegram from Foreign, Delhi, dated 19th December 1924 (Mss Eur F/116/82) D.O.505X. Your Semi-official letter 366B.22. Draft approved. Perhaps His Excellency would consider inclusion some reference slavery.*

*သင်ပေးပို့သောစာအမှတ် 366B.22. မူကြမ်းကို အတည်ပြုပြီး၊ ဘုရင်ခံက ကျွန်စံနစ်နှင့် ပတ်သက်၍ ထပ်မံ ဖြည့်စွက်လိုကောင်းလိုမည်။*

မြန်မာနိုင်ငံဘုရင်ခံ၏ အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာလူးဝစ်ဆုန်က ၂၇၊ ၁၂၊၂၄ နေ့တွင် အောက်ပါအတိုင်း ပြန်ကြားခဲ့သည်။ (Mss Eur F/116/82):

အိန္ဒိယအစိုးရက ကျွန်စံနစ်ကို ထောက်ပြရန် လိုအပ်သည်ဟု အကြံပြုခြင်းမှာ ဘုရင်ခံ၏မူလရည်ရွယ်ချက်နှင့်အညီဖြစ်သင့်သည်။ ထိုပြည်ကို ကျွန်ုပ်တို့သိမ်းပိုက်အုပ်ချုပ်ရခဲ့သော် ပူတာအိုတွင် ကျွန်ုပ်တို့ချီတက်သော နည်းသုံး၍ ကျွန်စံနစ်ကို နှိမ်နင်းဖျက်သိမ်းသည့်နည်းတူ ဆောင်ရွက်ရပါလိမ့်မည်။ ယခုထက်ထိမူကား ထိုနယ်ကို ကျွန်ုပ်တို့အုပ်ချုပ်ရန် ရည်ရွယ်ချက် မရှိသေးပါ။ အကယ်၍ ကျွန်စံနစ်နှင့် တိုက်ရိုက်ရင်ဆိုင်ခဲ့ လျှင် စော်ဘွား၊ ဒူဝါများထောက်ခံအားပေးမှုကို ကျွန်ုပ်တို့လက်လွတ်ဆုံးရှုံး၍ ကျွန်ုပ်တို့ကို ဆန့်ကျင်လာရန် အကြောင်းရှိသည်။ အောက်ပါအတိုင်း ပြောဆိုခြင်းထက် ပိုပြောလျှင် နိုင်ငံရေး မပီသရာ ရောက်မည်ဟု ကျွန်ုပ် အကြံပြုလိုပါသည်။ ဗြိတိသျှအစိုးရအနေဖြင့် သည်းမခံနိုင်သော သင်တို့၏ အခြားဓလေ့ထုံးစံတစ်ခုမှာ မြစ်ကြီးနားခရိုင်မှ လူများကို ပြန်ပေးဆွဲပြီး ဟူးကောင်းချိုင့်ဝှမ်းဒေသသို့ ကျွန်အဖြစ် ရောင်းစားခြင်းဖြစ်သည်။ ကျွန်စံနစ်ပပျောက်လုနီးဖြစ်ပြီး၊ အမှုထမ်းများကို ငွေဖြစ်စေ၊ ဝတ္ထုပစ္စည်းဖြစ်စေ အခကြေးငွေအဖြစ် ထုတ်ပေးသော စံနစ်က အစားထိုးနေကြောင်း ကျွန်ုပ်ကြားသိရပါသည်။ ကျွန်စံနစ်သည် အစိုးရအားလုံးနှင့် ယဉ်ကျေးသော လူအားလုံး မုန်းတီးရွံရှာသော အခြေအနေဖြစ်သည်။ သင်တို့၏ အစေခံများသည် ကျွန်ဘဝနှင့် နီးစပ်သည်ဖြစ် စေ၊ အိမ်ဖော်အလုပ်သမား ဘဝမျိုးဖြစ်စေ၊ သူတို့ကို ကြင်နာစွာ ဆက်ဆန်သင့်သည်။ လူတစ်ဦးသည် ကျွန်ဘဝ၌ ဖြစ်စေ၊ အစေခံဘဝ၌ဖြစ်စေ မိသားစုသဘောမျိုး ထိန်းသိမ်း၍ ဆက်ဆန်ရမည်။ ကျွန်တစ်ယောက်ယောက် ဗမာ ပြည်သို့ ထွက်ပြေးသွားလျှင်၊ ထိုသူသည်ချက်ချင်း လွတ်လပ်သော လူဖြစ်သွား၍ ထိုလူကို နယ်စပ်ကျော်၍ ပြန်ခေါ်ဆောင်သွားရန် ဗြိတိသျှအစိုးရက ခွင့်ပြုလိမ့်မည်မဟုတ်။

ထို့နောက် ဘုရင်ခံ ဆာဟာကုတ်ဘတ်တလာသည် ဟူးကောင်းချိုင့်ဝှမ်းဒေသကို ကျွမ်းဝင်၍ ထိုဒေသတွင် နေထိုင်ကြသော ဂျိန်းဖော့လူမျိုးများ၏ ဓလေ့ကို သိကျွမ်းရင်းနှီးသူ ဗိုလ်မှူးကြီး ရစ်ချ် (Colonel Rich) ၏ အကူအညီ ဖြင့် မိန့်ခွန်းကို အတည်ပြုချက်ရယူရန် အိန္ဒိယအစိုးရထံသို့ ၁၉၂၅–ခု ဇန္နဝါရီလ ၂–ရက်နေ့ ကြေးနန်းဖြင့် ပေးပို့ခဲ့သည်။ ထိုမိန့်ခွန်းကို အောက်ပါအတိုင်း အမှန်တကယ် ဟောပြောခဲ့သည်။

*<u>၁၉၂၅ ခုနှစ် ဇန်နဝါရီ ၂၇ တွင် ဟူးကောင်းချိုင့်ဝှမ်းဒေသ မိုင်ကွမ်တွင် ဘုရင်ခံ ဆာဟာကုတ်ဘတ်တလာ ပြောသော မိန့် ခွန်း</u>*

*Speech delivered by His Excellency Sir Harcourt Butler GCIE, KCSI, Governor of Burma at Maingkwan, Hukawng Valley on January 27th 1925 (Mss Eur F/116/82)*

လိုက်လှဲစွာကြိုဆိုကြသောကြောင့် ကျေးဇူးတင်ပါသည်။ ကျွန်ုပ်ဖိတ်ခေါ်လိုက်သော မနောပွဲတွင် ပျော်ရွှင်ကြလိမ့်မည်ဟု ယုံကြည်ပါသည်။ ဗြိတိသျှအစိုးရသည် သင်တို့၏ ကောင်းကျိုးစီးပွားအတွက် လေးနက်စွာ စိတ်ဝင်စား၍ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးတည်တံ့ခိုင်မြဲရေးနှင့် လူတန်းစားတစ်မျိုးက အခြားလူတန်းစားတစ် မျိုးအပေါ် ဖိနှိပ်အနိုင်ကျင့်ခြင်း မရှိစေရန် အထူးလိုလားပါသည်။

ကျွန်ုပ်သည် အဓိကပြဿနာနှစ်ခုကို သင်တို့နှင့်ဆွေးနွေးရန် ရောက်လာခြင်းဖြစ်ပါသည်။ ၄င်းတို့မှာ – ကျွန်စနစ်ပပျောက်အောင် ရှင်းလင်းရန်နှင့် လူသတ်၍နတ်ပူဇော်သောဓလေ့ကို ကြိုတင်ကာကွယ် တားဆီးရန် ဖြစ်ပါသည်။ ဟူးကောင်းချိုင့်ဝှမ်းဒေသတွင် ကျွန်စံနစ်ဖျက်သိမ်းရေးနှင့်စပ်လျဉ်း၍ ထိုစံနစ်ကို ဆက်လက် ခွင့်မပြုနိုင်တော့ကြောင်း သင်တို့အား ကျွန်ုပ်ပြောပြခဲ့ပြီးသည့်အတိုင်း၊ မကြာမီ သင်တို့ထံ လာရောက် လည်ပတ်မည့် ဗြိတိသျှအရာရှိ သတ်မှတ်သည့် နှုန်းထားအတိုင်း သင်တို့ကျွန်များ၏တန်ဖိုးဈေးနှုန်းကို ပြောပြပါမည်။ ထိုကျွန်တန်ဖိုးငွေများကို ကျွန်ပိုင်ရှင်များအား ပေးချေပြီး၊ လွတ်မြောက်ခံရသော ကျွန်များထံမှ နှစ်ရှည်အရစ်ကျစံနစ်ဖြင့် ပြန်ကောက်ခံပါမည်။

ဤဝယ်ယူသော အစီအစဉ်အတွက် အချိန်အတော်ကြာယူရမည်ဖြစ်သော်လည်း၊ အစောနိုင်ဆုံး ဆော လျင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ပါလိမ့်မည်။ နောက်ထပ်သုံးနှစ် သို့မဟုတ် ၁၉၂၈–ခု ဇန္နဝါရီလ ၁–ရက် နောက်ပိုင်းတွင်၊ ဟူးကောင်းချိုင့်ဝှမ်းဒေသ၌ ကျွန်စံနစ်ကို ဆက်လက်၍ သည်းခံတော့မည် မဟုတ် ပါ။ ယနေ့မှစ၍ နောက်ထပ် ကျွန်အရောင်းအဝယ်မရှိစေရ။ မင်္ဂလာဆောင်သတိုးသမီး ကွမ်းဖိုး၏ တစ်စိတ် တစ်ဒေသအဖြစ် ကျွန်လက်ဖွဲ့ခြင်းမပြုလုပ်ရ။ ရန်ပွဲများ ပြေငြိမ်းစေရန်နှင့် အခြားအမှုများ ပြေလည်စေရန် ကျွန် များကို မပေးဆပ်ရ။ ကျွန်များ၏ အိမ်ထောင်စုကို တကွဲတပြားမဖြစ်စေရ။ အစိုးရ အနေဖြင့် ကျွန်များကို ထိုချိုင့် ဝှမ်းဒေသမှထွက်ခွာသွားကြရန် မလိုလား၊ ထိုသို့အားပေးအားမြှောက် လည်း ပြုမည်မဟုတ်။ အကယ်၍ သူတို့ သည် ထိုချိုင့်ဝှမ်းဒေသမှ ထွက်ပြေးလွတ်မြောက်သွားကြလျှင် သူတို့ကို ပြန်ပို့မည်မဟုတ်။ ထိုစည်းကမ်းချက်သည် တည်ဆဲဥပဒေဖြစ်သည်။ ကျွန်တန်ဖိုးငွေပေးချေပြီးသောအခါ သူတို့နှင့်သူတို့၏ သားမြေးများသည် ရာသက်ပန် လွတ်လပ်သူ ဖြစ်လာကြ၍ ထိုချိုင့်ဝှမ်းဒေသရှိ အခြားလွတ်လပ်သော လူများနှင့် တန်းတူအဆင့်အတန်းရရှိကြသည်။

သူတို့သည် သူတို့ပိုင်မြေယာကို ထွန်ယက်စိုက်ပျိုး၍ အခြားလွတ်လပ်သော လူများနည်းတူ သူတို့ရရှိ သော လုပ်အားခကို ရရှိခံစားခွင့်နှင့် သိမ်းထားပိုင်ခွင့် ရရှိကြမည်။ သင်တို့၏ စော်ဘွားဒူဝါကြီးများ ဤအချက်ကို သဘောတူလက်ခံခဲ့ကြပြီးဖြစ်၍၊ ထိုမူအတိုင်း သစ္စာရှိစွာလိုက်နာဆောင်ရွက်ခြင်း ရှိ/မရှိ ကျွန်ုပ်စောင့်ကြည့်ပါ မည်။ ထိုစည်းမျဉ်းများသည် သက်ဆိုင်သူအားလုံး၏အကျိုးအတွက်ဖြစ်ပါသည်။

လူသတ်၍နတ်ပူဇော်သောဓလေ့နှင့် စပ်လျဉ်း၍ နာဂလူမျိုးများနေသောအပိုင်းတွင်သာ၊ ဤဓလေ့ကို ကျင့်သုံးလျက်ရှိပြီး ၊ အချို့နာဂများသည် သင်တို့ ကချင်များ၏အုပ်ချုပ်မှုအောက်တွင် နေထိုင်ကြသည်။ ဤစက်ဆုပ်ရွံရှာဖွယ်ဓလေ့ကို ပပျောက်အောင် ရှင်းလင်းရာတွင် ဗြိတိသျှအစိုးရအား သတင်းပေးပို့ခြင်းနှင့် သင်တို့၏ အခြားလုပ်ပိုင်ခွင့်အာဏာဖြင့် ကူညီပြီး အထောက်အပံ့ပေးကြရန် သင်တို့ဒေသခံအုပ်ချုပ်သူဒူဝါများကို အားကိုးပါသည်။ သင်တို့သည် ဟူးကောင်းချိုင့်ဝှမ်းဒေသမှ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ယဇ်ပူဇော်ရန် အတွက် ရောင်းစားခြင်း၊ လွှတ်ပေးခြင်းနှင့် ဖမ်းဆီးသွားခြင်းမရှိအောင် ကာကွယ်တားဆီးရန် သဘောတူ ခဲ့ကြပြီးဖြစ်ပါသည်။ သို့ရာတွင် ဤမျှနှင့် မလုံလောက်သေး။ ဗြိတိသျှအစိုးရအနေဖြင့် မည်သို့သောပုံစံမျိုးနှင့် လူသတ်နတ်တင်ပူဇော် ခြင်းကိုမျှ သည်းမခံနိုင်သည့်အတိုင်း၊ ၎င်း၏အလိုတော်အတိုင်း အကောင်အထည် ဖော်ရန် တတ်နိုင်သည့် နည်းပေါင်းစုံကို သုံးပါလိမ့်မည်။ ဤအချက်နှင့်ပတ်သက်၍ အမှားအယွင်း အတိမ်းအစောင်း မရှိစေကြပါနှင့်။


ဗြိတိသျှအရာရှိတစ်ဦးသည် ဟူးကောင်းချိုင့်ဝှမ်းဒေသနှင့် နာဂနယ်သို့ မကြာမကြာ လာရောက် လည်ပတ် ပြီး ဗြိတိသျှအစိုးရ၏ဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်ခြင်း ရှိ/မရှိကို ကြည့်ရှု စစ်ဆေး ပါလိမ့်မည်။ သင်တို့ သည် ထိုအရာရှိကို အကြံဉာဏ်နှင့် အကူအညီရနိုင်သော မိတ်ဆွေအဖြစ် တွေ့ကြ ရလိမ့်မည်။ ရှမ်းများကို ကချင်က အနိုင်ကျင့်ကြောင်း ကျွန်ုပ်အား ရှမ်းများက ပြောပြကြပါသည်။ ဤသို့ အနိုင်ကျင့်စော်ကားခြင်း ရှိနေသည်မှန်လျှင် ရပ်တန့်က ရပ်ပစ်ရမည်။

ဗြိတိသျှအစိုးရသည်၎င်းအစိုးရကို အလုပ်အကျွေးပြုသောသူများအားချီးမြှောက်ဂုဏ်ပြု၍ ၎င်းအစိုးရ ကိုဆန့်ကျင့်သူများကို အပြစ်ပေးသောစံနစ်ကို ကျင့်သုံးလျက်ရှိသည်။ သင်တို့သည် ၎င်းအစိုးရအတွက် ကောင်း မွန်စွာ အလုပ်လုပ်ကြလိမ့်မည်ဟု ကျွန်ုပ် မျှော်လင့်ယုံကြည်မိပါသည်။ သင်တို့စော်ဘွား၊ ဒူဝါများအနက် အချို့ သည် ဗြိတိသျှအစိုးရထံမှ ဂုဏ်ပြုခံထိုက်သူများဖြစ်၍ လာမည့်ဆောင်းရာသီအချိန်တွင် ရန်ကုန်မြို့သို့ အစိုးရ ဧည့်သည်များအဖြစ် လာရောက်လည်ပတ်ကြရပါလိမ့်မည်။ ကျွန်ုပ်သည် ထိုနေရာတွင် ဝမ်းမြောက် ဝမ်းသာ ကြို ဆိုပါမည်။ သင်တို့ကို ကျွန်ုပ်ထုတ်ဖော်ပြောဆိုခဲ့သော ဆုံးဖြတ်ချက်နှစ်ရပ်သည် ပြင်ဆင် ပြောင်းလဲ၍မရသော ဆုံးဖြတ်ချက်များဖြစ်၍ သင်တို့အတွက် မနှစ်မြို့စရာကောင်းမည်ဖြစ်သော်လည်း၊ ဗြိတိသျှအစိုးရသည် သင်တို့ အပေါ်ကြင်နာစိတ်ရှိကြောင်းနှင့် သင်တို့ကြီးပွားတိုးတက်ရေးအတွက် ဆန္ဒရှိကြောင်း အာမခံပြောကြားပါသည်။ သင်တို့နှင့်တွေ့ဆုံဆွေးနွေးရာမှ သဘောတူလက်ခံနိုင်မည့် အချက်အလက်များကို စုဆောင်း၍ ကျွန်ုပ်နှင့်တပါတည်း ယူဆောင်သွားပါမည်။

ဤစာရွက်စာတမ်းများမှ ကျွန်ုပ်တို့ သင်ယူနိုင်သော အချက်များစွာ ရှိပါသည်၊၊ သို့ သော် ယခုအချိန်တွင် မိန့်ခွန်းများ ပြောင်းလဲသွားပုံကို စဉ်းစားရန် နှင့် မှတ်တမ်းတင်ထားသော ပေးစာများမှတဆင့် ဤပြောင်းလဲမှုများကို မည်ကဲ့သို့ လိုက်ကြည့်ရမည်ဟူသောအချက်ကို စဉ်းစား အရေးကြီးပါသည်။ နောက်ဆုံး စာမူချော မိန့်ခွန်းတွင် အရေးကြီးသောအချက်အလက်အချို့ ပြင်ဆင်ပြောင်းလဲထားကြောင်း တွေ့ရ သည်။ ဥပမာ – ဗြိတိသျှအစိုးရမင်း အာဏာကျဆင်းကြောင်း ကောလာဟလကို ဖော်ပြမထားပါ။ အဘယ့်ကြောင့်

ထိုဝါကျကို မိန့်ခွန်းမှ နှုတ်ပယ်ထားသည်ဟု သင်ထင်မြင်ယူဆပါသနည်း။ စောစောပိုင်းက စာပေးစာ ယူ ပေးစာများတွင် ဂျိန်းဖောများအကြားမှ ကျွန်စံနစ်ထက် နာဂများအကြား ကျင့်သုံးနေသော ခေါင်းဖြတ်လူသတ်ခြင်းနှင့် လူသတ်၍ နတ်ပူဇော်ခြင်းများကို များစွာအလေးပေးကြောင်း တွေ့ရှိရသည်၊ မစ္စတာလူဝစ်ဆုန် အနေဖြင့်၊ ကျွန်များကို လွှတ်ပေးရေးသည် ဒေသဆိုင်ရာကိစ္စနှင့် ပိုမိုစပ်လျဉ်းသည်ဟု ယူဆဟန်တူသည်။ ဤ အာရုံစိုက်မှုတွင် နိုင်ငံရေးအကြောင်းရင်းများ ရှိသည်ဖြစ်ရာ ထိုအချက်များအာလုံးသည် ဒေသဆိုင်ရာ လိုအပ် ချက်ကြောင့် ပေါ်ပေါက်လာခြင်းမဟုတ်။ ထိုအချိန်က၊ အင်္ဂလန်နိုင်ငံတွင် ပုံနှိပ်ထုတ်ဝေသော သတင်းစာ ဆောင်းပါး အစီရင်ခံစာများကို ဖတ်ရှုကြည့်လျှင်၊ ကျွန်လွှတ်ပေးရေးထက် ခေါင်းဖြတ်၍ လူသတ်နတ်ပူဇော်ခြင်းကို ပိုမိုစိတ်ဝင်စားကြောင်း ဆောင်းပါးအများစုရေးသားထားသည်ကို တွေ့ရပါမည်။ ဗြိတိသျှလူထုပရိသတ်များအနေဖြင့် ဗြိတိသျှအင်ပါယာ အစွန်အဖျားနယ်များတွင် နေထိုင်ကြသော လူများအပေါ် သူတို့ခံယူထားကြသည့်အတိုင်း လူသတ်ခေါင်းဖြတ်ခြင်း ဓလေ့အဖြစ်အပျက် ဇာတ်လမ်းများကို ဖတ်ရသည်မှာ ပိုခံတွင်းတွေ့ကြရာ ထိုဇာတ်လမ်းမျိုးကို အားကျလျက်ရှိကြသည်။ အချို့သတင်းဆောင်းပါးခေါင်းစဉ်များမှာ the Birmingham Evening Despatch, 20th Oct,1925. တွင် ပါသော(အရိုင်းအစိုင်း ဗမာပြည်တွင်) နှင့်  the Daily Telegraph on 20th October 1925 တွင် ပါသော ( အရိုင်းအစိုင်းဆုံးတောနက် ဗမာပြည်တွင် လူသတ်ခေါင်းဖြတ်သူများအကြား လူသတ်ယဇ်ပူဇော်ခြင်း) စသော ဆောင်းပါးများဖြစ်သည်။ သို့ဖြစ်၍ လူထုစည်းဝေးပွဲနှင့် မိန့်ခွန်းများသည် အင်္ဂလန်မှ လူထုပရိသတ်များကို ဝါဒဖြန့်ကြေညာရန် နှင့် ဒေသခံလူမျိုးစုပရိသတ်များကို အယုံအကြည်သွင်း ကျေနပ်မှု ဖန်တီးရန် ရည်ရွယ်သည်။

ဤမိန့်ခွန်းကို မတူညီကြသော ပရိသတ်အမျိုးမျိုးအတွက် ရည်ရွယ်၍ ပြင်ဆင်ရေးသားသော ကာလ အဆင့်ဆင့်ကို ကြည့်ရှုနိုင်သောကြောင့် အစိုးရ၏အရေးကြီးသောမူဝါဒကို ဖန်တီးနိုင်ကြောင်း တွေ့ရသည်။ သို့ရာတွင် ယနေ့ကာလတွင် ထိုအမြင်မျိုးကို ကျွန်ုပ်တို့ရနိုင်လိမ့်မည်မဟုတ်။ ဆွေးနွေးရန် ကိစ္စများကို တယ်လီ ဖုန်းနှင့် အီးမေးလ် (Email) များဖြင့် ဆက်သွယ်ဆွေးနွေးပြီး၊ ကွန်ပျူတာမှ မိန့်ခွန်းကို မူလစာကြမ်းလက်ရာများနှင့် မှတ် တမ်းများကို မကျန်ရစ်စေဘဲ၊ ပြန်လည်ရေးသားပြုစုကြပါလိမ့်မည်။



# အပိုင်း(၂) – သမိုင်းကို နားထောင်ခြင်း

**သမိုင်းနှင့် နှုတ်ပြောသမိုင်း**

- ♦ သမိုင်းအချက်အလက်အထောက်အထားများကိုအသုံးပြုခြင်း
- ♦ မြန်မာနိုင်ငံမှဥပမာများ
- ♦ မူလအချက်အလက်များ
  - – မြန်မာနိုင်ငံမှ ဥပမာတစ်ခု
- ♦ တဆင့်ခံအချက်အလက်များ
  - – မေးခွန်းများနှင့် လက်တွေ့လုပ်ဆောင်ရန်များ၊ သမိုင်းအထောက်အထားအချက်အလက်များ

**နှုတ်ပြောအချက်အလက်များကို အသုံးပြုရာတွင် စဉ်းစားဆင်ခြင်ရန် အချက်များ**

- ♦ ဘာသာစကားနှင့် တိုင်းရင်းသားလူမျိုးစုအမှတ်အသား
- ♦ မေးခွန်းများနှင့်လက်တွေ့လုပ်ဆောင်ရန်များ – သင်နှင့်သင်၏ဘာသာစကား
- ♦ နားထောင်ခြင်းနှင့်စကားပြောခြင်း
- ♦ ကိုယ်ကိုယ်ကိုယ်တင်ပြခြင်းနှင့်မှတ်ဉာဏ်
- ♦ ကျင့်ဝတ်ဆိုင်ရာကိစ္စများ

**သမိုင်းနှင့် နှုတ်ပြောရိုးရာအစဉ်အလာ**

- ♦ ဆင့်ကဲဖြစ်စဉ်အဖြစ်တွေ့ရသောနှုတ်ပြောရိုးရာအစဉ်အလာ
- ♦ သရုပ်ပြဆောင်ရွက်ခြင်းအဖြစ်တွေ့ရသော နှုတ်ပြောရိုးရာအစဉ်အလာ
- ♦ နှုတ်ဖြင့်သရုပ်ပြမှုမှ စာသား ထုတ်ယူခြင်း
- ♦ သတင်း

**ရိုးရာတေးတပုဒ်ကို နိုင်ငံတော်သီချင်းတပုဒ်အဖြစ်သို့ ပြောင်းလဲပစ်နိုင်သည်**

**မြန်မာနိုင်ငံမှ နှုတ်ပြောရိုးရာအစဉ်အလာစီမံချက်တစ်ခုကို လေ့လာခြင်း**

# သမိုင်းနှင့် နှုတ်ပြောသမိုင်း

ကိုယ့်လူမျိုးစု၏သမိုင်းများကို ရေးသားပြုစုထားရန် အရေးတကြီး လိုအပ်နေပြီဟု ခံယူသော သက်ကြီးရွယ်အိုများ ယနေ့ ကာလတွင် ရှိနေကြသည်။ လက်ရှိမျိုးဆက်များ ကွယ်လွန်ပြီးနောက်တွင် သူတို့အသိုင်းအဝိုင်း၏ သမိုင်းနှင့် ယဉ်ကျေးမှုဓလေ့များသည် လက်စတုံး ပျောက်ကွယ်သွားနိုင်သည်ဟု သူတို့ စိုးရိမ်နေသည်။ မြန်မာနိုင်ငံအတွင်းရှိ လူမျိုးစုအသိုင်းအဝိုင်းများ၏ သမိုင်းနှင့် ဆိုင်သော အထောက်အထားမှာ အလွန်ရှားပါးလှသည်ဖြစ်ရာ နှုတ်ပြောသမိုင်းနှင့်  နှုတ်ပြောရိုးရာအစဉ်အလာများသည် အထောက်အထား များကို ကူပံ့ပေးလိမ့်မည်ဟုလည်းကောင်း၊ ဟာကွက်များကို ဖြည့်ပေးလိမ့်မည် ဟုလည်းကောင်း၊ တခြားနည်းဖြင့် မှတ်တမ်းတင်ထားခြင်းမရှိသော ဒေသခံမှတ်တမ်းကို ပေးလိမ့်မည်ဟုလည်းကောင်း ဒေသခံ သမိုင်းပြုစုရေး အဖွဲ့များနှင့် ကော်မတီများသည် အလိုလိုသိနေကြပါသည်။ သို့ရာတွင် နိုင်ငံရေးဖိအားကြောင့် လူအများအပြားသည် ကိုယ့်အသိုင်းအဝိုင်း၏ ပြီးပြည့်စုံသောသမိုင်းကို ရေးသားလိုနေကြသည်။   မတိကျဟု သူတို့ ထင်သော အရာများကို ပြင်ရေးချင်ကြသည်။ လိုအပ်သည်မှန်သမျှကို ဖြည့်ထားသော ရေးနိုင်သည် မှန်သမျှကို ရေးသားထားသော သမိုင်းမျိုး ရေးချင်ကြသည်။ သို့ သော် သမိုင်းကို ထိုကဲ့သို့ ရေးသား ရန် မဖြစ်နိုင်ပါ။ ထိုသမိုင်းမျိုးသည်  ယုံကြည်မှုကို ရရှိမည်မဟုတ်သည့်အပြင် ရေရှည်တန်ဖိုး ကင်းမဲ့သော နိုင်ငံရေး ဝါဒဖြန့်မှုသာ ဖြစ်သည်ဟု ပြစ်တင်ရှုံ့ချခံရမည်ဖြစ်ပါသည်။ အဆိုးဆုံးမှာ ထိုသို့ သော သမိုင်းများကြောင့် အသိုင်းအဝိုင်းအတွင်းတွင် အချင်းချင်း အမုန်းပွားကြကာ ပြဿနာတိုးလာခြင်း ဖြစ်သည်။ ထိုသမိုင်းစာအုပ်များသည် ဖြေရှင်းချက် တစ်စိတ်တစ်ပိုင်း ဖြစ်မလာဘဲ ပြဿနာတစ်စိတ်တစ်ပိုင်းသာ ဖြစ်လာနိုင်သည်။

ဤအခန်း၏ ရည်ရွယ်ချက်မှာ ထိုသို့သော သမိုင်းစာအုပ်မျိုးကို မည်သို့ တိုးတက်ကောင်းမွန်အောင် ပြုစုရမည်ကို ပြသရန်ဖြစ်သည်။ ကျွန်ုပ်တို့မှီငြမ်းသော အထောက်အထား အချက်အလက်များကို စိစစ်ခြင်းဖြင့် ကျွန်ုပ်တို့ရေးသားပြုစုသောအရာကို လူယုံကြည်လာအောင် မည်သို့ လုပ်ရမည်ကို ပြသရန် ဖြစ်သည်။ ထို့ ပြင် စာပေအထောက်အထားနှင့် နှုတ်ပြော[4] အထောက်အထား များအတွက် အသုံးပြုနိုင်ကြောင်း ပြသရန် ဖြစ်သည်။ အဖွဲ့အစည်းအများစုသည် စီမံကိန်းများတွင်  စာပေ အထောက်အထား များနှင့် နှုတ်ပြော အချက်အလက်တို့ ကို ပေါင်းစပ်ကြရာ၊ နှုတ်ဖြင့်ပြောသော အချက်များစွာတို့သည် စာဖြင့်ရေးထားသော အထောက်အထားများနည်းတူ ခိုင်လုံစစ်မှန်သော်လည်း၊ စာပေ အထောက်အထားများ စိစစ်နည်းကို ဦးစွာ စဉ်းစားပါမည်။ အောက်တွင် ဖော်ပြထားသောအချက်များသည်၊ သမိုင်းတစ်ခုကို ပြုစုရာတွင် နှုတ်ပြောသမိုင်း များအား အသုံးပြုခြင်းနှင့် စပ်လျဉ်းသည့် အကြံပြုချက်များဖြစ်ပါသည်။ နောက်အခန်းတွင် ထိုနှုတ်ပြော ရိုးရာ အစဉ်အလာများက ထိုစီမံကိန်းအပေါ် အကျိုးပြုချက်များအကြောင်း ဖော်ပြပါမည်။  ထိုသို့အသုံးပြုခြင်းသည် အဆင့်မြင့်သော အကဲဖြတ်စံချိန်စံညွှန်း ဖြစ်နိုင် မဖြစ်နိုင်ကို စဉ်းစားချက်များအား ဖော်ပြပါမည်။

## သမိုင်းဆိုင်ရာအထောက်အထားများကို အသုံးပြုခြင်း

သမိုင်းပညာရှင်များသည် အထောက်အထားများကို အဓိကအားဖြင့် (၂)မျိုးခွဲခြားကြ သည်။ မူလအထောက်အထားများ နှင့် တဆင့်ခံအထောက်အထားများ ဟူ၍ဖြစ်ပါသည်။
ဥပမာ။  ။ မတော်တဆဖြစ်ပွားမှုတရပ်တွင် မျက်မြင်သက်သေတဦး၏ ထွက်ဆို ချက်သည် မူလအထောက်အထားဖြစ်သည်။ အကြောင်းမှာ သက်သေထွက်ဆိုသူသည် ဖြစ်ပျက် ချိန်တွင်ရှိနေသောကြောင့်

---

[4] သမိုင်းအထောက်အထားများကို လေ့လာဖတ်ရှုကာ အနက်ဖွင့်သည့် နည်းများစွာတို့ကို အင်တာနက် Website များတွင် ရှာဖွေတွေ့ရှိနိုင်ပါသည်။

ဤမှတ်စုသည် Using Historical Sources, North Park University History Dept., written by David Koeller, dkoeller@northpark.edu မှ ထုတ်နုတ်ဖော်ပြထားခြင်းဖြစ်ပါသည်။ သမိုင်းစာရွက်စာတမ်းများကို လေ့လာရန် နည်းကောင်းများစွာ ပါရှိသည်။

ဖြစ်သည်။ ထိုအဖြစ်အပျက်ကို နောက်တနေ့ သတင်းစာတွင် ဖော်ပြပါရှိလျှင် ၄င်းဖော်ပြချက်သည် တစ်ဆင့်ခံအထောက်အထားဖြစ်သည်။ အကြောင်းမှာ သတင်းထောက်သည် အဖြစ်အပျက်ကို ကိုယ်တိုင်တွေ့မြင်ခြင်းမဟုတ်ဘဲ နောက်ထပ်ရရှိသော အချက်အလက်များနှင့် ၄င်းအဖြစ်အပျက်အကြောင်းကို အနက်အဓိပ္ပါယ်ရှင်းလင်းခြင်း၊ ရေးသားဖော်ပြခြင်း ပြုသောကြောင့် ဖြစ်သည်။ နှုတ်ပြောအချက်အလက်များကိုလည်း ထိုနည်းအတိုင်းပင် ခွဲခြားနိုင်သည်။ လူငယ်တစ်ယောက် ဆန်သွားခိုးသည့်အခါ တွေ့မြင်လိုက်သော သူ့သူငယ်ချင်း၏ပြောပြချက်သည် မူလအထောက်အထားဖြစ်၍၊ နောက်မှရွာတွင်း၌ ကောလာဟလ ပြောကြသော ဆန်ခိုးမှုသတင်းသည် တဆင့်ခံအထောက်အထား ဖြစ်ပါသည်။ မူလအထောက်အထားရော တဆင့်ခံ အထောက်အထားပါ မပြည့်စုံပါ။ အမှန်ချည်းလည်း မဟုတ်ပါ။ စာဖြင့်ရေးသားထားသော မူလ အထောက်အထားသည်ပင် ရေးသူ၏ ထင်မြင်ယူဆချက်နှင့် ပြင်ပမှ သိရသည့် အချက်အလက်များ၏ ဩဇာသက်ရောက်မှု ရှိနိုင်ပါသည်။

## မြန်မာနိုင်ငံမှ မူလအထောက်အထားနှင့် တဆင့်ခံအထောက်အထား နမူနာများ

အောက်တွင်ဖော်ပြထားသော လန်ဒန်မြို့ရှိ ဗြိတိသျှစာကြည့်တိုက်မှ အိန္ဒိယရုံးတော်ဆိုင်ရာ စာရွက်စာတမ်းများကို သုံးသပ်ဆင်ခြင်ပါ။ ၁၉၅၂–ခုနှစ်က ဘုရင်ခံ ဆာဟာကုတ်ဘတ်တလာသည် မြန်မာနိုင်ငံ ဟူးကောင်းတောင်ကြားအနီးရှိ မိုင်ကွမ်ကျေးရွာတွင် မနောပွဲတစ်ခုကို ကျင်းပခဲ့သည်။ ရှေ့ကဖော်ပြထားသော စာသည် ထိုမနောပွဲ ကျင်းပပြီးနောက်တနေ့ တွင် ဘုရင်ခံက သူ၏သား ဗစ်တာထံသို့ ရေးလိုက်သော ပေးစာမှ ကောက်နှုတ်ချက်ဖြစ်ပါသည်။

*IOR/Mss Eur/F116/83 (pp-95-97)*
*၁၉၂၅–ခုနှစ်၊ ဇန္နဝါရီလ၊ ၂၈ရက်နေ့ ဆာဟားကုတ် ဘတ်တလာ က သူ၏သား ဗစ်တာ ထံရေးသောစာမှ ကောက်နှုတ်ချက်*

(၃) ဟူးကောင်းချိုင့်ဝှမ်းမှ ငါထွက်ခွာလာပြီ။ ကြိုတင်ငွေပေးချေးသောစံနစ်ဖြင့် ကျွန်များကို လွှတ် ရန် စီစဉ်ထားပြီးပြီ။ အစိုးရက ကျွန်များလွှတ်လာသောအခါ ထိုကျွန်များထံမှ ပြန်ဆပ်ခိုင်းမည်ဖြစ်သည်။ အိန္ဒိယအစိုးရကို မတိုင်ပင်ဘဲ ဤကိစ္စကို ငါဆောင်ရွက်ခဲ့ရသည်။ သူတို့ကျေးဇူးတင်သင့်သည်။ ၄င်းနည်းလမ်းသည် အကုန်အကျ သက်သာသည်။
(၅) သွားရောက်လည်ပတ်သော ခရီးစဉ်အောင်မြင်မှုရှိသည်။ တွေ့ဆုံပွဲ အတော် ခန်းနားပါသည်။ သက်ငယ်မဏ္ဍာပ်၏တစ်ဘက်တစ်ချက်တွင် ဆင်နှစ်ကောင်စီချည်ထားသည်။ နောက်ခံရှုခင်းတွင် မြက်ရှည်တောနှင့်အဝေးမှတောင်ကုန်းများ တွေ့ရသည်။ မဏ္ဍာပ်ရှေ့တွင် တူမီးသေနတ်နှင့် လက်နက်အထူးအဆန်းကိုင်ဆောင် ထားသောလူများ တင်ပျဉ်ခွေထိုင်နေကြသည်။ သူတို့ကြားတွင်ရှိသော လမ်းအတိုင်း ငါက ယူနီဖောင်း ဝတ်စုံအပြည့်နှင့် ရှေ့ပြေးလိုက်ပါပို့ဆောင်သူများနှင့်အတူ လမ်းလျှောက်ဝင်ပါသည်။ တံပိုးမှုတ်လိုက်သောအခါ ဆင်များအော်ကြသည်။ ထိုအခမ်းအနားအတွက် ကျွန်ုပ်သင်ယူထားသောဘာသာဖြင့် အနည်းငယ်ပြောပါ သည်။ ထို့နောက် ကချင်ဘာသာဖြင့် မိန့်ခွန်းပြောပြီးနောက် နှစ်လုံးပြူးသေနတ်များ၊ တစ်လုံးထိုးသေနတ်များ၊ မောင်းများ၊ အဝတ်အစားများစသော လက်ဆောင်များ ချီးမြှင့်ပါသည်။ ငါးပြားဘိုးအလိပ် ၁၀၀ တန် ဆေးပေါ့လိပ်များနှင့် မီးခြစ်များကို အခမဲ့ဝေပေးသည်ကိုအလွန် သဘောကျကြပါသည်။
(၆) မွန်းလွဲပိုင်းတွင် ကပွဲကို သွားကြည့်ခဲ့ရသည်။ လူရိုင်းတို့ ၏ အကနှင့် တူပါသည်။ ငြီးငွေ့စရာကောင်းသည်။ တင်ပါးများလှုပ်ယမ်းကခြင်းဖြစ်သည်။ ကျွဲသွေးအနံ့နှင့် ဆေးပေါ့လိပ်နံ့များမှ ဝေးရာတွင် နေရခြင်းကြောင့် ဝမ်းသာမိပါသည်။ ထို့နောက် မီးပန်းများ ပစ်ဖောက်ကြသည်။ ယခင်က မမြင်ဖူးသောအရာဖြစ်သည်။ မှန်နန်းတော်တွင် အော်ကြသကဲ့သို့ အိုး အိုး––– ဟူ၍ မနောကွင်းတွင် အော်ကြပြန်သည်။ ရေးကတည်းကပင် ဤကဲ့သို့ အော်ခဲ့ကြပုံရသည်။

Rangoon Gazette ထုတ်ပြန်ချက် စာအုပ်တွင် ပါရှိသော "Kachin, Nagas and China - Governor's efforts to stop human Sacrifices - Adventurous tour in Hukong Velley" ခေါင်းစဉ်အောက်တွင် ဖတ်၍နှိုင်းယှဉ်ကြည့်ပါ။ ( IOR: MssEr/F116/84, P.1 undated)

အချက်ပြလိုက်၍ လူတန်းရှည်ကြီး လမ်းလျှောက်ထွက်လာစဉ် စစ်ပုလိပ်အစောင့်ရဲအရာရှိ က သေနတ်ပစ်ဖောက်၍ အလေးပြုသည်။ ထိုစဉ် လုံးဝကြိုတင်ဇာတ်တိုက်မထားဘဲ ဆင်များပြိုင်တူ အော်ကြသည်။ ပရိသတ်များ အလွန်သဘောကျသည်။ မိန့်ခွန်းကိုအလွန်စိတ်ဝင်စားစွာ စူးစိုက်နားထောင်ကြသည်။ သို့သော် မိန့် ခွန်းသည် သတိပေးသံများ ပါသည့်အတွက် စိတ်အားထက်သန်မှုကို မဖြစ်စေပါ။ မိုးချုပ်စပြုလာ၍ နောက်ဆက်တွဲ အစီအစဉ်အနေနှင့် မီးပန်းများပစ်ဖောက်ကြသည်။ မီးပန်းများကို ပရိသတ်များ မမြင်ဖူးကြသောကြောင့် အလွန်အောင်မြင်မှုရသည်။ မီးပန်းအများစုသည် ဒုံးကျည်မီးပန်းများ ဖြစ်သည်။ ဤသို့ဖြင့် သမိုင်းဝင်နေ့တစ်နေ့ အဆုံးသတ်ခဲ့သည်။

ပြောဆိုသောစကားနှင့် ပြောပုံပြောနည်းကြားတွင် ခြားနားချက် အရေးကြီးကြောင်း သိသာထင်ရှားသည်။ ဘုရင်ခံအနေဖြင့် သူ၏သားကို နှစ်ကိုယ်ကြား ပုဂ္ဂိုလ်ချင်းပြောခဲ့သောစကား များသည် လူထုပရိတ်သတ်ရှေ့တွင် မည်သည့်အခါမျှပြောမည် မဟုတ်သော စကားများဖြစ်သည်။ မနောပွဲ ၏အနံ့နှင့် ဆူဆူညံညံ အသံများကို မနှစ်သက်ကြောင်း၊ မနောပွဲသည် ငြီးငွေ့ဖွယ်ဖြစ်ကြောင်းကို သူ့ သားအား ထုတ်ဖော်ပြောကြားခဲ့သည်။ ကျွန်များကိုလွှတ်သော ပေါ်လစီမူကို ဈေးသက်သာသောကြောင့် သူနှစ်သက်ကြောင်းလည်း သားအား ပြောပြသည်။ ဤအချက်များကို လူထုပရိသတ်ရှေ့တွင် ပြောပါက  လူထုက လက်ခံမည်မဟုတ်။

ဤမှတ်တမ်းများထဲမှ တစ်ခုသည် ကိုယ်ရေးကိုယ်တာ မိသားစုဆိုင်ရာ မူလမှတ်တမ်းဖြစ်သည်။ ဒုတိယမှာ နောက်ဆက်တွဲမှတ်တမ်းဖြစ်၏။ မူလအဖြစ်အပျက်တစ်ခုတည်း၏ သတင်း အချက်အလက်များကို တစ်မျိုးလှည့်၍ ဖော်ပြထားသော မှတ်တမ်းဖြစ်ရာ အတိတ်ဖြစ်ရပ်တစ်ခု၏ ဆိုလိုရင်းကို နားလည်သဘောပေါက်ဖို့ အတွက် ထည့်စဉ်းစားရမည့်အချက် ဖြစ်သည်။

**မူလအထောက်အထားများ**

မူလအထောက်အထားများကို ဖတ်သည့်အခါ ၄င်းကို နားလည်ရန်နှင့် စစ်မှန်ကြောင်းသိဖို့ အတွက် ၄င်းမှတ်တမ်း နှင့်ပတ်သက်သော မေးခွန်းများစွာကို ထည့်စဉ်းစားရပါမည်။ဥပမာ –

၁။ မည်သူရေးခဲ့သနည်း။ ရေးသူအကြောင်း မည်မျှသိသနည်း။

၂။ မည်သည့်နေရာ၊ မည်သည့်အချိန်က ရေးခဲ့သနည်း။

၃။ အဘယ်ကြောင့်ရေးသနည်း။  မည်သည့်အကျိုးဆက်ကိုရည်ရွယ်၍ ဤစာကိုရေးသားခဲ့သနည်း။

၄။ မည်သူဖတ်ရန်ရည်ရွယ်သနည်း။ ဖတ်မည့်သူအကြောင်း မည်မျှသိထားသနည်း။ စာမူကို မည်မျှ ကျယ်ကျယ်ပြန့်ပြန့်ဖြန့်ဝေခဲ့သနည်း။

၅။ မည်သို့သော စာရွက် စာတမ်းမျိုး ဖြစ်သနည်း။ ရေးထားသောစာမူကို မည်သို့သော စာရွက်စာတမ်းမျိုး က အကျိုးသက်ရောက်မှုပြုသနည်း။

၆။ ထိုစာရွက်စာတမ်းကို ရေးခဲ့စဉ်ကအခြေအနေဒေသ၊ ပတ်ဝန်းကျင်တွင် တွေ့ရှိရသော ရေးနည်း ရေးဟန် မည်မျှပါဝင်သနည်း။

၇။ စာတမ်း၏အဓိကအချက်ကားအဘယ်နည်း။ ၄င်း၏ဆိုလိုရင်းတင်ပြချက်နှင့် ရှုထောင့်ကားအဘယ်နည်း။ အဆိုက မည့်ကဲ့သို့တင်ပြထားသနည်း။ စာရေးသူသည် မိမိ၏ ရှုထောင့်ကို ခိုင်မာစေရန်အတွက် မည်သည့် အထောက်အထားများကို အသုံးပြုထားသနည်း။

၈။ မည်သည့်တန်ဖိုးတရားများ (လူမှုရေး၊ နိုင်ငံရေး၊ ဘာသာရေး စသဖြင့်) ကို ၄င်းစာရွက်စာတမ်းက ထင်ဟပ်ပြသနေသနည်း။

၉။ စာမူတွင် မည်သည့်ပြဿနာမျိုးကို ကိုင်တွယ်ထားသနည်း။ ထိုစာမူရေးစဉ်က ဖြစ်ပျက်ခဲ့သော သမိုင်းအခြေအနေနှင့် ဆက်နွယ်ကာ ၄င်းပြဿနာအပေါ် မည်သို့ နားလည်သနည်း။
၁၀။ ပြဿနာများ၊ ထင်မြင်ယူဆချက်များ၊ အဆိုပြုချက်များ၊ အကြံဉာဏ်များနှင့် တန်ဖိုးတရားများ ပါရှိရှိခဲ့ပါက ထိုခေတ်အခါက ရေးသားခဲ့သော အခြားစာရွက်စာတမ်းများမှ တွေ့ရှိချက်များနှင့် မည်မျှတူညီသနည်း။

အထက်ပါမေးခွန်းများကို စဉ်းစားဆင်ခြင်ပြီးပါက စာမူ၏တန်ဖိုးကို စတင်နားလည်လာမည်။ စာမူရေးသားခဲ့စဉ်က ပတ်ဝန်းကျင်အခြေအနေကို သိလာမည်။ မိမိ နားလည်လိုသော အကြောင်းရပ်အတွက် ၄င်းစာမူက မည်သို့ အထောက်အကူပြုပုံကို စဉ်းစားနိုင်လာမည်။ ထိုနောက် စာမူကို ကိုယ့်ရည်ရွယ်ချက်အတွက် မမှန်မကန် ဆွဲယူအသုံးမပြုဘဲ အကောင်းဆုံးနည်းဖြင့် အသုံးပြုရပါမည်။

## မြန်မာနိုင်ငံမှ မူလအထောက်အထား နမူနာတစ်ခု

အောက်ဖော်ပြပါ လန်ဒန်မြို့ ဗြိတိသျှစာကြည့်တိုက်မှ အိန္ဒိယရုံးတော်စာရွက်စာတမ်းများ တွင် ပါရှိသော မူလအချက်အလက်နမူနာကို စဉ်းစားကြည့်ပါ။ ဤစာမူသည် ဂျိန်းဖော့ (ဆင်းဖော်) ဒူဝါ တဦးက ပထမဆုံးအကြိမ်အနေဖြင့် အိန္ဒိယအစိုးရထံ ရေးသောစာဖြစ်နိုင်သည်။ ၄င်းစာကို ၁၈၂၅–ခုနှစ် ဧပြီလတွင် အရာခံဗိုလ် ညူဗီးလ် (Lieutenant Neufville - ပထမ အင်္ဂလိပ်မြန်မာစစ်ပွဲကာလတွင် အာသံပြည် မြောက်ပိုင်း Sadiya ဒေသသို့ ဗြိတိသျှတပ်ကို ဦးဆောင်သွားခဲ့သူ) ထံသို့ Bisa ဒူဝါ၏ကိုယ်စားလည်မှတဆင့် ပေးပို့ခဲ့ခြင်းဖြစ်သည်။ နောက်ပိုင်းတွင် ထိုဒေသအတွင်း Bisa ဒူဝါသည် ဗြိတိသျှအစိုးရကို ဆန့်ကျင်၍ ယနေ့ အိန္ဒိယနိုင်ငံတွင် အမျိုးသားတော်လှန်ရေးသူရဲကောင်းအဖြစ် အသိအမှတ်ပြုခံရသည်။

Fort William Secret Department Consultations 20th May 1825, IOR:P/Ben/Sec/330:
*Translation of a letter from (?) Grandson to Beecha declared, a Singphoh Chieftain to Chundra Kantie Singh Rajah of Divine Origin:*

လူကြီးမင်း၏နာမည်ကျော်ကြားမှုကို ပျံ့နှံ့စေမည့် ထောက်လှမ်းရေးတစ်ဦး ကျွန်ုပ်ထံရောက်ရှိလာ၍ Bura Sahib အမည်ရှိ ဘင်္ဂလားမဟာရာဂျာက လူကြီးမင်းနှင့်အတူ လိုက်ပါလျက် ကြည်းတပ်၊ ရေတပ် အင်အားကြီးဖြင့် မြောက်ပိုင်း အာသံနယ်သို့ ချီတက်လာကြောင်း သတင်းပေးပို့ပါသည်။

သို့ဖြစ်၍ Nuo Ratna အမည်ရှိ Beesa Batya က ယခုလို ဆက်သွယ်အကြောင်းကြားလာပါသည်။ ယခုတိုင် Patawun သည် အာသံအစိုးရ၏ကိုယ်စား Namroop ပါဝင်သော နယ်မြေနှင့် ပတ်သက်သည့် စာချုပ်တွင် လက်မှတ်ရေးထိုးပြီး ကျွန်ုပ်နှင့် အပြန်အလှန် သစ္စာကျိန်ဆိုအတည်ပြုပါသည်။

၄င်း၏အကျိုးဆက်အနေနှင့် ကျွန်ုပ်သည် Hoken ရွာမှ ထွက်၍၊ ယခုကျွန်ုပ်နေထိုင်သော Namroop သို့ ပြောင်းရွှေ့နေထိုင်ခဲ့ပါသည်။ ကျွန်ုပ်အနေဖြင့် ဤနေရာတွင် ဆက်နေထိုင်ရန်ဖြစ်စေ၊ Rungpore သို့ ဆက်သွားရန်ဖြစ်စေ၊ လူကြီးမင်းညွှန်ကြားသည့်အတိုင်း လိုက်နာရန် လိုလားပါသည်။

Laklye မြစ်သို့ မြန်မာစစ်သား ၂၀၀၀ ရောက်ရှိလာကြောင်း Beesa ရွာသို့ အကြောင်းကြား စာပေးပို့လာပါသည်။

ဤဆက်သွယ်မေးမြန်းစာကို ၁၀ရက်အတွင်း ပြန်ကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ဤသမိုင်းဝင်ဆက်သွယ်သောစာသည် ဂျိန်းဖော့ဒူဝါတဦးထံမှ အိန္ဒိယအစိုးရ၏ ကိုယ်စားလည်ထံ ရေးသားပေးပို့ခဲ့ခြင်းဖြစ်သော်လည်း၊ မြန်မာနိုင်ငံခွဲထွက်ရေးနှင့် ပတ်သက်သော သမိုင်းကို ပြန်ပြုစုရာတွင် ဤပေးစာအနေဖြင့် မည်သည့်ဘက်သို့ အားသန်သည်ဟု ယူဆရန်မဟုတ်ပါ။ မြန်မာအမျိုးသားရေးဝါဒီများ

အနေဖြင့် ဤပေးစာကို အခြေခံ၍ ဒူဝါသည် အားနည်းကြောင်း၊ ထိုဒေသကို ဗြိတိသျှများ သြဇာလွှမ်းမိုးရေး နယ်မြေတိုးချဲ့ရန် အခွင့်အလမ်းဖွင့်ပေးခြင်းဖြင့်ဗြိတိသျှဘက်မှ ပါဝင်လှုပ်ရှားခဲ့ကြောင်း ဝေဖန်နိုင်ပါသည်။ ကချင်အမျိုးသားရေးဝါဒီများ အနေဖြင့်မူကား၊ အဆိုပါပေးစာကို အလားတူအကြောင်းရင်းဖြင့် ရှုမြင်လိုကြမည် မဟုတ်။ စည်းလုံးညီညွတ်ရေး ဟူသော ခေတ်သစ်အမြင်ကို ပယ်ချပြီး Bisa ဒူဝါနှင့် အခြားကချင်ဒူဝါများ ကြားတွင် အားပြိုင်မှုရှိ သောကြောင့် ဤပေးစာမျိုး ရေးပို့ခဲ့ကြောင်းဖြစ်မည်ဟုသာ သုံးသပ်ကြပါလိမ့်မည်။ ယူဆချက်နှစ်မျိုးစလုံးတွင် ယခုမျက်မှောက်ကာလအမြင်ဖြင့် အနက်ဖွင့်ခြင်းဖြစ်သည်။ မည်သို့ဖြစ်စေ ကျွန်ုပ်တို့၏ သတ်မှတ်ချက်စံသည် ထိုပုဂ္ဂိုလ်အပေါ် အကျိုးမဝင်နိုင်သောကြောင့် သူ့အား မျိုးချစ်စိတ် ရှိသည်ဟုဖြစ်စေ မရှိဟုဖြစ်စေ အတပ်ပြော၍မရပါ။ ထိုနည်းတူ ပထမအင်္ဂလိပ် မြန်မာစစ်ပွဲတွင် မဟာဗန္ဓုလနှင့် လိုက်ပါတိုက်ခိုက်ကြသော Daifar ဒူဝါကဲ့သို့ သော ကချင် ဒူဝါများသည် ယခုခေတ်အဓိပ္ပါယ်အားဖြင့် အမျိုးသားသူရဲကောင်းများ မဟုတ်ကြပါ။ စည်းလုံးညီညွတ်ရေးဟူသော အကြောင်းကြောင့် ပါဝင်ခဲ့ကြသည် မဟုတ်ပါ။ တခြား အကြောင်းများဖြင့် ပါဝင်တိုက်ခိုက်ခဲ့ကြခြင်းသာ ဖြစ်ပါသည်။

သို့ဖြစ်၍ မူလအထောက်အထားများကို ဖတ်ရှုရာတွင် ၎င်းတို့၏ ပတ်ဝန်းကျင်နေရာဒေသအခြေ အနေကို အခြေခံ၍ ဖတ်ရှုရမည်။ ၁၉၃၀–လွန်နှစ်များအတွင်း အာသံ–မြန်မာနယ်စပ်နှင့် ပတ်သက်၍ ဂျိန်းဖော့ ဒူဝါများအကြား အငြင်းပွားမှုဖြစ်ခဲ့ကြသည်။ ဤကိစ္စကို ဗြိတိသျှနှင့် အင်းဝရုံးတော်တို့ ပူးတွဲ၍ စုံစမ်းစစ်ဆေးခဲ့ ကြရသည်။ နှစ်ဖက်စလုံးက ဤအငြင်းပွားမှုကို နှစ်နိုင်ငံကြားစစ်ပွဲဖြစ်ပွားလာမည့် မီးစ အဖြစ် စိုးရိမ်စိတ်ဖြင့် သုံးသပ်ခဲ့ကြသည်။ မည်သည့်ဘက်က ဤအခြေအနေရောက်အောင် ဖန်တီးမည်လဲဆိုသည်ကို စိုးရိမ်မကင်း ဖြစ်ခဲ့ကြသည်။ ဤသို့စုံစမ်းစစ်ဆေးခဲ့ခြင်း၏ရလဒ်မှာ ဂျိန်းဖော့ဒူဝါများ အငြင်းပွားကြခြင်းသည် "အတွင်းရေး" နိုင်ငံရေးကစားမှုနှင့် ဂျိန်းဖော့ဒူဝါများ ကိုယ်တိုင်၏ စီးပွားရေးကိစ္စကြောင့် ဖြစ်ကြောင်း သိသာသည်။ မည်သည့်ပြင်ပအင်အားစုကမျှ ဝင်ရောက်ထိန်းချုပ်နိုင်မည် မဟုတ်ကြောင်း ထင်ရှားသည်။

(IOR:F/4/1582-Political Consultation of 20th June,1836. PP.417-419)

(*__Memorandum__ forwarded by Captain Hannay to Captain Jenkins, the Agent on the North East Frontier, dated 28th March,1836)*

(၁) အာသံပြည်မှ ဗန္ဓုလထွက်ခွာစဉ် သူသည် ဘီစာဂမ် (Beesa Gam) ဒပ်ဖာဂမ် (Duffa Gam) နှင့် မိုဒီးဂိုဟိန်း (Modee Gohain) စသော ဒူဝါများကို အချင်းချင်း ချစ်ခင်ရင်းနှီးနေကြရန်နှင့် ရန်ငြိုး မဖွဲ့ကြရန် မှာကြားခဲ့သည်။

(၂) ဗန္ဓုလ အာသံမှ ထွက်ခွာသွားသောအခါ ဘီစာဂမ်သည် မိုဒီး နှင့် ဘန်မိုရာဂိုဟိန်း (Bengmora Gohain) ကို တိုက်ခိုက်ရန် ဒပ်ဖာဂမ်ထံ စစ်ကူတောင်းခဲ့သည်။ ဒပ်ဖာဂမ်သည် အထက်ဖော်ပြပါ မေတ္တာ ရပ်ခံချက်အရ ရန်ပွဲမဖြစ်စေလိုသောကြောင့် ဘီစာဂမ်၏တောင်းဆိုချက်ကို မလိုက်လျောခဲ့။ ထိုအခါ ဘီစာဂမ်သည် ဒပ်ဖာဂမ်ကို သူ၏ ဘိုးဘေးပိုင်ရွာမှ မောင်းထုတ်ခဲ့ရာ ဒပ်ဖာဂမ်၏ ဇနီး သေဆုံးပြီး ဒပ်ဖာဂမ်ကိုယ်တိုင် အပိုင်းပိုင်း ခုတ်ဖြတ်ခံရလုနီးဖြစ်ကြောင်း ကျွန်ုပ် ကိုယ်တိုင် မျက်မြင် ကိုယ်တွေ့ဖြစ်သည်။

(၃) လွန်ခဲ့သော နှစ်နှစ်သုံးနှစ်အတွင်း ဘီစာဂမ်၏လှုံ့ဆော်မှုကြောင့် ဝါက်ကတွန် (Waket Tong) ခေါ် ဒပ်ဖာဂမ်၏ဆွေမျိုးတစ်ဦး အသတ်ခံရသည်၊ ယခုထက်ထိ သိရှိရသည်မှာ Rumrongmal အမည်ရှိ Lachaes တို့က သတ်ပစ်လိုက်သည်ဟု သက်သေတွေ့ရသည်၊ ထိုကဲ့သို့ သတ်နိုင်ရန်အတွက် ရိုလာ (Rola) ကုန်သည်တယောက်က ရွာသို့ ဆန်ထောက်ပံ့သည်။ ဘီစာဂမ်က အမိန့်ပေးသည့် အချိန်အထိ စောင့်ပြီး အမိန့်ရမှ ဆန်ကိုပေးပါသည်။

(၄) နကိုက အေးအေးဆေးဆေးနေခဲ့သော ဒပ်ဖာသည် ဘီစာဂမ်ထံမှ ထပ်တလဲလဲ ရန်စ ခြိမ်းခြောက်မှု ပြုလာသောကြောင့် ဒေါသထွက်လာပြီး သူသေကိုယ်သေ လက်စားချေမည်ဟု သန္နိဋ္ဌာန်ချခဲ့သည်။ အာသံတွင် နေထိုင်ရေးအတွက် ခမ္ဘတီးစော်ဘွားများဖြစ်သော လာတူး (Latoo) နှင့် လတ်တူရာ (Luttora) တို့ သဘောထားကို ရယူထားသည်။ အရာခံဗိုလ်ချာလ်တန် (Lieutenant Charton) ထံသို့

ဆက်သားစေလွှတ်၍ ဆိုခဲ့သည့်အတိုင်း တခြားသူအားလုံးထံမှ ထောက်ခံချက်ရယူထားသည့်အကြောင်း ဘီစာဂမ်ထံမှ ခြိမ်းခြောက်မှုမပြုလျှင် ပြေငြိမ်းမှု ပြုမည့်အကြောင်း သတင်းပို့သည်။

(၅) ဤအချက်ထောက်ရှုလျှင် Singpho ဒူ၀ါများအကြား ဖြစ်နေကျရန်ငြိုးများရှိကြောင်းသိရ၍ ထိုရန်ငြိုးမျိုးတွင် နှစ်ဖက်စလုံး အပြစ်မကင်းကြောင်း ကျွန်ုပ်ယူဆသည်။ အဆိုပါရန်ငြိုးဖွဲ့ကိစ္စသည်ဘီစာဒူ၀ါနှင့် ဒပ်ဖာဂမ်အကြား ရန်ငြိုးအဖြစ် ရောက်ရှိသွားရာ ဒပ်ဖာဂမ်သည် ပန်နာစော်ဘွား ဦးဆောင်သော အရှေ့ပိုင်းနယ်နှင့် လဖေးကာကူး (Laphae Kakoos) များအပေါ် ပိုမိုသြဇာညောင်းသူဖြစ်ကြောင်း သိရ၏။

ဤဒေသခံအဖြစ်အပျက်များကို ဗြိတိသျှအစိုးရထောက်လှမ်းရေးအဖွဲ့ကို ဦးဆောင်သူ ဗိုလ်ကြီး ဟန်နေ (Captain Hannay)က Singpho များအကြား အရေးမကြီးသော ဖြစ်နေကျရန်ပွဲမျိုးဟု ယူဆသတ်မှတ်ကာ ပေ့ါပေ့ါတန်တန်လုပ်လိုက်သော်လည်း ဒူ၀ါများ၏ မတူညီသော အကျိုးစီးပွားများသည် ရှုပ်ထွေးသော နိုင်ငံရေးဇာတ်လမ်းမျိုးဖြင့် အကောင်အထည် ပေါ်လာခဲ့သည်။ ဂျင်ဖော့ ဒူ၀ါများသည် ကျွန်ုပ်တို့ သိမှတ်နေကျအတိုင်း မဟုတ်ဘဲ မိမိတို့ပိုင်နယ်မြေ နယ်စပ်စည်းနှင့် နှစ်နိုင်ငံနယ်စပ် ဒေသနိုင်ငံရေးနှင့် စပ်လျဉ်း၍ အသေးစိတ်အချက်များကို နားလည် မှုရှိခြင်းဖြင့် သည်းခံမှုတွင် ကျွန်ုပ်တို့ထင်သည်ထက်ပိုသော အရည်အချင်းမရှိကြောင်း တွေ့ရသည်။ Beesa ဒူ၀ါသည် မိမိအမည်ကို ဂျင်ဖောအမည်မဟုတ်သော အမည်တပ်ခေါ်ထားသည်။ သူ၏စာကို ကိုယ်စားလှည် နှုတ်ဖြင့်မပို့ဘဲ အိန္ဒိယဘာသာဖြင့် ရေးသားပေးပို့ခဲ့သည်။ သူသည် သူကိုယ်တိုင် အုပ် ချုပ်သော အသိုင်းအ၀န်း၏ စံနှုန်းကို မလိုက်နာဘဲ ပြင်ပနိုင်ငံရေးအဖွဲ့အစည်း လုပ်ထုံးလုပ်နည်းကို ထောက်ခံသဘောတူသည့်အနေဖြင့်၊ အခြားယဉ်ကျေးမှုဓလေ့အတိုင်း လိုက်နာဆောင်ရွက်ခဲ့သည်။ ထိုအပြင် Beesa ဒူ၀ါသည် ဂျင်ဖောဓလေ့ထုံးစံနှင့် မဆီလျော်သော မြေပိုင်ဆိုင်မှု ခံယူချက်ဖြစ်သည့် မြေပိုင်အထောက်အထား စာရွက်စာတမ်းများ လက်၀ယ်ရယူပိုင်ဆိုင်ခြင်းသဘောကို ကောင်းစွာ သဘောပေါက် ရိပ်စားမိသည်။ Beesa ဒူ၀ါသည် ထိုဒေသရှိ ဂျင်ဖောဒူ၀ါများအားလုံးထက် လက်ဦး၍ ထင်ရှားမှုရယူရန် ပထမ ဗြိတိသျှ မြန်မာစစ်ပွဲကာလအတွင်း ဗြိတိသျှအစိုးရနှင့် ဆက်သွယ်မှုကို အောင်မြင်စွာ အသုံးချနိုင်ခဲ့သည်။ ဤအချက်သည် ဗြိတိသျှ အုပ်ချုပ်မှု ယန္တယားက သြဇာအာဏာ လွှမ်း မိုးရန် လိမ်မာစွာ တည်ဆောက်ခဲ့သော အရာဖြစ်သည်။ သို့ရာတွင် ၎င်းတည်ဆောက်မှုသည် ဒူ၀ါကြီး ၏အောင်မြင်စွာ မိမိကိုယ်ကို မိမိ ထင်ရှားအောင် မြှင့်တင်လိုက်ခြင်းနှင့်တူ၏။ ရှုပ်ထွေးသော ပတ် ၀န်းကျင်အခြေအနေကို သူဖော်ပြခဲ့သည့် အတိုင်း ကြိုးကိုင်နိုင်သောကြောင့် လျင်မြန်စွာ အကောင်အ ထည်ပေါ်လာခြင်းဖြစ်သည်။ ဤဖြစ်တည်မှု အခြေအနေတွင် ဒူ၀ါကြီး၏လှုပ်ရှားမှုကို အနောက်နိုင်ငံလက်ကိုင်တုတ် သို့မဟုတ် အမျိုးသားသူရဲကောင်း အဖြစ်၊ ယနေ့အခြေအနေအတိုင်း ချက်ချင်း လက်ငင်းဆောလျင်စွာ အနက်ဖွင့်လျှင် ရှုပ်ထွေးသော အခြေအနေမှန်နှင့် ဆက်နွယ်၍ တင်းမာလွန်းသော မနူးမနပ်သုံးသပ်ချက်ဖြစ်နိုင်သည်။ ကျွန်ုပ်တို့သည် မိမိတို့စံနှုန်းအတိုင်း သုံးသပ်ရန် လှုံ့ ဆော်သွေးဆောင်စိတ်ကို ခုခံငြင်းဆန်နိုင်လျှင် အဆိုပါ စာရွက် စာတမ်း များနှင့် ထိုစာများကို ရေးသာခဲ့သည့် အချိန်၊ နေရာဒေသ ပတ်၀န်းကျင်အခြေအနေအကြောင်း ပိုမိုသိရှိရလိမ့်မည်။

## ဆင့်ပွားသတင်းအချက်အလက်

မြန်မာနိုင်ငံအတွင်းနေထိုင်ကြသော လူမျိုးစုငယ်များသည် မိမိတို့၏အသိုင်းအ၀ိုင်းသမိုင်းကို ရေးသားပြုစုရန်စိတ်၀င်စားကြသောအခါတွေ့ကြုံရသော အကြီးဆုံးပြဿနာတစ်ခုမှာ – မူလသတင်းအချက်အလက်ရှားပါးခြင်းကြောင့် ဆင့်ပွားသတင်းအချက်အလက်များကိုသာအခြေခံ၍ ရေးသားပြုစုရသော ပြဿနာနှင့် ရင်ဆိုင်ရခြင်းဖြစ်သည်။ မြန်မာနိုင်ငံရှိလူမျိုးစုငယ်များအားလုံးတွင် ပုံနှိပ်ထားသောစာအုပ်စာတမ်းရှားပါးသောကြောင့် မိမိတို့အသိုင်းအ၀ိုင်းသော့ချက်သမိုင်းအချက်အလက်ဟု လက်ခံထားသော ဆင့်ပွား သတင်းအချက်အလက်အဟောင်းအနည်းငယ်သာရှိကြသည်။ ဥပမာ – မြန်မာနိုင်ငံရှိ ဂျင်းဖောလူမျိုးများသည် ဒေါ်ရသီ၀ုဒ်မင်း (Dorothy Woodman) ရေးသားပြုစု၍ ၁၉၆၂–ခုနှစ်တွင် ပုံနှိပ်သော ခေတ်မြန်မာတည်ဟန် (The Making of Burma) စာအုပ်နှင့် အိုလာဟန်စန် (Rev.Ola Hanson) ရေးသား၍ ၁၉၁၃–ခုနှစ်တွင် ပုံနှိပ်သော ကချင်ဓလေ့ထုံးစံများ (The Kachin: Their Coustoms and Tradition) စာအုပ်တို့ကို ညွှန်းတတ်ကြသည်။ ၀ုဒ်မင်းသည် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံဆက်ဆံရေးနှင့် ဆက်နွယ်မှုကို စိတ်၀င်စားသူ ဖြစ်၍

ဂျင်းဖောကချင်များစွာနေထိုင်သော တရုတ်–မြန်မာနယ်စပ်ဒေသ အခြေ အနေကို အထူးစိတ်ဝင်စားသူဖြစ်သည်။ အိုလာဟန်စန်သည် ကချင်လူမျိုးများအကြားတွင် သာသနာပြု ဆရာအဖြစ်နှစ်ပေါင်းများစွာနေထိုင်လုပ်ကိုင်ခဲ့သူဖြစ်သည်။ သို့ရာတွင်၊ မြန်မာနိုင်ငံရှိလူမျိုးစု အသိုင်းအဝိုင်း များ၏ သမိုင်းများကိုဖတ်ရှုလေ့လာရန် စာအုပ်များများစားစားမရှိသောကြောင့် ဤစာအုပ်များကို ဝေဖန်ရန်တွန့်ဆုတ်ကြသည်။ ဤစာအုပ်များ၏တန်ဖိုးကိုဖျက်ဆီးပစ်လျှင် ကျွန်ုပ်တို့အတွက်မည်သည့်အရာကျန်ရှိတော့ မည်နည်း။ သို့သော်မည်သည့်စာအုပ်မျှ အကြောင်းအရာတစ်စုံတစ်ခုကို ပြည့်စုံစွာဖော်ပြနိုင်မည်မဟုတ်။ အဖြစ် အပျက်ဇာတ်လမ်းများ၏တိကျသော မှတ်တမ်းတင်ဖွင့်ဆိုချက်ကိုရရှိရန် သမိုင်းပညာရှင်များ ရာစုနှစ်ပေါင်းများ စွာမျှော်လင့်စိတ်ကူးခဲ့ကြသော်လည်း မည်သည့်အခါမျှရနိုင်မည်မဟုတ်။ သဘာဝအရ တစ်ဆင့်ခံ အထောက်အထားဟူသည် အဖြစ်အပျက်တစ်ရပ်ကို အနက်ဖွင့်ဆိုခြင်းဖြစ်ရာ၊ အနက်ဖွင့်ဆိုမှု တစ်မျိုးထက်မက ရှိနိုင်သည်။ ထို့အတူဖော်ပြခဲ့ပြီးသည့်အတိုင်း၊ ကျွန်ုပ်တို့ကိုယ်တိုင် တစ်ဆင့်ခံသမိုင်းအထောက်အထားသို့ မဟုတ်သမိုင်းစာအုပ်တစ်အုပ်ကိုရေးသားပြုစုရန် ကြိုးပမ်းသောအခါ ယင်းစာအုပ်ကို အဖြစ်အပျက်၏ တိကျသောမှတ်တမ်းဖြစ်ပြီဟု မဆိုနိုင်ပါ။ အဖြစ်အပျက် သို့မဟုတ် ထိုအဖြစ်အပျက်၏ ကာလအကြောင်းပိုမိုကျယ်ပြန့်စွာနား လည်သဘောပေါက်ရန် တစ်စိတ်တစ်ပိုင်း တင်ပြခြင်းမျိုးလောက်သာဖြစ်နိုင်သည်။ သို့ရာတွင် တစ်ဆင့်ခံအထောက်အထားများသည် သမိုင်းကိုနားလည်၍ ရေးသားပြုစုရာတွင် နည်းလမ်း ၃–မျိုးဖြင့် အသုံးဝင်နိုင်သည်။

- ♦ အချက်အလက်စုဆောင်းထားမှုအဖြစ် အသုံးဝင်သည်။ ထိုစုဆောင်းထားသောအချက် အလက်များသည် တစုံတခုသောသတင်းအစအနကို လျင်မြန်စွာ ရှာဖွေတွေ့ရှိရန် အထောက်အကူပြုသည်။
- ♦ ဖြစ်ရပ်၏ နောက်ခံ အခြေအနေနှင့် ပတ်သက်သော အထောက်အထားအဖြစ်အသုံးဝင်သည်။ အကြောင်းအရာအမျိုးမျိုးနှင့် ပတ်သက်သောအသုံးဝင်သည့် သတင်းများစွာရရှိနိုင်သည်။
- ♦ အနက်အဓိပ္ပါယ်ဖွင့်ဆိုချက်တစ်ခုအဖြစ် အသုံးဝင်သည်။ အနက်ဖွင့်ဆိုရာတွင် အောက်ပါအတိုင်းမေးခွန်းထုတ်၍ သုံးသပ်ရန် လိုအပ်သည်။

အထက်က တင်ပြဆွေးနွေးခဲ့ပြီးဖြစ်သည့်အတိုင်း ပထမအင်္ဂလိပ်–မြန်မာစစ်ပွဲတွင် ဂျင်းဖော ဒူဝါများပါဝင်လှုပ်ရှားခြင်းကို အသေးစိတ်ဖော်ပြသော ဤတစ်ဆင့်ခံအထောက်အထားမှ ကောက်နုတ်ချက် တစ်ခုကိုဆင်ခြင်ကြည့်ပါ။ ဤကောက်နုတ်ချက်ကို မက်ကင်ဇီး (A.Mackenzie) ရေးသား၍ ကာလကတ္တားမြို့ တွင် ၁၈၈၄ ခုနှစ်က ပုံနှိပ်သော History of the relations of the government with the hill tribes of the North East Frontier of Bengal စာအုပ်စာမျက်နှာ (၆၃) မှကူးယူထားခြင်း ဖြစ်သည်။ ၄င်းကောက်နုတ်ချက်တွင် အဖြစ်အပျက်များကို အကျဉ်းချုံးရေးသားထားချက်နှင့် ၄င်းဖြစ် ရပ်များအပေါ် မက်ကင်ဇီး၏အနက်ဖွင့်ချက်များပါဝင်သည်။

> Singpho များသည် ဗြိတိသျှစစ်လက်နက်များကို စောစောပိုင်းကပင် လေးစားကြသည်။ အထက်ဖော်ပြပါအမိန့်စာကိုထုတ်ပြန်ပြီးနောက် မကြာမီ သူတို့သည် ကျွန်ုပ်တို့၏ဒေသဆိုင်ရာအရာရှိများထံချဉ်းကပ်လာပြီး သူတို့၏အာသံအကျဉ်းသားများကို ပြန်လွှတ်ရေးကိစ္စနှင့် Sadiya ရွာများကိုဝင်ရောက်ကျူးကျော်လုယူမှု မပြုရေးကိစ္စတို့ ကို လာရောက်ဆွေးနွေးကြသည်။ မြန်မာများမလာရောက်နိုင်ရန် Patkoi တောင်ကြားကိုသူတို့အနေဖြင့် ထိန်းချုပ်ထား သင့်မသင့် စုံစမ်းခဲ့ကြသည်။ ထိုစဉ်က သူတို့၏ အဖွဲ့အစည်း သဘောသဘာဝကို အပြည့်အဝ နားမလည်သောကြောင်း ထိုသို့သောညှိနှိုင်းဆွေးနွေးမှု၏ ရာနှုန်းပြည့်အောင်မြင်မှုမှာ မသေချာခဲ့ပါ။ သူတို့သည် စုပေါင်းရမ်းကားမှုမျိုးရှိတတ်သော်လည်း စည်းလုံးသော လူမျိုးစုမဟုတ်ပါ။ ကိုယ့်အကြီးအကဲအောက်တွင် သီးခြားလွတ်လပ်စွာနေထိုင်ကြသည်။ အချင်းချင်းမနာလိုကြသဖြင့် လိုအပ်လာလျှင်ဖြစ်စေ အကျိုးစီးပွားအတွက်ဖြစ်စေ အိမ်နီးချင်းကို တိုက်ခိုက်ရန် အဆင်သင့် ဖြစ်နေကြသည်။ ဤအကြောင်းကြောင့် ကိုယ့် အကျိုးစီးပွားအတွက် ဒူဝါတစ်ဦးချင်း နှင့် ယာယီ ဆက်ဆန်ရန် မခက်ခဲသော်လည်း လူမျိုးစုတစ်ရပ်လုံးအနေဖြင့် ဆက်ဆံရန်မဖြစ်နိုင်သလောက်ရှိသည်။

## တစ်ဆင့်ခံအထောက်အထားတစ်ခု၏အနက်ဖွင့်ချက်အပေါ် တန်ဖိုးဖြတ်ခြင်း

မက်ကင်ဇီးတင်ပြသောအနက်ဖွင့်ခြင်းသည် ဖြစ်ရပ်များကိုရှုမြင်နည်းတစ်ရပ်သာ ဖြစ်ကြောင်း ထင်ရှားသည်။ တစ်ဆင့်ခံအချက်အလက်၏ အားသာချက်နှင့် ကန့်သတ်ချက် နှစ်ခုစလုံးကို ပြည့်စုံစွာနားလည်သဘောပေါက်ရန် အောက်ပါအချက်များကို ဆင်ခြင်ရပါ မည်။

**A. စောဒကတက်ခြင်း (အချေအတင်မေးခွန်းထုတ်ခြင်း)**

- ရေးသူကမည်သည့်သမိုင်းဆိုင်ရာ ပြဿနာကို တင်ပြနေသနည်း။
- ဆိုလိုရင်းအဓိကအချက်မှာအဘယ်နည်း။
- စာရေးသူသည် မိမိ၏ဆိုလိုရင်းအဓိကအချက်ကို မည်ကဲ့သို့အကောင်အထည်ဖော်တင်ပြသနည်း။
  - မည်သည့်စာအုပ်ဖြစ်သနည်း။
  - စာရေးသူသည် မည်သို့သောသမိုင်းပြုစုနည်းကို အသုံးပြုထားသနည်း။
  - မည်သည့်အထောက်အထားကိုတင်ပြထားသနည်း။
  - မည်သည့် အထောက်အထားကို သုံးထားသနည်း။

**B. အချေအတင်မေးခွန်းထုတ်မှုကို တန်ဖိုးဖြတ်ခြင်း**

- စာရေးသူသည်လက်ခံနိုင်လောက်အောင် ငြင်းဆိုတင်ပြနိုင်သလား။
  - အထောက်အထားများက စာတမ်း၏ အဓိကဆိုလိုရင်းကိုအထောက်အပံ့ပြုသလား။
  - အထောက်အထားများသည် စာရေးသူဆိုလိုသည့်အတိုင်း အမှန်တကယ်သက်သေ အထောက်အထားဖြစ်သလား။
  - စာရေးသူကအချက်အလက်အမှားအယွင်းရေးထားမိသလား။
- စာရေးသူသည်လူအများလက်မခံနိုင်သော နည်းလမ်းများကို သုံးထားပါသလား။
- မည်သည့်ကို မမေးဘဲ ချန်ထားသနည်း။
- စာရေးဆရာသည် သီးခြား ရှုထောင့်တစ်စုံတရာကို အတည်ပြုရေးသား သက်သေပြသလား။
  - ဤအချက်က ငြင်းချက်ထုတ်သောအကြောင်းအရာကို နှောင့်ယှက်သလား။
  - မရေးသားဘဲ လျှို့ဝှက်ထိန်ချန်ထားသည့် အကြောင်းအရာရှိသလား။

**C. စာတမ်းသည်အချေအတင်အတွက် အထောက်အပံ့ ပြုခြင်း**

- ရေးထားသောစာအုပ်သည်အခြားစာအုပ်များနှင့် ခေါင်းစဉ်တူသလား။ သို့မဟုတ် ဆင်တူခေါင်းစဉ်မျိုး သုံးထားသလား။
- အခြားစာအုပ်များသည်ဤစာအုပ်တွင်ဖော်ပြသော ရှုထောင့်နှင့် မည်ကဲ့သို့ခြားနားသနည်း။
- ထိုရှုထောင့်များသည်အဘယ့်ကြောင့် ဤစာအုပ်ရှုထောင့်နှင့်မတူခြားနားသနည်း။
  - ထိုစာအုပ်များသည် ဤစာအုပ်တွင်သုံးသော အထောက်အထားရင်းမြစ်ကို သုံးကြ သလား။
  - ဤ အထောက်အထားရင်းမြစ်များကို ဤစာအုပ်တွင် သုံးသည့်နည်းအတိုင်း သုံးသလား။
  - ထိုစာအုပ်များတွင်လည်း အလားတူနည်းစနစ်မျိုးသုံးထားသလား။
  - ထိုစာအုပ်များတွင်လည်း အလားတူရှုထောင့် သို့မဟုတ် ဆင်တူရှုထောင့်မျိုးဖြင့် စတင်ရေးသားပြုစုထားသလား။
  - ဤစာအုပ်များတွင်လည်း တူညီသောစာဖတ်ပရိသတ် သို့မဟုတ် ဆင်တူပရိသတ်များ အတွက် ရည်ရွယ်၍ ရေးထားသလား။
- ဤစာအုပ်များကို မည်သည့်အချိန်က ရေးသားသနည်း။
- စာရေးသူတို့တွင် မတူညီခြားနားသော နောက်ခံအတွေ့အကြုံများ ရှိသလား။
- စာရေးသူတို့သည် နိုင်ငံရေး၊ အတွေးအခေါ်၊ ကျင့်ဝတ်ဆိုင်ရာ၊ ယဉ်ကျေးမှု သို့မဟုတ် ကိုးကွယ်သည့် ဘာသာရေးယုံကြည်ချက်နှင့် ယူဆချက်များ ကွဲပြားခြားနားကြသလား။

ကျွန်ုပ်တို့အနေဖြင့် စာရေးသူအကြောင်း အနည်းငယ်မျှသာသိရှိသော်လည်း၊ သူတို့ရေးသော စာအုပ်များ၊ ပုံနှိပ်သည့် ရက်စွဲ၊ စာရေးသူ၏အဆိုကို တည်ဆောက်ရန် ကိုးကားသော ကျမ်းညွှန်းစာရင်းနှင့် မေးခွန်းတွင် အချက်အလက်များကို မည်သို့ကိုင်တွယ်ထားကြောင်းတို့ကို ကြည့်လိုက်ရုံဖြင့် အချက်များစွာကို လွယ်ကူသိရှိနိုင်သည်။ ဥပမာ မက်ကင်ဇီးသည် အစိုးရအမှုထမ်းဖြစ်ကြောင်း ကျွန်ုပ်တို့သိထားသည်။ သူသည် ဒေသတစ်ခု ၏ အဖြစ်အပျက်များကို အကျဉ်းချုံး၍ အခြားအရာရှိများအတွက် လက်စွဲစာအုပ်အဖြစ် ရေးသား ပြုစုခဲ့ကြောင်းသိရသည်။ သူ၏ရည်ရွယ်ချက်သည် ဒေသခံလူမျိုးများ၏လိုလားချက်နှင့် စိတ်ဆန္ဒကို ကိုယ်ချင်းစာ၍ အသေးစိတ်နားလည်ရန် ဖော်ပြခြင်းမဟုတ်။ ဗြိတိသျှအစိုးရ ထုတ်ပြန်ကြေညာထားသောမှု၏ အားသာချက်နှင့် အားနည်းချက်တို့ကို ဖော်ပြခြင်းဖြင့် နောက်ထပ်ထုတ်ပြန်မည့်မှုများအပေါ် မည်သို့ အကျိုးသက်ရောက်မှု ရှိနိုင်ကြောင်း ဖော်ပြရန်သာဖြစ်သည်။

## *မေးခွန်းများနှင့်လုပ်ဆောင်ရန်များ၊ သမိုင်းအချက်အလက်များ*

၁။ မူလအထောက်အထားနှင့် တစ်ဆင့်ခံ(ဆင့်ပွား)အထောက်အထားတို့ ၏ ခြားနားချက်ကား အဘယ်နည်း။

- ♦ အဆိုပါအထောက်အထားနှစ်မျိုးစလုံး၏ အားသာချက်နှင့် အားနည်းချက်ကားအဘယ်နည်း။
- ♦ မူလအထောက်အထား နမူနာတစ်ခုဖော်ပြပါ။
- ♦ တစ်ဆင့်ခံ(ဆင့်ပွား) အထောက်အထားနမူနာတစ်ခု ဖော်ပြပါ။

၂။ သတင်းစာများနှင့် သင်ရိုးစာအုပ်များမှ အချက်အလက်များကို အသုံးပြုလျှင် မည်သည့်ပြဿနာ ရှိသနည်း။

၃။ စာရေးဆရာသည်မှီငြမ်းထိုက်သော အထောက်အထားရင်းမြစ်ဖြစ်ကြောင်း မည်သို့ဆုံးဖြတ်မည်နည်း။

- ♦ တစ်ဆင့်ခံအထောက်အထားကို ရေးသားသူသည် ဘက်မလိုက်ရန် အရေးကြီးပါသလား။
- ♦ စာရေးသူက ဘက်လိုက်ခြင်းဟု ဆိုရာတွင် မည်သည့်အရာကိုဆိုလိုသနည်း။ ဘက်လိုက်မှု ဖြစ်ခြင်း၏အကြောင်းရင်းများကား အဘယ်နည်း။

၄။ စာရေးသူသည် မူလအထောက်အထားများများ အသုံးပြုထားကြောင်း မည်ကဲ့သို့သိနိုင်မည်နည်း။

၅။ စာရေးသူသည် အခြားဘာသာစကားများမှ အထောက်အထားများကို အတော်များများအသုံးပြုကြောင်း မည်ကဲ့သို့ သိနိုင်မည်နည်း။

- ♦ အချက် (၄) နှင့် (၅) တို့တွင် အဘယ်အရာသည် အရေးကြီးသနည်း။

၆။ သင်၏ပတ်ဝန်းကျင်အသိုင်းအဝိုင်းသမိုင်းကိုရေးလျှင် မည်သည့်အထောက်အထားရင်းမြစ်ကို သင် အသုံးပြုနိုင်မည်နည်း။

၇။ မည်သို့သော တစ်ဆင့်ခံအထောက်အထားရင်းမြစ်ကို သင်အသုံးပြုနိုင်မည်နည်း။

၈။ သင်ရရှိထားသော အချက်အလက်များကို အထောက်အကူပြုရန် နှုတ်ပြောအထောက်အထားရင်းမြစ်များကို သင် မည်သို့အသုံးပြုမည်နည်း။

## နှုတ်ပြောအထောက်အထားကိုအသုံးပြုရာတွင် ဆင်ခြင်ရမည့်အချက်များ

နှုတ်ဖြင့်ဖော်ပြသော အချက်အလက်များကို စီစစ်ရာတွင် အသုံးပြုသည့်နည်းကိုပင် အသုံးပြုရပါမည်။ ပြောပြသူ၏ ယုံကြည်စိတ်ချရမှု၊ သူတို့၏သက်ဝင်ယုံကြည်မှုနှင့် ယူဆချက်များ၊ သူတို့၏အရှိကိုအရှိအတိုင်း ရှုမြင်တတ်မှုနှင့် ဘက်မလိုက်ခြင်းတို့ကို ထည့်စဉ်းစားရမည်။ ၎င်းအပြင် အခြားစာအုပ်များနှင့် ပုဂ္ဂိုလ်များမှ ရရှိသော အချက်အလက်များကို ဆင်ခြင်၍ သူပြောသမျှကို လက်ခံနိုင်ဘွယ် ရှိမရှိ စီစစ်ရပါမည်။ နှုတ်ပြော အထောက်အထားများကို တတ်နိုင်သရွေ့ တိုက်ဆိုင်စစ်ဆေးမှု (cross-check) လုပ်ရန်လိုသည်။ ထိုသို့ တိုက်ဆိုင်စစ်ဆေးမှုလုပ်ခြင်းမှာ ပြောပြသူ မုသားပြောသလား၊ အမှန်ပြောသလားဟု သက်သေပြရန် အတွက် မဟုတ်။ အကြောင်းမှာ – မည်သည့်အထောက်အထားမျှ အဖြစ်အပျက်တစ်ရပ်အကြောင်း ပြည့်စုံစွာ မဖော်ပြနိုင်ဘဲ၊ တစိတ်တဒေသသာဖော်ပြနိုင်သောကြောင့်ဖြစ်ပါသည်။ သူတို့ ပြောသမျှကို စီစစ်ပြီးနောက် ပြောပြသော အချက်များသည် လက်ခံယုံကြည်လောက်သည်ဟု တွေ့ရပါက၊ သူတို့၏ စကားများသည် အတိတ်အကြောင်း နားလည်ရန်နှင့် အတိတ်အကြောင်းရေးသားရန် လုံ့လထုတ်ရာတွင် အသုံးဝင်လာသည်။ မည်သို့ဖြစ်စေ နှုတ်ပြောသမိုင်းသည် ကျွန်ုပ်တို့အား ထူးခြားသောအခွင့်အလမ်း အကျိုးအမြတ် တခု ပေးပါသည်။ ရေးသားထားသော အချက်နှင့် မတူသော အချက်မှာ နှုတ်ဖြင့်ဖော်ပြသော အချက်အလက်တွင် အဖြစ်အပျက်တခုအကြောင်း ပိုမိုပြည့်စုံအောင် မေးမြန်းလိုလျှင် ထပ်မေး၍ရခြင်းဖြစ်သည်။

သို့ရာတွင် နှုတ်ပြောထွက်ချက်တစ်ခုကို စီစစ်ရာ၌ ရေးသားထားသောစာမူအချက်အလက်ကို စီစစ်ခြင်း နှင့် မတူခြားနားသောအရေးကြီးသည့် အချက်တချက်ရှိကြောင်း သတိပြုသင့်သည်။ ၎င်းအချက်မှာ နှုတ်ပြောသမိုင်းကို မှတ်တမ်းတင်၊ မေးမြန်း၊ နားထောင်စဉ် သင်ကိုယ်တိုင်မှတ်တမ်းပြုစုရာတွင် ပါဝင် ပတ်သက်နေသည်ဟူသောအချက်ဖြစ်သည်။ သို့ဖြစ်၍ ပြောဆိုနေသောအချက်နှင့်ပတ်သက်၍ သင်ကိုယ်တိုင်ပါဝင်နေသည့်ကဏ္ဍကို ထည့်စဉ်းစားခြင်း၊ မည်သို့ပြောပြကြောင်းစဉ်းစားရန်လိုပြီး ဤအချက်သည် အချက်အလက်ကို စိစစ်သုံးသပ်ခြင်း တစိတ်တဒေသဖြစ်သည်။

## မြန်မာနိုင်ငံရှိဘာသာစကားနှင့် လူမျိုးစုအမှတ်အသား

နှုတ်ပြောအချက်အလက်များနှင့် ဆက်နွှယ်သောကိစ္စအပေါ် နည်းစနစ်ပိုင်းနှင့် ကျင့်ဝတ်ပိုင်းကို မစဉ်းစားမီ၊ နှုတ်ပြောအထောက်အထား များကို တွေ့ဆုံမေးမြန်းမှတ်တမ်းတင်ရာတွင် မည်သို့ဆက်နွှယ်နေပုံနှင့် တွေ့ဆုံမေးမြန်းမှတ်တမ်းတင်ရာတွင် အသုံးပြုပြောဆိုသော ဘာသာစကား၏အရေးကြီးပုံကို ဆင်ခြင်ရန် လိုပါသည်။ မြန်မာနိုင်ငံရှိ လူနည်းစုလူမျိုးများအတွက် ဘာသာစကားအရေးသည် မိမိတို့လူမျိုး ရပ်တည်ချက်ကို ဖော်ပြရာတွင် အလွန်အရေးကြီးသော အချက်တခုဖြစ်ပြီး၊ မိမိတို့၏ဘာသာစကားနှင့် အခြားပိုမိုလွှမ်းမိုးနေသော လူမျိုးစု၏ဘာသာစကားနှင့် ဆက်နွှယ်မှုသည် ဂုဏ်ယူစရာ သို့မဟုတ် ခံပြင်းစရာ အကြောင်း ဖြစ်နိုင်သည်။ သို့ဖြစ်၍ သင်တည်ဆောက် အကောင်အထည်ဖော်မည့် စီမံကိန်းအတွက် ဤအချက်ကို ထည့်စဉ်းစားနိုင်လျှင် အကျိုးရှိပါမည်။ ဥပမာ တွေ့ဆုံမေးမြန်းသူနှင့် တွေ့ဆုံမေးမြန်းခံရသူတို့၏ မိခင်ဘာသာ စကားများသည် ခြားနားမှုရှိသလား။ လွှမ်းမိုးသောလူမျိုးစုလူမျိုးမှ ပုဂ္ဂိုလ်တဦးသည် အခြားလူမျိုးစုမှ ပုဂ္ဂိုလ်တဦးတယောက်ကို တွေ့ဆုံမေးမြန်းသောအခါ မြန်မာစကားအစား အခြားဒေသခံ ဘာသာစကားကို ရွေးချယ်အသုံးပြုရန် လိုမလို စဉ်းစားသင့်သည်။ အောက်ပါ မေးခွန်းများသည် သင်စဉ်းစား တွေးခေါ်မှုကို အာရုံစိုက်ပစ်မှတ်ထားနိုင်ရန် ရည်ရွယ်ပါသည်။ ၎င်းမေးခွန်းများသည် ကိစ္စတခုဖြေရှင်းရမည့် ဤခက်ခဲသော ပြဿနာ၏ အဖြေကို မပေး နိုင်ပါ။ ဤအချက်သည် အကြောင်းအရာတစ်ရပ်ကို မှတ်တမ်းတင်ခြင်း၊ တွေ့ဆုံမေးမြန်းခြင်းနှင့် ပြောဆို ဖော်ပြခြင်းအတွက် သာမက၊ အချက်အလက်များ ကို မှတ်တမ်းတင် ရေးသားရာတွင်ဖြစ်စေ၊ ပုံနှိပ်ထုတ်ဝေ ရာတွင်ဖြစ်စေ အသုံးပြုသော ဘာသာစကားနှင့် ပတ်သက်၍ အရေးကြီးသောအချက်ဖြစ်သည်။

*မေးခွန်းများနှင့်လုပ်ဆောင်ရန်များ – သင်နှင့်သင်၏ဘာသာစကား*

♦ သင်သည် ဘာသာစကားအမျိုးပေါင်းမည်မျှကို ပြောဆိုနိုင်သနည်း။ ဘာသာစကားမည်မျှကို ရေးနိုင်သနည်း။

♦ မည်သည့်ဘာသာစကားကို အလွယ်ကူဆုံးပြောဆိုနိုင်၍ မည်သည့်ဘာသာစကားကို အလွယ်ကူဆုံး ရေးသား နိုင်သနည်း။ အဖြေမတူလျှင် အဘယ့်ကြောင့်နည်း။

♦ ဘာသာစကားတခုကို ချောမောစွာရေးသားနိုင်ခြင်းက ပိုအရေးကြီးသလား။ သို့မဟုတ် ၎င်းဘာသာစကားကို ကောင်းစွာပြောဆိုနိုင်ခြင်းကပိုအရေးကြီးသလား။

♦ သင်၏ အိမ်တွင် မည်သည့်ဘာသာစကားကို ပြောဆိုအသုံးပြုသနည်း။

♦ သင်၏အသိုင်းအဝိုင်း လူထုသုံးသောစာပေကို မည်သည့်အချိန်က တီထွင်ရေးသားခဲ့ကြောင်း မည်ကဲ့သို့စတင် တီထွင်ခဲ့ကြောင်း သိပါသလား။

♦ ဤဘာသာစကားကို သင်၏ပတ်ဝန်းကျင်အသိုင်းအဝိုင်းမှ လူမည်မျှ ကောင်းစွာ ပြောနိုင်၊ ရေးသားနိုင်ကြပါသနည်း။ အသက်ကြီးသူများနှင့်လူငယ်များအားလုံး ၎င်းဘာသာစကားကို ညီတူညီမျှ ကျွမ်းကျင်စွာပြောဆို ရေးသားအသုံးပြုနိုင်ကြပါသလား။ ဒေသခံစကားကို ကောင်းစွာရေးတတ်ဖတ်တတ်ရန် လူငယ်များအတွက် မည် မျှအရေးကြီးသနည်း။

♦ ဤဒေသခံအများသုံးဘာသာစကားကို စာပေအဖြစ်ရေးသား အသုံးမပြုမီ ရပ်ရွာလူထု၏ နေ့စဉ်ဘဝသည် ယခုနှင့် အလွန်ကွာခြားခဲ့သလား။ သင်၏ဘာသာစကားကို ရေးသား အသုံးပြုတတ်လာခြင်းကြောင့် သင် ၏ ပတ်ဝန်းကျင်လူထုအသိုင်းအဝိုင်းနှင့် ယဉ်ကျေးမှုကို မည်ကဲ့သို့ပြောင်းလဲခဲ့ပါသနည်း။

## နားထောင်ခြင်းနှင့်စကားပြောခြင်း

တွေ့ဆုံမေးမြန်းခြင်းနှင့် မှတ်တမ်းတင်ခြင်း (အသံဖမ်း၊ မှတ်တမ်းရေး)သည် တဦးတယောက်တည်း၏ အလွယ်တကူလုပ်ဆောင်ချက်မဟုတ်ပါ။ မေးမြန်း၍မှတ်တမ်းတင်နေသူ (နားထောင်ရုံသက်သက်မဟုတ်) နှင့် စကားပြောနေသူတို့အပြန်အလှန်ပါဝင်ပတ်သက် ဆက်နွယ်နေသည်။ ဤဆက်ဆံမှုမှာ ပြောဆိုသောအချက် ပေါ်တွင်လွှမ်းမိုးသောကြောင့် အလွန်အရေးကြီးသောဆက်ဆံမှုဖြစ်သည်။ အောက်ဖော်ပြပါ အချက်များသည် ထူးခြားသောအချက်များ ဖြစ်ပါသည်။

♦ စကားပြောသူနှင့် နားထောင်သူ၏ အသက်အရွယ်
– အရှေ့တောင်အာရှတွင် အခြားဒေသအတော်များများမှာကဲ့သို့ အသက်အရွယ်ကြီးသူများ အပေါ် သဘောထားသည် အလွန်ကွာခြား၍ စကားပြောနေသူနှစ်ဦးနှစ်ဖက်စလုံးအပေါ် သက်ရောက်တတ်သည်။ မည်သည့် အရာကိုပြောသည်။ သို့မဟုတ် မည်သည့်မေးခွန်းမေးသည် စသဖြင့် သတိထားရသည်။

♦ စကားပြောသူနှင့် နားထောင်သူလိင်ခြားနားမှု
– အမျိုးသားများအနေနှင့် အမျိုးသမီးများကိစ္စတွင် ပါဝင်မေးမြန်းခြင်း (ဥပမာ အိမ်ထောင်ရေး)ကို အမျိုးသမီးများ စိတ်မသက်မသာခံစားတတ်သည်။

♦ စကားပြောသူနှင့်နားထောင်သူကြားလူမှုရေးဆက်နွယ်မှု
–သူတို့နှစ်ဦးအနက် တစ်ဦးက ပို၍အဆင့်မြင့်သည်ဟု ယူဆရသော ဆက်နွယ်မှုမျိုး၊ တော် စပ်မှုမျိုး ရှိသလား။

♦ စကားပြောနေသူ၏ဘာသာစကားနှင့် ယဉ်ကျေးမှုကို နားထောင်သူသိရှိနားလည်သဘော ပေါက်သောအဆင့်။
– နားထောင်သူသည် ပြောပြနေသောအရာကို လိုက်မှီသလား။ သင့်လျော်သော မေးခွန်းများ မေးသလား။ နား ထောင်သူက နားမလည်နိုင်သောကြောင့် ပြောပြသူ စိတ်ကျဉ်းကျပ်မှု ဖြစ်သလား။

♦ နားထောင်သူနှင့်ပြောပြသူတို့ ကိုးကွယ်သည့် ဘာသာရေးနောက်ခံသည် အဘယ်နည်း။
– ဤအချက်သည် ခက်ခဲမှု သို့မဟုတ် တလွဲနားလည်မှု ဖြစ်စေနိုင်သလား။ နှစ်ဦးစလုံးတူညီသော ယူဆချက် ရှိသလား။ ရှိလျှင်ဖော်ပြပါ။

♦ နားထောင်သူနှင့်ပြောပြသူတို့၏ လူမျိုးနောက်ခံအဘယ်နည်း။
– တဦးအပေါ်တဦး မြင်သောသဘောထားအား လွှမ်းမိုးနိုင်သည့် အတိတ်နှင့်ပစ္စုပ္ပန်တွင် သူတို့၏ အသိုင်းအဝိုင်း ဆိုင်ရာကိစ္စတခုခုရှိသလား။

ဖော်ပြသည့်အတိုင်း၊ လူမျိုးရေးဆိုင်ရာအချက်သည်၊ သူတို့နှစ်ဦးကြားသာမက၊ အုပ်စုအတွင်းတွင်ပါ အရေးကြီးသောကဏ္ဍတွင် ပါဝင်သည်။ အထူးသဖြင့် မြန်မာနိုင်ငံရှိလူမျိုးစုများကို နိုင်ငံရေးအရ အုပ်စုဖွဲ့ထားသော လူမျိုးစုအမည်များအောက်တွင် လူမျိုးစုငယ်များအဖြစ်တွေ့ရသည်။ လူမျိုးစုငယ်တခု၏ သမိုင်းကို အခြားလူမျိုးစုတစုမှ ရေးသားပြုစုသောအခါ သမိုင်းပြုစုပေးသူဘက်မှ ထိုလူမျိုးစုငယ်ကို ကျယ်ပြန့်သော သဘောအရ မိမိတို့လူမျိုးစုတွင် ပါဝင်သည်ဟု ယူဆသော်လည်း၊ သမိုင်းပြုစု သူသည် အများစုလွှမ်းမိုးသော အုပ်စုထဲမှ ဖြစ်နေလျှင် သမိုင်းပြုစုခံရသူတို့၏ ရှုထောင့်အရ မတူညီသော သီးခြားလူမျိုးစုငယ်များဖြစ်ကြောင်း သတိထားရန်လိုပေမည်။ စင်္ကာပူနိုင်ငံတွင်း ရှိလူမျိုးစုများစွာ စုပေါင်းနေထိုင်သော တိုက်ခန်းနေ လူတန်းစားများကို မေးမြန်းသုတေသနပြုသည့် မလေးရှားနိုင်ငံမှ တရုတ်မနုဿဗေဒပညာရှင် လိုင်အာအန်း (Lai Ah Eng) ၏အောက်ပါဝေဖန်ချက်သည် ပြောဆိုသောအကြောင်းအရာအပေါ် ဩဇာလွှမ်းမိုးတတ်သော လူမျိုးစု သတ်မှတ်ချက်ဆိုင်ရာ အကြောင်းအရာများကို မေးမြန်းရာတွင်တွေ့ရသည့် ပြဿနာနှင့် တာဝန်များကို ဖော်ပြထားပါသည်။[5]

> သုတေသနပြုသူနှင့် သတင်းပြောသူတို့၏ လူမျိုးအမှတ်အသားသည် လူမျိုးစုကြီးအုပ်စုနှင့် လူမျိုးစုငယ်အုပ်စုဟု မလွဲမသွေသတ်မှတ်ပေးနေပါသည်။ ကျွန်ုပ်ကို လူမျိုးစုကြီးဖြစ်သောတရုတ်အုပ်စုထဲတွင် ပါဝင်သူ ဖြစ်သည်ဟု တရုပ်မဟုတ်သောသတင်းပြောပြသူက မြင်နေသောအခါ ကျွန်ုပ်ဘက်မှ ပွင့်လင်းမှု ရှိရန်နှင့် အရှိအတိုင်း မြင်တတ်ရန် လိုသည်။ ခုခံချေပသည့်ပုံမပေါ်ဘဲ ကျွန်ုပ်၏လူမျိုးစုဘက်က ဝေဖန်ခြင်းကို ရင်ဆိုင်နိုင်ရန် လိုအပ်လာသည်။ သူတို့နှင့်အပြန်အလှန် ဆက်ဆံပြောဆိုသောအခါတွင် ရင်းနှီး ထိစပ်နိုင်ရန်နှင့် သူတို့၏ဓလေ့အတိုင်း ဆက်ဆံတတ်ရန်အတွက် သူတို့ဘာသာစကားနှင့် ယဉ်ကျေးမှု စည်းမျဉ်းများကို သိထားဖို့ လိုပါသည်။ ယဉ်ကျေးမှုတခုမှတခုသို့ ကူးပြောင်းရန် လိမ္မာယဉ်ကျေးစွာ ဆက်ဆံခြင်းသည်၊ အဆင့်အတန်းတူညီသော ပုဂ္ဂိုလ်နှစ်ဦးအကြား ဆက်ဆံမှုအတွက်သာ တန်ဖိုးထားရမည်မဟုတ်။ လူမျိုးစုတခုစီအတွင်း လေးစားမှုနှင့် လူမျိုးစုအချင်းချင်းအကြား လူမှုဆက်ဆံရေးအတွက်ပါ အဖိုးတန်သော အချက်ဖြစ်သည်။ ထိုအချက်များကို ကျွန်ုပ်မသိနားမလည်ဟူ၍ ပြော၍မရ။ သူတို့၏ ယဉ်ကျေးမှု နောက်ခံကို သိရှိပြီး ပါဝင်ဆွေးနွေးရန်နှင့် အကြံပြုရန် – အဆုံးစွန်အားဖြင့် သူတို့အရေးတွင် ပါဝင်ရပ်တည်ရန် မျှော်လင့်ကြသည်။ သူတို့နှင့် သဘောချင်း မတူညီသည့်တိုင်၊ အပေါ်စီးမယူဘဲ ကိုယ်ချင်းစာစိတ်ပြ၍၊ နှိမ့်ချလိုက်လျောလျှင် သူတို့၏ယုံကြည်မှုကို ရရှိသည်။
>
> တချိန်တည်းမှာ မိမိကိုယ်ကို လူနည်းစုလူမျိုးထဲမှဖြစ်ပြီး အခွင့်အရေးဆုံးရှုံးသူ သို့မဟုတ် ခွဲခြားခံရသော လူမျိုးစုငယ်ဟု သိထားသည့် သတင်းပြောသူနှင့် ယခုကဲ့သို့ အပြန်အလှန် တွေ့ဆုံမေးမြန်းခြင်းသည် သူတို့၏ယဉ်ကျေးမှုနှင့် သူတို့ပြဿနာကို လူမျိုးစုကြီးဘက်က လေးလေးနက်နက်စိတ်ဝင်စားကြောင်းပြ

[5] 'Some Experiences and Issues of Cross-Cultural Fieldwork', Lai Ah Eng, in Oral History in Southeast Asia, Singapore, 1998, p.112

သရာရောက်သည်။ လူများစုမတူသော သတင်းပြောပြသူတို့က ကျွန်ုပ်ကို တကြိမ်မက ငြင်းဆိုခဲ့ကြခြင်းသည် လူမျိုးရေးတံတိုင်းကိုကျော်လွှားနိုင်ဖို့ နှင့် နှစ်ဦးနှစ်ဘက်ဆက်ဆံရေးများကို ပိုမိုကောင်းမွန်အောင် လုပ်ဖို့ အလားအလာကို ပြသနေသည်။ ယေဘုယျအနေဖြင့်၊ လူမျိုးစုအရေးက အရေးကြီးသောအချက်ဖြစ်နေသည်။ ရှုတ်ထွေးသော လူမျိုးစုအသိုင်းအဝိုင်းပတ်ဝန်းကျင်တွင်၊ သုတေသီဘက်မှနေ၍ ယဥ်ကျေးမှုဓလေ့များကို နားလည်လိုစိတ်၊ တူညီသောအရေးတွင် စိတ်ဝင်စားမှု၊ ပြဿနာများကို နားလည်လိုမှုနှင့် လူမျိုးစုအချင်းချင်း ကြားဆက် ဆံရေးကိုတိုးတက်စေ လိုမှုများအား ပြနိုင်လျှင် အကောင်းဆုံး ချဥ်းကပ်နည်း ဖြစ်ပါလိမ့်မည်။

သို့ဖြစ်၍ တွေ့ဆုံမေးမြန်းမှုအောင်မြင်ရန်အတွက်၊ နားထောင်သူကို အရိပ်အခြေ နားလည်အောင် ကြိုတင်လေ့ကျင့်ပေးထားရန်လိုအပ်သည်။ (တွေ့ဆုံမေးမြန်းခြင်းပြုလုပ်မည့်သူများကို လေ့ကျင့် ပေးရန် အကြံပြုချက်လက်စွဲအား ဤစာအုပ်၏နောက်ပိုင်းတွင်ရှုပါ။)

## မိမိအကြောင်းတင်ပြခြင်းနှင့်မှတ်ဉာဏ်

ပြန်လည်သတိရခြင်းနှင့် မှတ်ဉာဏ်များကို ဆက်စပ်ခြင်းသည် အလိုအလျောက်ဖြစ်ပျက်သော အပြုအမူမဟုတ်ပါ။ စကားပြောသူ၏ရွေးချယ်မှုနှင့် အနက်အဓိပ္ပါယ်ဖွင့်ဆိုမှု နှစ်မျိုးစလုံး ပါဝင်သည့် ဖြစ်စဥ်ဖြစ်သည်။ ပြောဆိုသောအချက်ကိုတန်ဖိုးဖြတ်ရာနှင့်ရှင်းလင်းပြပုံကို နားလည်ရေးအတွက် အောက်ပါအချက်အားလုံးကို ထည့်သွင်းစဉ်းစားရပါမည်။

**မှတ်ဉာဏ်သည်အပြောင်းအလဲရှိသည်။**

–စကားပြောသူ၏အသက်အရွယ်ကိုဖြစ်စေ၊ သူ့အနေဖြင့်ဖြစ်ရပ်များနှင့် လူများကိုမှတ်မိ သတိရနိုင် သော အရည်အချင်းကိုဖြစ်စေ သိထားရန်လိုသည်။ တခါတရံအဖြစ်အပျက်များကို ဖြစ်ရပ်တခုတည်းအဖြစ်စုပေါင်းရှုမြင်တတ်သည်။

**မှတ်ဉာဏ်တွင် မှတ်ထားသောအရာများသည် ခုနှစ်အစဥ်အတိုင်း မှတ်တမ်းတင်ထားခြင်းမဟုတ်။**

– တခါတရံကျွန်ုပ်တို့သည် အဖြစ်အပျက်များကို သက္ကရာဇ်စဥ်အတိုင်း မမှတ်မိကြ။ ပြန်သတိရခြင်းသည် မထင်ရှားသောနည်းဖြင့် မမျှော်လင့်ဘဲ ရုတ် တရက် ပေါ်ပေါက် တတ်သည်။

**မှတ်သားထားသည်အထဲမှ အချို့ပယ်၍ အချို့ကို ရွေးချယ်ယူတတ်သည်။**

– မှတ်ဉာဏ် တွင် သိစိတ်ဖြစ်စဉ်ရော မသိစိတ်ဖြစ်စဉ်ပါ ပါဝင်နေသည်။ ယင်းဖြစ်စဉ်များက အမှန်တကယ် သတိရသော အချက် အလက် များပေါ် အကျိုးသက်သည့်နည်းတူ ပြောသူက မှတ်မိချက်များကို ထုတ်ဖော်ရန် ဆုံးဖြတ်သည့်အပေါ်လည်း အကျိုးသက်သည်။

သင့်စီမံကိန်း၏ အဓိကပစ်မှတ်သည် သမိုင်းစစ်စစ် မဟုတ်သည့်တိုင်၊ တွေ့ဆုံမေးမြန်းခြင်း ပြုလုပ်ရာတွင် မှတ်ဉာဏ်၏ကဏ္ဍကို ထည့်စဉ်းစားရန် လိုအပ်ပေသည်။ လူတို့သည် မိမိ အရေးကြီးသည်ဟု ထင်သောအရာများကို မှတ်မိသတိရကြသည်။ (တွေ့ဆုံမေးမြန်းသော စကားပြောသူက အရေးကြီးသည်ဟု ယူဆသောအရာဖြစ်ချင်မှဖြစ်မည်။) မှတ်သားထားသောအရာများသည် စုစည်း ရွေးချယ်ပြီး ပြန်လည် တည်ဆောက်ထားခြင်း ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် အတိတ်ကာလတွင် ဆုံးဖြတ်ခဲ့သောအရာများနှင့် လုပ်ဆောင်ခဲ့သောအရာများကို ယခုလက်ရှိရှုထောင့်မှနေ၍ ပြန်လည်စိစစ်တတ်သည်။ ပြန်လည်အနက်ဖွင့်တတ်သည်။ လက်ရှိဘဝကို ထောက်ဆပြီး အတိတ်က ဆုံးဖြတ်ချက်များနှင့် လုပ်ဆောင်ချက်များကို ပြန်လည်တန်ဖိုးဖြတ် တတ်သည်။ ပြန်လည်အနက်ဖွင့်တတ်သည်။ နာကျည်းစရာနှင့်

ခက်ခဲသော အရာများကို ဖုံးဖိချုံးနှိမ်ထားတတ်ကြသည်။ တဦးချင်း ကိုယ်ရေးကိုယ်တာနှင့် ဆိုင်သော အချက်များနှင့် အများနှင့်ဆိုင်သော အချက်များသည် အပြန်အလှန်လွှမ်းမိုးတတ်သောကြောင့် ထိုအချက်နှစ်မျိုးကို ကျွန်ုပ်တို့ ရောထွေး၍ မှတ်မိကြသည်။ တခါတရံ ထိုအချက်နှစ်ခုကို ညှိနိုင်း၍မရ။ အပယ်ခံအုပ်စုကို အဓိကအာရုံစိုက်ခြင်းက အများအမြင်ကြောင့် ဖုံးကွယ်နေသည့် အချက်အလက်များကို နေရာပေးလာတတ်သည်လည်း ရှိသည်။

ကျွန်ုပ်တို့မှတ်ဉာဏ်ကို အသက်အရွယ်က လွှမ်းမိုးတတ်သည်။ (အသက်အရွယ်ကြီးရင့်လာသောအခါ မိမိတို့၏ဘဝကိုပြန်လည်သုံးသပ်ဆင်ခြင်လာတတ်သည်)။ လိင်ခြားနားမှု၊ လူမှုရေးအဆင့်အတန်းနှင့် ယဉ်ကျေးမှုနောက်ခံတို့လည်း မှတ်ဉာဏ်အပေါ် လွှမ်းမိုးတတ်သည်။ ဘဝအတွေ့အကြုံ၊ လူမှုရေးတန်ဖိုးနှင့် သဘောထားခံယူချက်အပြောင်းအလဲတို့သည်လည်း မှတ်ဉာဏ်ကို လွှမ်းမိုးတတ်သည်။ အခြားပုဂ္ဂိုလ်များနှင့် တွေ့ဆုံမေးမြန်း မှု ပြုလုပ်သူကလည်း မှတ်ဉာဏ်အပေါ် လွှမ်းမိုးတတ်သည်။ ဇာတ်လမ်းအဖြစ်အပျက် ပြောပြသူသည် မိမိ၏ ကိုယ်တွေ့ အတွေ့အကြုံကို ပြောနေသလား။ သို့မဟုတ် အခြားသူများပြောပြချက်များ ရေဒီယို ရုပ်မြင်သံကြား များမှ တဆင့် သို့မဟုတ် ထပ်ခါတလဲလဲကြားဘူးသော ရိုးရာဒဏ္ဍာရီပုံပြင်များမှ တဆင့်ကြားသိရသော အချက်များ ကို ပြော နေသလား ဆိုသည်ကို ခွဲခြားနိုင်ရန် အားထုတ်ပါ။ သူတို့ပြောနေသော အချက်ကို ဖန်တီးနေသည့် အာဃာတများ ရှိနေသလား။ ထိုအချက်သည် သခင်၏ စီမံကိန်းတွင် အရေးပါ အရာရောက် သလား။

သုတေသနပြုလုပ်ချက်အရ ကျွန်ုပ်တို့သည်နေ့စွဲ၊ စာရင်းဇယားနှင့် အချက်အလက်ဆိုင်ရာများထက် နေရာအဖြစ်အပျက်၊ လှုပ်ရှားလုပ်ဆောင်မှုများ၊ နေ့စဉ်ဆောင်ရွက်ရသောလုပ်ငန်းဆောင်တာဝေယျာဝစ္စများ၊ လူများ၊ ခံစားချက်များ၊ အသံ၊ အနံ့အသက်နှင့် ရုပ်ပုံလွှာများကို ပိုမိုသတိရမှတ်မိတတ်ကြသည်။ သို့ရာတွင် နှုတ်ပြောသမိုင်း အားသန်သောနေရာတွင်၊ လူများသည် မျိုးစဉ်ဆက်အမည်စာရင်းနှင့် သက္ကရာဇ် စဉ်များနှင့် ပတ်သက်သော သတင်းကို တိကျစွာမှတ်မိကြကြောင်း တွေ့ရသည်။ **ဥပမာ – မည်သည့်အခြေအနေမျိုးတွင် ဖြစ်စေ၊ ပုံပြောသူက သက္ကရာဇ်စဉ်မှားယွင်းပြောဆိုမိလျှင် စိတ်အနှောင့်အယှက်မဖြစ်ပါနှင့်။ ဤ အချက်များ သည် ပြင်ဆင်ရန် လွယ်ကူသောအရာများဖြစ်သည်။ မှတ်ဉာဏ်တွင် မှတ်ထားသောအရာများကို အရှိအရှိအတိုင်း အသိအမှတ်ပြုပါ။ သူတို့၏ဘဝနှင့် သူတို့ ပတ်ဝန်းကျင်အကြောင်း အနက်ဖွင့်ဆိုပုံကို မှတ်သားထားချက်များက ပြောပြနေပါသည်။**[6]

စကားပြောသူ၏ ရည်ရွယ်ချက်သည် သူပြောသောအကြောင်းအရာပေါ် လွှမ်းမိုးတတ်ကြောင်းကိုလည်း သတိကြီးစွာထား၍ ထည့်သွင်းစဉ်းစားရန် လိုအပ်သည်။ ဤကိစ္စတွင် စာရွက်စာတမ်းများကို စိစစ်သည့်နည်း အတိုင်း ဆောင်ရွက်နိုင်သည်။ တဖန် နားထောင်သူအနေဖြင့် ပြောပြသောအကြောင်းအရာအပေါ် ပတ်သက်မှုရှိသကဲ့သို့ – ကျွန်ုပ်တို့ ကိုယ်တိုင်ပါဝင်နေကြောင်းကိုလည်း သတိပြုရပေမည်။

## အချက်အလက်များကိုမှတ်တမ်းတင်ခြင်း၊ အသုံးပြုခြင်းတို့နှင့် ဆက်နွယ်နေသော ကျင့်ဝတ်နီတိဆိုင်ရာ အကြောင်းခြင်းရာများ

### အချက်အလက်ရင်းမြစ်များကို အသိအမှတ်ပြုခြင်း

အကယ်၍ ကျွန်ုပ်တို့အနေဖြင့် အခြားတစုံတယောက်ထံမှ အကြံဉာဏ် သို့မဟုတ် အနက်ဖွင့်ချက်ကို ရယူခဲ့လျှင်ဖြစ်စေ၊  မူလအထောက်အထား သို့မဟုတ် တဆင့်ခံ (ဆင့်ပွား) အထောက်အထားတို့ကို ကိုးကားအသုံးပြုလျှင် ဖြစ်စေ၊ မူလစာရေးသူအမည်၊ ပုံနှိပ်ထုတ်ဝေသော ရက်စွဲ၊ ပုံနှိပ်ထုတ်ဝေသူ၏အမည်၊ စာအုပ်ခေါင်းစဉ်နှင့် စာမျက်နှာတို့ကိုဖော်ပြရမည်။ ဤသို့ပြုမှသာ ကျွန်ုပ်တို့ အနေဖြင့် မည်သူ့ထံမှ ကိုးကားရယူ၍ ပြောဆိုရေးသားသည်ကို ကျွန်ုပ်တို့ ပရိသတ်များက စစ်ဆေးနိုင်ပြီး သူတို့ဖာသာ သုံးသပ် ဆုံးဖြတ်နိုင်ကြပါမည်။ သို့ရာတွင် မြန်မာနိုင်ငံအတွင်းနှင့် ၄င်း၏နယ်စပ်ဒေသတွင် ယခုအခြေအနေအရ

---

[6] *Giving Voice*, Panos, London, 1999, p.8

အရင်းအမြစ်အထောက်အထားများကို ဖော်ပြရန် အမြဲမဖြစ်နိုင်။ အမည်မဖော်လိုမှုကို ကျွန်ုပ်တို့ လေးစားရန် လိုမည်။ သို့ရာတွင် ထိုပုဂ္ဂိုလ်များနှင့် မေးမြန်းဆွေးနွေး၍ သူတို့ပေးသောသတင်း အချက်အလက်ကို မည်သည့်နည်းဖြင့် အသုံးပြုရမည်နည်း ဆိုသောသဘောထားကိုလည်းကောင်း သူတို့၏အမည်ကို ဖော်ပြစေလိုသလား သို့မဟုတ် မဖော်ပြဘဲထားသည်က ကောင်းမလား ဟူသောသဘောထားကိုလည်းကောင်း ရယူလျှင် ကောင်းသည်။

**ကျူးကျော်မှုနှင့် ကိုယ်ပိုင်လွတ်လပ်မှု**

နှုတ်ပြောသမိုင်းစီမံကိန်းတွင်ပါဝင်သောသူများအပေါ် မလိုလားအပ်သော အကျိုးသက်ရောက်မှု ဖြစ်ပေါ်စေနိုင်ကြောင်းကိုလည်းသတိထားရန်လိုအပ်ပါသည်။ တခါတရံယဉ်ကျေးမှုဓလေ့ ထုံးတမ်းနှင့် ပတ်သက်သောမေးခွန်းကိုမေးမိသောအခါ ခိုင်မာမှုလျော့သွားအောင်လုပ်ခြင်း နှင့် မေးခွန်းထုတ်ခြင်းများ ဖြစ်ပေါ်လာတတ်သည်။ ကျူးကျော်၍မေးခြင်းသည် နာကျည်းစရာအချက်များကို ဖော်ထုတ်မိခြင်း၊ ကိုယ်ရေးကိုယ်တာအချက်များကို ပစ်မှတ်ထားမိခြင်းတို့ကြောင့်၊ ထိုပုဂ္ဂိုလ်၏ ဘဝအပေါ် ဆိုးကျိုးသက်ရောက်စေနိုင်သည်။ ဤကဲ့သို့သော အချက်အလက်များကို ဖော်ထုတ်သောအခါ လူပုဂ္ဂိုလ်တဦးချင်း၏ ကိုယ်ပိုင်လွတ်လပ်မှုကို လေးစားရမည်။ တွေ့ဆုံမေးမြန်းခြင်းကိုပြုသောသူသည် စိတ် အနှောင့်အယှက်ဖြစ်စေမည့်ကိစ္စ၌ တဖက်သား၏ အကျိုးစီးပွားထက် မိမိအကျိုးစီးပွားကို ရှေ့တန်း မတင်မိစေရ။ တစုံတယောက်က ခေါင်းစဉ်အကြောင်းအရာတရပ်ကို မဆွေးနွေးလိုလျှင် သူ၏သဘောထားကို လေးစားရပါမည်။ သူတို့ပြောပြသော အချက်အလက်များကို အသံမဖမ်းစေလိုလျှင် သို့မဟုတ် မရေးမှတ်စေလို လျှင် အသံဖမ်းခြင်း၊ ရေးသားမှတ်တမ်းတင်ခြင်းမပြုပါနှင့်။ တစုံတယောက်သည် ခက်ခဲသောအကြောင်းအရာ သို့မဟုတ် ကိုယ်ရေးကိုယ်တာအကြောင်းအရာများကို ပြောပြစဉ် အသံဖမ်းမှတ်တမ်းတင်ပါက၊ အသံဖမ်း ကိရိယာများကို ကောင်းမွန်စွာ စီစစ်ရန်လိုသည်။ သူပြောပြနေစဉ် အသံဖမ်း ကက်ဆက်ခွေကို တခြမ်းလှည့်ဖို့ မလိုအောင် စီစဉ်ထားပါ။ အကယ်၍ အရေးကြီးသောအချက်ကို ပြောပြနေစဉ် အသံဖမ်းကက်ဆက်ခွေကို တခြမ်းလှည့်၍ ပြန်ဖမ်းနေရပါက၊ အချို့အရေးကြီးသောအပိုင်းမှာ ကြားဖြတ်ခံရပြီး ပြောပြသူ၏ ယုံကြည်စိတ်ချမှုကို လျော့ပါးစေနိုင်သည်။

**မှတ်တမ်းတင်ထားသောအကြောင်းအရာများကို ကူးပွားယူခြင်းနှင့် အခြားပုံစံသို့ကူးပြောင်းခြင်း**

မြန်မာနိုင်ငံတွင်ရှိအသိုင်းအဝိုင်းအများစုတွင် မူပိုင်ထုတ်ဝေခွင့်ဟူ၍ မရှိသောကြောင့်၊ ရရှိထားသော အချက်အလက်များ၊ စာရွက်စာတမ်းများနှင့် အသံဖမ်းထားသော ကက်ဆက်ခွေမှတ်တမ်းများ၊ အင်တာနက်ဝက်ဆိုက်များ စာအုပ်များ စသည်တို့ကို မည်ကဲ့သို့အသုံးပြုရမည်နည်း ဟူသောအချက်ကို စဉ်းစားရပါမည်။ မိမိအသုံးပြုရန် ရည်ရွယ်ထားသော အထောက်အထားအချက်အလက်ပစ္စည်းများကို မည်သည့်ကိစ္စအတွက် သုံးရန်ရည်ရွယ်ကြောင်း၊ မူလစာမူပိုင်ရှင်သတင်းပေးသူနှင့် ကြိုတင်ဆွေးနွေးထားရန် အရေးကြီးသည်။ ထိုအချက်များကို အသုံးပြုလိုကြောင်း ခွင့်ပြုချက်ရယူခဲ့သော လူပုဂ္ဂိုလ်အဖွဲ့အစည်းအပြင်၊ အခြားလူပုဂ္ဂိုလ်အဖွဲ့အစည်းတခုခုက ဆင့်ပွားအသုံးပြုလို၍ ခွင့်တောင်းလာပါက မူလအဖွဲ့အစည်းအနေဖြင့် သတင်းအချက်အလက်များကို ယခင် ရည်ရွယ်ချက်ထက် ကျော်လွန်၍ မည်ကဲ့သို့အသုံးပြုလိုကြောင်း၊ မူလသတင်းအချက်အလက် ပိုင်ရှင်ထံအ ကြောင်းကြားအသိပေးသင့်သည်။ **ထို့အပြင် ထိုသို့အသုံးပြုခြင်းအားလုံးသည် မူလသတင်းအချက်အလက်ကို တနည်းတဖုံ ပြောင်းလဲသွားစေတတ်သည်။ မူရင်းစာမူသတင်းအချက်အလက် များကို လုံခြုံသောတနေရာတွင် ထိန်းသိမ်းထားရှိပြီး၊ နောက်ထပ်ပွားယူသော စာမူအချက်အလက်များကို မူရင်း စာမူအချက်အလက်နှင့် ချိန်ထိုးစီစစ်ယူခြင်းသည် အကောင်းဆုံး ဖြစ်သည်။**

## ပိုင်ဆိုင်မှုနှင့် ရေးသူမူပိုင်ခွင့်

> “ဆင်းရဲသောကျေးလက်တောရွာအသိုင်းအဝိုင်းသည် ထိရောက်သော မူပိုင်ခွင့်ဥပဒေကို နားမလည်သောကြောင့်  သို့ မဟုတ် လက်လှမ်းမမီသောကြောင့်၊ ရေးသားမှတ်တမ်းတင်ထားသော အချက်များနှင့် စုဆောင်းထားသော အချက်အလက်များကို ပိုင်ဆိုင်ထားခွင့်နှင့် လျှို့ဝှက်စွာထိန်းသိမ်း ပိုင်ခွင့်တွင် ခက်ခဲရှုပ်ထွေးမှုများ ဖြစ်ပေါ်ရသည်။ ဆွေးနွေးသောအကြောင်းအရာကို ကာကွယ်ပေးသည့် ဥပဒေမရှိသော နေရာမျိုးတွင် ပြောပြသူနှင့် အချက်အလက်စုဆောင်းသူအကြား အပြန်အလှန်ယုံကြည်မှု အပေါ်အခြေခံသည့် ဆက်ဆံရေးမျိုးကို တည်ဆောက်ရပေမည်။
>
> တွေ့ဆုံ မေး မြန်းသူအနေဖြင့် တွေ့ဆုံမေးမြန်းခြင်း၏ ရည်ရွယ်ချက်နှင့် သတင်းအချက်အလက်များကို မည်သည့် အတိုင်းအတာအထိ အသုံးပြုလိုကြောင်း၊ သက်သေခံချက်ကို မည်သို့မည်ပုံ ပြန်ပို့ပေးမည့်အကြောင်း သဘောတူညီချက်မရယူမီ ရှင်းလင်း ပြောပြရမည့် တာဝန်ရှိသည်။ အများစုက မိမိတို့၏ သက်သေခံထွက်ဆိုချက်ကို လူသိရှင်ကြားဖော်ထုတ်စေလိုသော်လည်း အချို့ပုဂ္ဂိုလ်များအတွက်မှာ အမည်မဖော်ခြင်းသည် အလွန်အရေးကြီးပါသည်။ တချို့ အခြေအနေများ တွင် အမည် ဖော်ရေး မဖော်ရေးကိုနားလည်သဘောပေါက်ထားခြင်းသည် ဥပဒေပုဒ်မကို နားလည်ရေးထက် အရေးကြီးသောကိစ္စဖြစ်ပါသည်။ ဖိနှိပ်ချောက်လှန့်မှုနှင့် ပဋိပက္ခကြားတွင် နေထိုင်ရသော လူ့အဖွဲ့အစည်းအချို့တွင် အမည်ဖော်ခြင်းကြောင့် ထောင်ကျခြင်း၊ အသက်ဆုံးရှုံးခြင်းအထိ ဖြစ်နိုင်သည်။
>
> သတင်းပြောသူနှင့်တွေ့ဆုံမေးမြန်းသူတို့အကြား ယုံကြည်မှုကိုအခြေခံသောဆက်ဆံရေးတွင် တဦး၏စကားကို တဦးကလေးစားရန်အတွက် မည်သို့သော  ဒေသခံဓလေ့ထုံတမ်းများ ရှိကြောင်း ရှာဖွေသင့်သည်။ ဤအချက်ကို သဘောတူလက်ခံ၍  မူပိုင်ဥပဒေစည်းမျဉ်းသဖွယ် ညီတူညီမျှလိုက်နာလျှင် သင့်လျော်သင့်သည်။ ထိုသို့ မဟုတ်ပါက သတင်းပြောပြသူများကို ကာကွယ်ရန် စီမံကိန်း၏ စည်းမျဉ်းမျိုး ပြဋ္ဌာန်း၍ နားလည်လွယ်သော ဘာသာစကားဖြင့် ရေးသားပြုစုလိုက်နာနိုင်လျှင် အကောင်းဆုံး ဖြစ်သည်။”[7]

**အသိပေးပြီးသဘောတူမှုနှင့် အသုံးပြုရေးဆိုင်ရာကန့်သတ်ချက် ပုံစံ**

အချို့စီမံကိန်းများတွင် အသုံးပြုရေးဆိုင်ရာ သဘောတူချက်နှင့် ကန့်သတ်ချက်ပုံစံကို အသုံးပြုကြသည်။  တခါတရံ သင်နှင့်အလုပ်လုပ်နေသော လူမှုအသိုင်းအဝိုင်းက စာရွက်စာတမ်းများကိုသုံးရန် မဆီလျော်ဟု ယူဆတတ်သည်။ စီမံကိန်း၏ရည်ရွယ်ချက်ကို မယုံသင်္ကာဖြစ်လာတတ်သည်။နှုတ်ဖြင့် သဘောတူညီချက်ကို စာနှင့်ပေနှင့် ရေးသားချုပ်ဆိုခြင်းထက် တန်ဖိုးပိုရှိသည်ဟု ယူဆတတ်ကြရာ ထိုသို့ ယူဆသောကိစ္စ ရှိနိုင် မရှိနိုင်ကို စူးစမ်းထားရမည်။ မှတ်တမ်းများ မရယူမီ ထိုသို့သော သဘောတူညီချက်ပုံစံကိုအသုံးပြုရာတွင် ဖော်ပြပါရှိသော အခြေခံစည်းမျဉ်းများကို  ဆွေးနွေးရမည်။ ပြောသူ နှင့် နားထောင်သူကြား ဖြစ်တတ်သော ပြဿနာများကို ကြိုတင်ဖြေရှင်းထားရမည်။ သဘောတူမှုကို တကယ့်အချက်အလက်များပေါ်တွင် အခြေခံထားရမည်။ ချပြီးသည့် ဆုံးဖြတ်ချက်ကို အခြားတနေရာ တွင် ရေးမှတ်ထားရမည်။ သဘောတူသောအချက်ကို လေးစားလိုက်နာခြင်းဖြင့်၊ အခြားသူများလည်း ကန့်သတ်ချက်များကိုသိလာမည်။ ရရှိသောအချက်အလက်များကို မည်ကဲ့သို့အသုံးပြုရမည်ကို နားလည်သဘောပေါက်လာမည်။ စီမံကိန်းတွင် ပါဝင်သူအားလုံးအတွက် ညီတူညီမျှဖြစ်သော ကမ္ဘာ့အဆင့် စီမံကိန်းစည်းမျဉ်းကို အသုံးပြုလိုက်နာလျှင် အသင့်လျော်ဆုံးဖြစ်ပါသည်။

စုဆောင်းရရှိထားပြီးသော သတင်းအချက်အလက်များကို နိုင်ငံခြား မော်ကွန်းတိုက်တခုခုတွင် လုံခြုံစွာသိမ်းဆည်းထားရန် နည်းလမ်း ရှာဖွေနေပါက၊ သက်ဆိုင်ရာအဖွဲ့အစည်းနှင့် သင်တို့ကြား အသုံးပြုမည့် စည်းမျဉ်းပုံစံတခု ပြုလုပ်ထားရန် အရေးကြီးသည်။ နာမည်ကောင်းထွက်သော မည်သည့်အဖွဲ့အစည်းကြီးမဆို စည်းမျဉ်းပုံစံအသုံးပြုရန် သဘောတူမည်ဖြစ်ပြီး၊ ထိုပုံစံမျိုးကိုလည်း သုံးနေပြီးသား ဖြစ်နိုင်သည်။ ပုံစံသည်

[7] *Listening For A Change*, Slim H. & Thompson P., Panos, London, 1993, pp. 152-3

နှစ်ဘက်လုံးအတွက် သင့်လျော်စေရမည်။ စာအုပ်များ၊ ပြပွဲများနှင့် ပတ်သက်နေသည့် လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများ၏လက်ထဲသို့ ထိုမှတ်တမ်းများ လွှဲပြောင်းရောက်ရှိသွားလျှင် အထူးသတိထားရမည်။ ထိုပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း၏ ရည်ရွယ်ချက် မည်မျှကောင်းမွန်ပါစေ အသုံးပြုမည့် နယ်နမိတ်ကန့်သတ်ချက်နှင့် ဆက်လက်အသုံးပြုခြင်းနှင့် ပတ်သက်သော အစီရင်ခံချက်များကို ကိစ္စတိုင်း၌ ကျေလည်စွာ ဆွေးနွေးရန်လိုသည်။ ဤ အကြောင်းကြောင့် Panos Testimony Programme က ရေးသားထုတ်ဝေသော **အချက်အလက်များ အသုံးပြုခြင်းဆိုင်ရာပုံစံ**ကို ကာလဒေသနှင့်ဆီလျော်စွာသုံးရန် အောက်တွင်ပူးတွဲဖော်ပြထားပေးပါသည်။ သို့ရာတွင် အချက်အလက် စာရွက်စာတမ်းပစ္စည်းများကို အခြားတနေရာတွင် ထိန်းသိမ်းထားရန် လွှဲပြောင်းပေးပို့ပါက ပိုမိုတိကျသော လမ်းညွှန်မှုများကို ပြုလုပ်ရပါမည်။ မိမိတို့ မှတ်တမ်းပစ္စည်းများကို မော်ကွန်းတိုက်တွင် သိုမှီးထားလိုသူများအတွက် University of North Carolina at Chapel Hill ရှိ the Southern Oral History Programme of the History Department တွင် အသုံးပြုသော The Interview Agreement with Restrictions ပုံစံသည် အထူးသင့်လျော်ပါမည်။ [8]

အသုံးပြုမှုကန့် သတ်ချက်များဆိုင်ရာပုံစံ
(သင်၏အဖွဲ့အစည်းအတွက်မိတ္တူတစောင်၊ စကားပြောသူအတွက်တစောင်)

ပြောပြသူ၏အမည် ------------------------------------------------------

လိပ်စာ ------------------------------------------------------------

၁။ အောက်ဖော်ပြပါရက်စွဲများတွင် ကျွန်ုပ်နှင့်တွေ့ဆုံမေးမြန်း၍ အသံဖမ်းထားသောကက်ဆက်ခွေများကို ---
-------------------------------------------------------------------
(                    ) အဖွဲ့အစည်းမှ အဖွဲ့ဝင်များနှင့် သုတေသီများ (မဆီလျော်သောအပိုင်းပယ်ရန်) သုံးရန်သဘောတူပါသည်။

၂။ (                    ) အဖွဲ့အစည်းက ဤတွေ့ဆုံမေးမြန်းရရှိထားသော အချက်အလက်အားလုံးဖြစ်စေ၊ တစိတ်တဒေသဖြစ်စေ ပုံနှိပ်ရန် သို့မဟုတ် ပုံနှိပ်ခွင့်ပေးရန် သဘောတူသည်။

၃။ ကက်ဆက်ခွေနှင့် စာရွက်စာတမ်းများကို အသုံးပြုရာတွင် အောက်ပါကန့်သတ်ချက်များထားရှိရန် ကျွန်ုပ်လိုလားပါသည်။
-------------------------------------------------------------------
-------------------------------------------------------------------
-------------------------------------------------------------------
-------------------------------------------------------
ပြောပြသူ၏ထိုးမြဲလက်မှတ် ---------------------- ရက်စွဲ -------------------------

[8] http:/www.unc.edu/depts/sohp/restrictions.html

## တွေ့ဆုံမေးမြန်းမှုဆိုင်ရာကန့်သတ်ချက်များနှင့် သဘောတူချက်

(စီမံကိန်းအမည်) သည် (အဖွဲ့အစည်း၏အမည်) ပိုင် စီမံကိန်းဖြစ်သည်။ ဤစီမံကိန်းအတွက် တွေ့ဆုံမေးမြန်းရရှိထားသော မှတ်တမ်းကက်ဆက်ခွေများနှင့် စာရွက်စာတမ်းများသည် (ထိန်းသိမ်းထားရမည့်နေရာအမည်) တွင် ထိန်းသိမ်းသိုလှောင်ထားရန်ဖြစ်သည်။ တွေ့ဆုံမေးမြန်းသူနှင့် တွေ့ဆုံမေးမြန်းခံရသူက သတ်မှတ်ထားသောကန့်သတ်ခွင့်ပြုချက်အတိုင်းသာလျှင် ဤပစ္စည်းများကို သုတေသီများနှင့် လူထုရှေ့အသုံးပြုရန်ထုတ်ပေးနိုင်သည်။

အောက်တွင်လက်မှတ်ရေးထိုးကြသော ကျွန်ုပ်တို့သည် (စီမံကိန်းလုပ်ဆောင်နေသောအဖွဲ့အစည်း၏အမည်) အနေဖြင့် ဤမှတ်တမ်းတင်ထားသော ကက်ဆက်ခွေများနှင့် စာရွက်စာတမ်းများတွင်ပါရှိသောသတင်းအချက်အလက်များကို ဆွေးနွေးပြီး၊ စီမံကိန်း၏ရည်ရွယ်ချက်နှင့် ဆီလျော်စွာ အသုံးပြုရန် သဘောတူညီချက်ကိုဖတ်ရှုပြီး ခွင့်ပြုရန် သဘောတူပါသည်။ အဆိုပါပစ္စည်းများကို အနာဂတ်တွင် သုတေသီများလက်သို့ တဆင့်အသုံးပြုရန်ကြုံလာလျှင် အောက်ပါကန့်သတ်ချက်အတိုင်း ခွင့်ပြုရမည်။

သုတေသီသည် မှတ်တမ်းကက်ဆက်ခွေနှင့် စာရွက်စာတမ်းများကိုနားထောင်ဖတ်ရှုရန် တွေ့ဆုံမေးမြန်းသူနှင့် တွေ့ဆုံမေးမြန်းခံရသူထံမှခွင့်ပြုချက်ရယူထားရမည်။ (တခု သို့မဟုတ် နှစ်ခုစလုံးဝိုင်းရန်)

ဟုတ်၊ မဟုတ်

သဘောတူ၊ သဘောမတူ

သုတေသီသည် ကိုးကားခွင့်ကို တွေ့ဆုံမေးမြန်းသူနှင့် တွေ့ဆုံမေးမြန်ခံရသူထံမှရယူထားရမည်။

(တခု သို့မဟုတ် နှစ်ခုစလုံးဝိုင်းရန်)

ဟုတ်၊ မဟုတ်

(သဘောတူ၊ သဘောမတူ)

တွေ့ဆုံမေးမြန်းခြင်းသည့် (ရက်စွဲရေးရန်) ------------အထိ သုတေသီများ မကိုင်တွယ်ရန်ပိတ်ထားမည်။

မှတ်တမ်းပစ္စည်းများကို အသုံးပြုလျှင်လိုက်နာရမည့်ကန့်သတ်ချက်များနှင့်အခြေအနေများ

----------------------------------------------------------------

----------------------------------------------------------------

----------------------------------------------------------------

----------------------------------------------------------------

တွေ့ဆုံမေးမြန်းသူ၏အမည် ------------------------ တွေ့ဆုံမေးမြန်းခံရသူ၏အမည် -------

ထိုးမြဲလက်မှတ် --------------------------------ထိုးမြဲလက်မှတ် ----------------

ဆက်သွယ်ရန် -------------------------------- ဆက်သွယ်ရန် ----------------

ရက်စွဲ ------------------------------------- ရက်စွဲ ----------------------

**စဉ်းစားဆင်ခြင်ရမည့် အဓိကအချက်များ**

- တွေ့ဆုံမေးမြန်းနေစဉ်ဖြစ်စေ၊ နောက်ပိုင်းအသုံးပြုရာတွင်ဖြစ်စေ အမြတ်ထုတ်ခြင်း မလုပ်ပါနှင့်။
- စီမံကိန်းအကြောင်း ရှင်းပြရာတွင် ပြတ်ပြတ်သားသားရှိပါစေ။ မှတ်တမ်းကက်ဆက်ခွေများသည် မည်သည့်နေရာတွင် လမ်းဆုံး၍ မည်သို့အသုံးပြုရမည်ကို ရှင်းလင်းပြတ်သားစွာ သိထားပါ။ ထိုမှတ်တမ်းကက်ဆက်ခွေများမှတဆင့် ပေါ်ပေါက်လာမည့် အခြားပစ္စည်းများပုံစံများကို အသုံးပြုမည့်အတိုင်းအတာကို ရှင်းလင်းစွာ သိထားပါ။
- သင်၏လုပ်ဆောင်ချက်ကို တန်ဖိုးထားပါ။ သတင်းအချက်အလက်ပြောပြသူထံမှ ပူးပေါင်းဆောင်ရွက်မှုရယူရန်အတွက် သင်တတ်နိုင်သည်ထက်ပို၍ ကူညီမည်ဟုကတိမပေးပါနှင့်။
- ကျေးဇူးတင်သည့်ကိစ္စတွင် ကူညီသူတို့၏ ယဉ်ကျေးမှုရှုထောင့်မှ လက်ခံနိုင်မည့် အချက်ကို ထည့်စဉ်းစားပါ။ ရှေ့နောက်ညီညွတ်ပါစေ။ မျက်နှာသာပေးခြင်း မမျှမတဆက်ဆံခြင်းတို့ဖြင့် စိတ်ထိခိုက်အောင်မလုပ်မိပါစေနှင့်။
- ပြောပြနေသူသည်အခြားလူမှုအသိုင်းအဝိုင်းမှ အဖွဲ့ဝင်များအကြောင်းကို မည်သို့ပြောဆိုကြောင်း ဂရုပြုပါ။ သူတပါးမကောင်းကြောင်း အလွန်အကျွံပြောခြင်းကို အားမပေးပါနှင့်။ ရရှိသောအချက်အလက်များကို အသံဖမ်းရန်နှင့် အခြားအချက်အလက်များကို ပုံနှိပ်ထုတ်ဝေရန် ရည်ရွယ်ပါက ဤအချက် ကို အထူးသတိထားဆင်ခြင်ပါ။
- တဦးတယောက်ထံမှ သဘောတူညီချက်ရယူသည့်အခါ ထိုပုဂ္ဂိုလ်အား စီမံကိန်းအကြောင်းကိုလည်းကောင်း သူ့ပြောပြချက်များကို မည်ကဲ့သို့ အသုံးချမည်ကိုလည်းကောင်း တိတိကျကျ ပြောပြထားရန် လိုအပ်သည်။ သူတို့ပြောပြချက်နှင့် သူတို့ ဘယ်လို ဖြစ်သင့်သည် လုပ်သင့်သည့် ဟူသော ကိုယ့်အယူအဆကို မတွဲဆက်ထားပါနှင့်။[9]

[9] *Giving Voice*, Panos, London, 1999, p.26

# သမိုင်းနှင့် နှုတ်ပြောရိုးရာအစဉ်အလာ

လူအများအပြားပင် မိမိတို့၏နှုတ်ပြောသမိုင်းအပေါ်တွင် လေးလေးနက်နက် စိတ်ဝင်စားမှု မရှိကြောင်း တွေ့ရသည်။ ကျွန်ုပ်တို့အနေဖြင့် မြန်မာနိုင်ငံရှိလူမှုအသိုင်းအဝိုင်းများတွင်တွေ့ရသော မူရင်းဇစ်မြစ်ဆိုင်ရာ ဒဏ္ဍာရီ ပုံပြင် များနှင့် နှုတ်ပြောသမိုင်းများမှ လူစွမ်းကောင်းများနှင့် နတ်တစ္ဆေများ အမှန်တကယ်ရှိသည်ဟု ယုံကြည် ရမည်လော။ ဤအကြံပြုချက်ကို အဓိပ္ပါယ်မရှိဟု ကျွန်ုပ်တို့အများက ပြောကြပါမည်။ ထိုသို့သော နှုတ်ပြောရိုးရာဓလေ့များကို ခိုင်လုံသောသမိုင်းအတွက် ပြည့်စုံအောင် ဖြည့်စွက်ပေးမည့် အရာအဖြစ်မဟုတ်ဘဲ အဆင့်မမီသောအစားထိုးစရာ (Unqualified alternative) အဖြစ် အသုံးပြုရန်ရည်ရွယ်ပါက နားလည်မှု လွဲနိုင်သည်။ ထိုသို့ဆိုလျှင် နှုတ်ပြောသမိုင်းများ အစီရင်ခံခြင်းနှင့် မှတ်တမ်းတင်ခြင်း၏ ရည်ရွယ်ချက်ကား အဘယ်နည်း။ ခေတ်အဆက်ဆက် သက်ကြီးစကားသက်ငယ်ကြား ဆင့်ကဲ သယ်ဆောင် လာကြသောအရာ၏ သမိုင်းတန်ဖိုး ရှိပါမည်လော။ ဤနှုတ်ပြောသမိုင်းကို လူ့အသိုင်းအဝိုင်း ၏ သမိုင်းစာအုပ်တွင် မည်သို့ ထည့်သွင်းဖော်ပြပြီး၊ ၄င်းတို့ကို မည်ကဲ့သို့ အရေးတယူပြုမည်နည်း။ ဤမေးခွန်းများကို အပြုသဘော ဖြေဆိုရလျှင် နှုတ်ပြောသမိုင်း၏ တန်ဖိုးကို အရှိအတိုင်း ရှုမြင်ပြီး ၄င်းတို့၏ ကန့်သတ်ချက်ကို သိထားရန် လိုအပ်လိမ့်မည်။ ဤနှုတ်ပြောသမိုင်းများသည် အမှန်တကယ်ဖြစ်ပျက်ခဲ့သလားဟု မေး ခွန်းထုတ်ပါက လုံးဝလမ်းလွဲသွားစေနိုင်သည်။ ၄င်းတို့ ပေါ်ပေါက် လာရသော လူမှုအဆောက်အအုံ၏ လူမှုရေးနှင့် ယဉ်ကျေးမှုစံနစ်၊ လောကအမြင်နှင့် ဒဿနအတွေးအခေါ်နှင့် ဆက်နွယ်၍ တနည်းတဖုံ "မှန်ကန်" နိုင်ပါသည်။ ဤနှုတ်ပြောသမိုင်းများသည် အဆင့်ဆင့်ပြောရာမှ မူရင်းနှင့် များစွာကွာခြားသောမူသစ်အဖြစ်သို့ ပြောင်းလဲ လာတတ်သောကြောင့် ၄င်းတို့ကိုမှတ်တမ်းတင်၍ စာအုပ်အဖြစ်သို့ ကူးပြောင်းသောအခါ အထူးဂရုပြုရန် လိုသည်။

အာဖရိကသမိုင်းကိုလေ့လာသောသမိုင်းပညာရှင်အချို့သည် နှုတ်ပြောသမိုင်းမှ ရရှိသော သမိုင်းဝင် အချက်အလက်များကို ခွဲခြားရာတွင်အထူးကျွမ်းကျင်ကြသည်။ သို့ရာတွင် အခြားပုဂ္ဂိုလ်များအနေဖြင့် နှုတ်ပြောသမိုင်းကို ယဉ်ကျေးမှုအချက်အလက်များသိုလှောင်ထားမှု အဖြစ်လောက်သာ သဘောထား လိုကြသည်။ နှုတ်ပြောသမိုင်းများ စစ်မှန်ကြောင်း သင်ယူဆသော အထောက်အထားများကို လူတို့ စစ်ဆေး နိုင်အောင် ဖော်ထား၍၊ ကိုးကားထိုက်သော အထောက်အထားဖြစ်ကြောင်း ကောင်းမွန်စွာစီစစ်နိုင် သည့်ပြင် လုံလောက်သော အထောက်အထားလည်းပြနိုင်ပါက ထိုနှုတ်ပြောသမိုင်းများကို အခြားအထောက်အထား စာရွက်စာတမ်းများနည်းတူ ချွင်းချက်မရှိ လက်ခံနိုင်ပါသည်။ နှုတ်ပြောသမိုင်းကို သင့်၏အသိုင်းအဝိုင်း လူမျိုးသမိုင်းတွင် ထည့်သွင်းဖော်ပြလိုလျှင်ဖြစ်စေ၊ ယဉ်ကျေးမှုမှတ်တမ်းအဖြစ် မှတ်တမ်းတင်လိုလျှင်ဖြစ်စေ၊ မိမိ အသိုင်းအဝိုင်း၌လည်းကောင်း အခြား စိတ်ဝင်စားသူများအနေ နှင့်လည်းကောင်း ရေရှည်သုံးနိုင်ရန်အတွက် မိမိမှတ်တမ်းတွင် ပါဝင်သင့်သောအချက်အလက်များကို အောက်ပါအချက်များက အသေးစိတ်ဖော်ပြပါလိမ့်မည်။

## ဖြစ်စဉ်တစ်ခုဖြစ်သော နှုတ်ပြောရိုးရာအစဉ်အလာ

နှုတ်ပြောသမိုင်းဆိုသည်မှာ သတင်းစကားပြောသူ၏ ဘဝသက်တမ်းကို ကျော်လွန်၍ နှုတ်ဖြင့် ဆင့်ကမ်းပြောဆိုသယ်ဆောင်လာသော သတင်းအချက်အလက်များဖြစ်သည်။

- လူတဦးကပြောလိုက်သည့်အခါတိုင်း သတင်းတခု ဖြစ်ပေါ်လာသည်။ သတင်းအချက်အလက်များကို ပုံပြင်၊ သမိုင်း၊ အိပ်မက်၊ သီချင်း စသဖြင့် ပုံစံအမျိုးမျိုးဖော်ပြနိုင်သည်။
- လူတဦးတယောက်သတင်းစကားကိုလက်ဆင့်ကမ်းပြောလိုက်သောအခါ ပြောလိုက်သောစကားကို ထပ်ဆင့်အဓိပ္ပါယ်ဖွင့်ဆိုခြင်း သို့မဟုတ် ဆီလျော်သလို အသုံးချခြင်း၊ ပါဝင်သည့် ဆင့်ကဲဖြစ် စဉ် သတင်း လက်ဆင့်ကမ်းမှ စတင်ရာမူလသတင်း၏ ပုံစံနှင့် အချက်အလက်အသေးစိတ်အချို့ ပြောင်းသွားနိုင်သည်။ မူလသတင်း မည်သို့မည်ပုံပြောင်းသွားသည်၊ မည်သူကပြောင်းလိုက်သည်ကို

ကျွန်ုပ်မသိနိုင်။ ထိုသဘော အရဆိုလျှင် နှုတ်ပြောသမိုင်း၏မူရင်း ဟူ၍မရှိနိုင်။ မူလအစစ်ဟူ၍ မရှိနိုင်။

- နှုတ်ပြောသမိုင်းသည်ခေတ်အဆက်ဆက်ကြာလာသောအခါ ပြောင်းလဲသွားတတ်သော်လည်း၊ အချို့ နှုတ်ပြောသမိုင်းများသည် အသေးစိတ်အချက်အလက်အနည်းငယ်ပြောင်းသွားရုံမှအပ၊ တည်ငြိမ် သောအဆင့်တွင် ထိန်းသိမ်းထားနိုင်သည်။ သို့ဖြစ်၍နှုတ်ပြောသမိုင်းကို ပြောဆို အသုံးပြုသည့် ပတ်ဝန်းကျင်ရေခံ မြေခံသည် ထိုနှုတ်ပြောသမိုင်းတွင်ပါရှိသောသတင်းကို ရွေးယခင်ကအဘယ် သတင်းပါရှိသည်၊ ထိုသတင်း ကိုအဘယ်ကြောင့်ပြောရသည် ဟူသောအချက်ကို နားလည်သဘော ပေါက်ရန်မှာ အရေးကြီးသောသော့ချက် ဖြစ်သည်။

သို့ဖြစ်၍ နှုတ်ပြောသမိုင်း၏ ခိုင်မာသောအထောက်အထားများမှာ ထိုနှုတ်ပြောသမိုင်းက ဖော်ပြသော အဖြစ်အပျက်များသည် အမှန်တကယ်ဖြစ်လား သို့မဟုတ် အပြင်မှ လေ့လာဖော်ပြချက်သလား ဟူသော အချက်နှင့် ဆက်စပ်ခြင်းမရှိပါ။ ထိုနှုတ်ပြောသမိုင်းများ၏ တန်ဖိုးသည်၊ ၎င်းနှုတ်ပြောသမိုင်းကို ပြောဆို အသုံးပြုသော လူ့အသိုင်းအဝိုင်း၊ အဖွဲ့အစည်း၏အကြံဉာဏ်ထင်မြင်ယူဆချက် တန် ဖိုးထားမှုနှင့် ဒဿန အတွေးအခေါ် လောကအမြင် ပေါ်တွင် တည်သည်။ သက်ကြီးစကားသက်ငယ်ကြား၊ မျိုးဆက်အဆင့် ဆင့် ပြောလာကြသော သတင်းအချက်အလက်များသည် သင်္ကေတ လက္ခဏာသဘော ဖြစ်လာ၍၊ လူမှုအဆောက် အဦး ကို ယေဘုယျ ခြုံငုံ ဖော်ပြသောအကြောင်းအရာ ဖြစ်လာသည်။ ၎င်းနှုတ်ပြောသမိုင်းများသည် ၎င်းတို့ ပေါ်ထွက်လာသော လူ့အသိုင်းအဝိုင်းအကြောင်း အဓိပ္ပါယ်ရှိရှိဖော်ပြကြသည်။

## သရုပ်ဖော်ပြသမှုတစ်ခုဖြစ်သော နှုတ်ပြောရိုးရာအစဉ်အလာ

ရိုးရာအစဉ်အလာကို နှုတ်ဖြင့်ဖော်ပြသောပုံစံသည် ရွတ်ဆိုချက်တိုင်း၊ ဖော်ပြသော ပုံပြင် ဇာတ်လမ်း တိုင်း၊ သရုပ်ဖော်လုပ်ဆောင်မှုတိုင်း ထူးခြားကြောင်းဖော်ပြသည်။ ၎င်းသည် အခြားသတင်း အထောက်အထား များ နှင့် ဆင်တူသောပုံစံ၊ အမျိုးအစားကို အသုံးပြုထားကောင်းပြုမည်ဖြစ်သော်လည်း၊ အခြားနည်းလမ်းများနှင့် မတူခြား နားသော အချက်လည်း ရှိနိုင်သည်။ အသံဖမ်းမှတ်တမ်းတင်ထားသော ကက်ဆက်ခွေ သို့မဟုတ် စာအုပ်တွင်ပါရှိသောဆိုရိုးအကြောင်းအရာနှင့် အထူးသရုပ်ဆောင်သူနှင့် သရုပ်ဆောင်ချက်များအကြောင်း သတင်းအချက်အလက်များကို ပူးတွဲထားရန် အရေးကြီးပါသည်။ ထိုအဖြစ်အပျက်များကို မှတ်တမ်းတင်စဉ်က မရှိသောသူများ အနေနှင့် ထိုမှတ်တမ်းတင်ပစ္စည်းများပါအကြောင်းအရာများကို အနက်အဓိပ္ပါယ်ဖွင့်လျှင် ထိုအကြောင်းအရာများတွင် ပါဝင်သော လူပုဂ္ဂိုလ်နေရာ အဖြစ်အပျက် စသည်တို့ ကို စုံစုံလင်လင်ရရှိထားရန် အထူးအရေးကြီးပါသည်။ သို့ဖြစ်၍ မည်သူပြောနေသည်၊ မည်သူသီချင်းဆိုနေသည် စသဖြင့် မှတ်တမ်းတင်ခြင်း နားထောင်ခြင်း ပြုလုပ်သောနေရာအခြေအနေတို့ကို ကျွန်ုပ်တို့ ထည့်စဉ်းစားရန်လိုအပ် သည်။ သရုပ်ဆောင်သူ များနှင့် သရုပ်ဆောင်မှုများသည် တခုနှင့်တခု တယောက်နှင့်တယောက် ကျွမ်းကျင်မှုနှင့် နည်းစနစ် ခြားနားကြ မည် ဖြစ်ပြီး၊ ပရိသတ်ကလည်း ထိုသရုပ်ဆောင်မှုအပေါ်တွင် လွှမ်းမိုးနိုင်သည်။

- **သရုပ်ဆောင်သူ၏ကျွမ်းကျင်မှု** ။ ။ အတွေ့အကြုံ၊ အထူးကျွမ်းကျင်သူ ပညာရှင်ဟုတ် မဟုတ်၊ သူတို့၏နောက်ကြောင်းရာဇဝင်၊ မှတ်တမ်းတင်နေသူနှင့် တော်စပ်ပုံ အစရှိသောသတင်းအချက် အလက်များ။
- **သရုပ်ဆောင်မှုကို အစဉ်အလာအတိုင်း ပြန်လည်ဖော်ထုတ်ခြင်း**။ ။ မည်သည့်အချိန်တွင် မည်သည့်အကြောင်းကြောင့် ပုံမှန်အတိုင်း သရုပ်ဆောင် အကောင်အထည်ဖော်မည်နည်း။ အကြိမ် ၊ အချိန်၊ နေရာ၊ အခမ်းအနားပွဲလမ်းသဘင်၊ ရည်ရွယ်ချက်။
- **သရုပ်ဆောင်စဉ်မှတ်ဉာဏ် လေ့ကျင့်နည်းများ** ။ ။သရုပ်ဆောင်သူသည် မိမိပြောရမည့်စကား၊ မိမိသီဆိုရမည့်သီချင်းများကို မည်ကဲ့သို့မှတ်မိနိုင် သနည်း။ အလွတ်ကျက်မှတ်ရွတ်ဆိုသော နည်းစံနစ်ဖွဲ့စည်းပုံသည် မှတ်ဉာဏ်အထောက်အကူ ပြုခြင်း၊ စကားစုများကို ထပ်တလဲလဲ ရွတ်ဆိုခြင်း၊ ရုပ်ပုံလွှာများဖြင့်ဖော်ပြခြင်း၊ တေးဂီတကို အသုံးပြုခြင်း။

- **ရိုးရာဆိုရိုးများကိုမည်ကဲ့သို့သင်ယူ၍ မည်ကဲ့သို့လက်ဆင့်ကမ်းလွှဲပြောင်းကြသနည်း။** သရုပ်ဆောင်သူသည် ပိုမိုကျယ်ပြန့်သောရိုးရာဓလေ့ဆိုရိုးများကို အခြားဆိုရိုးများနှင့်မတူ တမူထူးခြားအောင် မိမိ၏ကိုယ်ပိုင်မှု ကိုထပ်လောင်းထည့်သွင်းပြီး၊ မူလဆိုရိုးနှင့်လည်း ကိုက်ညီအောင်မည်ကဲ့သို့ပြုလုပ်သနည်း။
- **ပြုပြင်ပြောင်းလဲလွယ်ခြင်း။** ။ ရိုးရာပုံပြင်ဆိုရိုးများသည် တနေရာနှင့်တနေရာတွင် မည်ကဲ့သို့ ပြောင်းလဲသွားသနည်း။ တချိန်နှင့်တချိန်လူ ပုဂ္ဂိုလ်တဦးနှင့် တဦးပြောဆိုသောအခါ မည်ကဲ့သို့ ပြောင်းသွားသနည်း။

## နှုတ်ပြောသရုပ်ဖော်မှုမှ အကြောင်းအရာစာမူကို ဖန်တီးယူခြင်း

နှုတ်ပြောသမိုင်းကို သင်ယူလေ့လာနေသူသည် နှုတ်ပြောသမိုင်းမှ စာအုပ်စာတမ်းအဖြစ်သို့ ဖန်တီးရာတွင် မကြာခဏ ပါဝင်၍ ၎င်းပါဝင်မှုသည် သူ၏သုတေသနတွင် အဓိကအာရုံစူးစိုက်ရာ ဖြစ်လာတတ်သည်။ နှုတ်ဖြင့် ပြောသော ရိုးရာဆိုရိုးတပုဒ်ကို စာဖြင့် ရေးချလိုက်သောအခါ၊ နှုတ်ပြောရိုးရာ အစဉ်အလာ၏ မူလရည်ရွယ်ချက်မဟုတ်သောနည်းဖြင့် ထိုဆိုရိုးကို ပုံသက်သေဖြစ်သွားအောင် ပြုလုပ်ရာ ရောက်သည်။ သို့ဖြစ်၍ကျွန်ုပ်တို့သည် အသံဖမ်း မှတ်တမ်းတင်ထားသောအချက်နှင့် ၎င်းမှတ်တမ်းမှ ထုတ်လုပ်သော စာအုပ်စာတမ်းတို့၏ ဆက်နွယ်မှုကို ထည့်စဉ်းစားရပါမည်။

### မှတ်တမ်းပြုစုခြင်း

- မှတ်တမ်းပြုစုသောဖြစ်စဉ်တွင် ဖော်ပြရမည့် အဓိကအချက်နှစ်ခုရှိသည်။
  - (၁) မှတ်တမ်းဖမ်းယူခြင်းသည် သရုပ်ဆောင်ခြင်းနှင့် မည်ကဲ့သို့ ဆက်နွယ်နေသနည်း။ (အစိတ်အပိုင်းများကိုသာ မှတ်တမ်းတင်သလား)။ ရေးထားသောစာမူသည် ပြည့်စုံသောစာမူဖြစ်သလား။ အကျဉ်းချုံး ဖြစ်သလား။ သို့မဟုတ် ကောက်နုတ်ချက်ဖြစ်သလား။
  - (၂) သရုပ်ဆောင်မှုသည်မည်မျှအထိစံနမူနာကောင်း၍ မှတ်တမ်းတင်သောလုပ်ရပ်အဆင့်ဆင့်ကြောင့် မည်ကဲ့သို့ အကျိုးသက်ရောက်မှုရှိသနည်း။

- နှုတ်ပြောသမိုင်းကို ရေးမှတ်ထားသောအခြားမှတ်တမ်း ရှိမရှိ၊ ရှိပါက ၎င်းတို့သည် ယခုကျွန်ုပ်တို့ ပြုစုထားသော မှတ်တမ်းတိပ်ခွေနှင့် စာရွက်တို့နှင့် မည်ကဲ့သို့ ဆက်နွယ်နေကြောင်း ထည့်သွင်း စဉ်းစားရပါမည်။ အခြားမှတ်တမ်းများသည် သမိုင်းမှတ်တမ်းများ၊ စာအုပ်များတွင် ပါရှိနေတတ်၍ ကိုးကားချက်အဖြစ် မတော်တဆသော်၎င်း၊ တမင်တကာသော်၎င်း ပါဝင်နေခြင်းဖြစ်နိုင်သည်။
- ဤစာရွက်စာတမ်းပါဝင်သော သုတေသနလုပ်ငန်း၏ သဘောသဘာဝကား မည်သို့ရှိသနည်း။ သုတေသီသည် ထိုအထောက်အထားစာရွက်စာတမ်းပစ္စည်းများကို မည်ကဲ့သို့ ဖန်တီးပုံဖော်ထားသနည်း။

### မူရင်းစာမူ

စာမူတခုပြုစုခြင်းမှာ၊ နှုတ်ဖြင့်ပြောပြသရုပ်ဖော်သော အချက်အလက်ထက် ပို၍ခိုင်မြဲသောအရာတခု ကို ကိုယ်စားပြုလိုက်ခြင်းဖြစ်သည်။ အထက်ပါသတင်းအချက်အလက်အားလုံးကို ပေးမထားလျှင် ရရှိလာသော သတင်းအချက်အလက်ရင်းမြစ်များကို စီစစ်သော သုတေသနအတွက် ကျွန်ုပ်တို့အသုံးပြုရမည့်ခွဲခြမ်းစိတ်ဖြာမှု စံချိန်မရှိသောကြောင့် သမိုင်း သို့မဟုတ် အဓိပ္ပါယ်မရှိဟု ကျွန်ုပ်တို့ဆိုနိုင်သည်။ ထိုမှတ်တမ်းသည် အခြား လက်ခံယုံကြည်လောက်သော မည်သည့်အထောက်အထားမှမပါရှိဘဲ အထီးတည်း ရပ်တည်နေသောကြောင့်၊ ၎င်းမှတ်တမ်းတင်ထားသော အကြောင်းအရာကို ကျွန်ုပ်တို့အနေနှင့် သုံးသပ်စိစစ်ခြင်း၊ မှတ် ကျောက်တင် စစ်ဆေးခြင်း၊ အနက်အဓိပ္ပါယ်ဖွင့်ဆိုခြင်း မပြုလုပ်နိုင်။ ဤကဲ့သို့သော အခြေအနေမျိုးတွင် ရရှိ ထားသော မှတ်တမ်းပေါ်တွင် ကျွန်ုပ်တို့က တန်ဖိုးထားခြင်းကို ပြက်ရယ်ပြုလိုကပြုနိုင်စရာအကြောင်းရှိသည်။ သို့ရာတွင် အောက်ဖော်ပြပါသတင်းကို အသုံးပြုလျှင် စာမူ Text သည် ဝေါဟာရစကားလုံးများကို မှတ်တမ်း

တင်ထားသောအရာအဖြစ် အသုံးဝင်သည်။ ထို့အပြင် ၎င်းတို့ကို ဘာသာစကားတရပ်၏ ပြောဆိုသောစကားမှ ရေးသားသော စာပေပုံစံမျိုးသို့ ကူးပြောင်းရာတွင် ထူးခြားသော သီးသန့် စာပေပုံစံတမျိုး ဖော်ထုတ် ရာတွင် အသုံးပြုနိုင်သည်။

❖ သရုပ်ဆောင်မှု၏ အတွင်းပိုင်းဖွဲ့စည်းပုံဖြစ်သော၊ စိတ်ကူးကို ထပ်ခါထပ်ခါဖော်ပြခြင်း၊ သရုပ်ဆောင်မှု ပေါ်ပေါက်လာပုံ၊ အဓိကဇာတ်ကွက်နှင့် သာမညဇာတ်ကွက်၊ ဇာတ်လမ်းဇာတ်အိမ်တည်ဆောက် အသုံးပြုပုံ၊ စိတ်ကူးစိတ်သန်းပုံဖော်အသုံးပြုထားပုံ၊ ဇာတ်ကောင်များကို သုံးပုံ၊ ဇာတ်လမ်းတည်ဆောက်ပုံ၊ ဖြစ်ပျက်သောခေတ်ကာလအချိန်သိမှတ်ပုံ စသော အချက်များကို လေ့လာစစ်ဆေးနိုင်သည်။

❖ စကားစုများကို ထပ်ခါထပ်ခါ ရွတ်ဆိုဖော်ပြခြင်းဖြင့် သရုပ်ဆောင်နေစဉ် ပြန်လည်မှတ်မိသတိရရေး အတွက်အထောက်အကူပြုသော ဖြစ်စဉ်နည်းလမ်းများကိုလည်း လေ့လာစစ်ဆေးနိုင်သည်။

❖ ရိုးရာဓလေ့အဆိုများကို အမျိုးအစားတစ်ခုအတွက်နမူနာအဖြစ် ပိုမိုနီးကပ်စွာလေ့လာစစ်ဆေးနိုင်သည်။ သရုပ်ဆောင်မှု အဖြစ်အပျက်ပါဝင်သော လူမှုရေး၊ ယဉ်ကျေးမှုနှင့် နိုင်ငံရေးအုပ်စုအမျိုးအစားကို ကျွန်ုပ်တို့ နားလည်နိုင်သည်။

## သတင်း

သရုပ်ဆောင်သူ၊ သရုပ်ဆောင်မှုနှင့် ရိုးရာအစဉ်အလာ၏ ဖွဲ့စည်းပုံတို့ကိုဆင်ခြင်ပြီးသောအခါ ထိုရိုးရာအစဉ်အလာက ဖော်ပြသောသတင်းကို နားလည်စပြုနိုင်ပြီ။ ဤရိုးရာဓလေ့ဆိုရိုးများနှင့်ပတ်သက်၍ အလွန်အကျွမ်းဝင်သည့် သူများသာ သိရှိနိုင်သည့်အချက်အလက်များအပေါ် သာမန်ပြင်ပလူပုဂ္ဂိုလ်တဦးအနေဖြင့် ထင်မြင်ချက်ပေးနိုင်သော်လည်း၊ ဤရိုးရာဓလေ့အဆိုများကို နားလည်ရန်ကြိုးပမ်းရာတွင်၊ ထိုရိုးရာဓလေ့ဆိုရိုးများကို ပေါ်ထွန်းလာစေသည့် ဘာသာစကားနှင့်ယဉ်ကျေးမှုအကြောင်း နားလည်ထားသူများ၏ အကူအညီကို ကျွန်ုပ်တို့ လိုအပ်လာပါလိမ့်မည်။ ထိုဘာသာစကား၏ဥပမာဥပမေယျ၊ စိတ်ကူး စိတ်သန်းကွန့်မြူးပုံ၊ တားမြစ်ထားသောအရာများကို ပြောဆိုသုံးနှုန်းပုံ၊ နှစ်ခွစကားများ၊ သွယ်ဝိုက် ရည်ညွှန်းသော အဓိပ္ပါယ်များအကြောင်းကို ပြောပြမည့်သူများလည်းလိုအပ်ပါသည်။ ရိုးရာအစဉ်အလာများ ၏ အချို့အစိတ်အပိုင်းများကို ဘာသာပြန်ရန် မဖြစ်နိုင်ကြောင်းနှင့် တစိတ်တဒေသကိုသာလျှင် နားလည်နိုင်ကြောင်း လက်ခံရမည်။ ဤအချက်များကြောင့် သရုပ်ဆောင်မှု တခုလုံးကို လက်မခံနိုင်စရာသတင်းဟု မပယ်ပစ်နိုင်။

♦ **လူမှုရေးသတင်း (The social message)**

  ➢ အတိတ်ကာလတွင်ရှိသော သရုပ်ဆောင်မှု၏ ပတ်ဝန်းကျင်အခြေအနေ context ကားအဘယ်သို့သော အနေအထားဖြစ်သနည်း။ ထိုအခြေအနေတို့သည် အဖွဲ့အစည်းနှင့်ဆက်စပ်နေသလား။ အများနှင့်ဆိုင်၍ လူသိရှင်ကြားဖြစ်သလား။ သရုပ်ဆောင်ပါဝင်သူ၏လူမှုရေးနယ်ပယ်တွင် မည်သည့် အဆင့်အတန်းမှ ပုဂ္ဂိုလ်ဖြစ်သနည်း။ သရုပ်ဆောင်ခြင်းကြောင့် သူ၏လူမှုရေး အဆင့်အတန်းကို မည်ကဲ့သို့လွှမ်းမိုးနိုင်သနည်း။ ၎င်းသရုပ်ဆောင်မှု၏ အဖြစ်အပျက်ကို မည်သည့်အချိန်က ပြောဆိုခဲ့ကြသနည်း။ တစုံတခုသောလူမှုအဆောက်အအုံ သို့မဟုတ် အဖွဲ့အစည်းကို အမှန်အတိုင်း ထောက်ခံပုံဖော်ရန် ထိုသရုပ်ဆောင်မှုကို ပြောဆို ကြသလား။ အခြားသော ပုဂ္ဂိုလ် များကို ဆန့်ကျင်တိုက်ခိုက်ရန် ဝါဒတစုံတခု ဖော်ထုတ်သော သရုပ်ဆောင်မှုဖြစ်သလား။ လူအဖွဲ့အစည်းအုပ်စု သို့မဟုတ် လူတန်းစားတခုကို ခံစားရန် သရုပ်ဖော်သလား။

♦ **ယဉ်ကျေးမှုဆိုင်ရာ သတင်း (The cultural message)**

  ➢ နှုတ်ပြောရိုးရာအစဉ်အလာသည် ၎င်းပေါက်ပွားခဲ့ရာ ယဉ်ကျေးမှုအကြောင်းနှင့်ပတ်သက်၍ မည်သည်ကို ဖော်ထုတ်နေသနည်း။ အဆိုပါရိုးရာအစဉ်အလာအားဖြင့် ပြောင်းလဲမှုဖြစ်ပေါ်ကြောင်း ကျွန်ုပ်တို့အနေနှင့် အဘယ်သို့ သက်သေအထောက်အထားပြနိုင်သနည်း။

  ➢ နေရာအကွာအဝေး၊ အချိန်၊ သမိုင်း၊ ပြောင်းလဲမှု၊ ပြောင်းလဲမှု၏ အကြောင်းရင်းများ စသည်တို့ နှင့် ပတ်သက်သော အကြံဉာဏ်သဘောတရားများကို မည်သည့်နည်းဖြင့် ဖော်ပြထားသနည်း။

- လူ့သဘောသဘာဝတို့၏ပြုမူကျင့်ကြံပုံများနှင့် ပတ်သက်သောသဘောတရားများ၊ အဆိုပါယဉ်ကျေးမှု၏ လူမှုရေးဒဿနအတွေးအခေါ်နှင့် ဆိုင်သောသဘောတရားများမှ ကျွန်ုပ်တို့မည်သည့်အရာကို သင်ယူနိုင်မည်နည်း။
- အဆိုပါရိုးရာအစဉ်အလာများတွင် မည်သို့သော အယူအဆများနှင့် ပုံစံသေများ (stereotypes) ရှိနေသနည်း။ သူတို့၏ လူမှုရေးနှင့် ယဉ်ကျေးမှုအနေအထားနှင့် အရေးကြီးသောအကြောင်းအရာ များကား အဘယ်နည်း။
- ယခု မျက်မှောက်ကာလ သို့မဟုတ် အတိတ်ကာလတွင် ရိုးရာအစဉ်အလာ များကို သမိုင်းသဘောအရ အမှန်တကယ်ဖြစ်သည်ဟု ယူဆခြင်းသည် အရေးကြီးသလား။ ရိုးရာအစဉ်အလာ များ နှင့် ပတ်သက်သော ဤအသိအမြင်ခံယူချက်သည် ပြောင်းလဲလာခဲ့သလား။ တကယ်ပြောင်းလဲ လာခဲ့သည် ဆိုလျှင် အဘယ်နည်း။ ရိုးရာအစဉ်အလာများသည် တကယ့်အချက်အလက်များ မဟုတ်သော်လည်း ၎င်းတို့ ကို မှန်ကန်သည်ဟု ယူဆနိုင်ပါသလား။ ဤကွာခြားချက်က ဘာအရေးကြီးသနည်း။

## သတင်းအချက်အလက်စုဆောင်းမှု

ရိုးရာအစဉ်အလာများ၏ အဖိုးတန်ခြင်းသည် ၎င်းရိုးရာအစဉ်အလာများကို စုစည်းတင်ပြမှုပေါ်တွင် မူတည်ပြီး၊ အစဉ်အလာအရေအတွက်များခြင်းကို သမိုင်းတွင် အမှန်တကယ်ဖြစ်ပျက်ခြင်း၏ အထောက်အထား အဖြစ် ယူ၍မရ။ ရိုးရာအစဉ်အလာများသည် တခုနှင့်တခု အပြန်အလှန်အမှီပြုနေသည်ကို တွေ့ရသောကြောင့် လည်းကောင်း ၊အဖြစ်အပျက်များကို မှတ်မိရန် နည်းလမ်းအဖြစ် ရိုးရာအစဉ်အလာများကို အသုံးပြုလာခဲ့ကြ သော လူ့အသိုင်းအဝိုင်းအကြောင်း သိရှိနိုင်သောကြောင့်လည်းကောင်း၊ အဖိုးတန်နေခြင်းဖြစ်ပါသည်။ မတူညီသော မူကွဲမှတ်တမ်းများကို အချင်း ချင်းနှိုင်းယှဉ်ကြည့်ခြင်းအားဖြင့်၊ ဤရိုးရာအစဉ်အလာများကို မည်ကဲ့သို့ဖွဲ့စည်းတည်ဆောက်ထားကြောင်း၊ သက္ကရာဇ်စဉ်များနှင့် မျိုးစဉ်ဆက်အမည်စာရင်းများကို မည်သည့်နည်းဖြင့် မှတ်ထားပြီး လက်ဆင့်ကမ်းပြောလာကြကြောင်း၊ တွေ့ရှိရပြီး ဤရိုးရာအစဉ်အလာများ အပေါ် လွှမ်းမိုးသည့်သမိုင်းကြောင်းဆိုင်ရာ ထင်မြင်ချက်များကို ကျွန်ုပ်တို့ နားလည်နိုင်သည်။ (သမိုင်းအထောက်အထားရှိ ဤ ရိုးရာအစဉ်အလာများကို ညွှန်းသော ကိုးကားချက်များကို အသုံးပြုထားသည့် An example of a study of an oral tradition among the Hmong people နောက်ဆက်တွဲ Appendix 2 တွင်ကြည့်ပါ။)

## ရိုးရာတေးတပုဒ်ကို နိုင်ငံတော်သီချင်းတပုဒ်အဖြစ် ပြောင်းလဲနိုင်သည်[10]

နှုတ်ပြောသမိုင်းများစွာတို့သည် နိုင်ငံရေးနှင့် လူမှုရေးအရ ဘက်မလိုက်ဝါဒမျိုးမဟုတ်ကြောင်း ထင်ရှားသည်။ နှုတ်ပြောသမိုင်းများကိုလူမှုရေးအဆောက်အအုံများ၊ အဖွဲ့အစည်းဂိုဏ်းဂဏများ၊ ဓလေ့ထုံးတမ်း များနှင့် ဝါဒသဘောတရားများကို ထောက်ခံအားပေးရန် အသုံးပြုကြသည်။ အလားတူပင် ယနေ့မြန်မာနိုင်ငံရှိ လူနည်းစု လူမျိုးစုငယ်များ၏ အသိုင်းအဝိုင်းတွင် အသံဖမ်းမှတ်တမ်းတင်၍ စာဖြင့်ရေးမှတ်ထားသော နှုတ်ပြောသမိုင်းများနှင့် ရိုးရာအစဉ်အလာများသည် နိုင်ငံရေးသဘောအရ ဘက်မလိုက်သည် မဟုတ်၊ ထိုအ သိုင်းအဝိုင်းအတွင်းနှင့် အနီးအနားအိမ်နီးချင်းလူမျိုးများအကြားတွင် အရေးပါသောကိစ္စများကို ပေါ် ပေါက် စေနိုင်သည်။ သို့ရာတွင် သမိုင်းများကို မှတ်တမ်းတင်အသံဖမ်းခြင်း၊ ရေးမှတ်ခြင်း သို့မဟုတ် ရိုးရာအစဉ်အလာစကားများကို စုဆောင်းခြင်း၏ရည်ရွယ်ချက်သည် ဤအရေးကိစ္စအတွက် မဖြစ်စေရန် သတိပြုရမည်။ ထိုလုပ်ရပ်များကြောင့် စုဆောင်း ထိန်းသိမ်းထားသော အချက်အလက်များ ပျက်စီး သွားတတ်သည်။

---

[10] 'Ideology and Oral History Institutions in Southeast Asia', Lysa H., in *Oral History in Southeast Asia*, Singapore, 1998, p.42

ဤအခြေအနေမျိုးသည် မြန်မာနိုင်ငံရှိ လူမျိုးစုငယ်များ၌သာ ထူးထူးခြားခြား ဖြစ်ပေါ်နေသည် မဟုတ်။ အောက်ဖော်ပြပါ ဥပမာသည် အာဖရိကတိုက် နမီးဘီးယားတွင် နှုတ်ပြောသမိုင်းနှင့် နှုတ်ပြောရိုးရာအစဉ်အလာကို မှတ်တမ်းတင်သော အစီအစဉ်စတင်ခဲ့စဉ်က တွေ့ကြုံရသောအဖြစ်အပျက် တစ်ခုဖြစ်ပါသည်။ ၎င်းအစီအစဉ်ကို နိုင်ငံရေးရည်ရွယ်ချက်က လွှမ်းမိုးသွားပြီး အငြင်းပွားစရာ စီမံကိန်းတခုဖြစ်လာခဲ့သည်။ မြန်မာနိုင်ငံရှိ လူ့အသိုင်းအဝိုင်းကြားဖြစ်ပေါ်သောအခြေအနေများနှင့် ဆင်တူနေသည်။

### နမီးဘီးယား နှုတ်ပြောသမိုင်း – နိုင်ငံရေးမေးခွန်းတစ်ပုဒ်

နှုတ်ပြောသမိုင်းသည် လူထု (လူမျိုးစုငယ်များ စိတ်ဝင်စားသောအုပ်စုများ၊ လူပုဂ္ဂိုလ်တဦးချင်း)ကို အင်အားဖြည့်တင်းပေးနိုင်သောကြောင့် အလွန်ပြင်းထန်သောနိုင်ငံရေး လှုပ်ရှားမှု သို့မဟုတ် နိုင်ငံရေး သဘောဆောင်သည့် လှုပ်ရှားမှုကိုဖြစ်ပေါ်စေနိုင်သည်။

လွတ်လပ်ရေးမရမီကာလများက နမီးဘီးယားသမိုင်းကို တောင်အာဖရိကလူဖြူများနှင့် ဂျာမန်သမိုင်း ပညာရှင်များ၊ ဥရောပသာသနာပြုဆရာများနှင့် ခရီးသွားမျက်မြင်သက်သေများက ရေးသားခဲ့ကြသည်။ လွပ်လပ်ရေးရပြီးနောက်ပိုင်းတွင် နမီးဘီးယားလူမျိုးများအကြားတွင် အင်အားညီအောင်လုပ်သော လှုပ်ရှား ဆောင်ရွက်မှုများ ပေါ်ပေါက်လာ၍ တိုင်းရင်းသားလူမျိုးများအကြားမှ နမီးဘီးယား သမိုင်းမှုကွဲ အမျိုးမျိုးကို မှတ်တမ်းတင်ရေးသားပြုစုလာကြသည်။ ၎င်း၏အကျိုးဆက်မှ အငြင်းပွားစရာ Namibian Orature Project (NOP) စီမံကိန်းကြီးပေါ်ပေါက်လာရခြင်းဖြစ်သည်။ Orature ဆိုသည်မှာ နှုတ်ပြောသမိုင်း၊ စာပေနှင့် ရိုးရာစကားများကို ခြုံ၍ခေါ်ဆိုခြင်းဖြစ်သည်။

NOP စီမံကိန်းသည် အခက်အခဲများနှင့် ရင်ဆိုင်တိုးပါသည်။ ထိုစီမံကိန်းသည် နမီးဘီးယားသမိုင်း ပေါင်းချုပ်ကို ရှာဖွေမှုကို ဖျက်သည့် အခြားနှုတ်ပြောအထောက်အထားမှုကွဲများကို ရှာဖွေတွေ့ရှိခဲ့သည်။ ထင်ရှားသောနမူနာတရပ်မှာ – တော်လှန်ရေးသူရဲကောင်းလည်းဖြစ်၊ လက်တွေ့ကျသောနိုင်ငံရေး ခေါင်းဆောင်လည်းဖြစ်သော ဟာရေးရို (Harero) အမျိုးသားခေါင်းဆောင် ဆင်မြူရယ်မဟာရေးရို (Samuel Maharero) ဘဝအကြောင်းဖြစ်သည်။ မော်ကွန်းတိုက်မှ ရယူသော အထောက်အထားဖြင့် ရေးသားထားသည့် တောင်အာဖရိကပါမောက္ခတဦး၏ မဟာရေးရိုအတ္ထုပ္ပတ္တိစာအုပ်ကို နှုတ်ပြောရိုးရာအစဉ်အလာများအား ထိန်းသိမ်းသည့် ဟာရေးရိုပညာရှိများက ချဲ့ထွင်ရေးထားသော၊ စော်ကားအပုပ်ချထားသော အချက်အလက်မမှန်ကန်သော စာအုပ်အဖြစ် ပြစ်တင်ပြောဆိုခဲ့ကြသည်။ နမီးဘီးယားပညာရှိများသည် ထိုစာအုပ်တွင် ပါရှိသည့်မှားယွင်းသည့် မျိုးစဉ်ဘောင်ဆက် အမည်စာရင်းအပြင်၊ ဂျာမန် အထောက်အထားများ ပေါ် ကိုးကား၍ရေးထားသော မဟာရေးရို၏သတ္တိနှင့် မသောက်မစားခြင်းကို ဝေဖန် ရှုတ်ချထားချက် အပေါ် အထူးမနှစ်မြို့ဘဲဖြစ်ခဲ့ကြသည်။ ပြိုင်ဖက်နိုင်ငံရေးအုပ်စုများက မဟာရေးရို၏ မဲကိုရှာ ဖွေနေကြသည်။ သူတို့သည် တော်လှန်ရေးလှုပ်ရှားမှုတွင် သူတို့အကြိုက်၊ သူတို့ဆန္ဒအတိုင်း နေရာဖန်တီးလိုကြ သည်။ နိုင်ငံရေးပါတီတိုင်းသည် မိမိ၏ပြိုင်ဖက်နိုင်ငံရေးပါတီ၏ နှုတ်ပြောသမိုင်း အပေါ် သံသယဝင်သောအမြင်ရှိ ကြသည်။ ထိုထက်မက ဟာရေးရိုလူမျိုးစု၏အဓိကပြိုင်ဘက်အုပ်စု နမ်မ (Nama) တို့သည် ဟာရေးရို တို့၏ နှုတ်ပြောသမိုင်း စီမံကိန်းကို မယုံ။ ၎င်းစီမံကိန်းသည် ဟာရေးရိုသမိုင်းကို နမီးဘီးယားသမိုင်းတွင် ထိပ်ဆုံး၌ တင်ရန် ကြိုးပမ်းနေကြသည်ဟု စိုးရိမ်မကင်းဖြစ်နေခဲ့ကြသည်။ ဤသို့ဖြင့် လူမျိုးစုအုပ်ချုပ်သော နိုင်ငံများမှ လွတ်လပ်စည်းလုံးသည့် နမီးဘီးယားနိုင်ငံတော်သစ်အဖြစ် ရောစပ်ရန် ကြိုးပမ်းနေသည့် အာဖရိက နိုင်ငံသစ် တွင် နှုတ်ပြောသမိုင်းစုဆောင်းသော လုပ်ငန်းသည် နိုင်ငံရေးဇာတ်ရှုပ်ဖြစ်လာကြောင်း တွေ့မြင်နိုင်သည်။

**နှုတ်ပြောသမိုင်းသည် မှန်ကန်သောသို့မဟုတ် အများသဘောတူလက်ခံသော ဖြစ်ရပ်မှတ်တမ်းကို တင်ပြပေးမည်ဟုယူဆခြင်း၏ ဘေးအန္တရာယ်ကို နမီးဘီးယားအတွေ့အကြုံက သရုပ်ဖော်ပြသနေပါသည်။ နှုတ်ပြောသမိုင်းသည် သိကြားမြင်တွေ့ရသောမှတ်တမ်းကိုသာ ပေးနိုင်ပါသည်။** ဤအချက်အလက်များသည် လက်ခံရရှိသောမှတ်တမ်းများအတွက် အသုံးဝင်သော ထောက်ကူဖြည့်စွက်ချက်များသာ ဖြစ်သင့်သည်။ လူထု နှင့် နိုင်ငံတော်လူမျိုးများအတွက် ရိုးရာဓလေ့ဆိုရိုးများ ယဉ်ကျေးမှုများနှင့် သမိုင်းများမှ အင်အားရယူဖို့ သာ ဖြစ်သင့်သည်။ **သို့သော် တဖက်မှာလည်း အုပ်စုတစ်စုနှင့်တစုကြား ဆက်ဆံရေးကို မတည် မငြိမ်လည်းဖြစ်စေ နိုင်သည်။ နှုတ်ပြောသမိုင်းသည် အခြားသမိုင်းများနည်းတူ ဝါဒဖြန့်မှုကို တိုက်ခိုက်နိုင်သကဲ့သို့ အားလည်းပေး နိုင်သည်။**

အထက်ပါ ဖြစ်ရပ်ဖြင့် သတိပေးနေသည်များ ရှိသော်လည်း၊ နမီးဘီးယားစီမံကိန်းသည် နှုတ်ပြောယဉ်ကျေးမှုဓလေ့ကို အာရုံစိုက်မိရန်နှင့်၊ နိုင်ငံတနိုင်ငံဖွံ့ဖြိုးရေးတွင် ပါရှိသည့် ၎င်း၏ကဏ္ဍကို အောင်မြင်စွာ မီးမောင်းထိုးပြနိုင်ခဲ့သည်။ အခက်အခဲများကြောင့်ကား ကြိုးပမ်းချက်သည် အချည်းနှီး မဖြစ်သွားပါ။ ထိုလုပ်ငန်းမျိုး၏ ဖျက်ဆီးသော စွမ်းအားကိုထိန်းသိမ်းရန် လိုအပ်ကြောင်းကိုပင် သိသာထင်ရှားစေသည်။ မြန်မာနိုင်ငံနှင့် ၎င်းရှိလူမျိုးစုဌသာမက အရှေ့တောင်အာရှဒေသ၏ အခြားနေရာများတွင်လည်း နှုတ်ပြောသမိုင်းနှင့် ရိုးရာအစဉ်အလာများကို အသုံးပြုရန် ဖန်တီးနေသော နိုင်ငံရေးဖိနှိပ်မှုများရှိနေသည်။ ယင်းဖိနှိပ်မှုများမှာ တွန်းလှန်ရန် ခက်ခဲလှသည်။ ထိုင်းနှင့် စင်္ကာပူ လူမျိုးများ၏ သမိုင်းတွင် အထူးကျွမ်းကျင်သူ ဟွန်လီဆာ(Hong Lysa) က အောက်ပါအတိုင်းဖော်ပြသည်။

> ‘အရှေ့တောင်အာရှရှိလူမျိုးများ အသိုင်းအဝိုင်းတွင် လွတ်လပ်စွာ သီးခြားပညာလေ့လာဆည်းပူးသော ဓလေ့မရှိ။ ကိုလိုနီခေတ်မတိုင်မီအချိန်က၊ သမိုင်းရေးသားပြုစုခြင်းနှင့်အခြားပညာရေး၊ ဘာသာရေးလုပ်ဆောင်မှုများကို တရားရုံးတော်များ၏ သီးခြားပိုင်ဆိုင်ခွင့်အဖြစ် ထိန်းသိမ်းထားရှိပြီး၊ နိုင်ငံရေးလုပ်ငန်းတစ်ရပ်အဖြစ် တည်ရှိခဲ့သည်။ အလားတူပင် သမိုင်းသုတေသနလုပ်ငန်းကို ကိုလိုနီခေတ်နောက်ပိုင်း လွတ်လပ်သော နိုင်ငံများတွင် အားပေးအားမြှောက်ပြုသော်လည်း၊ အမျိုးသားအရေးနှင့် နိုင်ငံတော်ပြန်လည်တည်ထောင်ရေးဟူသော ကိစ္စတွင် အသုံးပြုသည့် ဝန်ထုပ်ဝန်ပိုးဖြစ်လာကြသည်။ ဤသို့ဖြင့် နှုတ်ပြောသမိုင်းများ မပျောက်ခြင်းမှာ သမိုင်းအဖြစ်အပျက်များနှင့် ပတ်သက်၍ မည်သည့်အဖြစ်အပျက်က အရေးကြီးသည် – ၎င်းတို့၏ အနက်အဓိပ္ပာယ်က ဘာဖြစ်သည် စသဖြင့် ဖွင့်ဆိုသည့် စာနယ်ဇင်း နှင့် ကျောင်းသုံးစာအုပ်များကို ပြဋ္ဌာန်းသော အစိုးရဌာနများနှင့် နိုင်ငံရေးခေါင်းဆောင်များကြောင့်ဟု ဆိုရပေမည်။’[1]

နိုင်ငံရေးခေါင်းဆောင်များဟုဆိုရာတွင် နိုင်ငံရေးအရလတ်တလောလိုအပ်နေသော “အမြင်မှန်” ကို ရပ်ရွာပြည်သူလူထုအပေါ် အတင်းရိုက်သွင်းနေသော ဒေသခံရပ်ရွာခေါင်းဆောင်များကိုလည်း ရည်ညွှန်းနိုင်သည်။ ယခုအခြေအနေအရ ဤလုပ်ငန်းတွင်ပါဝင်သောမြန်မာနိုင်ငံမှ လူနည်းစုများ၊ အထူးသဖြင့် သူတို့ကိုယ်တိုင် ဤလုပ်ငန်းလုပ်ဆောင်သည့် ရပ်ရွာအသိုင်းအဝိုင်းမှဖြစ်နေလျှင် အဆိုပါဖိအားကို ခုခံတွန်းလှန်ရန် အလွန်ခဲယဉ်းသည်။ မည်သို့ဆိုစေ ယနေ့ ဤစာရွက်စာတမ်းများတွင် အရေးပါသောအရာများ ပူးတွဲထားသမျှကို မပျောက်မပျက်ကျန်ရှိစေရန် ကျွန်ုပ်တို့ မဖျက်ဆီးဘဲ ထားဖို့ အရေးကြီးသည်။ ရရှိထားသော အချက်အလက်များကို သင့်လျော်သော အထောက်အထားများနှင့်တကွ ပြုစုထားပြီး၊ အသံဖမ်းမှတ်တမ်းများကိုလည်း မှန်ကန်စွာ စံနစ်တကျ အမျိုးအစားအုပ်စုခွဲ၍ ထိန်းသိမ်းထားခြင်းအားဖြင့် ဒေသခံလူမျိုးများ၏ စာပေရေးသားမှုကို တိုးတက်အောင် ဆက်လက်လုပ်ဆောင်ရန် ရေရှည် အထောက်အကူဖြစ်နိုင်သည်။ ထို့ပြင် ထိုမှတ်တမ်းများကို အခြားနည်းဖြင့် အသုံးပြုလို၍ မိမိဘာသာ အနက်ဖွင့်ပြီးဆုံးဖြတ်ချက်ချလိုသော နောင်လာနောက်သားများအတွက်လည်း အဖိုးတန်မှတ်တမ်းများ စုဆောင်းထားရာ ရောက်ပါသည်။

## မြန်မာနိုင်ငံမှနှုတ်ပြောရိုးရာဆိုင်ရာ ဖြစ်ရပ်မှန်နှင့် (သမိုင်းကို နားလည်ရန်အတွက်) ၎င်းဖြစ်ရပ်မှန်ကပေးသည့် အထောက်အကူကို လေ့လာခြင်း – ကချင်ဂွမ်ဆာ–ဂွမ်လောင် အငြင်းပွားမှု

မြန်မာနိုင်ငံနှင့်၎င်းရှိလူမျိုးစုများ၏ အသိုင်းအဝန်းအကြောင်းလေ့လာနိုင်မည့် ခေတ်မီစာအုပ်ကောင်း အလွန်ရှားပါးသည်။ ဤအခြေအနေမျိုးတွင် မလွှဲမရှောင်သာဘဲ မြန်မာနိုင်ငံနှင့်ပတ်သက်သော စာအုပ်စာတမ်းများ ရှားပါးမှုကြောင့် မြန်မာနိုင်ငံအကြောင်း ဆွေးနွေးချက်များသည် လက်ရှိအမှန်ဖြစ်ပျက်နေသော

[11] ibid., p. 36

အခြေအနေနှင့်ပိုမိုဝေးကွာသွားကြောင်းတွေ့ရသည်။ ဥပမာအားဖြင့် မြန်မာပြည်မြောက်ဘက်စွန်းဒေသနှင့် ထိုဒေသတွင်နေထိုင်သော လူများအကြောင်း စိတ်ဝင်စားသူတိုင်းက လက်စွဲစာအုပ်အဖြစ်အသုံးပြုသော Political systems of Highland Burma: A Study of Kachin Social Structure စာအုပ်က အဓိကနေရာတွင် ယူထားသည့်အချက်ဖြစ်သည်။

ဤစာအုပ်ကို အက်ဒမန် လိချ် (Edmund Leach) ကရေးသားပြုစု၍ ၁၉၅၄ခုနှစ် လန်ဒန်မြို့တွင် ပုံနှိပ်သည်။ ဤစာအုပ် သည်ယနေ့တိုင်အောင် ကိုးကားကျမ်းအဖြစ် ဆက်လက်ရပ်တည်နေပြီး မနုဿဗေဒပညာရှင်များ နှစ်ပေါင်း ၅၀ နီးပါး အငြင်းပွားခဲ့သော သဘောတရားတစ်ရပ်ကို ဖော်ထုတ်ထားသည်။ ဤအငြင်းပွားမှုသည် ကချင်လူမျိုး များအတွက် မည်သည့်အထောက်အထားအသစ်ကိုမျှ မပေးနိုင်ခဲ့သောအရာဖြစ်သည်။

လိချ် သည် ၁၉၃၉ခုနှစ်ကတရုတ်နယ်စပ်အနီးရှိ ဂျင်းဖောတို့၏ ဖလန်း (Palang) ရွာတွင် လက်တွေ့ကွင်းဆင်းသုတေသနပြုရန်မြန်မာနိုင်ငံသို့ ပထမဆုံးသွားရောက်ခဲ့သော မနုဿပညာရှင်ဖြစ်သည်။ ဒုတိယကမ္ဘာစစ် ပေါ်ပေါက်လာခဲ့သောကြောင့်သူ၏အစီအစဉ်တမျိုးပြောင်းသွားခဲ့သည်။ သူ၏စာအုပ်တွင်အလွန်ဩဇာကြီးသော ဂွမ်ဆာ ဂွမ်လို (Gumsa-gumlao) သဘောတရားကို အသေးစိတ်ဖော်ပြထားသည်။ ဂွမ်ဆာ အုပ်ချုပ်မှုစံနစ်သည် ပြည်သူလူထုကို ဖိနှိပ်ချုပ်ချယ်၍ အခွန်ကောက်စားသော ကချင်ဒူဝါများ၏ စံနစ်ဟု လိချ်က ယူဆခဲ့သည်။ ဤကချင်ဒူဝါများသည် ရှမ်းစော်ဘွားများကို အားကျအတုယူ၍ အာဏာရှင်စံနစ်မျိုးဖြင့် အုပ်ချုပ်ခဲ့ကြခြင်းဖြစ်ကြောင်း လိချ်က မြင်ခဲ့ရသည်။ ကာလကြာညောင်းလာသောအခါ ကချင်ရွာသူရွာသား အရပ်သားများက ဤပဒေသရာဇ်အုပ်ချုပ်မှုကို တော်လှန်ပုန်ကန်၍ ဂွမ်လို (Gumlao) စံနစ်ခေါ်အများ ပြည်သူဆန္ဒဖြင့် အုပ်ချုပ်သည့် (ဒူဝါများ၏အုပ်ချုပ်သူလူတန်းစားမျိုးရိုးမပါဝင်သော) စံနစ် ပေါ်ပေါက် လာခဲ့သည်ဟု သူက ယူဆသည်။ ဤအချိန်ကြာလာသောအခါ ဤစံနစ်သည် ဂွမ်ဆာ စံနစ်ပုံစံသို့ တဖြည်းဖြည်းပြန်ကူးပြောင်းသွားသည်ဟု ဆိုသည်။ လိချ်၏သီဝရီအရ ကချင်လူမျိုးများတွင် ဤအုပ်ချုပ်မှု စနစ်နှစ်မျိုးအကြား အပြန်အလှန် ကူးပြောင်းလျက်ရှိကြောင်း ဖော်ပြထားသည်။ နောက်နှစ်ပေါင်းများစွာအတွင်း လိချ် ဖော်ပြသော သဘောတရားကို အခြေ အတင် ဆွေးနွေး လာခဲ့ကြသော်လည်း ကချင်လူမျိုးများကိုယ်တိုင် အသိုင်းအဝိုင်းကြားမှ အဖြစ်အပျက် အထောက် အထားများအပေါ် အခြေမခံဘဲ လိချ်၏ အသုံးအနှုန်းများပေါ်၌သာ အခြေခံ၍ အခြားသီဝရီများ အပေါ် သုံးသပ်ခဲ့ကြခြင်းဖြစ်သည်။

လိချ်အနေဖြင့် ဂွမ်လို gumlao ဟူသောဝေါဟာရမည်သို့စတင် ပေါ်ပေါက်ကြောင်း သေချာစွာ မလေ့လာခဲ့ ကြသော အနောက်တိုင်းအရာရှိများ၊ သာသနာပြုဆရာများနှင့် အုပ်ချုပ်သူများ ရေးသားပြုစုခဲ့သောသမိုင်းဝင်စာ ရှက်စာတမ်းအထောက်အထားမှတ်တမ်းများပေါ် အခြေခံ၍သူ၏ စာတမ်းကို ပြုစုထားခြင်းဖြစ်သည်။ သို့ရာတွင် ယနေ့ကချင်လူမျိုးစုအသိုင်းအဝိုင်းက ဂွမ်လိုနှင့် ဂွမ်ဆာ အုပ်ချုပ်ရေးစံနစ်နှစ်မျိုးကိုအတန်းအစား ခွဲခြားထားပုံအရဆိုလျှင် လိချ်တင်ပြခဲ့သော အာဘော်နှင့် အတော်ကွဲလွဲနေကြောင်း တွေ့ရှိရသည်။

ယနေ့ကချင်လူမျိုးစုမျိုးနွယ်များက gumchying gumsa အုပ်ချုပ်ရေးစံနစ်ကို မျိုးရိုးအလိုက် ကချင်ဒူဝါ များကပြည်သူလူထုထံမှ အလွန်အကျွံ အခွန်ကောက်စားသော အုပ်ချုပ်မှုစံနစ်အဖြစ် သတ်မှတ်ပြီး gumrawjng gumtsa အုပ်ချုပ်ရေးစံနစ်ကို ပြည်သူလူထုအများသဘောတူရွေးကောက်တင်မြှောက်ထားသောသူကြီးနှင့်မျိုး ရိုးများကတရားမျှတစွာဖြင့် ပြည်သူလူထုအကျိုးရှေးရှု၍ အုပ်ချုပ်သောစံနစ်ဟု သတ်မှတ်ကြသည်။ Gumlao စံနစ်သည် အာဏာရှင်အုပ်ချုပ်သူ ဒူဝါများကို တော်လှန်ပုန်ကန်၍ ပြည်သူလူထုသည်းခံခွင့်လွှတ်နိုင်သော အုပ်ချုပ်ရေးအဆင့်သို့ ပုံမှန်ပြန်ရောက်ရန် လှုပ်ရှားမှုဖြစ်၍ ၎င်းကို အုပ်ချုပ်ရေးစံနစ်တခုဟု မသတ်မှတ်ကြ။ Gumrsawng gumtsa အုပ်ချုပ်ရေးစံနစ်မအောင်မြင်လျှင် gumlao ဟူသော ဝေါဟာရသည် အပြုသဘောထက်အဖျက်သဘောဆောင်၍ စည်းမဲ့ကမ်းမဲ့မင်းမဲ့ဝါဒဟူသော သဘောသက်ရောက်သည်။

သို့ဖြစ်လျှင် ယနေ့ဒေသခံကချင်လူမျိုးများရှင်းပြသော လူမှုရေး– နိုင်ငံရေး အဆောက်အအုံသဘောနှင့် လိချ် ရှင်းပြသောသဘောတရားတို့ကြား ကွာခြားချက်ကို မည်ကဲ့သို့ရှင်းလင်းရမည်နည်း။ လိချ်မှားသ လား။ သို့မဟုတ် သူ၏ဖော်ပြချက်သည် တခုတည်းသောအကြောင်းအရာတရပ်ကို အခြားရှုထောင့်တမျိုးဖြင့် ဖော်ပြခြင်းလား။ ယနေ့ကချင်လူမျိုးအသိုင်းအဝိုင်း၏ သဘောပေါက်နားလည်ခြင်းသည် လိချ်ခေတ်က ကချင်များ နားလည်ခြင်းနှင့် ကွာခြားကြောင်းထင်ရှားသော်လည်း မနုဿဗေဒပညာရှင်များသည် မှားယွင်းသောအနက်ဖွင့်မှုအပေါ် အခြေခံ၍ ကချင်လူမှုအသိုင်းအဝိုင်းပေါ် ရှုမြင်နားလည်ခြင်းဖြစ်နိုင်ရာ ဤအချက်

သေချာကြောင်း ကျွန်ုပ်တို့ မည်သို့သိရှိနိုင်မည်နည်း။ အတိအကျကို မည်သည့်အခါမျှ သိနိုင်မည် မဟုတ်သော်လည်း ကချင်ဂျင်းဖော နှုတ်ပြောသမိုင်းကိုလေ့လာခြင်းသည် ဤအခြေအတင်ဖြစ်မှုအတွက် နက်ရှိုင်းသော အမြင်တရပ်ကို အနည်းဆုံးထပ်လောင်းပေးနိုင်ပါမည်။ ဤသို့သောနည်းဖြင့် ယုတ်စွအဆုံး ဒေသခံလူမျိုးစု အသိုင်းအဝိုင်းအကြောင်း အနက်ဖွင့်ရန် ကြိုးပမ်းသော သူများအပေါ် မှီခိုမည့်အစား ဒေသခံ လူမျိုးစုများ ကိုယ်တိုင်၏ အနက်ဖွင့်ရှင်းလင်းချက်ကို ကိုးကားရည်ညွှန်းနိုင်ပါမည်။

ဤခြားနားသော အုပ်ချုပ်ရေးစံနစ်များ စတင်ဖြစ်ပေါ်လာပုံ ဒဏ္ဍာရီကိုဖော်ပြသည့် နှုတ်ပြောသမိုင်းကို ဆင်ခြင်သုံးသပ်သောအခါ ထိုဒေသခံလူမျိုးများ၏ ဓလေ့ထုံးတမ်းနှင့် အကျွမ်းမဝင်သောလူများကို ရှင်းလင်း တင်ပြရာတွင် ပေါ်ပေါက်လာတတ်သော အခက်အခဲ (ရှုပ်ထွေးမှု) အား သိရှိနိုင်သည်။ ဗြိတိသျှ အရာရှိတဦးက **သင် ဂွမ်လိုလား** ဟုမေးလျှင် ဒေသခံ ရွာသားအများစုအတွက်၊ ဒေသခံလူထု လူတန်းစားကခံယူသော၊ ရှုပ်ထွေးသည့်သဘောကို မဆောင်သော၊ ကချင် လူထုနှင့် ဗြိတိသျှအစိုးရအကြား ဆက်ဆံမှုကို ဖော်ပြသည့် အသုံးအနှုန်းမျိုးဖြစ်လာပြီး ဟုတ်/မဟုတ် ဟူသောအ ဖြေပေးကြမည်။ ဥပမာ– Chyup Chya Nga ဟူသောနှုတ်ပြောရိုးရာအဆိုကို ဘာသာဗေဒနှင့်ကဗျာကာရံ ဖွဲ့စည်း တည်ဆောက်ပုံ ရှုထောင့်ဖက်မှ သုံးသပ်ကြည့်လျှင်၊ ထိုရိုးရာအဆိုတွင် gumrawng gumtsa စံနစ်ပေါ်ပေါက် လာပုံရှင်းလင်းချက်ဒဏ္ဍာရီကို တွေ့ရမည်ဖြစ်ပြီး ကဗျာလင်္ကာပုံစံရွတ်ဆိုသောစကားစုကို ပုံဖော်ရန် စကားဖို စကားမ၊စုံတွဲဝေါဟာရများကို အသုံးပြုရန်လိုကြောင်း သိရှိရသည်။ အောက်ပါကဗျာလင်္ကာ ကောက်နှုတ်ချက် သည် လွတ်လပ်ရေးမတိုင်မီ ကာလက ဂွမ်လောအုပ်ချုပ်ရေးစံနစ် အဓိကကျင့်သုံးခဲ့သူများ ဖြစ်သော Lahpai မျိုးနွယ်စုများ အများစုနေထိုင်ခဲ့သော Mali နှင့် Nmai မြစ်ဆုံအထက် dumsa တစ်ဦးက ၁၉၉၂ ခုနှစ်တွင်ရွတ်ဆိုသော နတ်လင်္ကာမှကောက်နှုတ်ချက်ဖြစ်သည်၊၊ ဤနတ်လင်္ကာကို မြစ်ကြီးနားမြို့ တွင် ရွတ်ဆိုခဲ့ခြင်းဖြစ်၍ ယဇ်ပူဇော်ခြင်း မပါဝင်ခဲ့ပါ။

*Ya gumrawng gumtsa nga ai matut gaw,*
*Ning dung lep ma hkringwa yu daw,*
*E...gumlau nga ai ninghpang nchyan hprep dumsa yu gaw*
*Gumchying gumsa rau gumrawng gumtsa garan ai*
*Gumlau munghkawng mung kachyan ai*

ဆီလျော်စွာဘာသာပြန်ချက်မှာ –

*ယခုကျွန်ုပ်သည် gumrawmg gumtsa စံနစ်၏မူလဇစ်မြစ်ကိုရွတ်ဆိုပါသည်။ အကြမ်းဖျဉ်း အားဖြင့်သာရွတ်ဆို၍ အဖျားပိုင်းကိုသာ ဖြတ်တောက်ပါမည်။ (လိုရင်းကိုသာ ရွတ်ဆိုမည်။) Gumlau တော်လှန် ရေး၏ မူရင်းနေရာမှ gumchying gumsa နှင့် gumrawng gumtsa စံနစ်တို့ဟူ၍ ခွဲထွက်သွားခြင်း အကြောင်းကို ပြောပြပါမည်။*

Gumchying နှင့် Gumsa တို့သည်စကားဖို စကားမစုံတွဲ ဝေါဟာရများဖြစ်ပြီး၊ Gumrawng နှင့်gumtsa နည်းတူဖြစ်သည်။ Gumlau ဟူသောဝေါဟာရသည် နောက်ပိုင်းတွင် gumle ၏ပူးတွဲပါ ဝေါဟာရ ဖြစ်ကြောင်းတွေ့ရသည်။ ရိုးရာလင်္ကာများကို ကာရံနဘေနှင့် အသံ ထွက်မှန်ကန်စွာ ရွတ်ဆိုနိုင်ရန် စကားဖို စကားမ စုံတွဲဝေါဟာရ couplets များလိုအပ်သည်။ ဤအကြောင်းကြောင့်ဒေသခံလူထုသည် ဥပမာ–gumsa ဟုမခေါ် ဆိုပဲ gumchying gumsa ဟု ခေါ်ဝေါ်သုံးနှုန်းကြခြင်းဖြစ်သည်။ ဤအချက်ကို အခြေခံ၍ ကျွန်ုပ်တိုအနေဖြင့် မြစ်ကြီးနားအရေးပိုင် မစ္စတာဟာ့တ်ဇ် (Mr.W.A.A. Hertz) ကသူ၏ အစီရင်ခံစာ (Report on a visit to the Hukawng Valley in March- April[IOR: Mss Eur/f/116/82] တွင် ဖော်ပြထားသောရှုပ်ထွေးမှုကိုရှင်းလင်းနိုင်ပါသည်၊၊

*62 –ဂါတောက်မှ မဂွေတောင် သို့ ခရီးစဉ်*

*မဂွေတောက်မှ မလိခ (ဧရာဝတီ) အထိ တောင်တန်းများကို ဖြတ်ကျော်ကာ ၃ ရက် ခရီးအကွာ အဝေးရှိကြောင်းသိရသည်။ ဤဒေသတွင် မြေပြန့်လယ်ယာများနည်းပါး၍ ဒေသခံလူထု သည် တောင်ယာ အဓိက လုပ်ကိုင်စားသောက်ကြသည်။ ရွာတွင် ကျန်ဦးရေ ၁၂၀ ခန့်ရှိပြီး သေနတ် ၂၂လက်ရှိသည်။ အဂိဝါ (ရွာသူကြီး)များအနေဖြင့် သူတို့၏ရွာသားများ gumlau ဖြစ်ကြောင်း ဝန်ခံကြမည်မဟုတ်။ Kumlao kumsa (gumsau gumsa များ) သာဖြစ်ကြောင်းပြောကြမည်။*

*Kumsa (gumsa) သည် Kumlao (gumlau ၏ ဆန့်ကျင်ဘက် ဝေါဟာရဖြစ်ပြီး ဤဝေါဟာရနှစ်ခု ဒွန်တွဲလွန်ဆွဲနေကြသည်။ မည်သို့ပင်ဆိုစေ၊ ဤပူးတွဲနေ သော စုံတွဲဝေါဟာရသည်၊ လူထုအနေဖြင့် republican များ၏ လမ်းစဉ်ကို လက်ခံကျင့်သုံးသော်လည်း မိမိတိုကိုယ်တိုင် kumlao (gumlau)များဟု ပွင့်ပွင့်လင်းလင်းမကျေညာကြသေးကြောင်းထင်ရှားစေသည်။*

သို့ရာတွင် နှုတ်ပြောရိုးရာအစဉ်အလာကိုလေ့လာကြည့်လျှင် kumlaokumsa (gumlau gumsa) ဟူသောဝေါဟာရတွင် ကိုယ့်ဖာသာကိုယ်ဆန့်ကျင်နေမှုမျိုး မပါဝင်ကြောင်း တွေ့ရသည်။

Gumlaugumtsa mung wunda tu ai jaw latsa e,
Gumlau mung ngang rat,
Prat latsa e gumrawng gumtsa mung nga jat,

[gumrawng gumtsa သည်ရာစုနှစ်ပေါင်းများစွာတိုးတက်ဖွံ့ ဖြိုးလာပြီး၊ အလွန်တည်တံ့ခိုင်မြဲ၍လုံခြုံမှု ရှိလတ္တံ့။]

ယခုအခါ နတ်လက်ာရွတ်ဆိုရာတွင် ကာရံညီရန် လိုအပ်သောကြောင့် gumlau ကို gumtsa နှင့် တွဲထားသည်။ ဤဝေါဟာရနှစ်ခုကို အပြန်အလှန်အဓိပ္ပာယ်ယူ၍ မရသော်လည်း၊ သူနေရာနှင့်သူ ဆီလျော်သလို အဓိပ္ပာယ်ကောက်ယူဖော်ထုတ်ပေးနိုင်သည်။ ဤ ဒွန်တွဲလွန်ဆွဲနေသော ကိုယ့်ဖာသာကိုယ်ဆန့် ကျင်နေမှု (contradiction) ကို ပိုမိုပြည့်စုံစွာနားလည်ရန် လုံလောက်သော သတင်းအထောက်အထားလည်း မရရှိထားခဲ့ကြောင်း ထင်ရှားသည်။

ထိုသို့ဆိုလျှင် နှုတ်ပြောရိုးရာအစဉ်အလာနှင့် ၎င်းအစဉ်အလာကဖော်ပြနေသည့် နိုင်ငံရေးဖြစ်စဉ် တို့ကြား ဆက်နွယ်မှုကား အဘယ်နည်း။ ဤအချက်ကိုလည်း လိချ်က ကိုင်တွယ်ဖြေရှင်းခဲ့ခြင်းမရှိ။ သို့ရာတွင် ဂွမ်လို ဟူသော အသုံးအနှုန်းကို ကချင်လူထုက မကောင်းသောစကားလုံးအဖြစ် အဘယ့်ကြောင့် မြင်ခဲ့ကြောင်းကို ကျွန်ုပ်တို့ နားလည်ရန်အတွက်ကား အထောက်အထားအကူ ပြုပေသည်။ သမိုင်းကြောင်းကို ပြန်စစ်ကြည့်လျှင် gumlao/kumsau ဟူသော ဝေါဟာရကို ပထမဆုံး ဖော်ပြခဲ့သော အထောက်အထားကို လန်ဒန်မြို့ရှိ British Library တွင် စုဆောင်းထားသော Captain Jenkins (Agent on North East Frontier in 1832) ၏ ကိုယ်ရေး ကိုယ်တာမှတ်တမ်း [IOR:MSS EUR F/257/3 Captain Jenkins' Private Journal No.3 1832] တွင် တွေ့ရသည်။ ထိုအခါက ဗြိတိသျှအနေဖြင့် ဤဝေါဟာရကို တော်လှန်ပုန်ကန်သောအဖွဲ့ ဟူသောအနက်ရှိသည့် အသုံးအနှုန်းအဖြစ် စိတ်မဝင်စားခဲ့ကြပေ။ဂျင်ကင်း (Jenkins) သည် အာသံ–မြန်မာနယ်စပ်ရှိ Singpho များအကြောင်းကို တင်ပြခဲ့သည်။

> *"သူတို့သည် သူတို့၏နယ်မြေဒေသတွင်နေထိုင်စဉ် အာသံကိုကျူးကျော်ဝင်ရောက် တိုက်ခိုက်လုယူ၍ ကျွန်များဖမ်းယူခြင်းမပြုမီ သူတို့၏ တောင်ယာလုပ်ငန်းနှင့် နေ့စဉ်အိမ်လုပ်ငန်းဆောင်တာများကို ထမ်းဆောင်ခိုင်းရန်အတွက် ကိုယ့်ကိုယ်ကို ကာလအခိုက်တန့်ဖြစ်စေ၊ တသက်လုံးဖြစ်စေ၊ ပိုမိုချမ်းသာ သောအိမ်နီးချင်းသို့မဟုတ် လူမျိုးစုအကြီးအကဲဒူဝါများထံ ကိုယ့်ဖာသာ လုပ်အားရောင်းချသော ဆင်းရဲနွမ်းပါးများ ကို အသုံးပြုကြသည်။ တခါတရံ တဦးတယောက်၏ သမီးကို ဇနီးမယားအဖြစ် ရယူလိုသောသူက ဤနည်းဖြင့် ထိုအိမ်ထောင်စုဝင်အဖြစ် ဝင်ရောက်လုပ်ကိုင်သော်လည်း၊ နိမ်သောသဘော၊ နိမ့်ကျသောသဘော မဆောင် ပေ။ Singpho တို့သည် ဤသို့မှီခိုလုပ်ကိုင်ခြင်းကို Goomlao ဟု ခေါ်ဝေါ်ကြသည်။"*

Gumlao/kumlao ဟူသောဝေါဟာရကို ပူးကပ်နေသောစုန်းကို ရှာထဲမှ မောင်းထုတ်သော နတ်ကိုးကွယ်မှု လုပ်ထုံးတခုတွင် တွေ့ရသည်။ အခြားအရပ်များမှ အလားတူဘာသာရေးလုပ်ထုံးများကို လေ့လာကြည့်ပါက ဝိုင်းနှိမ်ခဲ့ရသူများ (goomlaoများ) ကို နတ်များနှင့်ဆက်သွယ်နိုင်သော တန်ခိုးစွမ်းအား သုံး၍ စုန်းနှင်ထုတ်ပေးခြင်းဖြင့် ထိုအနှိမ်ခံ စုန်းပူးသူများ၏ လူမှုရေးအဆင့်အတန်းကို မြှင့်တင်ပေးကြောင်း သိရ၏။ သို့ရာတွင် စုန်းပူးသောသူများနှင့် နတ်ဝိညာဉ်များကို ဆက်သွယ်နိုင်သောစွမ်းအား အသုံးပြုခြင်းသည် အုပ်ချုပ်သူလူတန်းစား ဒူဝါများအတွက် စိုးရိမ်စရာဖြစ်လာနိုင်ပြီး၊ ရပ်ရွာလူထုကို အနှောင့်အယှက် ဒုက္ခပေးနိုင်ကြောင်းစွပ်စွဲ၍၊ အဆိုပါစုန်းပူးသူများကို ရပ်ရွာတွင်းမှ မောင်းထုတ်သောအဆင့် ရောက်သွားတတ်သည်။ ဤအချက်ကို ထောက်၍ ဂျင်းဖော အသိုင်းအဝိုင်းတွင် ဂွမ်လို gumlaoဟူသော ဝေါဟာရကို

အနက်အဓိပ္ပာယ်အမျိုးမျိုး ကောက်ချက်ချ ဆက်စပ်ယူနိုင်သည်။

ရိုးရာအစဉ်အလာသည် လိပ်ချ်၏ နားလည်စေလိုသည့် စေတနာကို မငြင်းပါ။ အရေးကြီးဆုံးအချက် အနေဖြင့် ဤ နူတ်ပြောရိုးရာအစဉ်အလာကို လေ့လာခြင်းဖြင့် ကာလကြာရှည်စွာ လစ်လျူရှုထားခံရသော နိုင်ငံရေးဖြစ်စဉ်အပေါ် ဒေသလူထုက အနက်ဖွင့်ချက်အကြောင်း ပိုမိုသိလာရခြင်း ဖြစ်ပါသည်။ သမိုင်းရာဇဝင် အထောက်အထားများကို ဘက်မလိုက်ဘဲ ပြန်လည်တည်ဆောက်ရန် ကျွန်ုပ်တို့ကြိုးပမ်းမှုကို ဘက်ပေါင်းစုံမှ နိုင်ငံရေး ဖိအားပေးခံရသော အခြေအနေမျိုးတွင် အခြားတရားဝင်ဘောင်အတွင်းမှာရှိသော သမိုင်း အထောက်အထားများမှ မရရှိနိုင်သည့် အမြင်များကို အလားတူ ဖိအားပေးမှုခံရသော နှုတ်ပြောရိုးရာ အစဉ်အလာများက အတိုင်းအတာတခုအထိ ဖော်ပြပေးနိုင်ပါသည်။



# အပိုင်း - ၃ နားထောင်ခြင်းနှင့်ဖွံ့ဖြိုးတိုးတက်ခြင်း

**နှုတ်ပြောသုတေသနလုပ်ငန်းနှင့်ဖွံ့ဖြိုးရေးကိစ္စများ**

ဖြစ်ရပ်မှန်လေ့လာခြင်း ၁–၃

**ပညာရေးနှင့် နှုတ်ပြောသမိုင်း**

- နှုတ်ပြောသမိုင်းသင်ခန်းစာအစီအစဉ်နမူနာ

**မော်ကွန်းတိုက်ဖန်တီးခြင်းနှင့် ယဉ်ကျေးမှုထိန်းသိမ်းခြင်း**

- မော်ကွန်းတိုက်ဟူသည် အဘယ်နည်း။
- အာရှအရှေ့တောင်အာရှဒေသမှ နှုတ်ပြော မော်ကွန်းတိုက်များ
- မှတ်ဉာဏ်ဘဏ်များ (Memory Banks)

# နှုတ်ပြောသုတေသနလုပ်ငန်းနှင့်ဖွံ့ဖြိုးရေးကိစ္စများ

ဤအခန်းတွင် Panos Institute Oral Testimony programme မှထုတ်ဝေ သော Listening for A Change (Hugo Slim and Paul Thompson, Panos, London,1993) စာအုပ်မှ ကောက်နှုတ်ချက်များကို တင်ပြပါမည်။ ဤအဖွဲ့အစည်းသည် ကမ္ဘာ့ဒေသ အနှံ့အပြားတွင် ဖွံ့ဖြိုး ရေးလုပ်ငန်း အတွက် နှုတ်ပြောသက်သေ စီမံကိန်းများကို ကျယ်ကျယ် ပြန့်ပြန့်အသုံးပြုခဲ့ဖူးသည့် အဖွဲ့အစည်းဖြစ်သည်။ အဆိုပါလုပ်ငန်းမျိုး၏ နောက်ကွယ် မှ အခြေခံသဘောတရားတရပ်မှာ–ဖွံ့ဖြိုးရေးဖြစ်စဉ်တစ်ခု အောင်မြင်ရန်အတွက် မူချမှတ်သူများ အနေ ဖြင့် ထိုမူများကို လက်ခံကျင့်သုံးမည့် လူထုနှင့် လူပုဂ္ဂိုလ်တဦးချင်း၏ အသံနှင့် အတွေ့အကြုံတို့ ကို နားထောင်ရန် လိုအပ်ခြင်း ဖြစ်ပါသည်။ ဤသို့ပြုရာ၌ လောလောဆယ် ပေါ်ထွက်လာသောနှုတ်ပြောသက်သေများကို နားထောင်ခြင်းလည်း ပါဝင်ပေသည်။ ဤသို့သော နှုတ်ပြောသမိုင်းကို နှုတ်ပြောသက်သေဟု ခေါ်ကြသည်။ သို့ရာတွင် ဆုံးဖြတ်ချက်ချမှတ်သူများ အနေဖြင့် အတွေ့အကြုံကို ရပ်ရွာလူထုအနက်ဖွင့်ခြင်း၊ ထုတ်ဖော်ပြောဆိုခြင်း ပြုလုပ်ရာတွင် သမိုင်းကြောင်းနှင့် လူမှုရေးပတ်ဝန်းကျင်ကို သတိပြုမိရန်ငင်း၊ သူတို့၏ နှုတ်ပြောယဉ်ကျေးမှုကို ယေဘုယျသဘော သတိထား တီးခေါက်မိရန်ငင်း၊ ထုံးတမ်းစဉ်လာအားဖြင့် နှုတ်ပြောယဉ်ကျေးမှုဓလေ့ အားသန်သည့်လူအသိုင်းအဝိုင်းတွင် ကောင်းမွန်သော ဖွံ့ဖြိုးရေးလုပ်ငန်းကိုလည်း ပူးတွဲ လုပ်ဆောင်သင့်ပါသည်။

ဤသို့ပြုခြင်းဖြင့်၊ပိုမိုလေးနက်စွာနားလည်သဘောပေါက်မှုကို ဖန်တီးနိုင်ပြီး၊အောင် မြင်သော အစီအစဉ်များ ပုံဖော်သောဖြစ်စဉ်များတွင် အထောက်အကူဖြစ်နိုင်သည်။

**သမိုင်းရှုထောင့်**

ထိရောက်သော ဖွံ့ဖြိုးရေးဆွေးနွေးချက်၏ အဓိကအချက်တချက်မှာ သမိုင်း နှင့် လူမှုရေး ပြောင်းလဲမှုကို နားလည်သဘောကျခြင်းဖြစ်သည်။ ဆင်းရဲခြင်း အခြေအနေ အများစုနှင့် မမျှတမှု တို့ တွင်တူညီသောပုံစံနှင့် သမိုင်းနောက်ခံရှိတတ်ရာ လူမှုအသိုင်းအဝိုင်းတရပ်၏ တိုးတက်သော အနာဂတ်သည် ထိုလူမှုဝန်းကျင်၏ အတိတ်နှင့်ပစ္စုပ္ပန်ကာလ၏ အားနည်းချက်နှင့် အားသာချက်မှ ပေါ်ထွက်လာရပါမည်။ မမျှတမှုသည် နိုင်ငံရေး၊ စီးပွားရေး၊ ပတ်ဝန်းကျင်၊ ယဉ် ကျေးမှု၊ ကိုယ်ရေးကိုယ်တာကိစ္စရပ်များ စသောအချက်အမျိုးမျိုးတွင် အခြေခံအမြစ်တွယ်နေတတ်သော်လည်း၊ အားလုံးတွင် သမိုင်းရှုထောင့်ရှိကြသည်။"[12]

လူမှုပတ်ဝန်းကျင်အသိုင်းအဝိုင်းများစွာတို့တွင်၊ နှုတ်ပြောယဉ်ကျေးမှုဓလေ့သည် အရေးကြီးဆဲဖြစ်သည်။ ဤအချက်သည် ဆုံးဖြတ်ချက်ချသူများနှင့် ဆုံးဖြတ်ချက် ချမှတ်သော အထက်တန်း လွှာမှ လူများအတွက် တမူခြားနားသော တွေးခေါ်ပုံကို ကိုယ်စားပြုနေသည်။ ထိုအထက်တန်းလွှာမှ လူများကား စာပေအထောက်အထား များအပေါ် ပိုမိုအားကိုးတတ်သူများ ဖြစ်ပါသည်။

သို့ဖြင့် ဖွံ့ဖြိုးရေးဆိုင်ရာ အပြန်အလှန်ဆွေးနွေးမှု၏ ပထမအဆင့်၌ ဆင်းရဲသားရပ် ကွက်များစွာတို့၌ စိုးမိုးလျက်ရှိသောနှုတ်ပြောယဉ်ကျေးမှုကို အသိအမှတ်ပြု၍လေးစားရမည်။ နှုတ်ပြောယဉ်ကျေးမှုများသည် ဖွံ့ဖြိုးရေးလုပ်သားများနှင့်သုတေသီအများစု အကျွမ်းမဝင်သောအရာများဖြစ်နိုင်သည်။ များစွာသော သူတို့သည် စာပေအလွန်အဆင့်မြင့်သော အသိုင်းအဝိုင်းပတ်ဝန်းကျင်တွင် ကြီးပြင်းလာပြီး၊ စာဖြင့် ရေးသား ထားသော မိမိတို့၏ အတွေးအခေါ်အကြံဉာဏ်များကို ပုံနှိပ်စာလုံးများဖြင့် စမ်းသပ်စစ်ဆေးခြင်း၊ ဆက် သွယ် သတင်း

[12] *Listening for a change*, Slim H. & Thompson P., Panos, London, 1993, p.21

ဖလှယ်ခြင်းကို ကျင့်သားရနေကြပါလိမ့်မည်။ အချို့မှာအနောက်တိုင်းပညာရေးစံနစ်လွှမ်းမိုးသော ပညာရေးကိုရယူခြင်းဖြင့်သူတို့၏မိသားစုအသုံးပြုသော နှုတ်ပြောယဉ်ကျေးမှုနှင့် ကင်းကွာသွားနိုင်သည်။

စာလုံးကို နှုတ်ပြောစကားလုံးလောက် အရေးမပေးသော အသိုင်းအဝိုင်းတွင် ထိုသို့သော ပုဂ္ဂိုလ်များအနေနှင့် အချက်အလက် ပြည့်ပြည့်စုံစုံ မရနိုင်ကြောင်းတွေ့ရှိကြမည်။ သူတို့သည် လူထုအသိုင်းအဝိုင်းက သိထားသောအရာကို လက်လှမ်းမမီ နားမလည်သူများဖြစ်လာကြသည်။ နှုတ်ပြောယဉ်ကျေးမှုဘက်က ပုံနှိပ်ထားသောစကားလုံးများအပေါ် ဥပဒေနှင့် အာဏာသံပါသည်ဟု မယုံသင်္ကာဖြစ်နိုင်သည့်နည်းတူ စာပေလုပ်ငန်းဘက်ကလည်း အရာရာကို သံသယဝင်ပြီး၊ နှုတ်ပြောသတင်းနှင့် နှုတ်ပြောအသိပညာအပေါ် သင်္ကာမကင်းဖြစ်နိုင်သည်။ ကိုယ်တွေ့ ခံစားသူဘက်မှအမြင်နှင့် မိမိစိတ်ဝင်စားရာကို ရွေးချယ် မှတ်မိတတ်သောမှတ်ဉာဏ်၏သဘောသဘာဝသည်၎င်း၊ လူထုအသိုင်းအဝိုင်း၏ စွမ်းအားနှင့် ပုဂ္ဂိုလ်ရေးခံယူချက်အမြင် (personal myth) ၏စွမ်းအားသည်၎င်း၊အချိန်ကာလအရေအတွက်၊ အကွာအဝေးတို့ကို ခန့်မှန်းသော နည်းလမ်းနှင့် သတ်မှတ်မှတ်တမ်းတင်သော နည်းလမ်းများ တမူထူးခြားကွဲပြားခြင်းသည်၎င်း၊ နှုတ်ပြောအထောက်အထားများအပေါ် အထင်အမြင်သေးစေတတ်သည်။

ဤအချက်များကြောင့်၊ ပြည်သူလူထု၏ အတွေ့ အကြုံနှင့် ကျွမ်းကျင်မှုများသည် မကြာခဏဆိုသလို ဖွံ့ဖြိုးရေးလုပ်သားများအမြင်မှ ကွယ်ပျောက်နေတတ်ရာ စီမံကိန်းအစီအစဉ် ရေးဆွဲလုပ်ဆောင်ချက်ကာလ အတွင်း မရယူနိုင်ဘဲဖြစ်နိုင်သည်။

----- နှုတ်ပြောဆက်သွယ်ရေး အသွင်သို့ ကူးပြောင်းရန်နှင့် ၎င်း၏တန်ဖိုးကို လက်ခံရန်ဆိုသည်မှာ ထင်သလောက်မလွယ်ကူပေ----။ စာပေတတ် မြောက်သောပုဂ္ဂိုလ်များ စွာတို့သည် နှုတ်ပြောယဉ်ကျေးမှုတွင် လိုအပ်သော ကျွမ်းကျင်မှုများ ဖြစ်သည့်နားထောင်တတ်ခြင်း၊ မေးခွန်းမေးတတ်ခြင်း၊ ပြောပြတတ်ခြင်း၊ ရွတ်ဆိုတတ်ခြင်း၊ အလွတ်ကျက်မှတ်ခြင်း ၊ နှုတ်ပြောသက်သေဖြင့် သတင်းများကို လက်ဆင့်ကမ်း လွှဲပြောင်းပေးခြင်း စသည့်အတတ်များ မရှိဘဲဖြစ်နေတတ်ကြသည်။[13]

## နှုတ်ပြောသမိုင်း နှင့် ဖွံ့ဖြိုးမှုအစီအစဉ်များ

<u>ဖြစ်ရပ်မှန်လေ့လာခြင်း ၁။</u> *တိုင်ပင်ဆွေးနွေးမှုမရှိခြင်းကြောင့် ဆုံးရှုံးရခြင်း*

ယခင်က ဘာမှမလုပ်ခဲ့ဖူးသည့် ကုန်းမြင့်ပိုင်းဒေသတွင် အာဏာပိုင်များက ရိုးရာစိုက်ပျိုးနည်းအစား သစ်တောခုတ်၍ စိုက်ပျိုးရေးလုပ်ရန် အမိန့်ချခဲ့ကြသောအခါ ဇင်ဘာဗွေနိုင်ငံ၏ ခြောက်သွေ့သောအရပ်တွင် ရိုဒီးရှားအစိုးရ၏ ၁၉၆၀ကျော်နှစ်များအတွင်း ကျင့်သုံးခဲ့သော ဗဟိုဦးစီးစံနစ်၏ ဆိုးကျိုးအမှတ်အသား အမာရွတ်များ ထင်ကျန်ခဲ့သည်။ ထိုစဉ်က အစိုးရတိုင်ပင်ဆွေးနွေးခြင်း မခံရသော ဒေသခံလူထုသည် ၁၉၈၀ ကျော်နှစ်များတွင် နှုတ်ပြောသမိုင်းစီမံကိန်းအားဖြင့် သူတို့ အမြင်ခံစားချက်များကို ဖော်ထုတ်ပြောဆိုခဲ့ကြရာ ဤလုပ်ငန်းနှင့် အခြားဗဟိုဦးစီးအချက်များကြောင့် ထိုဒေသရှိ မြေဆီလွှာပြုန်းတီးမှုဖြစ်ခဲ့ကြောင်း သိရှိရသည်။ ဥပမာ။ ။ အလျားလိုက်တန်းစီ၍အိမ်မြေကွက်များချမှတ်သောစံနစ်သစ်သည် မူလက မိရိုးဖလာဓလေ့ အတိုင်းလူသွားလမ်းသပ်သပ်၊ ကျွဲ၊နွား တိရစ္ဆာန်သွားလမ်းသပ်သပ် စီမံခန့် ခွဲထားသောပုံစံကို လျစ်လျူ ရှုကြောင်း တွေ့ရသည်။ ဗဟိုဦးစီးစံနစ်ဖြင့်အပေါ်စီးအတင်းဆောင်ရွက်ခိုင်းသောလူနေရပ်ကွက်ပုံစံသည် မည်သည့်လမ်းအတွက်မျှ မသင့်တော်၊အစိုးရ၏ Landrover မော်တော်ယာဉ်ပင်လျှင်သွား၍မရဖြစ်နေသည်။

[13] ibid, p. 19-20

ဒေသခံတောင်သူ Mr.Chibidi ပြောပြချက်အရဆိုလျှင် ထိုလုပ်ရပ်များသည် မြောင်းငယ်များပေါ် ပေါက်စေပြီးမြေဆီလွှာကို ပြုန်းတီးစေသည်။

*"ရှေးယခင်ကဆိုလျှင် လမ်းများကို အထူးဂရုပြု၍ ဖောက်ထားသည်။လမ်းများသည် တဆစ်ချိုးထောင့်ချိုးကွေ့များပုံရှိသည်။ မြောင်းငယ်ပေါ်လာလျှင် တခြားနေရာသို့ ပြောင်းရွှေ့ဖောက်လုပ်ထားရသည်။ ဗဟိုဦးစီးစံနစ်အရ လမ်းများကို စိုက်ခင်းများကြားတွင် ဖောက်ခိုင်းသည်။ လူများစွာတို့သည်ထိုလမ်းကို မပြောင်းမရွှေ့ဘဲ အဆုံးမသတ်အသုံးပြုကြသည်။ လူတွေကမစဉ်းစားမဆင်ခြင်ဘဲ ဖြတ်လမ်းမှသွားကြသည်။"*

အခြားတောင်သူတစ်ဦးဖြစ်သော မစ္စတာ ချီကွန်ဗေကာ၏ပြောဆိုချက်အရဆိုလျှင် ဗဟိုဦးစီးစံနစ်မကျင့်သုံးမီက မြေဆီလွှာထိန်းသိမ်းရေးကို ဂရုစိုက်လိုက်နာခဲ့ကြကြောင်းသိရှိရသည်။

*"ပြည်သူလူထုသည် ဤအချက်နှင့်ပတ်သက်၍ များစွာသိထားကြသည်။လူများ၏သွားလမ်းကြောင်းကိုလမ်းညွှန်ရာ မိမိတို့၏အိမ်များကို ခြံစည်းရိုးတံခါးမတို့ ဖြင့်ကာရံထားကြသည်။ ဤကိစ္စမျိုးသည် ပြစ်မှုဖြစ်သောကြောင့် တရားရုံးသို့ တင်ပြကြသည်။ ၁၉၅၀ကျော်နှစ်များကဆိုလျှင်လမ်းများနှင့်ပတ်သက်၍ မသင့်လျော်သောအပြုအမူအတွက်ဒဏ်ရိုက်နိုင်သေးသည်။ မြောင်းငယ်ဖြစ်ပေါ်စပြုလျှင်ထိုလမ်းကို လူများဆက်မသုံးကြ တော့။ Chitarara သစ်ကိုင်းကိုခုတ်၍လမ်းဟောင်း ပေါ်ကန့်လန့်ဖြတ်ချထားခြင်းဖြင့်ထိုလမ်းမှမသွားရန် သတိပေး တားမြစ်ကြသည်။ ဤသစ်ပင်နှင့်ပတ်သက်သောဥပဒေစည်းမျဉ်းရှိသည်။ လမ်း၌ဖြစ်သောမြောင်းကိုသစ်ရွက် များဖို့ခြင်းဖြင့် သဲများကိုတားဆီးနိုင်သောကြောင့် မြက်များပေါက်လာနိုင်သည်။"*

အစိုးရစိုက်ပျိုးရေးပါရဂူဆိုသူများ၏ နည်းစံနစ်ကြောင့်မြေဆီလွှာပြုန်းတီးမှုကို ပိုဆိုး ဝါးသွားစေခဲ့သည်။ တိရစ္ဆာန်စားကျက်ဧရိယာများတွင် ခြံပုတ်များ ပေါက်ရောက်ခြင်းကို ထိန်းချုပ်သော အစိုးရမူဝါဒကိုလည်း တောင်သူများ သဘောမတူကြ။ ဤခြံပုတ်များ လျော့ပါးရေးမူကို ၁၉၃၀ကျော် နှစ်ကာလများတွင် စတင်ကျင့်သုံးခဲ့ကြရာ၊ ခြံပုတ်နည်းလျှင် မြက်ပင်များများ ပိုပေါက်လာမည် ဟူသော အချက်ပေါ် အခြေခံထားခြင်းဖြစ်သည်။ ဤအချက်ကို အစိုးရတိုးချဲ့လုပ်သားများက ဆက်လက် ကျင့်သုံးခဲ့ကြသည်။ သို့ရာတွင် ဒေသခံတောင်သူများအမြင်တွင် မြက်ခင်းပြင်ပိုများလာ၍ ခြံပုတ်များ နည်းသွားသောကြောင့် မြေဆီလွှာ ပြုန်းတီးမှုဖြစ်ပြီး သစ်တောထွက်ပစ္စည်း လျော့ပါးသွားကြောင်း တွေ့ရှိရသည်။ ပေါက်တူးဖြင့် ထွန်ယက် စိုက်ပျိုးခြင်းကို နွားသုံး၍ထွန်ယက်ခြင်းဖြင့် အစားထိုးသော အစိုးရ၏ လုပ်ရပ်သည်လည်း မက်ဗီနာ (Mazvina) လူထု အတွက်အလားတူ ဝမ်းနည်းစရာဖြစ်ခဲ့ရသည်။ မစ္စတာ မက်ဝီဒီ ၏အဆိုအရ နွားသုံး၍ထွန်ယက်ခြင်း ကြောင့် ရေဝေကုန်းကြောင်းတလျှောက် မြေဆီလွှာနှင့်ရေတို့၏ အသွားအလာအနေအထားပြောင်းလွဲသွားပြီး၊ တနေရာထဲစုပုံမှုကို အလျင်အမြန် ဖြစ်ပေါ်လာစေသည်။

*"ယခင်ကဆိုလျှင်နေရာအနှံ့ ရေရနိုင်သည်။ ယခုမှာ ရေအားလုံးမြစ်ထဲစု၍ စီးဆင်းကုန်ကြသည်။၊ တောင် စောင်းကန့် လန့် ဖြတ် ထွန်ယက်လျှင်ရေ ကို တနေရာတည်းတွင် စုနေစေပြီး၊ ထွက်ပေါက်ရသောအခါ ရေလုံးများ တဟုန်ထိုး စီးဆင်းသွားပါသည်။"*

ဤသုတေသနအတွင်း မှတ်တမ်းတင်ထားသော နှုတ်ပြောသမိုင်း တွေ့ ဆုံမေးမြန်းချက် သည်၊ တောင်သူလယ်သမားများကို သူတို့ သိသမျှ ရှင်းပြခွင့်ပေးသည့်အပြင်၊ သူတို့ ရပ်ရွာဒေသတွင် စိုက်ပျိုးရေးစီမံကွပ်ကဲမှု မှားယွင်းခဲ့သောသမိုင်းဖြစ်စဉ်ကို ပြန်လည်ထုတ်ဖော်ပြောပြနိုင်စေ သည်။ ၁၉၃၉ ခုနှစ်တွင် ကောင်းကင်မှကျယ်ကျယ်ပြန့်ပြန့် ရိုက်ကူးထားသော မက်ဝေဝါ(Mazvehwa) ဒေသဓာတ်ပုံများကသူတို့၏ ထွက်ဆိုချက်အများစု မှန်ကန်ကြောင်း ထောက်ခံအတည်ပြုလျက်ရှိသည်။ ဤကောင်းကင် ဓာတ်ပုံများက ယခင် ရေဝေကုန်းတန်းများသည် ယခုထက်ပို၍ အခြေအနေ ကောင်းမွန်ခဲ့ ကြောင်းနှင့် ယခင်က မြေစီမံခန့်ခွဲမှုစနစ်သည် ပိုမိုထိရောက်ကြောင်း သက်သေခံနေသည်။

ဤကိစ္စ၌တောင်သူလယ်သမား၏ နှုတ်ပြောသက်သေထွက်ချက်အရ ဒေသခံလူထု၏ စိုက်ပျိုးရေးအတွေ့အကြုံနှင့် ကျွမ်းကျင်မှု (ရိုးရာနည်း) များကို ဗဟိုဦးစီးမှုက လွှမ်းမိုးလိုက်သောကြောင့် ဆယ်စုနှစ်ပေါင်းများစွာ မည်သူမျှမကြားသိဘဲ ဖြစ်နေခဲ့ကြောင်း သိရသည်။

<u>ဖြစ်ရပ်မှန်လေ့လာခြင်း ၂။</u> *ပြောင်းရွှေ့ချထားခြင်းနှင့်အသက်ရှင်နေထိုင်ရေးနည်းဗျူဟာများ*

မိုဇမ်ဘစ်နိုင်ငံတွင်ပြောင်းရွှေ့နေရာချထားခြင်းခံရသော အုပ်စုနှစ်စုနှင့် နှုတ်ပြောသမိုင်း စီမံကိန်း လုပ်ဆောင်ခြင်းဖြင့် သူတို့၏ခြားနားသော အလေ့အထသွင်ပြင်လက္ခဏာ များက ပြောင်းလဲသွားသော အခြေအနေများတွင် အထောက်အကူပြုပုံနှင့် ဟန့်တားမှုဖြစ်ပုံများကို ပေါ်လွင်ထင်ရှားစေသည်။

၁၉၈၆ခုနှစ်တွင် ရီနာမို မဟာစစ်ဆင်ရေးနောက်ပိုင်း တကူနီ (Tacuane) စကားပြောသောလူမျိုးစုမှ လူ ၁၃၀၀၀ တို့ မိုဇမ်ဘစ်နိုင်ငံ မိုကူဗာမြို့ သို့ ပြောင်းရွှေ့သွားခြင်းသည် မှတ်တမ်းအရ အများဆုံး တကူနီများ ပြောင်းရွှေ့ ခြင်းဖြစ်သည်။ သူတို့ ၏သက်သေခံချက်အရလူသတ်ခြင်း ထွက်ပြေးခြင်းနှင့် မိသားစု ခွဲခွာခြင်းကို ကွင်းကွင်းကွက်ကွက်ဖော်ပြသည်။ရောက်ရောက်ချင်းအစိုးရ၏နေရာချထားရေး စခန်းတွင် တည်းခိုရန်နေရာနှင့် ၂ ရက်စာကယ်ဆယ်ရေး အစားအသောက်များ ဝေငှပေးကြသည်။ ဤအချိန်အတွင်း ပြောင်းရွှေ့ခံရသောသူများနှင့် ရွာခံလူထုကြား ဆက်ဆံရေးအခြေအနေ ကျဆင်းသွားခဲ့သည်။ "ကျွန်ုပ်တို့က အစားအသောက်နှင့်အဝတ်အစားလက်ခံရရှိသောကြောင့် ရွာခံလူထုက ကျွန်ုပ်တို့ကို မုန်းကြပါသည်"ဟု ဖေဗာမာရီယိုက ပြောပြသည်။

သို့ ရာတွင် ကယ်ဆယ်ရေးအထောက်အပံ့ဝတ္ထုပစ္စည်းများရပ်စဲသွားသောအခါ ပြောင်းရွှေ့ခံရသော သူတို့သည် ဒေသခံမြို့သားများအပေါ်တွင် လုံးဝမှီခိုသူများဖြစ်သွားသောကြောင့် အခြေအနေပိုဆိုးသွားပါသည်။ သူတို့ခွဲတမ်းချပေးသော စိုက်ပျိုးမြေကွက်များသည် သေးငယ်လွန်းသောကြောင့် မိမိဘာသာ စိုက် ပျိုး စားသောက်ရန် မလုံလောက်သဖြင့်၊ ပြောင်းရွှေ့ခံရသူတို့သည် မိမိတို့ရရှိသောမြေကွက်ကို ပစ်ထားပြီး၊ အခြားသူများထံတွင် စိုက်ပျိုးရေးလုပ်သားများအဖြစ် ဝင်ရောက်လုပ်ကိုင်ကြရသည်။ မကြာမီ သူတို့သည် သူတို့ကိုလုပ်အားခအဖြစ် ကောက်ပဲသီးနှံခြံထွက်စပါး၊ ပြောင်း၊ ပဲများနှင့် အဝတ်အစားကို ပေးချေသော ဒေသခံလူထုအပေါ် လုံးဝမှီခိုစားသောက်ရသော ဘဝသို့ရောက်သွားကြသည်။ တကူနီစကားပြောလူထုထဲမှ တဦးဖြစ်သူ အီဗာဇန်ဂိုက ဤသို့ ပြောပြပါသည်။

> *"ဒီနှစ် စိုက်ပျိုးရေးလုပ်သား လုပ်တယ်ဆိုတာ နောင်နှစ်ရော၊ နောက်တနှစ်ရော ဆက်တိုက်လုပ်ဖို့ အစ ပါပဲ။ ဥပမာအားဖြင့် သင့်ရှဲဇနီးသည်က လုပ်တယ်ဆိုရင် များများ ရိတ်သိမ်းရမှာ မဟုတ် တော့ဘူး။ အဲဒီတော့သင့်ရှဲဝမ်းစာများ မကြာခင်ကုန်သွားမယ်။ သင်အမြဲ တောင်းစား နေရမယ်။"*

ဒေသခံလူထုကသူတို့၏စိုက်ခင်းတွင် အမျိုးသမီးများ သာ ဝင်ရောက်လုပ်ကိုင်ရမည်ဟု တောင်းဆိုသောအခါ ဤကျွန်ဘဝမျိုး လုပ်အားသည် ရှုထောင့်အသစ်တမျိုးဖြင့် မြင်စရာ ဖြစ်လာခဲ့သည်။ ဤသို့လုပ်အားခွဲခြားခြင်းသည် တကူနီယဉ်ကျေးမှုတွင် ယခင်က မကြားဖူးသောအရာဖြစ်ပြီး၊ အလုပ်ရှင်များက အလုပ် သမားခ အဖြစ် အမျိုးသမီးအဝတ်အစားများကိုသာ ပေးသောအခါ အခြေအနေပိုဆိုးသွားပါသည်။ ရုတ်တရက် အမျိုးသမီးများသည် အိမ်ရှိဥစ္စာပစ္စည်းများကို ထိန်းချုပ်ကြိုးကိုင်လာကြသည်။ အပြစ်ရှာ ရန်ငြိုးဖွဲ့ သည့် စိတ်ခံစားမှုမျိုး ပေါ်ပေါက်လာကြသည်။ အမျိုးသားများက ခွဲခြားခံရပြီး မတတ်စွမ်းနိုင်သူများဟု သတ်မှတ် ခံစားရသည်။ အမျိုးသမီးများကလည်း၊ အလွန်အကျွံအလုပ်လုပ်ရပြီး၊ အထောက်အကူမရဟု ခံစားကြသည်။ ဗီနက်ဗာ စာဗိုနက်တီက အမျိုးသမီးများအမြင်ကို ဤသို့ဖော်ပြခဲ့သည်။

> *"ယောကျ်ားတွေဟာအခုအခါငြီးငွေ့စရာဖြစ်လာကြသည်။ ကျမတို့က ဘောင်းဘီ ရှည်ယူမ လာပေးလို့ ကလေးတွေလို ပြုမူကြတယ်။ ကျမတို့က ယောကျ်ားတွေကို ထောက်ပံ့နေရမှာ*

*မဟုတ်ဘူး။ သူတို့က ကျမတို့ကို ထောက်ပံ့ရမှာ။ ကျမက စိုက်ပျိုးရေးလုပ်သားလုပ်ပြီး အဝတ်အစား ရ တယ်။ တခါတလေ ကျမ ဝတ်ပြီးရင် တခြားမိန်းကလေးတွေကို ပေးတယ်။ ကျမနဲ့ ကလေးတွေအတွက် အခင်းလုပ်လိုက်တယ်။ အဲဒီအပြင် ဟင်းသီးဟင်းရွက်တွေ ဘယ်သူက ယူလာပေးသလဲ။ ဒါကြောင့်သူက ကျမကို ဒါအတွက် ကျေးဇူးတင်ရမှာ။"*

ယောကျ်ားသားများဘက်မှလည်း မခံချင်ဒေါသဖြစ်ပြီး၊ စွမ်းအားမဲ့သလို ခံစားလာကြရာ၊လူမှု ဆက်ဆံရေးနှင့်လင်မယားခန်းတွင်အကြမ်းဖက်ခြင်းဖြစ်လာကြ၍ စော်ကားသောအပြုအမူများ ပေါ်ပေါက် လာသည်။ ပြည်တွင်းစစ်ကြောင့် မိသားစုမြောက်များစွာ ကွဲကွာသွားကြရာ အမျိုးသမီးများစွာတို့သည် သူတို့ကို ကာကွယ်ပေးရန်နှင့် ပဋိပက္ခများကို ကူညီဖြေရှင်းပေးမည့်ဦးလေး၊ဖခင်နှင့်လင်ယောကျ်ား မရှိသော ဘဝတွင် ရောက်နေကြသည်။တချိန်တည်းမှာပင် အမျိုးသားများက အမျိုးသမီးများကို နှိပ်စက်သောအခါ ဆွေမျိုးများ၏ အထောက်အပံ့လိုအပ်ပြီး စိတ်ထင်တိုင်းပြုလုပ်သောကိစ္စများ ပေါ်ပေါက်လာသည်။

ဖလော်ရီညာနာလာ ၏ ပြောပြချက်အရ

*"ကျမတို့မြို့မှာဆိုရင်ယောကျ်ားတိုင်းလုံကိုင်ပြီး၊လင်ရှိမယားမှန်းသိရင်ဘယ်သူမှမစော်ကား မနှောင့် ယှက်ရဲကြဘူး။ ဒါပယ်မယ့် ကျမတို့အများစုက ဆွေမျိုးမရှိတော့ ယောကျ်ားတွေဟာ မတူဘူး။ သူတို့လုပ်တာကို ကျမတို့ ဘာမှ ဝင်မပြောတော့ဘူး။ သူတို့နဲ့စကားပြောလို့ ဘာမှ အကျိုးမရှိဘူး။ သူတို့အရက် စသောက်ကြတယ်။ သူတို့က တယောက်ယောက်ကို အရက်တိုက်ခိုင်းချင်လို့ ကျမတို့ကို ဒုက္ခမပြောကြတော့ဘူး၊ဒါဟာစစ်ပွဲကာလပဲ။ စစ်ပွဲကြီးပြီးဆုံးသွား ရင်တော့ ကျမတို့ ပြန်သွားနိုင်ပြီး၊ သူတို့လဲခါတိုင်းလို အလုပ်ပြန်လုပ်နိုင်ကြ မှာပါ။"*

ညို ဘာသာစကားပြောသော လူမျိုးစုသည်၁၉၈၁ခုမှ ၁၉၈၅ ခုနှစ်များအတွင်းတဖြေးဖြေး ပြောင်းရွှေ့ခံရပြီး နောက်ဆုံးလူပေါင်း ၁၀၀၀၀ သည် မိုကူဇာမြို့ဆင်ခြေဖုံးရပ်ရှိ ဗာရီရှိတန်းလျားများတွင် နေထိုင်ကြရသည်။ သူတို့သည် အကျိုးအမြတ်မျှော်ကိုးသော စီးပွားရေးနည်းဗျူဟာလုပ်ငန်းများ၏ အကျိုး ကျေးဇူးကြောင့်၊ တကူနီလူမျိုးစုထက် ပိုမိုကောင်းမွန်သော အခြေအနေတွင် အသက်ရှင်နေထိုင်ကြသည်။ သူတို့၏လူမှုရေးနှင့် စီးပွားရေးဖြစ်စဉ် နောက်ခံသမိုင်းတို့သည် တဦးနှင့်တဦးမတူဘဲ ရွှေ့ပြောင်းနေထိုင်သူများ၊ လုပ်အားမျိုးဖြင့် လုပ်ကိုင်ကြသည်။ ဤအချက်သည် သူတို့ကိုဆက်လက်ကုန်ကူးရန်နှင့် ခွဲခွာနေရခြင်း၊ ပျံ့ကြဲနေရခြင်း စသောအခြေအနေကို ဆီလျော်အောင်စီမံနိုင်ခွင့်ပြုပေးသည်။သူတို့သည် သဘာဝအားဖြင့် အခြားပြောင်းရွှေ့နေထိုင်သော အလုပ်သမားများ၊ ကုန်သည်များနှင့် ဆက်သွယ်ရင်းနှီးကြပြီး၊ ဤအသိုင်း အဝိုင်းတွင် အခြေချနေထိုင်ကြသောကြောင့်၊ အစိုးရအထောက်အပံ့အပေါ် မှီခိုရန် မလိုကြ။ တွေ့ဆုံမေးမြန်း ချက်များကို ဦးဆောင်ယူသော ဇိုဗီတို နူနီးက ပြောင်းရွှေ့နေထိုင်သော အလုပ်သမားများကြားတွင် တွေ့ နေကျ ဖြစ်သော အချင်းချင်းအပြန်အလှန်ကူညီသောသဘောတရားကို လူတွေ ပြောဆိုသံကြားရသည် ဟုဆိုပါသည်။ များမကြာမီ ညိုစကားပြောလူမျိုးစုသည် သက်ငယ်စည်းသောအလုပ်၊ အုတ်ဖုတ်သောအလုပ်၊ ငါးခြောက်များနှင့် ပြောင်းဖူးများကို မှောင်ခိုဈေးတွင် ရောင်းချသောအလုပ် စသောစီးပွားရေးလုပ်ငန်းတွင် ဝင်ရောက် လုပ်ကိုင် လာကြသည်။ မိသားစုများလည်း မိမိတို့ရွေးချယ်မှုကြောင့် တကွဲတပြားဖြစ်သွားကြသည်။ လင်ယောကျ်ားများက ဗာရီရှိများတွင် စီးပွား ရေးလုပ်ကိုင်ကြပြီး၊ ဇနီးသည်များမှာ သူတို့ကိုပေးထားသော မြေကွက်များတွင် ထွန်ယက်စိုက်ပျိုးကြသည်။ ဤစီးပွားရေးစံနစ်အကြောင်းကို အာနက်စတို ( ꩻမည꩸ꩻအသ ꩻညေါ် ခ့ညေကေ) က အောက်ပါအတိုင်း ရှင်းပြခဲ့သည်။

*"ကျနော် ဒီကိုရောက်လာတုန်းက ဘယ်သူနဲ့မှ မသိဘူး၊ ကျနော်မသိကျွမ်းတဲ့မိသားစုတစု က ကျနော့် ကို နေစရာပေးကြတယ်။ ကျနော်က သူတို့အတွက် ခဏလောက် အလုပ်လုပ်ပေးခဲ့တယ်။ ကျနော် သူတို့နဲ့ အတူ နာမာဂိုမှာ ရှိတဲ့စိုက်ခင်းကို လိုက်သွားတယ်။ သူတို့က မိုကူဇာ မှာလည်း၊ စီးကရက်၊ ငါးခြောက်၊ စားသုံးဆီတို့ ရောင်းတဲ့ စီးပွားရေးလုပ်ငန်းရှိတယ်။ ကျနော်က ကုန်ကြမ်း ဘယ်မှာယူပြီး ကုန်ချော ဘယ်မှာပြန်ရောင်းရမယ်ဆိုတဲ့ စီးပွားရေးလမ်းကြောင်းကို လေ့လာ သင်ယူရတယ်။ ကျနော်ကအိမ်ထောင် ဦးစီးနဲ့ဆက်ဆံရေးပြေလည်လို့ သူကကျနော့်ကို မြေကွက်တကွက်ပေးတယ်။ သူတို့အများစုက သူထွန် ယက်စိုက်ပျိုးမှုမပြုတဲ့ မြေကွက်ကြီးတွေ*

*အများကြီး နာမာဂိုမှာ ပိုင်ဆိုင်ကြတယ်။ ဒါပေမယ့်သူတို့က ခင်ဗျားကိုမယုံရင် မပေးဘူး။ ဒီမြေကွက်ကို မင်းအပိုင်ရရင် မင်းမှာအိမ်နှစ်လုံး ရရှိလို့ အထောက်အကူရတယ်။ အခုတော့ စစ်ဘေးဒဏ်ကြောင့် ဒီမှာဘဲ ဒို့အိမ်လို့ မှတ်ယူကြတယ်၊၊ နာမာဂိုမှာဆိုရင် ဒို့ဒီမှာ အလုပ်လုပ်တဲ့အခါ ဒို့ရဲ့ ဇနီးသားသမီးများ အိပ်ဘို့တဲကလေးတလုံးလောက်ပဲ ရှိတယ်။ နိုဝင်ဘာလနဲ့ ဒီဇင်ဘာလမှာ ဆိုရင် ရိုပ်သိမ်းချိန်ထိပ်ဆုံးဖြစ်လို့ သူတို့ကိုကူညီဘို့ ကျနော်တို့ အဲဒီကိုသွားရတယ်။ ဒါပေမယ့်၊ ရီမာနို(မွန်ဗွဥ) များ လာတိုက်ခိုက်မယ်ဆိုတဲ့ သတင်းရတော့သူတို့ (ဇနီးသည်နှင့်သားသမီးများ) ဒီကို ပြန်ပြေးလာကြတာပဲ။ ”*

ဤထောက်ပံ့မှုစနစ်သည် ပရိုမို မန်နျုယယ် (PrimoManual) ရှင်းပြသည့်အတိုင်း နှစ်ဖက်စလုံး အပြန်အလှန်အကျိုးဖြစ်ထွန်းပါသည်။

“ *ဒီလိုပတ်ဝန်းကျင်အသိုင်းအဝိုင်းမှာ နေထိုင်ရင် ပါးနပ်ရမယ်။ ခင်ဗျားဒုက္ခ ရောက် တဲ့အခါ တခြားလူတွေ လာကူညီဖော်ရအောင် ခင်ဗျားက အခြားလူတွေကို ကူညီထားရတယ်။ ဒီဒေသမျိုးမှာ မိတ်ဆွေမရှိအဆက်အသွယ်မရှိဆိုရင်အကြပ်အတည်းတွေ့နိုင်တယ်။ ယောကျ်ားကောင်း တယောက် အနေနဲ့ ပတ်ဝန်းကျင်မှာ သွားလာလှုပ်ရှားနေရတယ်။ဒီအရာတွေဟာ ခင်ဗျားဆီကို သူ့ ဘာသာ အလိုလို ရောက်လာကြမှာမဟုတ်ဘူး။ ”*

မကြာခဏအချိန်ကြာမြင့်စွာစီစဉ်ရေးဆွဲရသော ခိုလှုံသူများဆိုင်ရာနည်းဗျူဟာကို နားလည်သဘောပေါက်ရန် နှင့်ထိရောက်သောအကူအညီများပေးနိုင်ရန်၊ ထွက်ပြေးတိမ်းရှောင်ခြင်းနှင့် အသက်ရှင်နေထိုင်ခြင်းအကြောင်းကို ဤကဲ့သို့ လေ့လာသုတေသနပြုခြင်းက အရေးကြီးကြောင်း ဖော်ပြလျက်ရှိသည်။

Insert topic

<u>ဖြစ်ရပ်မှန်လေ့လာခြင်း။</u> *။ ယဉ်ကျေးမှုနှင့်ကျန်းမာရေးပညာ*

ထိုင်းနိုင်ငံ၏ ဝေးလံခေါင်ဖျားတောင်ပေါ်တနေရာရှိ ဘန်ဗာနိုင်းဒုက္ခသည်စခန်းတွင် မှုန်း(Hmong) လူမျိုး ၄၈၀၀၀ကို ဧက၄၀၀ မြေကွက်တွင် နေရာချထားကြသည်။ ဤဒုက္ခသည်စခန်းသည် ဤဒေသတွင် လူဦးရေအများဆုံးနေထိုင်သော လူနေရပ်ကွက်ဖြစ်သည်သာမက ထိုပြည်နယ်မြို့တော်၏လူဦးရေထက်ပင် များနေသည့်ပြင် ကမ္ဘာပေါ်တွင် မှုန်းလူမျိုးအများဆုံး စုဝေးနေထိုင်သောနေရာလည်း ဖြစ် သည်။ ယခင်က ဤလူမျိုးများသည် လာအိုနိုင်ငံ၏ တောင်ပေါ်ဒေသရှိ တောင်ထိပ်ရွာများတွင် ပျံ့ကျဲနေ ထိုင်ခဲ့ကြရာမှ ၁၉၇၅ခုနှစ်အမေရိကန်တပ်များဆုတ်ခွာသွားသောအခါ မှုန်းလူမျိုးအပေါ် ရန်လိုသော အစိုးရ အာဏာရလာသဖြင့် မှုန်းများသည် စစ်ပြေးဒုက္ခသည်များအဖြစ် နေထိုင်လာကြရသည်။

နေအိမ်မလုံလောက်ခြင်း၊ ကျန်းမာရေးနှင့်ညီညွတ်သောပတ်ဝန်းကျင် မရှိခြင်း၊ အိမ်သာရေဆိုးမြောင်း စံနစ်မကောင်းခြင်းတို့ကြောင့်၊ ဒုက္ခသည်စခန်းတွင် ကျန်းမာရေးပြဿနာပေါ်ပေါက်ခဲ့သည်။ မှုန်း လူမျိုးမှ ၁ ညစ်ပတ်ပေရေသောလူမျိုး၊ တကိုယ်ရေသန့် ရှင်းရေးကို ဂရုမစိုက်သောလူမျိုးဖြစ်သည် ဟူသောအမြင်ဖြင့် ကျန်းမာရေးပညာပေးလုပ်ငန်းလုပ်ဆောင်ခြင်းသည် ထိရောက်မှုမရှိသည့်အပြင် ထိုလူမျိုးများကို စော်ကားရာရောက်သည်။သို့ရာတွင် မှုန်းရိုးရာပုံပြင် နှင့်ရိုးရာဓလေ့ပုံစံပေါ်အခြေခံ၍ တည်ဆောက်သော ချဉ်းကပ်မှုအသစ်ကိုစမ်းသပ်ကြည့်သော အခါ များစွာပိုမိုအောင်မြင်ကြောင်းတွေ့ရသည်။ ထိုအချက်တွင် ပိုမိုကျယ်ပြန့်သော ဖွံ့ဖြိုးရေးအစီအစဉ်များအတွက် ဆီလျော်သော အခြေခံအချက်နှစ်ရပ် ပါဝင်နေသည်။ ထိုအချက်နှစ်ခုမှာ ဒေသခံလူထု၏ သမိုင်းနှင့်ယဉ်ကျေးမှုဓလေ့ထုံး တမ်းကို နားလည်ခြင်းနှင့် ပတ်ဝန်းကျင်၏ အဓိကလိုအပ်ချက်နှင့် ကန့်သတ်မှုကို အသိအမှတ်ပြုခြင်းတို့ဖြစ်သည်။

တိုင်းရင်းဆေးဆရာများနှင့် မှုန်းသက်ကြီးများပါဝင်သောအဖွဲ့တဖွဲ့သည် နိုင်ငံတကာ ကယ်ဆယ်ရေး ကော်မတီ( International Rescue Committee) က ခန့် သောဒေသခံ ထိုင်းလုပ်သားများနှင့်

လူမျိုးစုများအကြောင်းလေ့လာသူ ဒွိုက်ကွန်ကာဂွတ် (Dwight Conquergood) ဆိုသည့် အမေရိကန်လူမျိုးနှင့်အတူ ပူးပေါင်း၍ သရုပ်ဆောင် (performance) နည်းကို သုံးပြီး ပတ်ဝန်းကျင် ကျန်းမာရေးလှုပ်ရှားမှုလုပ်ရင်း သင်ရင်း၊ မှားရင်း ပြင်ရင်းဆောင်ရွက်ခဲ့ကြသည်။ ဤသို့ပူးပေါင်း ဆောင်ရွက်ခြင်းဖြင့် သူတို့သည်ဒုက္ခသည်စခန်းတွင် ပတ်ဝန်းကျင်သန့်ရှင်းရေး ညံ့ဖျင်းမှုကြောင့် ဖြစ်ပေါ်သော ရောဂါများအပေါ် အခြေခံ၍ လုပ်ငန်းတခုကို စတင်နိုင်ခဲ့ကြသည်။ ကွန်ကာဂွတ် ရေးသားဖော်ပြချက်အရ "နေ့အချိန်ဖြစ်ဖြစ်၊ ညအချိန် ဖြစ် ဖြစ် နာရီတိုင်းလိုလိုဒုက္ခသည် စခန်းတွင်း မည်သည့်နေရာသွားသွား၊ သေဆုံးသူအတွက် ဘာသာရေးအရ သီဆိုပေးရသော စုပေါင်း၍ရိုးရာသီချင်းဆိုသံ သို့မဟုတ် ပုံပြောသံနှစ်ခုသုံးခုကို တပြိုင်တည်းကြားနေရသည်" ဟူ၍ ဖြစ်သည်။

ဤဖွံ့ဖြိုးရေးစီမံကိန်းအတွက် သုတေသနပြုလေ့လာခြင်းနှင့် အစီအစဉ်ရေးဆွဲခြင်းဖြစ်စဉ်သည် နောက်ဆုံး အကောင်အထည်ဖော်လိုသော ပန်းတိုင်နည်းတူ အရေးကြီးပါသည်။ ဖွံ့ဖြိုးရေးအဖွဲ့ဝင်များ အနေဖြင့် မှုန်းလူမျိုးတို့ ရိုးရာပုံပြင်များတွင် စုဆောင်းထားသော ဇာတ်ကောင်များနှင့် ဇာတ်အိမ်ဖွဲ့စည်းပုံများမှ သူတို့၏ သတင်းအချက်အလက်များကို ကောက်နုတ်၍ ကဗျာလင်္ကာစကားပုံနှင့် သီချင်းစသောရိုးရာနည်း ဖြင့် ပညာပေးဆက်သွယ်အသုံးပြုခဲ့သည်။ ပရိသတ်များထံမှ ဝေဖန်အကြံပြုချက်ရရှိရန် အစမ်းလေ့ကျင့် သရုပ်ဖော်လုပ်ဆောင်ခဲ့ကြသည်။ အဖွဲ့၏အစီအစဉ်ကို ပိုမိုကောင်းမွန်အောင်ပြုစုပြင်ဆင်ရန် အသုံးဝင်သော အကြံပေးချက်များအနက် အသက်ကြီးသူတဦးက ဝေဖန်တင်ပြချက်မှာ အဖွဲ့ကရွတ်ဆိုသော လင်္ကာသည် မှုန်း ရိုးရာဓလေ့ဖြင့် ရွတ်ဆိုသောကဗျာ ဖွဲ့စည်းပုံနှင့် ကာရံမကိုက်ကြောင်း ထောက်ပြ ခြင်းဖြစ်သည်။ သူက လူငယ်သရုပ်ဆောင်များကို မှန်ကန်သော စကားအသုံးအနှုန်းသင်ပြပေးပြီး နောက်ခံ တီးလုံးများသည် ထိုင်းနှင့်အနောက်တိုင်းဂီတမဆန်သော မှုန်းရိုးရာတေးဂီတဖြစ်ရန် လိုအပ်ကြောင်းပြောပြသည်။

ကျန်းမာရေးနှင့် ပတ်သက်၍ ယခင်ကမှုန်းလူမျိုးများအနေဖြင့် မိလ္လာအမှိုက်များကို စွန့် ပစ်ပုံနှင့် တကိုယ်ရေကျန်းမာသန့်ရှင်းရေးကို နားလည်ရန် သူတို့၏ပတ်ဝန်းကျင်နှင့် လုံးဝကိုက်ညီသောနည်း လမ်းသုံး၍ နားလည်မှုရှိလာရန် အရေးကြီးသည်။ မှုန်းများကိုအပြစ်တင်၍သူတို့ အကျင့်ဖြစ် နေသော ကျန်းမာရေး ပြဿနာနှင့် ပတ်သက်သည့် အပြုအမူများကို ပြောင်းလဲပစ်ရန်ကြိုးပမ်းမည့်အစား၊ နေထိုင်စားသောက်မှု အခြေအနေကို ပြောင်းလဲပေးရန်နှင့် ဤသို့နေထိုင်စားသောက်မှုပြောင်းခြင်းသည် ကျန်းမာရေးအတွက် ဖြစ်ကြောင်း သိလာစေရန်ကြိုးပမ်းခြင်းသည် အလွန်အရေးကြီးသောအချက်ဖြစ်သည်။ သို့ဖြင့် ပြဿနာသည် ပြောင်းလဲသော နေထိုင်မှုပတ်ဝန်းကျင်အခြေအနေပေါ်တွင် မူတည်၍ ပြဿနာ၏အဖြေမှာ သူတို့ လုပ်ကိုင်ပုံတွင် အခြေခံပြီး ပြုပြင်ပြောင်းလဲအသုံးချခြင်းပေါ် မူတည်ပါသည်။

အစီအစဉ်အောင်မြင်ပြီး Mother Clean အမည်ရှိ စုပေါင်းသန့်ရှင်းရေးကုမ္ပဏီကို ဒုက္ခသည် စခန်း၏ ယဉ်ကျေးမှုလေ့နှင့် ကိုက်ညီစွာစီစဉ်နိုင်ခဲ့ပြီး မှုန်းရိုးရာနှစ်သစ်ကူးပွဲများကိုပင် ကျင်းပနိုင်ခဲ့သည့်အထိ အရေးပါအရာရောက်ခဲ့သည်။သို့ရာတွင်တဖက်မှကြည့်လျှင် ကွန်ကာဂွတ်၏ အမြင်အရ ယဉ်ကျေးမှု ဓလေ့ ကွဲပြားခြားနားသော အုပ်စုများအကြား ဆက်သွယ်ရေးသည် တလမ်းသွားဖြစ်နေ သေးကြောင်းတွေ့ရ သည်၊ နိုင်ငံခြားမှလာရောက်ကူညီကြသော ကျန်းမာရေးအကျိုးဆောင်ပုဂ္ဂိုလ်များသည် အသိပညာပေးခြင်း အစီအစဉ်ကို ပိုမိုအားထုတ်ဆောင်ရွက်ရန် လိုသေးသည်။ ထိုပုဂ္ဂိုလ်များအများစုမှာ အလွန်ကျွမ်းကျင်အောင် လေ့ကျင့်ထားသော ဆရာဝန်များနှင့် သူနာပြုများဖြစ်သော်လည်း မှုန်းယဉ်ကျေးမှုဓလေ့ကို နားမလည် သလောက်ဖြစ်ကြသည်။ကွန်ကာဂွတ် တင်ပြသည့်အတိုင်းဆိုလျှင် "သူတို့သည် မှုန်းများ၏ ယဉ်ကျေးမှု ဓလေ့အကြောင်း အချက်အလက်များရရှိရန် အလွန်လိုအပ်သည့်အပြင်၊ ခြားနားသော ယဉ်ကျေးမှုဓလေ့ကို သဘောပေါက်၍ ထိုခြားနားမှုကို လေးစားတတ်ရန်လည်း လိုသေးသည်။

ထိုကျွမ်းကျင်သူများ၏လုပ်ဆောင်မှုများကိုလမ်းညွှန်ရန်နှင့် မှုန်းယဉ်ကျေးမှုဓလေ့နှင့်ဒုက္ခ သည် စခန်းအတွင်း နေထိုင်မှုအခြေအနေကို ကျွမ်းကျင်သူများအား သင်ပေးရန် အခွင့်အလမ်းဖွင့်ပေးခြင်းသည် မှုန်း များလည်း အခြားသူများကို သင်ပေးရန်ရှိသည်ဟူသောအမြင်ထက် မှုန်းများကသာ တစုံတရာကို သင်ယူရမည်ဟူသော အမြင်မျိုးစွဲနေခြင်းကိုလျော့ပါးသွားစေနိုင်လိမ့်မည်။

# ပညာရေးနှင့် နှုတ်ပြောသမိုင်း

ဖွံ့ဖြိုးရေးနှင့်လည်း ဆက်နွယ်နေသော နှုတ်ပြောသမိုင်းနှင့်နှုတ်ပြောရိုးရာအစဉ်အလာတို့အပေါ် အခြားအမြင်ရှုထောင့်တခုမှာ– "အခြေအနေမတည်ငြိမ်မှုကိုကြုံတွေ့ခံစားနေရသော ကလေးသူငယ်များ အတွက် ကုန်ကျစရိတ်နည်း၍ သင့်တော်သည့်ပစ္စည်းများ ထုတ်လုပ်ရန်နှင့် မိမိတို့ဘဝ၊ မိမိတို့ယဉ်ကျေးမှုကို သိရှိနားလည်လာကြရန်ဟူသော ပညာရေးတွင် ကူညီပံ့ပိုးပေးမှု" ဟူသော အချက် ဖြစ်သည်။

ထိုသို့သောအခြေအနေမျိုးတွင် ရိုးရာအစဉ်အလာများကိုသင်ရိုးညွှန်းတမ်း၌ ထည့်သွင်း ပေါင်းစပ်ခြင်း ဖြင့် လက်လှမ်းမှီရရှိနိုင်ပြီး ကာလဒေသနှင့်လျော်ညီသော သင်ကြားမပြုစ္စည်း အဓ–ကာင်းအရာများကို မိတ်ဆက် ပေးနိုင်သည့်နည်းတူ အပြောင်းအလဲနှင့်–ကားကာလ၏ အခြေအနေတည်ငြိမ်မရှိှနှင့် တဆက်တည်းဖြစ်ပေါ်မ[ှုကို သိရှိသတိထားမိစေနိုင်သည်။ ပညာရေးတွင် အသုံးပြုသော စာအုပ်နှင့်ပစ္စည်းများသည် ဈေးကြီး၍ တောင်ပိုင်း[14]ရှိကျောင်းများ၊စာကြည့်တိုက်များနှင့်စာအုပ်ဆိုင်များတွင် မ–ကာခဏမလောက်မင ဖြစ်တတ်သည်။ ဒေသခံပစ္စည်းများဖြင့် ထုတ်လုပ်ပါက ယဉ်ကျေးမရှိှနှင့် ပိုမိုကိုက်ညီသော ပညာရေးသုံးပစ္စည်းများကို တန်ဖိုး နည်းနည်းနှင့်အရေအတွက်များများရရှိနိုင်ပါမည်။ပြည်သူလူထုအများက ဖိနှိပ်သောအာဏာရှင်အုပ်ချုပ်သူ များ၏လက်အောက်မှ ထွက်ပေါ်လာကြသောအခါ ရိုးရာဓလေ့ဆိုင်ရာပညာရေးသုံးပစ္စည်းများ လိုအပ်ချက် ပိုမိုထင်ရှားလာသည်။

အောက်ဖော်ပြပါ သင်ခန်းစာနမူနာ၂ခုသည် မြန်မာနိုင်ငံအတွင်းရှိ လူအသိုင်းအဝိုင်းများတွင် ရပ်ရွာပညာရေးစီမံကိန်းအတွက် ဆီလျော်သလို မှီငြမ်း အသုံးပြုနိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံ၏ အပြင်ဘက်တွင် ဤစီမံကိန်းကို စေတနာ့ဝန်ထမ်းအကျိုးဆောင် ဆရာများအနေဖြင့် အင်္ဂလိပ်သင်တန်း၌ စိတ်ဝင်စားလာအောင် နှိုးဆော်ရန် အသုံးပြုနိုင်သည်။ မြန်မာနိုင်ငံအတွင်းတွင် အထူးသဖြင့် ကလေးများကို မိမိဘာသာစကားများကို ရေးတတ်ဖတ်တတ်ရန် သင်ပေးသော အစီအစဉ်များဖြစ်သည့် ကျောင်းပိတ်ရက်များ အတွင်း သီးခြားလွတ်လပ်သော အပိုပညာရေးအစီအစဉ်အဖြစ် ဆောင်ရွက်နေသောလူမှုအသိုင်းအဝိုင်းရှိ အသင်းတော်ကျောင်း၏ သင်ခန်းစာများတွင် အသုံးပြုနိုင်သည်။

## နှုတ်ပြောသမိုင်းသင်ခန်းစာအစီအစဉ်နမူနာ[15]

၁။ နှုတ်ပြောသမိုင်းကိုအသင်းအဖွဲ့အနေဖြင့်ချဉ်းကပ်ခြင်း

(Adapted from plans submitted by Elaine Seavey of Seminote High School, Oklahoma, US)

ရည်ရွယ်ချက်

- သင်တန်းသားများ(ကျောင်းသားများ)အနေဖြင့်၊ သမိုင်းနှင့်စာပေတွင် တွေ့ဆုံမေးမြန်းခြင်းနှင့် ရေးသားမှုအရည်အသွေးတို့ ဆက်နွယ်မှုကို သိရှိလေးစားတတ်လာမည်။
- အုပ်စုအသိုင်းအဝိုင်းတွင်းရှိအခြားသူများလာ၍ ထိုအသိုင်းအဝိုင်းတွင်းရှိအခြားသူများကိုငင်း၊ သူတို့၏အသိပညာ၊တန်ဖိုးထားမှုများကို သက်ရှိသမိုင်းပညာရှင် များအဖြစ် လေးစား အသိအမှတ်ပြုလာကြမည်။
- သမိုင်းသည် တကယ်လူထု၏ဘဝနှင့်ဆက်စပ်နေမည်။
- သူတို့၏ အသိုင်းအဝိုင်းတွင်အရေးကြီးပုဂ္ဂိုလ်များနှင့်နေရာအမျိုးမျိုးကိုမှတ်တမ်းတင်နိုင်မည်။

---

[14] Panos prefers to use the geographical terms 'North'and 'South' rather then 'Developed' and 'Developing' nations as they believe that this more accurately reflects the nature of global economic divisions

[15] These lesson plans are adapted from materials available on the internet site www.AskEric.com.html.

- သင်တန်းသားများ(ကျောင်းသားများ)သည်တွေ့ဆုံမေးမြန်းခြင်း၊တည်းဖြတ်ခြင်း၊ ရေးသားခြင်း၊ စာတမ်းတင်ပြခြင်း စသောကျွမ်းကျင်မှုများကို တတ်မြောက်လာမည်။

**ဆောင်ရွက်ရမည့် အစီအစဉ်များ**
(အသံဖမ်းတိတ်ရီကော်ဒါ၊ကက်ဆက်ရနိုင်ပါကသင်တန်းသား (ကျောင်းသား)အဖွဲ့ငယ်များတလှည့်စီ အသုံးပြုနိုင်ရန်စီစဉ်ပါ)

- အသံဖမ်းစက်တိပ်ရီကော်ဒါကက်ဆက်များရနိုင်လျှင်ဆရာသည် ၎င်းတို့ကို အသုံးပြုနည်းနှင့် တွေ့ဆုံမေးမြန်းနည်းစံနစ်ကို သိကျွမ်းထားရမည်။ ရပ်ရွာထဲမှ လူတယောက်ယောက်ကို သင်တန်းသို့ ဖိတ်ခေါ်ပြီး၊ တွေ့ဆုံမေးမြန်းခံရန် ဆရာကသရုပ်ပြနိုင်သည်။ သို့မဟုတ် ယခင်က အသံဖမ်းထား သောတွေ့ဆုံမေးမြန်းခန်းကိုအတန်းထဲတွင်ဖွင့်ပြနိုင်သည်။
- သင်တန်းသားများ(ကျောင်းသားများ) ပိုမိုသိလိုမည့် သူတို့အသိုင်းအဝိုင်းထဲမှလူများနှင့်အဖြစ်အပျက်ဇာတ်လမ်းများအကြောင်းကို အတန်းထဲမှ ရှာဖွေဖော်ထုတ်ပါ။ အချို့သင်တန်းသားများအနေဖြင့် သူတို့၏ဘိုးဘွားများနှင့်နာမည်ကြီးပုဂ္ဂိုလ်များ၏အတွေ့အကြုံများကို သင်ယူသိရှိရန် စိတ်ဝင်စားကြမည်။သို့မဟုတ်ထူခြားသောအဖြစ်အပျက်များ၊ သို့မဟုတ် ယဉ်ကျေးမှုရိုးရာဓလေ့ တမျိုးမျိုးအကြောင်း သိလိုကြမည်။
- ထိုအခါသင်တန်းသားများ(ကျောင်းသားများ) သည်မိမိတို့မေးလိုသော မေးခွန်းများနှင့် ပတ်သက်၍ စဉ်းစားရန်အချိန်ယူကြရလိမ့်မည်။ (သင်တန်းသားများမေးခွန်းမေးရာတွင် လမ်းညွှန်အဖြစ် အသုံးပြုရန် ဤလက်စွဲစာအုပ်၏နောက်ပိုင်းအခန်းကိုအသုံးပြုပါ)။ များစွာသောသူတို့သည် ဤအပိုင်းကို အလွန်ခက်ခဲသည်ဟု မြင်ကြမည်။ ကြိုတင်ပြင်ဆင်ပေးထားသော မေးခွန်းများသည် သူတို့ကိုအကြံဉာဏ်အချို့ပေးရန်သာဖြစ်ပြီး၊ တင်းကျပ်တိကျသော စာရင်းမဟုတ်ကြောင်း အထူးရှင်းလင်းဖော်ပြပါ။ နောက်ဆက်တွဲမေးခွန်းများသည်အရေးကြီးသော်လည်း၊ အရေးကြီးဆုံးအချက်မှာ မိမိတို့နှင့်တွေ့ဆုံစကားပြောနေသူ၏ အကြောင်းနှင့်သူပြောသော အကြောင်းအရာကို တတ်နိုင်သလောက် သိရှိအောင် သင်ယူခြင်းဖြစ်ပါသည်။
- ကျောင်းသားများသည်တွေ့ဆုံမေးမြန်းခန်းကို ရေးသားမှတ်တမ်းတင်ပြီး၊ မှတ်စုထုတ်ရမည်။ ဤမှတ်စုများကိုအတန်းထဲ သူပြန်ယူလာပြီး တွေ့ဆုံမေးမြန်းချက်များကို အချောကိုင်ပြန်လည်ရေးသားပြုစုရာတွင်၊ စကားပြောသူ အကြောင်းနောက်ခံအချက်အလက်များပါရှိအောင် သေသေချာချာ ဆောင်ရွက်ရမည်။ အချို့သင်တန်းသားများအနေဖြင့် သင့်လျော်ပါက သူတို့နှင့် စကားပြောနေသောသူသို့မဟုတ်နေရာများကို ဓာတ်ပုံရိုက်ခြင်း မြေပုံရိုက်ခြင်း မြေပုံများ ရေးဆွဲခြင်းပြုလိုကြမည်။
- တွေ့ဆုံမေးမြန်းခန်းမှတ်တမ်းစာရွက်အားလုံးကိုအတန်းသုံးစာအုပ်တွင် တပေါင်းတည်းချုပ်၍ ဖော်ပြနိုင်သည်။ သို့မဟုတ်အတန်းတွင် ခင်းကျင်းပြသထားနိုင်သည်။ သင်တန်း(ကျောင်းသား) အများစုသည် ဤပြုစုထားသောလက်ရာကို တင်ပြရသဖြင့် ဂုဏ်ယူဝမ်းသာပြီး၊ အခြားသူများကို ခင်းကျင်း ပြသနိုင်သောကြောင့် အောင်မြင်မှုကို ခံစားကြရမည်။

## ၂။ ကျွန်ုပ်တို့၏မူလဇစ်မြစ်ကိုရှာဖွေခြင်း

(Adapted from plans submitted by Sanday Bahan, Norman Central Middle/High School, Norman, Oklahoma,US)

ရည်ရွယ်ချက်များ

- မိသားစုနှုတ်ပြောသမိုင်းနှင့်နှုတ်ပြောရိုးရာအစဉ်အလာများကို ပြောပြခြင်း
- လူမှုအသိုင်းအဝိုင်းနှင့်အမျိုးသားသမိုင်းကိုမိမိတို့နှင့်သက်ဆိုင်ကြောင်းတင်ပြခြင်းသည်သင်တန်းသားများကို မိမိတို့၏ပတ်ဝန်းကျင်အတွေ့အကြုံ၌ အခြေခံ၍မိမိတို့ လူမှုအသိုင်းအဝိုင်းအကြောင်း ခြုံငုံလေ့လာနိုင်ရန်အထောက်အကူပြုသည်။

- မိမိတို့မိသားစုနေထိုင်ခဲ့သော အရပ်ဒေသများကို အချိန်ကာလအတိုင်းအတာကြာရှည်နိုင်သလောက် ကာလအတွင်း (အကြာဆုံး အချိန်ဘောင်အတွင်း) သတ်သတ်မှတ်မှတ် ထောက်ပြနိုင်ရန်။
- အတတ်နိုင်ဆုံးသမိုင်းနောက်ကြောင်းလိုက်၍ပြောင်းရွှေ့ နေထိုင်လှုပ်ရှားခဲ့သော အချိန်အတိုင်းအတာကိုထောက်ပြနိုင်ရန်
- ဤပြောင်းရွှေ့နေထိုင်လုပ်ဆောင်ခဲ့သောအကြောင်းအရာများ၏ အဓိကအကြောင်းရင်းများကို ထောက်ပြနိုင်ရန်
- လူတွေ့မေးမြန်းခြင်းနည်းသို့မဟုတ် အခြားသောအထောက်အထားစာရွက်စာတမ်းများမှဤအပိုင်းကို ဆက်လက်လေ့လာသိရှိနိုင်မည့်နည်းလမ်းများကို ရှာဖွေထောက်ပြနိုင်ရန်

**ဆောင်ရွက်ရမည့်အစီအစဉ်များ**

- ကျောင်းသားတိုင်းသည် မိမိတို့၏မိသားစုသမိုင်းအကြောင်းကို မိမိတို့၏ မိသားစုဝင် များထံမှ မှတ်မိသလောက်ဖြစ်စေ၊ မိသားစုနှုတ်ပြောရိုးရာဖြစ်စေ ရနိုင်သလောက်များ များ ပြောဆိုမေးမြန်းသင့်သည်။ သူတို့သည်လူများ၊ နေရာများ၊ ပြောင်းရွှေ့ နေထိုင်ခဲ့ကြရခြင်း ၏ အကြောင်းရင်းများ စသည့်အချက်အလက်များကို တတ်နိုင်သလောက်များများစာသင်ခန်းသို့ ယူလာကြရမည်။ အချို့ကျောင်းသားများသည် အခြားသူများထက်ပို၍အချက်အလက်များများ ယူလာနိုင်ကြမည်ဖြစ်သော်လည်း၊ သင့်လျော်ပါကမိသားစုဝင်များအများစုတွေ့ ဆုံနိုင်မည့် ရပ်ရွာပွဲလမ်းကာလများအတွင်း အချိန်ကိုက်၍ဤစီမံကိန်းကို စတင်ဆောင်ရွက်လျှင် ကောင်းပါမည်။ မည်သည့်အကြောင်း အရာကြောင့်မဆို ဤသို့ဆောင်ရွက်ရန် အခက်အခဲတွေ့ရသောကျောင်းသားများသည် အဖွဲ့ငယ်များဖွဲ့စည်းပါဝင်၍ ဆောင်ရွက်ပါက ကျောင်းသားအများစုသည် ဤချဉ်းကပ်နည်းကို ပိုမိုသဘောကျနှစ်ခြိုက်ကြပါမည်။ ကျောင်းသားများသည် အတန်းတွင် နှုတ်ဖြင့် အစီရင်ခံတင်ပြကြရမည်။
- သူတို့ရှာဖွေသင်ယူတွေ့ရှိသောအချက်အလက်များကိုအတန်းတွင် ဆွေးနွေး၍အချင်းချင်း နှိုင်းယှဉ်ပြီးသောအခါ သူတို့သည် မိမိတို့မိသားစုအတွင်းမှ ထင်ရှားကျော်ကြားသောမိသားစုဝင်ပုဂ္ဂိုလ်များအကြောင်းပိုမိုသိရှိရန် သူတို့၏မိသားစုဝင်တစ်ဦး သို့မဟုတ် နှစ်ဦးကိုပြန်လည်တွေ့ဆုံမေးမြန်းခြင်းပြုလုပ်ရမည်။
- ဤအသစ်ရရှိသောသတင်းအချက်အလက်များကို စာဖြင့်ရေးမှတ်ထားပြီး၊ မြေပုံများနှင့်တကွ ပုံဖော်ရမည်။ ၎င်းကိုခင်းကျင်းပြသထားခြင်းသို့မဟုတ် စုဆောင်း၍ စာအုပ်တအုပ်၌ တပေါင်းတည်းပြုစုထားခြင်းစသဖြင့် သင့်လျော်သလို လုပ်ရမည်။
- ကျောင်းသားများသည် သူတို့၏မိသားစုသမိုင်းအကြောင်း သူတို့လေ့လာရှာဖွေတွေ့ရှိရသောအချက်များနှင့်၊ အမျိုးသားသမိုင်းနှင့်ကမ္ဘာ့သမိုင်းတွင် သူတို့ သိသော အချက်များမည်ကဲ့သို့ဆက်နွယ်နေပုံကိုဆင်ခြင်၍စာအုပ်များဖတ်ရှုခြင်း သို့မဟုတ် လူများနှင့်တွေ့ဆုံမေးမြန်းခြင်းစသဖြင့် ပိုမိုလေ့လာသိရှိနိုင်ကြောင်းကို ထောက်ပြနိုင်လာကြမည်။

ဤသင်ခန်းစာအစီအစဉ်များကို ကျောင်းသားများစိတ်ဝင်စားမှု နှင့်သူတို့၏ ပတ်ဝန်းကျင်အခြေအနေပေါ် မူတည်ပြီး၊ သင့်လျော်သလို လိုတိုးပိုလျှော့ပြုပြင် ပြောင်းလဲအသုံး ချနိုင်ကြောင်းနှင့် ရက်သတ္တပတ်အတော်ကြာအောင် အချိန်ယူရမည်ဖြစ်ကြောင်း ထင်ရှားသည်။ အခြားနောက်ဆက်တွဲလုပ်ဆောင်ချက်များသည် ခါတ်ပုံဝတ်စုံအစရှိ သည့်သမိုင်းဝင်ပစ္စည်းများ (သမိုင်းအရတန်ဖိုးရှိ သောပစ္စည်း)နှင့်ဆက်နွယ်နိုင်ပြီး၊ ၎င်းပစ္စည်းများကို နောင်လာနောက်သားများ အတွက် မည်သို့ထိန်းသိမ်းစောင့်ရှောက်ရမည်ဟူသော လုပ်ဆောင်ချက်များ ဖြစ်ပါလိမ့်မည်။

# မော်ကွန်းတိုက်ဖန်တီးခြင်းနှင့်ယဉ်ကျေးမှုထိန်းသိမ်းခြင်း

နှုတ်ပြော သက်သေထွက်ချက်များကို တိကျသော ဖွံ့ဖြိုးရေးစီမံကိန်းရည်ရွယ်ချက်များနှင့်ဆက်နွယ်၍ အသုံးပြုနိုင်သလို၊ ရွာဖွေစုဆောင်းခြင်းလုပ်ငန်းအဆင့်ဆင့်နှင့် နှုတ်ပြောသမိုင်းများနှင့် နှုတ်ပြောရိုးရာ အစဉ်အလာများကို မှတ်တမ်းတင်စာရင်းပြုစု ခြင်းသည်ပင်လျှင် ဖွံ့ဖြိုးရေးကိစ္စများတွင် အတော်အတန် အကျိုးသက်ရောက်မှု ရှိနိုင်သည်။ ဤကဲ့သို့ သတ်သတ်မှတ်မှတ် ရည်ရွယ်ချက်မရှိပဲ စုဆောင်းပြုစု မှတ်တမ်းတင်ခြင်းကို မော်ကွန်းတိုက် ပြုစုခြင်း ဟု ခေါ်ဆိုသည်။

## မော်ကွန်းတိုက်ဟူသည်မှာ အဘယ်နည်း

သင်၏မိသားစုဓာတ်ပုံအယ်လ်ဘမ်စာအုပ်သည် သင့်မိသားစုအမှတ်တရ မိသားစုသမိုင်းဖြစ်သည်။ လွန်ခဲ့သော ၁၀ နှစ်လောက်က သင်၏ရုပ်ပုံလွှာကို ပြန်ကြည့်ပြီး ယခုလက်ရှိရုပ်နှင့် မည်သို့ကွာခြားနေကြောင်း တွေ့မြင်နိုင်သည်။သို့မဟုတ် သင်၏မိတ်ဆွေများက သင်မည်သို့ ပြောင်းလဲသွားကြောင်း ထောက်ပြနိုင်သည်။ သင်သည် ဧည့်သည်များအား သင့်မိသားစုဓာတ်ပုံအယ်လ်ဘန်စာအုပ်ကို ထုတ်၍ဖွင့်ပြတိုင်း၊ သင့်မိသားစု မော်ကွန်းတိုက် တစ်စိတ်တဒေသကို ပြသခြင်းဖြစ်သည်။ မော်ကွန်းတိုက်ဟူသောအသုံးအနှုန်းကို သမိုင်းပညာရှင်များ၊ စာကြည့်တိုက်မှူးများ၊ ပြတိုက်ထိန်းသိမ်း စောင့်ရှောက်သူတာဝန်ခံပုဂ္ဂိုလ်များနှင့် သုတေသီများက လူမှုရေးသိပ္ပံပညာလောကတွင် သူတို့ ရှာဖွေစုဆောင်းထားသောအရာများနှင့် အနာဂတ် ကာလတွင် အမျိုးမျိုးအသုံးချမည့်မှတ်တမ်းများကို ခေါ်ဝေါ် သုံးနှုန်းကြသည်။ မော်ကွန်းတိုက်ဆိုသည်မှာ အခြေခံသဘောအားဖြင့်၊ အမှတ်တရပစ္စည်း၊ မှတ်တမ်းအဖြစ်အပျက်များ၊ သင်၏ဓာတ်ပုံအယ်လ်ဘန်မှ အတိတ်က ရိုက်ကူးထားသောဓာတ်ပုံများနည်းတူ သင်ထပ်ခါထပ်ခါပြန်လည်ကြည့်ရှုနိုင်သော အရာများ ဖြစ်သည်။ မော်ကွန်းတိုက်အများစုသည် ပေစာများ၊ မှတ်စုများ၊ စာအုပ်များ၊ နေ့စဉ်မှတ်တမ်းများ၊ဓာတ်ပုံများ စုဆောင်းထားခြင်း ဖြစ်သော်လည်း၊ ယနေ့ခေတ်မီ နည်းပညာသစ်သဘောအရ ကက်စက်ခွေများ၊ ဗီဒီယိုခွေများ၊ စီဒီ CD ခွေ များအစရှိသော အရာများပါဝင်ရာ၎င်းတို့သည် စာရွက်စာတမ်းအတိုအစများကဲ့သို့ပင် မော်ကွန်းတိုက်အတွက် အရေးကြီးပါသည်။

မည်သည့် မော်ကွန်းတိုက်၏အများစုပိုင်းတွင်မဆို သာမန်သတင်းအတိုအစများ၊ ပေစာများ၊ နေစဉ်မှတ်တမ်းများ၊ ဓာတ်ပုံများနှင့် တခုချင်းကြည့်လျှင် အရေးမကြီးဟုထင်နေသော ပစ္စည်းအတိုအစများ ဖြစ်သော်လည်း ပေါင်းစပ်စုစည်းလိုက်လျှင် အလွန်အသုံးဝင်သောသတင်း အချက်အလက်များစွာ ပါဝင်သော အရာများကိုတွေ့ရှိရသည်။ မော်ကွန်းတိုက်တခု၏ အကျိုးမှာ အမြဲတမ်း မသိသာတတ်ပေ။ တခါတရံ စာပေ အစဉ်အလာထွန်းကားသော သက်တမ်းကြာရှည်သည့်နိုင်ငံများတွင်၊ ပေးစာ တစောင်သို့မဟုတ် စာရွက်စာ တမ်းတခုသည် နှစ်ပေါင်းများစွာကျော်လွန်သောအခါသို့မဟုတ် ရာစုနှစ်ပေါင်း များစွာကြာမှ ၎င်းစာရွက် စာတမ်း၊အရေးကြီးပုံထင်ရှားတွေ့ရှိလာတတ်သည်။ ဥပမာ – အာရှနှင့် အရှေ့တောင်အာရှသမိုင်းကို သုတေ သနပြုသောသူများသည် ရရှိလိုသောသတင်း အချက်အလက်အတွက် ရှေးတရုတ်စာရွက်စာတမ်းများကို အမြဲမပြတ် ပြန်လှန်လှေ့လာနေကြရသည်။ ၎င်းရှေးခေတ် တရုတ်စာရွက်စာတမ်းများသည် အကြိမ်ပေါင်း များစွာ ကြည့်ရှုပြီးဖြစ်သော်လည်း ရှုထောင့်အသစ် နည်းလမ်းအသစ်နှင့် အသစ်ရရှိသော သတင်းအထောက် အထားများအားဖြင့် အသစ်သောအနက်အဓိပ္ပာယ်ဖွင့် ဆိုမှုများအမြဲတမ်းပြုလုပ်နိုင်သည်။ ထိုထက်မက မော်ကွန်းတိုက်တစ်ခုတွင် ပါရှိသော မှတ်တမ်းများသည် ပုဂ္ဂိုလ်တဦးနှင့်တဦး မတူညီသော စိတ်ဝင်စားမှု အတွက် မတူညီသော အချက်များ ဖြစ်နိုင်သည်။ သာမန်ဓာတ်ပုံတပုံကို သင်ကြည့်လျှင် သူများ၏ စိတ်ဝင်စားမှုပေါ် အခြေခံ၍ သတင်းအချက်အလက်အမျိုးမျိုး ပါရှိနိုင်သည်။

ထို့ကြောင့်မော်ကွန်းတိုက်တခု၏အဓိကအချက်သည်၊ ရည်ရွယ်ချက်အမျိုးမျိုးအတွက် အသုံးပြုနိုင်သော သတင်းအချက်အလက်စုဆောင်းထားခြင်းဖြစ်သည့်နည်းတူ ကြိုတင်မှန်းဆမရနိုင်သော အနာဂတ်အသုံးများအတွက် လူအမျိုးမျိုးသုံးရန်စုဆောင်းထားခြင်းလည်းဖြစ်သည်။

## ကျွန်ုပ်၏မိသားစုဓာတ်ပုံအယ်လ်ဘန်နှင့် မော်ကွန်းတိုက်တို့၏ခြားနားချက်ကားအဘယ်နည်း

သင်သည်သင်၏မိသားစုဓာတ်ပုံအယ်လ်ဘန်ကို တစုံတယောက်အား ထုတ်ပြသောအခါ သင်၏ခေါင်းတွင် သတင်းအချက်အလက်အားလုံး ရှိနေပါသည်။ သင်၏မိသားစုဝင်အားလုံးကို သင်သိ၍ မှတ်မိနိုင်ပြီး၊ ထိုဓာတ်ပုံများရိုက်ကူးသောနေရာနှင့် အဖြစ်အပျက်များကို သတိရပါသည်။ သင်၏မိတ်ဆွေက ဓာတ်ပုံတွင်ပါသောလူများ မည်သူမည်ဝါဖြစ်သည်၊ မည်သည့်နေရာတွင် မည်သည့်အချိန် ကရိုက်ကူးခဲ့သည် စသည်တို့ကိုသိလိုသည်ဆိုပါက သင့်အနေဖြင့် ဓာတ်ပုံများအကြောင်း အားလုံးစုံစုံလင်လင် ပြောပြနိုင်ပါသည်။ သို့ရာတွင် ထိုဓာတ်ပုံအယ်လ်ဘန်ကို သူစိမ်းတယောက်အား ပေးလိုက်လျှင် ထိုဓာတ်ပုံများ သည်သူ့အတွက် အသုံးမဝင်သည့်ပြင် မည်သူဖြစ်သည် မည်သည့်နေရာဖြစ်သည်ကိုပင် မနည်းကြိုးစား၍ ခန့် မှန်းတွက်ချက်ရမည်။ ထိုသို့ပြုရာတွင်လည်း များစွာမှားယွင်းမည်။ အကယ်၍ ဓာတ်ပုံများနှင့်အတူ အချက်အလက်များကို ပူးတွဲဖော်ပြလျှင် ထိုဓာတ်ပုံများကို ရှင်းပြရာ၌ ထိုသို့သော အမှားများစွာကို ရှောင်နိုင်ပါလိမ့်မည်။ သို့ဖြစ်၍ အနာဂတ်ကာလတွင် လုံးဝအကျွမ်းမဝင်သူ သူစိမ်းများက မည်သည့်သတင်း မှတ်တမ်းအထောက်အထား စာရွက်စာတမ်းများဖြစ်ကြောင်း၊ မည်သည့်နေရာတွင် ရေးသားစုဆောင်းခဲ့ကြောင်း၊ မည်သူက ရေးသားပြုစု၍ မည်သည့်အကြောင်းအရာများကို ရေးသားကြောင်း စသဖြင့်နားလည်ရန် အထောက်အကူပြုသော အချက်အလက်များကို မော်ကွန်းတိုက်အတွက်မှတ်တမ်းတင်ထားသောအရာ မှန်သမျှနှင့်အတူ ပူးတွဲဖော်ပြရန် အရေးကြီးပါသည်။

## အရှေ့တောင်အာရှဒေသမှ နှုတ်ပြောမော်ကွန်းတိုက်များ

အရှေ့တောင်အာရှတွင် ရုပ်ဝတ္ထုပစ္စည်းမော်ကွန်းတိုက်များ တည်ထောင်ရန် နှုတ်ပြောသမိုင်းနှင့် နှုတ်ပြောရိုးရာအစဉ်အလာများစွာတို့ကို စတင်အကောင်အထည်ဖော်ခဲ့ကြသည်။ ဤဒေသတွင် ဤလုပ်ငန်းလုပ်ကိုင်နေသော သူများသည် သီးသန်ကိစ္စတခုခုအတွက် လေ့လာစုံစမ်းသော သုတေသီများမဟုတ်ဘဲ အစိုးရ မော်ကွန်းတိုက်နှင့် စာကြည့်တိုက်များသာ အများစုဖြစ်နေကြသည်။ အများစုတို့သည် ကမ္ဘာပေါ်ရှိ အခြား ပြတိုက်များ၊ မော်ကွန်းတိုက်များနှင့် စာကြည့်တိုက်များအသုံးပြုသောနည်းစံနစ်ကိုသာ သုံးနေကြ ပါသည်။ အထောက်အထား ပစ္စည်းများကို အရေအတွက်နှင့် နက်နဲမှုကိစ္စတွင် မဝေးသော အနာဂတ်အတွက် အသုံးပြုရန် ရည်ရွယ်ချက်ဖြင့် အလယ်အလတ်အဆင့်ပုံစံဖြင့်သာ မှတ်တမ်းတင်နေကြ သည်။[၁၆]

ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ၊စွမ်းအားရှိသော မော်ကွန်းတိုက်တခုကိုတည်ထောင်ရာတွင်၊ အချိန်ယူ၍ရေးကူးခြင်း၊ မှတ်စုမှတ်ရာများ ရေးခြစ်မှတ်သားခြင်းနှင့် အမျိုးအစားခွဲခြားခြင်းလုပ်ငန်းစဉ်များကို ဆောင်ရွက်ရမည်ဖြစ်သော်လည်း လုပ်ရကျိုးနပ်ပါသည်။ အောက်ဖော်ပြပါနမူနာသည် နှုတ်ပြော အကြောင်းအရာအချက်အလက်များကို မော်ကွန်းတိုက်ပြုထားခြင်းသည် အလွန်သင့်မြတ်မှန်ကန်ကြောင်း သက်သေထူလျက်ရှိပြီး၊ လက်တွေ့ အသုံးချခြင်းနမူနာကို Panos Oral History Programme မှတ်တမ်းတင်ထားသောအချက်ဖြစ်သည်။[၁၇]

[16] 'Oral history methodology: the life history approach', Chew D., in *Oral History in Southeast Asia, Singapore*, 1998, p 53

[17] *Listening for a Change*, Slim H.and Thompsom P; Panos, London, 1993, PP 36-41

## မှတ်ဉာဏ်ဘဏ်တိုက်များ

" An old man dies ....a book is lost!"
အဘိုးတယောက်ကွယ်လွန်ခြင်းသည် စာအုပ်တအုပ်ပျောက်ဆုံးခြင်းဖြစ်သည်။

ဤအာဖရိကဆိုရိုးသည် များစွာသောယဉ်ကျေးမှုအမွေအနှစ်များကို မှတ်တမ်းမတင်ထားကြသည့် ကာရေဗီယန်ဒေသလူများအတွက် ဝမ်းနည်းဖွယ်ရာ ထိုးနှက်ချက်ဖြစ်ပါသည်။

အသိပညာနှင့်ကျွမ်းကျင်မှု "စာကြည့်တိုက်" တခုလုံးကို မပျောက်မပျက်စေရန် ကယ်ဆယ်ထိန်းသိမ်းနိုင်ရေးအတွက် ဂျမေကာမှတ်ဉာဏ်ဘဏ်(Jamaica Memory Bank)ကို ၁၉၈၁ခုနှစ်က တည်ထောင်ခဲ့ကြသည်။ ၎င်း၏ရည်ရွယ်ချက်မှာ အသက်ကြီးသူ တိုင်းရင်းသားများ၏ မှတ်မိသော အချက်အလက်များကို ရယူ၍ သူတို့၏ အသိပညာများကို အနာဂတ်မျိုးဆက်များအတွက် စုဆောင်းမှတ်တမ်းတင်ထားရန်ဖြစ်သည်။ ဤစီမံကိန်းသည် လူမှုရေးသိပ္ပံပညာရပ်လုပ်ငန်းတွင် လုပ်ကိုင်၍ရိုးရာတေးဂီတများကို မှတ်တမ်းတင်သော လက်တဆုပ်စာ လူတစ်စုက ဂျမေကာနိုင်ငံ၏ရိုးရာအသိပညာနှင့် ယဉ်ကျေးမှုထုံးတမ်းဓလေ့များ ပျောက်ကွယ်စ ပြုနေကြောင်း သတိပြုမိကြရာမှ စတင်လုပ်ဆောင်၍ ပေါ်ပေါက်သောစီမံကိန်း ဖြစ်သည်။ ထိုမှတ်ဉာဏ်ဘဏ်သည် မကြာမီ ဂျမေကာကျွန်းမှ ပိုမိုကျယ်ပြန့် သောအဖွဲ့တစ်ဖွဲ့၏ ထောက်ခံအားပေးမှုကို ရရှိလာပြီး၊ ၁၉၈၄–ခုနှစ်တွင်ကား ဒေသဆိုင်ရာဆွေးနွေးပွဲ ဖြစ်မြောက် လာခဲ့ရာ နောက်ဆုံး ကာရေဗီယန် တဝှမ်း မှတ်ဉာဏ်ဘဏ်ကွန်ယက်တခုကို အကောင်အထည်ဖော် နိုင်ခဲ့ကြသည်။

ဤဒေသ၏ ရိုးရာယဉ်ကျေးမှုနှင့်သမိုင်းတို့ မေးမှိန်သွားရခြင်း၏ အဓိကအကြောင်းရင်းမှာ– မြောက်အမေရိကတိုက်၏ဖျော်ဖြေမှုနှင့် တန်ဖိုးထားမှုကို ယူဆောင်လာသော မီဒီယာ(တီဗွီ၊ ရေဒီယို၊ စာနယ်ဇင်း)များသည် ပြည်သူလူထု၏ အိမ်သို့ ရောက်ရှိလာခြင်းဖြစ်သည်။ သို့ရာတွင်ပို၍အရေးကြီးသောအရာ တခုမှာ ကာရေဗီယန်လူထုအများစုသည် အာဖရိကကျွန်းများ၏ သားစဉ်မြေးဆက်များဖြစ်နေကြရာ သူတို့၏ ရိုးရာဓလေ့များကို ဆက်လက်မကျင့်သုံးကြရန် ပြောင်ပြောင်တင်းတင်း တားမြစ်ခံနေကြရသည်။ ဤလုပ်ရပ်သည် အချို့နေရာတွင် ပြင်းပြင်းထန်ထန်နှိပ်ကွပ်သောကြောင့်၊ နောက်မျိုးဆက်များသည် အာဖရိက အခြေခံသော လူနေမှုစံနစ်နှင့်ကျင့်ထုံးများကို လက်လွှတ်ဆုံးရှုံးသွားကြပြီး၊ တခါတရံမိမိတို့ကိုယ်တိုင် ငြင်းပယ်လာခဲ့ကြသည်အထိ ဖြစ်သွားသည်။ အိန္ဒိယနိုင်ငံမှလာသော စိုက်ပျိုးရေးအလုပ်သမားများ၏ သားမြေးများသည် ယဉ်ကျေးမှုဆိုင်ရာလွတ်လပ်ခွင့်ကို ပိုမိုရရှိကြသဖြင့်၊ မိမိတို့၏ လူမျိုးအမှတ်အသားနှင့် သမိုင်းကို ပို၍ကောင်းမွန်စွာ ထိန်းသိမ်းထားနိုင်ကြသည်။ သို့ဖြစ်၍ ဂျမေကာမှတ်ဉာဏ်ဘဏ်သည် အာဖရိက ကာရီဘီယန် တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ် များကို အထူးအာရုံစိုက် လုပ်ဆောင်လျက် ရှိသည်။

ထိုကျွန်းရှိအသင်းတော် ၁၄ခုတွင် တာဝန်ခံစီမံသူတဦးစီ ထားရှိရာ စေတနာ့ဝန်ထမ်းလုပ်သားများကို ထိုကျွမ်းကျင်သူသုတေသီများက သင်တန်းလေ့ကျင့်ပေးပြီး၊ တွေ့ဆုံမေးမြန်းမှု ပြုလုပ်ခိုင်းပါသည်။ လုပ်ကိုင်ရသည့်နယ်ပယ်တွင် စုဆောင်းထားသော ပစ္စည်းများမှာ အသံဖမ်းထားသော တွေ့ဆုံမေးမြန်းချက် မှစ၍ ဗီဒီယိုခွေများ၊ ပုံတူအနုပညာလက်ရာများ၊ ဓာတ်ပုံများနှင့်မှတ်တမ်းစာရွက်များအထိပါဝင်သည်။ မှတ်ဉာဏ်ဘဏ်အတွက် မိတ္တူတခုစီရယူထားပြီးနောက်၊ တွေ့ဆုံ မေးမြန်းချက် အသံဖမ်းယူထားသော မူရင်းကက်ဆက်ခွေများကို ကင်စတန် Kingston မြို့ရှိ အမျိုးသားစာကြည့်တိုက်တွင် သိမ်းထားပါသည်။

တွေ့ဆုံမေးမြန်းသောအကြောင်းအရာများတွင် ခေါင်းစဉ်တခုမှစ၍ ကိုယ်ရေးသမိုင်းတခုလုံးအထိ ပါဝင်သည်။ ၁၉၈၆ခုနှစ်အထိ ဂျမေကာ သက်ကြီးရွယ်အို (၈၀) ဦးကို တွေ့ဆုံမေးမြန်းပြီး ဖြစ်သည်။ ၇၀ရာနှုန်းသည် အသက် (၈၀) အထက်ဖြစ်ပြီး ၂၀ ရာနှုန်းမှာ အသက် ၁၀၀နှင့် အထက်ဖြစ်ကြသည်။ ၁၉၈၆ခုနှစ် ရောက်သောအခါ ထိုတွေ့ဆုံမေးမြန်းခံရသူများ၏ ၂၀ရာနှုန်းမှာ ကွယ်လွန်သွားကြသည်။

တွေ့ဆုံမေးမြန်းမှုများအပြင်၊ သီချင်းပေါင်း အပုဒ် ၁၅၀၀ ကိုလည်း အသံဖမ်းမှတ်တမ်းတင်နိုင်ခဲ့သည်။ ပွဲလမ်းသဘင်များ၊ ဘာသာရေးအခမ်းအနားများနှင့် အခြားလှုပ်ရှားမှုများကိုလည်း အဖွဲ့(၂၀)ခန့်မှ ဓာတ်ပုံများ၊ ကက်ဆက်ခွေများ၊ ဗီဒီယိုရုပ်ရှင်များဖြင့် မှတ်တမ်းတင်နိုင်ခဲ့သည်။

မှတ်ဉာဏ်ဘဏ်ရှိ ပစ္စည်းများကို ဂရုစိုက်၍ မှတ်တမ်းပြုစုထားပြီး၊ ၎င်းပစ္စည်းများ တွင် ပါရှိသည့် ယဉ်ကျေးမှု၊ လက်တွေ့လုပ်ငန်း၊ သိပ္ပံဆိုင်ရာ၊ ရုက္ခဗေဒဆိုင်ရာ၊ ဘာသာဗေဒနှင့် ဆေးပညာဆိုင်ရာ အချက်အလက်များကို ဆန်းစစ်ကြည့်ခဲ့သည်။

ထိုသို့ကျယ်ပြန့်သောသဘောရှိသည့် ပစ္စည်းများကို အညွှန်းများရေးသားခြင်းနှင့် အမျိုးအစားခွဲခြားခြင်းအလုပ်သည် အလွန်ရှုပ်ထွေးသောအလုပ်ဖြစ်သည်။ ၎င်းတို့ကိုနောက်ဆုံးအသုံးပြုပုံများ အမျိုးမျိုး ကွဲပြားနေခြင်းကပင် အမျိုးအစားခွဲခြားရသောအလုပ်ကို ပိုခက်ခဲစေခဲ့သည်။ ဖွံ့ဖြိုးရေးဆောင်ရွက်သူ၊ ပညာရေးသုတေသီ၊ ကမ္ဘာလှည့်ခရီးသွား လုပ်ငန်းအဖွဲ့အစည်း၊ လူထုဆက်သွယ်ရေးလုပ်ငန်း (ရေဒီယို၊ရုပ်မြင်သံကြား၊စာနယ်ဇင်း) ၊ သို့မဟုတ် ကျောင်းဆရာ စသည့်သူတို့ ၏ လိုအပ်ချက် များမှာ အမျိုးမျိုးကွဲပြားခြားနားနေကြပါသည်။ ကိုယ်ရေးရာဇဝင် အတွေ့ အကြုံတစ်ခုသည် တိုတောင်းသော်လည်း၊ ခေါင်းစဉ်အမျိုးမျိုးကို ဆက်စပ်ရည်ညွှန်းနေတတ်သောကြောင့်၊ ကြားဖြတ်ချိန်ထိုးရည်ညွှန်းခြင်းသည် အလွန်အရေးပါသကဲ့သို့ အလွန် အချိန်ကုန် လက်ဝင်သောအလုပ်ဖြစ်သည်။

၁၉၉၀–ခုနှစ် နှင့် ၁၉၉၃ခုနှစ်များတွင် ဤလှုပ်ရှားမှုကို တိုးချဲ့လုပ်ဆောင်ချက်၏ တစိတ် တဒေသနှင့် သုတေသနပြုမှုတွင် ပိုမိုအာရုံစိုက်မှုတရပ်အနေဖြင့် မှတ်ဉာဏ်ဘဏ်သည်တွေ့ဆုံမေးမြန်းခန်းသုံး ပစ္စည်း ကိရိယာ ဝယ်ယူရေးနှင့် အသက်ကြီးသူများကို သင်တန်းပေးရေးတွင်သုံးရန်ငွေကြေးထောက်ပံ့မှုကို ံနူစ ဗါန ၍ညအနမညအေသညဍ အဖွဲ့ မှရှိခဲ့သည်။ ၎င်း၏ရည်ရွယ်ချက်မှာ ထိုအသက်ကြီးသူများကို ယခုဆောင်ရွက်လျက် ရှိသော စီမံကိန်းတွင် ပိုမိုပါဝင်လာစေရန်နှင့် သူတို့၏အတိတ်ကာလနှင့် ထိုဒေသမှ ရသော သုတေသနပြုသော လုပ်ငန်းတွင် အထောက်အကူပြုစေရန် ရည်ရွယ်ခြင်းဖြစ်သည်။

မှတ်ဉာဏ်ဘဏ်သည်မော်ကွန်းတင်ရန် အဓိကတာဝန်ရှိသော်လည်း အရေးကြီးသောဖွံ့ဖြိုးရေး လုပ်ဆောင်ချက်ကိုပါ သိမြင်လာရသည်။ “ဒေသလူထု၏ဘဝနှင့် အတွေးအခေါ်များကို အတွင်းလူ၏ အမြင်ရှုထောင့်ဘက်မှ ရေးသားမည့်အစား အပြင်လူ၏ရှုမြင်မှုကိုသာ ရေးသားပြုစုထားသော ဤဒေသတွင် မှတ်ဉာဏ်ဘဏ်ကဲ့သို့သော စီမံကိန်းသည် ချိန်ခွင်လျှာညီအောင် ထိန်းပေးနိုင်သည်” ဟူသော အချက်ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင်းရှိ လူအသိုင်းအဝိုင်းများအကြောင်းကို မော်ကွန်းတိုက်မည်သည့်နေရာတွင် ထိန်းသိမ်း ထားရမည်ဟူသောကိစ္စမှအစ သီးခြားလွတ်လပ်စွာ သုတေသနပြုရမည့်အရေးတွင် အခက်အခဲမြောက်များ စွာ ရှိကြောင်း ထင်ရှားပါသည်။ သို့ရာတွင် ဤ(၁၀)နှစ်ကာလအတွင်း မှတ်ဉာဏ်ဘဏ်တွင် မှတ်တမ်းတင် ထားပြီးသည့် ပစ္စည်းများကို ထည့်သွင်းစဉ်းစားဆင်ခြင်ကြည့်ပါက၊ူသစစပိ ၢျချ များ၊ ဃျိ များနှင့် ဇငစ ိမငလနျ များတွင် အတိုင်းအတာတခုအထိ စုဆောင်းထိန်းသိမ်း ထားနိုင်စရာအကြောင်းရှိပါသည်။ ဤနမူနာမှ ကောက်ချက်ချမှတ်သားရန် အရေးကြီးသော အခြားအချက်တချက်မှာ – ဤစီမံကိန်းအောင်မြင်ရေးအတွက် ရပ်ရွာတွင်းမှ သက်ကြီးသူများကို တွေ့ဆုံမေးမြန်းခြင်းနှင့် သက်ဆိုင်ပါသည်။

အခြေခံသဘောအားဖြင့် မည်သူမဆိုမိမိတို့၏ ပစ္စည်းမော်ကွန်းတိုက်ကို ဖန်တီးနိုင်သည်။ ဂျမေကာမှတ်ဉာဏ်ဘဏ်စီမံကိန်းကဲ့သို့ ညှိနှိုင်းဆောင်ရွက်ရေးဖြင့် ကျယ်ကျယ်ပြန့်ပြန့်လုပ်မှဖြစ် သည် မဟုတ်ပါ။ ထိုသို့ပစ္စည်းစုဆောင်းခြင်းနှင့် မော်ကွန်းတိုက်ပြုစုခြင်းကို မည်သည့်အတိုင်းအတာဖြင့်မဆို ဆောင်ရွက်နိုင်သောကြောင့်၊ နောင်လာနောက်သားများအား၊ အခြားမည်သည့်နည်းဖြင့်မျှ လက်လှမ်းမမီနိုင်၊ မရယူနိုင်သော သူတို့၏ အတိတ်ကာလမှ ယဉ်ကျေးမှုလေ့ဆိုင်ရာအချက်အလက်များကို ရယူတတ်ရန် အထောက်အကူပြုပါလိမ့်မည်။ ထိုသို့ရှာဖွေစုဆောင်းခြင်းကို တပတ်နှစ်ပတ် သို့မဟုတ် လအနည်းငယ်အ

တွင်းအလျင်စလို ဆောင်ရွက်ရန်မလိုပါ။ ဂျမေကာမှတ်ဉာဏ်စီမံကိန်းသည် ၅နှစ်အတွင်း လူပေါင်း ၈၀ကို တွေ့ဆုံမေးမြန်းခဲ့ရာ ထိုလူဦးရေသည် များသည်ဟု မဆိုနိုင်ပါ။ သို့ရာတွင် တွေ့ဆုံမေး မြန်းခြင်းအလုပ်ကို ဂရုတစိုက်နှင့် ပြည့်စုံစွာ ပြုလုပ်ခဲ့ကြသည်။

ယခု ကျွန်ုပ်တို့ အနေဖြင့် နှုတ်ပြောအချက်အလက်များကို အသုံးပြုနိုင်သော နည်းအမျိုးမျိုးအကြောင်း စဉ်းစားပြီးဖြစ်သည်။ နှုတ်ပြောသမိုင်းနှင့် နှုတ်ပြောရိုးရာအစဉ်အလာများကို မှတ်တမ်းတင်ခြင်းနှင့် ဆက်နွယ်သော တိကျသည့် သတ်သတ်မှတ်မှတ် ကိစ္စများအကြောင်း ဆက်လက်မစဉ်းစားမီ၊ နှုတ်ပြော သုတေသန စီမံချက်တမျိုးမျိုးကို အကောင်အထည်ဖော်ရာတွင် သိထားသင့်သော အခြေခံအချက် အချို့ကို ဦးစွာဆင်ခြင်ရပါမည်။ ထို့နောက် တွေ့ဆုံမေးမြန်းခြင်း၊ မှတ်တမ်းတင် အသံဖမ်းနည်းစံနစ်များနှင့် လေ့ကျင့်သင်တန်းပေးခြင်းစသော စီမံကိန်း လက်တွေ့ဖော်ဆောင်ခြင်းနှင့် ဆိုင်သော လက်တွေ့ကဏ္ဍ အချို့အကြောင်း ဆက်လက်စဉ်းစားကြပါမည်။

# အပိုင်း၄– နားထောင်ခြင်းစီမံကိန်းများ

**စီမံကိန်းတစ်ခုကို စီစဉ်ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း**

- သင်၏စီမံကိန်းကို အစီအစဉ်ရေးဆွဲခြင်း
- နားထောင်ခြင်းစီမံကိန်း ၁–၃ နမူနာများ

**စီမံကိန်းကို ပြန်လည်သုံးသပ်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းနှင့် ပြန်လှန်ဆန်းစစ်ခြင်း**

- ပြန်လည်စိစစ်ခြင်းနှင့်စီမံကွပ်ကဲခြင်း၌ ကြုံရသောယဉ်ကျေးမှုအခက်အခဲ
- အဘယ်ကြောင့်ပြန်လည်သုံးသပ်ရမည်နည်း
- အဘယ်ကြောင့်ကြီးကြပ်မှုနှင့် ဆန်းစစ်မှုလုပ်ရမည်နည်း

**စီမံကိန်းရေးသားခြင်းနှင့်ထောက်ပံ့ငွေလျှောက်ထားခြင်း**

- ငွေကြေးထောက်ပံ့မှုမူကြမ်းတွင် ထည့်သွင်းရမည့် အခြေခံအချက်များကိုရေးချခြင်း

**စီမံကိန်းတာဝန်ခံဆောင်ရွက်သူ၏အခန်းကဏ္ဍ**

**နှုတ်ပြောသက်သေခံချက်စီမံကိန်းတခု၏ဖြစ်ရပ်မှန်ကိုလေ့လာခြင်း**



# စီမံကိန်းတစ်ခုကို စီစဉ်ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း

## စီမံကိန်းကို အစီအစဉ်ရေးဆွဲခြင်း[၁၈]

စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ခြင်း၏ အစပိုင်းအဆင့်များတွင်၊ အောက်တွင်ဖော်ပြထားသည့် ရည်ရွယ်ချက်များ၊ လက်တွေ့လုပ် ဆောင်ရန်များ၊ စိုက်ထုတ်မှုနှင့် လှူပ်ရှားမှုများကို လေ့လာထားလျှင်အကျိုးရှိပါမည်။

ရည်ရွယ်ချက်များ

၁။ နှုတ်ပြောရိုးရာအစဉ်အလာများကို မှတ်တမ်းတင်ရန်ရည်ရွယ်သလား သို့မဟုတ် နှုတ်ပြောသမိုင်း နှင့် နှုတ်ပြောသက်သေခံချက်များကို မှတ်တမ်းတင်ရန်ရည်ရွယ်ထားသလား။

၂။ မှတ်တမ်းတင်ခြင်း၏ ရည်ရွယ်ချက်မှာ အဘယ်နည်း။ ဥပမာ– လူမှုရေးပြောင်းလဲမှု၊ ယဉ်ကျေးမှုပြောင်းလဲမှု၊ စီးပွားရေးပြောင်းလဲမှု၊ ပတ်ဝန်းကျင်ပြောင်းလဲမှုတို့ မှ မည်သည့်ပြောင်းလဲမှုဆိုင်ရာ အပိုင်းများကို မှတ်တမ်းတင်ရန် ကြိုးပမ်းလုပ်ဆောင်နေသနည်း။ ဤအတွေ့အကြုံများနှင့် အဖြစ်အပျက်များအကြောင်း အထောက်အထားအချက်အလက်များကို ပြောပြသူနှင့် ရပ်ရွာလူထုအတွက် အဓိကရည်ရွယ်၍မှတ်တမ်းတင်နေသလား။

၃။ စီမံကိန်းသည် မှတ်တမ်းပစ္စည်းများနှင့်အတူ ပါဝင်ပတ်သက်နေသော ရပ်ရွာလူထု၏ ထောက်ခံအားပေးမှုနှင့်စိတ်ဝင်စားမှုကို ရရှိပါသလား။

၄။ သက်သေခံထွက်ဆိုချက်များကို ရပ်ရွာလူထုများအား ဆက်သွယ်ရန်ရည်ရွယ်သည့် နည်း တူ ကျယ်ပြန့်သောပရိသတ်အတွက်လည်းရည်ရွယ်ပါသလား။

### လက်တွေ့ လုပ်ဆောင်ရန်ဖြစ်နိုင်ခြေများ

၁။ အကင်းပါးခြင်း

သူလုပ်ဆောင်နေသောအရာနှင့် ပတ်သက်၍ သင်မည်မျှ ပွင့်လင်းမှုရှိနိုင်မည်နည်း။ ထိုအချက်သည် စီမံကိန်းအပေါ် မည်ကဲ့သို့အကျိုးသက်ရောက်မည်နည်း?။

၂။ အချိန်ကာလ အကန့်အသတ်ဘောင်

ဆောင်ရွက်လိုသောအရာကို ပြီးအောင်လုပ်နိုင်မည့် အချိန် ရရှိထား ရမည်။ မည်မျှအချိန်ကြာမည်ကို သေသေချာချာ မသိထားလျှင်၊ရက်သတ္တပတ်အနည်း သို့မဟုတ် လအနည်းငယ်ကြာပြီးနောက် ယခင်ချမှတ်ခဲ့သော ပန်းတိုင်နှင့်ကြိုတင်တွက်ဆချက်များကို ပြန်လည်စဉ်းစားနိုင်ရန် ပြန်လည်

သုံး သပ်သော ကာလကို ထည့်ရေးဆွဲလျှင်ကောင်းပါမည်။

၃။ ဘတ်ဂျက်ငွေစာရင်းနှင့် စေတနာဖြင့်လှူဒါန်းငွေ၊

သင်ဝယ်ယူမည့်ပစ္စည်းတခုခု၏ တန်ဖိုး၊ ခရီး စရိတ်သုံးငွေနှင့် လက်ဆောင်ပစ္စည်းအတွက်ကုန်ကျငွေ၊

တွေ့ဆုံမေးမြန်းခန်းအတွက်အခကြေးငွေ နှင့် မေတ္တာလက်ဆောင်များပေးရန်လိုအပ်ပါက

ထိုကုန်ကျငွေ၊အပိုအသုံးစရိတ်အဖြစ်လိုအပ်ပါက ညှိနှိုင်းရေးမှူး အတွက်လုပ်အားခ၊

[18] Much of the text for this section has been either taken directly of adapted from *Giving Voice*, Panos, London, 1999

သယ်ယူပို့ဆောင်စရိတ်နှင့်ဘာသာပြန် (စကားပြန်) အတွက် ဉာဏ်ပူဇော်ခများကို ထည့်စဉ်းစားရန် လိုပါမည်။

ပစ္စည်းများကို တနေရာမှ အခြားတနေရာသို့ ရွှေ့ပြောင်းအသုံးပြုရာတွင် ကုန်ကျမည့် ပြောင်းရွှေ့စရိတ်နှင့် စီမံကိန်းမှထွက်သော ထုတ်ကုန်တခုခုအတွက် ကုန်ကျစရိတ်များစာရင်းကိုလည်း ပြုစုရန် လိုအပ်ပါမည်။ ဤသို့ ငွေစာရင်းပြုလုပ်ပြီးနောက်တွင် စုစုပေါင်းအသုံးစရိတ် များလွန်းနေကြောင်း တွေ့ရတတ်သည်။ ထိုသို့ဖြစ်နေပါက လွယ်ကူသော အဆင့်မှစတင်၍ စိတ်ဝင်စားမှုနှင့် စေတနာ သက်သက်ဖြင့် ပါဝင်ကူညီပေးမည့်သူများကို လုပ်အားပေးရန်ခေါ်ပါ။ သို့ရာတွင် စေတနာ သက်သက်ဖြင့် ပါဝင်ဆောင်ရွက်မည့်သူများကို စိတ်ဝင်စားလာအောင် လှုံ့ဆော်ရန် စဉ်း စားထား ရမည်။ စေတနာရှင်များ စိတ်အားထက်သန်နေစေရန်၊ သူတို့ စိုက် ထုတ်သော လုံ့လဝီရိယများကို လေးစားရန်၊ လုပ်ငန်းတိုးတက်မှုတွင် သူတို့ကို ပါဝင်စေရန်နှင့် အဖိုးတန်ဆုံးအရင်းအနှီးအဖြစ် သဘောထားပြီး သူတို့ကို လေးလေးစားစား ဆက်ဆံရန် စသည်တို့ဖြစ်သည်။

၄။ သိုလှောင်ခြင်း

ရရှိထားသောပစ္စည်းများကို မပျက်မစီး၊အကောင်းပကတိအခြေအနေမှာ ထိန်းသိမ်းထားနိုင်ရန် မည်သည့်နေရာတွင်မည်ကဲ့သို့ သိုလှောင်ရမည်ကို ကြိုတင်စဉ်းစားထားရန်လိုမည်။

၅။ အဆက်အသွယ်များ

သင်သည် ထိုင်းနိုင်ငံတွင်အခြေစိုက်ပါက ဤလုပ်ငန်းမျိုးလုပ်ကိုင်ခဲ့ဖူးသော၊ သင့်ကို အစပိုင်းကတည်းကပင် ကူညီနိုင်သော အဖွဲ့အစည်းများ၊ အစည်းအရုံးများနှင့်ဆက်သွယ်ရန်ကြိုးစားပါ။

၆။ ထိန်းချုပ်ခြင်း

သင်သည် သင်၏ရပ်ရွာမှငွေကြေးချမ်းသာသူစသောငွေကြေးထောက်ပံ့သူ ၊ အဖွဲ့အစည်း တခုခုပေါ်တွင်အခိကမှီခိုနေရပါက၊ ရပ်ရွာလူထုကို အခြေခံသော ဤစီမံကိန်း၏မူဝါဒစည်းမျဉ်း များကို သဘောတူညီမှု ရယူထားရမည်။ ငွေကြေးထောက်ပံ့သူများ စည်းရုံးရေးမှူးများ၊ ညှိနှိုင်းစီမံ ဆောင်ရွက်ပေးသည့်တာဝန်ခံများ၊ စေတနာ့ဝန်ထမ်း ပါဝင်သူများနှင့် အခြားလုပ်သားများအကြား ဆက်သွယ်မှုလမ်းကြောင်းသည် ရှင်းရှင်းလင်း လင်းဖြစ်နေရန်လိုသည်။ အခြားတနေရာရာမှ ငွေကြေးကို ရယူထားလျှင် သင်၏စီမံကိန်းကို မပြတ် ပြန်လည်စီစစ်သုံးသပ်ခြင်း၊ စီမံကွပ်ကဲခြင်းနှင့် အကဲဖြတ်ခြင်းတို့ကို မလစ်ဟင်းအောင်ဆောင်ရွက်ပြီး၊ ငွေကြေးထောက်ပံ့သူထံသို့ နောက်ဆုံးလုပ်ငန်းတိုးတက်မှုအခြေအနေများကို ပုံမှန်အစီရင်ခံအသိပေးပါ။

## ပါဝင်လုံ့လစိုက်ရင်းနှီးမှုနှင့် လုပ်ကိုင်ဆောင်ရွက်မှုများ

စီမံကိန်းတွင်ပါဝင်သော ရပ်ရွာလူထုနှင့် အဖွဲ့အစည်းက မှတ်တမ်းတင်မှတ်ရာပစ္စည်းများကို အသုံး ပြုလိုသည့်အချက်သည် သင်အသုံးပြုသော နည်းလမ်းအတိုင်း ဖြစ်မဖြစ်၊ စဉ်းစားရန် လိုလိမ့်မည်။ ပြောပြ သူများသည် စီမံကိန်းအကြောင်းကို ကောင်းကောင်း သိထားရမည်။ သူတို့ပြောပြသော ဇာတ်လမ်းသမိုင်းများကို ဘယ်လိုပြောရမည်ကိုလည်း နားလည်ထားရမည်။ ကျယ်ကျယ်ပြန့်ပြန့် သဘောပြောရလျှင် ပြောဆိုခြင်း၊ ပညာပေးခြင်း၊ မှတ်တမ်းတင်ခြင်းနှင့် ဆက်သွယ် ပြောပြခြင်းတို့ကို နားလည်ထားရမည်။ ဤတွင် နမူနာများကို ပေးထားပါသည်။

- ရေးထားသောမှတ်တမ်း သို့မဟုတ် အသံဖမ်းတိတ်ခွေ၌ပါရှိသော တွေ့ဆုံမေးမြန်းချက်များ သို့မဟုတ် တွေ့ဆုံမေးမြန်းခန်းမှကောက်နုတ်ချက်များကို ရပ်ရွာအတွင်း စကားဝိုင်းများတွင် အသုံးပြုခြင်း။

  အခြေအနေအတွေ့အကြုံတစ်ခုခုကို ပြည်သူလူထုစိတ်ဝင်စားလာအောင် ဤတွေ့ဆုံမေးမြန်းထားသော အချက် သို့မဟုတ် တွေ့ဆုံမေးမြန်းခန်းမှကောက်နုတ်ချက်ကိုအသုံးပြုခြင်း။

- လူထုထံမှ ပိုမိုကောင်းမွန်သောမူ သို့မဟုတ် အခြားမူကွဲများ ပေါ်ပေါက်လာရန် လူထု၏ မူလလက်ဦး အတွေ့အကြုံများကို အထောက်အထားအဖြစ် အသုံးပြုခြင်း။
- ပျောက်ကွယ်စပြုနေသော လူမှုရေးဓလေ့ထုံးတမ်းများကို မှတ်တမ်းတင်ခြင်း၊ပြောင်းလဲခြင်း၊၊
- ရပ်ရွာလူထုသမိုင်းနှင့် တိုင်းရင်းသားတို့ ၏ မိရိုးဖလာအသိပညာရိုးရာ ဓလေ့များကို စာပေနှင့် မှတ်တမ်းတင်ထားရှိခြင်း။
- ရေးသားပြုစုထားသော ရပ်ရွာတွင်းစာအုပ်စာပေများကိုထုတ်ဝေပေးခြင်း။

ဤရည်ရွယ်ချက်များအောင်မြင်ရန်အတွက် အောက်ပါအချက်များ အားလုံးဖြစ်စေ၊ တချက်ချက်ကို ဖြစ်စေ လုပ်ဆောင်ရန်လိုလိမ့်မည်။

- ရပ်ရွာတွင်းစာအုပ်ငယ်များထုတ်ဝေခြင်း၊၊
- ပြခန်းပြပွဲတခုလုပ်ခြင်း။
- ရေဒီယိုအစီအစဉ်တခုအကောင်အထည်ဖော်ခြင်း၊ ရေဒီယိုအသံလွှင့်အစီအစဉ်တွင်ပါဝင်ခြင်း။

မော်ကွန်းတိုက်အငယ်တခုဖွဲ့စည်းတည်ထောင်ခြင်း သို့မဟုတ် ရှိပြီးသားမော်ကွန်း တိုက်သို့ မှတ်တမ်းပစ္စည်းများပေးလှူခြင်း။

- မူချမှတ်သူများအပါအဝင် စီမံကိန်းနှင့် ပတ်သက်သောအဖွဲ့များကို ခေါ်ယူစည်းရုံးပြီး၊ တွေ့ရှိ ချက်များအပေါ် ဆွေးနွေးခြင်း။
- သက်သေခံထွက်ဆိုချက်များပေါ်အခြေခံပြီး ပြဇာတ်တိုတပုဒ် တင်ဆက်ခြင်း။

ဤလုပ်ဆောင်ချက်များသည် သင်၏စီမံကိန်းကို အကောင်အထည်ဖော်ရာတွင် မည်သည့်နည်းလမ်း အပေါ် မည်ကဲ့သို့ အကျိုးသက်ရောက်နိုင်ကြောင်း စဉ်းစားပါ။ ဥပမာ – သင်သည် ရေဒီယိုအစီအစဉ် များကို အကောင်အထည်ဖော်လိုလျှင်၊ ရေဒီယိုအသံဖမ်းအဆင့်မီကိရိယာများ ရရှိထားရမည်။ ရုပ်ပြ ဇာတ်လမ်းစာအုပ် ထုတ်ဝေရန် သို့မဟုတ် ပြခန်းတခု ဖွင့်လှစ်ပြသရန် ရည်ရွယ်ပါက တွေ့ဆုံမေးမြန်း ခန်းများပြုလုပ်စဉ် အချက်အလက်ပြောပြသူများ၏ ဓာတ်ပုံများကို ရိုက်ကူးထားရန်လိုမည်။ အဖြစ် အပျက်အတော်များများတွင် မှတ်တမ်းမှတ်ရာ စာအုပ်များနှင့်အတူ ဗီဒီယိုခွေသို့မဟုတ် ဓာတ်ပုံမှတ်တမ်းများကို ပူးတွဲထားရန် လိုအပ်ကြောင်း သင် ခံစားရပါလိမ့်မည်။ ဥပမာ – နှုတ်ပြောရိုးရာအစဉ်အလာများကို သရုပ်ဖော်လုပ်ငန်း၏ တစိတ်တဒေသအဖြစ် မှတ်တမ်းတင်သောအခါမျိုး၊ တဖန် ထိုသို့သောအစီအစဉ်တွင် ပါဝင်ဝေငှခြင်းအတွက် ဝမ်းသာအားရကျေနပ်စေရန် သတိပြုပါ။

စီမံကိန်း ၃–ခု၏ရည်ရွယ်ချက်နမူနာများကို အောက်တွင်ဖော်ပြထားပါသည်။ ပထမဆုံးဥပမာသည် တောင်အာဖရိကနိုင်ငံမှ နှုတ်ပြောသက်သေခံချက်အဖြစ်မှန်ဖြစ်သည်။ ဒုတိယ နှင့် တတိယနမူနာ များမှာ မြန်မာနိုင်ငံတွင်းအဖွဲ့များစွာတို့ ကစိတ်ဝင်စားသော ဖွံ့ ဖြိုးရေးစီမံကိန်းပုံစံမျိုးထဲမှ နမူနာများ ဖြစ်ပါသည်။

## စီမံကိန်း၏ပန်းတိုင်နှင့် ရည်ရွယ်ချက်နမူနာများ

**နမူနာ ၁။ တောင်အာဖရိကနိုင်ငံမှ နှုတ်ထွက်သက်သေခံချက်စီမံကိန်းတစ်ခု**

တောင်အာဖရိကနိုင်ငံမှ ဤစီမံကိန်းမှာ ယေဘုယျရည်ရွယ်ချက်အားဖြင့် ကိုယ်တိုင်တွေ့ကြုံ ခံစား ရသောသူတို့၏ အမြင်များနှင့်အတွေ့အကြုံများကို နားထောင်ခြင်းဖြင့် ရွှေ့ပြောင်းနေရာချထားမှုအပေါ် မည်သို့အကျိုးသက်ရောက်စေနိုင်ကြောင်း သတိပြုမိလာစေရန်ဖြစ်သည်။ တောင်အာဖရိကနိုင်ငံ၏

ဤစီမံကိန်းသည် တောင်အာဖရိကတိုက်တွင် ဒေါ်လာသန်းပေါင်းများစွာ အကုန်အကျခံ၍ပြုလုပ်သော ရေစီမံကိန်းအတွက် ဖွံ့ဖြိုးရေးမူဝါဒကြောင့် ရွှေပြောင်းနေရာချထားခံရသောသူတဦးချင်းအပေါ်တွင် (အထူးသဖြင့်)လူမှုရေးနှင့်ယဉ်ကျေးမှုဆိုင်ရာမထင်ရှားသော အကျိုးသက်ရောက်မှုနှင့်ရေရှည် အကျိုးသက်ရောက်မှုကို လေ့လာရှာဖွေထုတ်ရန်ရည်ရွယ်သည်။

**စီမံကိန်းလျာထားချက်များ**

- ပြောင်းရွှေနေရာချထားခြင်း၏ အကျိုးသက်ရောက်မှုကို သတိပြုနားလည်လာစေရန်
- ပြောင်းရွှေနေရာချထားမှုနှင့် ကျင့်သုံးမှုကိုပိုမိုတိုးတက်အောင်ကူညီပံ့ပိုးပေးရန်
- ပြောင်းရွှေနေရာချထားခံရခြင်း၏ ဖြစ်စဉ်နှင့်အကျိုးသက်ရောက်မှုကို သိရှိနားလည်ရေးအတွက် အဓိကသော့ချက်ဖြစ်သော အပယ်ခံလူတန်းစားနှင့် လူပုဂ္ဂိုလ်တဦးချင်း၏ အမြင်နှင့်အတွေ့အကြုံများကို ဖော်ထုတ်ပြောပြခွင့်ဖန်တီးပေးရန်
- နှုတ်ပြောသက်သေခံချက်များကို စုဆောင်းခြင်းအပေါ်တွင် ပြောင်းရွှေနေရာချထားခြင်းခံသော လူပုဂ္ဂိုလ် နှင့်အသိုင်းအဝိုင်းတို့၏ အမြင်များနှင့်အတွေ့အကြုံ များကို ရရှိရန် နည်းလမ်းအဖြစ် ကျယ်ကျယ်ပြန့်ပြန့်သိရှိနားလည်လာစေရန်

**စီမံကိန်းရည်ရွယ်ချက်များ**

- နှုတ်ပြောသက်သေခံချက်များ စုဆောင်းရာတွင် တွေ့ဆုံမေးမြန်းမှုပြုလုပ်မည့်သူများအဖွဲ့ တဖွဲ့ကို လေ့ကျင့်သင်တန်းပေးရန်။
  ပြန်လည်ပြောင်းရွှေနေရာချထားခြင်းခံရမှု ရှိ/မရှိနှင့်ပြောင်းရွှေခံရပြီးနောက် တနှစ်တစ်ကြိမ် နှစ်ကြိမ် ရွာသားများကို တွေ့ဆုံမေးမြန်းရန်
- သင့်လျော်သောနေရာတွင် ပြောင်းရွှေနေရာချထားခံရသူများအား သူတို့၏ လိုလားချက်များ နှင့်ဦးစားပေးချက်များကို ထုတ်ဖော်ပြောဆို၍ သူတို့၏အတွေ့အကြုံများကို ဆင်ခြင်သုံးသပ် ခွင့်ပေးခြင်းအားဖြင့် ပတ်ဝန်းကျင်အခြေအနေအသစ်တွင် နေသားတကျဖြစ်အောင် ကူညီပံ့ပိုးရန်
- ရွာသားများအတွက်အဓိကရည်ရွယ်၍ သူတို့ ၏ သက်သေခံချက်များကို စာအုပ်ငယ်များ ထုတ်ဝေရန်
- ပြောင်းရွှေနေရာချထားမှုတွင် ပါဝင်ပတ်သက်နေသူများအား အခြေအတင်ဆွေးနွေး ပြောဆိုလိုစိတ်ဖြစ်လာအောင်နှိုးဆွပေးသည့်အနေနှင့် သက်သေခံချက်များ၊ ရှုမြင်သုံးသပ်ချက်များ ကို နောက်ခံသမိုင်းနှင့် ဝေဖန်ချက်ပူးတွဲပြီး ဆင့်ပွားစာအုပ်ငယ်များကို ခေါင်းစဉ်ခွဲ၍ ဒေသခံဘာသာစကားနှင့်ရိုးသုံးဘာသာစကားဖြင့် ထုတ်ဝေရန်
- ပြောင်းရွှေနေရာချထားခံရသူများနှင့် ပါဝင်ပတ်သက်သော အန်ဂျီအိုအဖွဲ့ များ၊ အကျိုး ဆောင်အဖွဲ့အစည်းများအပြန်အလှန်ပြောဆိုဆွေးနွေးရေးကို အားပေးသည့်အနေနှင့် သက်သေခံချက်များ အကြမ်းနှင့်အချောကိုအသုံးပြုရန်။

**နမူနာ ၂။ မြန်မာနိုင်ငံရှိလူနည်းစုအသိုင်းအဝိုင်းအတွင်းက နှုတ်ပြောရိုးရာအစဉ်အလာ စီမံကိန်းတစ်ခု။**

အောက်ဖော်ပြပါဥပမာရှိ ရည်ရွယ်ချက်ကို ခြုံ၍ပြောရလျှင် ပျောက်ကွယ်စပြုနေသော နှုတ်ပြောရိုးရာအစဉ်အလာများ၏ ပုံစံများကို လူအများသတိပြုမိလာရန် မှတ်တမ်းများကို ထုတ်လုပ်ရန်၊ မှတ်တမ်းများအသံဖမ်းခြင်းကို တိုး၍ပြုလုပ်ရန်နှင့် အများစုနားလည်အသုံးပြုသော ဒေသခံဘာသာစကား ဖြင့် စာပေနှင့်အဘိဓာန်များအတွက် စုဆောင်းပေးရန်တို့ ဖြစ်သည်။ ဒေသခံလူများ၏ မိမိကိုယ်ကို တန်ဖိုးထားစိတ်တိုးပွားစေရန်နှင့် သူတို့၏ နောင်လာ နောက်သားခေတ်အဆက်ဆက်တို့ အရည်အသွေးရှိသော စာအုပ်စာတမ်းများ ထုတ်ဝေရာတွင်လည်း အထောက်အကူပြုသည်။

**စီမံကိန်းလျာထားချက်များ**

- ပတ်ဝန်းကျင်အသိုင်းအဝိုင်းတခုရှိ သီးခြား နှုတ်ပြောရိုးရာအစဉ်အလာ ပုံစံများကို သတိပြုမိရန်နှင့် နားလည်ရန်
- နှုတ်ပြောရိုးရာအစဉ်အလာများကို ဘာသာ ဗေဒအရ ဖြစ်စေ၊ ယဉ်ကျေးမှုအရဖြစ်စေ တန်ဖိုးထားတတ်အောင် ပံ့ပိုးပေးရန်
- အဆိုပါ နှုတ်ပြောရိုးရာအစဉ်အလာများအား အသံဖမ်းမှတ်တမ်းတင်ခြင်းကို ထောက်ခံအားပေးရန်
- ဒေသခံလူများ၏ ဆောင်ရွက်ချက်များကို အမှတ်တရရှိစေရန် မှတ်တမ်းတင်ခြင်းနှင့် ပျောက်ဆုံးသွားနိုင်သော ဒေသခံယဉ်ကျေးမှုဓလေ့ထုံးတမ်းများနှင့်ဆိုင်သောအကြောင်းအရာအားလုံးကို မော်ကွန်းတိုက်ပြုစုထားရန်။

**စီမံကိန်းရည်မှန်းချက်များ**

- ဒေသခံလူထုကို စာရွက်စာတမ်းများနှင့် စာအုပ်များထုတ်ဝေတတ်ရန် ကွန်ပျူတာကျွမ်းကျင်မှု သင်တန်းပေးရန်
- စာရွက်စာတမ်းများကို ပုံနှိပ်ထုတ်ဝေရေးအတွက် မျိုးဆက်များအကြားဆက်သွယ်ပေးရန်
- စာရွက်စာတမ်းနှင့်မှတ်တမ်းများအတွင်း ရုပ်ပုံများရေးဆွဲရာတွင် ပါဝင်လာရန် ဒေသခံလူထုထဲမှ လူငယ်ဒီဇိုင်းနှင့်ပန်းချီဆရာများကို အားပေးရန်
- လူငယ်မျိုးဆက်သစ်များအသိနည်းသော နှုတ်ပြောရိုးရာအစဉ်အလာများကို ဘာသာဗေဒအရဖြစ်စေ၊ ယဉ်ကျေးမှုအရဖြစ်စေ မိတ်ဆက်ပေးသည့် စာအုပ်များ ထုတ်ဝေရန်
- နှုတ်ပြောရိုးရာအစဉ်အလာ၏ အနှစ်သာရနှင့် ဝေါဟာရအဓိပ္ပာယ်ကြွယ်ဝမှုကို လူများစိတ်ဝင်စားလာအောင် ဖန်တီးခြင်းဖြင့် မှတ်တမ်းများ၏ အဆင့်ကို ထိန်းသိမ်းခြင်း
- ယခုခေတ်အဘိဓာန်ပြုစုရာတွင် အထောက်အကူပေးရန်။ ဒေသခံလူထု၏ သားမြေးများ အသုံးပြုနိုင်မည့် ဖတ်စာအုပ်များ ထုတ်ဝေရန်။
- လူမှုရေးဒဿနအတွေးအခေါ်နှင့် ကိုးကွယ်သည့်ဘာသာရေးကို ရိုးရာဓလေ့အရ သီးခြားမှုအဖြစ် ထင်ရှားသောအကြောင်းအရာများကိုဆွေးနွေးရန်
- အရည်အသွေးမီအဆင့်မြင့်သောစာအုပ်စာပေများကို ထုတ်ဝေခြင်းဖြင့် ဒေသခံလူထု၏ ကိုယ့်ကိုယ်ကိုယ်တန်ဖိုးထားမှုကိုဖော်ထုတ်ရန်
- အသံဖမ်းမှတ်တမ်းတင်ခြင်း၊ ပုံနှိပ်ထုတ်ဝေခြင်းများ ဆက်လုပ်နိုင်ရန် စာအုပ်စာတမ်းများရောင်းချ၍ ရန်ပုံငွေရှာရန်။

**နမူနာ ၃။ မြန်မာနိုင်ငံလူနည်းစုတိုင်းရင်းသားလူမျိုးတမျိုး၏ နှုတ်ပြောသမိုင်း စီမံကိန်းတခု**

အောက်ဖော်ပြပါ ဥပမာတွင် ထိုင်းနိုင်ငံရှိမြန်မာနိုင်ငံသားလူနည်းစုတိုင်းရင်းသားလူမျိုးတမျိုး၏ နှုတ်ပြောသမိုင်းများကို မြန်မာဘာသာနှင့်အင်္ဂလိပ်ဘာသာအားဖြင့် ရေးသားထုတ်ဝေနိုင်ရန် ရည်ရွယ်ချက်ဖြင့် မှတ်တမ်းတင်ရန်ဖြစ်သည်။

**စီမံကိန်းလျာထားချက်**

- လွတ်လပ်ရေးနောက်ပိုင်းဒေသခံလူထု၏ နိုင်ငံရေးအခြေအနေအသေးစိတ်ကို မှတ်တမ်းတင်၍ ဒေသခံလူထု၏ သမိုင်းကိုစာအုပ်ထုတ်ဝေရန်။ မှတ်တမ်းအဖြစ် ရည်ရွယ်သည်။
- ဒေသခံလူထု၏ အကြောင်းအရာများတွင် စာပေအထောက်အထား လုံလုံလောက်လောက်

မရှိကြောင်းတင်ပြ၍ ဒေသခံလူထုအကြောင်း မတိမကျရေးသားထုတ်ဝေထားသော အမျိုးသားနိုင်ငံရေးသမိုင်းများကို တုံ့ပြန်မှုပြုရန်

- ဒေသခံလူထု၏ မိမိကိုယ်ကိုတန်ဖိုးထားမှုကို အားပေးရန်နှင့်ရပ်ရွာရှိသက်ကြီးများ၏ အသိပညာနှင့် အတွေ့အကြုံများကို သူတို့စကားများအတိုင်း အသံဖမ်းမှတ်တမ်း တင်ခြင်း၊ စာအုပ်စာတမ်းတို့ဖြင့် ရေးသားထုတ်ဝေခြင်းဖြင့် သူတို့၏အသိပညာနှင့် အတွေ့အကြုံများကို လေးစားဂုဏ်ပြုရန်။

**စီမံကိန်းရည်မှန်းချက်များ**

- စီမံကိန်းလုပ်ဆောင်မှုများတိုးတက်မှုနှင့် နောက်ဆက်တွဲလုပ်ငန်းများကိုကြီးကြပ်ကွပ်ကဲမည့် ကော်မတီတစ်ရပ်ကို ဖွဲ့စည်းရန်
- နှုတ်ပြောသမိုင်းများကို အသံဖမ်းမှတ်တမ်းတင်တတ်ရန် ကော်မတီအဖွဲ့ဝင်များ ကို လေ့ကျင့်သင်တန်းပေးရန်
- ယခုလတ်တလောဖြစ်ပျက်နေသော နိုင်ငံရေးအဖြစ်အပျက်များအကြောင်း သတင်းအချက် အလက်များနှင့်တကွ ရပ်ရွာရှိခေါင်းဆောင်ပိုင်း ပုဂ္ဂိုလ်များအကြောင်း မှတ်တမ်းတင်ရန်။ ဤသမိုင်းဖြစ်ရပ်များကို အခြားမှရရှိသော စာပေအထောက်အထားများ အသုံးပြု၍ သမိုင်းစာအုပ်ပြုစုရန်။
- စာအုပ်စာတမ်းများရေးသားပြုစုခြင်းဖြင့် ဒေသခံလူထု၏ ကိုယ့်ကိုယ်ကိုယ်တန်ဖိုးထားရှိမှုကို ဖော်ထုတ်ရန်နှင့် တရားဝင်ထုတ်ပြန်သော သမိုင်း၏မတိကျသည့် အချက်အလက်များကို အမှန်အတိုင်းပြန်လည်ဖော်ပြရန်။
- ယင်းစာအုပ်ကို ရပ်ရွာလူထုစာသင်ကျောင်းများတွင် အသုံးပြုရန်။
- ဒေသခံလူထု၏ အတွေ့အကြုံနှင့် လက်ရှိအခြေအနေကို ပိုမိုကျယ်ပြန့်သောပရိသတ်ထံအသိ ပေးရန်။
- စာအုပ်စာတမ်းများပုံနှိပ်ထုတ်ဝေရန်အတွက်ကော်မီတီအဖွဲ့ဝင်များကို လေ့ကျင့်သင်တန်းပေးရေး နည်းလမ်းတစ်ခုကို ဖန်တီးပေးရန်။ ကော်မတီကဆက်လက်ကြီးကြပ်မည့်ရပ်ရွာသမိုင်း၏ ရှေ့လုပ် ငန်းစဉ်များကို အဆက်မပြတ်ပြုလုပ်နိုင်ရေးအတွက် အရှိန်မြှင့်အားပေးရန်။

အထက်ဖော်ပြခဲ့သည့်အတိုင်း ဤစီမံကိန်း၏ လျာထားချက်နှင့် ရည်မှန်းချက်ပန်းတိုင်များသည် တခုနှင့်တခုမတူညီကြောင်းတွေ့ရပါမည်။ သင်၏လုပ်ငန်းကို လုပ်ဆောင်ရန် မှန်သောလမ်း၊ မှားသောလမ်းဟူ၍ ဖော်ပြရန် အဓိကမဟုတ်။ သင်၏လုပ်ငန်းမစမီ၊ သင်ရောက်ရှိလိုသည့်ရည်မှန်းချက်ကို ကြိုတင်၍ ရှင်းလင်းစွာ ရေးချထားရန်သာ အဓိက လိုအပ်သည်။

# စီမံကိန်းကို ပြန်လည်သုံးသပ်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းနှင့် ပြန်လှန်ဆန်းစစ်ခြင်း

လုပ်ရန်ရည်ရွယ်ထားသောအချက်ကို စီစဉ်ရေးချခြင်းသည် လုပ်ဆောင်နေသော စီမံကိန်း၏ ပြဿနာတစိတ်တဒေသကိုသာ ဖြေရှင်းပေးနိုင်မည်။ မှန်းထားသည့်အတိုင်း စီမံကိန်းလုပ်ငန်း များ တိုးတက်မှုရှိမရှိလည်း စစ်ဆေးရလိမ့်မည်။ ဤသို့စစ်ဆေးရန် သင်၏စီမံကိန်းကို မှန်မှန် ပြန်လည်သုံးသပ်ခြင်း နှင့် ကြီးကြပ်ကွပ်ကဲခြင်းကို ပြုလုပ်ရမည်။ ဤသို့ပြုလုပ်ရန်အစီအစဉ်ကို စီမံကိန်း အစပိုင်းကတည်းက ထည့်သွင်းရေးဆွဲထားသင့်သည်။ ကြီးကြပ်ကွပ်ကဲခြင်းနှင့် မှန်မှန်ပြန်သုံးသပ်ခြင်းဖြင့် သင်လျာထားသည့် အတိုင်း ဆောင်ရွက်ပြီးစီးမှုရှိမရှိသိနိုင်မည်။ ယခု လတ်တလောရရှိသော အတွေ့အကြုံ ပေါ် အခြေခံ၍ ရှေ့တွင်မည်ကဲ့သို့လုပ်ဆောင်ရမည်ကို စဉ်းစားနိုင်မည်။ လုပ်ငန်းတိုးတက်မှုကို စိစစ်နိုင်မည်။ ပြဿနာများကို ဖြေရှင်းနိုင်ပြီး ရှေ့လာမည့်လုပ်ငန်းအဆင့်သို့ ဆက်လှမ်းရန် အဆင်သင့်ရှိမရှိ သိနိုင်မည်။ သို့မဟုတ် ရှေ့ဆက်လုပ်ငန်း တိုးချဲ့လုပ်ဆောင်ရန် သင့်မသင့်သိရမည်။ ပြန်သုံးသပ်ခြင်းနှင့် ကြီးကြပ်ခြင်းဖြင့် စီမံကိန်းပြီးဆုံးသောအချိန်တွင် စီမံကိန်းကို အကဲဖြတ်ဆန်းစစ် နိုင်မည်။

စီမံကိန်းလုပ်ဆောင်နေသောအဖွဲ့သားများသည် မိမိတို့လုပ်ပြီးသောအရာများကို ပြန်လှန်စိစစ်နိုင်ရန်၊ အတွေ့အကြုံအတော်အတန်ရှိထားသင့်သည်။ အဖွဲ့ငယ်များအဖြစ် အတူအလုပ်လုပ်ကြလျှင် ရွာတွင် မကြာခဏ မြင်တွေ့နေပြီး အချင်းချင်းသိပြီးသားဖြစ်သောကြောင့် လုပ်ငန်းအကြောင်း မူအတိုင်း ဆွေးနွေးရန် မလိုဟု ထင်ရပါမည်။ သို့ရာတွင် ပုံမှန်ဆွေးနွေးမှုပြုရမည့် ပြဿနာများ မလွဲမသွေပေါ်ပေါက်လာမည်ဖြစ်ပြီး တခါတရံ တွေ့ဆုံမေးမြန်းသူ၏ ကျွမ်းကျင်မှုနှင့် ဆိုင်သောပြဿနာဖြစ်တတ်သည်။ သို့မဟုတ် မေးခွန်း အမျိုးအစားနှင့် ဆိုင်သော ပြဿနာဖြစ်တတ်သည်။ တွေ့ဆုံမေးမြန်းသူများနှင့် ကျယ်ပြန့်သော လူထုအသိုင်းအဝိုင်းတွင် ဤစီမံကိန်းအပေါ် စိတ်အားထက်သန်မှု အရှိန်မြင့်နေစေရန် ဤပြဿနာများကို ဆင်ခြင်၍ ဖြေရှင်းရမည်။ မေးမြန်းသူများ၏ အပြုအမူသို့မဟုတ် မေးခွန်း၏ကြားဝင် နှောင့်ယှက်သော သဘောသဘာဝမျိုးကြောင့် စီမံကိန်းအပေါ် လူထုအမြင် မကြည်လင်လျှင်၊ ရပ်ရွာလူထုပါဝင်လိုမှု ရုတ်တရက်လျော့သွားကြောင်း တွေ့ရမည်။ ထို့ပြင် စီမံကိန်းသည် စေတနာ့ဝန်ထမ်းများ အပေါ်မှီခိုအားထားရလျှင် ထောက်ပံ့ အားပေးမှုမရှိပါက ပါဝင်သူများ စိတ်အားထက်သန်မှုလွယ်ကူစွာလျော့ပါး သွားနိုင်သည်။ တခါတရံ ဤသို့ဖြစ်နေကြောင်းကို အလွန်အချိန်နှောင်းမှ သတိပြုမိတတ်သည်။ အထူးသဖြင့် စီမံကိန်းသည် တနေရာတည်း သတ်သတ်မှတ်မှတ် မဟုတ်ဘဲ ကျယ်ကျယ်ပြန့်ပြန့်နှင့် လပေါင်းများစွာကြာသော စီမံကိန်းမျိုးဖြစ်လျှင် တိုးတက်မှုအမျိုးမျိုးကို လွယ်ကူစွာမမြင်ရဘဲ၊ အဖြစ်မှန်ကို ဖြေးဖြေးမှသိရသောအခါမျိုးတွင် ဤအဖြစ်မျိုးကြုံရတတ်သည်။

## စီမံကိန်းတစ်ခုကို ပြန်လည်သုံးသပ်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းနှင့် ပြန်လှန်ဆန်းစစ်ခြင်းပြုရာတွင် ကြုံတွေ့ရသောဓလေ့ထုံးတမ်းဆိုင်ရာအခက်အခဲများ

ဤအခန်းတွင်ဖော်ပြထားသောနည်းစနစ်များသည် မြန်မာနိုင်ငံတွင်ရှိအသိုင်းအဝိုင်းများက အသုံးပြုလေ့ မရှိသောအရာများဖြစ်ရာ၊ ဤတွင်ဖော်ပြသော အကြံပြုချက်များသည် လူအတော်များများ အတွက် မသင့်လျော်သလိုထင်ရပေမည်။ ပြန်လှန်စစ်ဆေးခြင်းကို ဝေဖန်ခြင်းဟု မြင်ကောင်းမြင်ကြမည်။ ထိုအခါဝေဖန်ခံရသည်ဟုခံစားရသူများမှာနာကျည်းဒေါသဖြစ်ကြမည်။ လုပ်ငန်းကို စံနစ်တကျ ပုံမှန်လုပ်ဆောင်ပြီးစီးနိုင်ဖို့ အတွက် ပြန်လည်သုံးသပ်ရန်လိုအပ်သည်ဖြစ်ရာ၊ စီမံကိန်းကို ကြီးကြပ် ကွပ်ကဲခြင်းနှင့် အကဲဖြတ်ခြင်းပြုလုပ်ရာတွင် ငွေရေးကြေးရေးအသုံးစရိတ်ကိုပါ စစ်ဆေးရသဖြင့် ပိုမိုဒေါသထွက်စေနိုင်သည်။ အထူးသဖြင့် ဒေသခံကြွယ်ဝချမ်းသာသူ စီးပွား ရေးသမားတဦးတယောက်က ရပ်ရွာကိုယ်စား ငွေကြေးထောက်ပံ့လျှင် ဘတ်ဂျက်ပုံစံထက် အလှူအတန်း သဘောပိုမို သက်ရောက် တတ်သည်။ ၎င်းထောက်ပံ့ငွေသည် သုံးစွဲပုံသုံးစွဲနည်းနှင့် ပတ်သက်၍ ထောက်ပံ့သူထံမှ မေးခွန်းများများ မေးခြင်းမရှိ။ ပြန်လှန်စစ်ဆေးခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းမရှိ။ ပါဝင်ပတ် သက်မှု မရှိသလောက်ဖြစ်သည်။ ဤအခြေအနေမျိုးတွင် ငွေကြေးသည် ကုန်ဆုံး ပျောက်ကွယ်သွားတတ်ပြီး၊ ငွေကုန်လျှင် နောက်ထပ်

အလှူခံကြသည်။  ငွေကြေးထောက်ပံ့သူကလည်း ထောက်ပံ့နိုင်စွမ်းမရှိတော့ ဟူသော မျက်နှာပျက်မည့် အရေးကို မရင်ဆိုင်လိုသောကြောင့် အပြုသဘောသာ တုန့်ပြန်တတ်သည်။  အချုပ်မှာ ဤကဲ့သို့သော ထောက်ပံ့မှု အကျိုးသက်ရောက်မှုသည် ငွေရေးကြေးရေး အရဖြစ်စေ၊ စီမံကိန်းအစီအစဉ်နှင့် အကောင်အထည်ဖော်မှုအရဖြစ်စေ မကောင်းသောသဘော ဆောင်တတ် သည်။  သို့ရာတွင် သင်နှင့် သင်၏အဖွဲ့အနေဖြင့် ပြင်ပအဖွဲ့အစည်းများမှ ရန်ပုံငွေတောင်းခံလျှင်၊ ချပေးသော ငွေကို မည်ကဲ့သို့သုံးစွဲမည်၊ အကျိုးရှိရှိတာဝန်သိသိအသုံးပြုမည်ဟူ၍ ဖော်ပြရန် အရေးကြီးသည်။

အချို့ကိစ္စများတွင် ငွေကြေးဘတ်ဂျက်ကို တိကျစွာရေးဆွဲရန် မဖြစ်နိုင်။  အထူးသဖြင့် မြန်မာနိုင်ငံတွင်ကျပ်ငွေနှင့် ဒေါ်လာလဲလှယ်နှုန်းသည် ကွန်ပျူတာအဆင့်မီ ပုံနှိပ်စက္ကူများတင်သွင်းမှုပေါ်အခြေခံ၍ ပြောင်းလဲနေရာ သင်၏လိုအပ်ချက်ကိုဖြည့်ဆည်းပေးရေးအတွက် ဘတ်ဂျက်ရေးဆွဲခြင်းထက်၊ ရရှိသော ဘတ်ဂျက်နှင့် ကိုက်ညီအောင်ရည်ရွယ်ချက်နှင့်လျာထားချက်များကို ပြင်ဆင်ရေးသားပြုစုလျှင် ပိုကောင်းပါမည်။  အချို့သော အဖွဲ့အစည်းများသည် မြန်မာနိုင်ငံနှင့်ဆက်နွယ်သော စီမံကိန်းများကို ငွေကြေးထောက်ပံ့ ရန်လိုလားကြသော်လည်း၊ ငွေကြေးအစီအစဉ်ရေးဆွဲခြင်း၊ တာဝန်ယူခြင်းနှင့် ထွက်ပေါ်လာမည့်အကျိုးကို ဆင်ခြင်၍ ထောက်ပံ့ခြင်း မပြုလုပ်ကြတော့ပါ။

သင်၏ စီမံကိန်းကို ပြန်လှန်သုံးသပ်ခြင်း ၊ ကြီးကြပ်ကွပ်ကဲခြင်းနှင့်  အကဲဖြတ်ခြင်းကိုတိတိကျကျ တာဝန်ယူနိုင်ကြောင်း တင်ပြနိုင်ပါက ထောက်ပံ့ငွေရှာဖွေရန် အလားအလာကို ပိုကောင်းအောင်လုပ်နိုင်ပါမည်။ အချုပ်မှာ–သင်၏ စီမံကိန်းကို ပြန်လှန်သုံးသပ်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းနှင့် ဝေဖန်ဆန်းစစ် အကဲဖြတ်ခြင်းတို့သည် သင်၏လုပ်ငန်းအောင်မြင်မှုကို အထောက်အကူပြုပါလိမ့်မည်။ပြင်ပမှငွေကြေး အထောက်အပံ့ ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ သင်ဆောင်ရွက်မည့်လုပ်ငန်းအတွက် အထက်ဖော်ပြပါအ ချက်များကို ထည့်သွင်းလျှင် ကောင်းပါမည်။

## အဘယ်ကြောင့် ပြန်လည်သုံးသပ်ရမည်နည်း။

### ပြန်လည်သုံးသပ်ခြင်း

စီမံကိန်းလုပ်ဆောင်နေစဉ်ကာလအတွင်း ပြန်လည်သုံးသပ်ခြင်းကို လုပ်ငန်းခရီးတဝက်တွင်ဖြစ်စေ၊ ကြားဖြတ်အစီအစဉ်အဖြစ်ဖြစ်စေ လုပ်နိုင်သည်။ ကြီးကြပ်ကွပ်ကဲခြင်းနှင့် အကဲဖြတ်ခြင်းကိုတလှည့်စီဖြစ်စေ၊ ပြုလုပ်နိုင်သည်။  ထိုသို့လုပ်ပါက အောက်ပါအခွင့်အရေးများ ပေါ်ပေါက်လာပါလိမ့်မည်။

- အသံဖမ်းခြင်း၊မှတ်တမ်းရေးခြင်းကိုဆောင်ရွက်ပြီးသမျှ အပေါ်လုပ်ငန်းတိုးတက်မှုစစ်ဆေးနိုင်သည်။  လိုအပ်ပါက အရေအတွက်နှင့်အရည်အချင်းနှစ်မျိုးစလုံးကို ဦးတည်၍ရေးသားနိုင် သည်။
- တွေ့ဆုံမေးမြန်းခြင်းပြုသူ အနေဖြင့်အဖွဲ့ သို့မဟုတ် ညှိနှိုင်းရေးမှူးထံ အကျိုးအကြောင်းဆွေးနွေးတင်ပြခွင့်ရရှိမည်။ သင်၏အဖွဲ့၊ညှိနှိုင်းရေးမှူးတို့ထံမှ ထင်မြင်ချက်ပေးနိုင်သည်။
- စီမံကိန်းနှင့်ပတ်သက်၍လိုအပ်သော အကြောင်းအရာခေါင်းစဉ်စုံလင်အောင်မေးမြန်းမှတ်တမ်းတင်နိုင်ခြင်းရှိ/မရှိ၊ အသံဖမ်းမှတ်တမ်းတင်ခြင်းနှင့် ရေးမှတ်ထားသော စာရွက်စာတမ်းများ၏ သဘာဝတို့ကိုကြည့်၍ ပြင်ဆင်ညှိနှိုင်းဆောင်ရွက်ရန်လို/မလို သိနိုင်သည်။  တွေ့ဆုံမေးမြန်းသူများအကြောင်း၊ ပြောပြသူများအကြောင်း၊ မေးမြန်းဆွေးနွေးသောအကြောင်းအရာ စသည်တို့ကို မူလရည်ရွယ်ချက်အတိုင်း မှန်မှန်ကန်ကန် မှတ်တမ်းတင်ပြီး/မပြီးစစ်ဆေးနိုင်သည်။
- အရေးကြီးသော အခြားအကြောင်းအရာတခုခုပေါ်ပေါက်လာခြင်းကြောင့်ဖြစ်စေ၊ မူလကတွေ့ဆုံမေးမြန်းရာတွင် အရေးကြီးသော အခွင့်အလမ်းတခုခု လက်လွတ်ခဲ့ခြင်းကြောင့် ဖြစ်စေ မည်သူ့ကို ပြန်လည်တွေ့ဆုံမေးမြန်းရန်လိုကြောင်းစဉ်းစားနိုင်သည်။
- အချို့ တွေ့ဆုံမေးမြန်းမှုပြုလုပ်သူများအခက်အခဲရှိမရှိ၊ နှင့် အခက်အခဲ ရှိလျှင် ထိုပုဂ္ဂိုလ်အား စီမံကိန်းအတွင်းမှ အခြားမည်သည့်တာဝန်များကို ပေးအပ်လျှင်ကောင်းမည်ကို ဆန်းစစ်အကဲဖြတ်နိုင်သည်။

အောက်ဖော်ပြပါအချက်များသည် သင်ပြုလုပ်နေသော ပြန်လှန်သုံးသပ်ခြင်းအတွက် နှုတ်ပြောသမိုင်း သို့မဟုတ် နှုတ်ပြောသက်သေခံချက် သို့မဟုတ် နှုတ်ပြောရိုးရာအစဉ်အလာများကို မှတ်တမ်းတင်ခြင်း ပေါ်မူတည်၍ စဉ်းစားရန် နမူနာအကြံပြုချက်များဖြစ်သည်။

**နှုတ်ပြောသက်သေခံချက်များကို တွေ့ဆုံမေးမြန်းနည်းအတွက်ပြန်လှန်သုံးသပ်ရန်အချက်များ**

၁။ ရေလာမြောင်းပေးမေးခွန်းများဖြစ်သလား။
မေးခွန်းသည် အဖြေတခုကို အကြံပြုသလား။
၂။ မေးခွန်းတခုသည် အချက်နှစ်ခုကိုဖော်ထုတ်သလား။
၃။ ဟုတ်ကဲ့၊ မဟုတ်ဘူး၊ မသိပါ စသောအဖြေမျိုးရရှိစေမည့်မေးခွန်းများလွန်းသလား။
၄။ တွေ့ဆုံမေးမြန်းသူသည် မေးခွန်းတခုကို တခြားတဖက်မှ လှည့်၍ ပြန်မေးနေရသလား။ အဘယ်ကြောင့်ထိုသို့ပြုရသနည်း။
၅။ မေးခွန်းအချို့သည်အားနည်းလွန်း၍ နားလည်ရန် ခက်ခဲသလား။
၆။ မေးခွန်းအချို့သည် ခက်ခဲလွန်း၍ ရှုပ်ထွေးသောကြောင့် နားလည်ရန်ခက်ခဲသလား။
၇။ နောက်ကြောင်းထပ်၍နှိုးဆွသောမေးခွန်းများဖြစ်သလား။
၈။ တွေ့ဆုံမေးမြန်းသူသည်မေးခံရသူနှင့်ဘေးမှထိုင်ကြည့်နေသူတို့၏ လွှမ်းမိုးမှုနှင့် ကြားဖြတ်မှုခံရသလား။
၉။ တွေ့ဆုံမေးမြန်းသူသည် ပြောပြသူအား မေးခွန်းနှင့်မဆိုင်သော အခြားအကြောင်းအရာများ ပြောဆိုခွင့်ပြုသလား။ ဤသို့ပြုခြင်းသည်အကျိုးဖြစ်ထွန်းစေသလား။
၁၀။ တွေ့ဆုံမေးမြန်းခြင်းသည် ချောမောစွာပြီးမြောက်သလား၊ သို့မဟုတ် ခေါင်းစဉ်တခုမှ အခြား ခေါင်းစဉ်တခုသို့ ရှုပ်ထွေးစွာကျော်လွှားနေခဲ့သလား။
၁၁။ တွေ့ဆုံမေးမြန်းသူသည် ပြောပြသူကိုမေးခွန်းများ ဖြေဆိုရန် အချိန် လုံလုံလောက်လောက် ပေးသလား။
၁၂။ တွေ့ဆုံမေးမြန်းသူသည် ရရှိသောအဖြေများအပေါ်တွင် စိတ်ဝင်စား မှုရှိသလား။
၁၃။ ပြောပြသူသည် တွေ့ဆုံမေးမြန်းမှုကို နှစ်သက်သဘောကျပါသလား၊

**နှုတ်ပြောသက်သေခံချက်တွေ့ဆုံမေးမြန်းချက်များကို စီစဉ်သုံးသပ်ရန်အချက်များ**

၁။ တွေ့ဆုံမေးမြန်းချက်သည် ဆွေးနွေးသည့်ခေါင်းစဉ်တွင် ပါဝင်သောအကြောင်း အရာများအားလုံးကို ခြုံငုံမိသလား။
၂။ တွေ့ဆုံမေးမြန်းရာမှ စိတ်ဝင်စားဖွယ်ရာ အကြောင်းအရာအသစ်ပေါ်ထွက်လာသလား။
၃။ တွေ့ဆုံမေးမြန်းရာတွင် ပုံပြင်ဇာတ်လမ်းကောင်းများ၊ ဟာသများ၊ စကားပုံများကောင်း ကောင်းပါရှိသလား။
၄။ သင်မသိခဲ့သော မည်သည့်အကြောင်းအရာများကို တွေ့ဆုံမေးမြန်းခန်းမှ ရရှိလာသနည်း။
၅။ ဤအရာတွင် မည်သည့်တန်ဖိုးရှိသနည်း။
၆။ သတင်းအချက်အလက်တခုခုက ဤကိစ္စ၊ လုပ်ဆောင်ချက်ကို ပိုမိုနားလည်ရန်အကျိုးပြု သလား။
၇။ အသုံးကျမည့် အသေးစိတ်အချက်အလက်များ အလုံအလောက်ရှိသလား။
၈။ နောက်ဆက်တွဲတွေ့ဆုံမေးမြန်းမှု လိုအပ်သလား။

**နှုတ်ပြောရိုးရာအစဉ်အလာများကို သရုပ်ပြ၊ မှတ်တမ်းတင်ရာတွင် ပြန်လှန်သုံးသပ်စရာအချက်များ**

၁။ ရိုးရာဓလေ့ကျင့်သုံးမှုကို မှတ်တမ်းတင်ရာတွင် မည်သည့်ပြဿနာမျိုးရှိသနည်း။
၂။ နှုတ်ပြောရိုးရာအစဉ်အလာများကို အသံဖမ်းနေစဉ်ကက်ဆက်ခွေကို တဖက်လှည့် ဖမ်းရခြင်းအတွက် မည်သို့သောညှိနှိုင်းမှုပြုလုပ်သနည်း၊ ကက်ဆက်ခွေအကူးအပြောင်း

ပြုလုပ်စဉ် ပြောပြသူကခေတ္တရပ်နားရန် သဘောတူသလား၊ သို့မဟုတ်အချို့သောအပိုင်းကို တမင်တကာ လက်လွှတ်ခဲ့သလား သို့မဟုတ် မတော်တဆချန်လှပ်မိသလား။

၃။ အသံဖမ်းထားသော ပစ္စည်းများကို နောက်နောင်အခြားသူများနားလည်ရန် အခြားမည်သည့် စာရွက်စာတမ်းအထောက်အထားပစ္စည်းများလိုအပ်မည်နည်း။ စာသားဖြင့်ကူးရေးထားသောစာရွက်တမ်းလား။ ခေတ်နှင့်လျော်ညီသော အသုံးအနှုန်းဖြင့် ဘာသာပြန်ရမည်လား။ အသံနေအသံထားနှင့် ဒေသဆိုင်ရာ စကားအသုံးအနှုန်းကိုဖော်ပြရမည်လား။

၄။ အသံဖမ်းမှတ်တမ်းတင်သော အခြေအနေနှင့်ပတ်ဝန်းကျင်ကိုပြောင်းလဲရန်လိုအပ်သလား၊

၅။ သရုပ်ပြလုပ်ဆောင်သူသည်အသံဖမ်းမှတ်တမ်းတင်သော အခြေအနေကို အပြုသဘော တုံ့ပြန်နိုင်သည်ဟု ခံစားရသလား။ သူတို့လုပ်ဆောင်နေသောအရာနှင့်စပ်၍ မည်သည့်ပြဿနာမျိုးကို ဖော်ထုတ်ပြောဆိုကြသနည်း။

၆။ တွေ့ဆုံမေးမြန်းခြင်းအပေါ်တွင် နားထောင်နေသူများနှင့် ဘေးမှထိုင်ကြည့်နေသူများကို မည်ကဲ့သို့လွှမ်းမိုးသနည်း။ ပရိသတ်လိုအပ်သလား။ ဘေးမှထိုင်ကြည့်နေသူများကို ပါဝင် ပြောဆိုရန်ခွင့် ပြုသလား။ သို့မဟုတ် တိတ်ဆိတ်စွာနေကြရန်တားမြစ်ထားသလား။ သို့မဟုတ် ထိုနေရာမှထွက်ခွာသွားခိုင်းသလား။ ဤသို့ပြုခြင်းဖြင့် မည်သို့သော အကျိုးသက်ရောက်မှုဖြစ်ပေါ်စေသနည်း။

၇။ သရုပ်ဖော်လုပ်ဆောင်သူ၏ အသိပညာ အတွေ့အကြုံနှင့် ပတ်သက်၍ မည်သည့်အချက်ကို သိရှိသနည်း။ အံ့အားသင့်စရာတခုခုပေါ်ထွက်လာသလား။ နောက်ထပ် အသံသွင်းရန် လိုအပ်သလား။

၈။ အမေးအဖြေပြောဆိုသူအတွက် ဆွေးနွေးရန်ကက်ဆက်ခွေကိုနားထောင်ရန် ဝေဖန်သုံး သပ်ချက်ပေးရန် နောက်ဆက်တွဲလုပ်ငန်းအတွက် စီစဉ်ဆောင်ရွက်ပြီးပြီလား။

**နှုတ်ပြောသမိုင်းတွေ့ဆုံမေးမြန်းနည်းအတွက်ပြန်လှန်သုံးသပ်ရန်အချက်များ**

၁။ သတင်းအချက်အလက်များရရှိရန် မြေပုံ၊ ဓာတ်ပုံ စသဖြင့်မည်သည့်နည်းများကို သုံးသနည်း။ ထိုပစ္စည်းများကို သုံးခြင်းဖြင့် အချက်အလက်များရရှိမှုတွင် မည်မျှ အောင်မြင်မှုရှိသနည်း။

၂။ စကားပြောသူသည် မည်မျှပွင့်လင်းသနည်း။ တွေ့ဆုံမေးမြန်းခန်းအတွက် အချိန်မည်မျှ ခွင့် ပြုသနည်း။ ထပ်မံတွေ့ဆုံမေးမြန်းခံရန် လိုလားမှုရှိကြသလား။

၃။ တွေ့ဆုံမေးမြန်းရာတွင် မည်သူပါရှိနေသနည်း။ သူရှိနေသောကြောင့် ပြောဆိုမှုအပေါ် မည်ကဲ့သို့အကျိုးသက်ရောက်သနည်း။

၄။ စကားပြောသူအတွက်အခက်အခဲကြုံစေမည့်အရာ၊ စိတ်အနှောင့်အယှက်ဖြစ်စေမည့် အကြောင်းအရာတစုံတခုရှိသလား။ ပြဿနာများကို မည်ကဲ့သို့ ဖြေရှင်းသနည်း။ တောင်းဆိုသောသတင်း အချက်အလက်အမျိုးအစားတခုခုကြောင့် ဒေါသထွက်စေသလား။ ပြောပြသူလိုလိုလားလား ဆွေးနွေးဖော်ပြလိုသော အကြောင်းအရာများကား မည်သည့်အရာနည်း။

၅။ စကားပြောသူ (ပြောပြသူ) အနေဖြင့် မိမိပြောသော အကြောင်းအရာပေါ် သို့မဟုတ် မိမိပြော ပြသောလူပုဂ္ဂိုလ်အပေါ် တခုခုဖော်ပြလိုသောအချက်ပြသလား။ ထိုထွက်ဆိုချက်များကို နောက်နောင် အသုံးပြုမည့်နည်းလမ်းအပေါ် စိုးရိမ်မှုပြသလား။ ဤကိစ္စကို မည်ကဲ့သို့ ဖြေရှင်းသနည်း။ စကားပြောသူသည် မမျှော်လင့်သောအရာ အံ့သြစရာ တခုခုကို ဖော်ပြထုတ်ပြောဆိုသလား၊

၆။ ပြောပြနေသူသည် မည်မျှအားကိုးယုံကြည်ထိုက်သည်ဟု သင်ထင်မြင်ယူဆသနည်း။ စကားပြောသူသည် သူ၏စိတ်ထဲတွင်ရှိသောပရိသတ်အတွက် မည်သည့်နည်းဖြင့် အချက်အလက်များ ပြောပြနေသနည်း။ စကားပြောသူသည် မိမိဘာသာ မည်မျှ အတိုင်း အတာအထိ သတင်းဖြတ်တောက်တည်းဖြတ်မှုပြုနေသည်ဟု ထင်မြင်ယူဆသနည်း။

၇။ နောက်ထပ်ပြန်လည်တွေ့ဆုံမေးမြန်းမှုပြုရန် လိုအပ်သလား။ ဤကိစ္စအတွက် မည်သို့သော

အစီအစဉ်များကို ဆောင်ရွက်ထားပြီနည်း၊ နောက်ဆက်တွဲလုပ်ဆောင်ရန်အတွက် စကားပြောသူက မည်မျှ အချိန်ပေးနိုင်မည်နည်း။

၈။ ပြောဆိုပြီးသောအရာကို နှိုင်းယှဉ်စစ်ဆေးရန် မည်သည့်နည်းကို သုံးသနည်း။

၉။ စကားပြောသူသည် သူသဘောတူပြီးသောအခြေအနေကို နောင်တွင် ကန့်ကွက်ရန် အလားအလာရှိသလား။

## အဘယ်ကြောင့် ကြီးကြပ်ကွပ်ကဲ၍ စိစစ်သုံးသပ်ရမည်နည်း။

### ကြီးကြပ်ကွပ်ကဲခြင်းနှင့် စိစစ်သုံးသပ်ခြင်းဟူသည် အဘယ်နည်း။

တခါတရံ ကြီးကြပ်ကွပ်ကဲမှု နှင့် စိစစ် သုံးသပ်မှု ဟူသော ဝေါဟာရနှစ်မျိုး စလုံးကို မခွဲခြားဘဲ သုံးတတ်သည်။ အမှန်မှာ ထိုအချက်နှစ်ခုသည် နီးကပ်စွာ ဆက်နွယ်နေသောကြောင့် စီမံကိန်းတရပ်ကို လုပ်သည့်တလျောက်လုံးတွင် ကြီးကြပ်ကွပ်ကဲမှုမပြုလျှင် ထိုစီမံကိန်းကို ထိရောက်စွာ စိစစ်သုံးသပ်ရန် ခဲယဉ်းလိမ့်မည်။ ဥပမာ စီမံကိန်းတရပ်သည် ဒေသခံ အန်ဂျီအို (အစိုးရမဟုတ်သော အဖွဲ့ အစည်းများ) ကို ဆောင်ရွက်ချက်အပေါ် သိမြင်သဘောပေါက်လာစေရန် ရည်ရွယ်သည်ဆိုပါစို့ ။ ကြီးကြပ်ကွပ်ကဲမှုအပိုင်းတွင် အဆိုပါ စီမံကိန်းမှ ပြုလုပ်သောသင်တန်းသို့ တက်ရောက်သည့်အန်ဂျီအိုများကို သိထားရမည်။ သင်တန်းမှ ဝေငှသော စာရွက်စာတမ်းများကို လက်ခံရရှိသော အန်ဂျီအိုများကို သိထားရမည်။ စိစဉ်သုံးသပ်သော အပိုင်းတွင် အချက်အလက်များကို အန်ဂျီအိုများ မည်ကဲ့သို့ လက်တွေ့ အသုံးချ ကြောင်း သိရှိရန် တဦးချင်းဖြစ်စေ အဖွဲ့ လိုက်ဖြစ်စေ တွေ့ ဆုံ မေးမြန်းခြင်း ပြုရပါမည်။ အစပိုင်း၌ စီမံကိန်းတွင် ပါဝင်သူများအနေဖြင့် ဆွေးနွေးသော အကြောင်းအရာအား သိမြင်သဘောပေါက်မှု အပေါ် လေ့လာမှတ်သားပြီး နောက် ရည်ရွယ်ချက် ပြည့်/မပြည့် အကဲဖြတ်ရန် စာရင်းဇယားများကို ရရှိထားနိုင်ပါမည်။ သို့ ဖြင့် ကြီးကြပ်ကွပ်ကဲမှုနှင့် စိစစ် သုံးသပ်မှုနှစ်ရပ်စလုံးသည် အပြန်အလှန်အထောက်အကူပြုလျက်ရှိသည်။ သို့ ရာတွင် အောက်ဖော်ပြပါ နှိုင်းယှဉ်ချက်သည် သင်၏ ကြီကြပ်ခြင်းနှင့် အကဲဖြတ်ခြင်းကို စီစဉ်ရေးဆွဲရာတွင် အထောက်အကူပြုနိုင်လိမ့်မည်။

**ကြီးကြပ်ကွပ်ကဲမှု**

- စီမံကိန်းခန့် ခွဲမှု၏ အစိတ်အပိုင်းတခုဖြစ်ပြီး စီမံ ကိန်း ကာလတလျောက် ရံဖန်ရံခါပြု လုပ်ရမည်။ ဥပမာ နှစ်တဝက် ပြန်လည်သုံးသပ်ခြင်း
- စီမံကိန်းတာဝန်ခံ (Project Co-ordinator) က အများဆုံး တာဝန်ယူဆောင်ရွက်သည်။
- လက်တွေ့ ဖြစ်နိုင်သော အချက်အလက်များအပေါ် အာရုံစိုက်သည်။ ဥပမာ– ကိုယ်တွေ့ သက်သေခံချက်များကို စုဆောင်းခြင်း။

**အကဲဖြတ်မှု**

- စီမံကိန်းအဆုံးပိုင်း သုံးသပ်မှု၏ အစိတ် အပိုင်းတခုဖြစ်ပြီး ရည်ရွယ်ချက်နှင့် ပန်းတိုင် ရောက်/မရောက်၊ ပြည့်မီခြင်း ရှိ/မရှိ စီစဉ်ရသည်။
- စီမံကိန်းတွင် ပါဝင်သူများထံမှ ထင်မြင်ယူဆချက်များရယူသည်။
- လူအများ၏ ခံစားချက် သုံးသပ်ချက် ရယူရန် ပါဝင်ပတ်သက်ရသည်။

**ကြီးကြပ်ကွပ်ကဲမှုနှင့် စိစစ်အကဲဖြတ်မှုကို ပြုလုပ်နည်း**

သင်၏ ကြီးကြပ်ကွပ်ကဲမှုနှင့် စိစစ်သုံးသပ်မှုသည် သင်ဆောင်ရွက်သော စီမံကိန်း၏ ရည်ရွယ်ချက်များနှင့် ရည်မှန်းချက်ပန်းတိုင်များအပေါ် အကျိုးသက်ရောက်လိမ့်မည်။ စီမံကိန်း၏ ရည်ရွယ်ချက်နှင့် ရည်မှန်းချက် ပန်းတိုင်များ ပြုလုပ်ရန် လွယ်ကူလာမည်။ အချုပ်ဆိုသော် နှုတ်ပြောသမိုင်း ရိုးရာဓလေ့ ထုံးတမ်းများကို စိစစ်သုံးသပ်ရာတွင် ဆင့်ကဲဆင့်ကဲ ဆောင်ရွက်ချက် ဖြစ်စဉ်များနှင့် နောက်ဆုံးရရှိသော အဖြေနှစ်မျိုးလုံးကို လေ့လာရှာဖွေဖော်ထုတ်ရပါမည်။ သို့ဖြင့် သင်၏ ကြီးကြပ်ကွပ်ကဲမှုနှင့် အကဲဖြတ်မှုကို အောက်ပါအတိုင်း အဆင့်ဆင့်လုပ်ဆောင်ရွက်ရန် လိုအပ်ပါမည်။

- စီမံကိန်း၏ ပုံစံနှင့် အစီအစဉ်
- ပါဝင်မည့် သင်တန်းပို့ချမှု
- မှတ်တမ်းတင်ခြင်းနှင့် အချက်အလက်စုဆောင်းခြင်း ( နှစ်တဝက် ပြန်လည်သုံးသပ်မှုကို အသုံးပြုရန်)
- စာသားဖြင့် ရေးကူးခြင်း၊ ဘာသာပြန်ဆိုခြင်း ၊ အကျဉ်းချုံးခြင်း၊ မှတ်တမ်းပစ္စည်းများကို ထိန်းသိမ်းခြင်း။
- စီမံကိန်းမှ တွေ့ရှိချက်နှင့် အကျိုးရလဒ်များကို ဖြန့်ဝေခြင်း
- စီမံကိန်းတစ်ခုလုံးအပေါ် ခြုံငုံအကျိုးသက်ရောက်မှု

အထက်က ဖော်ပြခဲ့သည့်အတိုင်း နှစ်တဝက်ပြန်လည်သုံးသပ်ခြင်းသည် စီမံကိန်း၏ ကြီးကြပ်ကွပ်ကဲမှုနှင့် အကဲဖြတ်သုံးသပ်မှုတွင် အလွန်အရေးကြီးသောအပိုင်းဖြစ်သည်သာမက တွေ့ဆုံ မေးမြန်းခြင်းကို ဦးဆောင်သူများအတွက် မှတ်တမ်းတင်ခြင်း အချက်အလက် စုဆောင်းခြင်းများအပေါ် ဆွေးနွေးသုံးသပ်ပြီး လိုအပ်သည်များကို ပြင်ဆင်ညှိနှိုင်းဆောင်ရွက်ရန် အခွင့်အလမ်းတရပ်လည်း ဖြစ်သည်။

**အရေအတွက်ပန်းတိုင်များနှင့် အခြေအနေဖော်ပြချက်များ**

သင်၏ စီမံကိန်းကို ပုံစံရေးဆွဲရာတွင် အရည်အတွက် ပန်းတိုင်အချို့ထည့်သွင်း ဖော်ပြလိုပါသည်။ ဆိုလိုသည်မှာ အတိုင်းအတာ တစ် ခုအထိ တွက်ချက် ခန့်မှန်းနိုင်သော မျက်မြင်အရ ပေါ်လွင်သည့် အကျိုးရလာဒ်များ ဖြစ် သည်။ ဤအချက်မှာ စီမံကိန်းကို စီမံကွပ်ကဲခြင်း၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်။ ဥပမာအားဖြင့်

(၁) စီမံကိန်း ကာလအတွင်း သင်တန်း တက်ရောက်သူဦးရေ

(၂) မှတ်တမ်း အရေအတွက်

(၃) စာသားဖြင့် ရေးချသော စာရွက် စာတမ်း အရေအတွက်

(၄) အကျဉ်းချုံးထားသော အချက်အလက် အရေအတွက်

(၅) အမျိုးအစားခွဲခြား၍ ထိန်းသိမ်းထားသော အချက်အလက်အရေအတွက်

(၆) ဘာသာပြန်ဆိုသော အချက်အလက်အရေအတွက်

(၇) ဖြန့်ဝေရန် ရောင်းချသော စာမူအရေ အတွက်နှင့် ဖြန့်ဝေရန် တောင်းဆိုသော စာမူအရေအတွက်

**ကြီးကြပ်ကွပ်ကဲနည်းများ**

- မေးခွန်း စာရင်းတွင် ပါဝင်သူများနှင့် ပုံမှန်စည်းဝေး တွေ့ဆုံဆွေးနွေးခြင်း။
- ကောင်းမွန်သော မှတ်တမ်းများပြုစုခြင်း။

မေးခွန်းစာရင်းများသည် ပြန်လှန်သုံးသပ် အကြံပြုတင်ပြခြင်းနှင့် မရင်းနှီးသေးသူများအတွက် အခက်အခဲ ဖြစ် နိုင်သည်။ သို့ ရာတွင် ရိုးရိုး သာမန်တွေ့ ဆုံ မေးမြန်း ဆွေးနွေးခြင်းဖြင့် လိုအပ်သော အကြံပြုတင်ပြချက်များကို ရယူနိုင်သည်။

**အရည်အချင်း ရည်မှန်းချက်နှင့် ပန်းတိုင်များ**

စီမံကိန်းတွင် ပါဝင်သူများနှင့် ညှိ နှိုင်းတိုင်ပင်ခြင်းသည် အရည်အချင်းပိုင်းအရ ရည်မှန်းချက်နှင့် ပန်းတိုင်များကို တိုင်းတာရန် အကောင်းဆုံးနည်း ဖြစ်သည်။ စီမံကိန်းတွင် ပါဝင်သူများနှင့် တွေ့ ဆုံ ဆွေးနွေး၍ သူတို့ ၏ တုံ့ ပြန် မှုကို မရယူဘဲ သူတို့ ၏ ပတ်ဝန်းကျင်တွင် လူမှုရေး ပြောင်းလဲမှုနှင့် ဖွံ့ ဖြိုး တိုးတက်မှုကို အားပေးရန် ဟူသော ရည်ရွယ်ချက်ကို တိုင်းတာရန် မဖြစ်နိုင်ပါ၊ လမ်းညွှန်ချက်အနေနှင့် ဖော်ပြလိုသည်မှာ အောက်ပါအဖွဲ့အစည်း အုပ်စုများနှင့် တိုင်ပင်၍ သူတို့ ထံမှ စီမံကိန်း၏ ကဏ္ဍအရပ်ရပ်အပေါ် တုံ့ ပြန်ချက် အကြံပေး တင်ပြချက်များရ ယူရန်လိုအပ်သည်၊

- တွေ့ ဆုံ မေး မြန်း ခြင်း ကို ဦးဆောင်သူများ ၊ မှတ်တမ်းတင်သူများ ၊ နှုတ် ဖြင့် ပြော ပြ သူ များ
- ဒေသခံ ကိုယ်စားလှယ်များ
- ပါ ဝင် သော အ ဖွဲ့ အစည်းများမှ အမှုထမ်းများ
- စီမံကိန်း၏ ရင်းနှီးမှုကို လက်ခံရယူသော လူပုဂ္ဂိုလ်များနှင့် အဖွဲ့ အစည်းများ

သင်၏ စီမံကိန်းအခြေအနေပေါ် မူတည်၍ အရည်အချင်းဆိုင်ရာ အချက်အလက်များကို သုံးသပ်ရန် အထောက် အကူပြုသော မေးခွန်းများကို အကြံပြုတင်ပြထားပါသည်။

- စီမံ ကိန်း တွင် အမှန် တကယ် ဖြစ် ပေါ်လာသော အရာသည် မူလက ရေးဆွဲထားသော ရည် ရွယ်ချက် ပန်းတိုင်နှင့် မည်မျှ အတိုင်းအတာအထိ ကိုက်ညီမှု ရှိသနည်း။
- နောက်ဆက်တွဲ ဆောင်ရွက်ရန် အချက်အလက်များသည် မူလရည်မှန်းထားချက်နှင့် မည်သည့်အတိုင်း အတာအထိ နီးစပ်အောင် လုပ်နိုင်ရန် အလားအလာရှိသနည်း၊
- စီမံ ကိန်းကို မည်သို့ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပြီနည်း။ စီမံကိန်းတွင် ပါဝင်သူများအားလုံး ထံမှ တုံ့ ပြန်ချက်များနှင့် အကြံပြုတင်ပြချက်များ မည်သို့ သော အခြေအနေတွင် ရှိသနည်း။

## စီမံကိန်းတင်သွင်းချက် ရေးသားခြင်းနှင့် ထောက်ပံ့ငွေလျှောက်ထားခြင်း

မြန်မာနိုင်ငံတွင်းမှ လူမျိုးစု အတော်များများတို့သည် မိ မိ တို့၏ နှုတ်ပြောသမိုင်း နှင့် နှုတ်ပြောရိုး ရာအစဉ်အလာ အချို့ ကို ပုံ နှိပ် ထုတ် ဝေ စေလို သော ရည် ရွယ် ချက် ဖြင့် နှုတ်ပြောသမိုင်း နှင့် နှုတ်ပြောရိုးရာအစဉ်အလာ စီမံ ကိန်း များ အကောင် အထည် ဖော် ရန် စိတ် ဝင် စား ကြ သည် ၊ ဤ အခန်း တွင် အဆို ပါ စီမံကိန်းမျိုး လျှာထားချက် ရေးဆွဲနည်းကို တင်ပြထားရာ ထိုစီမံကိန်း လျှာထားချက်ကို ထောက်ပံ့ငွေလျှောက် ထားရာ၌ အသုံး ပြု ရန် ဖြစ် သည်။

ပုံ နှိပ် ထုတ် ဝေ ခြင်း နှင့် ဆက်နွှယ်မှုမရှိသော အခြား စီမံ ကိန်း များ အပေါ် စိတ် ဝင် စား ပါက ယခု တင် ပြ သော အခြေ ခံ မူ များ ကို သင် ၏ လို အပ် ချက် နှင့် ကိုက် ညီ အောင် ပြင် ဆင် အသုံး ချ နိုင် ပါမည်။ ဤ သို့ သော လုပ် ငန်း အတွက် ထောက် ပံ့ ငွေ ရရှိ ရန် အလွန် ခဲ ယဉ်း သော် လည်း သင့် အနေ ဖြင့် နိုင် ငံခြားမှ ငွေ ကြေး ရန် ပုံ ငွေ အဖွဲ့ အစည်း သို့မဟုတ် သင် ၏ ရပ် ရွာ ရှိ ငွေကြေး ချမ်း သာ ကြွယ် ဝ သူ များ ထံ မှ ထောက် ပံ့ ငွေ ရယူ လို လျှင် သင် ၏ တောင်း ဆို ချက် ကို အထောက် အကူပြု မည့် သတိ ထား ရန် အချက် အလက် အချို့ကို တင် ပြ ထား ပါသည် ။

သင်လုပ်ဆောင်သော လုပ်ငန်းမျိုးကို ထောက်ခံအားပေးသော်လည်း ငွေကြေးထောက်ပံ့ရန် တုံ့နှေးစေသည့် အကြောင်းရင်းများ ရှိပါသည်။ ၄င်းအကြောင်းရင်းများအနက် အရေးကြီးသော အချက်များမှာ

စီမံကိန်းတစ်ခုလုံး၏ ကုန်ကျစရိတ် နှင့် လက်လှမ်းမီနိုင်သော အဆင့်ငယ်များအဖြစ် ကဏ္ဍခွဲခြား တင်ပြမှု အသေးစိတ်မဖော်ပြခြင်း ။

- စီမံကိန်း၏ အကျိုးရလဒ်ကို မဖြစ်နိုင်သောအဆင့်တွင် တင်ပြခြင်း။ သာမန်အားဖြင့် ဖြစ်လေ့ဖြစ်ထရှိသည်မှာ စီမံကိန်းတခု၏ ကြီးမားသော အကျိုးရလဒ်ကို အချိန်တိုတိုအတွင်း အောင်မြင်ရရှိမည်ဟု တင်ပြတတ်ပြီး မဖြစ် နိုင်ကြောင်း သိသာ ထင် ရှား သော ကြောင့် နောက် တွင် စီ မံ ကိန်း ကောင်း မွန် စွာ အထ မမြောက် ဟု အကြံ ပြုတတ်ပါသည်။
- ကြီးကြပ်ကွပ်ကဲမှုနှင့် တာဝန်ယူမှုအားနည်းခြင်း။ တောင်းဆိုသော ငွေကြေးနှင့် ထွက်ပေါ်လာသောအကျိုးရလဒ်သည် ငွေကြေးထောက်ပံ့သူတို့အမြင်တွင် အလဟဿဖြုန်းတီးပစ်ကြောင်းထင်မြင်ယူဆစေ၍ သုံးပြီးသောငွေနှင့် ထိုက်တန်သည့် အကျိုးရလဒ်တိတိကျကျ လက်ဆုပ်လက်ကိုင်ကို မပြနိုင်ဘဲ ပျောက်ဆုံးသွားကြောင်း ထင်မြင်တတ်ပါသည်။
- စီမံကိန်း၏ အကျိုးရလဒ်ကြောင့် ငွေကြေးထောက်ပံ့မှု မြင့်တက်လာလျှင် မည်သို့ ကိုင်တွယ်ရှင်းလင်းမည် ၊ ဆက်လက်၍ သုတေသနပြုရန် သို့မဟုတ် ပုဂ္ဂိုလ်ရေးအကျိုးခံစားမှုကို မည်သို့ တာဝန်ယူတင်ပြမည်စသဖြင့် လုံလောက်စွာ မဖော်ပြနိုင်ခြင်း ၊
- ရည်ရွယ်ချက်နှင့် ပန်းတိုင်များ မရှင်းလင်း မသဲကွဲခြင်း ။
- ဒေသခံလူထုက စီမံကိန်းကို ထောက်ပံ့မည့် အထောက်အထား လုံလောက်စွာ မဖော်ပြနိုင်ခြင်း။ ဥပမာ ဒေသခံလူထု၏ အကြံဉာဏ် နှင့် တုံ့ပြန်မှုကို ရယူရန် စစ်မှန်စွာ အားမထုတ်သည့် ပုဂ္ဂိုလ်တစ်ဦးနှစ်ဦး၏ အကြံ ပြုချက်မျှသာဖြစ်ခြင်း။

**ထောက်ပံ့ငွေတောင်းခံလွှာတွင်ထည့်သွင်းရမည့်အဓိကအချက်များ**

**စီမံကိန်း၏ နောက်ခံအကြောင်းအရာ**

- ♦ စီမံကိန်း နှင့် ကော်မီတီအဖွဲ့ အစည်းများ ပေါ်ပေါက်လာရခြင်း
- ♦ စီမံကိန်း၏ လူမှုရေး၊ နိုင်ငံရေး၊ သမိုင်းနောက်ခံ အခြေအနေ
- ♦ လက်ရှိအခြေအနေအထိ လုပ်ငန်းအဆင့်ဆင့်လုပ်ကိုင်လာပုံ နှင့် စီမံကိန်းစည်းရုံးလုပ်ဆောင်သူများ၏ ကိုယ်ရေးသမိုင်းအကျဉ်း
- ♦ စီမံကိန်းလုပ်ငန်းတွင်ပါဝင်ပတ်သက်သော(သို့)စိတ် ဝင် စား သော ဒေ သ ခံ လူ ထု အဖွဲ့ ဝင် များ ၊ အခြားအဖွဲ့ အစည်းများ ၊ အုပ်စုများအကြောင်း အသေးစိတ်ဖော်ပြ၍ သူတို့၏ အစီရင်ခံစာများ တင်ပြရန် ၊ ငွေကြေးထောက်ပံ့သူအများစုသည် အသုံးပြုသော ထောက်ပံ့ငွေကို တာဝန်ယူမှု ပိုမို ကောင်းမွန်စေရန် လူပုဂ္ဂိုလ်တစ်ဦးချင်းထက် အဖွဲ့ အစည်းအုပ်စုကို ထောက်ပံ့လိုကြသည်။

**စီမံကိန်း၏ရည်ရွယ်ချက်နှင့်ပန်းတိုင်များ**

- ♦ တင်ပြသောလုပ်ငန်း၏အသေးစိတ်အခြေအနေ
- ♦ ရည်ရွယ်ချက်နှင့် ပန်းတိုင်များ စာရင်းအကြမ်းဖော်ပြချက် နှင့် သင်တန်းပို့ချခြင်း ရည်ရွယ်ချက်များသည် ငွေကြေး ထောက်ပံ့သူများကို ဆွဲဆောင်နိုင်သည်။ ပတ်ဝန်းကျင်နှင့် ပညာရေးရည်ရွယ်ချက်များက အခြားငွေကြေး ထောက် ပံ့သူများ၏ စိတ်ကိုဆွဲဆောင်နိုင်သကဲ့သို့ ဖြစ်သည်။ ငွေကြေးထောက်ပံ့သူအကြောင်းတတ် နိုင်သမျှ လေ့လာရှာဖွေစုဆောင်းထားပါ။
- ♦ အကြံပြုတင်ပြထားသောမှတ်သားတမ်းပစ္စည်းများကို ထိန်းသိမ်းရခြင်းအကြောင်းရင်းများနှင့် ပစ္စည်းများသည် တင်ပြသောစီမံကိန်း၏အကျိုးရလဒ်များအတွက် သင့်လျော်ကြောင်း ဖော်ပြနိုင်ရမည်။

**ပုံနှိပ်ထုပ်ဝေသောစာအုပ်စာတမ်းများ (အခြားထုတ်ကုန်ပစ္စည်း/လုပ်ငန်းများ)**

- စာအုပ်တစ်ခုလုံး၏ဖွဲ့စည်းပုံ၊ ၄င်းစာအုပ်နှင့်မှတ်တမ်းများဆက်နွယ်ပုံ
- ပုံနှိပ်ထုပ်ဝေမည့်စာအုပ်ခန့်မှန်းအရွယ်အစား၊ စာမျက်နှာအရေအတွက်၊ စာအုပ်အရွယ်ပမာဏ၊ စာရွက်အမျိုးအစား၊ စာဖတ်ပရိသတ်ဦးရေခန့် မှန်းခြေ၊ ကုန်ကျမည့်စာအုပ်တန်ဖိုး၊ ဈေးကွက်တွင်ရောင်းချမည့်စာအုပ်ဈေးနှုန်း၊
- ရောင်စုံ အဖြူအမည်း ဓာတ်ပုံအရေအတွက်၊ မြေပုံ စာရင်းဇယားစသည့်ဖြင့် ၄င်းတို့ကို စာအုပ်တွင်ထည့်သွင်းရခြင်းအကြောင်းရင်း
- စာအုပ်ပါစာမျက်နှာဖောင်ဖွဲ့ခြင်း
    - (၁) မှတ်တမ်းအားလုံးကိုပုံနှိပ်ရန် သို့မဟုတ် မှတ်တမ်းအကျဉ်းချုပ်ကိုသာ ပုံနှိပ်ရန်လို/မလို
    - (၂) စာအုပ်ပါအကြောင်းအရာများကို မည်ကဲ့သို့ဖွဲ့စည်းရေးသားပြုစုမည်။
    - (၃) ပုံနှိပ်ထုတ်ဝေသော စာအုပ်စာတမ်းသည် ရည်ရွယ်ထားသည့် ပုံစံအတိုင်း စာဖတ်ပရိသတ်များ နားလည်နိုင်မည်လား။ ဥပမာ – မည်သည့်ဘာသာစကားဖြင့်ရေးသားပြုစုမည်။ ဘာသာပြန်မည်လား သို့မဟုတ် ဝေဖန်အကြံပေးချက်ရေးသားမည်လား အချက်ကိုမည်ကဲ့သို့အာမခံချက်ပေးနိုင်မည်နည်း။ (အထက်တွင်ကြည့်ပါ။)
- ထုတ်ဝေမည့် စာအုပ်ကို အခြားလူ့အဖွဲ့အစည်းများ ပုံနှိပ်ခြင်းမပြုမီဖတ်ရှု၍ ဝေဖန်အကြံပေးတင်ပြကြ မည်လား။ မည်သူတွေကဝေဖန်အကြံပြုမည်နည်း။။။

**စာအုပ်စာတမ်းကိုဖြန့်ချီရေး**

- အုပ်ရေမည်မျှထုတ်ဝေမည်နည်း၊ မည်သည့်ပုဂ္ဂိုလ်အဖွဲ့အစည်းများက မှာယူကြမည်ဟု မျှော်လင့်သနည်း၊
- စာအုပ်ကို မည်သည့်နည်းဖြင့် ဖြန့်ချီမည်နည်း။ ဤအကြောင်းအရာနှင့်ပတ်သက်၍သင်တွေ့ဆုံပြောဆိုခဲ့ သောလူပုဂ္ဂိုလ်များ၏ အမည်များနှင့် သူတို့ထောက်ခံအားပေးကြောင်း အထောက်အထားဖော်ပြပါ။ မည်သည့်အဖွဲ့အစည်းက အုပ်ရေ မည်မျှတာဝန်ယူ ဖြန့်ချီ မည်နည်း။
- စာအုပ်ရောင်းချရငွေများကို မည်ကဲ့သို့ ကောက်ခံရရှိမည်နည်း။
- စာအုပ်ရောင်းချရသောငွေများကို မည်သည့်ရည်ရွယ်ချက်အတွက် သုံးမည်နည်း။

**ပုံနှိပ်ထုတ်ဝေခြင်းအသေးစိတ်**

- ထုတ်ဝေသူက ရွေးချယ်ပြီးသော စာမူများကို ပုံနှိပ်ရန် အသေးစိတ်အဆင့်များတွင် အောက်ပါအချက်များပါဝင်သည်။
    - (၁) ပုံနှိပ်သူတစ်ဦးထက်မကကို ချဉ်းကပ်ဆွေးနွေးပြီးကြောင်း သက်သေအထောက်အထား၊ ပုံနှိပ်ရာတွင် ကုန်ကျမည့်စရိတ် အသေးစိတ်ဖော်ပြရန်၊
    - (၂) ပုံနှိပ်သူရွေးချယ်ရခြင်းအကြောင်းရင်း အသေးစိတ်၊ ကုန်ကျစရိတ်ခန့်မှန်းခြေနှင့် စာအုပ်အရည်အသွေးအကြောင်းအသေးစိတ်ဖော်ပြရန်၊
- ပုံနှိပ်ထုတ်ဝေရာတွင် ကုန်ကျမည်စရိတ်ကို အမျိုးအစားအကြောင်းအရာတခုစီ အသေးစိတ်ဖော်ပြရန်၊

**နိဂုံး**

● ငွေကြေးထောက်ပံ့မည့်အဖွဲ့အစည်းအား ငွေတောင်းခံရခြင်းအကြောင်းရင်း၊ ဒေသလူထုထောက်ခံမှုရသော် လည်း အခြားအဖွဲ့အစည်းပုဂ္ဂိုလ်များမှ အဘယ်ကြောင့် ငွေကြေးထောက်ပံ့မှု မရရှိနိုင်သနည်း၊
● စီမံကိန်းနှင့်စာအုပ်စာတမ်း၏ထူးခြားသောအချက်များ၊
● ရပ်ရွာအတွက်စီမံကိန်း၏တန်ဖိုးနှင့် ရည်ရွယ်ချက်များ ရေးသားဖော်ပြခြင်းကို ခြုံ၍သုံးသပ်တင်ပြခြင်း

အောက်ပါအချက်များကိုအထူးဂရုပြုရန်

**အချိန်ဇယား**

- သင်၏စီမံကိန်းကို ကိုင်တွယ်ဖြေရှင်းရန် လွယ်ကူမည့်အဆင့်ငယ်များအဖြစ် ခွဲလိုက်ပါ။ အပိုင်းတစ်ပိုင်းစီကို ဆောင်ရွက်ပြီးစီးနိုင်မည့် အချိန်သတ်မှတ်ပါ။ ကြီးကြပ်ခြင်းနှင့် စီစစ်ခြင်းတို့အတွက် လုံလောက်သောအချိန် ထည့်စဉ်းစားပါ။ ထို့နောက် ထပ်ဆင့် ဆောင်ရွက်သွားပါ။

**ကုန်ကျစရိတ်**

- စီမံကိန်းတွင်ကုန်ကျမည့်အကြောင်းအရာ တစ်ခုစီ၏ အသေးစိတ်စာရင်းကိုပြုစုပါ။ မထင်မရှားဖော်ပြသော ခေါင်းစဉ်များ (ဥပမာ – ခရီးစရိတ်၊ ကုန်ကျစရိတ်၊ ပုံနှိပ်ထုတ်ဝေစရိတ်) သည် သင်တာဝန်ယူရမည့်စီမံကိန်း တလျှောက်လုံးအပေါ် ငွေကြေးထောက်ပံ့သူများကို စိတ်ဝင်စားအောင် မဆွဲဆောင်နိုင်ပါ။
- ကောက်ခံထားသော ထောက်ပံ့ကြေးအဖြစ် အခြားအဖွဲ့အစည်းများမှ ရရှိသောငွေကြေးများအကြောင်း အထောက်အထားများကို ထည့်သွင်းစဉ်းစားရမည်။
- အထက်ဖော်ပြပါစီမံကိန်းအတွက် ကုန်ကျစရိတ်သည် အမှန်တကယ်စီစစ်ပြီးကြောင်း ငွေကြေး ထောက်ပံ့မည့်သူ လက်ခံအောင် မည်ကဲ့သို့တင်ပြမည်နည်း။ မည်သည့်အချိန်တွင် မည်သူက စီစစ်မည်ဟု တိတိ ကျကျဖော်ပြပါ။ ပြန်လည်သုံးသပ်ချက်ကို ငွေကြေးထောက်ပံ့သူအား မည်ကဲ့သို့တင်ပြမည်နည်း။ သင်၏စီမံကိန်းတွင် သုံးသော ကုန်ကျစရိတ်အတွက် သင် တာဝန်ယူကြောင်း မည်သို့ဖော်ပြမည်နည်း။

## စီမံကိန်းတာဝန်ခံ (ညှိနှိုင်းသူ) ၏ အခန်းကဏ္ဍ

သင်၏ ရည်ရွယ်ချက်နှင့် ပန်းတိုင်များကို ရေးသားပြုစုပြီးနောက် မည်သူတို့ပါဝင်ဆောင်ရွက်မည်၊ သူတို့၏ တာဝန်ပိုင်းကဏ္ဍများ၊ စသည်တို့ကို မဖော်ပြသေးလျှင် ရှင်းလင်းဖော်ပြရန် အရေးကြီးပါသည်။ လုပ်ငန်းတခုလုံးအပေါ်ခြုံ၍ညှိနှိုင်းဆောင်ရွက်၍လက်တွေ့ကြီးကြပ်မည့်သူတစ်ယောက်ကိုခန့်ထားနိုင်လျှင် အကောင်းဆုံးဖြစ်သည်။ ဤပုဂ္ဂိုလ်သည် လူတွေ့စစ်ဆေးမှုကို ဦးဆောင်သူ သို့မဟုတ် ပြောပြသူ ထဲမှဖြစ်နိုင်သည်။ သို့မဟုတ် အခြားပုဂ္ဂိုလ်များထဲမှလည်း ဖြစ်နိုင်သည်။ ညှိနှိုင်းဆောင်ရွက်သူ တာဝန်ခံ၏ အဓိကလိုအပ်သော အရည်အချင်းများမှာ အစည်းအရုံးအဖွဲ့အစည်းဆိုင်ရာ အရည်အချင်း၊ စိတ်အားထက်သန်မှု၊ စီမံကိန်းတွင်စစ်မှန် သော ပါဝင်လုပ်ဆောင်နိုင်မှု၊ ဒေသခံလူထုနှင့် ကျွမ်းကျင်စွာဆက်သွယ်နိုင်မှုတို့ဖြစ်သည်။ ယခင်က အတွေ့အကြုံ ရှိလျှင် အကောင်းဆုံးဖြစ်သော်လည်း ၄င်းသည် အဓိကလိုအပ်သော အရည်အချင်းမဟုတ်ပါ။ ညှိနှိုင်းဆောင်ရွက် သူ တာဝန်ခံ၏ ထိရောက်သော စွမ်းဆောင်မှုသည် အလွန်အရေးကြီးသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက် ပေါ် မှီခိုအားကိုးလွန်းလျှင် အန္တရာယ်ရှိနိုင်သည်။ စီမံကိန်းသည် နှစ်ရှည်ကာလတိုင် ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ရာ လုပ်ငန်းကဏ္ဍတိုင်း လူပုဂ္ဂိုလ် တစ်ဦးတည်း အပေါ် အဓိက မှီတွယ်နေလျှင် ပြဿနာတက်နိုင်သည်။ စံအားဖြင့် အဖွဲ့အစည်းတစ်ခု သို့မဟုတ် ရပ်ရွာအတွင်း စီမံကိန်းအပေါ် ကျယ်ပြန့်သော သဘောဖြင့် ဆောင်ရွက်ရမည်ဖြစ်၍ ညှိနှိုင်းဆောင်ရွက်သူ တာဝန်ခံသည် အခြားသူများကို မိမိ၏အခန်းကဏ္ဍတွင် ဆက်ခံနိုင် လောက်အောင် ရှင်းလင်းတင်ပြရမည်။ သို့ရာတွင် တစ်နေ့ပြီးတစ်နေ့ လုပ်ဆောင်ရသော ကြီးကြပ်ကွပ်ကဲခြင်း၊ လုပ်ငန်းအချက်အလက်များ မှတ်တမ်းတင်ခြင်း စသော ကိစ္စများကို ပြုလုပ်ရန် ပုဂ္ဂိုလ်တစ်ဦး တာဝန်ယူရပါမည်။ ယေဘုယျပြောရလျှင် ညှိနှိုင်းဆောင်ရွက်သူတာဝန်ခံ၏အခန်းကဏ္ဍသည်

(၁) မည်သည့်စီမံကိန်းပုံစံမျိုးဖြစ်ရမည်ဟု ဖော်ပြနိုင်ရန် ကနဦး သုတေသနပြုရမည့်သင်တန်းကို စီစဉ်၍ စည်းရုံးလုပ်ဆောင်ရမည်။
(၂) သင်တန်းကို စီစဉ်၍ စည်းရုံးလုပ်ဆောင်ရမည်။
(၃) လုပ်ငန်းအတွက် ဘတ်ဂျက်နှင့် အချိန်ဇယားရေးဆွဲရမည်။
(၄) ပစ္စည်းကိရိယာများကို ခွဲဝေပေးခြင်း နှင့်ကုန်ကျစရိတ်များကို ကြီးကြပ်ရမည်။
(၅) လူတွေ့ စစ်ဆေးမေးမြန်းသူများကို ထောက်ပံ့ရမည်။
(၆) လုပ်ငန်းတိုးတက်မှုကို ကြီးကြပ်ကွပ်ကဲ၍ ပြန်လည်သုံးသပ်သည့်အစည်းအဝေးများကို ဦးဆောင်ရမည်။
(၇) လက်ရေးဖြင့် ရေးသားမှတ်တမ်းတင်ခြင်း၊ လိုအပ်ပါက ဘာသာပြန်ဆိုခြင်းတို့ ကို ကြီးကြပ်ရမည်။
(၈) နောက်ဆက်တွဲလုပ်ဆောင်ချက်များကို ကြီးကြပ်ရမည်။

**လက်တွေ့ ဖြစ်ရပ်ကိုလေ့လာခြင်း ။ ။ အမျိုးသမီးများတွင် ကာကွယ်ဆေးထိုးသော အစီအစဉ်မအောင်မြင်ရခြင်း အကြောင်းရင်း ( ဆိုမာလီယာနိုင်ငံ မှ အင်နာ လာဖွန်း)**

၁၉၇၈ ခုနှစ်တွင် ဆိုမာလီယာအစိုးရအနေဖြင့် ကာကွယ်ဆေးထိုးရေးတိုးချဲ့မှုအစီအစဉ် (EPI- Expanded Programme of Immunisation ) ကို စတင်ခဲ့သည်။ ဆိုမာလီယာနိုင်ငံ အစီအစဉ်အနက် တစ်ခုဖြစ်သည်။ ၄င်းအစီအစဉ်သည် ၂၀၀၀ ခုနှစ်တွင် ကမ္ဘာတဝှမ်းလုံးမှ ကလေးငယ်များ ကာကွယ်ဆေးထိုးမှု အောင်မြင်စေရန် ကုလသမဂ ယူနီဆက်ဖ် နှင့် အခြားအလှူရှင်များက ထောက်ပံ့သော ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေးဗျူဟာ၏ တစိတ်တဒေသဖြစ်သည်။

အစီအစဉ်သည်အသက် ၅နှစ်အောက်ကလေးငယ်များကို သေစေနိုင်သော ဆုံဆို့နာ၊ ကြက်ညှာ၊ ချောင်းဆိုး၊ မေးခိုင်ရောဂါ ၊ ပိုလီယိုအရိုးပျော့ရောဂါ၊ ဝက်သက်ရောဂါနှင့် တီဘီအဆုပ်ရောဂါများမှ ကာကွယ်ရန် ရည်ရွယ်သည်။ ၄င်းအစီအစဉ်သည် မိခင်လောင်းများနှင့် ကလေးငယ်များ သေဆုံးမှုကို လျော့ပါးစေရန် သားဖွားနိုင်သော အရွယ်အမျိုးသမီးများကို ကာကွယ်ဆေးထိုးရန်လည်း ရည်ရွယ်သည်။ ကာကွယ်ဆေးထိုးရေးကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ရာတွင် အကြိမ်ပေါင်းများစွာ ဆက်လက်တွေ့ဆုံ၍ ဆေးထိုးခြင်း ပါဝင်သောကြောင့် လက်တွေ့ ကြီးကြပ်ရန် ခက်ခဲရှုပ်ထွေးတတ်သည်။

၁၉၈၅ – ခုနှစ်တွင် ကာကွယ်ဆေးထိုးခြင်းအစီစဉ် ပြန်ပေါ်လာပြီး၊ ဆိုမာလီယာ တစ်နိုင်ငံလုံးတွင် ကာကွယ်ဆေးထိုးခြင်းစီမံချက် လှုပ်ရှားမှုအဖွဲ့ ၃ဖွဲ့ ခွဲ၍ ဆောင်ရွက်ခဲ့သည်။ ဤကာကွယ်ဆေးထိုးခြင်း စီမံချက် လှုပ်ရှားမှုသုံးခုစလုံးတွင် အစိုးရအမှုထမ်းအဆင့်အားလုံးနှင့် ပါတီကေဒါအားလုံးကို စည်းရုံးအသုံးပြုခဲ့–က သည်။ သို့ရာတွင် ကျင့်သုံးသောနည်းသည် အလွန်အစွန်းရောက်ခဲ့သည်။ Save the Children Fund (UK) အဖွဲ့ ၏ သုတေသနစစ်တမ်းအရ ‘ကာကွယ်ဆေးထိုးသော အစီအစဉ်ကို လက်မခံသော ကလေးနှင့် မိခင်များကို ငွေဒဏ်ထောင်ဒဏ်တို့ဖြင့် ချိန်းခြောက်ခြင်း၊ ကျန်းမာရေးဝန်ထမ်းများကိုလည်းအတင်းအကျပ်စေခိုင်းခြင်း၊ တက်ရောက်ရန် ပျက်ကွက်သော မိခင်များ၏ကလေးများကို မရမကရှာဖွေခြင်းတို့ပြုလုပ်ကြောင်း တွေ့ရသည်။’[၂၀]
လှုပ်ရှားမှုအဖွဲ့ တို့ သည် ၁၉၈၇ ခုနှစ်အရောက် မိုဂါဒစ်ရှူးနယ်တွင် ၁၅ ရာခိုင်နှုန်းမှ ၇၆ ရာခိုင်နှုန်းအထိ ဟာဂီရှာနယ်တွင် ၇ ရာနှုန်းမှ ၇၆ ရာနှုန်းအထိ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင် နိုင်ခဲ့ကြသည်။ လှုပ်ရှား မှု ပြီးဆုံးသောအခါ ပြန်၍နောက်ဆုတ်သွားသည်။ ကာကွယ်ဆေးရရှိရန် တိုးတက်မှုရှိသော်လည်း လူထုတောင်းဆိုမှု

[20] LaFond A., ‘The history of immunisation in Somalia form a community perspective,’paper presented to the National Life Story Collection’s Conference on Oral History and Development, London, November 1991

နည်းပါးခဲ့သည်။ မိခင်များသည် သူတို့၏ကလေးများကို ကာကွယ်ဆေးထိုးခံရန် မအပ်နှံကြပါ။ ၁၉၈၉ ခုနှစ်တွင် ဆိုမာလီယာနိုင်ငံ၏ရောဂါအချို့အတွက် ကာကွယ်ဆေးထိုးသော အခြေအနေသည် ၂၅ ရာနှုန်း အထိပြန်လည် နောက်ဆုတ်သွားခဲ့သည်။

ဤအခြေအနေအရောက်တွင် Ministry of Health (MOH) ESifh Save the Children Fund (SCF) အနေဖြင့် ကာကွယ်ဆေးထိုးမှုတောင်းဆိုချက် အဘယ်ကြောင့် လျော့ကြောင်းနှင့် မိခင်များက ကာကွယ် ဆေးထိုးခြင်းကိုလက်မခံလိုကြောင်း ပြဿနာကို လေ့လာရန် အဖွဲ့ဖွဲ့စည်းခဲ့ကြသည်။ သူတို့၏ သုတေသနပြုလေ့လာဆန်းစစ်ချက်ကို 'A Study of immunisation acceptability in Somalia'[21] အစီရင်ခံစာ တွင်ဖော်ပြထား သည်။ သုတေသန၏အဓိကအပိုင်းတွင်နှုတ်ပြော သက်သေထွက်ချက်ကို ပုံမှန် အစီရင်ခံစာ ပုံစံမျိုးမဟုတ်သောနည်းဖြင့် စုဆောင်းရယူခြင်းပါဝင်သည်။ ၄င်းအစီရင်ခံစာ၏စာမျက်နှာပေါင်း ၈၈ မျက်နှာ တွင် နှုတ်ပြောသက်သေထွက်ချက် အပိုဒ်ပေါင်း ၉၄ ပိုဒ်ပါဝင်သည်။ ၄င်းနှုတ် ပြော သက်သေခံချက်များတွင် ကာကွယ်ဆေးထိုးခြင်းအပေါ် လူထု၏အမြင်၊ ကာကွယ်ဆေးထိုးခြင်း အတွေ့အကြုံနှင့် ခံစားချက်တို့ကို သူတို့ စကားဖြင့် ဖော်ပြထားသည်။

ဤလေ့လာချက်၏ အဓိကရည်ရွယ်ချက်မှာ ကာကွယ်ဆေးထိုးခြင်းကို လက်ခံစေမည့်အချက်များကို ဆုံးဖြတ်နိုင်ရန်နှင့် ကျန်းမာရေးလိုက်စားသော အလေ့အထအပေါ် ဤအချက်များ၏ လွှမ်းမိုးမှုကို သတ်သတ် မှတ်မှတ် သိရှိ ဆုံးဖြတ်နိုင်ရန်ဖြစ်သည်။ ဒုတိယအဆင့် အရေးကြီးသော ရည်ရွယ်ချက်မှာ လေ့လာတွေ့ရှိသော အချက်အလက် များကို  ကျန်းမာရေးဝန်ကြီးဌာန မန်နေဂျာများနှင့် ဝန်ထမ်းများ လွယ်ကူရှင်းလင်းစွာ နားလည် သဘောပေါက်အောင် ဆောင်ရွက်ရန်ဖြစ်သည်။ လေ့လာရရှိသော သတင်းအချက်အလက်များကို ရှုပ်ထွေးသော စာရင်း ဇယားများအဖြစ် မဟုတ်ဘဲ ရှင်းလင်းလွယ်ကူသော သတင်းများအဖြစ် ကျန်းမာရေး ဝန်ထမ်းများကတဆင့် ၄င်းတို့၏ ကျန်းမာရေးအစီအစဉ်တွင် အသုံးပြုရန် လိုအပ်ကြောင်း ရိပ်စားမိခဲ့သည်။

## နည်းစံနစ်  (Methodology)

အဓိကရည်ရွယ်ချက်နှစ်ခုကို ပြည့်မီရေးအတွက် နှုတ်ပြောသက်သေထွက်ချက်များကို အသုံးပြုရန် ဆုံးဖြတ်ခဲ့ကြသည်။ သုတေသနပြုသူများသည် လူထုပရိတ်သတ်နှင့်တွေ့ဆုံစကားပြော၍ သူတို့ ပြောပြချက်ကို နားထောင်ခြင်းဖြင့် လူထု၏သဘောထားနှင့်အပြုအမူများကို လေ့လာစူးစမ်းဖော်ထုတ်ခဲ့ကြသည်။ အပြန်အလှန် အားဖြင့် လူထု၏နှုတ်ပြော သက်သေထွက်ချက်များသည် ကာကွယ်ဆေးထိုးခြင်းကို လက်ခံမည့် အခြေအနေ ပတ်ဝန်းကျင်နှင့် လက်လှမ်းမီနိုင်သော ပုံစံမျိုးအတွက် အဓိကသော့ချက်များ ဖော်ထုတ်ပေးနိုင် လိမ့်မည်ဟု မျှော်လင့်ထားကြသည်။ လေ့လာရေး အဖွဲ့သည် ရပ်ကွက် ၄ ကွက်ကို ရွေးချယ်ခဲ့ကြသည်။ ၄င်းတို့သည် ကျေးရွာရပ်ကွက် ၂ ကွက် မြို့ပြရပ်ကွက် ၂ ကွက်ဖြစ်ပြီး အဖွဲ့လိုက်ဆွေးနွေးခြင်း အဓိကသတင်းပေးသူများနှင့် တွေ့ဆုံမေးမြန်းခြင်းနှင့် ရှုမြင်သုံးသပ်ခြင်းနည်း စံနစ်များ အသုံးပြုကြသည်။ ဤသုတေသနလုပ်ငန်းသည် ၁၉၇၈ မှ ၁၉၈၉ အထိ ၁၁ နှစ် တိုင်တိုင် ပြည်သူလူ ထု၏ ကာကွယ်ဆေးထိုးမှု အတွေ့အကြုံနှင့် သမိုင်းကြောင်းအမြင်ကို အဓိကထား၍ လေ့လာရှာဖွေ ဖော်ထုတ် ခဲ့ကြသည်။

အဓိကပစ်မှတ်တွင် အသက် အရွယ်တူ လိင်တူ လူမှု စီးပွားရေးအဆင့်တူ လူထုများမှ ၆ ဦး နှင့် ၁၀ ဦး အကြား စုဝေးစေ၍ မေးမြန်းခဲ့သည်။ စုစုပေါင်း ရည်မှန်းထားသည့် အုပ်စု ၂၅ စုကို တွေ့ဆုံ ဆွေးနွေးခဲ့ကြသည်။ အဓိက အုပ်စု ၃ မျိုး တွေ့ရသည်။
(၁) မိခင်များ (အသက်အရွယ် ၃ ပိုင်း)
(၂) ကျန်းမာရေး ဝန်ထမ်းများ

[21] LaFond A., ‘A study of immunisation acceptability in Somalia, ‘Save the Children Fund (UK), April 1990. This report and the paper cited above are the source for all the information and quotes in this case sudy.

(၃) ရိုးရာ ဆေးဆရာနှင့် အရပ်လက်သည်များ ဖြစ်ကြသည်။
မိခင်များကို မေးမြန်းခံရသူတဦးဦး၏ နေအိမ်တွင် သူတို့ အချိန်ပေးနိုင်သောအချိန်အခါများအတွင်း တွေ့ဆုံ ဆွေးနွေးခဲ့သည်။ အခြား အဖွဲ့ဖြစ်သော ကျန်းမာရေးဝန်ထမ်းများကိုမူ အလုပ်တာဝန်ချိန်နောက်ပိုင်း တွင် ဆေးခန်းများ၌ တွေ့ဆုံဆွေးနွေးခဲ့သည်။

ရပ်ရွာတွင်းရှိ ကာကွယ်ဆေးထိုးခြင်းတွင် ပါဝင်သော အရေးကြီးအဓိကပုဂ္ဂိုလ် အချို့နှင့် တစ်ဦးချင်း တွေ့ဆုံမေးမြန်းခဲ့သည်။ ဤပုဂ္ဂိုလ်များတွင် အစိုးရ အရာရှိများ၊ ဆိုမာလီယာအမျိုးသမီး ဒီမိုကရက်တစ်အဖွဲ့ ( **Somali Women's Democratic Organisation**) ၏ ဒေသခံကိုယ်စားလှယ်များနှင့် အစိုးရကျန်းမာရေး ဝန်ထမ်းများ ပါဝင်သည်။ အဓိကသတင်းပေးသူများကို ရပ်ရွာတွင် ရှာဖွေတွေ့ရှိကြသည်။ ဤပုဂ္ဂိုလ်များတွင် အကြံဉာဏ်ပေးပုဂ္ဂိုလ်များနှင့် မိခင်များ၏ ကျန်းမာရေးခံယူချက်နှင့် လိုက်နာရေးအပေါ် ဩဇာရှိသည့် တိုင်းရင်းသား ဆေးဆရာများ အရပ်လက်သည်များ ဘာသာရေး ခေါင်း ဆောင်များ (**sheiks and teachers of the Qur'an**) အဖွားများနှင့် အိမ်ထောင်ရှင် ဖခင်များ ပါဝင်သည်။ ဤ တွေ့ဆုံ မေးမြန်းမှုကို ပြုလုပ်ရခြင်းမှာ ပိုမိုကျယ်ပြန့်သောစုပေါင်း ဆုံးဖြတ်ချက် ချမှတ်နိုင်ရန် နှင့် အဖွဲ့လိုက်ဆွေးနွေးခြင်းမှ ထွက်ပေါ်လာသော အချက်များကို ရှေ့ဆက်လက် ရှာဖွေဖော်ထုတ်နိုင်ရန် ရည်ရွယ်သည်။ ဤတွေ့ဆုံ မေးမြန်းခြင်းမျိုးကို အကြိမ်ပေါင်း ၇၇ ကြိမ် ပြုလုပ်ခဲ့ရာ အုပ်စုလိုက် ဆွေးနွေးခြင်းအများစုမှာ တကြိမ်လျှင် တစ်နာရီမှ ၃နာရီထိ ကြာတတ်သည်။

သုတေသန နည်းစနစ်၏ နောက်ဆုံးနည်းမှာ ကြည့်ရှုလေ့လာသုံးသပ်ခြင်း ဖြစ်သည်။ **MOH/ SCF** (ကျန်းမာရေးဝန်ကြီးဌာနနှင့် **Save the Children Fund**) အဖွဲ့ဝင်များသည် ကာကွယ်ဆေးထိုးနေသော စုရပ်နေရာများကို သွားရောက်ကြည့်ရှုလေ့လာခြင်း၊ တိုင်းရင်းဆေးဆရာများ အခြေအနေအမျိုးမျိုးတွင် ကုထုံးအမျိုးမျိုးကို သွားရောက်လေ့လာခြင်းပြုလုပ်ခဲ့ကြသည်။

ကွင်းဆင်းလေ့လာခြင်းလုပ်ငန်းသည် ၁၂ ပတ် ကြာမြင့်ခဲ့သည်၊ လူတွေ့ မေးမြန်းခြင်းနှင့် အုပ်စုလိုက်ဆွေးနွေးခြင်းကို ဆိုမာလီယာနိုင်ငံတွင် အဖွဲ့ဝင်၂ ဦးပါသော အဖွဲ့ငယ်များဖြင့် လုပ်ဆောင်ခဲ့သည်။ ၎င်းတို့သည်ရပ်ရွာကျန်းမာရေးဝန်ထမ်းအမျိုးသားသူနာပြုတဦးနှင့် **MOH** အစိုးရ ကျန်းမာရေး ဌာနမှ စာရင်းအင်းဌာနဘွဲ့ရအမျိုးသမီးတဦးတို့ ဖြစ်ကြသည်။ ထိုပုဂ္ဂိုလ်နှစ်ဦးစလုံးသည် ၃ ပတ် သင်တန်းတက်ပြီး ထိုသင်တန်း ကာလအတွင်း အုပ်စုလိုက်တွေ့ဆုံမေးမြန်းခြင်းနှင့် တဦးချင်း တွေ့ဆုံမေးမြန်းခြင်း လမ်းညွှန်ချက်ကို ရေးဆွဲခဲ့ကြသည်။

ဤ ရေးဆွဲထားသော အစီအစဉ် လမ်းညွှန်ချက်ကို စမ်းသပ်စစ်ဆေးပြီး ပဏာမလေ့လာချက်တွင် အချောကိုင်ရသည်။ တွေ့ရှိချက်၏ အကျိုးရလဒ်အဖြစ် အောက်ပါခေါင်းစဉ်များ ရရှိသည်။

- ကာကွယ် ဆေး ထိုး ခြင်း ဗဟုသုတနှင့် အသိတရားများ
- ကာကွယ်ဆေးထိုးခြင်း၏ လက္ခဏာရပ်များ အပေါ် သဘောထား အမြင်များ
- လုံခြုံမှု၊ ထိရောက်မှု၊ လက်လှမ်းမီ ရရှိနိုင်မှုနှင့် ကုန်ကျစရိတ်
- ကာကွယ်ဆေးထိုးခြင်းဖြင့် ကြိုတင် ကာကွယ် တားဆီးနိုင်သော ရောဂါများအကြောင်း သိရှိခြင်း
- ကြိုတင်ကာကွယ်မှုနှင့် ဆက်နွယ်သော လက်တွေ့လုပ်ဆောင်မှုကို သိရှိထားခြင်း
- ကာကွယ်ဆေးထိုးခြင်းနည်းစနစ်များကို အသိပေးဖြန့်ချိရေးနှင့် တိုးမြှင့်ဆောင်ရွက်ရေးကို နားလည်သိရှိ ခြင်း
- ကျန်းမာရေးလုပ်ငန်းနှင့် ပတ်သက်၍ ယေဘုယျအမြင်သဘောထားများ
- ကျန်းမာရေး အကြံပေးချက်၏ အခန်းကဏ္ဍ

**မိခင်များပြောပြချက်ကို နားထောင်ခြင်း**

ဆွေးနွေးခြင်းနှင့် သက်သေခံထွက်ဆိုခြင်းသည် ကျယ်ပြန့်သော ထွက်ဆိုချက်များကို ဖော်ထုတ် ပေးသည်။ မိခင်များသည် တွေ့ဆုံမေးမြန်းခံရသူများအနက် အများစုကို ကိုယ်စားပြုပြီး သူတို့သည် ကာကွယ်ဆေးထိုးခြင်းနှင့် ပတ်သက်သည့် သူတို့၏အမြင်နှင့် ကာကွယ်ဆေးထိုးခြင်း အတွေ့အကြုံများကို ဖော်ထုတ်ပြောပြကြသည်။

ကာကွယ်ဆေး ထိုးခြင်းနှင့် ပတ်သက်၍ အလွန်အရေးကြီးသော ကြိုတင်ကာကွယ်ခြင်းနှင့် ကာကွယ်ခြင်းအပေါ် သူတို့၏အမြင်များကိုလည်း ပြောပြကြသည်။

မိခင်များစွာတို့သည် ကြိုတင်ကာကွယ်၍ရနိုင်သော ရောဂါ ဖမျိုးနှင့်ပတ်သက်၍ မတူညီသော အမြင်များကို ပြောပြကြသည်။ ဝက်သက်ဖြစ်ရခြင်းသည် လျှို့ဝှက်ဆန်းကြယ်သည်ဟု လည်းကောင်း၊ ဝက်သက်ရောဂါသည် လေထဲတွင် ရှိဟန်တူသည်ဟုလည်းကောင်း၊ သို့ဖြစ်၍ ကြိုတင်ကာကွယ် ဆေးထိုးခြင်းသည် အခြားနည်းများနှင့် ဘာမှမထူးခြား၊ ပိုသင့်လျော်ခြင်း မရှိဟုလည်းကောင်း ယူဆကြသည်။ ဆုံဆို့နာနှင့် သားဖွားခါစ မေးခိုင်ရောဂါဖြစ်ခြင်းမှာ နတ်ဆိုးများကြောင့်ဖြစ်၍ ရိုးရာတိုင်းရင်းဆေးဆရာ၊ အထက်လမ်း အောက်လမ်းဆရာများဖြင့် ကုသလျှင် ပိုမိုသင့်လျော်မည်ဟုယူဆကြသည်။ မိခင်များသည် ကာကွယ်ဆေးထိုးခြင်း၏ အန္တရာယ်များကို စိုးရိမ်ကြောင်း ပြောကြသည်။ ကာကွယ်ဆေးထိုးခြင်းသည် အကောင်းဆုံးဖြစ်ဟန်တူကြောင်းလည်း ပြောကြသည်။ အမျိုးသမီးများစွာတို့သည် အတင်းအကျပ် ကာကွယ်ဆေးထိုးခြင်း အစီအစဉ်နှင့် ပတ်သက်၍ သူတို့ခံစားချက်ကိုဖော်ထုတ်ပြီး ကာကွယ်ဆေးကြောင့် မြုံသွားမည်ကို စိုးရိမ်ကြောင်း ပြောပြကြသည်။ သူတို့သည် မိသားစုဝင်များ၊ မိတ်ဆွေများ၊ ရိုးရာဆေးဆရာ (အထက်လမ်း၊ အောက်လမ်း)၏ အကြံပြုချက်များကို သူတို့မယုံကြည်သော MOH ဆေးခန်းများမှ အကြံပြုချက်များထက် ပိုမိုလေးစားကြောင်းလည်း ပြောပြသည်။ အမျိုးသမီးအများစုသည် ကြိုတင်ကာကွယ်ဆေးထိုးခြင်းကို ရောဂါမဖြစ်မီ ကြိုတင်ရန် ရည်ရွယ်ကြောင်းသိရှိကြသော်လည်း အချို့က ကြိုတင်ကာကွယ်ဆေးထိုးခြင်းကို ရောဂါကုသခြင်းနှင့် ရောထွေးနေကြသည်။ ရောဂါဆိုသည်မှာ ဘုရားသခင်၏ အလိုအတိုင်း ဖြစ်ပေါ်လိုက် ပျောက်ကွယ်သွား လိုက် ဖြစ်သောကြောင့် ဘုရားမှလွဲ၍ မည်သည့်ကြိုတင်ကာကွယ်မှုကမျှ ရောဂါကို ကြိုတင်ခန့်မှန်းနိုင်ခြင်း၊ ကာကွယ်နိုင်ခြင်းမရှိဟု ယုံကြည်ကြသည်။ လူထုသည် ရောဂါကျရောက်သောအခါမှသာ စိုးရိမ်တတ်ကြသောကြောင့် ဆေးပညာ၏ ကြိုတင်ကာကွယ်ခြင်းအစီအစဉ်ကို လျှော့တွက်တတ်ကြပြီး ဘုရားသခင်စီရင်တော်မူသော အမှုကို ဆေး၏ စွမ်းအားဖြင့် ဖယ်ရှားနိုင်ပါ့မလားဟု သံသယရှိကြသည်။

ရိုးရာဆေးဆရာအဆိုအရ

> မိခင်များနှင့်သူတို့၏ ကလေးများအတွက် ကျွန်ုပ်၏ အကြံပေးချက်မှာ ကြိုတင်ကာကွယ်ခြင်းအတွက်မဟုတ်။ ကုသခြင်းအတွက်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဖြစ်လာမည့်အရာကို အလာအရှင်မြတ် သိတော်မူသည်။ ၎င်းပြင် ကျွန်ုပ်တို့အနေဖြင့် မရှိသေးသော အရာအတွက် အကြံပြုရန်အကြောင်းမရှိ။

အမျိုးသမီးများ၏ ထွက်ဆိုချက်အရ ကြိုတင်ကာကွယ်ဆေးထိုးခြင်း အစီအစဉ်သည် အသက် ၅ နှစ်အောက် ကလေးငယ်များနှင့် အသက် ၁၅ နှစ်မှ ၄၅နှစ် အကြား အမျိုးသမီးများအတွက် ရည်ရွယ်ကြောင်း သူတို့သဘော ပေါက် လက်ခံသည့်အချက်ကို ဖော်ပြနေသည်။ သို့ရာတွင် အမျိုးသမီးအချို့သည် ကာကွယ်ဆေးထိုးခြင်းဖြင့် တသက်လုံးအတွက် လုံလောက်ကြောင်း မသိကြ။ ကာကွယ်ဆေးထိုးခြင်းကြောင့် မလိုလားအပ်သည့် ဘေးထွက်ဆိုးကျိုးများ (အဖျားတက်၊ ဇက်ကြောတက်၊ ကိုက်ခဲခြင်း) အကြောင်းကို မည်သူမျှ ပြောမပြကြကြောင်း တွေ့ရသည်။

ဤဘေးထွက်ဆိုးကျိုးများကြောင့် သူတို့သည် ကြိုတင်ကာကွယ်ဆေးထိုးခြင်းကို လျှော့တွက်ပြီး ကြိုတင်ကာကွယ်ဆေးထိုးခြင်း၏ ကောင်းကျိုးထက် ဆိုးကျိုးအန္တရာယ်ကို ပိုမိုထိတ်လန့်နေကြသည်။ ယခင်က န္တ၍ အဖွဲ့က အာဏာဖြင့် အတင်းအကျပ်ပြုလုပ်ခြင်း၊ အချက်အလက်များကို ပြည့်စုံ လုံလောက်စွာ မပေးနိုင်ခြင်းကြောင့် ဖြစ်ပေါ်လာသော လူထုနှင့် အဆက်ပြတ်ခြင်းဟူသော အချက်သည် ထင်ရှားလာခဲ့သည်။ သားဖွားနိုင်သော အမျိုးသမီးများကို မေးခိုင်ရောဂါ ကြိုတင်ကာကွယ်ဆေးထိုးခြင်းဖြင့် ဖြစ်ပေါ်လာသော ဘေးထွက်ဆိုးကျိုးအပေါ် အခြေခံ၍ အမျိုးသမီးများအကြား စိုးရိမ်မှု ကောလဟာလ သတင်းများ ပေါ်ထွက် ခဲ့သည်။ သတင်းအချက်အလက်ပြည့်စုံစွာ မဖြန့်ဝေသောကြောင့် မေးခိုင်ရောဂါကာကွယ်ဆေး ထိုးခြင်းသည် မေးခိုင်ရောဂါကို ကာကွယ်ရန်ထက် လူဦးရေ တိုးတက်မှုကို တားဆီးရန်ဖြစ်သည်ဟု ယုံကြည်ခဲ့ကြသည်။ သူတို့၏ အဆိုအရ

အစပိုင်းမှာ သူတို့က အသက်ငယ်သော မိခင်များလာ၍ ကာကွယ်ဆေးထိုးခံယူရန် ပြောကြသည်။ ထိုအခါ ကျွန်ုပ်တို့အချင်းချင်း မေးကြသည်။ သူတို့အဘယ်ကြောင့် အသက်ငယ်သော မိခင်များကို ရှာဖွေနေကြသနည်း။ အသက်ငယ်သော မိခင်များက သားဖွားကြသောကြောင့် ကြို့တင်ကာကွယ်ဆေးထိုးပေးကြခြင်းဖြစ်မည်။ ကြို့တင်ကာကွယ်ဆေး တစ်ကြိမ်လျှင် ၄နှစ် အထိ ကိုယ်ဝန်မဆောင်နိုင်ဟု လူတွေပြောဆိုကြသည်။ ဤသို့ဖြင့် ကောလဟာလ သတင်းပျံ့နှံ့သွားသည်။

အဖွားများသည် ဤကောလဟာလ သတင်းကို အတည်ယူ၍ အဓိကသယ်ဆောင်သူများ ဖြစ်လာကြသည်။ "ကျွန်မလို အဖွားအိုတယောက်က ကာကွယ်ဆေးခန်းတွင် သွားတန်းစီ၍ ကာကွယ်ဆေးထိုးလျှင် ရာသီသွေးဆုံး၍ သားမဖွားဘဲ ဖြစ်သွားမည်ဟု ပြောလိုက်ပါက သူတို့ ထွက်ပြေးကြမည်" ဟု ဆိုသည်။

## သဘောထားအမြင်ကို ပြောင်းခြင်း

အမျိုးသမီးများသည် နှစ်ကာလကြာလာသည်နှင့်အမျှ သူတို့၏သဘောထားအမြင်များ ပြောင်းလဲလာပုံကိုလည်း ပြောပြကြသည်။ သူတို့၏အတွေ့အကြုံများက သူတို့၏စိုးရိမ်မှုနှင့် သံသယဖြစ်မှုများကို ဖယ်ရှားပစ်လိုက်ခြင်းဖြစ်သည်။ သို့မဟုတ် ကျန်းမာရေးဝန်ထမ်းများ၏ သတင်းအချက်အလက်ရှင်းလင်းပြခြင်းကြောင့် အမြင်ပြောင်းသွားကြခြင်းဖြစ်သည်။ မေးခိုင်ရောဂါကြိုတင်ကာကွယ်ဆေး ထိုးခံယူသော အမျိုးသမီး ကိုယ်ဝန်ဆောင်၍ ဝက်သက်ရောဂါကြိုတင်ကာကွယ်ဆေး ထိုးခံယူသော ကလေးများ ဝက်သက်ရောဂါမှ ကင်း လွတ်ခြင်းတို့ကိုမြင်ကြသည်။

ဤသဘောထားပြောင်းလဲမှု၏နောက်ဆက်တွဲတွင် အချို့အမျိုးသမီးများသည် ကြိုတင်ကာကွယ်ဆေးထိုးခြင်းကိုခံယူရန် ဆက်လက်ဆုတ်ကြခြင်းသည်။ ကြိုတင်ကာကွယ်ဆေးထိုးခြင်းကြောင့် ဖြစ်ပေါ်လာမည့်ဝိနနန္ဒအကို ကြောက်ခြင်းကြောင့်မဟုတ်၊ မြို့သွားမည်စိုးခြင်းကြောင့်မဟုတ်ကြိုတင်ကာကွယ်ဆေး၏ကောင်းကျိုးကိုသံသယဖြစ်ခြင်းကြောင့်ဖြစ်သည်ဟုပြောကြသည်။ များစွာသော အမျိုးသမီးများက ကြိုတင်ကာကွယ်ဆေးထိုးခြင်းသည် လက်တွေ့မကျသည့်အပြင် အချိန်အလွန်ကုန်သောအလုပ် ဖြစ်သည်ဟုဆိုကြသည်။

သို့ရာတွင် အမျိုးသမီးများအနေဖြင့်သအအအ ကျန်းမာရေးဝန်ထမ်းများအပေါ် ယုံကြည်ခြင်းကင်းမဲ့ခြင်းက ကြိုတင်ကာကွယ်ဆေးအပေါ် မယုံခြင်းထက် ပိုဆိုးသည်။ ဆေးခန်းများတွင် ဆေးကိရိယာများ မလုံလောက်ခြင်း၊ ဆေးခန်းဝန်ထမ်းများက ရောဂါကုသမှုပေးသောအခါ ကိုယ်ခြင်းစာတရားကင်းမဲ့ခြင်း စသည်တို့ကြောင့် မိခင်များသည် သူတို့၏ကလေးများကို ဆေးခန်းသို့ မှန်မှန်ခေါ်လာရန် စိတ်ဝင်စားမှု မရှိသောကြောင့် ကြိုတင်ကာကွယ်ဆေးထိုးခြင်း အစီအစဉ် လျော့ပါးပျောက်ကွယ်သွားခဲ့သည်။

Mott ကျန်းမာရေးဝန်ထမ်းများ ဝေငှပေးသော ကြိုတင်ကာကွယ်ဆေးထိုးနှင့်ဆိုင်ရာ သတင်းစာရွက်စာတမ်းများသည်လည်း မလုံလောက်၊ နမြောတွန့်တိုစွာ ဝေငှကြောင်း ခံစားကြသည်။ ထို့ကြောင့်မိခင်များသည် ရိုးရာဆေးဆရာများ၊ ဘာသာရေးဆရာများ၊ ဆေးဆိုင်အရောင်းစာရေးများ၊ ပြင်ပဆရာဝန်များအပေါ် ပိုမိုယုံကြည်၍ မိသားစုဝင်များ၊ မိတ်ဆွေများကိုပိုမိုအားကိုးကြသည်။ သူတို့သည် ကြိုတင်ကာကွယ်ဆေးထိုးခြင်း၊ သားဖွားခြင်းနှင့် ကလေးကျန်းမာရေးအတွက် သတင်းအချက်များကို ထိုပုဂ္ဂိုလ်များထံ ချဉ်းကပ်ရယူကြသည်။

## ထောက်ခံချက်များ


လေ့လာခြင်းအစီအစဉ်တွင် တွေ့ဆုံမေးမြန်းခံရသူများစွာတို့၏ ပြောပြချက်များကို နားထောင်ပြီးနောက် Mott ကျန်းမာရေးဝန်ထမ်းများ နှင့် ( Save the Children Fund ) ဝန်ထမ်းများသည် အမျိုး သားကြိုတင်ကာကွယ်ဆေးထိုးခြင်းအစီအစဉ်ကို အရေးပါသောပြောင်းလဲမှုများပြုလုပ်ရန်ထောက်ခံချက်ပေးနိုင်ခဲ့ကြသည်။

ချဉ်းကပ်နည်းအသစ်၏ ပထမဆုံးဆောင်ရွက်ချက်မှာ သတင်းအချက်အလက်ပေးခြင်းအရေးကြီးကြောင်းကို အလေးထားလာခြင်း ဖြစ်သည်။ EPI ( Expanded Programme of Immunisation ) မှပြုလုပ် သော အစီအစဉ်သစ်တိုင်းတွင် ပညာပေးရေးကို လိုက်လျောခြင်းထက် ဦးစားပေးရန်ဖြစ်သည်။ ကျန်းမာရေး ပညာပေးအစီအစဉ်များကိုရေးဆွဲရာတွင် လက်ရှိဖြစ်ပေါ်နေသော ရောဂါကြိုတင်ကာကွယ်ရေးအပေါ် ရှုမြင်မှုကို သတိပြုမှတ်သားပြီး မိခင်များနှင့် အဓိကအကြံပေးပုဂ္ဂိုလ်များဖြစ်သော ရိုးရာဗိန္ဒောဆေးဆရာများ၊ အရပ်လက်သည်များ၊ အသက်အရွယ်ကြီးသော အမျိုးသမီးများနှင့် ဘာသာရေးခေါင်းဆောင်များကို ပါဝင်စေပြီး အစီအစဉ်ရေးဆွဲသင့်သည်။

လက်တွေ့ကွင်းဆင်းသောအဆင့်တွင် ကြီးကြပ်သူများနှင့်ကျန်းမာရေးဝန်ထမ်းများသည် မိမိတို့၏ အသိပညာအတတ်ပညာများကို ရောစပ်၍လည်းကောင်း၊ ရောဂါကြိုတင်ကာကွယ်ခြင်းအပေါ် အမျိုးသမီးများ၏ အမြင်ခံယူချက် လစ်ဟာကွက်တို့ကို ဖြည့်စွက်၍လည်းကောင်း၊ သူတို့၏ ပတ်ဝန်းကျင်ရှိ ရောဂါကာကွယ်ခြင်းနှင့် ကြိုတင်ကာကွယ်ခြင်းအပေါ် အခြေခံ၍ သူတို့၏ ဘာသာရေးအမြင်ကို ဆွေးနွေးရာတွင် အသုံးပြုကြသည်။ နောက်ဆုံးအစီရင်ခံစာတွင် လူထုအနေဖြင့် ခေတ်မီဆေးဝါးများနှင့် ရောဂါကာကွယ်ရေးအစီအစဉ်များအပေါ် နားလည်သဘောပေါက်လျှင် ဒေသခံ ဆေးခန်းများ၏ရောဂါ ကုသမှုအစီအစဉ်နှင့် မိခင်နှင့်ကလေးကျန်းမာရေး ဆေးခန်းများ တိုးတက်အောင်မြင်လာမည်ဟု အကြံပြုထားသည်။ မိခင်များက ဤနည်းစံနစ်များအပေါ် ထိထိရောက်ရောက် လက်တွဲပူးပေါင်းဆောင်ရွက်မှု မရှိသရွေ့ကာလပတ်လုံး အဆိုပါ ရောဂါကြိုတင်ကာကွယ်ရေး အစီအစဉ်များအပေါ် ပေါ့ပေါ့တန်တန် သဘော ထား၍အဖွဲ့အစည်းများကို အထင်အမြင်သေးကြပါမည်။

## အကျိုးရလဒ်များ

ဤလေ့လာမှုပြုပြီးနောက် လပေါင်းအနည်းငယ်အတွင် ဆိုမာလီယာ၌ပြည်တွင်းစစ်ဖြစ်ပွားခဲ့ရာ EPI ( Expanded Programme of Immunisation ) ရောဂါကြိုတင်ကာကွယ်တိုးချဲ့မှုအစီအစဉ်၏ နည်းဗျူဟာ အကျိုးသက်ရောက်မှုကို စီစဉ်သုံးသပ်ရန်မဖြစ်နိုင်ခဲ့ပေ။ သို့ဖြင့် ယခုအခါ ထိုပြောင်းလဲမှုများ မည်မျှအောင်မြင် ကြောင်း စစ်ချက်ထုတ်ရန် မဖြစ်နိုင်။ မည်သို့ဆိုစေ – ဤလေ့လာမှုသည် နှုတ်ပြောသက်သေခံထွက်ဆိုချက်များကို စုဆောင်းခြင်းဖြစ်၍ ကိစ္စတစ်ခုအပေါ် သတိမထားမိသော အရေးကြီးသည့် ရှုထောင့်အမြင်များကို ဖော်ပြနိုင်ကြောင်းတင်ပြနိုင်ခဲ့သည်။ ဆိုမာလီယာအမျိုးသမီးများ၏ နှုတ်ထွက်စကားများသည် ရှင်းလင်းပြတ် သား၍ သွယ်ဝိုက်ပြောဆိုခြင်းမရှိ တဲ့တိုးဖြစ်သည်။ သူတို့၏ စကားများသည် အတွေ့အကြုံကို ဖော်ထုတ်ပြီး သူတို့ကိုယ်စား အခြားသူများက မသေမချာမရေမရာသော ယူဆချက်များကို ထောက်ပြကြသည်။ ရောဂါကြိုတင် ကာကွယ်ဆေးထိုးမှုခံယူခြင်းအပေါ် လွှမ်းမိုးသောအမြင်နှင့် အတွေ့အကြုံနှင့်ပတ်သက်၍ တိုးတက်သော အမြင် ရရှိခြင်း၊ EPI အစီအစဉ်တလျှောက်လုံးတွင် အမျိုးသမီးများကို လေးစား၍ ပါဝင်စေခြင်း စသော အစီအစဉ်များ ပြောင်းလဲရေးဆွဲရန် ပိုမိုခိုင်မာသော အစပြုချက်ရရှိခဲ့ကြသည်။



# အပိုင်း (၅) နားထောင်နည်း

**နားထောင်ခြင်းစီမံကိန်းများအတွက် တွေ့ဆုံမေးမြန်းမည့်သူများကို ရွေးချယ် လေ့ကျင့်သင်တန်းများပေးခြင်း**

- နားထောင်ခြင်း စီမံကိန်းများအတွက  မေးမြန်းမည့်သူများကိုရွေးချယ်ခြင်း
- နှုတ်ထွက်သက်သေခံချက်စီမံကိန်းများအတွက် မေးမြန်းမည့်သူများကိုလေ့ကျင့်သင်တန်းပေးခြင်း
- လုပ်ငန်းကဏ္ဍ
- သင်တန်းစဉ်များကို စီစဉ်ရေးဆွဲခြင်း
- လက်တွေ့ကွင်းဆင်းခြင်းကိုစီစဉ်ခြင်း
- စီမံကိန်းများအတွက် ပြောပြမည့်သူများကို ရွေးချယ်ခြင်း

**နှုတ်ပြောသမိုင်းစီမံကိန်းများတွင်လူတွေ့မေးမြန်းရာ၌ ပေါ်ပေါက်တတ်သည့်ကိစ္စများ**

- ဖြစ်ရပ်မှန်ကိုလေ့လာခြင်း – အထက်တန်းလွှာများကို တွေ့ဆုံမေးမြန်းခြင်း

**နှုတ်ပြောရိုးရာစီမံကိန်းများတွင်လူတွေ့မေးမြန်းရာ၌ဖြစ်ပေါ်တတ်သည့်ကိစ္စများ**

- တွေ့ဆုံမေးမြန်းခြင်းအမျိုးအစားများ
- မေးခွန်းများမေးခြင်း
- တွေ့ဆုံမေးမြန်းခြင်းဆိုင်ရာ အထောက်အကူပစ္စည်းများ
- တွေ့ဆုံမေးမြန်းခြင်းနှင့် မှတ်တမ်းတင်ခြင်း

♦ သော့ချက်များ – နှုတ်ပြောသမိုင်းနှင့် နှုတ်ပြောသက်သေခံချက်များကို တွေ့ဆုံမေးမြန်း၍မှတ်တမ်းတင်ခြင်း၊

♦ နှုတ်ပြောရိုးရာအစဉ်အလာများကိုအသံဖမ်း၊ ရုပ်ဖမ်းဓါတ်ပုံမှတ်တမ်းတင်ခြင်း၊

# နားထောင်ခြင်းစီမံကိန်းများအတွက် တွေ့ဆုံမေးမြန်းမည့်သူများကို ရွေးချယ် လေ့ကျင့်ပေးခြင်း

ဤအပိုင်းတွင် နှုတ်ပြောသမိုင်းနှင့် နှုတ်ပြောသက်သေခံထွက်ဆိုချက်နှင့် သို့မဟုတ် နှုတ်ပြောရိုးရာအစဉ်အလာတို့နှင့် ပတ်သက်သော နားထောင်ခြင်းစီမံကိန်းအတွက် တွေ့ဆုံမေးမြန်းမှုကို ဦးဆောင်ပြုလုပ်မည့်သူများအား ရွေးချယ်ခြင်းနှင့်လေ့ကျင့်သင်တန်းပေးခြင်းတို့ကို အဓိကထား ဖော်ပြပါမည်။ သင်တန်းအကြမ်းဖော်ပြချက်တွင် Panos Institute Oral Testimony Programme မှထုတ်ဝေ သော Giving Voice သင်တန်းလက်စွဲ၌ပါရှိသော အကြောင်းအရာများကို အများဆုံး ကိုးကားအသုံးပြုထား ပါသည်။ Panos နှင့် သူ၏လုပ်ဖော်ဆောင်ဖက်များ စီစဉ်ရေးဆွဲသော နှုတ်ပြောသမိုင်းစီမံကိန်းများတွင် အလွန်အဆင်ပြေသော အချက်တစ်ခုမှာ – မေးခွန်းမေးမြန်းသော အကြောင်းအရာမျိုးတွင် ယခင်က အတွေ့အကြုံမရှိဖူးသည့်တိုင် အနည်းငယ်လေ့ကျင့်သင်ကြားပေးရုံဖြင့် လိုအပ်ပါက သူတို့ကိုယ်တိုင် သင် တန်းပို့ချနိုင်ပြီး လုတိုင်းနီးပါး ပါဝင်ပြောဆိုနိုင်ကြခြင်းဖြစ်သည်။ နောက်ပိုင်းအခန်းတွင် အခြား နှုတ်ပြောရိုးရာအစဉ်အလာ အမျိုးအစားနှင့် အခြား နှုတ်ပြောသမိုင်းစီမံကိန်းများနှင့် ဆက်နွယ်သော မေးမြန်းသူများကို လူ တွေ့မေးမြန်းခိုင်းခြင်းနှင့် လေ့ကျင့်သင်ကြားပေးခြင်းအကြောင်း ပိုမိုဖော်ပြပါမည်။ မည်သို့ဆို စေ၊ ဤအခန်းတွင်ဖော်ပြထားသော အချက်များသည် အဆိုပါသင်တန်းမျိုး၏ အခြေခံသဘောတရားများဖြစ် သောကြောင့် သင်၏လိုအပ်ချက်နှင့် စိတ်ဝင်စားမှုကို လိုက်၍အလျှော့အတင်းပြုကာ ချဉ်းကပ်သင့်ပါသည်။

## နားထောင်ခြင်းစီမံကိန်းများအတွက် တွေ့ဆုံမေးမြန်းမည့်သူများကို ရွေးချယ်ခြင်း

မေးမြန်းမှုကို ဦးဆောင်မည့်သူများသည် သင်သိသောသူများ၊ သို့မဟုတ် သင်သိသောသူများက ထောက်ခံသော သူများ၊ စိတ်ဝင်စားစရာအချက်များကို မိမိဘာသာကြံဆလုပ်ဆောင်ရန် အားကိုးလောက်သော သူခက်ခဲသော အရာများကို မိမိတို့ဘာသာကိုင်တွယ်ဖြေရှင်းရန် နားလည်သဘောပေါက်လွယ်သောသူများ ဖြစ်သင့်သည်။ အ ထူးသဖြင့် မေးမြန်းသူများသည် နားထောင်မှုတွင် ကျွမ်းကျင်သူများဖြစ်ရမည်။ မေးမြန်းသူများ၏ ကိုယ်ကျင့်တရားနှင့်ပတ်သက်၍ အတတ်နိုင်ဆုံး သူတို့ကိုယ်တိုင်ထိန်းသိမ်းရန် လွှဲထားပါက တာဝန်ယူမှုနှင့် ပိုင် ဆိုင်ပတ်သက်မှုကို သူတို့ခံစားကြလိမ့်မည်။

ယေဘုယျသဘောအားဖြင့် မေးမြန်းသူများသည် ပြောပြသူများနှင့် လိင်တူဖြစ်သင့်သည်။ အချို့အကြောင်းအရာများသည် အမျိုးသားအချင်းချင်း၊ အမျိုးသမီးအချင်းချင်း ပိုမိုပွင့်လင်း စွာ ပြောဆိုနိုင်သော အရာများဖြစ်သည်။ သို့သော် တခါတရံတွင် အမျိုးသမီးအမျိုးသားကြားမှ စိတ်ဝင်စားဖွယ် အကြောင်းအရာ ပေါ်ထွက်လာနိုင်သည်။ အရေးကြီးသည်မှာ မည်သည့်ချဉ်းကပ်နည်းသုံးမည်ကို ပြောပြသူဘက်မှ ဆုံးဖြတ်စေခြင်းနှင့် သူတို့ကို စိတ်မသက်မသာဖြစ်စေမည့် အခြေအနေသို့ အတင်းအကျပ်မတွန်းပို့သင့်ခြင်း ဟူသော အချက်များ ဖြစ်သည်။

လေ့ကျင့်သင်ကြားပေးပြီး၊ အုပ်ချုပ်ထောက်ပံ့နိုင်သမျှ မေးမြန်းသူဦးရေကို စဉ်းစား ပါ။ Panos ၏ အတွေ့အကြုံအရ မေးမြန်းသူဦးရေ ၁၀ ယောက်အထိ ကောင်းမွန်စွာ အလုပ်လုပ်နိုင်ကြပြီး ဦးရေ ၁၅ ယောက်ထက်ပိုလျှင် တစ်ဦးချင်းကို ကောင်းမွန်ထိရောက်စွာ အာရုံစိုက်ရန်ခဲယဉ်းကြောင်းတွေ့ရသည်။ အသက်ကြီးသူပိုများသည်ဖြစ်စေ၊ အသက်ငယ်သူပိုများသည်ဖြစ်စေ၊ ဆွေးနွေးမည့် အကြောင်းအရာ ခေါင်းစဉ်များသည် ရပ်ရွာလူထုနှင့် လိင်အတန်းအစားအားလုံး ပါဝင်ဆွေးနွေးနိုင်မည့် အကြောင်းအရာဖြစ်ရမည်။

မေးမြန်းသူများကိုယ်တိုင်၊ သူတို့သုတေသနပြုမည့် အကြောင်းအရာအပေါ်စိတ်ဝင်စားပြီး၊ ထို အကြောင်းအရာများကို ကောင်းကောင်းနားလည်သိရှိထားရမည်။ ဤအချင်းအရာသည် အတွေ့အကြုံပေါ် မူတည် သောကြောင့် ပြောဆိုနေသောအကြောင်းအရာ၏ ထူးခြားချက်ကို သိမြင်တတ်ရမည်။ အကြောင်းအရာကို တုံ့ပြန်၍

သူတို့ကိုယ်တိုင်မေးခွန်းထုတ်ပြီး နောက်ထပ်သတင်းအချက်အလက်များကို ရယူတတ်ရမည်။ အရေးကြီးသည်မှာ လူမှုရေးအခြေအနေအရိပ်အကဲကို ကောင်းမွန်စွာ သိကျွမ်းရမည်။ လုပ်ငန်းပိုင်းဆိုင်ရာ သတင်းအချက်အလက်များ ကိုမူ ထိုမျှလောက် အသေးစိတ်ရှင်းလင်းရန် လိုမည်မဟုတ်။ သို့ရာတွင် ဤကိစ္စကို အနည်းငယ်ထည့်စဉ်းစားလျှင် အကျိုးရှိပါမည်။

ဥပမာ – ရိုးရာစိုက်ပျိုးရေးနည်း သို့မဟုတ် ရိုးရာကျန်းမာရေးကို မှတ်တမ်းတင်ရန် ရည်ရွယ်ပါက တွေ့ဆုံမေးမြန်းသူ အနေဖြင့် ကြောင်တောင်တောင် အတတ ဖြစ်ပြီးမေးမြန်းခြင်းလုပ်ငန်း မအောင်မြင်ခြင်းမှ ကင်းလွတ်ရန် ထိုအကြောင်းအရာများနှင့် ပတ်သက်၍ကောင်းမွန်စွာ သိကျွမ်းထားရန်လိုအပ်ပါသည်။ အလားတူ ဒေသခံနိုင်ငံရေးနှင့် သမိုင်းနောက်ကြောင်း ရှုပ်ထွေးနေပြီး မေးမြန်းရန်အရေးကြီးနေပါက ထိုဒေသ၏ အဖြစ်အပျက်နှင့် အထောက်အထားများကို ထပ်ခါထပ်ခါရှင်းပြခိုင်းခြင်းဖြင့် အချိန်ဆုံးရှုံးမည့်ပြင် ပြောပြသူကို စိတ်တိုစေလိမ့်မည်။

ဘာသာပြန်ရေး ပြဿနာမရှိစေရန် မေးမြန်းသူသည် ပြောပြသူ၏ဘာသာစကား ဖြင့် ပြောဆိုသင့်သည်။ ကောင်းဆုံးမှာ မေးမြန်းသူများသည် ထိုဒေသရပ်ရွာမှလူများ၊ ထိုဒေသရပ်ရွာတွင် နေထိုင် သူများ၊ ထိုဒေသရပ်ရွာတွင် အလုပ်လုပ်သူများ ဖြစ်သင့်သည်။

## စွမ်းရည်မြှင့်တင်ပေးခြင်း

နှုတ်ပြောရိုးရာအစဉ်အလာစီမံကိန်းများတွင် အချက်အလက်စုဆောင်းခြင်းလုပ်ငန်း အဆင့်ဆင့်နှင့် စွမ်း အင်ဖြည့်တင်း ပေးခြင်းသည် အကျိုးရလဒ်နည်းတူ အရေးကြီးပါသည်။ သုတေသနပညာရှင်များ နှင့် မေးမြန်းမှုပညာရှင်များကို အသုံးပြုလိုလျှင် အောင်မြင်သော မေးမြန်းမှုအများဆုံးရရှိလိမ့်မည်။ မေးမြန်းသည့် အကြောင်းအရာအများစုကို ခြုံငုံမိမည်။ စိတ်ဝင်စားစရာ ခေါင်းစဉ်များကို ကျွမ်းကျင်စွာ ဖော်ထုတ်နိုင် မည်။ သို့ရာတွင် သင်၏အဖွဲ့အစည်းနှင့်ရပ်ရွာမှ လူများကို လေ့ကျင့်သင်တန်းပေးလျှင်၊ လုပ်ငန်းကျွမ်းကျင်မှုနှင့် အတွေ့အကြုံစွမ်းရည်ကို မြှင့်တင်ပေးခြင်း ခံရမည်။ ဖြစ်သင့်သည့်အတိုင်း ဆက်လုပ်နိုင်လျှင် သူတို့သည် နားထောင် ခြင်းအဆင့်ဆင့်ဖြင့် အမြင်အမျိုးမျိုး၊ အတွေ့အကြုံအမျိုးမျိုး သိရှိသဘောပေါက်ကြလိမ့်မည်။ အချို့ကိစ္စတွင် သူတို့ကိုယ်တိုင် ပြောပြသူများဖြစ်ပြီး ပိုမိုကျွမ်းကျင်သော မေးမြန်းသူဖြစ်စေလိမ့်မည်။

စမ်းသပ်ခြင်းမပြုရသေးသောမေးမြန်းသူအချို့မှာ ဤလုပ်ငန်းအတွက် မသင့်လျော်သဖြင့်စီမံကိန်းညှိနှိုင်းသူ တာဝန်ခံအနေဖြင့် ဦးဆောင်မှုမကောင်းသော မေးမြန်းမှုများ ကို နားထောင်၊ ဖတ်ရှုနေရခြင်းကြောင့် စိတ်ပျက်မှု တွေ့ကြုံရလိမ့်မည်။ သို့မဟုတ် မေးမြန်းသူ သည် ပြောပြသူကို ပြောပြခိုင်းမည့်အစား မေးမြန်းသူ ကိုယ်တိုင် စိတ်ဝင်စား သောအရာများပေါ်၌သာ အာရုံစိုက် ကြောင်း တွေ့ရလိမ့်မည်။ သို့ရာတွင် ဤ စွမ်းရည်မြှင့်တင်ပေးမှု လုပ်ငန်းစဉ်ကို လုပ်ဆောင်သောအခါ ပါဝင်သောသူများသည် ပြောပြသူစီမံကိန်းနှင့် ရည်ရွယ်ချက်တူလျှင် အကျိုးရလဒ်အတွက် ပိုမိုအားထုတ်ရကျိုးနပ်ပေမည်။ ထိုအခါ ပါဝင်သူများ၏စိတ်တွင် ပိုင်ဆိုင်မှုကို ပိုမိုခံစားရပြီး၊ ထုတ်ဝေသော စာအုပ်စာတမ်းများကို လူထုက သူတို့အတွက် အဖိုးတန် အသုံးဝင်မည့်နည်းအတိုင်း အသုံးပြုကြ လိမ့်မည်။ မေးမြန်းသူများသည် အခြားစီမံကိန်းအသစ်ကို လုပ်နိုင်သည် သို့မဟုတ် မူလလုပ်ဆောင်ချက်များကို တိုးချဲ့နိုင်သည်။

## အတွင်းလူများနှင့်အပြင်လူများ

ပြောပြသူများနှင့် နီးကပ်စွာဆက်ဆံသောသူများသည် အချို့မေးခွန်းများကိုမေးရန် ပျက်ကွက်တတ်ကြသည်။ ဤသို့ဖြစ်ရခြင်းမှာ သူတို့အတွက် မေးခွန်းသည် မေးစရာမလိုလောက်အောင် ထင်ရှားနေခြင်း သို့မဟုတ် အမှု အကျင့်နှင့်ပတ်သက်၍ ကြိုတင်ခန့်မှန်းထားပြီးဖြစ်ခြင်း သို့မဟုတ်

နားထောင်သူမသိနားမလည်သော်လည်း သူတို့က လက်ခံထားသည့်ယုံကြည်မှုများနှင့်ပတ်သက်၍ ကြိုတင်ခန့်မှန်းထားပြီးခြင်း တို့ကြောင့်ဖြစ်နိုင်သည်။ အချို့သောသူများ၏ ခံစားချက်အရဆိုလျှင် အပြင်လူများသည် ဒေသခံလူထု၏ကျင့်ထုံးနှင့် အဖြစ်အပျက်များအကြောင်းအသေးစိတ်ကို အပေါ်ယံသဘောမဟုတ်ပဲ ပိုမိုကောင်းမွန်စွာ မေးခွန်းထုတ်နိုင်သည်ဟုဆိုသည်။ Yunnan Minority Gender and Development Group (ယူနန်တိုင်းရင်းသားလူမျိုးစုငယ်အရေးနှင့် ဖွံ့ဖြိုးရေး အဖွဲ့) နှင့် Oxfam Hong Kong အဖွဲ့အစည်းအတွက် Panos က တွေ့ဆုံမေးမြန်းခဲ့သော ကျေးလက်တော ရွာအမျိုးသမီးများကို တွေ့ဆုံမေးမြန်းမှုပြုလုပ်သော တရုပ်ပြည်အနောက် တောင်ပိုင်းမှ အမျိုးသမီးတစ်စုသည် အတွင်း လူနှင့် အပြင်လူအကြောင်း အကျယ်တဝင့် ဆွေးနွေးခဲ့ကြသည်။ သူတို့က အတွင်းလူများ (ဤတွင် ဒေသခံတိုင်ရင်းသားလူနည်းစုထဲမှ အတွင်းလူ ကို ဆိုလိုသည်) အကောင်းဆုံး တွေ့ဆုံမေးမြန်းသူများဖြစ်ကြောင်း နိဂုံးဆွဲမှတ်ချက်ချကြသည်။ ထိုသူတို့သည် ဒေသခံပတ်ဝန်းကျင်အကြောင်း ပိုမိုနက်ရှိုင်းစွာ နားလည်ထားကြသည်။ အပြင်လူအတွက် အချိန်ကြာမြင့်စွာ မပြောင်ဆင်ဘဲနှင့် ထိုအသိပညာမျိုးရရှိရန် အလွန်ခက်ခဲနိုင်သည်။ အဖြေအားလုံးကို သိပြီးဟုယူဆခြင်း၊ ထင်ရှားသောအရာကို မမေးမိခြင်း စသည့် အတွင်းလူများ မှားတတ်သည့် အမှားမျိုးများကို ရှောင်လွှဲနိုင်ရန် အတွင်းလူများကို လေ့ကျင့်သင်တန်းပေးရန် လိုအပ်သည်။

အအောင်မြင်ဆုံးသော တွေ့ဆုံမေးမြန်းသူများမှာ ခေါင်းစဉ်ကို ထိမိစွာသိရှိထားပြီး၊ ရရှိလာသော အချက်အလက်များ၏ ထူးခြားချက်များကို သိရှိ၍ မေးမြန်းထားသမျှကို လျင်မြန်စွာပြန်လည်ရေးချ မှတ်တမ်းတင်နိုင်သူများဖြစ်သည်။ လူများကို တွေ့ဆုံမေးမြန်း၍ သူတို့ပြောသမျှကို ကောင်းစွာနားထောင်တတ်ပြီး ရှင်းလင်းသောအမြင်ရှိသူအနေဖြင့် ဆက်သွယ်ရေးကောင်းသောအရည်အချင်းသည် အလွန်အရေးကြီးကြောင်း သိမှတ်ထားရမည်။

အချို့ စီမံကိန်းဝန်ထမ်းများသည် သူတို့၏ရပ်ရွာမှ ပညာအရည်အချင်း ပိုနိမ့်သူများကို အပေါ်စီး ဆက်ဆံတတ်ကြသည်။ ထိုသူတို့သည် အောင်မြင်သောမေးမြန်းသူများ မဖြစ်နိုင်ပါ။ သုတေသနများအနေဖြင့် အခြားသူများ၏ရှုထောင့်အမြင်နှင့် သိမြင်မှုကိုနားလည်၍ လက်ခံနိုင်လေ ကောင်းလေ ဖြစ်သည်။ ပုဂ္ဂိုလ်ရေးကျွမ်းကျင်မှုသည် လုပ်ငန်းဆိုင်ရာအတွေ့အကြုံထက် ပိုအရေးကြီးပါသည်။

တွေ့ဆုံမေးမြန်းမှုလုပ်ခြင်းတွင် ခရီးထွက်ရခြင်း၊ နှောင့်နှေးကြန့်ကြာမှုနှင့် ခက်ခဲသောအခြေအနေများတွင် စိတ်ရှည်သည်းခံရခြင်း စသည်တို့ပါဝင်သောကြောင့် ခက်ခဲပင်ပန်းသော အလုပ်ဖြစ်ရာ စိတ်အားထက်သန်မှုရှိရန် အရေးကြီးပါသည်။ လူတွေ့မေးမြန်းသူများသည် သူတို့ မေးမြန်းေ သာအချက်အများကို ရေးချရမည်ဖြစ်ကြောင်း အသိပေးထားပါ။ ဤသို့ရေးမှတ်ခြင်းသည် အချိန်ကုန် သော အလုပ်ဖြစ်သော်လည်း မေးမြန်းသူများ ကိုယ်တိုင် ရေးမှတ်နိုင်လျှင် အကောင်းဆုံးဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် သူတို့သာလျှင် မေးမြန်းမှုလုပ်သော အခြေအနေပတ်ဝန်းကျင်ကို အများဆုံးမှတ်မိနိုင်၍ တိတ်ခွေတွင် မရှင်းသောအပိုင်းများကို ဖြည့်စွက်ရေးသား နိုင်ကြပေမည်။ ပညာအရည်အချင်း နိမ့်သော်လည်း၊ နားထောင်မှုတွင် ကျွမ်းကျင်ပြီး စီမံကိန်း၏ ရည်ရွယ်ချက် အတွက် ပါဝင်ဆောင်ရွက်ရန် စိတ်ထက်သန်သော မေးမြန်းသူများကို Panos သည် ရံဖန်ရံခါလေ့ကျင့် သင်တန်းပေး ခဲ့သည်။ ဤသို့သော အခြေအနေမျိုးတွင် အခြားတယောက်က အချက်အလက်များကို ရေးမှတ်ရတတ်သည်။ ဤနည်းသည် အလုပ်ဖြစ်သော်လည်း အကောင်းဆုံးနည်းလမ်းကား မဟုတ်။

## ဒေသဆိုင်ရာဗဟုသုတ

သင်၏ မေးမြန်းရေးအဖွဲ့ဝင်များကို ဒေသခံအခြေအနေများအကြောင်း သိရှိရန် ပြုလုပ်နိုင်လေလေ၊ ပြောပြသူများ ပြောသောအကြောင်းအရာအချက်အလက်များနှင့် ထူးခြားချက်များကို ပိုမိုသိရှိသဘော ပေါက်ပြီး မပြောဘဲ ချန်လှပ်ထားသောအချက်များကို သတိပြုမိလေလေဖြစ်ပါသည်။ သူတို့ သည် ဟာနေသောကွက်လပ်၊ တိတ်ဆိတ်သောအပိုင်းများသည်၊ တင်ပြပြောဆိုရန် မလိုသလောက် ရှင်းနေ သောကြောင့် သို့မဟုတ် မေးခွန်းက

မဆီလျော်သောကြောင့် သို့မဟုတ် ပြောပြသူအနေဖြင့် တမင်တကာဖြစ် စေ၊ မသိပဲဖြစ်စေ မေ့ပျောက်လိုသော အချက်ကို ဆွေးနွေးမိသောကြောင့်၊ ဟာကွက်ဖြစ်နေကြောင်း ဆုံးဖြတ်နိုင် ကြပါလိမ့်မည်။ ဝေဖန်အကြံပြုချက်မရှိဟု ဆိုခြင်းသည် ဘာမျှတင်ပြစရာမရှိဟု ဆိုလိုခြင်းမဟုတ်ကြောင်း သတိထားရမည်။ ဒေသခံခြေအနေကို သိကျွမ်း ရင်းနှီးခြင်းတွင် ထိုဒေသ၏ စကားပြောဆိုဆက်သွယ်ပုံအလေ့အထကို သတိထားမိ၍ လေးစားခြင်းပါဝင်သည်။ ဥပမာ – အချို့သော အဖြစ်အပျက် ပြောပြခြင်းကို သူ့အချိန်နှင့်သူ၊ သူ့ရာသီနှင့်သူ မည်သူက မည်သည့်အခါမျိုးတွင် ပြောရမည်ဟူသော လေ့အထရှိ သည်။

## မှန်ကန်သင့်လျော်သောစကာလုံးများ

မေးမြန်းသူများ သိထားရန်အချက်တွင် ဘာသာပြန်ဆိုခြင်းသည် တစိတ်တဒေသအဖြစ်ပါဝင်သည်။ တစ်ခါတစ်ရံ  မေးမြန်းခြင်းများကို ဒေသခံလူတို့၏မိခင်ဘာသာစကားဖြင့် မေးမြန်းခြင်းပြု၍ မိသားစုအရေး၊ ဒေသခံယဉ်ကျေးမှုနှင့် သမိုင်းနောက်ခံအကြောင်း ဆွေးနွေးရာတွင် မိခင်စကားသည် သင့်လျော်တတ်သည်။ သို့ရာတွင် မေးမြန်းသူအနေဖြင့် အခြားသဘောတရားများကို ဖော်ထုတ်ရန် ရုံးသုံးဘာသာ သို့မဟုတ် အင်္ဂလိပ်စကားကို သုံးရတတ်သည်။စီမံကိန်း၏ ရည်ရွယ်ချက်ကို အကောင်းဆုံးတင်ပြနိုင်ရန် လိင် ၊ ဆက်စပ်မှု၊ ဦးစားပေးခြင်း၊ ဖွံ့ဖြိုးရေး စသော စကားလုံးများကို အရှင်းနိုင်ဆုံး ဖော်ပြရမည်။

ဥပမာ – နှုတ်ပြောသက်သေခံချက်ဟု ဆိုလိုက်ရုံနှင့် မလိုလားအပ်သောသဘော ဆောင်နိုင်သည်။ ကမ်ဘောဒီးယားနိုင်ငံတွင် အတင်းအကျပ် ဝန်ခံထွက်ဆိုခိုင်းသော ကြောက်လန့်ဖွယ်အဖြစ်ကို ပြန်လည်နိုးထစေနိုင်သည်။ တခါတရံ စကားလုံးတစ်ခု၏ အဓိပ္ပါယ်ကို တိကျစွာအနက်ဖွင့်နိုင်သည့် အသုံးအနှုန်းကို ရှာမရဘဲ ဖြစ်တတ်သည်။ ထိုအခါမျိုးတွင် အချိန်ယူ၍ ဆွေးနွေးပြီး၊ လူထုနှင့်အဆင်ပြေမည့် သဘောတရား မျိုးရရှိသည့် နည်းလမ်းကို ရှာဖွေရမည်။

## နှုတ်ပြောသက်သေခံစီမံကိန်းအတွက် လူတွေ့မေးမြန်းမှုပြုမည့်သူများကို လေ့ကျင့်သင်ကြားပေးခြင်း

Panos Institute Oral Testimony Programme သည် နှုတ်ပြောသက်သေခံချက် စီမံကိန်းအတွက် မေးမြန်းသူများကို ၅ ရက်သင်တန်းပေးရန် မူကြမ်းရေးဆွဲခဲ့သည်။ ထိုသင်တန်းမူကြမ်းသည် မေးမြန်းသူများအတွက် အဓိကကျသော အခြေခံအချက်များနှင့် ပတ်သက်၍ အကြံပေးချက် ကောင်းများ ပါရှိသောကြောင့် ဤလက်စွဲစာအုပ်တွင် ထပ်မံထည့်သွင်းပေးထားပါသည်။ သင်တန်းသည် နှုတ်ပြောသက်သေခံချက်စီမံကိန်းများ အတွက် ရည်ရွယ်ထားသော်လည်း၊ အခြား နှုတ်ပြောသုတေသနနှင့် နှုတ်ပြောမှတ်တမ်းတင်ခြင်းအတွက်လည်း သင့်လျော်သောကြောင့်၊ သင်တန်းကို လိုအပ်သလို ပြင်ဆင်အသုံးပြုနိုင်ပါသည်။ အရေးကြီးသောအချက်မှာ ဤအကြံပြုချက်ကို လုံးဝအတိအကျ လိုက်နာရန်မဟုတ်ဘဲ လုပ်ငန်းလမ်းညွှန်အဖြစ် အသုံးပြုရန်ဖြစ်သည်။ မည်သည့် စီမံကိန်းနှစ်ခုမျှ ထပ်တူထပ်မျှတူညီမှုမရှိ။ သို့ဖြစ်၍သင်၏ဒေသရှိလုပ်ငန်းနှင့်ဆက်နွယ်နေသောသီးခြားကိစ္စများကို ဖြစ်ရပ်မှန်တစ်ခုချင်း စဉ်းစားရန်လိုသည်။ အသံဖမ်းလေ့ကျင့်ခြင်းနှင့် စာသားဖြင့်ရေးချခြင်းကို နီးကပ်စွာပြုလုပ်မည် ဖြစ်သော်လည်း၊ နေ့စဉ်သင်တန်းရှည်မျိုးမဟုတ်သောကြောင့် ဤနေရာတွင် အလုပ်ရုံဟု ခေါ်ဆိုမည့်အစား သင်တန်းဟူသော ဝေါဟာရကိုသုံးပါမည်။  စီမံကိန်းညှိနှိုင်းသူက သင်တန်းကို ဖြစ်မြောက်အောင် ဦးဆောင်ရမည် ဖြစ်သော်လည်း၊ ရေးကြီးဆုံးအချက်မှာ – သင်တန်းကိုယ်တိုင်၌က မေးမြန်းမှု တွင် ပါဝင်ဆောင်ရွက်သောသူများနှင့် စီမံကိန်းကို စီမံခန့်ခွဲသူများအတူပူးပေါင်း၍ စူးစမ်းရှာဖွေသော သဘောဆောင်ပါသည်။

## သင်တန်း၏ရည်ရွယ်ချက်များ

အသံဖမ်းမှတ်တမ်းတင်ခြင်း၊ ကွင်းဆင်းလေ့လာခြင်းတို့ကိုမပြုမီ၊ ပါဝင်ဆောင်ရွက်သူတိုင်း သင်တန်းကာလအတိုင်းအတာတစ်ခုအထိ သင်ကြားပို့ချမှုကို ခံယူရန် လိုအပ်သည်။ အဓိက ရည်ရွယ်ချက်မှာ –

- စီမံကိန်း၏ ရည်ရွယ်ချက်နှင့် ပန်းတိုင်ကို ဆွေးနွေးရန်
- စူးစမ်းရှာဖွေဖော်ထုတ်ပြီး အကြောင်းအရာကို ဆွေးနွေး၍ မေးခွန်းများပြု စုရန်
- မေးမြန်းသူများကို လေ့ကျင့်သင်ကြားပေးရန်နှင့် မေးမြန်းသည့်အခွင့်အရေး ဖန်တီးပေးရန်
- စီမံကိန်းများကို အချောကိုင်ရန်

## မည်သူတို့ပါဝင်ဆောင်ရွက်သင့်သနည်း

(၁) စီမံကိန်းညှိနှိုင်းသူ နှင့် စီမံကိန်းတွင် ပါဝင်သောအခြားအဖွဲ့အစည်းများမှ သင့်လျော်သော ပုဂ္ဂိုလ်များ
(၂) လူတွေ့ မေးမြန်းမှုပြုလုပ်သော အဖွဲ့
(၃) မေးမြန်းမှုလုပ်ရာတွင် အသံဖမ်းမှတ်တမ်းတင်သော လုပ်ငန်းနှင့်ရင်းနှီးသူ သို့မဟုတ် ဤသင်တန်းလက်စွဲစာအုပ်ကို ဖတ်ရှုလေ့လာပြီး ဤလက်စွဲစာအုပ်ပါ အကြံဉာဏ် အကြောင်းအရာများနှင့် ရင်းနှီးကျွမ်းဝင်သူ
(၄) စီမံကိန်းစုဆောင်းခြင်း၏ အဓိကဦးတည်ရာဖြစ်သော ဒေသခံလူထု အဖွဲ့အစည်းအကြောင်းအရာများ နှင့်ပတ်သက်၍ အထူးသိကျွမ်းနားလည်သူအားလုံး
(၅) ပြောပြသူများ၏ ရပ်ရွာမှ ကိုယ်စားလှယ်များ

## သင်တန်းအစီအစဉ်အကြမ်း

**(၁) စီမံကိန်း၏ ရည်ရွယ်ချက်များကို အားလုံးက တူညီစွာသဘောပေါက် နားလည်ရန်ဆောင်ရွက်ပါ။**

ပါဝင်ဆောင်ရွက်သူအားလုံးက စီမံကိန်း၏ ရည်ရွယ်ချက်ကို နားလည်၍ မည်သည့်အရာကို ရရှိအောင်ဆောင်ရွက်ရမည်ကို သဘောပေါက်လာစေရန် အားထုတ်ပါ။

**(၂) စူးစမ်းရှာဖွေဖော်ထုတ်ရမည့်ခေါင်းစဉ်ကိုဆွေးနွေးပါ**

မေးမြန်းသူများအနေဖြင့် ဆောင်ရွက်မည့်ကိစ္စ၏ အကြောင်းကို မှန်ကန်စွာ သိရှိထားရန် အားထုတ်ပါ။ ဒေသခံကိုယ်စားလှယ်များနှင့် သီးခြားတတ်ကျွမ်းသူပညာရှင်များအား သူတို့၏ ဒေသခံအသိပညာအတတ်ပညာနှင့် သူတို့၏ အတွေ့အကြုံကို ပိုအသုံးပြုရန်လည်းကောင်း၊ မည်သည့်အကြောင်းအရာသည် အရေးယူဆွေး နွေးရန်အတွက် သင့်လျော်ကြောင်း ရွေးချယ်ရန်လည်းကောင်း တိုက်တွန်းအားပေးပါ၊ တင်ပြလာသော ခေါင်းစဉ်များကို စာရင်းရေးချပါ။ တွေ့ဆုံမေးမြန်းခံရမည့်သူများ၏ အသိုင်းအဝိုင်းအကြောင်း ဆွေးနွေးပါ၊ ဤသင်တန်း ဒုတိယပိုင်း၏ အဆုံးတွင် မေးမြန်းသူအားလုံး၏ လက်တွင် မေးခွန်းမေးမည့် အကြောင်းအရာများနှင့် ပတ်သက်သော ခေါင်းစဉ်စာရင်းကို ရရှိထားပြီး၊ ထိုစာရင်းသည် စီမံကိန်းအတွက် လိုအပ်သော သတင်းများကို ရရှိစေလိမ့်မည်။ အောက်တွင်ဖော်ပြထားသော နမူနာခေါင်းစဉ်စာရင်းသည် အာဖရိကတောင်ပိုင်း လီဆိုသို နိုင်ငံ တောင်တန်းဒေသတွင် ပြန်လည်နေရာချထားသော လူနေရပ်ကွက်မှ သက်သေခံချက်များကို စုဆောင်းသော စီမံကိန်းအတွက် ခေါင်းစဉ်စာရင်းဖြစ်သည်။ ထိုစီမံကိန်းသည် ရွာသားများ၏ အသက်ရှင်မှုကို ဖော်ထုတ်လို၍ (မကြာမီပြောင်းရွှေ့လျှင်

ရွာသား၏လူနေမှုလည်း ပြောင်းသွားမည်) ပြောင်းရွှေ့နေထိုင်ခိုင်းခြင်းကို ရွာသားများက ညှိနှိုင်းဈေးဆစ်သော အတွေ့အကြုံကို တင်ပြရန်ဖြစ်သည်။

(၃) လူတွေ့မေးမြန်းနည်း – မေးခွန်းများ

ခေါင်းစဉ်စာရင်း၏ ရည်ရွယ်ချက်ကို မေးမြန်းသူများ နားလည်သဘောပေါက်ရန် အားထုတ်ပါ။ ၎င်း ခေါင်းစဉ်စာရင်းသည် ဆွေးနွေးခန်းအတွက်လမ်းညွှန်မှု ပေးခြင်းဖြစ်၍ တင်းကျပ်စွာ လိုက်နာရန် မဟုတ်ပါ။ မေးမြန်းသူများအနေဖြင့် မည်သည့်ကိစ္စကို မည်သည့်အချိန်တွင် ဆောင်ရွက်၍ မည်သည့် အချက်ကို ချန်လှပ်ရမည်ဆိုသည်ကို မိမိတို့ဘာသာဆုံးဖြတ်နိုင်စေရမည်။ ပြောပြသူအားလုံးနှင့် ခေါင်းစဉ်အားလုံး ဆွေးနွေးရန် မဖြစ်နိုင်ပါ။ ပြောပြသူအများစုသည် အချို့သော အကြောင်းအရာ အဖြစ်အပျက်များအကြောင်း ပိုမိုသိရှိပြီး ပိုမိုစိတ်ဝင်စားကြပါမည်။ အရေးကြီးသည်မှာ စုဆောင်းရရှိသမျှ အချက် အလက်များသည် ရွေးချယ်ထားသော အကြောင်းအရာ ခေါင်းစဉ်နှင့်ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့်ခြုံငုံမိရန်ဖြစ်သည်။

---

**လီဆိုသိုနိုင်ငံ နှုတ်ထွက်သက်သေခံချက် စုဆောင်းခြင်း – လူတွေ့မေးမြန်းရန် ခေါင်းစဉ်များ**

<u>မိသားစု</u>

– မိသားစုသမိုင်းရာဇဝင် မိဘများ၊ ခင်ပွန်း၊ ဇနီး
– သားသမီးဦးရေ – သူတို့ဘယ်မှာနေ၍ဘာလုပ်ကြသနည်း။
– ညီအစ်ကိုမောင်နှမဦးရေ – သူတို့ဘယ်မှာနေကြသနည်း။

<u>ရွာပြင်ပ အဆက်အသွယ်</u>

– အခြားမြို့ – ရွာများသို့သွားရခြင်းအကြောင်းရင်း၊ ယခုနှင့်ယခင် မြို့တွင်နေထိုင်ခဲ့ဖူးသော အတွေ့အကြုံရှိလျှင် မည်သို့ဖြစ်သနည်း။
–မြေပြန့်တွင်နေထိုင်သူများနှင့် သူတို့ဘဝကို သင်အဘယ်သို့ရှုမြင်သနည်း။

<u>မိသားစုနှင့် လူမှုဆက်ဆံရေးဘဝ</u>

– ကျန်းမာရေးလုပ်ငန်းများ – ခေတ်မီကုထုံး၊ ရိုးရာကုထုံး၊ တိုင်းရင်းဆေးအသုံးပြုခြင်း
– ရောဂါများ – ပြောင်းလဲမှုရှိသလား။ ပြောင်းလဲမှုကို သူတို့သတိပြုမိကြသလား။
– မိတ်သဟာယ – အမျိုးသားကဏ္ဍနှင့် အမျိုးသမီးမျိုးဆက်များကြားဆက်ဆံမှု၊ သက်ကြီးရွယ်အိုများ၏ အခန်း ကဏ္ဍ
– အိမ်ထောင်ပြုခြင်း – ပြောင်းလဲခြင်းရှိ/မရှိ၊ မင်္ဂလာဆောင်လက်ထပ်ပွဲ၊ လင်မယားဆက်ဆံမှု။

<u>အစားအသောက်နှင့်အဖျော်ယမကာ</u>

– ဓာတ်စာပြောင်းလဲသလား။ အရက်၏အကျိုးသက်ရောက်မှု

<u>ကျောင်းနေခြင်းနှင့် ရိုးရာပညာသင်ကြားနည်း</u>

– ကျောင်းနေခြင်းသမိုင်းစဉ်
– လူပုဂ္ဂိုလ်တစ်ဦးအပေါ်၌ ကျောင်းနေခြင်း၏အကျိုးသက်ရောက်မှုကား အဘယ်နည်း။ အုပ်စုအသိုင်းအဝိုင်းအပေါ် မည်ကဲ့သို့အကျိုးသက်ရောက်သနည်း။
– တောင်ပေါ်သားများအတွက် မည်ကဲ့သို့သော ကျောင်းပညာရေးကို လိုအပ်သနည်း။
– သင်၏ဘဝတွင် အရေးကြီးသော ပုဂ္ဂိုလ်ရှိခဲ့ဖူးသလား။ အရာရာတိုင်း၏ တန်ဖိုးအကြောင်း သင့်ကိုမည်သူသင် ကြားသနည်း။

## ယဉ်ကျေးမှုလှုပ်ရှားချက်များ

– ကလေးများ၏သီချင်းနှင့်ပုံပြင်များ
– သီချင်းများ – သမိုင်းဆိုင်ရာသီချင်းများ၊ ဂုဏ်တော်ချီးမွမ်းသောသီချင်းများ၊ ဆုတောင်းသီချင်းများ၊ မိုးရွာစေ ရန် ဆုတောင်းခြင်းနှင့် ဘာသာရေးပူဇော်ပွဲများ ပြောင်းရွှေ့နေရာချထားခြင်းဆိုင်ရာသီချင်းရှိသလား။ အကတေး၊ ဂီတ၊ ရက်ထူးရက်မြတ်အတွက်အမျိုးသမီးများ၏အကများ၊
– ပွဲလမ်းသဘင်များ၊ ဘာသာရေးပွဲများ၊ အသုဘများ
– အလုပ်မလုပ်သောအချိန် လှုပ်ရှားဆောင်ရွက်မှုများ
– ယောက်ကျားကလေးနှင့် မိန်းကလေးများလူပျိုအပျိုဘောင်သွင်းခြင်း – အတိတ်ကာလနှင့် ကွာခြားချက် –ယခု အရွယ်ရောက်ပြီးယောက်ကျားနှင့် မိန်းမဖြစ်ခြင်းသည် မည်ကဲ့သို့သော အဓိပ္ပါယ်ရှိသနည်း။

## တောင်တန်းများ

– သူတို့နေထိုင်သောနေရာအကြောင်း သမိုင်းပုံပြင်နှင့်တောင်များအကြောင်း သမိုင်းပုံပြင်၊
– နွားကျောင်းသား – သိုးကျောင်းသားဘဝ – တိရစ္ဆာန်ထိန်းကျောင်းသောဘဝကို အမှတ်တရ –တိရစ္ဆာန် ကျောင်းခြင်း ဆိုင်ရာ သီချင်းနှင့်သမိုင်းပုံပြင်များ၊
– တောင်နှင့်ပတ်သက်၍ သူတို့နှစ်သက်သောအရာကား အဘယ်နည်း – သူတို့ပြောင်းရွှေ့နေထိုင်လျှင် ဘာကို အောက်မေ့သတိရ လွမ်းဆွတ်ကြမည်နည်း၊
– တောင်ပေါ်နေသော တိရစ္ဆာန်များ – မှတ်မိစရာများ၊ ပုံပြင်များ၊ အပြောင်းအလဲများ၊
လမ်းများ – လမ်း၏အကျိုးသက်ရောက်မှု – လမ်းမရှိလျှင် သူတို့မည်ကဲ့သို့ ခရီးသွားမည်နည်း၊

## ကိုယ်ရေးကိုယ်တာသမိုင်းများနှင့်ဖြစ်ရပ်ဇာတ်လမ်းများ

– သူတို့သည် ဤနေရာတွင် အမြဲနေထိုင်ခဲ့ကြသလား။ သင် အနှစ်သက်ဆုံး သို့မဟုတ် သတိအရဆုံးမှာ မည် သည့်အရာဖြစ်သနည်း။

## ကျေးရွာ

– အထူးနေရာများ – သန့်ရှင်းမြင့်မြတ်သော ဘုရားကျောင်းကန်၊ တန်ခိုးကြီးနေရာများ၊ လူတစ်ဦးချင်းအတွက် အရေးကြီးသောနေရာများ
– သုဿန်နှင့်သင်္ချိုင်းဂူများ
– လူမှုရေးအဖွဲ့အစည်းများနှင့် ဆက်သွယ်ရေးကွန်ယက်များ
– ကျေးရွာ၏သမိုင်း – အခြားရွာများနှင့်ဆက်ဆံမှု
– ကျေးရွာတွင် သတင်းများကို မည်သည့်နည်းဖြင့် ရရှိသနည်း။

## လူမှုရေးတရားမျှတမှု – ရာဇဝတ်မှု

– ကျေးရွာတွင်း၌ရာဇဝတ်မှုပေါ်သလား။ ပြောင်းလဲမှုရှိသလား။
– အငြင်းပွားမှုကို မည်ကဲ့သို့ဖြေရှင်းကြသနည်း။ ပြောင်းလဲမှုရှိသလား။

## အကြီးအကဲစော်ဘွားများနှင့် အခြားအုပ်ချုပ်သူအာဏာပိုင်များ

– သင့်ကိုအုပ်ချုပ်သော စော်ဘွားများ – သင့်အတွက် စော်ဘွားဆိုသည်မှာ မည်သည့် အဓိပ္ပါယ် သက်ရောက် သနည်း။

အခြားအုပ်ချုပ်သူ အာဏာပိုင်များနှင့် သင်၏ကြားဆက်ဆံမှုမည်သို့ရှိသနည်း။

ကျေးရွာဖွံ့ဖြိုးရေးကော်မီတီနှင့် သင်၏အကြားဆက်ဆံမှုကား မည်သို့ရှိသနည်း။

**အသက်မွေးဝမ်းကျောင်းမှု**

– သင်မည်ကဲ့သို့အသက်မွေးနေထိုင် စားသောက်သနည်း။
– ယခင်က သင်မည်ကဲ့သို့ နေထိုင်စားသောက်သနည်း။
– သင်ကိုယ်တိုင် မပြုလုပ်နိုင် မစိုက်ပျိုး၊ မထုတ်လုပ်နိုင်သောကြောင့် ရသောအရာကားအဘယ်နည်း။
– တောင်ပေါ်မှ မည်သည့်အရာများကို ရှာဖွေစုဆောင်းရရှိသနည်း။(ဥပမာ–သစ်သီးဝလံ၊ဆေးမြစ်ဆေးရွက်များ)
– နေရာသစ်တွင် အလားတူဖြစ်မည်လား။

စိုက်ပျိုးရေးနှင့် မွေးမြူရေး တိရစ္ဆာန်များ။

–ဆန်စပါး၊ ပြောင်း၊ ဟင်းသီးဟင်းရွက် ယခင်နှင့် ယခုကာလ။ ယခင်နှင့် ယခုကာလ သင်၏ ခြံထွက်ပစ္စည်း ဈေးကွက်။
–ဆေးခြောက်စိုက်ပျိုးခြင်း အစားထိုးသီးနှံအတွက် လျော်ကြေးငွေပြသနာ၊
–တိရစ္ဆာန် ပိုင်ဆိုင်ခြင်းသည် ပိုင်ဆိုင်ခြင်းသည် ဥစ္စာကြွယ်ဝခြင်း၊ လက်ဆောင်၊ လူ့အဆင့်အတန်းနှင့်လုံခြုံမှု ဖြစ်ခြင်း။
– အိမ်မွေးတိရစ္ဆာန်များ စီမံခန့်ခွဲခြင်း၊ သားဖောက်မျိုးစပ်ခြင်း၊

**မြေယာ**

– မြေယာကိစ္စ
–မြေယာသည် လူများအတွက် အရေးကြီးခြင်း – မြေယာနှင့်ပတ်သက်သော သဘောထားများ
– ပြောင်းလဲမှု ရှိသလား၊
– မြေအသုံးပြုနည်းအမျိုးမျိုး စိုက်ပျိုးခြင်း
– တိရစ္ဆာန်စားကျက်အဖြစ်သုံးခြင်း၊ စုပေါင်းစားကျက်အဖြစ်သုံးခြင်း၊
  စုပေါင်းစားကျက်မြေ သတ်မှတ်ခြင်း
– စားကျက်မြေကို စီမံခန့်ခွဲခြင်း
– စားကျက်မြေဆိုင်ရာအဖွဲ့ အစည်းများ
– တိရစ္ဆာန်ထိန်းကျောင်းသောစားကျက်မြေအခွန်

**ပြန်လည်နေရာချထားခြင်း**

- ရေစီမံကိန်း၏ အကျိုးသက်ရောက်မှု – အသက်မွေးလုပ်ငန်းများ၊ လမ်းများဖောက်လုပ်ခြင်း
- သင်သည်မည်သည့်နေရာသို့ ပြောင်းရွှေ့နေထိုင်ရန် ရွေးချယ်သနည်း။ ထိုနေရာတွင် အသက်ရှင်နေထိုင်ရေး အတွက် မည်သည့်အရာကို သင်မျှော်လင့်သနည်း။
- မည်သို့သော ဂရုဏာကြေးကို ရယူရန် သင်ရွေးချယ်သနည်း။ မည်သို့ရွေးချယ်သနည်း။
- မတူညီသော ဂရုဏာကြေးနှင့်ပတ်သက်၍ သင်မည်ကဲ့သို့ ခံစားသနည်း။
- ဂရုဏာကြေးငွေကိုသင်ရယူလျှင် ထိုငွေကိုမည်သို့အသုံးပြုရန် စီစဉ်မည်နည်း။
- အပြောင်းအလဲအတွက် သင့်ကိုယ်သင် မည်ကဲ့သို့ပြင်ဆင်သနည်း။
- ဂရုဏာကြေးရယူသော ရပ်ရွာလူထုအသိုင်းအဝိုင်းနှင့်သင်၏ အကြားဆက်ဆံမှုကား မည်သို့နည်း။
- ဂရုဏာကြေး ရရှိရေးအတွက် ဈေးဆစ်ညှိနိုင်းရာတွင် သင်မည်သို့တွေ့ကြုံရသနည်း။
- အမျိုးသမီးနှင့် အမျိုးသားများအကြား အကျိုးခံစားမှု ကွာခြားချက်ရှိသလား။
  သင်နှင့်အတူ မည်သူ့ကိုရွှေ့ပြောင်းနေထိုင်ရန် ရွေးချယ်သနည်း။

- အုပ်ချုပ်သူစော်ဘွားအသစ်၏ တရားစီရင်မှုအောက်တွင် သင်မည်ကဲ့သို့ ခံစားသနည်း။
- သင်ရရှိမည့် အိမ်အသစ်နှင့် ပတ်သက်၍မည်ကဲ့သို့ ခံစားရသနည်း။

ခေါင်းစဉ်စာရင်းယူခြင်းကို အစပိုင်းအဖြစ် ဆောင်ရွက်ပြီး ခေါင်းစဉ်အချို့ကို ရွေးချယ်၍ လူများ ပြောဆိုသောခေါင်းစဉ်နှင့် ပတ်သက်သည့် မေးခွန်းများကို မေးပါ။ မြန်မာနိုင်ငံမှ မေးမြန်းသူများ တွေ့ကြုံရမည့် အခက်အခဲတစ်ခုမှာ–သူတို့သည် ဤမေးမြန်းမှုမျိုးနှင့် မရင်းနှီး၍ ခေါင်းစဉ်စာရင်းကို တင်းကျပ်သော မေးခွန်းအတွဲများ အဖြစ် မှတ်ယူတတ်ခြင်းဖြစ်သည်။ လူများကို မေးမြန်းသူများက ဦးဆောင်၍ အတတ်နိုင်ဆုံး ပွင့်ပွင့်လင်းလင်း မိမိကိုယ်ကို ယုံကြည်စိတ်ချစွာ ပြောဆိုဆွေးနွေးကြရန် အရေးကြီးကြောင်း မေးမြန်းသူများ သိအောင်လုပ်ရမည်။ မေးမြန်းသူများသည် တာဝန်တစ်ခုဖြင့် လာရောက်၍ မေးခွန်း အဖြေများမှတ်ယူရန်မဟုတ်ပဲ လူထုပြောလိုသော အကြောင်းအရာများကို နားထောင်သည့် နားများအဖြစ် မိမိ ကိုယ်ကိုမြင်ရန် အားပေးပါ၊ အချို့သော သူများသည် ယခုမှ တွေ့ရသော ပုဂ္ဂိုလ်များကို ဆွေးနွေးပြောဆိုရန်၊ နောက်ဆက်တွဲ မေးခွန်းများ ဖြေဆိုရန် အခက်အခဲ တွေ့တတ်ကြသည်။ ဤသို့သောအခြေအနေ မျိုးတွင် အသံဖမ်းမှတ်တင်ခြင်း မပြုလုပ်မီ မေးမြန်းသူ နှင့် ပြောပြသူကြားတွင် သင့်တန်းနည်းလမ်းများ ဆွေးနွေးစဉ်နှင့် ရင်းနှီးမှုကို တည်ဆောက်ရန်လိုပါမည်။

ဒေသခံလူထုအကြား ၊ ပဏာမ မိတ်ဆက်ခြင်း ၊ မိတ်ဖွဲ့ခြင်း အလေ့အထများကို ဆွေးနွေး၍ မိမိကိုယ်ကို မိတ်ဆက်နည်း၊ အကြောင်းအရာများနှင့် မေးခွန်းများ ရွေးချယ်နည်း၊ စကားဝိုင်းကို ဖန်တီးနည်း တို့ကို ဆွေးနွေးပါ။ မြန်မာနိုင်ငံရှိ တိုင်းရင်းသား လူမျိုးစုငယ်များစွာတွင် ရှုပ်ထွေးသော မိသားစုတော်စပ်မှုဓလေ့ရှိကြရာ သူတို့၏ မိသားစုနောက်ခံတွင် ထိုအတိုင်း ဖွဲ့စည်းထားကြသည်။ အချင်းချင်း မိတ်ဆက်သောအခါ ထိုနောက်ကြောင်းကို ဖော်ထုတ်ကြသည်။ ရင်းနှီးမှုကို ရယူရန် မည်ကဲ့သို့လိုက်နာရမည်ကို ဆွေးနွေးပါ။ သို့ရာတွင် ဤသို့ပြုရန် အဆင့်အတန်းအလိုက်ဆက်ဆံမှု ပါဝင်ကြောင်းသတိပြုရမည်။ မေးခွန်းများကို ယဉ်ကျေးမှုလေ့နှင့် ကိုက်ညီစွာ မေးမြန်းအသုံး ပြုသင့်သည်။ ဟုတ် /မဟုတ် ဟူသော အဖြေမျိုးရရှိစေမည့် မေးခွန်းများသည် အကျိုးမဖြစ်ထွန်းပါ။

ရှင်းလင်းမှု၊ ထင်မြင်ယူဆချက်၊ တုန့်ပြန်မှု၊ အမြင်အားသုံးသပ်ရှုမြင်မှု၊ ခွဲခြမ်းစိတ်ဖြာမှု၊ မှတ်သားစရာ ပုံတိုပတ်စ များကို ရရှိစေမည့် မေးခွန်းမျိုးကို ပိုမိုလိုလားသင့်သည်။ရပ်ရွာလူထုအတွင်း မေးခွန်းမေးရာတွင် မည်သည့်ယဉ်ကျေးမှုစံထားချက်များရှိပြီး၊ ဤယဉ်ကျေးမှုစံထားချက် များသည် မေးမြန်းသူနှင့် ပြောပြသူကြားတွင် စည်းခြားနေခြင်းကို ဖြိုခွဲရန် မည်ကဲ့သို့ အထောက်အကူ ပြုနေသနည်း။ မေးမြန်းသူများသည် ဒေသခံလူထုနှင့် ပြောဆိုဆက်ဆံရာတွင် ယဉ်ကျေးမှုစံနှင့် အညီ လိုက်နာကျင့်သုံးရမည်။ သတင်းအချက်အလက် ရယူလို၍ မေးခွန်းမေးပါက ကျူးကျော်ခြင်း၊ အခြားသူများကခြိမ်းခြောက်ခြင်းအဖြစ် ရောက်ရှိသွားနိုင်သည်။ ဥပမာ – အချို့ယဉ်ကျေးမှုတွင်“သားသမီး ဘယ်နှစ်ယောက်ရှိပြီလဲ။” ဟူသော မေးခွန်းသည် သာမန် မေးလေ့မေးထရှိသော မေးခွန်းမျိုးဖြစ် သော်လည်း အချို့သောယဉ်ကျေးမှုတွင် အမေးခံရသူကို စော်ကားရာ ရောက်တတ်သည်။

အာဖရိကရှိ Sahel ဒေသတွင် သက်ကြီးသူလူပေါင်း ၅၀၀ ခန့်ကို ပြောဆိုဆွေးနွေး၍ အသံသွင်းမှတ်တမ်း တင်ခဲ့ကြသော စီမံကိန်းတစ်ခု၏ မေးမြန်းသူများအတွေ့အကြုံအရ အဆိုပါ မေးခွန်းမျိုးကို သူစိမ်းတစ်ဦး အား မေးမြန်းခြင်းသည် မိမိတို့ကလေးကို ဘုရားသခင်က ခေါ်ဆောင်သွားရန် ဘုရားကို ဖိတ်ခေါ်ရာ ရောက်သည်ဟု သိရသည်။ မိသားစု သမိုင်းအကြောင်းအချက်အလက်များ ရယူရန် အခြားနည်းလမ်းကို အသုံးပြုခဲ့ကြရသည်။

လူများပြောဆိုသည်ကို နားထောင်လျှင် ကျွန်ုပ်တို့ ကိုယ်တိုင်ပါဝင်ပတ်သက်နေပြီး သူတို့ပြောနေသော အရာများအပေါ်တွင် ရံဖန်ရံခါ အာမေဋိတ်သံပြုခြင်းဖြင့်ဖြစ်စေ၊ ဟုတ်ကဲ့ဟု အတည်ပြုလက်ခံခြင်းဖြင့်ဖြစ်စေ၊ မျက်နှာအမူအရာအားဖြင့်ဖြစ်စေ တုံ့ပြန်လျက်ရှိသည်။ စကားပြောနေသူကို သူမျှော်လင့်သလို သူတို့၏ ယဉ်ကျေးမှုအရ တုံ့ပြန်မှုမပြုလျှင် သူ့ကို ကန့်ကွက်နေသည်ဟု ခံစားပြီး၊ နှစ်ဦးနှစ်ဖက်ကြားတွင် တင်းမာမှု ဖြစ်ပေါ်စေတတ်သည်။ ပြောပြသူကို ရှေ့သို့တိုးစေလိုလျှင် စာရွက်ပေါ်ရှိ မေးခွန်းများကို အမှန် ရေးခြစ်နေရုံနှင့်မပြီး။ နားထောင်ခြင်းသည်လည်း ပြောကြားခြင်း၏ အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း၊ နားထောင်သူက သဘောပေါက်ရ မည်။ အချက်အလက်များကို ရေးသားမှတ်တမ်းတင်ခြင်းနှင့် ဆောင်ရွက်ချက်များကို ရေးမှတ်ခြင်းထက်

ထိုသို့ပြုခြင်းသည် လူထုအတွက် မည်သည့်အဓိပ္ပါယ်ရှိကြောင်းကို အာရုံစိုက်ရန်လိုကြောင်း မေးမြန်းသူများကို သတိပေးပါ။

ယေဘုယျ မေးခွန်းမျိုးထက် ပြောပြသူ၏ အတွေ့အကြုံပေါ် အခြေခံသဘောအဖြေများ ရရှိရန်မေးသည့် မေးခွန်းမျိုးကပို၍ အောင်မြင်တတ်ကြောင်း ဂရုပြုပါ။ အလားတူ သင့်အနေဖြင့် ပိုမိုကျယ်ပြန့်သော ထိုခေါင်းစဉ်ကို တင်ပြလိုလျှင် ထိုခေါင်းစဉ်၏ ပိုမိုတိကျပြတ်သားသော အစိတ်အပိုင်းကို သတ်သတ်မှတ်မှတ် အာရုံစိုက်ပါ၊ လူများကို သူတို့၏ ပြုမူဆောင်ရွက်ချက်များ၊ ခံစားချက်များ တုန့်ပြန်ချက်များနှင့် သူတို့၏ အတွေ့အကြုံများကို မေးလျှင် ပိုမိုတိကျသော အသေးစိတ် စိတ်ဝင်စားစရာကောင်းသည့် သတင်းအချက်အလက်ကို ရရှိနိုင်သည်၊ ထိုသို့မပြုလျှင်၊ သင်သည် အဖြစ်မှန်ကို မဖော်ပြနိုင်သော အပေါ်ယံ သဘောတရားအဖြေမျိုးကိုသာ ရရှိလိမ့်မည်။ “ဤဒေသတွင် ငွေ သို့မဟုတ် ကျောက်စိမ်းကို မည်သည့်နည်းဖြင့် တူးဖော်ရရှိသနည်း။” ဟူသော မေးခွန်းမျိုး သာသာမန်ယေဘုယျ အဖြေမျိုးကိုသာ ရရှိစေလိမ့်မည်ဖြစ်၍၊ အဖြေများအားလုံး အတူတူပင် သံသယ ဖြစ်ကြလိမ့်မည်။ ထိုလုပ်ငန်းကြောင့် ဖြစ်ပေါ်သော အကျိုးဆက်ကို ပြောပြသူကိုယ်တိုင် ခံစားချက်နှင့် သူ၏ မိသားစုဝင်များ၏ ခံစားချက်များကိုမေးသည့် မေးခွန်းများသည် ပိုမိုအသေးစိတ်အဖြေကို ရရှိစေပြီး ပိုမိုကျယ်ပြန့်သော ထင်မြင်ယူဆချက်ကို ဖော်ထုတ်စေနိုင်လိမ့်မည်။

## (၄) လူတွေ့မေးမြန်းနည်း (လက်တွေ့ပိုင်း)

လူတွေ့မေးမြန်းခြင်း ပြုလုပ်ရာတွင် လိုအပ်သော လက်တွေ့လုပ်ဆောင်ချက် အချို့ကို ဆွေးနွေးပါ။ ကရိယာတန်ဆာပလာများ၊ ခရီးထွက်ခြင်း စီစဉ်ဆောင်ရွက်ခြင်းနှင့် ပေါ်ထွက်လာမည့် ကိစ္စနှင့်ပြဿနာများ အကြောင်း ဆွေးနွေးပါ။

မေးမြန်းသူများကို အသုံးပြုမည့် ကရိယာများနှင့် သိကျွမ်းရင်းနှီးအောင် ဆောင်ရွက်ပါ၊ မေးမြန်းသူများကို လူတွေ့မေးမြန်းခြင်းလုပ်ငန်းနှင့် ရင်းနှီးကျွမ်းဝင်စေရန် အကောင်းဆုံးပြုလုပ်နည်းဖြစ်သည်။ သရုပ်ပြအစီအစဉ်တွင် သူတို့ကို ပါဝင်စေခြင်းဖြစ်သည်။ ဤသို့ပြုခြင်းသည် ပျော်ရွှင်စရာလည်းကောင်း၍ မေးမြန်းသူအဖွဲ့တွင် ပူးပေါင်းပါဝင်လုပ်ဆောင်ခြင်းကို ဖန်တီးပေးသော နည်းကောင်းတစ်ခုဖြစ်သည်။ ဤသို့ဖြင့် သူတို့ကိုယ်တိုင် မေးမြန်းခံရသူအဖြစ် အတွေ့အကြုံရရှိသောအခါ၊ အသံဖမ်းခွက်တဖက်မှ မေးမြန်းနေသူအနေနှင့် မည်သို့ဖြစ်မည်ကို သိမြင်လာကြလိမ့်မည်။

## သရုပ်ဆောင်ပြခြင်း

သရုပ်ဆောင်ပြခြင်းကစားနည်းသည် ရေပန်းစားသော လေ့ကျင့်သင်ကြားနည်းတစ်မျိုးဖြစ်၍ အလွန်လွယ်ကူသော ကစားနည်းဖြစ်သည်၊ သက်တောင့်သက်သာ အခြေအနေမျိုး ဖြစ်အောင် ဖန်တီးပါ။ တမင်ဖန်တီးယူရသော အခြေအနေမျိုး ဖြစ်သည်။ သရုပ်ဆောင်ပြခြင်းမှ သင်ယူရမည့် သင်ခန်းစာများအကြောင်းကို ဆွေးနွေးရန် လုံလောက်သောအချိန်ပေးပါ။ အချိန်မိနစ် အနည်းငယ်သာကျန်ရှိတော့လျှင် သရုပ်ဆောင်ပြခြင်းကို မလုပ်ပါနှင့်။

သရုပ်ဆောင်ပြခြင်း Role play လုပ်နည်းမှာ ရိုးရိုးလေးဖြစ်ပါသည်။ သို့ရာတွင် ညွှန်ကြားချက် ရှုပ်ထွေးပါက သရုပ်ဆောင်ပြခြင်း၏ အကျိုးရလာဒ်သည် ပုံပျက်ပန်းပျက် ဖြစ်ပါလိမ့်မည်။ ဉပမာ – လူတယောက်သည် သူ၏ အဖော်က သရုပ်ဆောင်ရမည့် role play ကတ်ပြားတွင် ရေးထားသောအရာကို မသိလျှင် အကောင်းဆုံးဖြစ်သည်။ အချို့သောသူများသည် role play လုပ်ရာတွင်၊ အထူးသဖြင့် အစပိုင်း၌ ကသိကအောက် ရှိန့်တိန့်ရှိန့်တွံ့ ဖြစ်တတ်ကြသည်။ သူတို့အနေ ဖြင့် ပထမအကြိမ် အခြားသူများနှင့်အတူထိုင်၍ အခြားသူများ role play လုပ်နေစဉ် စောင့်ကြည့်ပြီး သူတို့ ကိုယ်ကို ယုံကြည်မှု ရှိလာသောအခါ ပါဝင်လုပ်ဆောင်ကြပါစေ။

Role play လုပ်ရန် သတ္တိအရှိဆုံး သူကို သင်တန်းသား အားလုံးရှေ့တွင် အရင် သရုပ်ပြခိုင်းလျှင် ပိုကောင်း ပါလိမ့်မည်။

အခြေခံ နည်းစနစ်များ

- ♦ နှစ်ယောက်တတွဲ အဖွဲ့ ခွဲပါ၊ မကိန်းဖြစ်နေလျှင် မစိုးရိမ်ပါနှင့်။ တလှည့်စီတွဲပေး၍ အတွဲ A နှင့် အတွဲ B ဟု သတ်မှတ်ပါ။ မေးမြန်းသူ ၁၀ ဦး ရှိလျှင် ကတ်ပြား ၅ ခုကို role A အတွက်၊ နောက်ကတ်ပြား ၅ ခုကို role B အတွက်ပေး၍၊ အတွဲတိုင်းတူညီသော role play လုပ်ခွင့်ပေးပါ။
- ♦ A role ကို ကဒ် A ပေးပြီး B role ကို ကတ် B ပေးပါ၊
- ♦ ကတ်ပြားဖြင့် ၂ မိနစ် ၃ မိနစ် လေ့ကျင့်ပေးပါ၊ ထို့နောက် ကတ်ပြားအသစ်များကို လဲလှယ်၍ လေ့ကျင့်ခိုင်းပါ၊ သို့ မဟုတ် ပေးထားသော ကတ်ပြားများကို လဲလှယ်ခိုင်းပါ၊
- ♦ အဖွဲ့ အနေနှင့် role play လုပ်ပြီးလျှင် အတူတကွ မည်သည့်သင်ခန်းစာကို သင်ယူ၍ role play အပေါ်အမြင်များကို ဆွေးနွေးခိုင်းပါ၊ ရည်ရွယ်ချက် သတ်မှတ်ထားပြီးဖြစ်ပါက (ပြဿနာအဖြေရှာရန် စသဖြင့်) ထိုပြဿနာ၏ အဖြေကို ဆွေးနွေးပါ၊ မည်သို့ သော အဖြေဖြစ်မည်ကို ဆွေးနွေးပါ။

<u>ပါဝင်သရုပ်ဆောင်ခြင်း နမူနာ ၁ – နားထောင်ခြင်း၏ အရေးကြီးပုံ</u>

မေးမြန်းသူတစ်ဦးကို Role A ကတ်ပြားပေး၍ Role B ကတ်ကို အခြားတယောက်အား ပေးပါ။ အချင်းချင်း ကတ်မပြကြရန် ပြောထားပါ။

| |
|---|
| **Role A-** သင်၏ ဘဝတွင် ဆိုးဆိုးရွားရွားပြဿနာ ရှိဟန်တူသည်။ သင်၏ ဇနီး၊ ခင်ပွန်းက သင့်ကိုစွန့်ခွါ ပစ်သွားခြင်း သို့မဟုတ် အလုပ်ပြုတ်ခြင်း၊ သို့မဟုတ် စီးပွါးရေး လုပ်ငန်းတွင် ငွေကြေးအားလုံး ဆုံးရှုံးသွားခြင်းဖြစ်မည်။ သင်၏အဖော်ကို ပြောပြ၍ သူတို့ထံမှ အကူအညီတောင်းခံပါ။ |

| |
|---|
| **Role B -** သင်၏ကတ်ပြားကို သင်၏အဖော်အား မပြပါနှင့်။ သင်၏အဖော်သည် သင့်ကို အလွန်အရေးကြီးသော အရာတစ်ခု ပြောပြလိမ့်မည်။ သူပြောပြသမျှကို စိတ်ဝင်စားကြောင်းမပြပါနှင့်။ သန်းပြပါ ။ မျက်စိမှိတ်ပါ ။ အိပ်ချင်ယောင်ဆောင်ပါ ။ သူကို မကြည့်ပါနှင့် ။ မျက်လုံးချင်းမဆုံအောင်နေပါ။ |

မိနစ်အနည်းငယ်အကြာ မေးမြန်းသူများ စိတ်၌ မည်ကဲ့သို့ ခံစားရကြောင်း ဆွေးနွေးပါ။ အထူးသဖြင့် Role -A- သရုပ်ဆောင်သူများက သူတို့ကို တုံ့ပြန်သည့် အချက်အပေါ် ခံစားချက်ကို ဆွေးနွေးပါ။
စိတ်ဝင်စားမှုမရှိသော နားထောင်သူအဖြစ် မေးမြန်းသူနှစ်ဖက်စလုံး သရုပ်ဆောင်နိုင်ရန် နေရာလဲ၍ ကတ်ပြားလွှဲပေးပါ။

| |
|---|
| **Role -A -** သင်၌ သင်၏သားသမီးနှင့်ပတ်သက်၍ ပြဿနာရှိသည်။ သူတို့သည် ကျောင်းပညာတွင် ညံ့ဖျင်း၍၊ သင်၏စိတ်၌ သူတို့ အပေါင်းအသင်းများ၏ မကောင်းသောအကျင့် လွှမ်းမိုးမည်ကို စိုးရိမ်သည်။ မူး ယစ်ဆေးဝါး သုံးစွဲတတ်လာမည်ကိုပင် စိုးရိမ်သည်။ သင်သည် သင်၏ မိတ်ဆွေများထံမှ အကြံဉာဏ်ကို အလွန်လိုအပ်နေသည်။ |

| |
|---|
| **Role - B -** သင်၏အဖော်ကို သင်၏ ကတ်ပြားမပြပါနှင့်။ သူတို့သည် သင့်ထံမှ အကြံဉာဏ်ကို တောင်းကြလိမ့်မည်။ သို့သော် သူတို့ကို သင်နားမထောင်လို။ စာတစောင်ကောက်ရေးပါ။ သို့မဟုတ် စာအုပ် တစ်အုပ် ကောက်ဖတ်ပါ။ သူတို့ကို အဖိုးတန်အကြံဉာဏ် မပေးပါနှင့်။ |

ယခင်ကအတိုင်း ထပ်လုပ်၍ သူများကို နားထောင်နေကြောင်း မည်သို့ဖော်ပြကြောင်းနှင့် သူတို့ပြောပြသော အရာကို စိတ်ဝင်စားကြောင်း မည်ကဲ့သို့ပြသနိုင်ပုံကို ထည့်ဆွေးနွေးပါ။ နားထောင်ခြင်း အပြုအမူအပေါ်နှင့် ၄င်းအပြုအမူသည် စကားပြောသော အပြုအမူအပေါ် မည်သို့အကျိုးသက်ရောက်ကြောင်းကို အာရုံစိုက်ပါ။

## နမူနာ Role Play 2 A - လူတွေ့ မေးမြန်းခြင်းနှင့် ပြောပြခြင်း

အောက်ပါအခြေအနေများအားလုံးသည် မေးမြန်းသူများကို မေးမြန်းမှုလုပ်သော အခြေအနေ အမျိုးမျိုး အကြောင်းစဉ်းစားရန် အခွင့်အလမ်း ဖွင့်ပေး၍ ၄င်းအခြေအနေများတွင် မည်ကဲ့သို့ကိုင်တွယ်ဖြေရှင်း မည်ဟူသော အခွင့်ကို ပေးထားသည်။ ယေဘူယျသဘောမှာ တစ်ဦးက မေးမြန်းသူလုပ်၍ အခြားတစ်ဦးက မေးမြန်းခံရသူ လုပ်ရန်ဖြစ်သည်။ မေးမြန်းမှုဆက်လုပ်နေရန် ရိုးရိုးအကြောင်းအရာ ခေါင်းစဉ်တစ်ခုရွေးပါ။ လူများကို မိမိတို့ပြောလိုရာ ခေါင်းစဉ်ရွေးနိုင်ကြောင်းပြောပြထားပါ။ အဖြစ်မှန် ဖြစ်ရန်မလို၊ သူတို့၏ မေးမြန်းမှုနည်းပညာကို လေ့ကျင့်ရန်အတွက်သာဖြစ်သည်။ အဖော်အချင်းချင်း မိမိတို့ ကတ်ပြားကို မပြကြရန် ကြိုပြော ထားပါ။ မကြာခဏနေရာချင်းလဲ၍ သရုပ်ဆောင်ခိုင်းပါ။

| |
|---|
| **Role A -** သင့်ကို မေးမြန်းမှုလုပ်နေသည်။ အတတ်နိုင်ဆုံး ပူးပေါင်းဆောင်ရွက်၍ ယဉ်ကျေးသိမ်မွေ့ မှုပြသပါ။ မေးခွန်းများကို အတတ်နိုင်ဆုံး ပြည့်ပြည့်စုံစုံ ဖြေပါ။ သင့်စိတ်ထဲ အဆင်ပြေသလောက် အချိန်ယူ ဖြေဆိုပါ။ |

| |
|---|
| **Role B -** သင်သည် မေးမြန်းသူတစ်ဦးဖြစ်သည်။ ပြောပြသူတို့ကို သူတို့ပြောပြနေသောအရာဆုံးအောင် ပြောခွင့်မပြုပါနှင့်။ ကြားဖြတ်၍ ပြောပါ။ သို့မဟုတ် အကြောင်းအရာ ခေါင်းစဉ်ကို ပြောင်းပေးပါ။ |

ဘီ အတွက် အပို role ကတ်ပြား – လူတိုင်း က မေးမြန်းသူ နှင့် ပြောပြသူ တလှည့်စီ လုပ်ခွင့်ရစေရန် သူတို့၏ role နေရာချင်း မကြာခဏ လဲခိုင်းပါ။

- ♦ အကင်းမပါးသော မေးမြန်းသူ သို့မဟုတ် ထောင့်မကျိုး အပေါ်စီး ဆက်ဆံသော မေးမြန်းသူ
- ♦ ရှုပ်ထွေး၍ ရှည်လျားသော မေးခွန်းများကို ဆက်တိုက် မေးသော မေးမြန်းသူ
- ♦ နောက်ဆက်တွဲ မေးခွန်းများကို မတွေးတောတတ်ဘဲ မေးခွန်းစာရင်းကိုသာ ရေးခြစ်မှတ်နေသော မေးမြန်းသူ

## နမူနာ Role play 2B

အထက်ပါ role play နှင့် ခြားနားသော role play အဖြစ် ပြောပြသူ အားအခက်အခဲများကို ဖန်တီးပေးပါ။

ဥပမာ –

| |
|---|
| **Role A-** သင်က မေးမြန်းသူ ဖြစ်သည်။ သင်သည် တစ်စုံတစ်ယောက်ကို သူတို့၏ ဘဝအကြောင်း မေးမြန်းမှုလုပ်ရန် ကြိုးစားနေသည်။ |

| |
|---|
| **Role -B -** သင်က ပြောပြသူဖြစ်သည်။ သင်သည် အလွန်စိတ်လှုပ်ရှားနေ၍ မေးခွန်း တိုင်းကို ''ဟုတ်ကဲ့'' ''မဟုတ်ဘူး'' ''မသိဘူး'' ဟုသာ ဖြေဆိုနိုင်သည်။ |

အခြားနည်းများ –

- ပြောပြသူက ဆိုလိုရင်းကိုမလိုက်။
- ပြောပြသူသည် မေးမြန်းသူကို အခွင့်ကောင်းယူ၍ သူတို့၏ အိမ်နီးချင်းကို ဝေဖန်သည်။

## ဆွေးနွေးစရာ တခြားဇာတ်ကွက်များ

အောက်ဖော်ပြပါ အခြေအနေများကို သင်၏ ရပ်ရွာပတ်ဝန်းကျင် အခြေအနေနှင့် ကိုက်ညီအောင် ပြင်ဆင် အသုံးပြုနိုင်သည်။ အချို့အခြေအနေများကို ၂ ယောက်တတွဲဖြစ်စေ၊ အဖွဲ့ငယ်များအနေနှင့်ဖြစ်စေ ဆွေးနွေးနိုင်ပြီး နိဂုံးများကို နှိုင်းယှဉ်နိုင်သည်။ အချို့အခြေအနေများအကြောင်းကို မျက်နှာစုံညီဝိုင်းတွင် ဆွေးနွေးနိုင်သည်။

မည်သည့်အဖြေက မှန်သည် ဟူ၍ မရှိသော်လည်း သင်၏ မေးမြန်းသူ ဖြစ်လာမည့်သူများက သူတို့ ပါဝင် ဆွေးနွေးချက်တွင် ဖော်ပြသောအချက်များကို သတိပြုမှတ်သားပါ။ သူတို့ဆွေးနွေး ပြောဆိုချက်ကိုထောက်၍ မေးမြန်းသူကောင်းများ၏ အရည်အချင်း ကျွမ်းကျင်မှု ပိုင်ဆိုင်ခြင်းရှိ/မရှိ ခန့်မှန်းနိုင်သည်။

(၁) သင်သည် ဒုက္ခသည်စခန်းတွင် ကြီးပြင်းလာသော အမျိုးသမီးတစ်ဦးကို မေးမြန်းနေသည်။ဤသို့ တွေ့ဆုံမေးမြန်းခြင်းကို သူက စိတ်ပါသည်။ ကသိကအောက်မဖြစ်။ သူမ၏ မိသားစုအကြောင်း ပိုမို၍ အသေးစိတ် မေးမြန်းရန် သင်ဆုံးဖြတ်သည်။ ဤတွင် သူမ ချုန်းပွဲချငိုသည် ။ အခြေအနေကို မည်ကဲ့သို့ ကိုင်တွယ်မည်နည်း။

(၂) သင်သည် အိမ်ထောင်ရေးတွင် အပြောင်းအလဲဖြစ်ခြင်းကို လေ့လာသုတေသနပြုနေသည်။ အမျိုးသမီး တဦးသည် သူမ၏ ယောက်ျားရောက်လာ၍ သူမ၏အနားတွင် လာထိုင်သည့်အချိန်အထိ ပွင့်ပွင့်လင်း လင်း မနားတမ်းစကားပြောသည်၊ ထို့နောက် သူမတိတ်သွားပြီး သူမ၏ ယောက်ျားက သင်၏ မေးခွန်းများကို စတင်ဖြေဆိုသည်။ သင်ဘာလုပ်ရမည်နည်း။

(၃) သင်သည် ဒေသခံအဖွဲ့အစည်းတစ်ခုတွင် ကွင်းဆင်းလေ့လာသူဖြစ်၍ မြေပိုင်ရှင်တစ်ဦးကို တွေ့ဆုံ မေးမြန်း နေသည်။ တွေ့ဆုံမေးမြန်းမှု လုပ်ရခြင်း၏ ရည်ရွယ်ချက်မှာ ရပ်ရွာသမိုင်းကို ပြုစု၍ လွန်ခဲ့သော နှစ်ပေါင်း ၅၀ အတွင်း လူမှုရေးနှင့် စီးပွားရေးပြောင်းလဲမှုကို ရှာဖွေလေ့လာ ဖော်ထုတ်ရန်ဖြစ်သည်။ မကြာမီ သူသည် စကားလမ်းကြောင်းကို ပြောင်း၍ သင်၏ အဖွဲ့အစည်းကို ချီးမွမ်းစကား စတင်ပြောဆိုလာသည်။ သင်၏ အဖွဲ့အစည်းမှ ထောက်ပံ့ငွေကို သူတို့၏ ဖွံ့ဖြိုးရေးလုပ်ငန်းအတွက် ရရှိရန် သွေးဆောင်လိုကြောင်း သင် သံသယဝင်လာသည် ။ သင်ဘာလုပ်ရမည်နည်း။

(၄) သင်သည် အချိန်ကြာမြင့်စွာကပင် သိကျွမ်းခဲ့သော အမျိုးသမီး တောင်သူတစ်ဦးကို တွေ့ဆုံ၍ ပတ်ဝန်းကျင်ပြောင်းလဲမှုအကြောင်းနှင့် ထိုပြောင်းလဲမှုကြောင့် သူမ၏ စိုက်ပျိုးရေးလုပ်ငန်းအပေါ် အကျိုး သက်ရောက်မှုအကြောင်း တွေ့ဆုံမေးမြန်းမှုလုပ်နေသည်။ ထိုအမျိုးသမီးက တွေ့ဆုံမေးမြန်းမှုကို အခွင့် ကောင်း ယူ၍ သူမ၏ မြေအတော်များများကို ခိုးယူထားသော အိမ်နီးချင်းအား တရားစွဲဆိုသည့်ကိစ္စကို ထပ်ခါထပ်ခါ ပြောပြနေသည်။ ဤကိစ္စမျိုးကို သင်ရင်းနှီးဖူးသည်ဖြစ်၍ သူမ ပြောသမျှမမှန်ကြောင်း သင်သိထားသည်။ သူမကို စိတ်ပြေသည်အထိ ဆက်ပြောခွင့်ပြုထားမည်လား။ သူမကို ဆန့်ကျင်ငြင်းခုံကန့်ကွက် ပြောဆိုမည်လား။ အကြောင်းအရာ ခေါင်းစဉ်ကို ပြောင်းရန် ကြိုးစား မည်လား။

(၅) သင်သည် အမျိုးသမီးတစ်ဦးကို အတိုက်အခံ ပဋိပက္ခဖြစ်ခြင်းနှင့်ပတ်သက်၍ မေးမြန်းမှုလုပ်နေသည်။ သူမက သူမ၏ အတွေ့အကြုံဇာတ်လမ်းအဖြစ်အပျက်များစွာကို အသေးစိတ် ပြောပြနေသည်။ သူမ ပြောဆိုသော အချက်ကိုလိုက်၍ သူမ ကိုယ်တိုင်ရန်ဖြစ်သော အတွေ့အကြုံကို သင်က မေးလိုက်သောအခါ သူမက နှုတ်ဆိတ်သွားပါသည်၊ သူမကို ဆက်ပြောရန် တိုက်တွန်းမည်လား ။ သို့မဟုတ် မေးခွန်းမေးရန် အခြားနည်းလမ်းကို ရှာဖွေမည်လား ။ သို့မဟုတ် သူမနှင့် ဆက်မဆွေးနွေးပဲ ရပ်ထားလိုက်မည်လား ။

## (၅)လူတွေ့ မေးမြန်းခြင်း လေ့ကျင့်ခန်း

သင်တန်းမစမီ **co-ordinator** ညှိနှိုင်းသူအနေဖြင့် မေးမြန်းသူ ဖြစ်လာမည့်သူများအားလုံး မိသားစုနှင့်ဖြစ် စေ၊ မိတ်ဆွေနှင့်ဖြစ်စေ တယောက်ယောက် နှင့် မေးမြန်းမှုကို လေ့ကျင့်ရန် စီစဉ်ထားပါ။ မေးမြန်းမှုသည် အချိန် တစ်နာရီ ကြာသင့်ပြီး အထက်ကဖော်ပြသည့်သင်တန်း **out line** အပြီးတွင် ပြုလုပ်ရန်ဖြစ်သည်။ အကောင်း ဆုံးမှာ သူတို့ လေ့ကျင့်နေစဉ်အခြား မေးမြန်းသူများက ဘေးမှ စောင့်ကြည့်သင့်သည်။ မူလ မေးမြန်းမှု လေ့ကျင့်ခန်း ပြီးဆုံး သွားသော အခါ စောင့်ကြည့်နေသူက အခြားတစ်ဦးကို လူလဲ၍ မေးမြန်းမှုပြန်လုပ်ပါစေ။

**(၆) စာသားဖြင့် ကူးရေးခြင်း လေ့ကျင့်ခန်း**
မေးမြန်းသူများသည် သူတို့လုပ်ပြီးသော မေးမြန်းမှု၏ အချက်အလက်များကို စာသားဖြင့် ချက်ချင်း ရေးချ မှတ်တမ်းတင်သင့်သည်။

**(၇) ပြန်လှန်စစ်ကြည့်ခြင်း**
မေးမြန်းသူအဖွဲ့သည် အသံဖမ်းမှတ်တမ်းတင်၍ စာသားဖြင့် ရေးချထားပြီးသော နှုတ်ပြောသက်သေခံချက်များကို ပြဿနာ သို့မဟုတ် အခက်အခဲများအဖြစ် ဆွေးနွေးရန် စဉ်းစားသင့်သည်။ ထို့နောက် တစ်ဦးချင်း တာဝန် ခွဲဝေထားခြင်း၏ ခြားနားချက်ကို နှိုင်းယှဉ်ရမည်။ မေးခွန်းပုံစံအမျိုးမျိုး၏ ထိရောက်မှုကို စဉ်းစားရမည်။ ဘာသာပြန်ရန် လိုအပ်ပါက၊ ဘာသာပြန်ခြင်းနှင့် ပတ်သက်ဆက်နွယ်သောကိစ္စများကို ဆွေးနွေးရမည်။ ညှိနှိုင်းသူသည် မေးမြန်းသူများ၏ ကျွမ်းကျင်မှုနှင့် အရည်အသွေးများကို စစ်တမ်းထုတ်ရမည်ဖြစ် ပြီး မိမိကိုယ်ကို လိုသည်ထက် ပိုအထင်ကြီးသူများကို သတိထားရမည်။ အဘယ်ကြောင့်ဆိုသော် ထိုပုဂ္ဂိုလ်မျိုး သည် မေးမြန်းသူ ကောင်းမဖြစ်နိုင်၊ အခြားပုဂ္ဂိုလ်များ၏ ကိုယ်ရေးကိုယ်တာကိစ္စတွင် အသေးစိတ် မေးမြန်း၍ အချိန်ဆွဲသူများကိုလည်း သတိထားရမည်။

**(၈) စီမံကိန်းကို အချောကိုင်ခြင်း**
နောက်ဆုံးအနေဖြင့် စီမံကိန်းကို အောက်ပါအတိုင်း အချောကိုင်ရပါမည်။

- ခေါင်းစဉ်စာရင်းကို ပြန်လည်ပြင်ဆင်ရေးသားပြီး ပြန်လှန် စစ်ဆေးခြင်းမှ ရရှိလာသော အမြင်ဖြင့် ပြန်လည်ပြင်ဆင်ရပါမည်။ လိုအပ်ပါက ပါဝင်သောအကြောင်းအရာများကို ပြောင်းလဲရမည်။
- နောက်ဆုံးဆွေးနွေးချက်တွင် ပစ်မှတ်ဒေသ၏ နေရာအနှံ့အပြားမှ ပြောပြသူများ သူတို့၏ရပ်ရွာများ လိုအပ် သော အကြောင်းအရာ နှင့် အဖြစ်အပျက်များနှင့် ပတ်သက်၍ ပြောဆိုနိုင်သောသူများအကြောင်း ထည့်သွင်း ဆွေးနွေးရမည်။ အသက်အရွယ်အမျိုးမျိုး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း အမျိုးမျိုးနှင့် လူမှုရေး အလွှာအမျိုးမျိုး ပြောပြသူများ ရွေးချယ်ရမည်။ ပြောပြသူတွင် အမျိုးသမီးဦးရေနှင့် အမျိုးသားဦးရေ မျှတစွာ ပါဝင်ရမည်။ သူတို့၏ ကွင်းဆင်းလုပ်ငန်းကို ထည့်စဉ်းစားလျှင် သက်သေခံ ထွက်ဆိုချက် အရည်အသွေးနှင့် အဖွဲ့အစည်းအတွက် အကျိုးများပါမည်။
- နောက်ဆုံးအချက်မှာ စီစဉ်ထားသော နောက်ဆက်တွဲလုပ်ငန်းအတွက် အကြံဉာဏ်များကို ပြန်စစ်ဆေးကြည့်ပါ။ ဤကိစ္စအချို့ကို ပြောပြသူများနှင့် ဆွေးနွေးရန် စီစဉ်ပါ။ အခြား ရွာသူရွာသားများနှင့်လည်း ဤကိစ္စကို ဆွေးနွေးရန် စီစဉ်ပါ။ ပြောပြသူများကို သူတို့ပြောဆိုသောအချက်များအပေါ် တာဝန် ယူကြောင်း သေချာအောင် လုပ်ရန် မေးမြန်းသူများကို ပြောထားပါ။ ၄င်းတို့ထံမှ တုံ့ပြန်ထင်မြင်ယူဆချက် များကို ညှိနှိုင်းသူ co-ordinator ထံ တင်ပြရန် ပြောထားပါ။ သင်ရွေးချယ်ထားသော ပုဂ္ဂိုလ်၊ အဖွဲ့အစည်းသည် လူမှုရေး၊ ယဉ်ကျေးမှု ပတ်ဝန်းကျင်၊ စီးပွားရေး၊ နိုင်ငံရေး၊ သမိုင်းနောက်ခံများ ပြောပြနိုင်သော သူများဖြစ်၍ နောက်ဆုံး မေးမြန်းသူများတွင် ဘက်စုံမျှမျှတတနှင့် တိတိကျကျ ပြန်လည်သုံးသပ်နိုင်မှုရှိမရှိ စစ်ဆေးပါ။ သင့်လျော်ပါက ဤအဖွဲ့အစည်းများအနေဖြင့် နောက်ဆက်တွဲ လုပ်ရှားမှု အစီအစဉ်များ ဖြစ်နိုင်/မဖြစ်နိုင် ဆွေးနွေးနိုင်သည်။

## သင်တန်းစဉ်များကို စီစဉ်ရေးဆွဲခြင်း

Panos အကြံပြုချက်အရ ၅ ရက် သင်တန်းအတွေ့အကြုံကို တိုးမြှင့်ထိရောက်စေနိုင်သောနည်းဖြစ်၍၊ အထူးသဖြင့် စခန်းကျေးရွာများမှလာလျှင် ၅ ရက်သင်တန်းက ပို၍လက်တွေ့ကျသည်ဟုဆိုသည်။ သို့ရာတွင် လိုအပ်ပါ က သင်တန်းက အပိုင်းခွဲ၍ အကြိမ်ကြိမ် မေးမြန်းမှုလေ့ကျင့်ခန်းလုပ်ပြီးလျှင်ပြီးချင်း အကောင်းဆုံးဖြစ်သည်။ ထိုသို့ပြုခြင်းဖြင့် စိတ်ထဲတွင် ပူပူနွေးနွေး မှတ်မိနေတုန်း ပြန်လည်စစ်ဆေးခြင်း အချောကိုင် ရေးသားခြင်း

ပြုလုပ်နိုင်ပါသည်။ အောက်ပါအကြံပြုချက်သည် သင်၏ ဒေသအခြေအနေနှင့် ကိုက်ညီအောင် သင်တန်းကို ကိုင်တွယ်စီမံနိုင်သည့် အပိုင်းခွဲ၍ အကြိမ်ကြိမ်ပို့ချနိုင်ကြောင်း လမ်းညွှန်သဘောဖြင့် တင်ပြထားခြင်းသာ ဖြစ်သည်။

| သင်တန်းအလုပ်ရုံပို့ချချိန် | | ပါဝင်သောအကြောင်းအရာ |
|---|---|---|
| ပို့ချချိန် ၁– နံနက်<br><br>– နိဒါန်း<br>Project outline နှင့်<br>နည်းစနစ် methodology | ပို့ချချိန် ၁– မွန်းလွဲပိုင်း<br><br>– ခေါင်းစဉ်များစာရင်းကို ကြံဆဖန်တီးခြင်း | - အကျယ်တဝင့်အားဖြင့် စီမံကိန်း၏ ရည်ရွယ်ချက်<br>- လူတွေ့လုပ်ရမည့်အရာနည်းစနစ်ကို စစ်ပြ ခြင်းနှင့် ၄င်းနည်းစံနစ်ကို အခြားသုတေသနလုပ်ငန်းအတွက်သုံးခြင်း<br>- လူများစိတ်ဝင်စါးသောအရာနှင့် အတွေ့ အကြုံ များ ကို ဆွေးနွေးပါ။ |
| ပို့ချ ချိန် ၂။ နံနက်<br><br>- တွေ့ဆုံမေးမြန်းမှုတွင် စူးစမ်း ရှာဖွေရန် ခေါင်းစဉ်များကို အချောကိုင်ခြင်း<br>- တွေ့ဆုံမေးမြန်းရန် စီစဉ်ခြင်း | ပို့ချချိန် ၂။ မွန်းလွဲပိုင်း<br><br>- တွေ့ဆုံမေးမြန်းမှုအတွက် စီစဉ်ခြင်း မေးခွန်း အ မျိုးအစားများ ဆင်ခြင်မှုနှင့် ကျင့်ဝတ်များ<br>- Role play လုပ်ခြင်း လက်တွေ့ လေ့ကျင့် သင်ကြားပေးခြင်း | - ခေါင်းစဉ်များကို တူညီသော အုနာန များ အဖြစ်ဖွဲ့စည်းပါ၊ အုပ်စုဖွဲ့ပါ၊ အဓိက နပ ဖွဲ့စည်းပါ၊<br>- သတင်းအချက်အလက်ရယူရန် မေးခွန်း နမူနာများကို ကြည့်ပါ ၊<br>- ကျင့်ဝတ်ဆိုင်ရာနှင့်အခြားအကြောင်းအရာ **scenarios** များကို ဆွေးနွေးပါ<br>- လူများကို တန်ဆာပလာများနှင့် ရင်းနှီး အောင် သင်ပေးပါ၊<br>- Role play လုပ်၍ ပြန်လည်ကူးရေးရန် အကြံပေးပါ။ |
| ပို့ချချိန် ၃။ နံနက်<br><br>- တွေ့ဆုံမေးမြန်းခြင်းများကိုလေ့ကျင့် ပါ။ | ပို့ချချိန် ၃။ မွန်းလွဲပိုင်း<br><br>- ကူးယူခြင်းကိုစတင်ပါ။ | - တွေ့ဆုံမေးမြန်းခြင်းများကိုလေ့ကျင့်၍ ကူးယူခြင်းကို စတင်ပါ။<br>- ပြောပြသူများကို သင်တန်းသို့လာခိုင်းနိုင်လျှင် တွေ့ဆုံမေးမြန်းခြင်းနှင့် ပြန်လည်ကူးယူခြင်းကို ကြီးကြပ်မှု အောက်တွင်လုပ်နိုင်ပါက အကောင်းဆုံးဖြစ်သည်။ |
| ပို့ချချိန် ၄။ နံနက်<br><br>- ကူးယူခြင်းကိုအဆုံးသတ်ပါ။ | ပို့ချချိန် ၄။ မွန်းလွဲပိုင်း<br>- အတွေ့အကြုံကို ပြန်လည်စစ်ဆေးပါ။ | - တွေ့ဆုံမေးမြန်းမှု လေ့ကျင့်ခြင်းများကိုအဆုံးသတ်ပါ။<br>- အတွေ့အကြုံမှရသော သင်ခန်းစာများကို ပြန်လည်စစ်ဆေးမှုပြုလုပ်ပါ။ |
| ချိန် ၅။ နံနက်<br><br>- သက်သေခံ ထွက်ဆိုချက်လေ့ကျင့်ခန်းများကို ပြန်လည်စစ်ဆေးပါ။ | ပို့ချချိန် ၅။ မွန်းလွဲပိုင်း<br><br>- စီမံကိန်းကို အချောကိုင်ပါ။ | - သက်သေခံချက်များကိုပြန်လည်စစ်ဆေးပါ။<br>- ခေါင်းစဉ်စာရင်းနှင့် မေးခွန်းစာရင်းကို အချောကိုင်ပါ။<br>- ပြောပြသူ ရွေးချယ်ခြင်းနှင့် အချိန်ဇယား ကို ဆွေးနွေးပါ။<br>- သင်တန်းအလုပ်ရုံအကြောင်းတုံ့ပြန်မှု လုပ်ပါ။ |

## လက်တွေ့ကွင်းဆင်းခြင်းအတွက် စီစဉ်ခြင်း

အစကတည်းကပင် စုဆောင်းရယူလိုသည့် တွေ့ဆုံမေးမြန်းမှုအရေအတွက် အစီအစဉ်နှင့် ပတ်သက်သော အကြံဉာဏ်ရှိထားပြီး ဖြစ်ပါလိမ့်မည်။ Panos. ၏ လုပ်ဖေါ်ကိုင်ဖက်အများစုသည် သတ်မှတ်ထားသော အချိန်ကာလအတွင်း အလုပ်လုပ်၍ မေးမြန်းသူတစ်ဦးလျှင် မေးမြန်းမှုအရေအတွက် ၇ – ခုစီ ပျမ်းမျှ ကောက်ယူပြီး၊ တစ်ခါတစ်ရံ ထိုထက်မက ကောက်ယူသောကြောင့် စုစုပေါင်းမေးမြန်းမှု ၃၅ မှ ၅၀ ကြား ရရှိသည်။ အချို့ မေးမြန်းမှုများလောက် မအောင်မြင်၊ စိတ်ဝင်စားစရာမကောင်းဘဲ ဖြစ်နေတတ်သောကြောင့် သင့်အနေဖြင့် သဘောတူထားပြီး မေးမြန်းမှုအရေအတွက်ထက်ပို၍ ကောက်ခံရန် လိုအပ်ကောင်း လိုအပ်ပါ လိမ့်မည်။ ကာလကြာရှည်စွာ လုပ်ဆောင်ရသည့် စီမံကိန်းဖြစ်လျှင် မေးမြန်းမှုအရေအတွက်ကို လိုသလောက် ကောက်ယူနိုင်ပြီး၊ အဆင့်အမျိုးမျိုးမှ တိုးချဲ့ ရွေးချယ်ကောက်ယူနိုင်ပါမည်။

စဉ်းစားရန် အချက်တစ်ချက်မှာ လူအများစုသည် မေးမြန်းမှုလေ့ကျင့်ခန်းလုပ်ရာတွင် သက်တောင့်သက်သာရှိပြီး နားလည်သောကြောင့် မိမိကိုယ်ကို ယုံကြည်မှုတိုးကာ အမှန်တကယ် မေးမြန်းမှု လုပ်စဉ်ကထက်ပို၍ ကောင်းမွန်စွာ လုပ်နိုင်ကြသည်။ သို့ဖြစ်၍ လူနည်းနည်းကို အလုပ်များများ တိုးပေးခြင်းသည် လူများများကို အလုပ်နည်းနည်းစီ တာဝန်ချပေးခြင်းထက် ပို၍ကောင်းပါသည်။ မေးမြန်းမှုလုပ်ခြင်းသည် ပင်ပန်းသော အလုပ်ဖြစ်၍ နိုးကြားမှုနှင့် စိတ်အားထက်သန်မှု လိုအပ်ပါသည်။ မေးမြန်းခန်းသည် တစ်ကြိမ်လျှင် ၄၅မိနစ်မှ ၂နာရီခန့်ကြာတတ်ပြီး မိတ်ဆက်ခြင်း၊ ရင်းနှီးမှုတည်ဆောက်ခြင်း၊ သင့်လျော်သောနေရာ ရှာဖွေခြင်း စသော အပိုင်းသည် ထိုလိုအပ်သော အချိန်ထက် ကြာတတ်ပါသည်။ ၂နာရီ မေးမြန်းမှုလုပ်ပြီးနောက် ပြောပြသူ က ပြောစရာအချက်အလက် ကျန်ရှိနေသေးလျှင် ဒုတိယအကြိမ် မေးမြန်းရန် ရက်ချိန်း စီစဉ်ရမည်။ မေးမြန်းမှုသည် တစ်ကြိမ်လျှင် ၂နာရီထက် ပိုကြာပါက မေးမြန်းသူ နှင့် ပြောပြသူ ၂ဦး နှစ်ဖက်အတွက် အလွန်ပင်ပန်းစရာ ဖြစ်တတ်သည်။

မေးမြန်းသူတစ်ဦးအနေဖြင့် အာရုံစူးစိုက်မှုအပြည့်နှင့် စိတ်အားထက်သန်မှုဖြင့် အများဆုံး ဆက်တိုက် မေးမြန်းမှုလုပ်နိုင်သောကာလမှာ ၃ ရက်ဆက်တိုက်ကာလတာ ဖြစ်သည်။ Panos အဖွဲ့မှ ကွင်းဆင်းသူအချို့သည် လပေါင်းအနည်းငယ် မေးမြန်းမှု လုပ်လိုက်၊ ပုံမှန်လုပ်ငန်း များလုပ်လိုက်နှင့် ကြားညှပ်၍ လုပ်ဆောင်ခဲ့ကြသည်။ အရှိန်သေမသွားသေးသရွေ့ ဤကဲ့သို့ ဆက်တိုက်လုပ် နိုင်သော်လည်း၊ အာရုံစူးစိုက်မှုနှင့် အတွေးအမြင်ကို လျော့ပါးစေတတ်သည်။ သို့ဖြင့် မေးမြန်းမှုအနေဖြင့် ပုံမှန်ဖြစ်နေကျ အကြောင်းအရာများ သို့မဟုတ် တစ်ဦးချင်း ပြောပြချက်၏ ထူးခြားစွာ ဆက်စပ်နေသော အချက်အလက်များကို မဖမ်းမိဘဲ လက်လွတ်သွားစေတတ်သည်။ အကောင်းဆုံးအဖြေများကို ရရှိရန်မှာ အခြားအလုပ် တစ်ခုနှင့် ကြားညှပ်လုပ်ဆောင်မည့်အစား မေးမြန်းသူများကs က အခြားမေးမြန်းသူများကို သတ်မှတ်ပေးထား သောအချိန်ကာလအတွင်း အာရုံစိုက် လုပ်ဆောင်ခြင်းဖြစ်သည်။

## နှုတ်ပြောသက်သေထွက်ချက်စီမံကိန်းအတွက် ပြောပြသူများကို ရွေးချယ်ခြင်း

သင်သည်အခန်းကဏ္ဍတစ်ပိုင်းပိုင်းကို တမင်တကာ အာရုံစိုက်ခြင်းမရှိလျှင် ပြောပြသူများသည် အသက်အရွယ်အပိုင်းအခြားမျိုးစုံ၊ အသက်မွေးဝမ်းကျောင်းမျိုးစုံ ၊ လူမှုရေးနောက်ခံမျိုးစုံနှင့် အတွေ့အကြုံမျိုးစုံမှ ဖြစ်စေရမည်။ သူတို့ထဲမှ အများစုသည် မိမိတို့၏ အတွေ့အကြုံအမြင်သဘောထားနှင့် စိတ်ဝင်စားမှုကို ပွင့်ပွင့်လင်းလင်း ထုတ်ဖော်ပြောဆိုနိုင်သော သာမန်လူတန်းစားထဲမှ ဖြစ်သင့်သည်။ သို့ရာတွင် စည်းရုံးရေး သမားများ၊ အမျိုးသမီးအဖွဲ့ကိုယ်စားလှယ်များ၊ ဒေသခံအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များကို ထည့်သွင်းလျှင်လည်း အသုံးဝင်ပါမည်။ ဤသတင်းပေးသူများသည် ဒေသခံလူများ၏ အခြေအနေနှင့် လိုအပ်ချက်များကို ပြောင်းလဲနေသော အခြေအနေသစ်နှင့် လူများက မည်ကဲ့သို့ရှုမြင်ကြောင်း ကျယ်ပြန့်စွာ ပြောဆိုနိုင်ကြပါလိမ့်မည်။

စီမံကိန်းအတွက် နားထောင်သူပရိတ်သတ်များ၌ ကြားဝင်သောကိစ္စတွင် စိတ်ဝင်စား၍ လူထု၏ အမြင်ကို သိလိုသော အစိုးရမဟုတ်သော အဖွဲ့များမှ ပုဂ္ဂိုလ်များ၊ ဖွံ့ဖြိုးရေး ဝန်ထမ်းများ ပါဝင်နိုင်လျှင် ဤကဲ့သို့သော မေးမြန်းမှုလုပ်ခြင်းသည် အထူးအရေးကြီးသော မေးမြန်းမှုဖြစ်ပါမည်။ ပြောင်းလဲနေ သောလူမှုရေး ၊ စီးပွားရေးနှင့် ၊ ရိုးရာထုံးထမ်းဓလေ့အခြေအနေများကို အဓိကထား လေ့လာရန် အာရုံစိုက်ပါက ရပ်ရွာတွင် ရိုးရာအတိုင်း လုပ်ဆောင်နေသည့် ဗိန္ဒော တိုင်းရင်းဆေးဆရာများ၊ ဘာသာ ရေးခေါင်းဆောင်များ၊ စသည်တို့ကို ပါဝင်ခိုင်းရန် အရေးကြီးပါသည်။ လုပ်ငန်းအားဖြင့်ဖြစ်စေ၊ ဒေသခံလူများမှ တစ်ဆင့်ဖြစ်စေ၊ သင်သိကျွမ်းသော ပုဂ္ဂိုလ်များကို ရွေးချယ်လျှင် အကျိုးကျေးဇူး နှစ်မျိုးဖြစ်ထွန်းပါမည်။

၁။ သူတို့သည်သင်၏ အဖွဲ့အစည်းနှင့် ဒေသဆိုင်ရာလုပ်ရှားမှုအပေါ် အယုံအကြည်ရှိပြီးသားဖြစ်၍ သင်၏ မေးမြန်းမှုကို ယုံကြည်သောကြောင့် ရင်းနှီးမှုတည်ဆောက်ရန်လွယ်ကူပါမည်။

၂။ ချောမောစွာပြောဆိုနိုင်သော လူများကို ရွေးချယ်ရန် အခွင့်အလမ်းပိုရ၍ စိတ်ဝင်စားစရာကောင်း သော ဆွေးနွေးရန် ခေါင်းစဉ်ကို ရရှိသောကြောင့် မေးမြန်းမှု အလုပ်ခံရခြင်းကို ပျော်ရွှင်နှစ်သက်ပါ လိမ့်မည်။ မေးမြန်းမှုလုပ်ရန် ပိုမိုခက်ခဲသော သူများကိုလည်း လျစ်လျူရှုမထားရန် အရေးကြီးပါသည်။ သင်အထင်မကြီးသော သံသယဖြစ်သောသူတို့၏ အတွေ့အကြုံသည် အကြံဉာဏ်ကောင်း များကို ပေါ်ထွက်စေနိုင်သည်ကို သတိပြုပါ။

မည်သည့် နှုတ်ပြောသက်သေခံချက် စီမံကိန်းမဆို ကျယ်ပြန့်သော အကြံဉာဏ်နှင့် အတွေ့အကြုံများကို စုဆောင်းရရှိရန် အထူးအားထုတ်နေသင့်ပြီး ရပ်ရွာတွင် လူများ က ထည့်မတွက်သူများ၊ ရွာသားများက အရာမသွင်း သူများ၊ အသိုင်းအဝိုင်းမှ ပယ်ထား ခြင်းခံရသူများကိုလည်း တမင်တကာ ထည့်သွင်းဆွေးနွေး သင့်ပါသည်။ မဟုတ်ပါက သင်သည် သင်၏ ပြောပြသူ ပရိသတ်အတွင်း ဩဇာလွှမ်းမိုးသောသူများ၏ အာဘော်နှင့် သဘောထား ရွေးချယ်မိပြီး လူတန်းစားအလွှာကို အားပေးမိတတ်သည်။

## အဖွဲ့လိုက် လူတွေ့မေးမြန်းခြင်း

အင်တာဗျူးအများစုကို တစ်ဦးချင်းတွေ့ဆုံမေးမြန်းခြင်းဖြင့်ပြုလုပ်ရလိမ့်မည်။ သို့ရာတွင် တစ်ခါတစ်ရံ အဖွဲ့လိုက် အင်တာဗျူးလုပ်လျှင် အဖိုး တန်နိုင်ပါသည်။ အဘယ်ကြောင့် ဆိုသော် အဖွဲ့လိုက်အင်တာဗျူးလုပ်လျှင် ပါဝင်ပြောဆိုသူများ မိမိကိုယ်ကို ပိုမိုယုံကြည်မှုရှိပြီး အသက် ဝင်သဖြင့် ပုံမှန်အတိုင်း ဆွေးနွေးနိုင်ကြပါမည်။ ထို့အပြင်အတွေ့အကြုံတစ်စုံတစ်ခု (သို့) အရေးကိစ္စ တစ်စုံတစ်ခုအပေါ် အများသဘောတူချက်အမြင်ကို ရယူနိုင်ပါသည်။ အဖွဲ့တွင် ပါဝင်သူများသည် သူတို့သဘောအတိုင်း မေးမြန်းဖြေဆိုမည့် အကြောင်းအရာ အစီအစဉ်ကို ရေးဆွဲနိုင်သည်။ စိတ်ဝင်စား စရာအကောင်းဆုံးခေါင်းစဉ်ကို အဖွဲ့တွင်း၌ ဆွေးနွေးရွေးချယ်နိုင်သည်။ သို့ဖြင့် အဖိုးတန် သော အမြင်များကို ရရှိစေနိုင်သည်။ ဤအခန်းကဏ္ဍများတွင် တစ်ဦးချင်းအမြင်နှင့် စုပေါင်းအမြင်များ ကွာခြားချက်ကို ခွဲခြားသိမြင်နိုင်၍ မီးမောင်း ထိုးပြနိုင်လိမ့်မည်။ မည်သို့ဆိုစေ အဖွဲ့လိုက် ဆွေးနွေးခြင်းကြောင့်  မိမိကိုယ်ကို မပြည့်စုံဟု ယူဆနေသည့် ဆွေးနွေး သူများအတွက် ဆွေးနွေးသော အကြောင်းအရာနှင့် ပတ်သက်၍ သူတို့အခန်းကဏ္ဍကို ကောင်းစွာ မတင်ပြနိုင်ဘဲ ဖြစ်စေတတ်သည်။

အချို့လူ့အသိုင်းအဝိုင်းများတွင် မျက်နှာစုံညီ ဆွေးနွေးပွဲကို အဖွဲ့လိုက်ပြုလုပ်လေ့ရှိကြသည်။ လူများသည် တစ်ဦးချင်း အင်တာဗျူး တွေ့ဆုံမေးမြန်းခံရန် လိုလိုလားလားရှိတတ်ကြသော်လည်း ဤသို့ ချဉ်းကပ်သော အကြောင်းအရာအပေါ် စုပေါင်း၍ အခြေအတင် ကျေလည်စွာ ပြောဆိုဆွေးနွေးပြီးမှသာ အင်တာဗျူးအတွက် လက်ခံလိုကြသည်။

# နှုတ်ပြောသမိုင်းစီမံကိန်းအတွက် အမေးအဖြေပြုရာတွင် ကြုံတွေ့ရတတ်သောအရာများ

ယခုဖော်ပြခဲ့ပြီးသော နှုတ်ပြောသက်သေခံ စီမံကိန်းများအတွက် အချက်အလက်များသည် နှုတ်ပြောသမိုင်း စီမံကိန်းများအတွက်လည်း သင့်လျော်မည်ဖြစ်၍ လိုအပ်သလိုပြင်ဆင်အသုံးချနိုင်ပါသည်။ မည်သို့ဆိုစေ နှုတ်ပြောသမိုင်း တွေ့ဆုံမေးမြန်းမှုနှင့် ဆက်နွယ်နေသော အကျိုးရှိနောက်ဆက်တွဲအကြောင်းအရာများနှင့် သီးခြား အကြောင်းအရာများလည်းရှိပါသည်။ အထူးသဖြင့် သင်၏ စီမံကိန်း မေးမြန်းမှုများကို ကိုယ်တိုင်က အဖိုးတန် အတွေ့အကြုံနှင့် အထူးကျွမ်းကျင်သူတို့၏ သမိုင်းအသိပညာ မရှိသော်လည်း၊ အဆိုပါ ပညာများကို တန်ဖိုးထား၍ အတော်အတန်သိကျွမ်းသောသူများ စကားပြောသူကို လမ်းပြ ဦးဆောင် နိုင်သူများ တွေ့ဆုံမေးမြန်းသူ ဦးရေအနည်းငယ်က အသံဖမ်း မှတ်တမ်းတင်ကြပါလိမ့်မည်။ အောက်ပါမှတ်စုများကို The Southern Oral History Programme of the University of North Carolina[22] internet site မှ ကူးယူဖော်ပြထားခြင်းဖြစ်သည်။

၁။ သင်ရှာဖွေစုစမ်းလိုသော သမိုင်းကြောင်းပြဿနာကို အနက်ဖွင့်ခြင်းဖြင့် အစပြုပါ။ သို့မှသာ မည်သူ့ကို မည်သည့် မေးခွန်းမေးရမည်ဟု သင်သိပါလိမ့်မည်။

၂။ လူတွေ့မေးမြန်းမှုလုပ်ရာတွင် ဘက်လိုက်မှုမဖြစ်အောင် ရှောင်နိုင်ရန် သင်ကိုယ်တိုင်၏ ယဉ် ကျေးမှု သဘောထားခံယူချက် တန်ဖိုးထားမှုနှင့် စိတ်သဘောထားအမြင်ကို သတိထားရမည်။ စကား ပြောသူ ပြောပြသောအကြောင်းအရာအပေါ် သင်တုံ့ပြန်သောအခါ မိမိကိုယ်ကို သတိရှိ၍ ထိမ်းထိမ်း သိမ်းသိမ်း လုပ်ပါ။

၃။ ပထမဆုံးအကြိမ် မေးမြန်းမှုမလုပ်မီ အတတ်နိုင်ဆုံး နောက်ခံသမိုင်းကြောင်းဆိုင်ရာ သုတေသနကို ပြုလုပ်ပါ။ နှုတ်ပြောသမိုင်းသည် သမိုင်းသုတေသန၏ အခြားလေ့လာနည်းနှင့် ကင်းကွာ၍ မရပါ။

၄။ သင်ရရှိလိုသောသတင်းအချက်အလက်ကို ပေးရန် လိုလိုလားလားရှိသူများကို ရွေးချယ်ပါ။ သူတို့၏ အသိပညာကို ထောက်ထား၍ သူတို့ကို ရွေးချယ်ကောင်း ရွေးချယ်မည်။ သို့မဟုတ် သူတို့သည် သမိုင်းဖြစ်ရပ်များ လှုပ်ရှားမှုနှင့် အဖွဲ့အစည်းများတွင် ထူးခြား သောကဏ္ဍမှ ပါဝင်ပတ်သက်နေသော ကြောင့် သူတို့ကို ရွေးချယ်ကောင်းရွေးချယ်နိုင်မည်။

၅။ မေးမြန်းမှုလုပ်နေစဉ်ကာလအတွင်း အထောက်အကူအဖြစ် ခေါင်းစဉ်များနှင့် မေးခွန်းများ စာရင်းကို ရေးဆွဲပါ။ အချို့သောသူများသည် ကိစ္စတစ်ခုခုနှင့် ပတ်သက်၍ သင်မေးမည့်မေးခွန်းများကို ကြိုတင် သိလိုကြ လိမ့်မည်။ အသံဖမ်းကက်ဆက်တိပ်ကို အသုံးပြုရေးနှင့် ထိုအသံဖမ်းမှတ်တမ်းတိပ်ခွေများကို နောင်အခါတွင် မည်သို့အသုံးပြုမည့်အရေးတို့ကို နှစ်ဘက်စလုံးက အတူတကွ သဘောတူညီမှုရယူရန် ဆောင်ရွက်ပါ။

၆။ မေးမြန်းမှုသည် ကိုယ်ရေးရာဇဝင် ဖြစ်ကောင်းဖြစ်လိမ့်မည်။ အကြောင်းအရာ ခေါင်းစဉ်တစ်ခု ဖြစ်ကောင်းဖြစ်လိမ့်မည်။ မည်သည့်အကြောင်းအရာကို မေးမြန်းမှုလုပ်သည်ဖြစ်စေ၊ သင် ရှာဖွေ စုစမ်းလိုသော အဓိကအချက်မတိုင်မီ အချိန်တွင် စတင်၍ မေးမြန်းမှုလုပ်ပါ။

၇။ သင်သည် ပြောပြသူများကို သူတို့၏ ဘဝဒဿန အတွေးအခေါ်ကို ထုတ်ဖော်ပြော ဆိုခွင့်ပေးရန် လိုအပ်သလို တစ်ချိန်တည်းမှာ သင်စိတ်ဝင်စားသောအကြောင်းအရာနှင့် ပတ်သက် သည့်မေးခွန်းများကို ပုံဖော်၍ ဆွေးနွေးမှုတစ်ခုလုံးကို မိမိသွားချင်သော ဦးတည်ရာသို့ ဆွဲဆောင်နိုင်ရမည်။

22 http:/www.unc.edu/depts/sohp/notes.html

၈။ subject orientations ခေါ် မိမိကိုယ်တိုင်ခံစားရသော အမြင်နှင့် သဘောထားများအတွက် တိကျသော နမူနာများကို ရှာဖွေပါ။ အမူအကျင့်များပေါ်တွင် အထူးအာရုံစိုက်ပါ။ သို့သော် ပြောဆိုနေသူ၏ အမူအရာနှင့် တွဲပါလာတတ်သော အဓိပ္ပါယ်ကို နားလည်သဘောပေါက် ပါ။ အကြောင်းအရာအချက်အလက်များနှင့် အဖြစ်အပျက်များကို ဦးစွာဖော်ထုတ်ပါ။ ထို့နောက် ခံစားချက်နှင့် တန်ဖိုးထားမှုများများကို ရှာဖွေဖော်ထုတ်ပါ။ နောက်ကြောင်းများကို သုတေသနပြု၍ ရလာသော အချက်များကိုအသုံးပြုခြင်းဖြင့် ပြောသူ၏ မှတ်ဉာဏ်မှ အချက်အလက်များကို လှုံ့ဆော်ပေးနိုင်ပြီး သတ္တုရာဇ်ရှုပ်ထွေးမှုကို လျော့နည်းစေနိုင်ပါသည်။

၉။ တုံ့ပြန်သူ၏ ပြောဆိုချက်ကို ခြိမ်းခြောက်ရာရောက်စေမည့် အကြောင်းအရာနှင့် သူ့အတွက် စိန်ခေါ် ချက်မျိုးဖြစ်နိုင်သော အကြောင်းအရာများကို နောက်ဆုံးမေးခွန်းအထိ ရွှေ့ဆိုင်းထားနိုင်သည်။ သို့ရာတွင် အရာရာတိုင်းကို အပြုသဘောဖြင့် အဆုံးသတ်နိုင်အောင် ကြိုးစားပါ။

၁၀။ တုံ့ပြန်သူက အချက်အလက်တစ်ခုခုကို မပြောပြလိုခြင်း ၊ သို့မဟုတ် ထိုအကြောင်းအရာခေါင်းစဉ်ကို အခြားတစ်ဘက်မှ လှည့်မေးပါ။ အခြားဇစ်မြစ်တို့မှ ရရှိသော ဆန့်ကျင်ဖက် သတင်း အချက်အလက်ကို ဖော်ထုတ်ပြောပြခြင်းဖြင့် တစ်ဘက်လှည့်နိုင်သည်။ သို့မဟုတ် မေးမြန်းမှုတွင် နောက်တစ်ကြိမ် ထိုအကြောင်းအရာခေါင်းစဉ်သို့ ပြန်လှည့်လာသည့် အချိန်အထိ စောင့်ဆိုင်းပါ။

၁၁။ သာမန်အားဖြင့် မေးမြန်းမှုတစ်ခုသည် မိနစ် ၉၀ ထက်ပို၍ မကြာရှည်သင့်ပါ။ ပင်ပန်း နွမ်းနယ်နေသော လက္ခဏာများ၊ အာရုံပျံ့လွင့်နေသော လက္ခဏာများ ၊ ညည်းငွေ့သော လက္ခဏာများကို သတိပြုမိပါစေ။ ရှည်သောမေးမြန်းမှုမျိုးကို အပိုင်းခွဲ၍ အကြိမ်ကြိမ် ပြုလုပ်ပါ၊ မေးမြန်းမှုလုပ်ပြီး ရရှိလာသောအချက်များကို သင်က ပြန်လည်စိစစ်ပြီးလျှင် သင်၏ သုတေသန ပြဿနာ ရှိနေပါက ပြောပြသူ မေးမြန်းမှု လုပ်နိုင်လျှင် အကျိုးရှိပါမည်။

၁၂။ မေးမြန်းမှုလုပ်ခြင်းသည် သမိုင်းပြုစုခြင်း၏ တစ်စိတ်တစ်ဒေသဖြစ်ကြောင်း သတိရပါ၊ ရည်ရွယ်ချက်မှာ အခြားသမိုင်းဇစ်မြစ်မှ  အချက်အလက် အထောက်ထား များနှင့် အနက်ဖွင့်ချက်တို့ ရောစပ် ဖော်ထုတ်ရန် ဖြစ်သည်။ ဤဖြစ်စဉ်တွင်  သတင်းပြောပြသူ၏ အမြင်၊ ထင်မြင်ယူဆချက်၊ ဝေဖန်သုံးသပ်ချက် အနက်ဖွင့်ချက်များကို မေးမြန်းခြင်းဖြင့် ပြောသူကို ဤသမိုင်းဖြစ်စဉ်ထဲသို့ ပါဝင်လာအောင် ဆွဲသွင်းပါ။

### [23]ဖြစ်ရပ်မှန် လေ့လာခြင်း။ ။ စင်္ကာပူနိုင်ငံမှ အထက်တန်း စီးပွားရေးသမားများနှင့် နိုင်ငံရေးသမားများကို အမေးအဖြေပြုလုပ်ခြင်း

မြန်မာနိုင်ငံအတွင်းရှိ လူမျိုးစုငယ်များ၏ သမိုင်းရေးသားပြုစုရန် အရင်းအမြစ် နှင့် နှုတ်ပြောသမိုင်းအသုံးပြုခြင်းကို စိတ်ဝင်စားမှုသည် လတ်တလောဖြစ်ပျက်နေသော နိုင်ငံရေး အခြေအနေ၏ သမိုင်းကို ရေးသားရန် လိုအပ်သောကြောင့် နှုတ်ပြောသမိုင်းကို များစွာ စိတ်ဝင်စားရခြင်းဖြစ်သည်။ ဤအကြောင်းအရာများသည် မေးမြန်းမှုလုပ်ရန် တွေ့ဆုံမည့် လူအမျိုး အစားများကို ရွေးချယ်ရာတွင် လွှမ်းမိုးလျက်ရှိသည်။ ထို စီမံကိန်းမျိုးသည် အထက်တန်းလွှာ လူတန်းစားထဲမှ ပုဂ္ဂိုလ်များကို ရွေးချယ်လေ့ရှိသည်။ သူတို့သည် ဩဇာအာဏာရှိသော ကုန်သည်များ၊ စီးပွားရေးသမားကြီးများ၊ နိုင်ငံရေးနှင့် စစ်တပ်အရာရှိ ခေါင်းဆောင်များ ဖြစ်တတ်သည်။ ဤ တွေ့ဆုံမေးမြန်းမှုမျိုးသည် သာမန်ရပ်ရွာလူတန်းစားများကို မေးမြန်းခြင်းနှင့် စာလျှင် ပိုခက်ခဲတတ်သည်။ အောက်ဖော်ပြပါ မှတ်စုများသည် အရှေ့တောင်အာရှဒေသအတွင်းက အထက် တန်းလွှာမှ

[23] Notes taken from Lim How Seng’s article in ‘Oral History in Southeast Asia’, Singapore, 1998, pp.55-65. Lim How Seng is Director of the Singapore History Museum and in 1979-93 was Project Co-ordinator, Assistant Director and Deputy Director of the Oral History Centre.

ပုဂ္ဂိုလ်များကို မေးမြန်းမှုလုပ်ရာမှ ပေါ်လာသော Lim How Seng ၏ အတွေ့အကြုံ မှ ကောက်နုတ် တင်ပြထားခြင်းဖြစ်သည်။

၁။ အထက်တန်းလွှာမှ ပုဂ္ဂိုလ်များသည် လူထုရှေ့တွင် ဟောပြောလေ့ရှိကြပြီး သူတို့ကိုယ်ကို လူထု ရှေ့တွင် တင်ပြနိုင်ကြသည်။

၂။ မေးမြန်းမှုကို ကြိုတင် သုတေသနပြုထားရမည်။ ဤပုဂ္ဂိုလ်များ ထဲမှ အများစုသည် မေးမြန်းမည့် အကြောင်းအရာများနှင့် ပတ်သက်၍ ကောင်းမွန်စွာ သိရှိထားသော ဝါရင့်ပုဂ္ဂိုလ်များထံမှ မေးခွန်းများကို မျှော်လင့်ထားတတ်ကြသည်။

၃။ ထိုပုဂ္ဂိုလ်များစွာသည် နှုတ်ပြောသမိုင်း မေးမြန်းမှုပုံစံနှင့် မရင်းနှီးမကျွမ်းကျင်ဖူး သောကြောင့် လည်းကောင်း၊ အသံဖမ်းမှတ်တမ်းတင်ထားသော အရာကို အနာဂတ်တွင် မည်ကဲ့သို့ အသုံးပြုမည်ကို သံသယ ဝင်သောကြောင့်လည်းကောင်း နှုတ်ပြောသမိုင်းမေးမြန်းမှုကို လက်ခံပြောကြားရန် အကြံ ဉာဏ်ကို အယုံအကြည်မရှိကြ။

၄။ ဤ ပုဂ္ဂိုလ်များထဲမှ များစွာသောသူတို့၏ လက်ရှိအလုပ်၊ စိတ်ဝင်စားသောအရေးကိစ္စများတွင် တက်တက်ကြွကြွပါဝင် လုပ်ဆောင်နေဆဲဖြစ်၍ မေးမြန်းမှုလက်ခံရန် အချိန်သတ်မှတ်ရာတွင် အခက်ခဲရှိကြသည်။ မကြာခဏ နှောင့်နှေးကြန့်ကြာခြင်း၊ ရက်ချိန်းရွှေ့ခြင်း၊ မေးမြန်းမှုလုပ်ရန် ဖျက် သိမ်းလိုက်ခြင်း ပြုလုပ်တတ်ကြသည်။

၅။ သင့်အနေဖြင့် မေးမြန်းမှုများ လုပ်ဖြစ်အောင် ဇွဲဖြင့် စိတ်ရှည်ရှည်ထား၍ ချဉ်းကပ်ရမည်။ သို့ သော် သူတို့ကို နှောင့်ယှက်ခြင်းမဖြစ်စေရ။

၆။ ပြုလုပ်မည့် မေးမြန်းမှုအကြောင်းပမာဏ တွေ့ဆုံရှင်းလင်း ဆွေးနွေးခြင်းကို ကြိုတင်၍ တစ်ကြိမ်မျှ လုပ်နိုင်လျှင်ကောင်းပါသည်။

၇။ မေးမြန်းမှုလုပ်နေစဉ် မကြာခဏ ကြားဖြတ်အစီအစဉ်များ ၊ အာရုံပြောင်းသွားခြင်းများ ကြုံရတတ်သည်။ အကောင်းဆုံးမှာ သူတို့သက်တောင့်သက်သာရှိသော သူတို့၏ နေရာပတ်ဝန်းကျင် တွင် တွေ့ဆုံ၍ မေးမြန်းမှုလုပ်ခြင်းဖြစ်သည်။

၈။ သတိထားရမည့် **sensitive topic** အကြောင်းအရာခေါင်းစဉ်များကို မေးလျှင်၊ ပုံသေအဖြေမျိုး၂ သာရရှိလိမ့်မည်။ ကိုယ်ရေးကိုယ်တာ ကိစ္စအတွေ့ အကြုံများသည် တစ်ခါ တစ်ရံလန်းဆန်းမှု ပေးနိုင်သော်လည်း၊ လူမှုရေး လူထုအရေးနှင့်ဆိုင်သော အဖြေများသည် ခြောက်ကပ် ကပ် ဖြစ်နေတတ်သည်။

၉။ အများစုမှာ မေးမြန်းသူများက ချုပ်ကိုင်သော သဘောမျိုး မေးခွန်းများ ကြားဖြတ်မေးခြင်း မျိုးတို့ကို မနှစ်သက်တတ်ကြ။ သို့ဖြစ်၍ မေးခွန်းလိုသော ခေါင်းစဉ်များစာရင်းကို ပြုစုထားရန် အရေး ကြီးသည်။ ယေဘုယျသဘော ချဉ်းကပ်၍ သင့်လျော်သော အချက်ရောက်လျှင် သင်လိုချင်သော ခေါင်းစဉ်ဘက်သို့ ပါးနပ်စွာဆွဲယူပါ။

# နှုတ်ပြောရိုးရာအစဉ်အလာစီမံကိန်းအတွက် လူတွေ့မေးမြန်းရာတွင် ဖြစ်ပေါ်တတ်သော ကိစ္စများ

နှုတ်ပြောရိုးရာအစဉ်အလာ အသံဖမ်းမှတ်တမ်းတင်ခြင်းသည် နှုတ်ပြောသက်သေနှင့် နှုတ်ပြောသမိုင်း စီမံကိန်းများနှင့် မတူဘဲ နားထောင်သူ ပရိသတ် အဖြစ်သာ ပါဝင်ရသော်လည်း သရုပ်ပြဆောင်ရွက်သူအနေဖြင့် ပရိသတ်နှင့် မှတ်တမ်းတင်ခြင်းတွင် ပါဝင်ပတ်သက်သော အရေးကြီးသည့်အချက်များ ရှိပါသည်။ နှုတ်ပြောရိုးရာ များကို အသံဖမ်း မှတ်တမ်းတင်ခြင်းနှင့် ဆက်နွယ်သော စီမံကိန်းအများတွင် အဓိက အသံဖမ်းမှတ်တမ်းတင်သော အလုပ် ပြီးဆုံးပြီးနောက် နားထောင်သူနှင့် ပြောပြသူတို့အကြား မှတ်တမ်းတင်ခြင်း နောက်ဆက်တွဲ ဆောင်ရွက်ချက်များ အတွက် အသုံးစရိတ်ကို ထည့်စဉ်းစားရမည်။ အသံဖမ်းမှတ်တမ်းတင်ထားသော

အကြောင်းအရာများကို ဘာသာပြန်ရန်၊ အနက်ဖွင့် ကျမ်းကိုးကားရန်နှင့် ရှင်းလင်းဖော်ပြရန် လိုအပ်ပါမည်။ ဤနောက်ဆက်တွဲ အင်တာဗျူးများတွင် ယခင်က ပြောဆိုပြီးသော အကြောင်းအရာများထဲမှ အများစုကို မေးမြန်းဆွေးနွေးလျှင် ဆီလျော်ပါမည်။ သို့ရာတွင် အခြားအကျိုးရှိသော အကြောင်းအရာအချက်အလက်များကိုလည်း ထည့်သွင်း စဉ်းစားသင့်ပါသည်။

**Jan Vansina** အကြံပြု တင်ပြသော အောက်ဖော်ပြပါအချက်များသည် အသံဖမ်းမှတ်တမ်းတင်သော ပတ်ဝန်းကျင်အခြေအနေတွင် လွှမ်းမိုးတတ်သည့် အကြောင်းအရာများ ကို သတိရစေရန် အထောက်အကူ ပြုပါမည်။[၂၄]

အကြံပြုဝေဖန်ချက်များသည် ယဉ်ကျေးမှုသဘောကို ထုတ်ဖော်ပြောဆိုသည့် နှုတ်ရိုးရာအဆိုပုံစံများ နိုင်ငံရေးသဘောဆောင်လာသော မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားလူမျိုးစုငယ်များအတွက် အထူး ဆီလျော်ပါသည်။

> ထုံးတမ်းဓလေ့ကို အသံဖမ်းတိတ်ခွေတွင် မှတ်တမ်းတင်ခြင်း၊ စာရွက်ပေါ်တွင် ရေးချမှတ်တမ်းတင်ခြင်း ပြုလုပ်သောအခါ သက်သေခံချက် ဖြစ်လာသောကြောင့် ထူးခြားသည့်အခြေအနေကို ဖန်တီးလိုက်သည်။ ပြောဆိုသူသည် သတင်းပေးသူဖြစ်လာသည်။ သတင်းပေးသူသည် သူ၏နယ်ခံရွာသားများ မည်ကဲ့သို့တုံ့ပြန်မည်ကို ထည့်သွင်းစဉ်းစားရမည်။ သူတို့မည်ကဲ့သို့ပြုလုပ်မည်ဟူသောအချက်သည် အရေးကြီးကြောင်း သိထားရမည်။ သတင်းပေးသူသည် ရလာသောသက်သေခံချက်များကို မည်ကဲ့သို့ အသုံးချမည်ကို စဉ်းစားရမည်။ ပိုမိုကျယ်ပြန့်သော ဇာတ်ခုံပေါ်သို့ ရောက်လာသောကြောင့် ထိုအခြေအနေမျိုးတွင် အကြောင်းအရာအသစ်များ ပေါ်ပေါက်လာတတ်သည်။ ငွေပေးချေခြင်း၊ ဒေသခံအာဏာ ပိုင်များ၏ ဩဇာမှကျော်လွန်၍ အစိုးရအာဏာပိုင် များနှင့် သင့်မြတ်ရန် ချဉ်းကပ်ခြင်း၊ လူတွေ့မေးမြန်းသူ၏ အသိပညာသာလွန်မှုကို ယုံကြည်ခြင်း စသော အချက်အားလုံးသည် ပိုမိုကျယ် ပြန့်သော ဇာတ်ခုံနှင့်ဆက်နွယ်နေသည်။ သတင်းပေးသူ၏ အပြုအမူသည် သုတေသီက ပုံစံသွင်းသည့်အပေါ်တွင် များစွာမူတည်နေသည်။

ပြောပြသူနှင့် နားထောင်သူကြားတွင် ပညာရေးအဆင့်အတန်း နှိုင်းယှဉ်ရသော အချက်နှင့်ဆက်နွယ်သည့် ပြဿနာတစ်ခုရှိသည်။ မြန်မာနိုင်ငံရှိ လူထုအသိုင်းအဝိုင်းတွင် နှုတ်ပြောယဉ်ကျေးမှုဓလေ့နှင့် နှုတ်ပြောရိုးရာ အစဉ်အလာကို ကျွမ်းကျင်၍ အတွေ့ အကြုံရှိသူများသည် ရပ်ရွာတွင် အဆင့်အတန်းမရှိကြ။ စာမတတ်၊ အတန်းပညာမရှိ၊ ဖွံ့ဖြိုးတိုးတက် မှုမရှိကြ၊ ဤအကြောင်းကို ဤလက်စွဲစာအုပ်၏ အစပိုင်းတွင် ဆွေးနွေးဖော်ပြပြီး ဖြစ်သည်။ ဤအချက်သည် အဓိကအခက်ခဲနှစ်မျိုးကို ဖြစ်စေနိုင်သည်။

(၁) ရပ်ရွာလူထုအသိုင်းအဝိုင်းကို ကိုယ်စားပြု၍ ဤကိစ္စများကို ပြောဆိုရန် တာဝန်ရှိသည်ဟု သတ်မှတ်ခံရသူ ဝေါဟာရပညာရှင် အနည်းငယ်ကိုသာ ရရှိမည်။ ဤပုဂ္ဂိုလ်များသည် မိမိတို့ဘာသာ စူးစမ်းလိုစိတ်ကြောင့် ဝါသနာအရ သုတေသနပြု၍ နှုတ်ပြောရိုးရာဓလေ့များအကြောင်း သိကျွမ်းလာသောဝေါဟာရပညာရှင်များ ဖြစ်ကြသည်။ သို့ရာတွင် ထိုသတင်းပေးသူများသည် အကြောင်းအရာအားလုံးကို နက်နက်နဲနဲ တတ်ကျွမ်းခြင်း မရှိတတ်ကြ။ သူတို့သည် ရပ်ရွာတွင် ပြောရေးဆိုခွင့်ရှိလာကြသောကြောင့် အခြားပုဂ္ဂိုလ်များအပေါ်တွင် သူတို့လောက် ကျယ်ကျယ် ပြန့်ပြန့် မသိနားမလည်ဟု မြင်တတ်ကြသည်။ ထိုပုဂ္ဂိုလ်များကို ပညာအဆင့်နိမ့်သူများ၊ မတောက်တခေါက် သာသိသူများဟု ထင်မြင်တတ်ကြသည်။ ဤအဖြစ်မျိုးကိုရှောင်ရန် လို အပ်သည်။

(၂) မြန်မာနိုင်ငံတွင် လူတစ်ဦးတစ်ယောက်၏ ပညာရေးအဆင့်အတန်းသည် အခြားဆက်ဆံရေးများ စွာအတွက် အရေးကြီးရာ သတင်းပေးသူ အချို့တို့သည် ခေတ်ပညာမတတ်သောကြောင့် မိမိကိုယ်မိမိ ယုံကြည်မှုကင်းမဲ့ကြသည်။ သို့ဖြစ်၍ အကြောင်းအရာ တစ်ခုအပေါ် မိမိဘာသာ အနက်ဖွင့်ခြင်း မပြုကြ။ သူတို့၏ အဖြေကို သုတေသီက မမှန်ဟု သတ် မှတ်ခံရမည်ကို အလွန်စိုးရိမ်ကြသည်။

[24] *Oral Tradition as History*, Vansina J., EAE, Nairobi, 1985, pp. 110-111

သုတေသီ တလွဲနားလည်သော အချက်ကို ထောက်ပြရန် တွန့်ဆုတ်တတ်ကြသည်။ ဤသို့သော အကြောင်းအရာများကြောင့် သတင်းပေးသူနှင့် သုတေသီတို့အကြား အပြန်အလှန် ယုံကြည်စိတ်ချမှုကို တည်ဆောက်နိုင်သည့်အချိန်ထိ ပြောင်ပြောင်တင်းတင်း ဝေဖန်ခြင်း အခြားနေရာတို့၌ ထွက်ဆို သော ရိုးရာအစဉ်အလာများနှင့် နှိုင်းယှဉ်ခြင်းတို့ကို ရှောင်ရမည်။

## လူတွေ့မေးမြန်းခြင်း ပုံစံအမျိုးမျိုး

အောက်ပါအကြံပြု ဝေဖန်တင်ပြချက်များသည် နှုတ်ပြောသမိုင်းများ၊ သက်သေခံချက်များနှင့် ရိုးရာအစဉ်လာဓလေ့များကို သုတေသန ပြုလုပ်ရန် ဆီလျော်ပါသည်။[၂၅] နှုတ်ပြောအစဉ်အလာကို အသံဖမ်းမှတ်တမ်းတင်ပြီး သည့်တိုင်အောင် နောက်ပိုင်း တွင် ထို ရိုးရာအစဉ်အလာအပေါ် ပြောပြသူ၏ အနက်ဖွင့်ချက်ကို ရယူရန်လိုသေးသည်။ ဤသို့ပြုရာတွင် အလွန်သတိပြု၍ ပါးပါးနပ်နပ် မေးခွန်းမေးပြီး ရယူသင့်သည်။ ထို့ကြောင့် နှုတ်ပြောသုတေသနများကို လေ့လာရာတွင်မေးခွန်းမေးခြင်း၊ ဖြေဆိုခြင်းတို့ ရောပါရှိရာ ဤအကြောင်းကို ယခုဆွေးနွေးပါမည်။ မေးမြန်းခြင်းဟူသော စကားလုံးကို အခြေအနေအရ အမေးအဖြေပြုခြင်းတစ်ခုလုံး အတွက် သုံးပါမည်။

နှုတ်ပြောသမိုင်းနှင့် နှုတ်ပြောသက်သေခံချက် အကြောင်းစုံစမ်းရာတွင် စီမံကိန်း၏ ရည်ရွယ်ချက်ပေါ် မူတည်၍ သတင်းအချက်အလက်ရယူရန် ချဉ်းကပ်နည်းအမျိုးမျိုး ရှိသည်။ ဥပမာ –

- လူပုဂ္ဂိုလ်တစ်ဦးချင်း၏ ဘဝအတွေ့အကြုံကိုယ်ရေးရာဇဝင်များ – (လူတစ်ဦးတစ်ယောက်၏ တစ်သက်တာ အခန်းကဏ္ဍအလိုက် )
- အကြောင်းအရာတစ်ခုခုအပေါ် အဓိက အာရုံစိုက်၍ တွေ့ဆုံမေးမြန်းခြင်း – လူတစ်ဦးတစ်ယောက်၏ အတွေ့အကြုံများကို အခြေခံ၍ သူ၏ အလုပ်အကိုင်အခြေအနေ၊ အဖြစ်အပျက်တစ်ခုခု၏ အကျိုးသက်ရောက်မှု၊ တိုက်ပွဲနှင့် ပြောင်းရွှေ့စုစည်းခံရခြင်းကြောင့် ကြုံတွေ့ရသောအရာများ
- အဖွဲ့လိုက်ဆွေးနွေးခြင်း

လင်မယားနှစ်ဦး မှအစ အသက်အရွယ်အမျိုးမျိုး အလုပ်အကိုင်အမျိုးမျိုးမှ လူများနှင့်တွေ့ဆုံဆွေးနွေးခြင်း အရေးကြီးဆုံးအချက်မှာ ပြောပြသူတိုင်းသည် သီးခြားပုဂ္ဂိုလ်ဖြစ်၍ အဖိုးတန်ဆုံး သတင်း အချက်အလက်သည် သူတို့ကိုယ်တိုင်တွေ့ကြုံရသော နှုတ်ပြောသတင်းများဖြစ်ကြောင်း မမေ့အပ်။ သို့ဖြစ်၍ မေးမြန်းမှုတစ်ခုနှင့် တစ်ခုမတူနိုင်။ မေးခွန်းတစ်မျိုးတည်းသုံး၍ မရ။ နှုတ်ပြောသမိုင်းစီမံချက်တွင် ဆင်တူမေးခွန်းပုံစံများရှိမည်။ အခြေခံအချက်အလက်များ ရယူရာတွင် သုံးသောမေးခွန်းများနှင့် ခေါင်းစဉ်တစ်ခုကို ရှုထောင့်အမျိုးမျိုးမှ ရှုမြင်မှုကို မေးသောမေးခွန်းပုံစံများဖြစ်သည်။ သို့သော် မေးမြန်းသူတွင် ပြောပြသူ၏ အတွေ့အကြုံပေါ်တွင် မူတည်၍ မေးမြန်းရမည်။

### ဘဝအတွေ့အကြုံများကို လူတွေ့မေးမြန်းခြင်း

ဘဝအတွေ့အကြုံကို မေးမြန်းမှုလုပ်ခြင်းသည် မေးသူနှင့် ပြောပြသူတို့ တစ်ဦး ချင်းတွေ့ဆုံ မေးမြန်းခန်း ဖြစ်သည်။ အချို့သော အခြေအနေများတွင် တစ်ဦးချင်း တွေ့ဆုံမေးမြန်းရန် မဖြစ်နိုင်။ အထူးသဖြင့် အမျိုးသမီးများနှင့်

---

[25] The information in this section is an amalgamation from Panos publications ‘Giving Voice’and ‘Listening for Change.’

တစ်ဦးချင်းတွေ့ဆုံမေးမြန်းခြင်းကို ယဉ်ကျေးမှုက ခွင့်မပြု။ အခြားသော အခြေ အနေများတွင် လုံးဝမဖြစ်နိုင်။ မေးမြန်းသူသည် မေးမြန်းမှုလုပ်ရသည့်အခြေအနေက ပြောဆိုသော အချက်အပေါ် အကျိုးသက်ရောက်မှုကို သိထား၍ မှတ်စုတွင် ရေးမှတ်ထားရမည်။ ပျမ်းမျှအားဖြင့် ကိုယ်တွေ့ ဇာတ်လမ်း တစ်ခုလျှင် ၂ပိုင်း ၃ပိုင်းခွဲ၍ လုပ်ရသည်။ စုစုပေါင်း ၁နာရီမှ ၈ နာရီကြာတတ်သည်။ အားလပ်ချိန်ခြား၍ မေးမြန်းမှုလုပ်ခြင်းဖြင့် ပြောပြသူများကို အချက်အလက်များ ပြန်သတိရစေ၍ အတိတ်မှ အဖြစ်အပျက်များကို အစီအစဉ်အတိုင်း မှတ်မိပြီး ဖေါ်ထုတ်စေနိုင်သည်။ မေးမြန်းမှုကို အပိုင်းပိုင်းခွဲခြင်းဖြင့် ပြောပြသူက တစ်ကြိမ်တည်းနှင့် အကြောင်းအရာအားလုံး စုပြုံပြောရသည့်အဖြစ်မှ လွတ်ကင်း သက်သာစေသည်။

မေးမြန်းမှုအပိုင်းတစ်ခုတွင် ပေါ်ပေါက်လာသော အကြောင်းအရာများကို ပြောပြသူက ပြန်လည်သုံးသပ်ပြီး အခြားအကြောင်းအရာ ခေါင်းစဉ်တစ်ခုသို့ ကူးပြောင်းနိုင်သည်။ မေးမြန်းသူ ကိုယ်တိုင်ကလည်း ကြားဖြတ် အနားယူချိန်ကြောင့် အကျိုးခံစားနိုင်သည်။

ကိုယ်တွေ့ဇာတ်လမ်းကို လူတွေ့မေးမြန်းခြင်းသည် မိမိအကြောင်းအရာကို အခြားသူ များအား တစ်ကြိမ်မျှ မဖွင့်ဆိုခဲ့ဖူးသော ပြောပြသူအတွက် နာရီအနည်းငယ်အတွင်း မိမိဘဝ ဇာတ်ကြောင်းပြောပြရသော အတွေ့အကြုံကြောင့် အကျိုးထူးခံစားရလိမ့်မည်။ လူအများစုအနေဖြင့် သူတို့၏ ဘဝဇာတ်ကြောင်းများကို အပြည့်သဘော အကောင်းသဘောဖြင့် စိတ်လှုပ်ရှားမှုအပြည့်ဖြင့် ပြောပြရခြင်းမှ ကျေနပ်မှုရရှိကြမည်ဖြစ်သော်လည်း နားထောင်သူအနေဖြင့် သူတို့ဖြေဆိုသော နောက်ဆုံးပိုင်းအထိ စိတ်သက်တောင့်သက်သာဖြင့် ဖြေဆိုနိုင်ရန် စီစဉ်ပေး၍ မိသားစုနှင့် မိတ်ဆွေများက သူတို့လိုအပ်သော အထောက်အပံ့ကို ပေးရမည်။

ဘဝကိုယ်တွေ့ဇာတ်လမ်းတွေ့ဆုံမေးမြန်းခြင်း၏ အကျိုးထူးများအနက် တစ်ခုမှာ လူတစ်ယောက်၏ ဘဝအတွေ့ အကြုံကို စီးပွားရေး လူမှုရေးအခြေအနေအမျိုးမျိုးကို ဖြတ်သန်း၍ နောက်ကြောင်းလိုက်ရခြင်းဖြစ်သည်။ ဤသို့ပြု လုပ်ရာ၌ ထိရောက်စွာဆောင်ရွက်နိုင်ရန် မေးမြန်းသည့်အကြောင်း အရာခေါင်းစဉ်များ cross-section ကြား ညှပ်ထောက်၍ မေးမြန်းမှုလုပ်ရန်လိုသည်။ အစပိုင်းတွင် ကိုယ်ရေးရာဇဝင် အချက်အလက် အကျဉ်း ကို ရယူပြီး ပြောပြသူ၏ အမည်၊ မွေးဖွားရာဇာတိနှင့် ရက်စွဲ၊ အသက်မွေးဝမ်းကျောင်း၊ အလုပ်အကိုင်၊ သူ၏မိဘ များနေရပ်၊ မိဘများ၏ အလုပ်အကိုင် သူတို့၏ မိသားစုဝင်များအကြောင်း မေးယူရမည်။

ဤအချက်အလက်များနှင့် အခြားမေးခွန်းများမေးခြင်းဖြင့် နှစ်ဦးနှစ်ဖက်ရင်းနှီးမှု မိတ်ဆက်ခြင်းအပိုင်းကို တည် ဆောက်နိုင်သည်။ ဘဝ၏အတွေ့အကြုံ ဇာတ်လမ်း၏ အခြားခေါင်းစဉ်များကို အပိုင်း ၃ပိုင်းခွဲခြားနိုင်သည်။ (၁) မိသားစုအကြောင်းနှင့် ငယ်စဉ်ဘဝ (၂) အသက်မွေးဝမ်းကျောင်းအလုပ်အကိုင် (၃ )အိမ်ထောင်သည်ဘဝ နှင့် လူမှုဆက်ဆံရေးဘဝဟူ၍ ခွဲမေးနိုင်သည်။

ကိုယ်တွေ့ဘဝဇာတ်လမ်းအတွက် ခေါင်းစဉ်များ

မိသားစုအခြေအနေနှင့် ငယ်စဉ်ဘဝ

- မိသားစုနောက်ခံသမိုင်း ၊ ဘိုးဘွားများ၊ မိဘ၏ဆွေမျိုးရင်းချာများနှင့် သူတို့၏ လွှမ်းမိုးမှု
- မိဘများသူတို့လာသောအရပ်၊ သူတို့၏ အသက်မွေးဝမ်းကျောင်းအလုပ်၊ သူတို့၏ကဏ္ဍ၊ အရည်အသွေး၊ ပြောပြသူနှင့် ဆက်နွယ်မှု
- ညီအစ်ကို မောင်နှမများ ၊ မိတ်ဆွေများအကြောင်း၊ ကလေးများ၏တာဝန်၊ ကစားကွက်များ၊ အားလပ် ချိန် များ
- နေ့စဉ်ဘဝ၊ အိမ်ထောင်စုဝင်များ အစားအသောက်၊ အိမ်တွင်းလုပ်ငန်း
- နေ့ထူးနေ့မြတ် ပွဲလမ်းသဘင် ၊ မင်္ဂလာဆောင်၊ အသုဘ၊ အခြားပျော်ပွဲ ရွှင်ပွဲများ
- ဒေသခံပထဝီအနေအထား ၊ ကျေးရွာ၊ မြို့ ၊ မြေပိုင်ဆိုင်ခွင့်၊ အများပြည်သူနှင့် ဆိုင်သော မြေကွက်၊ ဈေး၊ စည်းဝေးနေရာများ၊ အိမ်နီးချင်းများ၊ အရေးကြီးပုဂ္ဂိုလ်များနှင့် စိတ်ဝင်စားစရာ ဇါတ်ကောင်များ
- လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာဘဝ၊ ဘာသာရေး၊ နိုင်ငံရေး၊ ပညာရေး၊ အရေးကြီးသောဆက်ဆံရေး၊ သြဇာလွှမ်းမိုးမှု၊ ရည်မှန်းချက်များ။

အလုပ်အကိုင်

- အိမ်တွင်းအိမ်ပြင် အသက်မွေးဝမ်းကျောင်း အလုပ်များ၊ မွေးမြူရေး၊ စိုက်ပျိုးရေး၊ အသက်မွေးလုပ်ငန်း ကျွမ်းကျင်သော စီးပွါးရေးလုပ်ငန်း၊ ပုံမှန်ရုံးအလုပ်၊ ပုဂ္ဂလိကလုပ်ငန်း၊ ကျပန်း၊ လုပ်အားခရသောအလုပ်၊ လခမရသောအလုပ်
- အလုပ်အကိုင်ကျွမ်းကျင်မှုသင်ယူရရှိပုံ၊ အလုပ်ခွင် ပတ်ဝန်းကျင်အခြေအနေ၊ လုပ်ကိုင်ရသောလုပ်ငန်းနှင့် ပတ်သက်သောအရာ မည်သူနှင့်အလုပ်လုပ်သည်။ ပုံမှန်အလုပ်ခွင်သင်တန်း၊ လုပ်ရင်းသင်ရင်း တတ်မြောက်ခြင်း၊ အလုပ်သင်အစမ်းခန့်
- အသက်မွေးဝမ်းကျောင်း အလုပ်အကိုင် အပြောင်းအလဲရှိ/မရှိ၊ မည်သည့်အကြောင်းကြောင့် အလုပ်ပြောင်းရသည်၊ အလုပ်ခွင်တွင် အောင်မြင်မှုနှင့်ဆုံးရှုံးမှု
- ဝင်ငွေရနိုင်သောအခြားအလုပ်အခွင့်အလမ်းများ–ဥပမာ လက်မှုပညာ၊ ပန်းပု၊ ခြင်းတောင်းယက်လုပ်ခြင်း၊ အရက်ချက်ခြင်း၊ ကုန်ကူးခြင်း
- အလုပ်လုပ်သောနေ့များ – ရာသီအလိုက်ခြားနားသည်။
- အလုပ်အကိုင်ပေါ်တွင် လွှမ်းမိုးသော အချက်များ – လမ်းညွှန်သူ၊ လုပ်ဖော်ကိုင်ဖက်များ၊ မိတ်ဆွေများ၊ ရန်သူများ
- အလုပ်နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ – စုပေါင်းသမဝါယမအသင်းများ၊ သာမန်အဖွဲ့အစည်းများ၊ အလုပ်နှင့်ဆက်နွယ်နေသော လူမှုရေးဘဝ၊
- အလုပ်အကိုင်အပေါ် အကျိုးသက်ရောက်စေသော အဓိကပြောင်းလဲမှုများ – ပတ်ဝန်းကျင်၊ စက်မှုလုပ်ငန်း၊ နိုင်ငံရေး စသည်တို့ပြောင်းလဲခြင်း၊

အိမ်ထောင်ရေးနှင့်လူမှုရေးဘဝ

- ဇဟိုချက်ကျသော အဓိကဆက်ဆံရေး လူလွတ်၊ အိမ်ထောင်သည်၊ ပြတ်စဲကွာရှင်း၊ မုဆိုးဖို၊ မုဆိုးမ၊ တစ်လင်တစ်မယားစံနစ်၊ အိမ်ထောင်ဘက်တစ်ဦးထက်ပိုယူသောစံနစ်၊ ဘဝကြင်ဖော်ရှာဖွေတွေ့ဆုံခြင်း၊ သူတို့၏ နောက် ကြောင်းနှင့် အသက်မွေးဝမ်းကျောင်းအလုပ်၊ လက်ထပ်မင်္ဂလာပွဲ၊ အိမ်ထောင်ဦးစီး မျိုးဆက်

တာဝန်ယူခြင်းနှင့် လွဲပြောင်းပေးခြင်း၊ ငွေနှင့်အရင်းအနှီးများကို မည်သူထိန်းချုပ်သည် – အလုပ်တာဝန်ခွဲဝေခြင်း၊ ဆုံးဖြတ်ချက်ချခြင်း အိမ်ထောင်ပြုရန်မျှော်လင့်ခြင်းနှင့် စံနမူနာအိမ်ထောင်ပြုခြင်း၊ မိသားစုအိမ်၊ သားသမီးများ ကလေးမွေးခြင်း၊ သားသမီးဦးရေ ကန့်သတ်ခြင်း၊ ကလေးများပြုစုပျိုးထောင်ခြင်း၊ နမူနာမိဘတာဝန်ယူခြင်း၊ ချစ်ခင်မြတ်နိုးမှုနှင့် စည်းကမ်း၊ သားသမီးများအတွက် မျှော်မှန်းချက်များ၊ အိမ်ထောင်ဘက် သေဆုံးခြင်းနှင့်၊ မိသားစုဝင် များကွယ်လွန်ခြင်း၊ အိမ်ထောင်မရှိ အပျိုလူပျို သို့မဟုတ် သားသမီး မထွန်းကားလျှင်၊ မိမိတို့ကိုယ်တိုင် ထိုသို့ ရွေးချယ်သလား၊ သို့မဟုတ် အခြေအနေအရဖြစ်သလား၊ ဤသို့သားသမီးမရသည့်အပေါ် အခြားသူများက မည်ကဲ့သို့ သဘောထားကြသနည်း။

- အားလပ်ချိန်လှုပ်ရှားမှုများ ဝါသနာလုပ်ငန်း၊ မိတ်ဆွေများနှင့် အချင်းချင်း ပေါင်းသင်းဆက်ဆံရေး၊ တေးဂီတ၊ ပြဇာတ်၊ အက၊ ပုံပြောခြင်း၊ ဘာသာရေးပွဲများ၊ ယဉ်ကျေးမှုပွဲလမ်းသဘင်၊ ဖျော်ဖြေမှုများ၊ ဒေသခံအဖွဲ့အစည်း များ၊ ကလပ်အဖွဲ့အစည်းများ၊ ရပ်ရွာအိမ်နီးချင်း၊ အသက်အရွယ်ကြီးရင့်ခြင်း၊ အဖိုးအဖွါးဖြစ်လာခြင်း၊ အခြား အခွင့်အရေးများ၊ တာဝန်များ၊ အသက်အရွယ်ကြီးရင့်လာသောကြောင့် ရရှိလာသော အခွင့်အလမ်းများနှင့် အခက်အခဲများ၊

## မိသားစုမျိုးရိုးစဉ်ဆက်သမိုင်းဆိုင်ရာအမေးအဖြေများ

ဘဝဇာတ်လမ်း မေးမြန်းမှုလုပ်နေစဉ် ပြောပြသူသည် သူ၏ ယခုမျိုးဆက်မှ အိမ်ထောင်စုဝင် များစွာတို့ အကြောင်း ဖော်ပြလိမ့်မည်။ ထိုပုဂ္ဂိုလ်များက ပြောပြသူအပေါ်တွင် အကျိုးသက်ရောက်မှုနှင့်ပတ်သက်၍ ထည့်ပြောခြင်းဖြစ်ပေမည်။ ထိုပုဂ္ဂိုလ်များအကြောင်းကို ပြောပြသူ၏ အမြင်ဘက်မှ ပိုမိုပြည့်စုံစွာ ဖော်ပြရန် မေတ္တာရပ်ခံနိုင်သည်။ ဤမေးမြန်းခြင်းနည်းကို မိသားစုဝင်များအကြောင်း မေးခြင်းဟု ခေါ်သည်။

ကုလသမဂ္ဂ အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ်ရုံးမှနေ၍ အိန္ဒိယနိုင်ငံ ကေရာလ ပြည်နယ်တွင် လုပ်ဆောင်သော စီမံကိန်းတစ်ခုကို နမူနာအဖြစ် တင်ပြပါမည်။ ဤစီမံကိန်း၏ ရည်ရွယ်ချက်မှာ ယခင်နှစ်ပေါင်း ၃၀ ခန့်က ပြုလုပ်ခဲ့သော ဖွံ့ဖြိုးရေးစီမံကိန်းတစ်ခု၏ အကျိုးသက်ရောက်မှုကို လေ့လာဖော်ထုတ်ရန်ဖြစ်သည်။ ထိုစီမံကိန်းသည် အမျိုးသမီးထုကို တိုက်ရိုက်ဦးတည်ခြင်း မပြုခဲ့သော်လည်း အဆိုပါစီမံကိန်းကြောင့် အမျိုးသမီးများဘဝတွင် ထူးခြားစွာ အကျိုးသက်ရောက်မှုများရှိခဲ့သည်။ ထိုဒေသရှိ အမျိုးသမီး ၃၀ ဦးကို နမူနာအဖြစ် ရွေးချယ်ပြီးလျှင် လွန်ခဲ့သော နှစ်ပေါင်း၃၀ အတွင်း သူတို့၏ မိသားစုဝင်များ ယခင်မျိုးဆက်များ၏ အတွေ့အကြုံကိုထောက်၍ သူတို့ကိုယ်တိုင် တွေ့ကြုံခဲ့ရသော အဖြစ်အပျက် ဘဝ ဇာတ်လမ်းများကို သုံးခြင်းဖြင့်၊ သူတို့၏ အိမ်ထောင်မိသားစုများအကြောင်း ဖြစ်ရပ်မှန် လေ့လာ မေးမြန်းခြင်း ပြုခဲ့သည်။ အဖြေကိုကြည့်လျှင် နှစ်ပေါင်း ၃၀ အတွင်း အမျိုးသမီးများဘဝတွင် ကြိုတင်မမျှော် လင့်သော ပြောင်းလဲမှုများ ဖြစ်ပေါ်ခဲ့ကြောင်း ပြည့်ပြည့်စုံစုံ ပုံဖော်နိုင်ခဲ့သည်။ ဤ တွေ့ဆုံမေးမြန်း ခြင်းမျိုးသည် အချိန်ကြာတတ်သော်လည်း ပြောင်းလဲခြင်း အခြေအနေ အချက်အလက်များကို ပိုမိုဖော်ထုတ်နိုင်ခဲ့ သည်။
လူပုဂ္ဂိုလ်တစ်ဦး၏ ကိုယ်ရေးကိုယ်တာအချက်အလက် အသေးစိတ်ကို အာရုံပြုမည့်အစား ဖြစ်ပျက်ပုံ ဇာတ်ကြောကို လိုက်ရှာလျှင် ပို၍ အကျိုးဖြစ်ထွန်းမည်။

## အကြောင်းအရာတစ်ခုတည်းကိုဦးတည်၍ အမေးအဖြေပြုလုပ်ခြင်း

အကြောင်းအရာတစ်ခုတည်းကို မူတည်၍ မေးမြန်းမှုလုပ်ခြင်းကို လူတစ်ဦးချင်း တွေ့ဆုံမေးမြန်းနိုင်သည်။ သို့မဟုတ် အဖွဲ့လိုက်လည်း တွေ့ဆုံမေးမြန်းနိုင်သည်။ ပြောပြသူ၏ ဘဝထူးခြားသော အချက်ပေါ်တွင်

အာရုံစိုက်မေးမြန်းပါ။ ဤ မေးမြန်းမှုမျိုးသည် ကိုယ်တွေ့ဇာတ်လမ်းများထက် တိုတောင်းတတ်သော်လည်း ပိုအသေးစိတ်ပါသည်။ **Single issue interviews** များသည် အဖြစ်အပျက်တစ်ရပ်သို့မဟုတ် စုံစမ်းမှုတစ်ခုကို လေ့လာသိရှိမှုသို့မဟုတ် တွေ့ကြုံရမှုတစ်ခုအဖြစ် သင်ယူရာတွင် အဖိုး တန်သောအမြင်နှင့် အဓိကသင်ယူနည်းကို ရရှိစေနိုင်သည်။ ဥပမာ – မြေအသုံးပြုခြင်းနှင့် ရေသိုလှောင်ထိန်းသိမ်းခြင်း မည်သို့ကျင့်သုံးပုံကို လယ်သမားများအား မေးမြန်းနိုင်သည်။ သို့မဟုတ် တိုင်းရင်းဆေးဆရာများကို သဘာဝဆေး၊ ဆေးမြစ်၊ ဆေးရွက်ဆေးများသည် မည်သို့အသုံးပြုပုံကို မေးမြန်းနိုင်သည်။ ဤ မေးမြန်းမှုမျိုးပြုလုပ်ရာတွင် မေးမြန်းသူအနေဖြင့် ဆွေးနွေးမည့်အကြောင်းအရာ၏ နောက်ကြောင်း အခြေခံအချက်အလက်များကို အသေးစိတ်သိထားရန် လိုအပ်ပါသည်။

## နေ့စဉ်မှတ်တမ်း အမေးအဖြေပြုလုပ်ခြင်း

နေ့စဉ်မှတ်တမ်းကို လူတွေ့မေးမြန်းခြင်းနည်းသည် လူမှုရေးပညာရှင်များ အသုံးများသောနည်းဖြစ်သည်။ ဤနည်းတွင် လူမှုရေးအခြေအနေဖြစ်စဉ်မှု ဇာတ်ကြောင်းကို ရေရှည် နေ့စဉ်မှတ်တမ်းမှန်မှန် ရေးသူများကို နမူနာရွေးချယ်ရသည်။ ဤသို့လေ့လာရာတွင် ထိုရွေးချယ်ထားသော ပုဂ္ဂိုလ်များအား သတ်သတ်မှတ်မှတ် အကြောင်းအရာတစ်ခုနှင့် ပတ်သက်၍ အစီရင်ခံစာ ရေးခိုင်းတတ်သည်။ သို့မဟုတ် ယေဘုယျ လူတိုင်း တွေ့ကြုံနေရကျ ကိုယ်တွေ့ဇာတ်လမ်းများကို ပိုမိုရှာဖွေတတ်သည်။ ပါဝင်ဖြေဆို ပြောပြသူများသည် နေ့စဉ်မှတ်တမ်းကို စာသားမှုဖြစ်စေ၊ နှုတ်မှထွက်ဆို ချက်ဖြစ်စေ၊ အသံဖမ်းမှတ်တမ်းတင်ရန် အချိန်ပေးကြရသည်။ မှတ်တမ်းများကို နေ့စဉ် အပတ်စဉ် လစဉ် နှစ်စဉ် မှန်မှန်ရေးသွင်း၍ သတ်မှတ်ကာလအတွင်းမှ အဖြစ်အပျက်များကို ဆန်းစစ်ကြည့်ရသည်။ တစ်နည်းအားဖြင့် နေ့စဉ်မှတ်တမ်းလူတွေ့မေးမြန်းခြင်း ပြုလုပ်ရာတွင် ရံဖန်ရံ ခါ အရေးကြီးသောအချက်တွင် ခေါ်ယူတွေ့ဆုံမေးမြန်း ခြင်းဖြင့် သက်သာစွာဆောင်ရွက်နိုင်သည်။ ဥပမာ – တောရွာ သမားရိုးကျ စိုက်ပျိုးရေး အကြောင်း လေ့လာသောအခါ ထွန်ယက်စိုက်ပျိုးရန် ပြင်ဆင်သောအချိန် ရိတ်သိမ်းချိန် စပါးနယ်ချိန် တို့ကိုထည့် တွက်ရမည်။ အခြားသာမန် ဘဝအတွေ့အကြုံများ မေးမြန်းခြင်း၊ ဘာသာရေးပွဲများ၊ ရှင်ပြု နားထွင်းစသော ပညာရေးအဆင့်ဆင့် သို့မဟုတ် အသက်မွေးဝမ်းကျောင်းဘဝများ အကြောင်းထည့်သွင်း စဉ်းစားရမည်။ ထို့ကြောင့် တွေ့ဆုံမေးမြန်းမှုလုပ်ခြင်း၏ ရည်ရွယ်ချက်မှာ အချိန်ကာလအပိုင်း အခြားတစ်ခုအတွင်း လူပုဂ္ဂိုလ်တစ်ယောက်၏ အတွေ့အကြုံ တိုးတက်မှုကို စုဆောင်းရန်ဖြစ်သည်။

## အဖွဲ့လိုက် အမေးအဖြေပြုလုပ်ခြင်း

အဖွဲ့လိုက် လူတွေ့မေးမြန်းခြင်းကိုလည်း စုဆောင်းရရှိနိုင်သည်။ တစ်ဦးချင်းတွေ့ဆုံမေးမြန်းခြင်းမှာ သဘာဝမကျ၊ လုပ်လေ့လုပ်ထ မဟုတ်လျှင် အဖွဲ့လိုက်၊ အုပ်စုလိုက်တွေ့ဆုံမေးမြန်းခြင်း၊ လူထုပရိသတ် စည်းဝေးကျင်းပ၍ အချက်အလက် စုဆောင်းမေးမြန်းခြင်းကို ဆီလျော်သလို ပြုလုပ်သင့်သည်။ အဖွဲ့အုပ်စုလိုက် ဆောင်ရွက်လျှင် အကောင်းဆုံးလည်းဖြစ်နိုင်သလို အဆိုးဆုံးလည်းဖြစ်နိုင်သည်။ တစ်ခါတစ်ရံ တစ်ဦးချင်းကိုဖယ်၍ တွေ့ဆုံဆွေးနွေးလျှင် ကန့်ကွက်ခြင်း လျော့ပါးနိုင်သည်။ သို့ရာတွင် ဆန့်ကျင်ဘက်လည်း အလွယ်တကူ ဖြစ်လာနိုင်သည်။

အဖွဲ့လိုက် တွေ့ဆုံလျှင် တစ်ဦးချင်း မဖော်ထုတ်လိုသော အကြောင်းအရာများကို လူအများလက်ခံနိုင်သော သက်သေခံအဖြစ် ရောက်အောင် တွန်းပို့နိုင်သည်။ သို့မဟုတ် အတိတ်ကဖြစ်ပျက်ခဲ့သောအရာများ သို့မဟုတ် ယခု လောလောဆယ်ဖြစ်နေသော အကြောင်းအရာများကို စံထားချက်အဖြစ် တွန်းပို့တတ်သည်။ ဤနည်းဖြင့် ရပ်ရွာလူထုမှ ရယူထားသော အဖြစ်အပျက်များသည် ရပ်ရွာ၏ ရှုပ်ထွေးသော ဖွဲ့စည်းပုံကို တလွဲအဓိပ္ပါယ် ဖွင့်ဆို

သော ပုံပြင်ဇာတ်လမ်းများ တည်ဆောက်ရန် စွမ်းအားအဖြစ် ပါဝင်နေတတ်သည်။ အဆိုးဆုံးမှာ ရပ်ရွာတွင် ကောင်းသောအချက်ကို မမြင်ပဲ ဒုက္ခရောက်သောအကြောင်းအရာများကိုသာ ချဲ့ထွင်မှတ်မိသော အသိမှားကို အဆက်မပြတ် ဖြစ်ပေါ်စေခြင်းဖြစ်သည်။

မိမိကိုယ်ကို သိပ်မယုံသောသူများ၊ ပို၍ ဆင်းရဲသောသူများနှင့် ဩဇာအာဏာမဲ့သူများ၏ လေသံကို မကြား ရတတ်၊ ထို့ကြောင့် ရပ်ရွာတွင်း၌ ပဋိပက္ခဖြစ်ခြင်း၊ ဆန့်ကျင်အငြင်းပွားခြင်း အတွေ့အကြုံများကို မကြားသိရပဲ ဖြစ်နေတတ်သည်။

သို့ရာတွင် အဖွဲ့လိုက် လူတွေ့မေးမြန်းခြင်းဖြင့် အဖွဲ့သားများအချင်းချင်း ပြောပြခြင်းကြောင့် အကျိုးဖြစ်ထွန်း နိုင်ပါသည်။ ဖြစ်ခဲ့သောအကြောင်းအရာများကို ပြန်လည်သတိရစေနိုင်သည်။ အချက်အလက်များမှန်မမှန် အချင်းချင်းထောက်ပြ၍ စစ်ဆေးနိုင်သည်။ ရှုထောင့်များကို စိန်ခေါ်ဆန်းစစ်နိုင်သည်။ အတိတ်က အငြင်းပွါးသော ကိစ္စရပ်များကို လက်ရှိအမြင်ဖြင့် ပြန်လည်ဆွေးနွေး ငြင်းချက်ထုတ်နိုင်သည်။ အဖွဲ့လိုက် တွေ့ဆုံမေးမြန်းခြင်းဖြင့် တွေ့ဆုံမေးမြန်းမှု ဦးဆောင်သူများ  စီမံကိန်းဝန်ထမ်းများနှင့် ရွာသူ ရွာသားများကြားတွင် ရင်းနှီးပွင့်လင်းမှုကို တည်ဆောက်နိုင်ပြီး သင့်လျော်ပါက တစ်ဦးချင်းတွေ့ဆုံမေးမြန်းနိုင်မှု ပြုရာတွင် လာရောက်ရန် အားပေးနိုင်သည်။

## မေးခွန်းများမေးခြင်း

တွေ့ဆုံမေးမြန်းခြင်း ၊ အသံဖမ်းမှတ်တမ်းတင်ခြင်း မပြုမီ အသုံးပြုမည့် မေးခွန်း များအကြောင်း စဉ်းစားရန်နှင့် ၄င်းမေးခွန်းများမှ သင်ရယူလိုသော အချက်အလက်များကို မည်ကဲ့သို့ရရှိစေမည့် အကြောင်း စဉ်းစားရန် အချိန်ယူရပါလိမ့်မည်။

## အဓိပ္ပါယ်ကို နှိုက်ယူရန် အသုံးပြုသည့် မေးခွန်းများ

ဤအလုပ်မျိုးတွင် သုတေသီ၊ တွေ့ဆုံမေးမြန်းသူအနေဖြင့် အဖြစ်အပျက် အပြောင်းအလဲများကို လူတွေ့နားလည်ခံစားသည့် အချက်ကို စိတ်ဝင်စားရန်လိုသည်။ အနည်းဆုံး အဖြစ်အပျက်များ၏ ပြောင်းလဲမှုကို စိတ်ဝင်စားရမည်။ လူများသည် အတိတ်ကာလအဖြစ်အပျက်များကို မည်ကဲ့သို့ အဓိပ္ပါယ်ကောက်ယူကြသနည်း။ သူတို့သည် ယခု ဖြစ်ပျက်နေသောဖြစ်ရပ်များကို မည်ကဲ့သို့အဓိပ္ပါယ် ကောက် အနက်ဖွင့်ကြသနည်း။ သူတို့သည် ထိုဖြစ်ရပ်များကို နည်းလမ်းတစ်ခုထက်မက ရှုထောင့် အမျိုးမျိုးမှ စဉ်းစားကြသလား။ ဖြစ်ရပ်များကို သူတို့မည်ကဲ့သို့ အနက်ဖွင့်ကြသနည်း။ ရှာဖွေရယူရန် အဓိကအချက်များမှာ

**တန်ဖိုးထားမှုများ**

**သိမြင်နားလည်မှုများ**

**အတွေ့ အကြုံများ**

**ဦးစားပေးလုပ်ငန်းများ**

ဤသဘောတရားများကိုဒေသခံစကားဖြင့် အမျိုးမျိုး ဖော်ပြကြမည်မှန်သော်လည်း ပြောပြသူကို မေးမြန်းသောအခါ တစ်ခါတစ်ရံ ပြောပြသူနားရှုပ်သွားလျှင်  သင်၏ သုံးသပ် ချက်နှင့် နည်းစနစ်ကို ရှင်းပြနိုင်ရန် အားထုတ်နိုင်ပါက အလွန် ကောင်းပါမည်။ အချို့ မေးခွန်းမျိုးများသည် ဤ သတင်းအချက်အလက်များကို ရယူစေနိုင်သည်။ များစွာသောမေးခွန်းများကို နောက်ဆက်တွဲ လုပ်ငန်းမေးခွန်းအဖြစ်သုံးနိုင်ပြီး၊ ပြောပြသော သတင်းပါ အဖြစ် အပျက်၏ အဓိပ္ပါယ်နှင့် ထူးခြားချက်များကို ဆက်လက်စူးစမ်းရှာဖွေရန် အသုံးပြုနိုင်သည်။

ဤမေးခွန်းမျိုးများ သည် ဘာကြောင့်၊ ဘယ်သူက၊ ဘာကို၊ ဘယ်သူ့ကို၊ ဘယ်အချိန်မှာ၊ ဘယ်လို၊ ဘာကြောင့် ဘယ်သူနှင့် ပြုလုပ် သည် ဟူသော မေးခွန်းများဖြစ်၍ ဟုတ်ကဲ့၊ မဟုတ် ဟူသော အဖြေထက် ရှည်လျားသော အဖြေများကို ရရှိစေ သည်။

- ဘာကြောင့် ဒီဥစ္စာဖြစ်ရသလဲ ။ ဒါနဲ့ပတ်သက်လို့ ဘယ်လိုခံစားရသလဲ။
- ဒီဥစ္စာရဲ့အဖြေဟာ ဘာကြောင့် ဒီလိုဖြစ်တယ်လို့ သင်ထင်ပါသလဲ။ ၄င်းက သင့်ကို ဘယ်လို အကျိုးသက်ရောက်မှုရှိစေသလဲ။
- သင်ရဲ့ ဆုံးဖြတ်ချက်ကို ဘာကြောင့် ချသလဲ။ ၄င်းသည် အဘယ်မျှခက်ခဲသနည်း။

## မေးခွန်းပုံစံအမျိုးမျိုး

အောက်ဖော်ပြပါ မေးခွန်းပုံစံအမျိုးအစားများသည် အင်္ဂလိပ်မေးခွန်းများကို ဘာသာပြန်ဆိုထားခြင်း ဖြစ်သည်။ ဘာသာစကားနှင့် သဒ္ဒါ မတူညီခြင်းကို မစိုးရိမ်ပါနှင့်။ မေးခွန်း၏ လုပ်ဆောင်ချက်ကို အာရုံစိုက်ပြီး သင်ရယူလိုသော အချက်အလက်များကို ရယူရန် အထောက်အကူပြုမည့်ဘက်မှ ဆီလျော်မည့်အချက်ကို စဉ်းစားပါ။ ထို့နောက် သင် မေးမြန်းမှုလုပ်မည့် ဘာသာစကားနှင့် မည်ကဲ့သို့ဆက်နွယ်နေကြောင်းစဉ်းစားပါ။ ဥပမာ– သင် မေးမြန်းမှုလုပ်ရာတွင် အသုံးပြုသော ဘာသာစကားသည် မေးခွန်းပြုလုပ်လျှင် မေးခွန်း လက္ခဏာ များစွာ ပါဝင်ကောင်း ပါဝင်နေမည်။ ဤမေးခွန်းလက္ခဏာများသည် အင်္ဂလိပ်ဘာသာဖြင့် မေးခွန်း မေးသည်ထက် ပိုမို၍ သင်၏မေးခွန်းလေသံကိုလည်းကောင်း၊ သင်ရှာဖွေသော အချက်အလက်အပေါ်လည်း ကောင်း လွှမ်းမိုးနေ တတ်သည်။

### လွတ်လပ်စွာဖြေဆိုနိုင်သောမေးခွန်းများ

သင်၏ မေးခွန်းအများစုသည် ဤမေးခွန်းမျိုး ဖြစ်သင့်သည်။ ဤမေးခွန်းမျိုးသည် ပြောပြသူအား ဆွေးနွေးချက် ခေါင်းစဉ်ကို ချဲ့ထွင်ရန်နှင့် သူ၏အမြင်၊ အနက်ဖွင့်ချက်များ ဖော်ပြရန် တိုက်တွန်းအားပေးပါသည်။ ဤမေးခွန်းမျိုးသည် ပြောဆိုသူကို မည်သည့်အဖြေမျိုးပေးရမည်ဟု မမျှော်လင့်။ တိုက်ရိုက်အဖြေများ ပေးရန်လည်း လမ်းညွှန်မှုမပေး။

ဥပမာ– ဒါနဲ့ပတ်သက်လို့ သင်ဘယ်လိုခံစားရသလဲ။

စစ်သားများက သင့်ကိုဘယ်လိုဆက်ဆံခဲ့ကြသလဲ။

### ကန့်သတ်ပိတ်ဆို့သော မေးခွန်းများ

နှိုင်းယှဉ်ကြည့်ပါရန်
အဲ့ဒီနောက် သင်ထွက်ခွါသွားပါသလား။

အဲ့ဒီဆုံးဖြတ်ချက်နဲ့ပတ်သက်လို့ ဘယ်လိုခံစားခဲ့ရသလဲ။
( ပိုရှည်ပြီး တွေးတော သုံးသပ်သော အဖြေကို တောင်းပါ။ )

ပထမမေးခွန်းတွင် ဟုတ်ကဲ့၊ မဟုတ် ဟူသော အဖြေမျိုးကိုသာရရှိရန် မျှော်လင့်နိုင်သည်။ တစ်ခါတစ်ရံ ပြောပြသူက ပိုမိုရှည်လျားသော သတင်းအချက်အလက်ကို ပေးတတ်သော်လည်း အကယ်၍ ပြောပြသူက

ထင်သလောက် ပွင့်ပွင့်လင်းလင်း ပြောထွက်မလာလျှင်၊ အဆိုပါ မေးခွန်းမျိုး မေးလိုက်ခြင်းဖြင့် တွေ့ဆုံ ဆွေးနွေး မှုကို ရပ်ဆိုင်းသွားစေတတ်သည်။ သင်သည် Closed question ခေါ် ပိတ်ဆို့ကန့်သတ်သော မေးခွန်းမျိုးမေးပါက သင်ရယူလိုသော သတင်းအချက်အလက်ကို ဖေါ်ထုတ်နိုင်မည့် နောက်ဆက်တွဲ မေးခွန်းများ အမြဲထားရှိသင့်သည်။

ဥပမာ သူ့ကို သင်ယခင်က တွေ့ခဲ့ဖူးသလား။ (ဟုတ်၊ မဟုတ် )

သူ့ကိုစတွေ့လျှင် တွေ့ချင်း သူ့အပေါ် ဘယ်လိုမြင်သလဲ။

**ရေလာမြောင်းပေးမေးခွန်းများ**

ဤမေးခွန်းမျိုးသည် အဖြေတစ်ခုခုကို ကြိုတင်မျှော်လင့်ပြီး မေးသောမေးခွန်းဖြစ်ကာ ပြောပြသူအနေဖြင့် အကြောင်းအရာတစ်ခုကို မိမိဘာသာဖြင့် တွေးတောခြင်း မဟုတ်ဘဲ မေးခွန်း၏ အကြံပြုချက်အတိုင်း တုန့်ပြန်တတ်သည်။ ဥပမာ –

စစ်သားများက သင့်ကို ကြမ်းကြမ်းဆက်ဆံကြသလား။
စစ်သားများက သင့်ကို ဘယ်လိုဆက်ဆံကြသလဲ။

**မေးခွန်းနှစ်ခုတွဲကို မေးခြင်း**

တချိန်တည်းမှာ မေးခွန်းနှစ်ခုကို မေးခြင်းမှာ မေးခွန်းတစ်ခုကို ရှုပ်ထွေးအောင် လုပ်ခြင်းဖြစ်သည်။ သာမန်အား ဖြင့် မေးခွန်းတစ်ခုကိုသာ ကောင်းမွန်စွာ ဖြေဆိုနိုင်သည်။ တစ်ခါတစ်ရံ ဤမေးခွန်းမျိုးသည် လူများကို စိတ်ရှုပ်ထွေးစေနိုင်ပြီး၊ မေးနေသော အချင်းအရာကို မလိုက်နိုင်ဟု ခံစားရပြီး အယုံအကြည် ကင်းမဲ့သွားစေတတ်သည်။

ဥပမာ

သင်ဘယ်တုန်းက အိမ်ထောက်ကျပြီး၊ သင်၏ယောက်ကျားက ဘာလုပ်ခဲ့သလဲ။ (မေးခွန်းနှစ်ခုကို တစ်ပြိုင်တည်းမေးထားသည်။)

**အခြားမေးခွန်းအမျိုးအစားများနှင့် မေးခွန်းမေးနည်းများ**

အနုစိတ်မေးခွန်းများသည် အမည်တစ်စုံတစ်ခု၊ နေရာတစ်ခုခု၏ အသေး စိတ်အချက်အလက်များကို သိလိုသောအခါ မေးသောမေးခွန်းဖြစ်သည်။ သွယ်ဝိုက်သော မေးခွန်းများသည် အကြောင်းအရာ တစ်ခုခုကို တိုက်ရိုက်ဆက်နွှယ်နေသော နည်းလမ်းဖြင့်မေးရန် မဖြစ်နိုင်သောအခါသုံးသော မေးခွန်းမျိုးဖြစ်သည်။ ဥပမာ – တိုက်ရိုက်မေးခြင်းကြောင့် အကြောင်းအရာတစ်ခုကို ခက်ခဲသောအခြေအနေသို့ တွန်းပို့ရာ ရောက်နိုင်သောအခါ မျိုးတွင် သို့မဟုတ် အကြောင်း အရာတစ်ခုသည် ကိုယ်ရေးကိုယ်တာနှင့် ပတ်သက်နေ၍ ဆွေးနွေးရန်ခက်ခဲစေနိုင် သောအခါမျိုးတွင် သွယ်ဝိုက်သော မေးခွန်းမျိုးသုံးရသည်။ ဤအကြောင်းအရာမျိုးကို တတိယပုဂ္ဂိုလ်အပေါ် အခြေ ခံ၍ ဆွေးနွေးရသည်။ ဥပမာ – သင်ဘိန်းရောင်းသလား – ဟုမေးချင်သည့်အခါ၊ တစ်ချို့တောင်သူများ ဘိန်းရောင်း ကြောင်း ကြားရတယ်။ သင်ဘယ်လိုထင်မြင်သလဲ၊ – ဟု မေးနိုင်သည်။ ၊ သင်ဆွေးနွေးတင်ပြလိုသော အဆိုတစ်ခုကို ကြားနေလေသံ သဘောပေါက်အောင် ပြုလုပ်ခြင်းဖြစ်ပြီး၊ အဆိုပါအကြောင်းအရာနှင့် ပတ်သက်၍ ပြောပြသူ၏ သဘောထားအကြံကို မေးမြန်းတောင်းခံခြင်းပင်ဖြစ်သည်။ ဆွေးနွေးသော အကြောင်းအရာ ခေါင်းစဉ်ကို လိမ္မာပါးနပ်စွာ ပြောင်းလိုလျှင် ဤနည်းကို သုံးနိုင်သည်။ သတိထားကိုင်တွယ်ရမည့်ကိစ္စကို ဆွေးနွေးလိုလျှင် sanctioning ဟူသော တာဝန်လွှဲချခြင်းနည်းကို သုံးနိုင်သည်။ လူထုက နာခံခက်သောဓလေ့၊ ယုံကြည်ချက်နှင့် ကျင့်သုံးမှုတစ်ခုခုကို သင်နားလည်ကြောင်း အသိအမှတ်ပြုပြီး၊ ၄င်းကိစ္စအပေါ် ပြောပြသူ၏ အကြံဉာဏ်နှင့် အတွေ့အကြုံကို မေးမြန်းခြင်းဖြစ်သည်။

## လူတွေ့မေးမြန်းရန် အထောက်အကူပစ္စည်းများ

တစ်ခါတစ်ရံ အကြောင်းအရာအချက်အလက်များနှင့် မှတ်မိသမျှအရာများကို ဖော်ထုတ်ရန် နှုတ်ဖြင့် မေးရုံမက အခြားနည်းများကိုလည်းသုံးရန် လိုအပ်သည်။ သို့ဖြစ်၍ သင့်သည့် မေးမြန်းမှု အထောက် အ ကူ ပစ္စည်းနှင့် မှတ်ဉာဏ်အထောက်အကူနည်းများကို အချက်အလက်စုဆောင်းခြင်း၏ တစ်စိတ်တစ်ဒေသအဖြစ် အသုံးပြုနိုင်သည်။

## ရုပ်ဝတ္ထုပစ္စည်းများနှင့် ပုံစံတူပစ္စည်းများ

အချက်အလက်များကို ပြန်လည်မှတ်မိသတိရရန် အခက်ခဲရှိနေသော ပြောပြသူအကြောင်း မေးမြန်းရန် အတွက် ထိုရပ်ရွာဒေသမှ တွေ့ရှိနိုင်သော အထောက်အကူပစ္စည်းများကို အသုံးပြုနိုင်သည်။ ဥပမာ – သူတို့ထံတွင် ပြသ ထားသော ဓာတ်ပုံများနှင့် ပန်းချီကားချပ်ရုပ်ပုံများရှိလျှင် ထိုအရာများအကြောင်းကို မေးမြန်းနိုင်သည်။ ရုပ်ဝတ္ထုပစ္စည်းများဖြစ်သော ရှေးသုံးကိရိယာတန်ဆာပလာများ ၊ ရိုးရာဝတ်စုံများ၊ ပုံတူပစ္စည်းပုံစံငယ်များ ရှိလျှင် အသေးစိတ်သတင်းများကို ဖော်ထုတ်နိုင်သည်။ တောင်သူလယ်သမားတစ်ဦးသည် ထွန်ယက်ကိရိယာများကို ကိုင်တွယ်၍ ရှင်းပြလျှင် သက်တောင့်သက်သာ ပြောဆိုနိုင်လိမ့်မည်။ ဒုက္ခသည် အနေဖြင့် သူ၏နေအိမ်ဓါတ်ပုံကို ကြည့်၍ ရှင်းပြရန် ပိုမိုလွယ်ကူလိမ့်မည်။သို့ရာတွင် အထောက်အကူပစ္စည်းများကို သတိထားရွေးချယ်တတ်ရမည်။ ထိုသို့မဟုတ်လျှင် ထိုအထောက်အကူပစ္စည်းများက ပြောပြသူကို အာရုံလွှဲပြောင်းစေပြီး တွေ့ဆုံမေးမြန်းမှု၏ နက်ရှိုင်းသော သဘောကို လက်လွှတ်သွားစေလိမ့်မည်။ စကားပြောသူကို သတ်မှတ်ထားသော အချိန်တစ်ခုအတွင်း အာရုံစိုက်စေရန် အထောက်အကူပြုသော ရပ်ရွာဆွေးနွေးဝိုင်းသုံး ရုပ်ဝတ္ထုပစ္စည်းများနှင့် လုပ်ငန်းစဉ်အဆင့်များ ရှိတတ်သည်။ ဤနည်းများကို အဖွဲ့လိုက် တွေ့ဆုံမေးမြန်းခြင်းတွင် အသုံးပြုနိုင်သည်။ ဥပမာ – အမြဲတမ်းလိုလို ငြိမ်ငြိမ်ထိုင်၍ မေးမြန်းသောနည်းကိုသုံးရန် မလို။ တစ်ခါတစ်ရံ မထင်မှတ်သော နေရာဒေသမျိုးတွင် မေးမြန်းမှု လုပ်ခြင်းဖြင့် လိုအပ်သောအကြောင်းအရာအချက်အလက်များကို ရရှိစေနိုင်သည်။

## အမြင်အာရုံအသုံးပြုနည်းများ

အချို့အမြင်အာရုံသုံးနည်းများ (**visual techniques**) သည် လူများ၏ အတိတ်ကာလ အတွေ့အကြုံကို ထုတ်ဖော်ပြောပြခိုင်းရန်၊ အတိတ်ကာလက အပြောင်းအလဲများနှင့် သူတို့၏ ရပ်ရွာအကြောင်း သာမန် အမေးအဖြေမျိုးထက်ပို၍ သက်တောင့်သက်သာဖြင့် ပြောပြခိုင်းရန် အထောက်အကူပြုနိုင်သည်။ အထူးသဖြင့် ဤစာအုပ်တွင် ဖော်ပြထားသော အသေးစိတ် လူတွေ့မေးမြန်းခြင်းနှင့် မရင်းနှီးသော ရပ်ရွာအသိုင်းအဝိုင်းတွင် ဖြစ်ရပ်မှန်လေ့လာရန် ဤနည်းကို သုံးသင့်သည်။ အလွယ်ကူဆုံးနည်းတစ်ခုမှာ စာရွက်ပေါ်တွင် မြေပုံကြမ်းရေး ဆွဲခြင်း၊ မြေကြီးပေါ်တွင် တုတ်ချောင်းဖြင့် မြေပုံရေးဆွဲပြခြင်းနည်းဖြစ်သည်။ ဤနည်းသည် ပတ်ဝန်းကျင်အခြေအနေ ရေမြေအသုံးပြုသော ဂေဟဗေဒဆိုင်ရာ အကြောင်းအရာများနှင့် ယခင်က မြေအသုံးချခြင်းကို ရှင်းပြရန်အတွက် သင့်လျော်ပါသည်။

ဤနည်းနှင့် ဆက်နွယ်နေသော နည်းတစ်ခုမှာ နေရာဒေသအမည်များကို အမေးအဖြေ သုတေသန အထောက် အကူအဖြစ် အသုံးပြုခြင်းဖြစ်သည်။ အထူးသဖြင့် ဘိုးဘွားပိုင်မြေ၊ အမည်များကို အသုံးပြုခြင်းကို ပိုင်ဆိုင် မှုနှင့် ဆက်နွယ်မှုကို ဖော်ပြသော သင်္ကေတအဖြစ် တွေ့ရသည်။ မြန်မာနိုင်ငံအတွင်းမှ လူမျိုးစုငယ် များအကြား အလွန်သင့်လျော်သောနည်းဖြစ်သည်။

Panos Oral Testimony Programme စာအုပ်တွင် အောက်ပါနမူနာကို တင်ပြထားပါသည်။


**နေရာရပ်ရွာအမည်များ**

မြေတိုင်းသုတေသန ကွင်းဆင်းလေ့လာရေး (Land mapping survey) တွင် မြေကွက်နေရာများ၏ အမည်သမိုင်းသည် အလွန်အချက်အချာကျသောအရာဖြစ်သည်။ ဤကွင်းဆင်းလေ့လာခြင်းများသည် ရှုပ်ထွေး၍ ချဉ်း ကပ်နည်းတစ်ခုနှင့်တစ်ခု မတူကြပါ။ သို့ရာတွင် လူများကို မြေပုံကြမ်းရေးဆွဲခိုင်းခြင်း၊ မြေအသုံးပြုခြင်း၊ နေရာ၏အမည်များကို ဖေါ်ပြခြင်း (စိုက်ပျိုးမြေ၊ အမဲလိုက်သည့်နေရာ၊ ရေဝေကုန်းတန်း၊ ရေတွက်ရာအရပ်များ) ကိုဖော်ပြခိုင်းခြင်း၊ သူတို့ခေတ် မြေအသုံးပြုပုံနှင့် ဖြစ်နိုင်ပါက သူတို့၏ ဘိုးဘွားများလက်ထက် မြေအသုံးပြုပုံ အားလုံးကို ဖော်ပြခိုင်းခြင်းတို့ အဓိကပါဝင်သည်။ ဤသို့ နှုတ်ဖြင့် ဖော်ပြချက်များကို စုဆောင်းရရှိသော အချက် အလက်အထောက်အထားများသည် ထိုဒေသခံလူများအနေဖြင့် ယခုခေတ်မြို့ပြ ဥပဒေအရ ပိုင်ဆိုင်ခွင့်မရှိသော် လည်း သူတို့ အမှန်တကယ်ရရှိထိုက်သော အခွင့်အရေးဖြစ်ကြောင်း ထွက်ဆိုချက်များကို ထောက်ခံမှုပေးလျှက်ရှိ သည်။


နှုတ်ပြောသမိုင်း စီမံကိန်းတစ်ခုတွင် ဤသို့သော လူထုပြောသည့် သမိုင်းများကို အာရုံ စိုက်ရန် အလွန်အရေးကြီးသည်။ နေရာအရပ်ဒေသ၏ အမည်များသည် အတိတ်ဇာတ်ကြောင်းကို ဖော်ထုတ်ပေးတတ်သည်။ ထို့ကြောင့် နေရာ၏ အမည်နှင့် ထိုအမည်၏ အဓိပ္ပါယ်ကို မေးပါ။ နေရာအမည်များသည် –

- ပထဝီသွင်ပြင်အနေအထားကို ဖော်ပြသည်။ ဥပမာ – တောင်ကုန်း၊ လွင်ပြင်၊ လူလုပ်ပထဝီသွင်ပြင် အနေ အထား
- လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကို အစွဲပြု၍ နေရာ၊ ရပ်ကွက် ၊ ရပ်ရွာအမည်ခေါ်ဝေါ်ခြင်း
- အဖြစ်အပျက်တစ်ခုခုကို အကြောင်းပြု၍ နေရာ၊ ရပ်ရွာအမည် ခေါ်ဝေါ်ခြင်း
- ထိုအရပ်တွင်တွေ့ရှိရသော အရာဝတ္ထုတစ်ခုခုကို အစွဲပြု၍ နေရာအမည် ခေါ်ဝေါ်ခြင်း
- ထိုအရပ်ထိုနေရာတွင် အမြဲပြုလုပ်လေ့ရှိသော အကြောင်းအရာပေါ်မူတည်၍ ခေါ်ဝေါ်ခြင်း

တစ်ခါတစ်ရံ နေရာဒေသတစ်ခုခုတွင် အပြောင်းအလဲဖြစ်မှုသည် ထိုနေရာ၏ အမည်တွင် ထင်ရှားတတ်သည်။ ဘော့စ်ဝါနာ Botswana နိုင်ငံ San လူမျိုးများနှင့် ဆွေးနွေးပွဲပြုလုပ်စဉ်က သူတို့ပထမဦးဆုံး Gantsii ဟု သိထားသော နေရာတစ်ခုအကြောင်း ပြောပြကြသည်။ အဓိပ္ပါယ်မှာ ဝိုင်းဝန်းသောတင်ပါးဟု ဆိုလိုရာတွင် ထိုအရပ်တွင် အစားအသောက်ပေါများခြင်းကို ဖော်ပြသည်။ ယခုအခါတွင် San လူမျိုး၏အမြင်မဟုတ်သော Tswana ဘာသာစကားအရ Gantsii ဟူသောအမည်ကို ယင်ကောင်ပေါများသောအရပ်ဟူ၍ Bushmen လူမျိုးများ နှင့် သူတို့နေထိုင်သောဒေသကို ရှုတ်ချသောသဘောဖြင့် ခေါ်ဝေါ်ကြသည်။




'Life Map' drawn by Marsha Lowery to assist the process of recalling significant events in her life [http://www.usu.edu/oralhist/marshal/html].




A 'Life Map' drawn by Shelley Fowles [http://www.usu.edu/oralhist/shelleyf.html].

## လူတွေ့မေးမြန်းခြင်းနှင့်အသံဖမ်းမှတ်တမ်းတင်ခြင်း

နှုတ်ပြောသုတေသနတွင် အမြဲတမ်း အသံဖမ်းစက်သုံးရန်မလိုပါ။ သို့ရာတွင် အသံဖမ်းစက်ရနိုင်လျှင် အလွန်ကောင်းပါသည်။ အသံဖမ်းတိပ်ခွေနှင့် ကက်ဆက်ကိုသုံးလျှင် ကျွမ်းကျင်မှုလို အပ်၍ လူတွေ့မေးမြန်းသူက အသံဖမ်းစက်ကိရိယာနှင့် ရင်းနှီးမှုရှိရန် ကြိုတင်အသံဖမ်း လေ့ကျင့်ခြင်းပြုလုပ်ရန်အရေးကြီးသည်။

လူတွေ့မေးမြန်းရာတွင်သုံးရန် ဓါတ်ခဲအလုံအလောက် ရှိမရှိ စစ်ဆေးရမည်။ အားပြန်သွင်းနိုင် သော ဓါတ်ခဲမျိုးသုံးနိုင်လျှင် ကောင်းသည်။ မြန်မာနိုင်ငံအခြေအနေမျိုးတွင် လျှပ်စစ်မီးအခက်အခဲရှိတတ်သော်လည်း၊ လျှပ်စစ်မီးမရသောကြောင့် အလုပ်မဖြစ်ဟုမဆိုရာ။ အားပြန်သွင်းနိုင်သော ဓါတ်ခဲမျိုးကိုသုံးလျှင် အသံဖမ်းကိရိယာ သုံးနိုင်ရန် အားပြန်သွင်းနေရခြင်းကြောင့် ကြန့်ကြာမှုမရှိစေရန် ဂရုစိုက်ရမည်။ စက်ကိရိယာတိုင်းကို အသုံးမပြုမီ ချက်ချင်းစမ်းသပ်မှုပြုလုပ်ပါ။ ဈေးတွင် ကက်ဆက်အမျိုးမျိုးရောင်းပါသည်။ အသံဖမ်းစက်အသစ်ကို ဝယ်နိုင်သောငွေအင်အားရှိလျှင် ကက်ဆက်အတွင်း အသံဖမ်းမိုက်ခွက် ဖွဲ့စည်းတည်ဆောက်ထားသော ကက်ဆက်မျိုးကို ရှောင်နိုင်ပါက ကောင်းပါမည်။ အသံဖမ်းမိုက်ခွက်ကို သီးသန့်တပ်ဆင်နိုင်သော ကက်ဆက် မျိုးကိုဝယ်ပါ။ ရုပ်ရှင်ရုံတွင်းပုံမှန် သတင်းပို့ချရာတွင် အမြဲအသုံးပြုသော မိုက်ခွက်များကို ရုပ်ရှင်ရုံ အသင်းတော် သို့မဟုတ် ဘာသာရေးအဖွဲ့များမှ ငှားရမ်းအသုံးပြုနိုင်ပါမည်။သို့ရာတွင် ကတ်ဆက်တွင် အသံဖမ်းထည့်သွင်း ထားသော အသံဖမ်းကိရိယာမျိုးလည်း အသုံးပြုနိုင်ပါသည်။ ထိုကိရိယာမျိုးသည် ကရိကထ နည်းတတ်ပါသည်။ အသံဖမ်းကိရိယာ မည်မျှပင် ကောင်းမွန်သော်လည်း မေးမြန်းသူက နောက်ခံအသံပလံများကို မဖယ်ရှားနိုင်လျှင် အသံဖမ်း မှတ်တမ်းတင်ထားခြင်းသည် အရည်အသွေးနိမ့်ပါလိမ့်မည်။ အသံဖမ်းကိရိယာ ကို အမြဲစစ်ဆေး၍ တစ်ပိုင်းကို အစမ်းပြန်ဖွင့်ကြည့်ပါ။ အသံဖမ်းကိရိယာကို ဝယ်ယူရာတွင် ဆူညံသံကို လျော့နည်းစေသော ခလုတ်နှင့် စတီရီယို အသံဖမ်းခလုတ်ပါသော ကိရိယာကို ဝယ်နိုင်လျှင် ပိုမိုကောင်းမွန်ပြီး စာသားပြန်ကူးရာတွင် ပိုလွယ်ကူပါမည်။ ဓါတ်ခဲ အားရှိမရှိကိုပြသော ဖန်သီး ပါရှိ မရှိ စစ်ကြည့်ပါ။ အသံထွက် နှင့် နားကြပ်ပါသော အသံဖမ်းစက်ကို ရွေးဝယ်ပါ။ ကက်ဆက်ခွေ ထိန်းကိရိယာပါလျှင် အလွန်အသုံးဝင်ပါသည်။ ၄င်းသည် အသံဖမ်းရာတွင်လည်းကောင်း စာသားဖြင့် ပြန်ကူးရေးရာတွင်လည်းကောင်း အထူးအသုံးဝင်သည်။ Panos အနေဖြင့် Sony TCM -495V နှင့် AIWA TPVS ၆၀၀ ကို အသံဖမ်းရာတွင် အသုံးပြုရန် အကြံ ပေးထားသည်။ ဤအသံဖမ်းစက်ကိရိယာများသည် ၁၉၈၉ – ၁၉၉၉ အတွက် ပုံစံများဖြစ်ပြီး နောက်ဆုံးပေါ် ပုံစံများကို အရောင်းကိုယ်စားလှယ်များထံ သွားရောက်မေးမြန်းစုံစမ်းနိုင်သည်။

သင် အသံဖမ်းထားသောအကြောင်းအရာကို အသံလွှင့်လိုလျှင် ပိုမိုကောင်းမွန်သော အသံဖမ်းစက် ကိရိယာ များသုံးရန် လိုပါမည်။ မည်သို့ဆိုစေ အသံဖမ်းမှတ်တမ်းတင်ထားပြီး အချက်အလက်များကို ပြန်လည်စိစစ် တည်းဖြတ်ရမည်ဖြစ်၍ တစ်နာရီခွဲ မေးမြန်းမှုလုပ်ထားသော အသံဖမ်းချက်ကို ၅မိနစ် အတွင်း အသံလွှင့်နိုင်သည်။ ဤအခြေအနေမျိုးတွင် ရွေးချယ်ပြီးသော အချက်များကို သပ်သပ်အသံပြန်လည်သွင်း နိုင်သည်။

မိနစ်၆၀ကြာ အသံဖမ်းရသော တိတ်ခွေမျိုးကိုသာ ရွေးချယ်ပါ။ ၄၅မိနစ်ကြာ အသံဖမ်းသော တိတ်ခွေများ ကို ဝယ်လျှင် ဈေးသက်သာသော်လည်း၊ ကူးရေးရာတွင် ထပ်ခါထပ်ခါ နောက်ပြန်လှည့်၍ ဖွင့်လျှင် တိပ်ခွေများ ဆန့်ထွက်လာခြင်း၊ ပြတ်သွားခြင်းဖြစ်တတ်သည်။ ထို့အပြင် မိနစ်၆၀ ခွေများသည် နာရီဝက်တိုင်း ကြားဖြတ်အနားယူ၍ ပြန်စစ်ဆေးရာတွင် လွယ်ကူသည်။ ပြောပြသူက ပြောသော အကြောင်းအရာပေါ်တွင် သင် အလွန်စိတ်ဝင်စားသောအခါ အချိန်မည်မျှကြာသွားသည်ကို သတိမထားမိပဲ ရှိတတ်သည်။ သင်ပြန်သတိရသော အခါ တိတ်ခွေသည် အချိန်အတော်ကြာကြာတုန်းက ကုန်ဆုံးသွားကြောင်း တွေ့ရတတ်ပြီး၊ ပြောပြသော အကြောင်း အရာ အတော်များများ ဆုံးရှုံးသွားတတ်သည်။ သင်၏ အသံဖမ်းတိပ်ခွေများကို မကြာခဏ မှန်မှန်စစ်ဆေးရန် မမေ့ပါနှင့်။ ပုံမှန်စကားပြောခန်း၏ ကြားဖြတ်နားနေချိန်များကို စစ်၍ သင့်လျော်သောအချိန်တွင် တိပ်ခွေတစ်ဖက်လှည့်ပါ။ သင်၏ အသံဖမ်းကိရိယာကြောင့် အာရုံပြောင်းလျှင် မေးမြန်းသူကို ဘေးဖယ်ထားသလို ဖြစ်တတ်ကြောင်း သတိပြုပါ။

သင်၏ အသံဖမ်းစက်ကိရိယာတွင် VOR ခေါ် Voice operated recording အစိတ်အပိုင်း ပါရှိလိမ့်မည်။ ဤစက်အစိတ်အပိုင်း ၏ရည်ရွယ်ချက်မှာ အသံတစ်ခုခုကို ပြုလိုက်လျှင် စက်ကို သွားစေရန်ဖြစ်သည်။ မူလ ရည် ရွယ်ချက်တွင် ဤစက်ကိုသုံးခြင်းဖြင့် အသံဖမ်းသောအလုပ် တွင်ကျယ်အဆင်ပြေရန် ဖြစ်သော်လည်း လက်တွေ့တွင်မူ အသံကို ချက်ခြင်း မတုံ့ပြန်နိုင်သောကြောင့် ဝါကျအစပိုင်းကို အသံမဖမ်းမိဘဲ ကျန်နေတတ် သည်။ ဤသို့ဖြစ်ခြင်းကို နောက်ပိုင်း စာသားဖြင့် ပြန်ကူးရေးသောအခါမှ တွေ့ရှိတတ်သည်။ သင်၏အသံဖမ်းကိရိယာမှ VOR ခလုတ်ကို ပိတ်ထားလိုက်ပါ။

**အဓိကအချက်များ**

၁။ စက်ကိရိယာများနှင့် ရင်းနှီးအောင် ကြိုတင်ကိုင်တွယ်စမ်းသပ်ထားပါ။ တိတ်ဆိတ်သော အိမ်တွင်း သို့မဟုတ် အိမ်ပြင်တစ်နေရာကို ရွေးပါ။ ဆူညံသောလမ်းမများ၊ မျက်နှာကျက်ပန်ကာများ၊ သစ်ရွက်သစ်ကိုင်း လှုပ်ရှားပွတ်တိုက်သံများကို ရှောင်ပါ။ အသံဖမ်းမိုက်ခွက်ကို လေအောက်ဖက်သို့ဦးတည်ပါ။
၂။ ဓါတ်ခဲအားနှင့် တိပ်ခွေမည်မျှကျန်ရှိသည်ကို ကြည့်ထားပါ။
၃။ သင်၏အသံဖမ်းကိရိယာကြောင့် အာရုံပြောင်းခြင်း အနှောင့်အယှက် မဖြစ်ပါစေနှင့်။
၄။ စကားပြောဆိုသော အစပိုင်းမှ အစိတ်အပိုင်းတို့ကို ပြန်ရစ်၍ ဖွင့်ပါ။ ပြောဆိုသူက အလိုရှိလျှင် သူ့ဘာသာသူ အသံဖမ်း၍ ပြန်ရစ်ပြီးဖွင့်ပါစေ။ ဤသို့ပြုလုပ်ခြင်းသည် တိတ်ဆိတ်မှုကို ဖြိုခွင်း၍ ရင်းနှီးမှုကို စတင်စေပြီး အသံဖမ်းရန် အနေအထားစိတ်ချရမှု ရှိ/မရှိ သေချာအောင် ပြုလုပ်ခြင်းဖြစ်သည်။

**အဓိကအချက်များ – နှုတ်ပြောသမိုင်းနှင့် နှုတ်ပြောသက်သေခံချက်များကို လူတွေ့မေးမြန်းခြင်းနှင့် အသံဖမ်း မှတ်တမ်းတင်ခြင်း**

- ပိုမိုကျယ်ပြန့်သော စီမံကိန်းအပေါ် သင်၏စိတ်ဝင်စားမှုနှင့် ပြောပြသူ၏ စိတ်ဝင်စားမှု နှစ်ခုကို မျှတအောင် သင်ထိန်းရလိမ့်မည်။ အဓိကအချက် အရည်အချင်းများမှာ စိတ်ရှည်သည်းခံခြင်း၊ စိတ်အားထက်သန်ခြင်းနှင့် အချိန်ပေးဆပ်တတ်ခြင်းတို့ဖြစ်သည်။
- သင်သည် မေးမြန်းမှုမစတင်မီ မေးမြန်းမည့် အကြောင်းအရာခေါင်းစဉ်များကို ကောင်းမွန်စွာ သိထားမှ သာ မေးမြန်းမှုလုပ်နေစဉ်အတွင်း၊ ခေါင်းစဉ်စာရင်းကို မကြာခဏ ပြန်ကြည့်နေရန် လိုမည်မဟုတ်။
- ယဉ်ကျေးမှုအရ သင့်လျော်သောနည်းဖြင့် တွေ့ဆုံမေးမြန်းခြင်း မပြုမီ အချိန်ယူပါ။ အလျင်စလို အသံဖမ်းမှတ်တမ်းတင်ခြင်း မပြုပါနှင့်။
- ပြောဆိုသူအနေဖြင့် မေးမြန်းမှု ရည်ရွယ်ချက် နှင့် အချက်အလက်များ သုံးရန် ရည်ရွယ်ချက်ကို နားလည်သဘောပေါက်ရန် ဆောင်ရွက်ပါ။ မေးမြန်းမှုသည် ကွင်းဆင်း လေ့လာခြင်းမဟုတ်ကြောင်း သူတို့သိသောအရာကို ပြောပြရန်၊ သူတို့၏အတွေးအခေါ် ၊ အကြံဉာဏ်များ ကို ပြောပြရန်ဖြစ်ကြောင်း ပြောပြသူများ ကောင်းစွာနားလည်အောင် ဆောင်ရွက်ပါ။
- အသံဖမ်းစက်ကက်ဆက်ကို ပုံမှန်အလုပ်လုပ်၊ မလုပ် စစ်ဆေး၍ အစမ်းဖွင့်ကြည့်ပါ။ မေးမြန်းခံသူနှင့် ရင်းနှီးမှုရရန် သူ၏အသံနှင့် သင်၏အသံကို ကတ်ဆက်မှ ဖွင့်၍ နားထောင်ခိုင်းပါ။
- ပြောပြသူ၏ အမည်ကို မှတ်တမ်းတင်ပြီး မှန်မမှန်စစ်ဆေးပါ။ (မင်းနာမည်ဘာလဲဟု မေးမည့်အစား အဲ့ဒီအကြောင်းကို ပြောနေတယ်၊ မဟုတ်လား၊ ခင်ဗျားရဲ့နာမည်ကို ကျွန်တော်အမှန်အတိုင်း အသံထွက်ရဲ့ လားဟုမေးပါ) ဤသို့ပြုခြင်းဖြင့် သူတို့ကို သင်ကသိကြောင်း ယုံကြည်စိတ်ချမှုရစေပြီး လိုအပ်ပါက အချိန်မရွေး သင့်ကို သူတို့ပြင်ပေးနိုင်ကြောင်း သိကြလိမ့်မည်။ တိပ်ခွေအစပိုင်းတွင် နာမည်၊ ရက်စွဲနှင့် နေရာကို အသံဖမ်းမှတ်တမ်းတင်ပါ။
- မေးမြန်းမှုလုပ်နေစဉ် မှတ်စုကို သိပ်မရေးပါနှင့်၊ ထိုသို့ပြုလျှင် အာရုံပြောင်းစေနိုင်ပြီး စကားပြောဆိုမှု အရှိန်ကို ပျက်စီးစေလိမ့်မည်။ မည်သို့ဆိုစေ၊ နောက်နောင်သင်က အစပြန်လည်ကောက်လိုသော အ ကြောင်း အရာ ကိစ္စကို သင်ရေးမှတ်လိုမည် သို့မဟုတ် အခြား မေးမြန်းမှုတွင် သုံးလိုသည့်အချက်များကို သင်ရေးမှတ်လိုပါမည်။ သင်မကြားဖူး၊ မရေးဖူးသော လူနာမည်များ၊ နေရာဒေသနာမည်များကို ရေးမှတ်လိုလျှင် ရှင်းရှင်းလင်းလင်းနှင့် စကားပေါင်းမှန်ကန်စွာ ရေးချရန်လိုအပ်ပါသည်။ အကြောင်းအရာ တစ်ခုနှင့် ပတ်သက်၍ ပြောပြသူက နှုတ်ဖြင့် မဖော်ပြလိုသောခံစားချက်၊ ထူးခြားသော **non-verbal communication** အသံမထွက်သည့် သတင်းဆက်သွယ်မှုရှိလျှင် ဤအချက်များကို မှတ်စုရေးက သင့်လျော်သည်။
- တိကျသောရက်စွဲများ ခရီးအကွာအဝေးနှင့် အချိန်တို့ကို ရရှိရန် မမျှော်လင့်ပါနှင့်။ ပုဂ္ဂိုလ်ရေးအရ သို့မဟုတ် ဒေသအခြေအနေအရ လက်ခံနိုင်လောက်သော ရက်စွဲ၊ ခရီးအကွာအဝေးနှင့် အချိန်ဖြစ်အောင် တည်ဆောက် ယူပါ။ မကြာခဏဆိုသလို ထူးခြားသော အဖြစ်အပျက်များသည် လူထုပရိသတ် မှတ်မိသောအချက်များ ဖြစ်နေတတ်သည်။ ဥပမာ – အဝတ်ဘေး၊ ရေလွှမ်းမိုးခြင်း ရက်စွဲများကို နောက်ပိုင်းတွင် ပိုမို တိကျအောင် စီစဉ်ယူနိုင်သည်။
- အကြောင်းအရာပါ နေရာဒေသကို မရင်းနှီးသောသူ တစ်ဦးဦးကို ကိုးကားလျှင် သတိထားပါ။ ဤသို့ကိုးကားရာတွင် နေရာ၊ အရပ်၊ ဒေသ၊ အမည်ရက်စွဲ၊ အသက်၊ သမိုင်းဝင်အဖြစ်အပျက်ကို ကိုးကားချက်၊ သို့မဟုတ် ဒေသခံဓလေ့ထုံးစံတို့ကို ကိုးကားချက်များ ထည့်ရေးပါ။ လိုအပ်ပါက မေးမြန်းမှုမပြီးဆုံးမီ ဤအကြောင်းအရာများကို ရှင်းပြရန် ပြောပြသူအား မေတ္တာရပ်ခံပါ။ သို့မဟုတ် အချက် အလက်များကို ရှင်းလင်းရန် နောက်ပိုင်းတွင် သူနှင့်သွားတွေ့ဖို့စီစဉ်ပါ။

- မေးမြန်းမှုကို အပြုသဘော အကောင်းဖက်မှ မှတ်စုဖြင့် အဆုံးသတ်ပါ။ ပြောပြသူကို ဝမ်းနည်းစရာ အကောင်းဆုံးအဖြစ်အပျက်များကို ပြန်သတိရအောင် မပြောပါနှင့်။ သူတို့ပြောသော အကြောင်းအရာများအပေါ် မည်သည့်အချက်များကို ထပ်မံဖြည့်စွက်ရန် လိုသလဲ ဟု မေးရန် မမေ့ပါနှင့်။ ဆွေးနွေးခဲ့ပြီးသော အကြောင်းအရာများတွင် မပါရှိသေးသော အကြောင်းအရာများထဲမှ ပျော်ရွှင်ကျေနပ်စွာ ပြောပြလိုသောအရာများကို ထပ်ပြောခိုင်းပါ။ ထွက်ခွါရန် မလောပါနှင့်။
- မေးမြန်းမှုပြီးလျှင် ပြီးချင်း မှတ်သားရန် လိုအပ်သောအချက်များနှင့် ရှင်းလင်းရန်လိုသောအရာ များကို မှတ်စုတွင် ရေးမှတ်ပါ။ ဤမှတ်စုများသည် သင်တွေ့မြင်ရသောအရာများနှင့် သင်ကြားခဲ့ရသော အချက်များမှ ထွက်ပေါ်လာသောအချက်ဖြစ်သည်။ ထိုမှတ်စုများတွင် နားလည်ရန် ခဲယဉ်းသော ရှေးဓလေ့ အသုံးအနှုန်း အခေါ်အဝေါ်များ၊ ရိုးရာထုံးစံများ၊ စကားအသုံးအနှုန်းများ စသည်တို့ ပါဝင်မည်ဖြစ်သည်။ သံသယရှိလျှင် မထွက်ခွါမီ ပြန်မေးပါ။ မမျှော်လင့်သော အရပ်သုံးမဟုတ်သော  သုံးနေကျမဟုတ်သော စကားအသုံးအနှုန်းများ၊ **technical terms** ခေါ် လုပ်ငန်းဆိုင်ရာ ဝေါဟာရများ၊ ပထဝီအနေအထားအခေါ်အဝေါ်အညွှန်းများ၊ ယဉ်ကျေးမှုနှင့် ပုဂ္ဂိုလ်ရေးအရ ထိုအရပ်ဒေသရှိ အခြားပုဂ္ဂိုလ်များအတွက် ရှင်းသားအရာများအကြောင်းကို ထပ်ရှင်းပြရန် ကြိုးစားပါ။ ဤရှင်းလင်းချက်ကို နောက်ပိုင်း တွင်  နောက်ဆက်တွဲအဖြစ် ဖော်ပြနိုင်သည်။
- မေးမြန်းမှုပြီးလျှင် ပြီးချင်း ပြန်လှန်သုံးသပ်ချက် အတိုချုပ် လုပ်နိုင်လျှင် အလွန်ကောင်းသည်။ ဤ ပြန်လှန် သုံးသပ်ချက်တွင် အသံ ဖမ်းတိပ်ခွေအကြောင်း အခြေခံမှတ်စုများ (အမည်၊ အသက်၊ နေရာ စသည်တို့) ထည့်သွင်းဖော်ပြပြီး အဓိက ဆွေးနွေးပြောဆိုချက်အပေါ် မှတ်စုရေးပါ။ ၄င်းတို့ **non - verbal communication** အသံမထွက်သော သတင်းဆက်သွယ်မှုနှင့် မြင်တွေ့ရသော အကြောင်းအရာများ ထည့်သွင်းနိုင် သည်။ သင့်လျော်ပါက မေးမြန်းမှုနှင့် ပတ်သက်သည့် ခံစားချက်ကိုလည်း ထည့်သွင်း ဖော်ပြ နိုင်သည်။ ဤ မှတ်စုသည် စီမံကိန်းကို ကြီးကြပ်ကွပ်ကဲ ရာတွင် အထောက်အကူ ဖြစ်စေနိုင်၍၊ စီမံကိန်း တိုးတက်အောင်ပြုလုပ်ရာတွင် ထောက်ကူပါသည်။ တွေ့ဆုံမေးမြန်းချက် အကျဉ်းချုပ်အတွက် အခြေခံသဘောတရားကိုလည်း ဖန်တီးပေးနိုင်လိမ့်မည်။
- မေးမြန်းမှုပြီးလျှင်ပြီးချင်း စာသားဖြင့် ကူးရေးခြင်းကို ပြုလုပ်ပါ။ ကြာကြာထားလေ ကူးရေးရန် ခဲယဉ်းလေဖြစ်တတ်သည်။

## နှုတ်ပြောရိုးရာအစဉ်အလာ အသံဖမ်းတိပ်ခွေနှင့်ဗွီဒီယို မှတ်တမ်းခွေများ

နှုတ်ပြောရိုးရာအစဉ်အလာများကို မှတ်တမ်းရန် ကြိုးပမ်းသောအခါ အများဆုံးကြုံတွေ့ရမည့် ခြားနားချက်မှာ ပြောပြသူပါဝင်သော အသံမှတ်တမ်းတင်ရန် ကြိုတင်ပြင်ဆင်သော အပိုင်းဖြစ်ပါသည်။ ဤကိစ္စတွင် အသံဖမ်းခြင်း လုပ်ငန်းပိုင်း အတွက် ကင်မရာ သို့မဟုတ် ဗွီဒီယိုများကို ရုပ်သံမှတ်တမ်းတင်ရန် အသံဖမ်း မှတ်တမ်းနည်းတူ အသုံးပြုရသည်။

အသံနှင့် ရုပ်သံမှတ်တမ်းတင်မည့်လုပ်ငန်းကို နှုတ်ပြောရိုးရာအစဉ်အလာပြောပြမည့် ပုဂ္ဂိုလ်အား ကြိုတင်ဆွေးနွေးပြောထားပါ။ အချိန်မည်မျှ ကြာမည်၊ ထူးခြားသော သရုပ်ဆောင်မှုရှိမရှိ၊ သို့မဟုတ်၊ သရုပ်ဆောင် ပြောဆိုမှုနှင့်စပ်လျဉ်းသော ရုပ်ဝတ္ထု ပစ္စည်းများ ပါဝင်မှုရှိမရှိ။ ၎င်း ကိစ္စအတွက် လိုအပ်သော ရုပ်ဝတ္ထုများရှိမရှိ ကြိုတင်ဆွေးနွေးရမည်။ သရုပ်ဆောင်ပြောပြနေစဉ် မှတ်တမ်းတိပ်ခွေတစ်ဘက်ပြောင်းရန်အတွက် ညှိနှိုင်းရလိမ့်မည်။ နောက်ခံတီးလုံးမပါသော သရုပ်ဆောင်ပြောဆိုမှုကို မှတ်တမ်းတင်ရာတွင် သရုပ်ဆောင်ပြောဆိုသူက မှတ်တမ်း တိပ်ခွေတစ်ဘက်ပြောင်းစဉ် ရပ်နားရန်သဘောတူလိမ့်မည်။ အမှန်တကယ် တီးမှုတ်ရွတ်ဆိုနေစဉ် မှတ်တမ်းတင် အသံဖမ်း ရိုက်ကူးလျှင်မူကား ထိုသို့ညှိနှိုင်းရန် ပိုခဲယဉ်းလိမ့်မည်။ အသံဖမ်းကက်ဆက် ၂–လုံးရှိလျှင် ဤပြဿနာကို တစ်ဘက်လှည့် ဖြေရှင်းနိုင်ပါမည်။ သို့ရာတွင်၊ အသံဖမ်းကက်ဆက် ၂–ခုစလုံးတွင် အသံဖမ်းတိတ်ခွေများကို အစမှ ပြန်ရစ်ထားပြီး ဖြစ်နေရန်သတိပြုပါ။

သုံးရသောစက်ကိရိယာပစ္စည်းများလေ၊ အမှားများလေ ဖြစ်တတ်သောကြောင့်၊ ထိုပစ္စည်းများကို အသုံးပြုရန် တာဝန်ပေးခံရသူသည်၊ ကျွမ်းကျင်စွာအသုံးပြုတတ်ရမည်။ သူက အသံဖမ်းစက်မှ ထုတ်ယူဖယ်ရှားလိုက်သော အသံဖမ်းထားပြီး တိပ်ခွေများကို ချက်ချင်းအမှတ်အသား ရေးမှတ်ရမည်။ (ဥပမာ – ခွေ – ၁၊ ခွေ ၂ စသဖြင့်)။ သို့မှသာ အခြားတိပ်ခွေအသစ်တစ်ခုကို အလျင်စလို ရှာဖွေစဉ်၊ အသံဖမ်းထားပြီးသား တိတ်ခွေတွင် အမှတ်တမဲ့ပြန်မကူးမိမည် ဖြစ်သည်။

ဗွီဒီယိုကင်မရာ ရိုက်ကူးသူများနှင့် ဓါတ်ပုံဆရာများကို သူတို့ရိုက်ကူးမှတ်တမ်းတင်ရမည့် သရုပ်ဆောင်မှု အကြောင်း ကြိုတင်၍ရှင်းလင်းပြောပြထားရန်လိုသည်။ မည်သည့်သတင်းအချက်အလက်မျိုးကို ရှာဖွေရိုက်ကူးရမည့် အကြောင်းပြောပြထားရမည်။ မှတ်တမ်းတင်ရိုက်ကူးသူများကို သူတို့ ရိုက်ကူးမည့်သရုပ်ဆောင်လှုပ်ရှားမှုအကြောင်း ကြိုတင်အသိပေးမထားဘဲ၊ စက်ကိရိယာကျွမ်းကျင်သူများအဖြစ် တာဝန်ကိုပုံအပ်ထားပါက၊ အရေးကြီးသော ရုပ်သံ အချက်အလက်များနှင့် အသေးစိတ် အချက်အလက်ရိုက်ကွင်းများကို လက်လွတ်သွားနိုင်သည်။ မှတ်တမ်းတင် ရိုက်ကူးသူ၏ အနုပညာ အမြင်အာရုံစိတ်ဝင်စားမှုသည်၊ စီမံကိန်း၏ အဓိကစိတ်ဝင်စားမှုနှင့် များစွာ ခြားနားနိုင် သောကြောင့်၊ ထိုကဲ့သို့လက်လွတ်သွားသော အချက်အလက်ရိုက်ကွင်းများသည် နောက်နောင်တွင် စိတ်ရှုပ်ထွေးမှု၊ ဦးနှောက်ခြောက်မှုကို ဖြစ်ပေါ်စေနိုင်သည်။ ဥပမာ – အရေးကြီးသော ကိုးကွယ်မှုထုံးတမ်း သရုပ်ဆောင်ပြောဆိုမှုကို ပြုလုပ်နေစဉ် နောက်ခံရှုခင်းကို အာရုံစိုက်၍မှတ်တမ်းတင်ရိုက်ကူးနေမိခြင်း ဖြစ်တတ်သည်။



# အပိုင်း (၆) စကားပြောခြင်းနှင့် စာရေးခြင်း

**လူတွေ့မေးမြန်းပြီးနောက် လုပ်ငန်းများ**

- ♦ အကျဉ်းချုပ်နမူနာများ ၁–၂
- ♦ ကက်ဆက်တိပ်ခွေ စာရင်းအညွှန်း နမူနာ

**စာသားဖြင့် ကူးရေးခြင်းနှင့် ဘာသာပြန်ဆိုရေးသားခြင်း**

- ♦ တိပ်ခွေမှ အသံကို စာသားဖြင့်ရေးချခြင်း
- ♦ ဘာသာပြန်ခြင်း
- ♦ စာဖြင့်ကူးရေးထား၍ ဘာသာပြန်ဆိုထားသောသက်သေခံထွက်ဆိုချက်နမူနာ
- ♦ ဖြစ်ရပ်မှန်ကိုလေ့လာခြင်း– ဘာသာပြန်ခြင်းများ
- ♦ နှုတ်ရိုးရာ ဓလေ့များကိုဒေသခံစကားတစ်မျိုးသို့ ဘာသာပြန်ချက်နမူနာ
- ♦ နှုတ်ရိုးရာဓလေ့များကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုချက်နမူနာ

**ဓါတ်ပုံမှတ်တမ်းနှင့် ဗွီဒီယို မှတ်တမ်းပစ္စည်းများ**

# လူတွေ့မေးမြန်းပြီးနောက်ပိုင်းလုပ်ငန်းများ

အသံသွင်းမှတ်တမ်းတင်ပြီးနောက် မှတ်တမ်းတင်ထားသော အမေးအဖြေ သို့မဟုတ် ရိုက်ကူးထား သော သရုပ်ပြဗွီဒီယိုခွေများကို ထိန်းသိမ်းရမည်။ ကက်ဆက်တိပ်ခွေ၏ အစပိုင်းတွင် တိတ်ခွေပါ အကြောင်းအရာများ ဖော်ပြပါရှိပြီး၊ ထိုအချက်ကို အမျိုးအစားခွဲ၍ စာသားဖြင့်ရေးချခြင်း ပြုလုပ်ထားရမည်။ မေးမြန်းမှု၏ အခြေခံ အချက်များ၊ မေးမြန်းမှုလုပ်သောရက်စွဲ၊ အချိန်၊ နေရာများကို မှတ်စုရေးသားချက်များ၊ မေးမြန်းသူ၏ အမည်၊ ပြောပြသူအကြောင်း နောက်ခံအကြောင်းအချက်အလက်များပါဝင်သော အကျဉ်းချုပ်ကို ရေးသားရန် အရေးကြီးသည်။ ငွေကြေးနှင့် ကိရိယာပစ္စည်းတတ်နိုင်ပါက မှတ်တမ်းတင်ထားသော ကက်ဆက်တိပ်ခွေနှင့် ဗွီဒီယိုခွေများကို နောက်နောင်စာသားဖြင့် ရေးကူးရန် အပိုတစ်စုံစီ ကူးထားပြီး၊ မူရင်း ၁၈ျအနမ တိတ်ခွေ ဗွီဒီယိုခွေများကိုမူ လုံခြုံစွာ ထိန်းသိမ်းထားနိုင်သည်။ ပြောပြသူ၏ ဓါတ်ပုံနှင့် အခြားပစ္စည်းများ၏ ပုံများကို အကြောင်းအရာ အကျဉ်းချုပ်နှင့်အတူ ဖော်ပြထားရှိသင့်သည်။ ငွေကြေးနှင့်ကိရိယာပစ္စည်း မလုံလောက်လျှင် မှတ်တမ်း တိတ်ခွေများမှ အကြောင်းအရာများကို စာသားဖြင့်ကူးရေးပြီးနောက် တိတ်ခွေအဟောင်း၊ ဗွီဒီယိုခွေအဟောင်း များကို အခြားမှတ်တမ်းများသုံးရန် သုံးလိုစိတ်ပေါ်လိမ့်မည်။

အမှန်မှာ မူရင်း master copy တိတ်ခွေ ဗွီဒီယိုခွေများကို သမိုင်းဝင်ပစ္စည်း historical document အဖြစ် ထိန်းသိမ်းထားရမည်ဖြစ်၍၊ တည်းဖြတ်မှု ကြားဖြတ်အစီအစဉ်အတွက် သုံးစွဲခြင်းမပြုရပါ။ တိတ်ခွေထိပ် နှစ် ဖက်တွင် လေးထောင့်ပုံ အစွန်းနှစ်ဖက်ကို ချိုးလိုက်ခြင်းဖြင့်၊ တိပ်ခွေပါ မူရင်းအသံကို ပြန်ဖျက်ခြင်း၊ အခြား အသံများထည့်သွင်းခြင်း မပြုနိုင်အောင် ကာကွယ်နိုင်သည်။ အသံဖမ်းထားသော ကက်ဆက် တိပ်ခွေတိုင်း ပေါ်တွင် မေးမြန်းသူ၏ အမည်၊ မွေးနေ့နှင့် သီးခြားအညွှန်းနံပါတ်များကို ရှင်းလင်းစွာရေးထားပြီး လုံခြုံစွာ ထိန်းသိမ်းနိုင်မည့်နေရာတွင် ထားရမည်။

Sample tape cover

တိတ်ခွေဖုံးနမူနာ

| **MBK 60 MINS Noise Reduction Tape** | |
|---|---|
| Interview – Urbano Peralta, San Antonio, 08.09.20 – PS9 | |
| **Side A** | **Side B** |
| Family Background<br>မိသားစုနောက်ခံသမိုင်း | History of the mines<br>သတ္တုတွင်းရာဇဝင် |
| Childhood<br>ငယ်စဉ်ဘဝ | |
| | |
| | |
| | |
| | |

**Sample Summary 1 (Panos OTP ) - Oral Testimony**
**နှုတ်အဆိုသက်သေခံချက် အကျဉ်းချုပ်နမူနာ**
PERU SUMMARY 9 (PS9)

အမည် – Urbano Huarcaya Peralta
အသက် – ၈၀ နှစ်
လိင် – ကျား
အလုပ်အကိုင် – Comunero
နေရာ – San Antonio de Yauli

**urbano** သည် အသက် ၈၀ အရွယ်တွင် စိတ်ဝင်စားဖွယ် မှတ်တမ်းတင်လောက်သော မျိုးရိုးစဉ်ဆက်ရထား သည်။ သူ၏ဘိုးဘွားများသည် **Yauli** ရွာကို တည်ထောင်သူများဖြစ်၍ သူ၏မိသားစုဝင်များကို **comuneros** (ရပ်ရွာအဖွဲ့ဝင်များ) ရွာခံများဟု ခေါ်ဝေါ်သတ်မှတ်ခံရသည်။ ဤရပ်ရွာရှိ အခြားသက်ကြီးသူများနည်းတူ သူ သည် ဤဒေသတွင်ရှိသော သတ္တုတွင်းကြောင့် ဖြစ်ပေါ်လာသည့် လူမှုရေးတန်ဖိုးပြောင်းလဲမှု၊ အသက်မွေး ဝမ်းကျောင်းအလုပ်ပြောင်းလဲမှု၊ ဓလေ့ထုံးစံပြောင်းလဲမှုနှင့် ကျန်းမာရေးထောက်ပံ့မှု လျော့နည်းသွားခြင်းတို့ကို သတိပြုမိသည်။ သူငယ်စဉ်က သတ္တုတွင်း၌ အထမ်းသမား လုပ်ခဲ့ဖူးသည်။ ထို့နောက် သတ္တုတွင်းတွင် ကန်ထရိုက်စာချုပ်စံနစ်ဖြင့် နှစ်ပေါင်း ၂၀ လုပ်ကိုင်ခဲ့သည်။ သူသည် သတ္တုတွင်း၏ သမိုင်းကို ပြောပြသည်။ **Volcan** သတ္တုတွင်း ကုမ္ပဏီ၏ ရှာဖွေတွေ့ရှိခြင်း၊ **La Oraya** မြို့ရွာရှိ သတ္တုအရည်ကျိုလုပ်ငန်းက အခြားသတ္တုတွင်း **Company** ငယ်များကို ပိတ်သွားစေခြင်း၊ ဒေသခံလူထုကို ပိုမိုကြီးမားသော မြို့များသို့ ပြောင်းရွှေ့သွားရန် အခွင့်အလမ်းပွင့်လာခြင်း၊ ရွာသူရွာသားအများစုက ဆန့်ကျင်ကန့်ကွက်၍ စိုက်ပျိုးရေးဝန်ကြီးဌာနမှ လျော်ကြေးရရှိရန် ကြိုးပမ်းကြခြင်းတို့ကို ပြောပြသည်။

Interview တွင် Urbano ဖြေဆိုချက်များစွာတို့သည် တိုတောင်းသောအဖြေများဖြစ်သည်။ (သူ၏အသက် အရွယ်ထောက်လာသောကြောင့် ပြန်မှတ်မိသလောက်ပြောပြခြင်းဖြစ်သည်။) တစ်ခါတစ်ရံ မေးမြန်းသူက အတင်းတွန်းပြီး မေးယူရသည်။ မည်သို့ဆိုစေ အလွန်လူသားဆန်၍ သဘာဝကျသော မေးမြန်းမှု ဖြစ်ခဲ့သည်။

**စာသားဖြင့် ကူးရေးထားသော**

**စာမျက်နှာ – ၁။** မိသားစုသမိုင်း

**စာမျက်နှာ – ၂။** သူ၏မိဘများမှ အမွေရထားသော တိရစ္ဆာန်အားလုံးနီးပါး ပတ်ဝန်းကျင်ညစ်ညမ်းမှု ကြောင့် ဖြစ်သောရောဂါဖြင့် သေဆုံးကုန်ကြသည်။ ရိုးရာဓလေ့ထုံးစံနှင့် မိသားစု စည်းလုံးခိုင်မာမှု ပျောက်ကွယ်လျက်ရှိခြင်း၊ လူငယ်များ၏ ဦးစားပေးသောအရာ ပြောင်းသွားခြင်း၊

**စာမျက်နှာ – ၃။** **Comuer** ရွာ၏သမိုင်းဖြစ်စဉ်တွင် တက်တက်ကြွကြွ ပါဝင်နေသေးသည်။ ချီလီနိုင်ငံနှင့် စစ်ဖြစ်စဉ်က နယ်မြေအမည် ပျောက်ကွယ်သွားခဲ့သည်။ **Yauli** မြို့ရွာကို ၁၉၃၃ – ခုတွင် ပြန်၍ အသိအမှတ် ပြု ပုသည်။ နယ်မြေပတ်ဝန်းကျင်ညစ်ညမ်းမှုအတွက် ဂရုဏာလျော်ကြေးမှာ မလောက်မငသော ကြေးငွေမျှသာ ဖြစ်သည်။

**စာမျက်နှာ – ၄။** မွေးမြူရေးတိရစ္ဆာန်များ ရောဂါကူးစက်ခြင်း (ခဲဆိပ်သင့်ခြင်း) လျော်ကြေး သဘောတူညီချက် သမိုင်းဖြစ်စဉ်၊

**စာမျက်နှာ – ၅။** သယ်ယူပို့ဆောင်ရေးအတွက် အသုံးပြုသော တိရစ္ဆာန်များ၊ ထို့နောက် မီးရထားများ၊ ယခုအခါ ကုန်တင်ကားကြီးများ

**Sample Summary 2 - Oral History (Adapted from the Southerm Oral History Programmehttp;//www.unc.edu/ depts/sohp/fnerwin.html )**
အကျဉ်းချုပ်နမူနာ –၂ – နှုတ်ပြောသမိုင်း

တွေ့ဆုံမေးမြန်းခံရသူ - Richard C.Erwin, Senior Judge, US District court, North Carolina
ရက်စွဲ - June29 ၏၁၉၉၅
နေရာ – Winston- Salem, NC
ကတ်ဆက်တိတ်ခွေအမှတ် – ၆–၂၉–၉၅–မ္မ ( cassett 1of 1)
ကြာသောအချိန် ၅၅ မိနစ်ခန့်

**တွေ့ဆုံမေးမြန်းခံရသူ**

Richard C.Ewrin သည် ယခုအခါ North Carolina ပြည်နယ် Middle District အလယ်ပိုင်းခရိုင် အတွက်၊ အမေရိကန်ပြည်ထောင်စု၏ ခရိုင်တရားရုံးတွင် အထက်တန်းတရားသူကြီး Senior Judge တစ်ဦးဖြစ် သည်။ သူသည် ၁၉၇၀ ကျော်နှစ်များကတည်းက နိုင်ငံရေးနှင့် တရားစီရင်ရေးတွင် နာမည်ကြီး အမေရိကန်လူမဲခေါင်းဆောင်တစ်ဦးဖြစ်သည်။ Erwin သည် ၁၉၂၃ ခုနှစ်တွင် မွေးဖွား၍ North Carolina ပြည်နယ် Marion မြို့ အစိုးရကျောင်းတွင်ပညာသင်ယူခဲ့သည်။ ၁၉၄၇ ခုနှစ်တွင်၏ Johnson C Smith University တက္ကသိုလ်မှဌင်း၊ ၁၉၅၁ ခုနှစ်တွင် Howard ဥပဒေတက္ကသိုလ်မှဌင်း ဘွဲ့များရရှိခဲ့ သည်။ ၁၉၅၁ ခုနှစ်မှ ၁၉၇၇ ထိ Erwinonf North Carolina ပြည်နယ် Winston- Salem မြို့တွင် ကိုယ်ပိုင်ဥပဒေဝန်ထမ်းအလုပ်ကို လုပ်ကိုင်ခဲ့သည်။ ၁၉၇၇ ခုနှစ် ဒီဇင်ဘာလတွင် ပြည်နယ်အုပ်ချုပ်ရေးမှူး Jim Hunt u Erwin udk North Carolina ပြည်နယ် NC Court of Appeal၊ တရားရုံးတွင် ပထမဆုံး အမေရိကန်လူမဲ ဥပဒေဝန်ထမ်းအဖြစ် အလုပ်ခန့်ထားခဲ့သည်။ ၁၉၈၀ ခုနှစ်တွင် သမ္မတဂျင်မီကာတာ Jimmy Carter က Erwin ကို Federal District Court အစိုးရ၏ ခရိုင်တရားရုံးဝန်ထမ်းအဖြစ် ခန့်ထားခဲ့သည်။ အထက်လွှတ် တော်အမတ် Senator Jesse Helm ၏ အတိုက်ခံပြုခြင်းကို ခံရပြီးနောက် အမေရိကန်ပြည်ထောင်စု၏ အထက်လွှတ်တော်က Erwin udk North Carolina ပြည်နယ်သမိုင်းတွင် အမေရိကန်ပြည်ထောင်စု၏ ပထမဆုံး အမေရိကန် လူမဲတရားသူကြီးအဖြစ် ခန့်ထားခဲ့သည်။

**မေးမြန်းသူ**

Joseph Mosnier သည် University of North Carolina ) တက္ကသိုလ် သမိုင်းဌာနမှ ဘွဲ့လွန်မဟာဝိဇ္ဇာကျောင်းသားဖြစ်သည်။ Mosnier သည် ၁၉၅၀ ကျော် နှစ်များကတည်းက အမေရိကန် ပြည်ထောင်စု၏ လူမဲများဦးဆောင်မှုနှင့် နိုင်ငံရေးသမိုင်းတွင် ကျွမ်းဝင်ရင်းနှီးသောကြောင့် ဤမေးမြန်းမှုကို ဆောင်ရွက်ရန် SOHP က ရွေးချယ်ထားသူဖြစ်သည်။

**လူတွေ့မေးမြန်းခြင်းကို ဖော်ပြချက်**

တွေ့ဆုံမေးမြန်းခန်းကို North Carolina ပြည်နယ် Winston - Salom မြို့ အစိုးရအဆောက်အဦးရှိ တရားသူကြီး၏ ရုံးခန်းတွင် ပြုလုပ်ခဲ့သည်။ အခန်းသည်တိတ်ဆိတ်၍ ကြားဖြတ် အနှောင့်အယှက်မရှိ၊ Erwin သည် မကြာသေးမီက သွားစိုက်ထားသောကြောင့် စကားပြောအနည်းငယ် နှေးကြောင်း ပြောပါသည်။ မေးမြန်းသူ သည် အပေါ်ယံသဘောသာ ဆွေးနွေးမေးမြန်းဖြစ်သောကြောင့် ၁၉၆၅ ခုနှစ်မှစ၍ ထိုပြည်နယ်၏ နိုင်ငံရေးတိုးတက်မှုအကြောင်းကို တရားသူကြီး Erwin ထံမှ ကျွန်ုပ်ကြိုတင် မျှော်လင့်ခဲ့သလောက်အသေးစိတ်မရရှိခဲ့ပါ။ သူသည် ထိုမျှလောက်အထိ ပွင့်ပွင့်လင်းလင်း မပြောပြ၍ သူ့ကိုယ်သူ အစိုးရတရားသူကြီးအဆင့်တွင်သာ နေလိုပုံရသဖြင့် မေးမြန်းမှုအပြီးတွင် ကျွန်ုပ်စိတ်ထဲတွင် မတင်မကျ ခံစားခဲ့ရသည်။ မေးမြန်းခန်းသည် အကြောင်းအရာအသစ်ကို မဖော်ထုတ်နိုင်ခဲ့ပါ။ ရံဖန်ရံခါ တရားသူကြီးသည်

သူ၏နိုင်ငံရေးဝန်ထမ်းအလုပ်နှင့် ပတ်သက်၍ သတင်းစာမှ ညှပ်ထားသော ဖိုင်တွဲကို ထောက်ပြနေ၍ တုံ့ပြန်မှုကြားဖြတ်သွားတတ်သည်။

**လူတွေ့မေးမြန်းသည့်အကြောင်းအရာ**

အဓိကအားဖြင့်လူတွေ့မေးမြန်းခြင်းကို ခေါင်းစဉ်ကြီး ၃ – ခုကို အခြေခံပြီးစီစဉ်ထားပါသည်။ ၁၉၆၅ – ခုနှစ် မဲဆန္ဒပေးခွင့် ဥပဒေကို အတည်ပြုပြီး ချိန်မှစ၍ North Carolia ပြည်နယ်တွင်လူမည်းများ၏ နိုင်ငံရေးလှုပ်ရှားမှု ဆင့်ကဲဖြစ်စဉ်၊ ထိုနှစ်များအတွင်း Republican Party ရီပတ်ဘလစ်ကန်ပါတီ ပေါ်ပေါက်လာခြင်းနှင့် တစ်ချိန်တည်းမှာပင်၊ အမေရိကန်ပြည်ထောင်စုတွင် ယဉ်ကျေးမှုဆိုင်ရာ ကိစ္စများတစ်စစ အရေးကြီးလာပုံတို့ဖြစ်သည်။ လူတွေ့မေးမြန်းခြင်းသည်၊ တရားသူကြီး အာဝင် နိုင်ငံရေးပါဝင်ဆောင်ရွက်မှုများကို အဓိကအာရုံစိုက်၍၊ ခုနှစ်အစဉ်အတိုင်း ဖြစ်ပျက်မှုများကို အဆက်မပြတ် မေးမြန်းမှတ်တမ်းတင်ပါသည်။

**အကြောင်းအရာခေါင်းစဉ်များ**

မြောက်ကယ်ရိုလိုင်းနားပြည်နယ်နှင့်အစိုးရ။ နိုင်ငံရေးလှုပ်ရှားသော အမေရိကန် လူမည်းများ၊ မြောက်ကယ်ရိုလိုင်းနားပြည်နယ် ရီပတ်ဘလစ်ကန်ပါတီ။ လူတန်းစားခွဲခြားမှုကို တိုက်ဖျက်ခြင်း။ တရားသူကြီးများ (မြောက်ကယ်ရို လိုင်နားပြည်နယ် အယူခံဝင်တရားရုံး) ဂျင်းမ်ဟန့် ။ဂျယ်ဆဲဟဲလမ်။

သင်က မည်သည့် စာသားပုံစံမျိုးကို သုံးသည်ဖြစ်စေ၊ အကျဉ်းချုပ်နှင့်ပတ်သက်၍ အရေးကြီး သည့် အချက်မှာ၊ လူတွေ့မေးမြန်းမှတ်တမ်းတင်ထားသော အချက်အလက်များကို အသုံးပြုမည့်သူများ လက်လှမ်းမီစေရန်ဖြစ်သည်။ သို့ဖြင့် အကြမ်းဖျင်းတင်ပြရန်ရွေးချယ်ထားသော အချက်အလက်များနှင့် အသေးစိတ်ဖော်ပြလိုသော အကြောင်းအရာများသည် စီမံကိန်းတစ်ခုစီ၏ လိုအပ်ချက်ကို ထင်ဟပ်နေစေရမည်။ အကောင်းဆုံး အကျဉ်းချုပ်ရေးသားဖော်ပြချက်များသည်၊ တစ်ကြိမ်ဖတ်လိုက်ရုံနှင့် သရုပ်ဆောင်ပြောပြသူ ဇာတ်ကောင်ကို မြင်ယောင်လာစေပြီး၊ လူတွေ့မေးမြန်းခြင်း၏ အားနည်းချက်နှင့် အားသာချက်ကို မြင်တွေ့စေသည့်အပြင်၊ အရေးကြီးသော အပိုဒ် သို့မဟုတ် စိတ်ဝင်စားစရာကောင်းသောအပိုင်းမှ ခေါင်းစဉ်တစ်ခုခုကို လွယ်ကူစွာ ရှာဖွေတွေ့ရှိစေနိုင်သည်။ အကောင်းဆုံးမဟုတ်သော အကျဉ်းချုပ်ရေးသားချက်များတွင် အားနည်းချက် ၂မျိုးတွေ့ရသည်။ အကြောင်းအရာနှင့်ပတ်သက်၍ အသေးစိတ်လွန်းခြင်း၊ အညွှန်းတိုင်း၊ အကြောင်းအရာတိုင်းနှင့် ပတ်သက်၍ ကျယ်ကျယ်ပြန့် ပြန့်ရေးသားဖော်ပြခြင်း၊ ချန်လှပ်ရန်မသင့်ဟုယူဆခြင်း သို့မဟုတ် ဖော်ပြချက် တိုတောင်းလွန်းခြင်းတို့ကြောင့် အဖိုးတန်သောအပိုင်းကို ထည့်သွင်းလိုခြင်း၊ သို့မဟုတ် လူတွေ့မေးမြန်းစဉ် အာရုံ မြောပါသွား၍ စိတ်ဝင်စားဖွယ်အသေးစိတ်အချက်အလက်များကို မှတ်တမ်းတင်မိခြင်းတို့ ဖြစ်တတ်သည်။ အမှန်မှာ– အချို့လူတွေ့မေးမြန်းခြင်းသည် အခြားလူတွေ့မေးမြန်းခြင်းထက် အရည်အသွေးညံ့ဖျင်းတတ်စမြဲ ဖြစ်သောကြောင့်၊ အကျဉ်းချုပ်ရေးသားချက်တွင် မှတ်တမ်းတင်ခြင်း၏ အကန့်အသတ်ရှိမှုကို ထည့်သွင်းဖော်ပြသင့်သည်။

သို့ရာတွင် ယေဘုယျအားဖြင့် အများပြည်သူအသုံးပြုမည့် စာပေမော်ကွန်းတိုက်ကို ဖွဲ့စည်းလိုပါက စာဖတ်ပရိတ်သတ်များအနေနှင့် သူတို့စိတ်ဝင်စား၍ဖတ်ရှုလိုသော အကြောင်းအရာခေါင်းစဉ်အတွက် အညွှန်းကက်ကလောက်များကို လှန်လှောရှာဖွေခြင်းမပြုလိုကြသည့်တိုင်အောင် ခေါင်းစဉ်ခွဲ၍ ကက်တလောက် ပြုစုသည့် နည်းစနစ်ကို တတ်ကျွမ်းရန်လိုပါမည်။ အကြောင်းအရာခေါင်းစဉ် အညွှန်းရေးသားပြုစုနည်းကို အသုံးပြုခြင်းဖြင့် မော်ကွန်းတိုက်ရှိမှတ်တမ်းစာရွက် စာတမ်းများ ဖတ်ရှုလိုသော စာဖတ်ပရိတ်သတ်များအတွက် အတိုချုပ်အကြောင်းအရာများကို လွယ်ကူစွာသိရှိနိုင်ပါမည်။ ဤနည်းဖြင့် တိပ်ခွေအညွှန်းစာရင်းနှင့် ခေါင်းစဉ် အညွှန်းစာရင်းဟူ၍ စာရင်းနှစ်မျိုးထားရှိနိုင်သည်။ ဗွီဒီယို အသံဖမ်းတိပ်မှတ်တမ်းများကိုလည်း အကြောင်းအရာ ခေါင်းစဉ်အလိုက် အညွှန်းစာရင်းများ ပြုစုထားရန် လိုပါသည်။

ကတ်အညွှန်းစာရင်းကို အမျိုးမျိုးသုံး၍ပြုစုထားနိုင်သည်။ ခေါင်းစဉ်အလိုက်ပြုစုထားလျှင် ပို၍ အသုံးများပါမည်။ အကြောင်းအရာခေါင်းစဉ်တစ်ခုစီအတွက် အညွှန်းကတ်တစ်ခုစီအသုံးပြု၍ ဤခေါင်းစဉ်နှင့် ပတ်သက်သောလူတွေ့မေးမြန်းချက်များကို သင့်လျော်သောတိပ်ခွေတွင် အသေးစိတ်ဖော်ပြနိုင်သည်။ ဤအညွှန်းကို အခြားပိုမိုအသေးစိတ်ရေးထားသောအညွှန်းနှင့် အပြန်အလှန်ညွှန်းထားခြင်းဖြင့် တိပ်ခွေရှိ အတိုချုပ်ကို ပိုမိုအသေးစိတ်သို့မဟုတ် လက်ရေးမူအသေးစိတ်ကို ရရှိနိုင်ပါမည်။ အညွှန်းများကို နောက်ဆုံး လက်ရှိစာရင်း မှန်မှန်ပြုစုထားခြင်းသည် အချိန်ကုန်ပြီး ငြီးငွေ့ဖွယ်ကောင်းပါသည်။ ကွန်ပျူတာကိုအသုံးပြုနိုင်ပါလျှင်၊ အဓိကသော့ချက်စကားလုံးများကို သုံး၍ လွယ်ကူစွာ စာရင်းဇယားပြုစုနိုင်သည်။ လိုအပ်ပါက Microsoft Access Software ကိုအသုံးပြုနိုင်လျှင် အတော်အတန် လွယ်ကူသော စာရင်းဇယားကိုပြုစုနိုင်ပါမည်။

အသံဖမ်းတိပ်ခွေအညွှန်းစာရင်းကို ပြုစုခြင်းသည်လည်း အလွန်အချိန်ကုန်သော အလုပ်ဖြစ်သည်။ သို့သော် ထိုသို့ပြုစုထားနိုင်ပါက၊ နောက်နောင်တွင်၊ မော်ကွန်းတိုက်မှတ်တမ်းများကို ရှာဖွေရာတွင် အလွန် အကျိုးများပါသည်။ အောက်တွင်ဖော်ပြထားသော တိပ်ခွေအညွှန်းစာရင်းသည် တရားသူကြီး အာဝင် နှင့် လူတွေ့ မေးမြန်းချက်ကို ကောက်နှုတ်တင်ပြထားခြင်းဖြစ်ရာ၊ ၄၅ စာမျက်နှာတွင် ဖော်ပြခဲ့သော အသံဖမ်းတိပ်ခွေ အကျဉ်းချုပ်၏ နမူနာဖြစ်ပါသည်။ တိပ်ခွေတွင် ဂဏန်းဖြင့် ရေတွက်မှတ်ယူသည့် ကိရိယာ (tape counter )ကို အသုံးပြုခြင်းဖြင့် တိတ်ခွေအညွှန်း စာရင်းရေးသားပြုစုရာတွင် အလွန်လွယ်ကူသည်ကို သတိပြုပါ။ ဓါတ်ပုံအညွှန်းစာရင်းနှင့် ဗွီဒီယိုခွေအညွှန်းစာရင်း နမူနာများကို နောက်ပိုင်းတွင်ဆက်လက် ဖော်ပြပေးထားပါသည်။

**Example : Tape index**
**(adapted from *http;//www.unc. edu/depts/sohp/fnerwin/html*)**
**Cassette 1of 1, Side A- Tape No.6.29.95-RE**

| **Counter** | **Index Topic** |
| --- | --- |
| တိပ်ခွေသွားနှုန်းပြဂဏန်း | အညွှန်းခေါင်းစဉ် |
| ၁ | (အဖွင့်ကြေငြာချက် ) |
| ၈ | ကျောင်းကောင်စီတွင် သွားရောက်လုပ်ကိုင်ရန် ရွေးကောက်ခြင်း၊ ၁၉၆၁–၁၉၆၈ လူတန်းစားခွဲခြားမှုနှင့် လူတန်းစားခွဲခြားမှုကို ဖျက်သိမ်းခြင်း၊ |
| ၄၂ | ရပ်ရွာအကျိုးပြုလုပ်ငန်း ၊ |
| ၄၉ | မြို့ပြနှင့် နယ်ကျောင်းပညာရေးစံနစ်ရောစပ်ခြင်း၊ |
| ၆၆ | အလုပ်မဆင်းပဲ ဆန္ဒပြသော ပြည်သူလူထုဘက်မှ ကာကွယ်ပေးခြင်း၊ |
| ၇၇ | ၁၉၆၄ – ခုနှစ် မြို့ပြဥပဒေနှင့် ၁၉၆၅ ခုနှစ်၊ မဲဆန္ဒပေးပိုင်ခွင့်ထုတ်ပြန်ခြင်းအပေါ် တုံ့ပြန်ချက်၊ |
| ၈၆ | မြောက်ကယ်ရိုလိုင်းနားပြည်နယ်တွင် ၁၉၆၀ ကျော်နှစ်များအလယ်ပိုင်းလောက်က လူမဲနိုင်ငံရေး အဖွဲ့အစည်းများ၏ သဘောသဘာဝ၊ |
| ၁၁၇ | ၁၉၆၈–ခုနှစ် မြောက်ကယ်ရိုလိုင်းနားပြည်နယ်အုပ်ချုပ်ရေးမှူးရာထူးအတွက် ရယ်ဂျီနယ် ဟော့ကင်း (Reginal Hawkin) ယှဉ်ပြိုင်ခြင်း၊ |
| ၁၃၃ | ၁၉၆၈ – ခုနှစ် စိတ်သဘောထား၊ |
| ၁၄၇ | ၁၉၇၁ – ခုနှစ်တွင် ပြည်နယ်အုပ်ချုပ်ရေးမှူး ရောဘတ်စကော့ က အာဝင်ကို ပြည် နယ် ဘုတ်အဖွဲ့တွင် တာဝန်ထမ်းရန် ဖိတ်ကြားချက်၊ |
| ၁၆၄ | ၁၉၇၁–ခုနှစ်တွင်  Swann ဆုံးဖြတ်ချက်အပေါ် တုံ့ပြန်ခြင်း၊ |
| ၁၇၇ | ပြည်နယ်နိုင်ငံရေးတွင် အမှန်တကယ်ဝင်ရောက်ယှဉ်ပြိုင်ခြင်း၊ |
| ၁၈၁ | ၁၉၇၂ – ခုနှစ်တွင် Skipper Bowles and Holhouser တို့ အောင်မြင်မှု အပေါ် သုံးသပ်ချက်။ |
| ၂၁၁ | ၁၉၇၂ – ခုနှစ်အထက်လွှတ်တော်အမတ်ရွေးကောက်ပွဲဆောင်ပုဒ်    He's one of Us udk ဂျက်ဆီဟဲလ်က အသုံးပြုခြင်း၊ |
| ၂၂၇ | ၁၉၇၂ – ခုနှစ် အဖြစ်အပျက်များအပေါ် ဒီမိုကရက်ပါတီအနက်ဖွင့်ချက် |
| ၂၄၃ | ဂျင်မ်ဟန့်သည် နိုင်ငံရေးမျက်နှာဖုံးအဖြစ် ပေါ်ထွက်လာခြင်း၊ |
| ၂၆၇ | ၁၉၇၅ – ခုနှစ်တွင် ပြည်နယ်ညီလာခံအတွက် အာဝင်ယှဉ်ပြိုင်ရန် ဆုံးဖြတ်ခြင်း။ ဒေသခံ ဒီမိုကရက်ခေါင်းဆောင်များကို စုဆောင်းခြင်းနှင့်သူ၏ မဲဆွယ်ခရီး၊ |
| ၃၅၇ | အထွေထွေညီလာခံကြီးအပေါ် ထင်မြင်ချက်နှင့် သူ၏အမှုထမ်းလုပ်ငန်းအသေးစိတ်၊ |
| ၄၀၀ | ဟိုလ်ဟောက်ဆာ (Holhauser) ပြည်နယ်အုပ်ချုပ်ရေးမှူးဖြစ်လာခြင်းကို အာဝင် ဆန်းစစ်ခြင်း၊ |
| ၄၁၀ | ၁၉၈၀ – ခုနှစ်ကျော်ကာလအလယ်ပိုင်းက ရီလေး(Raleign) မြို့ရှိ အဓိက နိုင်ငံရေးသမားလူမဲ ခေါင်းဆောင်အဖွဲ့ငယ်အကြောင်း မှတ်မိသလောက်ပြောပြခြင်း၊ |
| ၄၆၇ | လွှတ်တော်တွင် အမှုထမ်းရခြင်းအတွေ့အကြုံကို ဆန်းစစ်ပြခြင်း၊ |
| ၄၇၈ | ၁၉၇၆– ခုနှစ် ပြန်လည်ရွေးကောက်ခြင်းအသေးစိတ်၊ |
| ၄၇၉ | ၄၈၈     ၁၉၇၆ – ခုနှစ်နောက်ပိုင်း ဂျင်မ်ဟန့်နှင့် အစိုးရအရာရှိများအပေါ် ဆက်ဆံခြင်း၊ စသဖြင့် အညွှန်းဆက်သွားမည်။ |

# အသံများကို စာသားဖြင့်ချရေးခြင်း နှင့် ဘာသာပြန်ဆိုခြင်း

တွေ့ဆုံမေးမြန်းမှုကို မူလအသံဖမ်းစဉ်က ပြောသောဘာသာစကားအတိုင်း အသုံးပြုသည်ဖြစ်စေ အသုံးမပြုသည် ဖြစ်စေ (ဥပမာ – ရပ်ရွာသမိုင်းအတွက် သို့မဟုတ် ပညာရေးအသုံးပြုလျှင်) အသံဖမ်းစဉ်က သုံးသော ထိုဘာ သာစကားမှ စာသားအဖြစ်သို့ ကူယူရေးချ၍ ထိုရေးချထားသောစာမှတဖန် ဘာသာပြန်ဆို သင့်သည်။

တစ်ခါတစ်ရံ မေးမြန်းမှုကို ကတ်ဆက်တိပ်ခွေမှ အခြားဘာသာစကားတစ်ခုသို့ တိုက်ရိုက် ဘာသာပြန်ဆိုရန် ဆုံးဖြတ်နိုင်သည်။ (ဥပမာ – မေးမြန်းမှုလုပ်သောဘာသာစကားတွင် အက္ခရာ အရေးအသား မရှိသေးလျှင် ထိုသို့ပြုနိုင်သည်။) အခြားဘာသာစကားဖြင့် ကူးရေးရလျှင် မူရင်းကက်ဆက်တိပ်ခွေကို နောက်အဆင့်များတွင် တိုက်ရိုက်ကူးရေးနိုင်ရန် ထိန်းသိမ်းထားရမည်။ ဤကိစ္စမျိုးတွေ့ကြုံရသော စီမံကိန်းနှစ်ခုတွင် အချို့ တွေ့ဆုံမေးမြန်းသူများသည် စာသားဖြင့်ရေးချချက်ကို စိတ်မချကြသောကြောင့် မူလဘာသာ စကားဖြင့် အသံဖမ်းထားသော ကက်ဆက်တိပ်ခွေကို ထိန်းသိမ်းထားရန် လွန်စွာအရေးကြီးကြောင်း Panos တွေ့ရှိခဲ့သည်။ ထို့နောက် ပိုမိုချောမွေ့စွာ ပြောနိုင်သော ပြောပြသူတစ်ဦးနှင့်အတူ မေးမြန်းမှုအလုပ်တွဲလုပ်နိုင်သောအခါ ကက်ဆက်တိပ်ခွေပြန်ဖွင့်၍ ယခင်က ဘာသာပြန်ဆိုထားချက်နှင့် တိုက်ကြည့်ပြီး လိုအပ်သော နေရာများတွင် အမှားပြင်နိုင်ခဲ့သည်။

## အသံကို စာသားဖြင့်ကူးရေးချခြင်း

စာသားဖြင့်ရေးချခြင်းသည် အချိန်ကြာရှည်သော အလုပ်ဖြစ်သည်။ အသံဖမ်းထားသော ပြောပြချက် တစ်ရပ်ကို ၅ နာရီမှ ၁၀ နာရီကြာအောင် ကူးရေးရတတ်သည်။ အချိန်ကုန် သက်သာသည့် ဖြတ်လမ်းကို မလိုက်ပါနှင့် ။ စာဖြင့်ကူးရေးရာတွင် စကားတစ်လုံးချင်းတိကျစွာ ရေးသားရမည်။ ပြောခဲ့သောအကြောင်းအရာကို အကျဉ်းချုပ်ရေးသားချက်မျိုး လက်မခံအပ်။ ထိုအကျဉ်း ချုပ်သည် အနှစ်သာရ၊ လူပုဂ္ဂိုလ်တစ်ဦးချင်းနှင့် ဇာတ်ကောင်၏ လေသံကို ပျောက်ကွယ်သွားစေသည့်အပြင် ပြောပြသူ၏ ဆိုလိုရင်းအဓိပ္ပါယ်ကို ပုံပျက်စေသည်။ အဓိပ္ပါယ် လွဲမှားစေတတ်သည်။ ဆိုလိုသည်မှာ မူရင်းတွင် မေးမြန်းသူက ရေလာမြောင်းပေးမေးခွန်းများကို အသုံးပြုထားကြောင်း ထင်ရှားပြီး၊ အကျဉ်းချုံးလိုက်ခြင်းဖြင့် ပြန်လည်ဖြေကြား ချက်အပေါ် အခြားအမြင်တစ်မျိုး ပေါ်ပေါက်အောင်ပြုမိတတ်သည်ဟု ဆိုလိုသည်။

အချိန်ရလျှင် စာသားဖြင့်ကူးရေးချခြင်းမပြုလုပ်မီ၊ ကက်ဆက်တိပ်ခွေကို အနည်းဆုံးတစ်ကြိမ် ဖွင့်နားထောင်ကြည့်ပါ။ အကျဉ်းချုပ်ရေးသားချက် အသေးစိတ်ကို ဖတ်ကြည့်ပါ။ အသံဖမ်းစဉ်က သင်ရေးမှတ် ခဲ့သော မှတ်စုကို ပြန်လည် စစ်ဆေးခဲ့သည့် မှတ်ချက်များကို ပြန်ဖတ်ကြည့်ပါ။ ထို သို့ပြုခြင်းဖြင့် မေးမြန်းမှုတွင် ပါရှိသောအကြောင်းအရာများနှင့် မေးမြန်းမှု၏ အနှစ်သာရကို ပြန် သတိရစေလိမ့်မည်။ ထို့အပြင် ပြောပြသူ၏ အဓိက ဆိုလိုချက်များကိုလည်း သိစေလိမ့်မည်။ လူများသည် စကားပြောသောအခါ အစီအစဉ်ကျကျ ရှေ့နောက်ညီအောင် တည်ဆောက်ထားသည့် ပုံစံအတိုင်း မပြောကြ။ မေးမြန်းမှုတစ်ခုလုံးကို ခြုံ၍ သုံးသပ် ကြည့်ခြင်းဖြင့်၊ မရှင်းမရှင်းရှေ့နောက်မညီသလို ထင်ရသောအချက် အလက်အချို့သည် ထိုအဆိုများ၏ ရှေ့ကစာပိုဒ် သို့မဟုတ် နောက်ကလိုက်လာသော စာပိုဒ်တို့နှင့် ဆက် နွယ်နေသော ဝေဖန်သုံးသပ်အကြံပြုချက်များ ဖြစ်နေကြောင်း သိရှိရန်၊ အထောက်အကူ ပြုလိမ့်မည်။

ဖြစ်နိုင်လျှင် လက်နှိပ်စက်ကို မသုံးပဲ ကွန်ပျူတာကို သုံးပါ။ မေးမြန်းမှုအမှတ်စဉ်နှင့် ကိုးကားကျမ်းစာရင်း အသေးစိတ်ကို အစပိုင်းတွင် ရေးသွင်းပါ။ သို့မှသာလျှင် စာသားများသည် အကျဉ်းချုံး စာရွက်နှင့် တခြားစီဖြစ်သွား သောအခါ အကြောင်းအရာ အချက်အလက်များ မပျောက်မပျက်ရှိနေဦးမည်ဖြစ်သည်။ ကက်ဆက်တိပ်ခွေ ၁/ side A မှ စတင်အသံသွင်းပြီး တိပ်ခွေသွားနှုန်းပြ သောဂဏန်းသည် (၀၀၀) တွင် ရှိနေပါစေ။

ထို့နောက် စာရွက်စာမျက်တိုင်း၏ ထိပ်တွင် တိတ်ခွေသွားနှုန်းပြဂဏန်းနံပါတ်ကို သူ့စာမျက်နှာ နှင့် သူရေးမှတ်ထားပါ။ (ဥပမာ – ၀၈၈) သို့မဟုတ် စာရွက်ပေါ်တွင် မကြာမကြာရေးမှတ်ပါ။ ( ဥပမာ – ခေါင်းစဉ်ပြောင်းသွားလျှင်) ကက်ဆက်တိပ်ခွေတစ်ဖက်သို့ လှည့်သောနေရာရောက်လျှင်သော်၄င်း၊ တိပ်ခွေ အခြား တစ်ခု လဲလှည်သော နေရာတွင်သော်လည်းကောင်း ဂဏန်းနံပါတ်ကို ရေးမှတ်ပါ။ ဤသို့ ပြုလုပ် ထားခြင်းဖြင့် နောက်နောင်တွင် သင်သော်၄င်း၊ တစ်ခြားတစ်စုံတစ်ယောက်သော်၄င်း ကက်ဆက်တိပ်ခွေပါ အကြောင်းအရာတစ်ခုခုကို ရှာဖွေလိုလျှင် လိုချင်သော ဂဏန်းနံပါတ် ပေါ်လာသည်အထိ လှည့်လိုက်ရုံနှင့် လွယ်ကူစွာ တွေ့ရှိစေနိုင်လိမ့်မည်။

သရုပ်ဆောင်ထားသောအကွက်ကို ဖေါ်ပြသည့် စာကြောင်း၊ တစ်ကြောင်းနှစ်ကြောင်းကို ထည့်သွင်း၍ မေးမြန်းမှုကို မိတ်ဆက်လျှင် ကောင်းပါမည်။ မေးမြန်းမှုကို ဖတ်ရှုသူ တစ်စုံတစ်ယောက်အတွက် ထူးခြား သည်ဟု သင်ထင်မြင်ယူဆသည့် အချက်များတွင် မှတ်ချက်ရေးသားထားပါ။ ဤအချက်ကို အမှန်တကယ်မေးမြန်းမှု လုပ်ထားသောအကြောင်းအရာ၏ ရှေ့မှာ ရေးထားသင့်သည်။ စံအားဖြင့် စီမံကိန်းတစ်ခုတွင် စာသားဖြင့် ကူးရေးချသောသူများသည် ပုံစံတစ်မျိုးတည်း လိုက်နာသင့်သည်။ မေးခွန်းဝါကျများကို စာလုံးမည်းမည်း သုံးပြီး မေးခွန်းနှင့်အဖြေ အကြားတွင် စာကြောင်း တစ်ကြောင်းစာ ခြားထားသင့်သည်။ အချို့ စာကူးသူများသည် ပြောပြသောအချက်ကို ဘေးမျဉ်းအတွင်းပိုင်းတွင် **indent** ယူ၍ဖော်ပြတတ်ကြသည်။ အချို့က ပြောပြသူပြောသောအချက်ကို မေးခွန်း နှင့် အဖြေ ဟု ဖော်ပြတတ်ကြသည်။ တခါတရံ ပြောပြသူကလည်း မေးခွန်းမေးတတ်ကြသည်။ အချို့က မေးမြန်းသူကို I ။ တုံ့ပြန်သူကို R / ပြောပြသူကို N စသဖြင့် ဖော်ပြတတ်ကြသည်။

အခြားအချို့က ပြောပြသူ၏ နာမည် အတိုကောက်ကို သုံးကြသည်။ အကယ်၍ သင်သည် **bold** style နှင့် **indent** စံနစ်ကိုသုံးလျှင် **narrator** တစ်ဦးထက်မပိုပါက အခြားနည်းများကိုသုံးရန် လိုမည် မဟုတ်ပါ။ တစ်ဦးထက်ပိုလျှင် သူတို့၏နာမည်အတိုကောက်ကို အချက်အလက် ၏ ရှေ့တွင် သုံးသင့်သည်။ အခြားနည်းဖြင့် ကူးယူရေးချခြင်းစံနစ်ကို နောက်ပိုင်းတွင် ဖော်ပြထားသည်။ သင်၏ စာရေးကူးသူများအတွက် အသင့်လျော်ဆုံး၊ အလွယ်ကူဆုံး ၊ အရှင်းလင်းဆုံးနည်းကို သုံးနိုင်သည်။ ဖြစ်နိုင်သရွေ့ စာသားဖြင့် ကူးရေးသူသည် ပြောပြသူ၏ လေသံ အနိမ့်အမြင့်ကို မျဉ်းတိုများ၊ အစက်များ၊ ပုဒ်ထီးများ အသုံးပြု၍ ဖော်ပြသင့်သည်။ မျဉ်းတိုတစ်ခုသည် ဝါကျများ ခြားနားခြင်းကို ဆိုလိုသည်။ အစက်သုံးစက်သည် ဝါကျမပြီးဆုံးသေးကြောင်း ဖော်ပြသည်။ စိတ်၏ခံစားချက်ကို မေးမြန်းသူ သို့မဟုတ် ကူးရေးသူ၏ ဝေဖန်အကြံပြုချက်အဖြစ် ဖော်ပြလိုပါက လက်သည်းကွင်း ( ) ဖြင့် ရေးသားရမည်။ ဥပမာ – (ရယ်သံများ )သို့မဟုတ် (ဓါတ်ပုံတွင် ရှု ) စသဖြင့်။ မေးမြန်းသူ သို့မဟုတ် ကူးရေးသူက ရှင်းလင်းရန် ထပ်ထည့်ထားသော စာသားများကို လေးထောင့်ကွင်း [ ] ဖြင့် ဖော်ပြရမည်။ ဥပမာ **- "** အထက်က ကျွန်တော်ဖော်ပြပြီးခဲ့သော ပွဲလမ်းသဘင်အချိန် [ Holi ] တွင်ဖြစ်၍ ကျွန်ုပ်တို့သည် မြို့ကြီး [ Vernnasi ] သို့ သွားကြသည်။ " ဟူ၍ ဖော်ပြသင့်သည်။

နားလည်ရန်ခဲယဉ်းသော ဥပမာများ၊ ဆိုရိုးစကားပုံများနှင့် အခြားစကားလုံးသို့မဟုတ် စကားစုများကို ရှေးဦးစွာ ၏သည်မရွေး အတိအကျ ကူးရေးချရမည်။ နောက်မှ လိုအပ်သောနေရာများတွင် လက်သဲကွင်းများဖြင့် ရှင်းလင်းရေးသား ဖော်ပြရမည်။ အဆိုပါစကားစုများကို ဘာသာပြန်ဆိုရာတွင်လည်း အလားတူနည်းစံနစ်ကို အသုံးပြုသင့်သည်။

ဆိုလိုသည်မှာ ရှေးဦးစွာ မူရင်းစကားလုံး၏ အဓိပ္ပါယ်ကို ၏သည်မရွေး ဘာသာပြန်ဆိုပြီးနောက် ရှင်းလင်း ချက်များကို လက်သဲကွင်းများဖြင့် ဖော်ပြပေးရန် ဖြစ်သည်။ ဒေသခံဘာသာစကားတွင် မူရင်းစကားလုံးနှင့် အဓိပ္ပါယ် အတိအကျတူသော စကားရှာမတွေ့လျှင် လက်သဲကွင်းများတွင် ဆိုလိုရင်းစကားလုံး၏ အဓိပ္ပါယ် အတိအကျကို ဘာသာပြန်ဆိုပြီးနောက်ပိုင်းတွင် ဒေသခံစကားလုံးကို သုံးသင့်သည်။ လူတွေ့မေးမြန်းမှုတွင် သုံးသော ဒေသခံ ဘာသာစကားကို ရှင်းလင်းသောအချက် သို့မဟုတ် ဆီလျော်သော အညွှန်းဖော်ပြချက်များကို သီးခြားစာရွက်ပေါ်၌ ရေးသား၍ မူရင်းစာမူနှင့်တွဲပြီး သင်၏ ညှိနှိုင်းဆောင်ရွက်သူ တာဝန်ခံထံသို့ ပေးပို့ရ မည်။

## ဘာသာပြန်ဆိုရေးသားခြင်း

Panos တို့အဖွဲ့၏ လုပ်ဖော်ကိုင်ဖက်များမှ အဖွဲ့တစ်ဖွဲ့ဖြစ်သော ကင်ညာနိုင်ငံမှ နှုတ်ပြောစာပေအဖွဲ့ **(Kenya Oral Literature association )** သည် ဘာသာစကားအမျိုးပေါင်း အတော်များများဖြင့် အချက်အလက်များ စုဆောင်း ပုံနှိပ်ထုတ်ဝေရှိသည်။ သူတို့သည် ဘာသာပြန်ဆိုခြင်း ၃ မျိုး ခွဲပြထားသည်။

- စကားလုံးတစ်လုံးတိုင်း၏ အဓိပ္ပါယ်ကို တိတိကျကျ ဘာသာပြန်ဆိုခြင်း
- တိုက်ရိုက်ဘာသာပြန်ခြင်း – အထူးသဖြင့် စကားအသုံးအနှုန်းများ၏ ဆိုလိုရင်းအဓိပ္ပါယ်တစ်ခုချင်းကို စကားလုံးလိုက် မပြန်ဆိုပဲ လိုရင်းကို ဘာသာပြန်ဆိုခြင်း
- ဆီလျော်စွာ ဘာသာပြန်ခြင်း – အဓိကဆိုလိုရင်းအဓိပ္ပါယ်ကို ဘာသာပြန်ဆိုခြင်း

ဒုတိယဘာသာပြန်ဆိုနည်းအတွက် ကျွမ်းကျင်မှုနှင့် နားလည်သဘောပေါက် အကင်းပါးမှု လိုအပ်သော်လည်း မူရင်းစာမူနှင့် အနီးစပ်ဆုံး တရားမျှတစွာ ပြန်ဆိုနိုင်သောနည်းဖြစ်သည်။ ဆီလျော်စွာ ဘာသာပြန်ဆိုခြင်းကို လက်မခံနိုင်။ အဘယ်ကြောင့်ဆိုသော် နှုတ်ပြောသက်သေခံချက်စီမံကိန်းများ၏ ရည်ရွယ်ချက်သည် ပြောပြသူ၏ မူရင်းစကားလုံးများနှင့် အနီးစပ်ဆုံးအကြောင်းအရာ အချက်အလက်များကို တင်ပြရန် ရည်ရွယ်ခြင်းကြောင့်ဖြစ်သည်။ အကယ်၍ ဘာသာ ပြန်ဆရာက အကြောင်းအရာတစ်ခုကို ဆီလျော်စွာ ဘာသာပြန်ခြင်း လုပ်လျှင် မူရင်းအဓိပ္ပါယ်၏ အရေးကြီးသော အနှစ်သာရကို အလွယ်တကူဆုံးရှုံးသွားလိမ့်မည်။ ဥပမာ – ဘာသာပြန်သူက သူ့အတွက်အရေးမကြီးဟု ယူဆသော်လည်း ပြောပြသူအတွက် အလွန်အရေးကြီးသော အချက်အလက်များ ကို ချန်လုပ်၍ ဘာသာပြန်မိတတ်သည်။

သာမန်ယေဘုယျအားဖြင့် ပထမဦးစွာ ဘာသာပြန်သူ မကျွမ်းဝင်သော အကြောင်းအရာများကို တစ်လုံးချင်း ဘာသာပြန်သည့်နည်း အသုံးပြု၍ ချဉ်းကပ်ရသည်။ ဤအခြေအနေမျိုးတွင် တိကျမှု သည် အခြားအကြောင်းအရာအားလုံးထက် ပို၍ အရေးကြီးသည်။ ကျွမ်းကျင်သော တည်းဖြတ်သူသည် ဘာသာပြန်မှု မဆီလျော်ခြင်းကို မကြာခဏတွေ့ရှိတတ်သော်လည်း **paraphrase** နည်းဖြင့် ဆီလျော်စွာ ဘာသာပြန်ထားသော စာမူအချက်အလက်များ၊ တည်းဖြတ်ထားသော စာမူများနှင့် ဖြတ်တောက်ထားသောအပိုင်းကို သူ့နေရာသူ ပြန်စီရန် မတတ်နိုင်ကြ။

အမှန်မှာ အကြမ်း ဘာသာပြန်ထားသော စာမူသည် မူရင်းလေသံနှင့် ပို၍ နီးစပ်နေတတ်သည်။ ဘာသာပြန်သူက ဖြတ်လမ်းလိုက်ရန်နှင့် ပြောပြသူ ဆိုလိုသောအရာ ဖြစ်သည်ဟု သူထင်မှတ်ယူဆသော အချက်များကို ရေးချရန် ဆုံးဖြတ်ပါက တလွဲ အဓိပ္ပါယ်ဖွင့်မိတတ်သည်။ အဓိပ္ပါယ်နှစ်ခွဖြစ်ခြင်း၊ အဓိပ္ပါယ် ရှုပ်ထွေးခြင်းကြုံလျှင် ဘာသာပြန်သူအနေဖြင့် သူ၏ထင်မြင်သုံးသပ်ချက်ကို လက်သဲကွင်းများအတွင်း ဖော်ပြခြင်းဖြင့် အဓိပ္ပါယ်ရှင်းလင်းအောင် ဆောင်ရွက်သင့်သည်။ ဘာသာပြန်သူများ အနေဖြင့် မည်သည့်နေရာတွင် အဓိပ္ပါယ် ထုတ်ဖော်ရန်ခဲယဉ်းလျှင် အဓိပ္ပါယ် ရှင်းလင်းချက်မပြည့်စုံကြောင်း ထောက်ပြရန် ဝန်မလေးသင့်။ အသံဖမ်းထားသော ကက်ဆက်တိပ်ခွေ၊ စာသားဖြင့်ကူးရေးထားသောစာမူနှင့် ဘာသာပြန်ထားသော စာမူများသည် (မူရင်းလောက် မစစ်သော်လည်း) မူရင်းသက်သေ ခံချက်နှင့် ပြန်လည်တိုက်ကြည့်ရန် လိုအပ်ပါက အခြားပုံစံမျိုးဖြင့် အသုံးပြုထားသော သက်သေခံချက် မည် သည့်အကြောင်းအရာစာမူကိုမဆို မှတ်ကျောက်အဖြစ် အသုံးပြုနိုင်သော မူရင်း ပစ္စည်းများဖြစ်သည် ။ ဥပမာ – အကြောင်းအရာ ဖြစ်ပွားရာပတ်ဝန်းကျင်နှင့် မသက်ဆိုင်သော အဆိုများ ကိုးကားချက်များကို မူရင်းအဓိပ္ပါယ်အပေါ် သုံးသပ်ရန် အသုံးပြုမိတတ်သည်။ အဆုံးစွန်အားဖြင့် ပြောပြသူ ပြောပြသော အကြောင်းအရာသည် မေးမြန်းသူမှ တဆင့်၊ ကူးရေးသူမှ နောက်ထပ်တဆင့်၊ ထို့နောက် ဘာသာပြန်သူမှတဆင့် အဆင့်ဆင့် မလွဲမသွေ ဖြတ်သန်းလာခဲ့ရလျှင် မှားယွင်းစွာ အဓိပ္ပါယ်ဖွင့်ဆိုခြင်း အတတ်နိုင်ဆုံး နည်းနိုင်သမျှနည်းအောင် သတ္တိရှိရှိ ၊ ဖြောင့်မှန်စွာ၊ သဘာဝကျကျ ၊ အရှိ အရှိအတိုင်း ၊ အမှန်ကိုအမှန်အတိုင်း ကြိုးစားဘာသာပြန်ဆိုသင့်သည်။ **Panos** နှင့် အဖွဲ့ဝင်များ၏ လုပ်ဖော်ကိုင်ဖက်များထဲမှ တစ်ဖွဲ့က ဖမ်းယူစုဆောင်းထားသောအကြောင်းအရာကို ကူးရေး၍ ဘာသာပြန်ဆိုထားသော စာမျက်နှာ နမူနာတစ်ရွက်ကို ဖော်ပြပေးထားသည်။ ဤနမူနာစာရွက်ကို ကြုံသလိုထုတ်ထားခြင်းဖြစ်ပြီး ဖော်ပြခဲ့သည့်အတိုင်း

မေးမြန်းမှုကို ဘာသာ ပြန်ရာတွင် အခက်ခဲအချို့ တွေ့ရကြောင်း ထင်ရှားသည်။ မည်သို့ဆိုစေ ဤနမူနာ စာရွက်သည် စာသားဖြင့် ကူးရေးထားသောအချက်အလက်များ မည်သည့်ပုံစံရှိကြောင်း ပြသရန် နမူနာ ကောင်း တစ်ခုဖြစ်သည်။ ဤနမူနာစာရွက်၏ နောက်တွင် သင်၏ လုပ်ငန်းအတွင်းမှ ပေါ်ပေါက်လာမည့် အခက်ခဲ များအကြောင်းကို အသေးစိတ်ဖော်ပြသည့် Listening for a change စာအုပ်မှ ဖြစ်ရပ်မှန်ကို လေ့လာခြင်း ဖော်ပြထားပေးသည်။

စာသားဖြင့် ရေးချထားသော သက်သေခံချက်နှင့် ဘာသာပြန်ထားသော သက်သေခံနမူနာများ PERU 16

အမည်။ Amador Perez Mandujano
လိင်။ ကျား
အသက်။ ၅၁ နှစ်
အလုပ်အကိုင်။ လက်သမား၊ ကိုယ်ပိုင်စီးပွါးရေး အသေးစား
နေရာ။ La Oroya

ယနေ့ ကျွန်ုပ်တို့သည် Don Anador Pe'rez Mandujano နှင့် တွေ့ဆုံသည်။ Don Anador သည် ယခု သူနေထိုင်သောအရပ်မှ ဇာတိရွာခံဖြစ်သည်။ သူသည် Oraya ကျေးရွာ သမိုင်းကြောင်းကို များစွာ သိထားသည်။ အထူးသဖြင့် သတ္တုသွန်းသော စက်ရုံမှ အခိုးအငွေ့ကြောင့်ဝေဒနာ ခံစားနေရသော ရွာခံလူထု၏ နေ့စဉ် အသက်ရှင်နေထိုင်မှု ဘဝအကြောင်းကို ကောင်းစွာသိသည်။
(ဘာသာပြန်သူ၏ မှတ်ချက် – သူသည် သူ၏ စပိန်စကား တွင် Quechn ဝေါဟာရ များစွာကို ညှပ်သုံး ထားရာ ရံဖန်ရံခါ အဓိပ္ပါယ် တူညီသော အင်္ဂလိပ်စကားလုံးကို ရှာဖွေရန် အခက်အခဲ တွေ့ရပြီးမှုရင်းအဆို၏ အ နှစ်သာရ မပျက်ဘဲ ဘာသာပြန်ဆိုရန် မလွယ်ပါ။ သူသည် အတိတ်ဖြစ်ရပ်များအကြောင်း ပြောနေစဉ် ပစ္စုပ္ပါန်ပြဝေါဟာရ ကို မကြာခဏ အသုံးပြု၍ ပြောတတ်သည်။

**I (Interviewer): သင်၏ မိသားစု နောက်ကြောင်းသမိုင်းကို ပြောပြပါလား။ သင်၏ မိဘဘိုးဘွားများသည် Oroya မှ ဖြစ်သလား။**

R ( Respondant): ဟုတ်ကဲ့ Oroya ဒေသနှင့်ပတ်သက်၍ လက္ခဏာ အခြေအနေ အမျိုးမျိုးကို ပြောပြခွင့်ရခြင်းသည် ကျွန်ုပ်အတွက် ဂုဏ်ယူစရာ ဖြစ်ပါသည်။ အချို့အခြေအနေများသည် ကောင်း၍၊ အချို့စက်ရုံမှ ထွက်သောအခိုးအငွေ့များ စွန့်ပစ်ပစ္စည်းများသည် မကောင်းသောလက္ခဏာများ ဖြစ်သည်။ ကျွန်ုပ်၏ အဘိုးအဘွားလက်ထက်ကတည်းက ကုမ္ပဏီကြောင့် ဤဒေသပြောင်းလဲမှု ဖြစ်ခဲ့ခြင်းသည် ကျွန်ုပ်အတွက် နာကျည်းစရာ အတွေ့အကြုံများသာဖြစ်ခဲ့သည်။

**I : သင်၏ အဖိုးအဖွားများသည် ဘယ်အရပ်က လာကြသလဲ။**

R: ကျွန်ုပ်အဘိုးအဘွားများသည် La Oroya ဇာတိ ဖြစ်ပါသည်။ သူတို့သည် Oroya San Jero'nino မြို့ မှဖြစ်၍ ဤရပ်ရွာ La Oroya ဒေသတွင် နေထိုင်ကြသည်။ Campesino အသိုင်းအဝိုင်းတွင် Oriyono အစစ်များဖြစ်ကြသည်။ ကျွန်ုပ် မိဘများမှာ Huyanacanchas အရပ်မှဖြစ်ပြီး မူလက Tarma မျိုးရိုးဖြစ်ပါသည်။ သို့သော် သူတို့ဘဝအများပိုင်းကို La Oroya မှာပဲ နေထိုင်ခဲ့ကြသည်။

သူတို့သည် ယခင်က Cerrode Pasco Copper Corporation ကြေးနီကော်ပိုရေးရှင်း သတ္တုကုမ္ပဏီကြောင့် ဖြစ်သော အခိုးအငွေ့ဒဏ်ကို အများဆုံးခံစားခဲ့ကြသည်။ အဆိုပါ အဖြစ်အပျက်များသည် လုပ်ဇာတ်မဟုတ် အမှန်ဖြစ်ရပ်များဖြစ်သည်။ ၎င်းတို့သည် အဖြစ်မှန်နှင့် အထောက်အထားပြနိုင်သောအချက်များ ဖြစ်ပါသည်။ ကျွန်ုပ်၏ ဘိုးဘေးများနှင့် ကျွန်ုပ်ထက် အသက်ကြီးသူများ၏ ပြောပြချက်အရ သူတို့သည် ၁၉၆၄ ခုနှစ်မှ ယနေ့တိုင်အောင် ဒုက္ခတွေ့ကြုံကြသည်။ Yauli Oroya ဒေသတွင် ယခင်က Cerro de Pasco ကုမ္ပဏီက မီးခိုးခေါင်းတိုင်များ အခိုးအငွေ့များဖြင့် စတင်လုပ်ကိုင်ခဲ့စဉ် က San Jero"jino ရှိ Oroyinos လူများသည် တိရစ္ဆာန် မွေးမြူခြင်း၊ စိုက်ပျိုးခြင်းတို့ဖြင့် အသက်မွေးကြသောကြောင့် မလေးမစား ဆက်ဆံခံရသည်။

၁၉၄၉ ခုနှစ် ကျော်ကာလများတွင် ကျွန်ုပ် ရက်စွဲ အတိ အကျ မမှတ်မိသော ခုနှစ်က၊ လေထုရေထုညစ်ညမ်းမှုကြောင့် အာလူးခင်းများ ပျက်စီး၍ အာလူးမရခဲ့။ အဘိုးအဘွားများ ပြောပြချက်အရ အမည်မသိရောဂါ တစ်မျိုးကြောင့် တောတိရစ္ဆာန် အများစု သေဆုံးကုန်ကြသည်။ ထို့ကြောင့် အရာရာပြောင်းလဲသွားခဲ့သည်။ ၁၉၁၉–၁၉၂၀ နှစ်များ လောက် က အသက် ၁၈ –၂၀ ခန့်အရွယ် ပိုမိုအတွေ့ အကြုံရှိသော ကျွန်ုပ်၏ မိဘများသည် စက်ရုံထွက် အခိုးအငွေ့ များကြောင့် ရပ်ရွာသူသားတို့ ကိုယ်တိုင် ဒုက္ခရောက်ခဲ့ကြောင်း အခြေအနေ အလွန်ဆိုးကြောင်း ပြောပြကြသည်။ သိပြီးသည့်အတိုင်း ထိုအခြေအနေမျိုးတွင် အတွေ့အကြုံကောင်းမရနိုင်။

**I: သင်၏ ဖခင်ကော ဘယ်မှာလုပ်ခဲ့သနည်း။ သတ္တုသွန်းစက်ရုံမှာလုပ်သလား။ သတ္တုသွန်း စက်ရုံ တည်ဆောက်ရာမှာ အလုပ်လုပ်သလား။**

R: အဲဒီမှာ အလုပ်မလုပ်ပါဘူး ၊ သူက ကုမ္ပဏီမှာသွားလုပ်လျှင် ရန်သူကို အလုပ်အကျွေးပြုသလို ဖြစ်သည်ဟု ယူဆသည်။ ထိုသို့ဆိုခြင်းသည် ချဲ့ကားပြောခြင်းဖြစ်နိုင်သော်လည်း သူက ထိုအတိုင်းယူဆသည်။ အမှန်မှာတော့ ထိုသို့မဟုတ်ပါ၊ ကျွန်ုပ်တို့၏ တိုင်းပြည် တိုးတက်ခြင်းသည် သတ္တုတွင်းလုပ်ငန်းကြောင့်လည်း ဖြစ်ပါသည်။

ဖြစ်ရပ်မှန်ကို လေ့လာခြင်း– ဘာသာပြန်ခြင်း၏ ဒုက္ခအမျိုးမျိုး

နှုတ်ပြောသက်သေထွက်ချက်ကို မှတ်တမ်းတင်သော ဖွံ့ဖြိုးရေးစီမံကိန်း အများစုသည် အနေးနှင့် အမြန် ဘာသာပြန်သော ကိစ္စနှင့် ရင်ဆိုင်ကြရသည်။ စီမံကိန်းမှ အကျိုးခံစားရမည့်သူကား မည်သူတို့ ဖြစ်ကြသနည်း။ ရရှိထားသော မှတ်တမ်းများကို မည်ကဲ့သို့ အသုံးပြုမည်နည်း။ အခြားမည်သည့်လူထုပရိသတ်များကို တွေ့ဆုံမည်နည်း။ စသော အဓိကသော့ချက်မေးခွန်းများ၏ အဖြေများသည် မည်သည့်ဘာသာစကားကို အသုံးပြုရမည် ဘာသာပြန်နှင့် စာသားဖြင့် ကူးရေးသောအဆင့်များကို မည်သည့်အချက်တွင် လုပ်ရမည်ဟူ သောမူကို ချမှတ်ပေးလိမ့်မည်။ မူများချမှတ်ခြင်းအပေါ် ဩဇာလွှမ်းမိုးမည့် စီမံကိန်းမျိုးတွင် ဒေသခံဘာသာ စကားဖြင့် အသံဖမ်းမှတ်တမ်းတင်ထားသော သက်သေခံချက်များကို ရုံးသုံးဘာသာ ( ဥပမာ – Arabic) သို့၄င်း၊ အပြည်ပြည်ဆိုင်ရာ ဘာသာစကား ( ဥပမာ – English or French) သို့၄င်း ဘာသာပြန်ဆိုထားရမည်။

စာသားဖြင့် ကူးရေးချခြင်းနှင့် ဘာသာပြန်ခြင်းသည် အချိန်ကုန်သောအလုပ်ဖြစ်၍ ဘာသာစကား အဆင့်မည်မျှ လိုအပ်မည် ဟူသော မေးခွန်းသည် အလွန်အရေးကြီးသော အချက်ဖြစ်လာသည်။ အာဖရိကတိုက်မှ Sahel Oral History Project နှုတ်ပြောသမိုင်းစီမံကိန်းတွင် ကက်ဆက်တိပ်ခွေအများစုကို မေးမြန်းသူများက အင်္ဂလိပ် သို့မဟုတ် ပြင်သစ်ဘာသာများသို့ တိုက်ရိုက်ဘာသာပြန်ဆိုခဲ့ခြင်းမှာ ဒေသခံဘာသာစကား အရေးအသားကို လက်ငင်းအသုံးပြု ရန်အကြောင်း မရှိဘဲ ကက်ဆက်တိပ်ခွေအတွက်သာ ထိန်းသိမ်းထားရသောကြောင့်ဖြစ်သည်။ သို့သော် ထို စီမံကိန်းမှပင် listening program စာတတ်မြောက်ရေး အစီအစဉ်တွင် Soninke (Senegal) ဘာသာနှင့် Hausa (Niger) ဘာသာရပ်များသို့ ဘာသာပြန်ဆိုခဲ့ကြသည်။

မေးမြန်းသူများသည် ဒေသခံဘာသာစကားနှင့် အမျိုးသားဘာသာစကားကို ပြောတတ်လျှင် သူတို့က မေးမြန်းမှုများကို ကူးရေးထားသော စာသားမှဖြစ်စေ ကက်ဆက် ခွေမှ တိုက်ရိုက်ဖြစ်စေ ဘာသာပြန်ဆိုနိုင် ရန်အကြောင်း ရှိသည်။ သို့ရာတွင် ဘာသာပြန် အလုပ်သည် ကျွမ်းကျင်မှု လိုအပ်သောအလုပ်ဖြစ်၍ ဖော်ပြချက်၏ ရသ ကို ဆုပ်ကိုင်မိရန် လိုအပ်သည်သာမက အဓိပ္ပါယ်နှစ်ခွ ထွက်သော စကားပုံများ အနက်ဖွင့်ရသည့်အပြင် ဒေသခံ အမည် အခေါ် အဝေါ်များကို အလွယ်တကူမှတ်မိသော ဝေါဟာရအဖြစ် တင်ပြနိုင်ရမည်။

အစားအသောက် အန္တရာယ်ကင်းမှုအတွက် သုတေသန စီမံကိန်းတစ်ခု၏ တစ်စိတ်တဒေသအဖြစ် နှုတ်ထွက်သက်သေခံချက်ကို SOS Sahel အသုံးပြုနေသော အီသီယိုပီယား နိုင်ငံတွင် ဘာသာပြန် အလုပ်၏ ရှုပ်ထွေးခက်ခဲမှုကို ရှင်းရှင်းဖော်ပြထားသည်။ သုတေသနပြုလုပ်ခြင်းအတွက် အီသီယိုပီယား အနောက်တောင် ဒေသမှ Wolaita လူမျိုးများ၏ ဘာသာစကားကို အသုံးပြုခဲ့သည်။ မေးမြန်း သူများသည် Wolaita ဘာသာစကားကို ကျွမ်းကျင်ကြသော်လည်း၊ သူတို့သည် အာရေဘစ် ဘာသာဖြင့် ကျောင်းနေခဲ့ကြပြီး စီမံကိန်းတွင် အင်္ဂလိပ်ဘာသာသုံးရန် လိုအပ်နေသောကြောင့် ကက်ဆက်တိပ်ခွေများကို ဒေသခံဘာသာစကားသို့ ဘာသာပြန်ဆိုခြင်းမပြုနိုင်ခဲ့ကြ။ မေးမြန်းသူများက အင်္ဂလိပ်ဘာသာကို မကျွမ်းကျင်သောကြောင့် ဒုတိယ ဘာသာပြန် ပုဂ္ဂိုလ်က အာရေဘစ် ဘာသာမှ တဆင့် ဘာသာပြန်ဆိုရ၏။ SOS Sahel အနေဖြင့် မူရင်းအကြောင်း အရာအချက်အလက်များနှင့် အတတ်နိုင်ဆုံး နီးစပ်ပြီး မည်သည့် အချက် တစ်ချက်မှ မကျန်ရစ်စေရန် ဘာသာပြန် ဆရာနှစ်ဦးက ဘာသာပြန်ဆိုထားသော မေးမြန်းမှုအချက်အလက် အနည်းငယ်ကို ထိန်းသိမ်းရယူရန် ဆုံးဖြတ်ခဲ့သည်။

အောက်ဖော်ပြပါ ကောက်နုတ်ချက်သည် မတူသော ချဉ်းကပ်မှု၏ အစွန်းရောက် နမူနာများဖြစ်သော်လည်း ဘာသာပြန်ဆိုရာတွင် ပေါ်ပေါက်တတ်သည့်ပြဿနာများအတွက် ကိုယ်စားပြုနိုင်ပါသည်။ သို့ဖြင့်

ယူကလစ်ပင်များအပြင် အခြားသစ်ပင်မျိုးစိတ်များ ရှိသလား – ဟူသော မေးခွန်းအတွက် အဖြေကို အောက်ပါ အတိုင်းဘာသာပြန်ဆိုထားသည်။

**ပထမမူ** ။ ။ ယူကလစ်ပင်သည် အများဆုံး အသုံးဝင်သည်၊ **wanza** ပင်အမျိုးလည်း ရှိသေးသည်။ သို့သော် အလွန်ပြုစုရသဖြင့် လူအနည်းငယ်သာ **wanza** ပင်ကို ရရှိထားကြသည်။ ဤမြေမျိုးတွင် ယူကလစ်ပင်ကို စိုက်ပျိုးနိုင်သည်။ ထင်းရှူးပင်ကိုလည်း စိုက်ပျိုးနိုင်သည်။ သို့သော် ၎င်းသည် ကြီးထွားနှုန်း အလွန်နှေးကွေးသည်၊ အခြားသစ်ပင်များသည် ထင်းအဖြစ်သုံးရန်သာ ကောင်းသည်။ ဤထင်းရှူးပင်မျိုးသည် အရိပ်ကောင်းကောင်း ပေးနိုင်သည်၊ **Zagba** ပင်လည်း အရိပ်အတွက် အလွန်ကောင်း ပါသည်၊ ထင်းရှူးပင်သည် ရွက်ချွန်များရှိ၍ ခြောက်သွေ့သော ရာသီတွင် အဆိုးဆုံးဖြစ်သည်။ ဖိနပ်ပါသောကြောင့် သတိမထားမိသော်လည်း၊ ကျွန်ုပ်တို့ ကလေးများ၏ ခြေဖဝါးကို စူးကြသည်။

**ဒုတိယမူ** ။ ။ ယူကလစ်ပင်သည် အရေးကြီးဆုံးဖြစ်သည်။ အခြားသစ်ပင်များလည်း ရှိပါသည်။ ဥပမာ – **wanza (syzigium guinense)** ပင်ဖြစ်သည်။ သို့သော် တောင်သူအများစုသည် ဤသစ်ပင်ကို မရရှိထားကြ။ ယူကလစ်ပင်ကို စတင်စိုက်ပျိုးလာသော အချိန်မှစ၍ အခြားသစ်ပင်များ လျော့ပါးသွားသည်။ ကျွန်ုပ်မှတ်မိသလောက်ဆိုလျှင် ဤအချက်မှန်ကန်ပါသည်။ အခြားသစ်ပင်များကို ထင်းအဖြစ်သာသုံးသည်။ ဂျူနီပါ အပင်များသည် ဆူးရှိ၍ အထူးသဖြင့် ခြောက်သွေ့သောလများတွင်ဖြစ်သည်။ သင် ဖိနပ်စီးထား သောကြောင့် ဆူးကိုမထိ မသိနိုင်။ ယခုမြေကြီးစိုနေသောကြောင့် ကျွန်ုပ်လည်း ၎င်းဆူးကို မခံစားရ။

ဒုတိယမူ တွင် လက်တင်နာမည်များကို သုံးထားသောကြောင့် ပို၍ချောမွေ့သော်လည်း မြေကြီး ၏ အခြေအနေကို မဖော်ပြနိုင်။ **wanza** ပင်၏ နှေးကွေးစွာ ကြီးထွားမှုကြောင့် လူကြိုက်နည်း ကြောင်းကိုလည်း မဖော်ပြ။ ကလေးများအကြောင်း လုံးဝပါမလာ။ ဒေသခံအမည်များကို မည်ကဲ့သို့ဘာသာပြန်ရ မည်ကို ရှင်းလင်းစွာ ညွှန်ပြနိုင်သည်။ အချို့သော ဘာသာပြန် အမျိုးမျိုးကွဲပြားမှု ပြဿနာများကို ရှောင်နိုင်ပါမည်။ နောက်ဥပမာ တစ်ခုတွင် အခြားပြဿနာများကို နမူနာအဖြစ် ဖော်ပြထားပါသည်။

**မေးခွန်း**။ ။ ထိုဒေသတွင် အလုပ်ရရှိရန် အခွင့်အလမ်းရှိသလား ။

**ပထမမူ**။ ။ လူတိုင်းအလုပ်ရနိုင်၍ တစ်နေ့လျှင် လုပ်အား ၂–၃ **birr** ရပါသည်။ သို့သော် ဤဝင်ငွေသည် မိသားစုတာဝန် မရှိ မြေယာကို ထွန်ယက်စိုက်ပျိုး၍ မိသားစုကို ကျွေးမွေးလျှင် ပိုကောင်းပါသည်။

**ဒုတိယမူ**။ ။ သူတို့လုပ်အားကို အငှားလိုက်လိုသူများရှိ၍ မြေယာကို ထွန်ယက်လိုသူများလည်း ရှိကြသည်။ ဒုတိယ(၂) အဖွဲ့က သူတို့မိသားစု တော်မှတ်ခြင်းနှင့် အငတ်ဘေးမကြုံ စေရန် သူတို့ ကိုယ်တိုင်စိုက်ပျိုး ထုတ်လုပ်ရေးကို ပို၍ အာရုံစိုက်ကြသည်။ ပထမအဖွဲ့သည် ယေဘုယျအားဖြင့် လူလွတ်များသာမဟုတ် သားသမီးမရှိသူများ သို့မဟုတ် မိမိတို့ အိမ်သားများကို ကူညီလိုသော လူငယ်များ ဖြစ်ကြသည်။ ကျွန်ုပ်အနေဖြင့် ကျွန်ုပ်၏ ကိုယ်ပိုင်မြေယာပေါ်တွင် လုပ်ကိုင်စားသောက်လိုပါသည်။ သဘောအားဖြင့် တစ်နေ့လျှင် လုပ်အားခ ၂–၃ **birr** ရသော လမ်းပြုပြင်ရေးလုပ်ငန်း ဆိုပါစို့၊ ၎င်းသည် တစ်နေ့လျှင် ၄က်ပျော သီး တစ်လုံးနှုန်းဖြင့် ၃ ရက်စာ အတွက် လုံလောက်မည်ဖြစ်သည်။

ပထမမူတွင် နေ့စားအလုပ်သမားများ၏ စိတ်လှုံ့ဆော်မှုနှင့် အဆင့်အတန်းကို ခွဲခြားဖော်ပါ မထား။ ငှက်ပျောသီးအကြောင်းလည်း မပါရှိ၊ ဘာသာပြန်သူက ငြီးငွေ့လာသဖြင့် ဖြတ်လမ်းလိုက်ဟန်တူသည်။ ဤအစမ်းဘာသာပြန်ချက်တွင် စာသားဖြင့် ရေးချထားသောစာမူနှစ်ခု၏ အသေးစိတ်အချက် လစ်လပ်နေခြင်းကို တစ်ဖက်လှည့်ကြည့်လျှင်၊ မည်သည့်စာမူကို အကောင်းဆုံးအဖြစ် ရွေးချယ်ရန် မည်မျှ ခက်ခဲကြောင်းတွေ့ရမည်။ ဒုတိယမူ ကို ပြန်ဆိုသူသည် အဓိက သော့ချက်ကို ထောက်ပြထားသည်။ မူရင်း တွင် အဓိပ္ပါယ်အချို့ ပျောက်နေသောကြောင့် သစ္စာရှိရှိ ဘာသာပြန်ရန် ကြိုးစားခြင်းသည် မအောင်မြင်။ သို့ဖြစ်၍ ကျွန်ုပ်အနေဖြင့် မေးမြန်းသူ သို့မဟုတ် စာသားကူးရေးသူက သူ ဒီလိုရေးထားတာ ဒါကို ဆိုလိုတယ်ထင်တယ် ဟူသော အချက်ဖြင့်

ဘာသာပြန်ဆိုခဲ့ပါသည်။ နောက်ပြီးသူ၏ အာရေဘစ် စကားသည် သိပ်မကောင်းပါ ဟု ရေးထားသည်။ အချောမွေ့ဆုံး ဘာသာပြန်စာမူကို ရေးခဲ့ပြီး၊ မူရင်း၏အထွေထွေအငေါ့ အဆီငေါ် မတည့်မှုများကို အချောကိုင်ခဲ့သည်။ ပထမမူကို ဘာသာပြန်ထားသူမှာ သူကိုယ်တိုင် စကားပြောသူဖြစ်သည်။ သူ၏စာမူသည် အချောမကိုင်ထားသော်လည်း ခြုံကြည့်လျှင် မူရင်း၏ အနှစ်သာရနှင့် ပိုနီးစပ်သည်။

## နှုတ်ပြောရိုးရာအစဉ်အလာဓလေ့များကို စာသားဖြင့် စာဖြင့်ရေးသားခြင်းနှင့် ဘာသာပြန်ခြင်း

နှုတ်ပြောရိုးရာအစဉ်အလာဓလေ့များနှင့် ဆက်နွယ်နေသော စာသားဖြင့်ကူးရေးခြင်းနှင့် ဘာသာပြန်ဆိုခြင်း ပြဿနာသည် ခက်ခဲတတ်သည်။ ရွတ်ဆိုသူ၏ မှတ်ဉာဏ် အထောက် အကူအတွက် သီချင်းကဗျာနှင့် ဖြစ်ရပ်များကို ပြောပြခြင်းတို့ကို အတိအကျ ဘာသာပြန်ဆိုခြင်း သည် ဤသီချင်းကဗျာနှင့် ဖြစ်ရပ်ဇာတ်လမ်း အဆိုများ၏ ရသပညာ စည်းချက်နှင့် တီထွင် ကြံဆစီကုံးစပ်ဆိုမှု သဘောကို လျှော့တွက်သောကြောင့်ဖြစ်သည်။ စာသားဖြင့် ရေးချသောအခါ အဆီအငေါ် မတည့်ဘဲ ဝေ့လည်ကြောင်ပတ် ဖြစ်နေတတ်သည်။ ထိုသို့ တီထွင်မှုပါသော စပ်ဆိုမှုများကို မူရင်းအဓိပ္ပါယ်နှင့် ဘာသာစကား၏ လှပသော သီကုံးမှုကို ဘာသာပြန်ရသည်မှာ အလွန်ခဲယဉ်းသောအလုပ်ဖြစ်သော်လည်း နှုတ်ပြောရိုးရာအစဉ်အလာအများစုမှာ ယခုခေတ် နားမလည်နိုင်သောစကား အသုံးအနှုန်း များကို အသုံးပြု၍ ဖွဲ့ဆိုထားသောကြောင့်၊ ထိုအကြောင်းအရာများကို လက်လှမ်းမီလိုပါက ဘာသာပြန်ဆိုသောအလုပ်သည် မရှိမဖြစ် လိုအပ်သောအရာဖြစ်သည်။ ဘာသာပြန်ရာတွင် အသုံးပြုသော ဘာသာစကားသည်လည်း သီးခြားပြဿနာ ရှိနိုင်သည်။ မူရင်းစာမူတစ်ခုကို ဒေသခံဘာသာစကားတစ်ခုသို့ ဘာသာပြန်ဆိုရန် ရွေးချယ်ပါက လူထုထံမှ စာတတ်မြောက်မှု အဆင့်နိမ့်သော စာဖတ်ပရိသတ် အကန့် အသတ် မည်မျှအကျိုးခံစားရမည်နည်း။ မူရင်းစာကို မြန်မာဘာသာသို့ ဘာသာပြန်လျှင် မူရင်းစာသားတွင် အကျိုး သက်ရောက်မှု မည်ကဲ့သို့ဖြစ်မည်နည်း။ အင်္ဂလိပ်ဘာသာနှင့် ထိုင်းဘာသာသို့ပြန်ဆိုရန် ရွေးချယ်လျှင် မည်သည့် အကြောင်းရင်းကြောင့် ထိုသို့ ဘာသာပြန်ဆိုရသနည်း။ ထိုသို့ ဘာသာပြန်ဆိုရာတွင် ယဉ်ကျေးမှုနှင့် ပတ်သက်သော နားလည်မှုပြဿနာများကို မည်ကဲ့သို့ ကျော်လွှားနိုင်မည်နည်း။ မကြာသေးမီက ကချင်တစ်စုသည် သူတို ့၏ ရိုးရာမင်္ဂလာဆောင်သြဝါဒ ကဗျာကို ရန်ကုန်မြို့တွင် စာအုပ်အဖြစ် ထုတ်ဝေခဲ့ ကြသည်။ ရွတ်ဆိုရသော ကဗျာ၏ စကားအသုံးအနှုန်းများသည့် သာမန်ကချင်လူမျိုးများ နားလည်ရန် အလွန်ခက်ခဲသော မူရင်းကဗျာကို မူလစကား စာသားဖြင့် ကူးရေးထားသော စာမူနှင့်တကွ ခေတ် ကချင်ဘာသာစကားသို့ပြန်ဆို၍ စာအုပ် ထုတ်ဝေထားသည်။

အပိုင်းတိုင်း၏ နိဒါန်းပိုင်းတွင် ထိုရွတ်ဆိုမှု၏ ဖြစ်ပွားရာအရပ်အကြောင်းနှင့် ကဗျာ၏ အဓိပ္ပါယ်ကို ရှင်းလင်းချက် ထည့်သွင်းဖော်ပြထားသည်။ စကားတစ်လုံး သို့မဟုတ် ရိုးရာဓလေ့တစ်ခုကို သီးသန့်ရှင်းလင်းရန် လိုအပ်သောနေရာတွင် အောက်ခြေမှတ်ချက်အဖြစ် ရေးသား ဖော်ပြထားသည်။ စာမူနှစ်ခုစလုံးကို စာကြောင်းနံပါတ်တပ်ပေးထားသောကြောင့် စာဖတ်ပရိသတ်အနေဖြင့် မူရင်း ဘာသာနှင့် ခေတ်ကချင်ဘာသာ စာကြောင်းများကို တစ်ကြောင်းချင်း လိုက်ဖတ်နိုင်သည်။ တခြားတနည်းမှာ စာကြောင်း စာစုများကို တစ်ခုချင်း အောက်ဖော်ပြပါအတိုင်း နံပါတ်တပ်ပေးနိုင်သည်။ ရွတ်ဆိုသော အသံနေ အသံထားလည်း အရေးကြီးသောကြောင့်၊ ရွတ်ဆိုချက်လေသံကို သိရန်နှင့် ရွတ်ဆိုနေစဉ်က အခြေ အနေအတိုင်း ခံစားနိုင်ရန်၊ အသံဖမ်းထားသော ကက်ဆက်တိပ်ခွေကို ပူးတွဲထည့်သွင်းပေးထားပါသည်။ စာပိုဒ်  စကားစုအသစ် တစ်ခုရောက်တိုင်း ဩော် -- ဟူသော အသံဖြင့် ရွတ်ဆိုမှုကို အထောက်အကူပြုရန် သုံးထား သော နေရာကို စာမူတွင် ထည့်သွင်းထားပါသည်။ မည်သို့ဆိုစေ ဤအချက်သည် ကဗျာ ရွတ်ဆိုသံနှင့် မရင်းနှီးသောသူများအတွက် ရှုပ်ထွေးစေနိုင်သောကြောင့်၊ မူရင်းအဆို နှင့် ကဗျာရွတ်ဆိုမှုကို ခွဲခြားနားလည်နိုင်ရန် ကက်ဆက်ခွေက အထောက်အကူပေးပါသည်။

ဤနည်းသည် အကြောင်းအရာ အချက်အလက်ကို တင်ပြရန်၊ အလွန်ကောင်းသောနည်းဖြစ်၍ အချိန် အလွန်ကုန်သောနည်း ဖြစ်သော်လည်း ရေရှည်တန်ဖိုးအတွက် မှတ်တမ်းတင်ခြင်းဖြစ်ပါသည်။

**ဒေသခံ ဘာသာစကားတစ်ခုသို့ စာသားဖြင့်ကူးရေး၍ ဘာသာပြန်ဆိုထားသော မြန်မာနိုင်ငံမှ နှုတ်ပြောရိုးရာအစဉ်အလာ တစ်ပုဒ်**

အောက်ဖော်ပြပါ ဥပမာတွင် ရွေးချယ်ထားသော အဆိုတစ်ခုကို စာသားဖြင့် ကူးရေး၍ ခေတ်ကချင် ဂျင်းဖောဘာသာသို့ ဘာသာပြန်ဆိုထားပါသည်။ ဘာသာပြန်စာမူနှင့်အတူ စာသားဖြင့် ကူးရေးထားချက်ကို ပူးတွဲဖော်ပြထားသောကြောင့်၊ ဘာသာပြန်ဆိုချက်သည် မူရင်း ကဗျာ၏ လေသံနှင့် အသွားကိုမယူဘဲ ဆိုလိုရင်းအဓိပ္ပါယ်ကိုသာ အဓိကဦးစားပေးထားသည်။ ဤနေရာတွင် စာမူကို ကော်လံ ၂ခုခွဲ၍ ဖော်ပြပြီး ဘေးချင်းယှဉ်၍ ဘာသာပြန်ဆိုချက်သည် စာဖတ်ပရိသတ်အတွက် အထောက်အကူ ဖြစ်စေနိုင်သည်။ မည်သို့ဆိုစေ အချို့နေရာတွင် မူရင်းအဆို၏ အဓိပ္ပါယ်ကို တိတိကျကျ ပြန်ဆိုခြင်းမပြုပါ။ ဆိုလိုရင်းအဓိပ္ပါယ်ကိုသာ အကျဉ်းချုံး ဖော်ပြထားသောကြောင့် စာရွက်လွတ် ဟာကွက်များစွာ ဖြစ်ပေါ်စေနိုင်သည်။ သီးခြားစကားလုံးများနှင့် ဓလေ့ထုံးစံများကို ရှင်းလင်းရန် အောက်ခြေမှတ်ချက်များကို ထည့်သွင်းဖော်ပြထားပါသည်။

မူရင်းရိုးရာဓလေ့ lanyi ဘာသာ

**1.**Aw… mayat gaw ginrung gawn na ni law e nga, mayat shingtung gawn na law e nga, …gumsan[1] e urang shagana ni law e nga, … mayat goi gindung yawn na law e ngu. **2.** Zinghkum la ni a law e ngu, … Tsit hkum gaw kashu ni a law e nga, … tsing man aja ni a law e nga. **3.** Kashu goi e ningtsing wa gaw law e nga, …mayat gindung yawn na gaw ginla na gaw e nga. Jahkring sha manang ni[2] e law e nga,…**4**. Zinghkum la ni a law e nga, …katsen gaw gailung ma ni a law e nga… mayat ningnam waji matsun gawn na law e nga

ခေတ်ကချင် စကားအသုံးအနှုန်း

**1.** Aw … mayat maya ai maunwi labau hpe hkai chye ai maunwi sara sa shaga na ga ai law, shing rai mayat maya hpang wa ai maumwi gawn na rai ga ai. **2.** Nhkum du wa a kashu kasha amyu matu ni a le. **3.** Kashu daw ai wa ngai hku nna lanyi sara sa shaga yu saga oi. 4. Nhkum wa Nhkum jan ni a mayat maya sa wa ai maumwi labau gawn ai laman hta rau sha jawm kanawn ai ni rai nga ga ai i.

[1] Kaga ni hta jan jan re ai, san san laklai ai, lata san da ai

[2] Shadawn shadang hku kanawn nga ai ni, aten langai myi hta manang tai ang ai ni, lanyi ai laman e hpung langai myi tai ai ni, ndai zawn sadi njaw nga yang poi ngut mat tim n hka hkraw nna manghkang byin wa lu ai

## မြန်မာနိုင်ငံမှ နှုတ်ပြောရိုးရာအစဉ်အလာ တစ်ပုဒ်ကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုချက်နမူနာ

အဆိုပါ စာပိုဒ် ကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုချက်အား အောက်တွင်ဖော်ပြထားပါသည်။ ဤဘာသာပြန်စာမူသည် ဆိုလိုရင်းအဓိပ္ပါယ်ကိုသာ အဓိကထားပါသည်။ လုံးကောက်ဘာသာပြန်မဟုတ်ပါ။ မူရင်းလေသံနှင့် စည်းချက်ကို ဖော်ပြရန် အားမထုတ်။ ထိုအကြောင်းအရာ အချက်အလက်များကိုမူ မူရင်း အဆို၏ ဖြစ်ပျက်မှု အခြေအနေကို တည်ဆောက်ယူရန်နှင့် ဘာသာပြန်ဆိုထားသော စာမူကို မူရင်းအဆိုနှင့် တိုက်ကြည့်ရန် ရည်ရွယ်၍ နိဒါန်းပိုင်း ရှင်းလင်းချက်အဖြစ် ထည့်သွင်းဖော်ပြထားရပါမည်။ ဒေသခံ ပရိသတ်မဟုတ်သူများ ဘာသာပြန် စာမူကို နားလည်စေရန်၊ အခြားသတင်းအချက်အလက်များကို အောက်ခြေ မှတ်စုများတွင် ထည့်သွင်းဖော်ပြရန် လိုအပ်သည်။

(ကျွန်ုပ်တို့သည် သက်ရှိသတ္တဝါအားလုံးပေါက်ဖွားတိုးပွားလာခြင်းအကြောင်း သမိုင်းကိုသိသူ၊ အရာအားလုံး ခေတ် အဆက်ဆက်မျိုးဆက် ထွန်းကားခြင်းအကြောင်းကို ကျွန်ုပ်တို့အား ပြောပြနိုင်မည့်သူကို ဤမင်္ဂလာ ဆောင်ပွဲသို့ ဖိတ်ခေါ်ကြရပါမည်။ ယနေ့ည ကျွန်ုပ်တို့သည် ရှိသေလေးစားထိုက်သော Nhkum မျိုးနွယ်မှ ဒူဝါ များ၏ မျိုးရိုးစဉ်ဆက်သားမြေးများအဖွဲ့ တွင် ပါဝင်လျက်ရှိကြပါသည်။ ကွန်ုပ်ကိုယ်တိုင်က Nhkum ဒူဝါ၏ Kashu kasha မြေးတစ်ဦးဖြစ်သောကြောင့် ဤပွဲလမ်းသဘင်သို့ Jaiwa နတ်ဆရာကို လာရောက် ပါဝင်ဆင် နွှဲရန် ဖိတ်ခေါ်ပါရစေ။ ထို ့နောက် ကျွန်ုပ်တို့အားလုံးသည် Nhkum မျိုးနွယ်တို့၏ မင်္ဂလာဆောင် လက်ထပ် သည့် အစဉ်အလာသမိုင်း ရွတ်ဆိုစဉ် ယာယီအားဖြင့် မိတ်သဟာယဖွဲ့ ကြပါမည်။

We must invite someone to this wedding who knows the history of the multiplition of all living things, someone who can relate to us the story of how all things oncrease from generation to generation. Tonight we are in the company of the descendants of the grade and despected Nhkum[1] chiefs. I myself am a grandson[2] of one of the nhkum chiefs, so let me invite Joiwa[3] to come and join us on this occasion. We shall all than join together in temporary fellowship[4] while the history of the Nhkum clan's marriage line is related.

---

[1] The Nhkum clan is on of the main Jinghpaw clan's which had chiefs. These chiefs traditionally believed that they had marriage velations with high level spirits and they clain that this gave them the right to perform such recitations at weddings.

[2] *Kashu kasha* (သားမြေး) ဟုဆိုရာတွင် သွေးသားဆက်စပ်မှုကို မဆိုလိုပါ။ အိမ်ထောင်ပြုခြင်းနှင့် ဆက်နွယ်သော ဆွေမျိုးဆက်စပ်ပုံကို ခေါ်ဝေါ်သော အသုံးအနှုန်းသာဖြစ်သည်။

[3] *Joiwa* သည် ၁ညေကေ မနောပွဲတွင် ဖန်ဆင်းခြင်း ပုံပြင်ဇာတ်လမ်း creation story ကို ရွတ်ဆိုနိုင်သော နတ်ဆရာဖြစ်ပြီး မင်္ဂလာဆောင်ပွဲတွင် အိမ်ထောင်ပြုခြင်း ကဗျာကို ရွတ်ဆိုသူဖြစ်သည်။ ဤအခေါ်အဝေါ်သည် အထူးကျွမ်းကျင်သော နတ်ဆရာကိုသာ ခေါ်သည့် အခေါ်အဝေါ်ဖြစ်သည်။

[4] နတ်ဆရာ *joiwa* နှင့် သူ၏ လက်ထောက်များအနေဖြင့် နတ်ဆရာများကို ဖိတ်ခေါ်ရာတွင်၊ ဤကဗျာဆိုရန် ရည်ရွယ်ချက်အတွက်သာ ဖိတ်ခေါ်ခြင်းဖြစ်၍ ထိုကိစ္စပြီးလျှင် ခွဲခွာရမည်ဖြစ်ကြောင်း၊ ကြိုတင် အသိပေးထားရန် အလွန်အရေးကြီးပါသည်။ ကဗျာရွတ်ဆိုပြီးနောက် နတ်များနှင့် အဆက်ဖြတ်ရန် ပျက်ကွက်လျှင် ကံဆိုးမိုးမှောင် ကျခြင်းနှင့် သေစေခြင်း (Misfortune and possible death) အဆင့်သို့ ရောက်တတ်သည်။

## မှတ်တမ်းဓာတ်ပုံနှင့် ဗွီဒီယိုမှတ်တမ်းခွေများ

သင်ရရှိထားသော နှုတ်ပြော အသံဖမ်းမှတ်တမ်းခွေစာရွက်စာတမ်းများနှင့်အတူ ဗွီဒီယို မှတ်တမ်းခွေများကို ပူးတွဲထားနိုင်လျှင် ကောင်းပါသည်။ အကျွမ်းဝင်ပြီးသော စကားပြောသံနှင့် စကားလုံးများ၏ ပိုင်ရှင်ကို မြင်တွေ့ရခြင်းသည် အမှန်ပင် စိတ်ဝင်စားစရာကောင်းပါသည်။ ဓါတ်ပုံများလည်း သင်ရေးသားပြုစုလိုသော သမိုင်းဝင်စာအုပ် သို့မဟုတ် စာမူ ကို ဖွံ့စည်း၍ အသုံးဝင်ပြီး ဗွီဒီယို မှတ် တမ်းခွေများနှင့် ဓါတ်ပုံများကို မော်ကွန်းတိုက်  ပစ္စည်းများတွင် တပါတည်း ထည့်သွင်းထားနိုင်သည်၊ နောက်ဆုံးအနေနှင့် နှုတ်ပြောရိုးရာ အစဉ်အလာများနှင့်အတူ ဗီဒီယိုမှတ်တမ်းခွေပါရှိသော ကြောင့် မှတ်တမ်းဓါတ်ပုံများနှင့် ဗီဒီယို ခွေများက ဖော်ပြသော သတင်းအချက်အလက်များသည် ကျွန်ုပ်တို့ အား ထိုအဖြစ်အပျက် မှတ်တမ်းတင်သော ဝန်းကျင်နေရာ(**context**) အကြောင်းကို နားလည်ရန် အရေးကြီးသော အထောက်အကူပေးလိမ့်မည်။ မကြာခဏ တွေ့ရှိတတ်သည့် အချက်တစ်ခုမှာ နှုတ်ဖြင့် ရွတ်ဆိုခြင်းနှင့်အတူ ဆိုလိုချက်ကိုပြသရန် အမူအရာ လှုပ်ရှားမှုကို တပြိုင်တည်း ပြုလုပ်တတ်ကြခြင်းဖြစ်သည်။ ယခင်အထက်က ဖော်ပြခဲ့ပြီးသည့်အတိုင်း ထိုသို့သော အသံဖမ်း မှတ်တမ်းတင်ခြင်းမျိုးတွင် မှတ်တမ်းဓါတ်ပုံနှင့် ဗီဒီယို မှတ်တမ်း ရိုက်ကူးသူကို မမြင်ရသေးသူများ၏ အဓိက အချက်များ လက်လွတ်မသွားစေရန် ရွတ်ဆိုပြောပြနေသော အပြုအမူများကြောင့် ကြိုတင်၍ အတိုချုပ်ရှင်းပြ ထားရန်လိုသည်။

ဗီဒီယိုမှတ်တမ်းများပြုလုပ်ရာတွင် ရုပ်ပုံလွှာများကို အမည်စာရင်းရေးမှတ်ရန် အလွန် အရေးကြီးသည်၊ အကြောင်းအရာ သတင်းအချက်အလက်များကို ဓါတ်ပုံနောက်ကျောတွင် ရေးနိုင်သည်။ ထိုသို့ ရေးသားရာတွင် ဓာတ်ပုံကို မပျက်စီးစေရန် သတိထားပါ၊ အောက်ပါအချက်များမှ အချို့မှဖြစ်စေ အားလုံးဖြစ်စေ မှတ်သားရမည်။

၁။ ဓာတ်ပုံ၏ရက်စွဲ

၂။ ဓာတ်ပုံ ရိုက်ကူးရာအရပ်

၃။ ဓာတ်ပုံဆရာ၏ အမည် (ဓါတ်ပုံမှတ်တမ်း၏ နောက်ကြောင်းလိုက်ရန်နှင့် အခြားစုဆောင်းမှုအတွက် အရေးကြီးသည်၊)

၄။ ဓာတ်ပုံတွင်ပါရှိသောသူများ၏ အမည်များ (နောက်ပိုင်းမှ လူများ ရှုပ်ထွေးမသွားစေရန် ပါရှိသူတို့ အနေ အထား အစီအစဉ်အတိုင်း ဖော်ပြပါ)

၅။ ထိုလူများ၏ အသက်ကို သိပါက အသက်ရေးမှတ်ပါ။

၆။ ဓာတ်ပုံရိုက်ကူးသော နေရာပတ်ဝန်းကျင်အခြေအနေ။

၇။ မူရင်းဖလင် ရှိလျှင် တိုက်ဆိုင်ကြည့်ရန်နှင့် လုံခြုံစွာ ထိန်းသိမ်းထားရန်။

၈။ ဓာတ်ပုံသည် မူရင်းမှတဆင့် ကူးရေးထားခြင်းဖြစ်လျှင် မူရင်း၏ တည်နေရာ၊၊

## မှတ်တမ်းဓာတ်ပုံများနှင့် ဗွီဒီယိုခွေများကို အမျိုးအစားခွဲခြင်း

မော်ကွန်းတိုက်ဝင်ပစ္စည်းများ အမျိုးအစား နှင့် ဓါတ်ပုံအညွှန်း သင်္ကေတကို အသုံးပြုလျှင် ကောင်းပါမည်။ အောက်ဖော်ပြပါ မှတ်တမ်းဓာတ်ပုံမှတ်စုအညွှန်းနမူနာသည် မြန်မာနိုင်ငံ ရွှေကူမြို့တွင်ရွတ်ဆိုသော နှုတ်ပြော သရုပ်ဆောင်ပြမှု ကဗျာနှင့် အတူ ဘာသာရေးဆောင်ရွက်မှုကို ရိုက်ကူး ထားသော ဓါတ်ပုံများအတွက် အညွှန်းဖြစ်သည်။ဓာတ်ပုံအားလုံးကို အညွှန်းနံပါတ် တပ်ရမည်။ နောက်ဆက်တွဲ နမူနာတစ်ခုမှာ သင်၏ဓါတ်ပုံများကို အတန်းအစားခွဲရန် နမူနာဖြစ်သည်၊ သင်၏ စုဆောင်းမှုအတွက် သင့်လျော်သော အမျိုးအစားခွဲနည်းကို ရွေးချယ်ပြီး အစအဆုံး ထိုနည်းတစ်ခုတည်းကို အသုံးပြုပါ။

**HHT/ PF-1.** 4.4.98. family, members, friends and the recording team travelling by boat from katha to shwegu . (မိသားစုများ မိတ်ဆွေများနှင့်မှတ်တမ်း အဖွဲ့ များကသာမြို့မှ ရွှေကူမြို့သို့ စက်လှေဖြင့် ခရီးထွက်စဉ်)

**HHT/PF- 1-2.**4.4.98. Arriving at shwegu by boat.The mooring area is on the right of thr picture. (ရွှေကူမြို့သို့ စက်လှေဖြင့်ရောက်လာစဉ်။ ဆိပ်ကမ်းသည် ဓါတ်ပုံ၏ ညာဘက်တွင်ရှိသည်။)

ဓာတ်ပုံတစ်ပုံစီအတွက် အညွှန်းစံနစ်ကို အသုံးပြုထားကြောင်း တွေ့ရပါမည်။ ဤနေရာတွင် အသုံးပြုသော အညွှန်းကိုးကားချက်စံနစ်ကို ရှင်းပြချက်မှာ –

- HHT/PFF – အခြား ဓါတ်ပုံများနှင့် ရှုပ်ထွေးမသွားစေရန် သင်္ကေတ code number ကို ဓာတ်ပုံများတွင် တပ်ထားသည်။
- 1-1 = ပထမဂဏန်းသည် ဖလင်လိပ်နံပါတ်ဖြစ်ပြီး ဒုတိယဂဏန်းသည် ထိုဖလင်လိပ်မှ ဖလင်ပြား negative အကွက်၏ နံပါတ်ဖြစ်သည်၊ သို့ဖြစ်၍ photograph 35 on roll 7 (ဖလင်လိပ်အမှတ် ၇ ဓါတ်ပုံအမှတ် ၃၅) ကို ၇–၃၅ ဟူ၍ ရေးမှတ်ရမည်။
- ဓာတ်ပုံရိုက်ကူးသော ရက်စွဲကို လည်းရေးမှတ်ရမည်။
- ဓာတ်ပုံအကြောင်း အကျဉ်းချုပ်ရေးမှတ်ရမည်။ ဓာတ်ပုံတွင် မည်သူပါရှိကြောင်း၊ မည်သည့်နေရာတွင် ရိုက်ကူးကြောင်း (နံနက် ၊ မွန်းလွဲ ၊ ညနေ စသဖြင့် )နှင့် အဖြစ်အပျက်။

ဗီဒီယိုမှတ်တမ်းခွေများကိုလည်း အမျိုးအစားခွဲခြားသတ်မှတ်၍ အညွှန်းပြုစုရန် အရေးကြီးသည်။ ဗီဒီယိုတွင် မြင်ရသောအရာများသည် သင့်အတွက် ရှင်းလင်းသော်လည်း အခြားသူများအတွက် ရှင်းလင်းချင်မှ ရှင်းလင်းပါလိမ့်မည်။ ဓာတ်ပုံမှတ်တမ်းများတွင် သင်ထည့်သွင်းသော အချက်အလက်မျိုးကို ဗီဒီယိုမှတ်တမ်းတွင်လည်း ထည့်သွင်းဖော်ပြသင့်သည်။ ဗီဒီယိုခွေမှ ရုပ်လွှာများသည် ရွှေ့လျားနေသောကြောင့် သတင်းအချက်အလက်နှင့် ရုပ်လွှာများကို tape counter တိပ်ခွေ ရေတွက်သည့် နံပါတ် သို့မဟုတ် timer အချိန်မှတ် နံပါတ်အတိုင်း အမျိုးအစား ခွဲခြားသတ်မှတ်ထားရန်လိုအပ်ပါလိမ့်မည်။ တိပ်ခွေမှ ရေတွက်သည့်နံပါတ်များကို အသုံးပြုလျှင် စက်တစ်လုံးနှင့် တစ်လုံး စံနစ်မတူကြောင်းသတိပြုပါ။ အောက် ဖော်ပြပါ နမူနာသည် ကချင် အသုဘ တစ်ခုကို ရိုက်ကူးထားသော ဗီဒီယိုခွေမှ စာရင်းဖြစ်သည်။ တိပ်ခွေရေတွက်သည့် နံပါတ်ကို မသုံးဘဲ အချိန်မှတ်ဂဏန်းဖြင့် ဖော်ပြထားပါ သည်။ ဤမှတ်တမ်းပစ္စည်းကို အမျိုးအစားခွဲနည်း အမျိုးမျိုးရှိသည် ။ သင်၏ ပစ္စည်းအတွက် အသင့်လျော်ဆုံးနည်းကို ရွေးချယ်ပြီး အစအဆုံး ထိုနည်းကိုသာ cosdistent အသုံးပြုပါ။

| အချိန် | အဓိကအကြောင်းအရာ | ဆောင်ရွက်ချက်၊အမှုအရာ | ရုပ်ဝတ္တုပစ္စည်း |
|---|---|---|---|
| ၀၀း၀၀ | မြစ်ပေါ်မှစက်လှေ | ခရီး | စက်လှေ |
| ၀၁း၄၅ | ရွာနှင့် အသုဘ အိမ် | ရှုခင်း | ရှုခင်း |
| ၀၂း၁၄ | နတ်ဆရာ ၏ ပလ္လင် ခေါ် အသုဘအလံတိုင် တည်ဆောက်ခြင်း အလံလွှင့် စဉ် ဝါးခွဲစဉ် hkinjawng ခေါ် နတ်ဆရာ | အသုဘမချမီ ဆောင်ရွက်ချက်များ | ယဇ်ပလ္လင် စသဖြင့် |
| ၀၄း၃၆ | hkarang da -u ခေါ် | ဆေးချယ်ခြင်း | အသုဘခေါင်း စသဖြင့် |

| | | | |
|---|---|---|---|
| | အသုဘခေါင်းကိုဆေးသုတ်စဉ်နှင့် numjang laka U pyek leng ခေါ် ငှက်ပုံ | | |
| ၀၅း၁၄ | အိမ်တိုင်မ၊ အိမ်ထုတ်တန်း | ရှုခင်း | အိမ် |
| ၀၅း၅၇ | နတ်ဆရာတာဝန်ထမ်းဆောင် နေစဉ် | နတ်ဆရာ | ယဇ်ကောင် အလှူဝတ္ထု |
| ၀၆း၃၃ | အသုဘ အလံတိုင် သို့မဟုတ် dawng hkawn စိုက်ထူစဉ် | karai ခေါ်အသုဘ အလံတိုင် | အလံများ |
| ၀၇း၃၉ | အသုဘခေါင်းကို ဆေးချယ်နေစဉ် kaprep ခေါ် အရုပ်ရေးစဉ် | ဆေးချယ်ခြင်း | အသုဘ ခေါင်း၊ karep ပန်းချီရုပ် |
| ၀၉း၁၈ | အသုဘ အလံတိုင် | ရှုခင်း | အလံတိုင် |
| ၁၁း၀၁ | အသုဘ ခေါင်းကို ဆေးချယ်စဉ် | ဆေးချယ်ခြင်း | အသုဘ အခေါင်း |
| စသဖြင့် | | | |

မှတ်တမ်းတွင်ပါဝင်သော ရှုခင်းတစ်ခုစီအကြောင်းခွဲခြား၍ ဗီဒီယိုခွေအကြောင်းပြည့်စုံစွာ ရေးသားဖော်ပြထားနိုင်လျှင်လည်း အကျိုးရှိပါမည်။ သို့သော် အခြားသူများကို material မှတ်တမ်း များ ရှာဖွေရရှိရန်ကူညီခြင်းသာဖြစ်၍၊ ထို အမျိုးအစားများသည် တိပ်ခွေမှစာသားဖြင့် ကူးရေးထားချက်ကဲ့သို့ အသေးစိတ်မပါရှိကြောင်း သတိပြုပါ ။

# အပိုင်း–၇ ။ ။ တာရှည်ခံသောစကားသံများ

**သင့်ပစ္စည်းကို စောင့် ရှောက်ခြင်းနှင့်၊ ထိန်းသိမ်းခြင်း။**

- စာရွက်စာတမ်းကိုထိန်းသိမ်းခြင်း။
- မှတ်တမ်းဓာတ်ပုံများကိုထိန်းသိမ်းခြင်း။
- VCR တိပ်ခွေများကို ထိန်းသိမ်းခြင်း။
- သင်စုဆောင်းထားသောပစ္စည်းများကို ထိန်းသိမ်းခြင်းနှင့် ပတ်သက်သော အဓိကအချက်များ၏အကျဉ်းချုပ်

**သင်စုဆောင်းထားသောပစ္စည်းများကို ထိန်းသိမ်းရန်နှင့် သိုလှောင်ရန် အီလက်ထရွန်နစ်ကိရိယာများ သုံးခြင်း**

- Scanner ကိုအသုံးပြုခြင်းနှင့် Scanning ပြုလုပ်ခြင်း
- အသံဖမ်းထားသော တိပ်ခွေ နှင့်ရုပ်သံ ဗီဒီယို မှတ်တမ်းများကို စီဒီ CD သို့ ကူးပြောင်းသည့် အခြေ ခံနည်းများ

**သင့်ပစ္စည်းများနှင့် အလုပ်လုပ်ခြင်း**

**အင်တာနက်ဝက်ဘ်ဆိုက်နမူနာ –** ဆက်လက်ရှင်သန်ခြင်း ဇာတ်လမ်း



# [26] စုဆောင်းထားသောပစ္စည်းများကို စောင့်ရှောက်ခြင်းနှင့် ထိန်းသိမ်းခြင်း

## စာရွက်စာတမ်းကို ထိန်းသိမ်းခြင်း

၁၈၆၀ ကျော်နှစ်များမှစ၍ စာရွက်ကို သစ်ပျော့ဖတ်မှ ထုတ်လုပ်လာခဲ့ကြသည်။ ဤသို့ထုတ်လုပ်ခြင်းဖြင့် စက္ကူထုတ်လုပ်သောကုန်ကျစရိတ်သက်သာသော်လည်း၊ ယခင်ကမတွေ့ရှိရသော အက်ဆစ်တစ်မျိုးက စက္ကူကို တဖြည်းဖြည်းအညိုရောင်ပြောင်းစေပြီး ကြွပ်ဆပ်သွားစေသည်။ နောက်ဆုံးအစိတ်အပိုင်းငယ်များအဖြစ် အပိုင်း ပိုင်း အစစကျိုးပဲ့ကြေမွသွားစေသည်။ စက္ကူထုတ်လုပ်ရာတွင်အသုံးပြုသော ဓာတုဗေဒ ပစ္စည်းများပေါ် မူတည်၍ စာရွက်တစ်မျိုးနှင့် တစ်မျိုး ဆွေးမြေ့ပျက်စီးသွားသည့်နှုန်း မတူကြပါ။ ဥပမာ သတင်းစာကို ပုံနှိပ်သော စာရွက်သည် ဈေးပေါသောစက္ကူကို သုံးထားခြင်းဖြစ်၍ လျင်မြန်စွာ ဆွေးမြေ့သွားသည်။ ၁၀ နှစ်အတွင်း ပျက်စီးယိုယွင်း၍ အလွန်ဟောင်းနွမ်းသော လက္ခဏာကို တွေ့ရသည်။ မည်သည့်စာရွက်မျိုးမဆို၊ ကောင်းမွန်စွာ ပြုစုထိန်းသိမ်းခြင်းမရှိလျှင် နှစ်၅၀ အတွင်း ဆွေးမြေ့ပျက်စီးကုန်လိမ့်မည်။

စက္ကူတွင်ပါရှိသောအက်ဆစ်ကြောင့် ဖြစ်ပေါ်သောသီးခြားပြဿနာတစ်ခုမှာ – ဈေးပေါသောစက္ကူမှ အက်ဆစ်သည်၊ သိုလှောင်ထားသောအခြားစက္ကူများကိုလည်း အကျိုးသက်ရောက်စေနိုင်ခြင်းဖြစ်သည်။ ဥပမာ–သတင်းစာမှ ဖြတ်ညှပ်ထားသော စာရွက်ပိုင်းတစ်ခုကို ပေးစာတစောင်နှင့်အတူထားရှိပါက၊ နှစ်အနည်းငယ်ကြာသောအခါ သတင်းစာစာရွက်ပိုင်း အတူထားရှိညှပ်ထားသော ပေးစာသည်လည်း အညိုရောင် စွန်းနေတတ်သည်။ ထိုအညိုရောင်အစွန်းသည် ဆွေးမြေ့ပျက်စီးသွားသောကြောင့်မဟုတ်ဘဲ စာရွက်ကို ကြွပ်ဆပ်သွား စေသည့် အက်ဆစ်ကြောင့်လည်း ဖြစ်သည်။

စက္ကူ စာရွက်၏ ရန်သူ (၄)မျိုးမှာ –

(၁) အပူ

အပူဓါတ်သည် ဓါတုဗေဒပစ္စည်းများ ဓါတ်ပြုမှုနှုန်းကို တိုးစေ၍ ဆွေးမြေ့ပျက်စီးမှုကို မြန်စေသည်။

(၂) စိုထိုင်းဆ

စိုထိုင်းဆ ၇၀ ရာခိုင်နှုန်း အထက်ရှိလျှင် မှိုတက်စေပြီး၊ ရုတ်တရက်ပြောင်းလဲမှုကြောင့် စက္ကူကိုပွခြင်း၊ ကျုံ့ခြင်း၊ ရေငွေ့ စုပ်ယူခြင်း၊ ရေငွေ့ခန်းခြောက်ခြင်းဖြစ်စေသည်။

(၃) အလင်းရောင်

တောက်ပသောနေရောင်ခြည်နှင့် မြန်မာနိုင်ငံတွင် အသုံးများသော လျှပ်စစ်မီးချောင်းများမှ အလင်းရောင်သည် စက္ကူ စာရွက်များကို ပျက်စီးစေနိုင်သည်။ နေရောင်မှ ခရမ်းလွန်ရောင်ခြည်သည် စက္ကူစာရွက်ရှိ ဓာတုပစ္စည်းဓာတ်ပြုနှုန်းကို တိုးစေ၍ တောက်ပသော အလင်းရောင်သည် မင်အရောင်ကို တဖြည်းဖြည်းမှိန်ပြီး နောက်ဆုံးပျက်ပြယ်သွားစေသည်။

(၄) ကြမ်းတမ်းစွာကိုင်တွယ်ခြင်း

အရေးကြီးသော (အရေးကြီးလာနိုင်သော) စာရွက်စာတမ်းများနှင့် အကျွမ်းမဝင်ဖူးသော လူများအနေဖြင့် ကြမ်းတမ်းစွာ ကိုင်တွယ်သောကြောင့် ပြဿနာဖြစ်တတ်သည်။ မြန်မာနိုင်ငံရှိ လူများသည်လည်း၊ လူမှုရေးနှင့် ယဉ်ကျေးမှုအရ အချင်းချင်းထံမှ ရယူသော စာအုပ်စာတမ်း ကိုင်တွယ်မှုမျိုးကို ပြုလုပ်တတ်ကြသည်။ ထိုသို့ ကိုင်တွယ်ခြင်းသည် နိုင်ငံတကာတွင် တွေ့ရသောအရာဖြစ်ကြောင်း သင်အံ့သြစွာတွေ့ရှိရမည်။ ဥပမာ –

---

[26] Adapted from information in the Clarke Historical Library Preservation site "*Preserving Memories*: *caring for your Heritage*" at http:/www.lib.cmich.edu/clarke/pres.html,New York State Library, *"Genealogy: Hints for preserving Family Collection's* at http:/unix2.nysed.gov/genealogy/hints.html, *"Protecting Family Memories from Time"* at http:/www.genealogy.com/10-prsrv.html and *"Restoring Damaged Photographs"* by David Mishkin at http:/www.genealogy.com/10-restr.html and *"Experts give tips for preserving photos'* by Montana State University – Bozeman Communications Services at http:/www.montana.edu/wwwpb/univ/photos.html

စာရွက်ထိပ်ကို ထပ်၍ ခေါက်ချိုးထားခြင်း၊ တံတွေးဆွတ်၍ ကိုင်တွယ်ခြင်း၊ ဖတ်ထားသော စာမျက်နှာကို တစ်ဝက်ချိုး၍ စာရွက်ခေါက်ထားခြင်း၊ ပုံနှိပ်အမှား၊ စကားလုံးပေါင်းအမှားများကို မင်ဖြင့် ပြင်ဆင်၍ ရေးသားထားခြင်း စသဖြင့် တွေ့ရသည်။ ဤသို့ကိုင်တွယ်ခြင်းအားလုံးသည် စာရွက်စာတမ်းများ၏ သက်တမ်း ကို တိုတောင်းစေသည်။

## ပျက်စီးနေသော စာရွက်စာတမ်းများကို သင်ကိုယ်တိုင်ပြုပြင်သင့်သလား။

အဖြေမှာ မပြုသင့် ဟူ၍ ဖြစ်သည်။ ပိုဆိုးသွားစေနိုင်သည်။

- စုတ်ပဲ့နေသော စာရွက်ကိုပြင်ရန် ကော်ပါသော တိပ်ကို မသုံးပါနှင့်။ ကော်ပါသောတိပ် အများစုသည် ၅ နှစ်မှ ၁၀ နှစ်အထိသာခံ၍ ကွာကျသွားတတ်သည်။ ထို့ပြင် ထိုသို့ပြုပြင်စဉ် စာရွက်ကို စုတ်ပြဲသွားစေပြီး၊ အရောင်ပြောင်းသွားစေတတ်သည်။ ထိုအရောင်ကို ဖျက်ရန် အကျွမ်းကျင်ဆုံး စာရွက်ပြုပြင်သူများကပင် များစွာအခက်အခဲတွေ့တတ်သည်။
- စာရွက်စာတမ်းများကို ပလပ်စတစ် မလောင်းပါနှင့်။ ပလပ်စတစ်လောင်းခြင်းဖြင့် စာရွက်စာတမ်းများ၏ သက်တမ်းကို မတိုးနိုင်သည့်အပြင် စေးကပ်သော ပလပ်စတစ်အဖုံး ကို ပြန်ဖယ်ရှားပစ်ရန် အလွန်ခဲယဉ်းပါသည်။ အချို့ ထိန်းသိမ်းမှု ကျွမ်းကျင်သူများသည် အရေးကြီးသော စာရွက်စာတမ်းများကို ပလပ်စတစ် နှစ်ချပ်ကြားတွင်ညှပ်၍ ပိတ်ထားတတ်ကြသည်။ ဤသို့ပြုလုပ်ခြင်း သည် ပလပ်စတစ်နှင့် အသေလောင်းခြင်းကဲ့သို့ မဟုတ်ပေ။ ပလပ်စတစ်နှင့် စက္ကူကပ်မနေဘဲ နံဘေးမှ ညှပ်ပိတ်ထားခြင်းဖြစ် သည်။

ယေဘုယျအားဖြင့်ဆိုရလျှင် အရေးကြီးသော စာရွက်စာတမ်းများ၊ စာရွက်၊ ဓါတ်ပုံ စသည်တို့ကို ပြုပြင်ရန် မကြိုးစားပါနှင့်။ သို့ရာတွင် အရေးကြီးသော စာရွက်စာတမ်းများသည် ပြန်လည်ပြုပြင်၍ မရလောက်အောင် အခြေအနေဆိုးပါက စိတ်မပျက်ပါ နှင့်။ အထူးကျွမ်းကျင်သော ပြုပြင်သူများ လက်ထဲသို့ အပ်လိုက်လျှင် အမှိန်ဆုံးဓာတ်ပုံများနှင့် အကြွပ်ဆတ်ဆုံး စာရွက်များပင် လျှင် အံ့သြဖွယ် ပြန်လည်ကောင်းမွန်လာနိုင်သည်။

## စာရွက်ထိန်းသိမ်းနည်း

- စာရွက်များကို အေး၍ ခြောက်သွေ့သောနေရာတွင် သိမ်းဆည်းထားပါ။ အလွန်စိုထိုင်း၍ စိုထိုင်းဆများသောနေရာ (သို့မဟုတ်) အလွန်ပူ၍ ခြောက်သွေ့လွန်းသောနေရာမျိုးကို ရှောင်ပါ။ စာရွက်များကို အိမ်ခေါင်မိုးတွင် မသိမ်းဆည်းထားပါနှင့်။
- မြေပြင်သည် စိုစွတ်နေပါက မြေပြင်နှင့် နီးနီး သိမ်းဆည်းမထားပါနှင့်။
- စာရွက်များကို အလွန်တောက်ပသော အလင်းရောင်များနှင့် အမြဲ ဝေးဝေး သိမ်းဆည်းထားပါ။
- အရေးကြီးသော စာရွက်စာတမ်း တစ်ခုကို ဘောင်ခတ်၍ ပြသထားရန် ရွေးချယ်ပါက၊ နေရောင်ခြည်နှင့် တိုက်ရိုက် မထိတွေ့စေရန် သို့မဟုတ် တောက်ပသော အလင်းရောင်နှင့် တိုက်ရိုက်မထိစေရန် ဆောင်ရွက်ပါ။ စာရွက်စာတမ်းနှင့် ဘောင်ခတ်သော မှန် အကြားတွင် ဟာမနေပါစေနှင့်။ ၄င်းကို အမြဲပြသမထားဘဲ မှန်ဘောင်မှထုတ်၍ ကြားကာလတွင် တစ်ခုခု အစားထိုးထည့်သွင်း ထားပါ။
- စာရွက်များကို ခေါက်မထားဘဲ အဖြန့် လိုက်ဖွင့်ပြီး ထိန်းသိမ်းထားပါ၊
- ပျက်စီးနေသောစာရွက်ကို စက္ကူလွတ်နှစ်ရွက်ကြားတွင် ညှပ်၍ အခြားစာရွက်များနှင့် ခြားထားပါ။
- အရေးကြီးသော စာရွက်စာတမ်းများအပေါ်တွင် စေးကပ်သော တိပ်ကော်များကိုမသုံးပါနှင့်။
- အရေးကြီးသော စာရွက်စာတမ်းများကို မည်သည့်အခါမျှ ပလပ်စတစ် အသေမလောင်းပါနှင့်။

## ဓာတ်ပုံများကို ထိန်းသိမ်းခြင်း

ဓာတ်ပုံကူးရေးခြင်း အလုပ်ပင်လျှင် အလင်းရောင်ကို အသုံးပြုရသော ရုပ်ထွေးသည့် ဓာတ်ပြုမှု ပါဝင်သည်။ ထို့ကြောင့် မည်သည့် ဓာတ်ပုံမျှ တည်မြဲမှုမရှိဘဲ အလင်းရောင်ကို တုံ့ပြန်မှု အနည်းနှင့်အများဖြစ်ပေါ်၍ ဓာတုပစ္စည်းများအပေါ် လျင်မြန်စွာတုံ့ပြန် ဓာတ်ပြုခြင်းနှင့် မမျှော်လင့်ဘဲ ဓာတ်ပြုခြင်း တွေ့ရတတ်သည်။ ဓာတ်ပုံအပေါ်ယံလွှာတွင် တိရစ္ဆာန် အသားဓါတ် **gelatin** ဖြင့် ရုပ်ပုံပေါ်နေပြီး ဤအလွှာကို **emulsion layer** ဟု ခေါ်သည်။ အလွှာ၏ အောက်ခြေတွင် အခြေခံအလွှာခေါ် ဓါတ်ပုံစက္ကူ သို့မဟုတ် ဓါတ်ပုံ ဖလင်ရှိသည်။ ကြားအလွှာတွင် ရုပ်ပုံကို **emulsion** တွင် ကပ်နေရန် ကော်တစ်ထပ်ခံထားသည်။

ဓါတ်ပုံ၏ အလွှာတိုင်းတွင် အကြောင်းအမျိုးမျိုးကြောင့် ပျက်စီးမှုဖြစ်ပေါ်နိုင်၍ ဓာတ်ပုံတစ်ခုလုံးကို အကျိုးသက် ရောက်စေတတ် သည်။ ဥပမာ – **emulsion layer** အောက်ခံဓါတ်ပုံစက္ကူလွှာသည် **organic materials** ဇီဝပစ္စည်းများဖြင့် ပြုလုပ်ထား သောကြောင့် အပူနှင့် အလွန်စိုထိုင်းမှုတို့က ၄င်းတွင် မှိုတက်စေတတ်သည်။ အပေါ်ယံလွှာလည်း အစို ဓါတ်ကြောင့် ပွတက်လာပြီး စေးကပ်လာတတ်သည်။ စိုထိုင်းဆသည် ၂၅% အောက်အထိ နည်းနေလျှင်လည်း အာက်ခံ ဓာတ်ပုံစက္ကူလွှာကွဲအက်ပြီး အောက်ခံဝတ္တု တွန့်ခေါက်သွားနိုင်သည်။ အချို့သောသူများက ရောင်စုံဓာတ်ပုံများနှင့် ဖလင်များကို ရေခဲသေတ္တာတွင် သိမ်းဆည်းထားလျှင် အေးလေလေ အခြေအနေပိုကောင်းလေလေဖြစ်သည်ဟု အကြံပြုကြသည်။ သို့သော် ဖြစ်နေကျအတိုင်း ရေခဲသေတ္တာအတွင်းတွင် စိုထိုင်းဆ များနေလျှင်လည်း အကျိုးရှိမည် မဟုတ်။ ဥပမာ – စိုထိုင်းဆကို စုပ်ယူနိုင်သော ဝတ္တုတစ်မျိုးမျိုးကို ရေခဲသေတ္တာထဲတွင် ထည့်ထားနိုင်သည်။ အချို့ဓာတ်ပုံဆရာ များသည် အရည်များကို စုပ်ယူနိုင်သလောက် စုပ်ယူပြီးနောက် ဓါတ်ပုံကို အရောင်ပြောင်းစေသည့် လေကို ခြောက်သွေ့စေရန် လေခြောက်စက် သုံးတတ်ကြသည်။ အသုံးပြုပြီးလျှင် အခြောက်ခံ၍ ထပ်သုံးနိုင်သည်။ ဤသို့ပြုလုပ်ရန် သင်သိသော သဘာဝပစ္စည်းများကိုလည်း အသုံးပြုနိုင်သည်။

ဓာတ်ပုံအားလုံးသည် အချိန်ကာလကြာလျှင် အရောင်မှိန်သွားတတ်သည်။ ဂရုစိုက်၍ ထိန်းသိမ်းထားသော အဖြူ အမည်း ဓာတ်ပုံများသည် နှစ်ပေါင်းရာကျော် ခံနိုင်သော်လည်း၊ ရောင်စုံဓါတ်ပုံများသည် ၄င်းတို့တွင် ဖွဲ့စည်းပါဝင်နေသော ဓာတုပစ္စည်းများကြောင့် အရောင်ပြောင်းလွယ်၍ မှေးမှိန်လွယ်သည်။ ရောင်စုံဓာတ်ပုံများ အရောင်မှိန်ပြောင်းလဲသွားခြင်းကို နှစ်ပေါင်း၁၀ နှစ် ၁၅ နှစ် အကြာတွင် သတိပြုမိတတ်သော်လည်း **polaroid** ကဲ့သို့ ခုရိုက်ခုယူ ချက်ချင်းမှေးမှိန်ပြောင်းလဲသွားတတ်ကြသည်။ ဆေးလိပ်မီးခိုး၊ မော်တော်ကား အိတ်ဇောပိုက်မှ ထွက်သော ဓါတ်ဆီအခိုး၊ ပင်လယ်ဆားငန်ရေမှလာသော လေနှင့် ဖုံမှုန့် စသော လေထုညစ်ညမ်းမှုများကြောင့်လည်း ဓာတ်ပုံအရောင်များ ပျက်စီးသွားနိုင်သည်။ သန့်ရှင်းသုတ်သင် ဆေးကြောသော ဓာတုပစ္စည်း များမှ အခိုးအနံ့များသည် ဓာတ်ပုံကို ဓာတ်ပြုစေတတ်သောကြောင့်၊ ထိုဓာတုဆေးများပါရှိသော ဓာတ်ပုံဘောင် ကတ်ထူပြားများတွင် ဓာတ်ပုံမထည့်ပါနှင့်။ ထိုနည်းတူ – ဆီဆေးအခြေခံ သဘော်ဆေး သုတ်လိမ်းခါစ အခန်းများမှ ဓာတ်ပုံများကို အနည်းဆုံး တစ်လ ရွှေ့ပြောင်းဖယ်ရှားထားပါ။ ဓါတ်ပုံများသည် စက္ကူများနည်းတူ ရန်သူများ၏ဒဏ်ကို ခံရတတ်သည်။

၁။ အပူ – အပူချိန် ၄၀ံ ဖာရင်ဟိုက်တွင် ထိန်းထားနိုင်လျှင် ဓာတ်ပုံများ အကြာဆုံးခံသည်။

၂။ စိုထိုင်းဆ

၃။ အလင်းရောင် – ဓာတ်ပုံများသည် အလင်းရောင်ပေါ် တုံ့ပြန်မှုအားကောင်းသော ဓာတုပစ္စည်းများတွင် အခြေခံ၍ ကူးထားခြင်းကြောင့် တည်ငြိမ်သော အခြေအနေတွင် မည်သည့်အခါမျှ မထိန်းထားနိုင်။

၄။ မှားယွင်းကြမ်းတမ်းစွာကိုင်တွယ်ခြင်း – လက်ပေါ်မှ ဆီသည် ဓာတ်ပုံ သို့မဟုတ်ဖလင်များတွင် ထင်ကျန်စေခဲ့ပါက ဓာတ်ပုံပေါ်တွင် အမြဲတမ်းပေါ်စေနိုင်သည်။ စာရေးမင်၊ စာရွက်ညှပ်ကလစ်များ၊ စက္ကူကပ်ကော်နှင့် ဆိုင်လိုတိတ်စသည့် အိမ်သုံးပစ္စည်းများလည်း ဓာတ်ပုံအားလုံးကို ပျက်ဆီးစေတတ်သောကြောင့် ရှောင်ရမည်။ ဓာတ်ပုံများကို သူ့နေရာနှင့်သူကပ်ရန် ဓာတ်ပုံထောင့်စွန်းထိန်း **photo corner** များကိုသုံးပါ။ သို့မဟုတ် ဓာတ်ပုံထောင့်စွန်းများ ထိုးထည့်နိုင်ရန် ဓာတ်ပုံအယ်လ်ဘမ်ကတ်ထူကို ဘလိပ်ဓါးဖြင့် ဖောက်ထားပါ။ ပြန်ပြင်၍ မရနိုင်သော မည်သည့်အရာမျိုးကိုမျှမပြုလုပ်ပါနှင့်။

## ဓါတ်ပုံထိန်းသိမ်းနည်း အကျဉ်းချုပ်များ

- အိမ်ခေါင်မိုး သို့မဟုတ် အောက်ခြေ မြေညီထပ်များသည် အပူချိန် စိုထိုင်းဆနှင့် စိုစွတ်မှု အပြောင်းအလဲကြောင့် ဓာတ်ပုံ များကို ပျက်စီးစေနိုင်သဖြင့်၊ ဓာတ်ပုံများနှင့် နက်ဂတစ်များကို ထိုနေရာများတွင် မည်သည့်အခါမျှ မသိုလှောင်ထားပါနှင့်။
- ဓာတ်ပုံများနှင့် နက်ဂတစ်များတွင် ပါရှိသော ဓာတုပစ္စည်းများကြောင့် အချင်းချင်း ဓာတ်ပြု၍ စေးကပ်သွားတတ်သဖြင့် ၄င်းတို့ကို မည်သည့်အခါမျှ အတူပူး၍ မသိမ်းဆည်းပါနှင့်။ ဓာတ်ပုံနှင့် နက်ဂတစ်တစ်ခုစီကို သီးခြားစက္ကူ သို့မဟုတ် ပလပ်စတစ်စ ခံပြီး အရည်အသွေးကောင်းသော ကတ်ထူများကြားတွင် သိမ်းဆည်းထားပါ။
- ဓာတ်ပုံအယ်လ်ဘမ်များကို ဂရုစိုက်၍ ရွေးချယ်ပါ။ စီးပွားဖြစ် အရေအတွက်များကို ထုတ်လုပ်ရောင်းချသော ဓာတ်ပုံ အယ်လ်ဘမ်များတွင် ဓာတ်ပုံကို ပျက်စီးစေတတ်သည့် ဓာတုပစ္စည်းများ ပါဝင်နေတတ်သည်။ ဈေးပေါသော အယ်လ်ဘမ် များသည် ဓာတ်ပုံများကို ထိခိုက်ပျက်စီးစေတတ်သော အက်ဆစ်ပါ ဝင်နှုန်းများသည် ဓာတုပစ္စည်းများဖြင့် ပြုလုပ်ထားတတ်ကြသည်။ ပလပ်စတစ်အဖုံးသည် စိုစွတ်သောအခါ ဓာတ်ပုံတွင် စေးကပ်အမျိုးစားများသည် အကောင်းဆုံး ဖြစ်ကြောင်းသိရပါသည်။
- ဓာတ်ပုံများအခြေအနေကောင်းမွန်ဆဲအချိန်တွင် နောက်ထပ်ကူးထားပါ။ မူရင်းဓာတ်ပုံများကို ထုတ်မပြဘဲ ထပ်ကူးထားသောပုံများကိုသာ ခင်းကျင်းပြသပါ။
- Toned prints အနေဖြင့် ဆေးကူးပါက အဖြူအမည်းပုံများသည် ပို၍ကြာရှည်ခံပါသည်။ ဤသို့ လုပ်ရာတွင်၊ ရုပ်ပုံ၏ သတ္တုငွေရောင် ဒြပ်ဝတ္ထုပစ္စည်းကို အောက်စီဂျင်နှင့် ဓာတ်ပြုမှု တားဆီးသော ပုံစံမျိုးသို့ပြောင်းပေးသည်။ ဤသို့ ပြောင်းထားသောဓါတ်ပုံများသည် အညိုရောင်၊ သို့မဟုတ် ခရမ်းရောင် သန်းနေတတ်သည်။ သို့ရာတွင်၊ အထက်က ဖော်ပြခဲ့သည့်အတိုင်း ဤဓါတ်ပုံများကို ကွန်ပျူတာတွင် scanning လုပ်လိုလျှင်၊ Colour toned image ရောင်စုံရုပ်လွှာများအခြေအနေတွင် ဆော့ဖ်လုပ်၍ ထိန်းသိမ်းခြင်းမပြုဘဲ၊ Monochrone မိုနိုခရမ်းများအဖြစ် လုပ်၍ သိမ်းဆည်းပါက နေရာပိုကျဉ်းပါမည်။ (အောက်တွင်ရှု)
- သင့်တွင် အဖြူအမည်းနက်ဂတစ်ဖလင် black and white negatives နှင့်ရောင်စုံပုံမှကူးယူထားသော ဓာတ်ပုံ ရှိလျှင် မူရင်းရောင်စုံပုံထက်တာရှည်ခံပါမည်။
- ဓာတ်ပုံများနှင့် negative ဖလင်များကို scanning လုပ်ပြီး လျှပ်စစ်ကိရိယာတွင် သိမ်းဆည်းသိုလှောင် ထားရန် စဉ်းစားပါ။
- ဓါတ်ပုံများနှင့် negative ဖလင်များကို အမြဲတမ်းအနားစွန်းများမှကိုင်သွယ်ပါ။ Lint free gloves လက်အိတ်ပါး များရှိလျှင် ကိုင်တွယ်အသုံးပြုရန် အကောင်းဆုံးဖြစ်သည်။
- ဓာတ်ပုံများနှင့် negative ဖလင်များကို တောက်ပသောအလင်းရောင်တွင် ကာလကြာရှည် မပြထားပါနှင့်။
- ရောင်စုံဓာတ်ပုံများကိုကူးရန် အရည်အသွေးမြင့်မားသော ရောင်စုံဓာတ်ပုံ negative ဖလင်များနှင့် ရောင်စုံဓာတ်ပုံကူးစက္ကူများကို အသုံးပြုပါ။ သီးခြားလေ့လာစမ်းသပ်တွေ့ရှိချက်အရဆိုလျှင် အပျော်တမ်းဓာတ်ပုံရိုက်ကူးသော ဈေးကွက်အတွက် အောက်ဖော်ပြပါ negative ဖလင်များသည် အကောင်းဆုံးဖြစ်ကြောင်း အကြံပြုထားကြသည်။ fuji color super G 200konica color super SR 200 3 M, Scotch color 200 film သို့မဟုတ် Polaroid one film color print film (ISo 200) တို့ကို medium speed range (ISo -200) အလယ်အလတ် အမြန်ရိုက်နှုန်းဖြင့်ရိုက်ရန်၊ ဓာတ်ပုံကူးထားသော စက္ကူများ၏ အရည်အချင်း မှေးမှိန်နှုန်းလည်း တစ်ခုနှင့်တစ်ခု အတော်ကွာခြားကြောင်းတွေ့ရသည်။ fuji color super FA Type 3 နှင့် fuji color SFA 3 ဓါတ်ပုံစက္ကူများသည် အရောင်မပြယ်ဘဲ နှစ်ပေါင်း ၅၀ အထိ

ထုတ်ပြထားနိုင်သည်။ **kodak** ဓာတ်ပုံစက္ကူအများစုသည် ၁၀နှစ်လောက်အတွင်း အရောင်မှေးမှိန်သွားကြသည်။

ရောင်စုံဓါတ်ပုံများကို ယာယီသဘောထား၍ တနေ့နေ့တွင် ၄င်းပုံများကို ကူးရန်လိုအပ်လာမည်ဟု ကြိုတင်တွက်ဆထားပါ။

## VCR တိပ်ခွေများကို ထိန်းသိမ်းခြင်း

လွန်ခဲ့သော ၁၀စုနှစ်အတွင်း ဗီစီအာရ် ရုပ်သံတိပ်ခွေအသုံးပြုမှု တိုးပွားလာသည်။ သို့ရာတွင် ရုပ်သံတိပ်ခွေများသည် ရောင်စုံဓာတ်ပုံများထက်ပင်လျှင် ပျက်စီးလွယ်သောကြောင့် ၄င်းတို့ကို အထူးဂရုစိုက်၍ သုံးရမည်။

ရုပ်သံတိပ်ခွေများသည် သတ္တုဓာတ်ပေါင်းများ ချောဆီများ ပလပ်စတစ် ပစ္စည်းများကို ပေါင်းစပ်ပြီး ရှုပ်ထွေးစွာဖွဲ့စည်းထားသော ဓာတုတိပ်ခွေဖြစ်သည်။ ဤသို့ ဓာတုပစ္စည်း ပေါင်းစပ်ထားသော ဝတ္ထုတစ်မျိုးစီသည် အသုံးတစ်မျိုးအတွက် ဖြစ်သော်လည်း၊ ရိုက်ကူးပြီးသော တိတ်ခွေရှိ ဓာတုပစ္စည်းများသည် သီးခြားပြဿနာများကို ကြုံရတတ်သည်။ ၄င်းဓာတုတစ်မျိုး ချို့ယွင်းလျှင် ရုပ်သံတိတ်ခွေ တစ်ခွေလုံး သုံးမရဘဲဖြစ်တတ်သည်။

ဤသို့ရှုပ်ထွေးစွာ ရောနှောဖွဲ့စည်းထားသောကြောင့်၊ အကောင်းဆုံး ရုပ်သံတိပ်ခွေပင် ရိုက်ကူးပြီးနောက်၊ လျှင်မြန်စွာ အရည်အသွေးကျဆင်းသွားနိုင်သည်။ အကောင်းဆုံးထိန်းသိမ်းမှု အခြေအနေမျိုးတွင်ပင်လျှင် ဤရောစပ်ထားသော ဓာတုပစ္စည်းများကို ထိန်းထားသည့် အလွှာသည် အလွန်သိမ်မွေ့စွာ ပျက်စီးလွယ်သောကြောင့် အောက်ခံဓာတုပစ္စည်း အစိတ်အပိုင်းများကို အလွယ်တကူခြစ်ထုတ်မိတတ်သည်။ မည်သည့်အကြောင်းကြောင့်ဖြစ်စေ – ရုပ်သံတိပ်ခွေ၏ အရည်အသွေးကို တဖြေးဖြေးကျဆင်း ညှံ့ဖျင်းစေနိုင်သောကြောင့် ဖန်သားတွင် ပြန်ပြသောအခါ၊ ပိုမိုဆိုးဝါး၍ နောက်ဆုံး လုံးဝရုပ်သံမပေါ်သောအခြေအနေသို့ ရောက်သွားနိုင်သည်။

ရုပ်သံတိပ်ခွေများသည် အကြောင်းအမျိုးမျိုးကြောင့် ပျက်စီးနိုင်သည်။ ၄င်းသည် စက္ကူများနှင့် ဓာတ်ပုံများနည်းတူ အပူဓာတ်ကြောင့် ဓာတ်ပြုမှုဖြစ်ပြီး ရုပ်သံတိပ်ခွေကို ပျက်စီးစေနိုင်သည်။ စိုထိုင်းဆသည် မှိုအစရှိသော ဇီဝပြောင်းလဲမှုဖြစ်စေပြီး ရုပ်သံတိပ်ခွေများကို ဖျက်ဆီးနိုင်သည်။ ဆက်ထားသော ကော်ကွာခြင်းကြောင့် ရုပ်သံတိပ်ခွေများ ပျက်စီးနိုင်သည်။ ထိုသို့ဖြစ်လျှင် ပျောက် သွားသော သတင်း အစိတ်အပိုင်းကြောင့်၊ ရုပ်သံတိပ်ခွေများကို **VCR** စက်တွင်သာ ပြန်ဖွင့်နိုင်ရာ ၄င်း ရုပ်သံစက်များ ကိုယ်တိုင်က ရှုပ်ထွေးစွာ ဖွဲ့စည်းထားသော စက်ပစ္စည်းဖြစ်သောကြောင့် စက်အတွင်းမှ စက်အစိတ်အပိုင်း ချို့ယွင်းမှု မကြာခဏ ဖြစ်နိုင်သည်။ ဖုံမှုန့်သည် မကြာခဏ ဒုက္ခပေးတတ်သည်။ အလွန်သေးငယ်သော ဖုံမှုန့်ပင်ဖြစ်စေကာမူ ရုပ်သံပြစက်၏ ရုပ်သံဖမ်းကိရိယာ သို့မဟုတ် စက်၏အရေးကြီးသော အစိတ်အပိုင်းတစ်ခုတွင် ကပ်နေလျှင် ရုပ်သံပြစဉ် မျဉ်းကြောင်းများကို ရုပ်သံတိတ်ခွေပေါ်တွင် တောက်လျှောက်ထင်နေစေတတ်သည်။ ရုပ်သံတိပ်ခွေပေါ်မှ ခြစ်ရာတိုင်းသည် **polyester tape** ဓာတုပစ္စည်းတိပ်ခွေပေါ်မှ အရာများကို ခြစ်ထုတ်ဖျက်ဆီးသောကြောင့် ရုပ်လွှာကို တဖြည်းဖြည်းအရည်အသွေး လျော့သွားစေသည်။

ရုပ်သံတိပ်ခွေများကို ရေရှည်ထိန်းသိမ်းနိုင်သောနည်းမရှိပါ။ ရုပ်သံတိပ်ခွေအများစုသည် ၁နှစ်ခန့်ကြာလျှင် ပြန်ပြ၍ မရနိုင်သောအခြေအနေသို့ ရောက်နိုင်စရာအကြောင်းရှိသည်။ ဤတိုတောင်းသော ကာလအတွင်း ပိုမိုကောင်းမွန်သော အခြေအ နေတွင် ထိန်းသိမ်းထားနိုင်သောအဆင့်ရှိ နိုင်ပြီး နောက်ပိုင်းတွင် ပို၍ကောင်းမွန်သော မိတ္တူများကူးထားရန် ဖြစ်နိုင်သည်။

## ရုပ်သံတိပ်ခွေများကို ထိန်းသိမ်းနည်းများ

- ကုန်အမှတ်တံဆိပ်ပါသော တိပ်ခွေအကောင်းစားကို ဝယ်ပါ။ ဈေးပေါသော တိပ်ခွေများကို ဝယ်ယူခြင်းဖြင့် ထိန်းသိမ်းမှု၌ ပြဿနာပေါ်ပေါက်တတ်သည်။
- တိပ်ခွေများကို ရိုက်ကူးပြီးလျှင်ပြီးချင်း ထိန်းသိမ်းမှု စတင်ဆောင်ရွက်ပါ။ ထိန်းသိမ်းထားသော အခွေများကို တစ်နှစ်လျှင်တစ်ကြိမ် စစ်ဆေးပါ။ မစစ်ဆေးဘဲ ပြန်မဖွင့်ပါနှင့်။
ဤသို့ ထိန်းသိမ်းထားသော အခွေကို အခြားတိပ်ခွေသို့ ပြန်ကူးရာတွင် ကောင်းမွန်စွာ အသုံးပြုနိုင်ပါလိမ့်မည်။ သုတေသနပြုခြင်း ကဲ့သို့သော မကြာခဏဖွင့်ရသည့် အလုပ်အတွက် ကူးထား သော ဒုတိယခွေကို အသုံးပြုပါ။ ကူးယူထားသော အခွေသည် မကြာမကြာဖွင့်သုံးခြင်းကြောင့် တဖြည်းဖြည်း အရည်အသွေး လျော့ကျသွားသော်လည်း ထိန်းသိမ်းထားသော အခွေရှိ ရုပ်သံများ မပျက်စီးဘဲရှိနေပါမည်။
- ဗီဒီယိုအခွေများကို နှစ်စဉ်မှန်မှန် ဖွင့်ကြည့်ခြင်း၊ ပြန်ရစ်ခြင်း ပြုလုပ်ရမည်။ နှစ်စဉ်မှန်မှန်ဖွင့်ကြည့်ခြင်းဖြင့် ဆိုးဝါးသော အဖြစ်သို့ မရောက်မီ ပြဿနာများကို ကြိုတွေ့နိုင်လိမ့်မည်။ နှစ်စဉ်မှန်မှန် ခွေပြန်ရစ်ခြင်းဖြင့်မှ ခွေကျနေခြင်းစသော ပြဿနာများစွာကို ရှောင်ရှားနိုင်သည်။
- ခွေကို ဖွင့်ကြည့်ရန် သန့်ရှင်းသော ဗီဒီယိုပြစက် ကောင်းကောင်းကို အသုံးပြုပါ၊ မျက်စိဖြင့် မမြင်နိုင် သော အမှုန်အစများသည် ရုပ်သံဖော်ကိရိယာကို ပွတ်၍ အစင်းကြောင်းများ ဖြစ်ပေါ်စေပြီး တိပ်ခွေများကို ပြန် ပြင်မရနိုင်အောင် ပျက်စီးသွားစေနိုင်သည်။ ထိန်းသိမ်းထားသော ခွေကို ပြန်မဖွင့်မီ၊ ပြစက်ကို သန့်ရှင်း အောင် သုတ်သင်ပြီး စစ်ဆေးကြည့်ရန် အထူးအရေးကြီးပါသည်။
- တိပ်ခွေများကို ပြန်လည်ကူးယူထားရန် ကြိုတင်သိထားပါ။ တိပ်ခွေကို ဖွဲ့စည်းထားသော ပစ္စည်းများသည် အလွန်သိမ်မွေ့သောကြောင့်၊ အချိန်မရွေး လုံးဝသုံးမရအောင် ဖြစ်သွားနိုင်သည်။ တိပ်ခွေများကို အနည်းဆုံး ၁၀နှစ် တစ်ကြိမ် ပြန်ကူးယူထားရန် စီစဉ်ပါ။

## ပစ္စည်းများကိုထိန်းသိမ်းခြင်း၏အဓိကအချက်များ (အကျဉ်းချုပ်)

၁။ မျှတသော အပူချိန် ၊ သင့်တင့်သော စိုထိုင်းဆ၊ သန့်ရှင်းသောလေနှင့် လေဝင်လေထွက်ကောင်းခြင်း၊ သဘာဝ အလင်းရောင် သို့ မဟုတ် မီးချောင်းမရှိခြင်းနှင့် ဂရုစိုက်၍ ကိုင်တွယ်ခြင်း စသော လုံခြုံသောပတ်ဝန်းကျင်သည် စာအုပ်စာရွက်စာတမ်းများ ဓာတ်ပုံများနှင့် ပုံနှိပ်ထားသော အရာများကို ကာကွယ်ထိန်းသိမ်းရန် အကောင်းဆုံးဖြစ်သည်။ ဤသို့သော ပတ်ဝန်းကျင် အခြေအနေမျိုးကို ဖန်တီးယူရန် ခဲယဉ်းသကဲ့သို့ ထင်ရသော်လည်း၊ ထိုသို့ စည်းကမ်းများကို အတတ်နိုင်ဆုံး စွဲစွဲမြဲမြဲ လိုက်နာရန် မပျက်ကွက်ပါနှင့်။
၂။ အပူရှိန်ပြင်းထန်သောနေရာဒေသ၊ စိုထိုင်းမှုနှင့် လေထုညစ်ညမ်းမှုဖြစ်စေသောအရာများကို ရှောင်ပါ။ သင်၏ အဖိုးတန် စာအုပ်များ ဓာတ်ပုံများနှင့် စာရွက်စာတမ်းများကို အိမ်ခေါင်မိုးအောက်နား၊ မြေညီထပ် စသည်တို့တွင် မသိုလှောင်ပါနှင့်၊ သင်၏ ပစ္စည်းများကို ထိန်းသိမ်းထားသည့်နေရာ အနီးအနား ပတ်ဝန်းကျင်ကိုလည်း သတိထား ထည့်စဉ်းစားပါ။ ဥပမာ – တံစက်မြိတ် ရေတံလျှောက်မှ ရေလျှံကျတတ်သလား။
၃။ အပူဓာတ်သည် ဖျက်ဆီးတတ်သောသဘောရှိသည်။ အဖိုးတန်ပစ္စည်းများကို မီးဖိုအထက်တည့်တည့်၊ ကြပ်ခိုးစင်များတွင် မချိတ်ဆွဲထားပါနှင့်၊ အဖိုးတန်ပစ္စည်းများကို မီးဖိုအနားနှင့် ပြတင်းပေါက်အနားတွင်မထားရ။
၄။ အလင်းရောင်သည် ပစ္စည်းအရောင် မှေးမှိန်သွားစေပြီး၊ အခြားပျက်စီးမှုများကို ဖြစ်စေသည်။ ဓာတ်ပုံများနှင့် ပန်းချီ၊ ရေဆေး ပန်းချီ၊ ပုံနှိပ်ရုပ်ပုံများနှင့် အခြားစာရွက်ပေါ် ရေးသားသော အရာများကို အတတ်နိုင်ဆုံး အမှောင်ခန်းတွင် ထားရှိပါ။ အဖိုးတန် စာအုပ်နှင့် စာရွက်စာတမ်းများကို နေရောင်တိုက်ရိုက် သို့မဟုတ် အလင်းရောင် တိုက်ရိုက်ထိသောနေရာများတွင် မထားပါနှင့် အခန်းများ၊ ကြားလမ်းများ၊ ပြတင်းပေါက်မရှိသော အခန်းများသည် အကောင်းဆုံးဖြစ်သည်။

၅။ အိမ်တွင်းညစ်ညမ်းမှုလည်း တိုးတက်နေသော ပြဿနာတစ်ရပ်ဖြစ်ပြီး၊ စာရွက်များကို လျင်မြန်စွာ ပျက်စီးစေသည်။ မှန်ဘောင် နှင့် ပလပ်စတိတ် ဖုံးအုပ်ခြင်းဖြင့် ဖုန်များကို ကာကွယ်နိုင်သည်။ သို့ဖြင့် စာအုပ်စာတမ်း ဓာတ်ပုံ စသောပစ္စည်းများကို ကိုင်တွယ်၍ ထောင့်စွန်းများ ပျက်စီးခြင်းမျိုးမရှိနိုင်။
၆။ အဖြူအမဲ ဓါတ်ပုံများသည် ရောင်စုံဓါတ်ပုံများထက် ပို၍ရေရှည်ခံသည်။ ခွေများ၊ ရောင်စုံဆလိုက်များ နှင့် စာရွက်ပေါ်ကူးထားသော ဓာတ်ပုံအများစုသည် သက်တမ်းတိုတောင်း၍ ၄င်းတို့ကို အသုံးပြု၍ ထိန်းသိမ်းသောအခါ ဤအချက်ကို သတိထားရမည်။
၇။ သတင်းစာမှ ဖြတ်ညှပ်ထားသော စာရွက်များကို ရေရှည်ထိန်းထားလိုပါက XeroxV century band သို့မဟုတ် Howard Permalife စသော အရည်အချင်းကောင်းသည့် ဓာတ်ပုံစက္ကူများတွင် ရိုက်ကူးထားပါ။ ထိုရိုက်ကူးထားသော မူလစာရွက်များထက် ပို၍ ကြာရှည်ခံလိမ့်မည်။
၈။ သင်ထိန်းသိမ်းထားလိုသော ပေးစာများ၊ သတင်းစာဖြတ်ပိုင်းများနှင့် အခြားစာရွက်စာတမ်းများကို အက်ဆစ်ဓာတ် ပါဝင်မှုနည်း သော အရည်အသွေးကောင်းသည့် ကတ်ထူဖိုင်များအကြားတွင် အပြန့်လိုက် ထည့်ထားသင့်သည်။ စာရွက်နှင့် ဓာတ်ပုံများ ကို ပြန်ထုပ်၍ အစားထိုးပြန်သွင်းပြုသော အခါများတွင် ခေါက်ချိုးခြင်း၊ ပြန်ဖြန့်ခြင်းကြောင့် ပျက်စီးစေနိုင်သည်။ စာရွက်စာတမ်း များနှင့် ဓါတ်ပုံများ သိမ်းဆည်းသည့် ကြားခံဖိုင်တွဲ buffered folders များမရရှိနိုင်လျှင် buffered papers ကြားခံစက္ကူများ (ဥပမာ – XeroxV century band သို့မဟုတ် Howard Permalife) ကို folder ဖိုင်တွဲ၏ ရှေ့ဆုံးနှင့် အတွင်းဖုံးတွင် ညှပ် ထည့်ထားပါ။
၉။ Album တွင် ဓါတ်ပုံများကို သိမ်းဆည်းရာတွင် သင်၏ ဓါတ်ပုံကို စေးကပ်သောကော်နှင့် ကပ်ခွာပလပ်စတစ် မသုံးဘဲ ဓာတ်ပုံ ထောင့်စွန်းထိန်း "Photo" mountaing corners ကို သုံးပါ။
၁၀။ စာအုပ်ဟောင်းများမှ မှိုနံ့ပျောက်စေရန် ခြောက်သွေ့အောင်ထားပါ။ ၄င်းတို့ကို အေး၍ ခြောက်သွေ့သော နေရာတွင် တစ်ရက် နှစ်ရက်ထားပါ သို့မဟုတ် စားပွဲပေါ်တင်၍ နေရောင်၊ လေအေးတိုက်သောနေရာတွင် နာရီပေါင်းအနည်းငယ် ထုတ်လှမ်းထားပါ။ အနံ့အသက် မပျောက်သေးလျှင် ခြောက်သွေ့သော မုန့်ဖုတ်ဆော်ဒါ ဗူးခွံအလွတ်တွင်သော်၄င်း Potpourri ဗူးခွံအလွတ်တွင်သော်၄င်း ထည့်၍ ပိတ်ထားပါ။ စာရွက်များကို အနံ့အသက် ပေးမထိပါစေနှင့်။ အေးသောနေရာတွင် စာအုပ်များကို ရက်အနည်းငယ် ထား၍ နောက်ထပ် မှိုတက်မတက် တစ်ရက်တစ်ကြိမ် စစ်ဆေးကြည့်ပါ။
၁၁။ (အထူးသဖြင့်သံချေးကိုက်နေသော) Stapler ချုပ်စက်ပင် သို့မဟုတ် စက္ကူညှပ်ကလစ်များကို ဖယ်ရှားရန်၊ မာသော polyster သို့မဟုတ် polypropylene ပလပ်စတစ်ပြားများကို စက္ကူပေါ်ရှိ စတက်ပလာပင်၊ စက္ကူညှပ်ကလစ်တို့၏ အောက် တစ် ဖက်တစ်ချက်စီ၌ညှပ်ပါ။ ထို့နောက် ဇာဂနာ သို့မဟုတ် ဓါးမြှောင်ထိပ်ဖြင့် သတ္တုအစွန်းကို ထိုးကော်ပြီး ဖယ်ရှားပါ။ ပလပ်စတစ်ပြားသည် သင် အသုံးပြုသော ကိရိယာနှင့် စာရွက်ကို ပွတ်တိုက်မှုဒဏ်မှ ကာကွယ်လိမ့်မည်။

## သင်၏ပစ္စည်းများကို ထိန်းသိမ်းရန် အီလက်ထရွန်နစ်ကိရိယာများကို အသုံးပြုခြင်း

သင်၏ပစ္စည်းများကို အကျိုးဖြစ်ထွန်းအောင် ထိန်းသိမ်းရန် အကောင်းဆုံးနည်းမှာ – မိတ္တူကူးခြင်း ဖြစ်သည်။ ဓါတ်ပုံများ၊ အသံဖမ်း ကက်ဆက်ခွေများ၊ ရုပ်သံတိပ်ခွေများကို မည်ကဲ့သို့ကူးထားသင့်ကြောင်း ဆွေးနွေးခဲ့ပြီးပါပြီ။ သင့်တွင် ဓါတ်ပုံ၏ နဂ္ဂတစ် ဖလင်မရှိလျှင် ၄င်းဓာတ်ပုံကို တစ်ကြိမ်ထပ်မံ ရိုက်ကူးထားလျှင် ကောင်းပါမည်။ ဤသို့ ထပ်ကူးရိုက်သောအခါ တတ်နိုင်သရွေ့ အ ကောင်းဆုံး ဓာတ်ပုံရစေရန် ဓါတ်ပုံရိုက် ကျွမ်းကျင်သူကို ခိုင်းပါ။ စာရွက်စာတမ်းများကို ဓာတ်ပုံရိုက်ကူးထားရန်လည်း အကြံပြုပြီး ဖြစ်၍၊ ကာလကြာရှည်စွာ အသုံးပြုနိုင်ရန် တတ်နိုင်သရွေ့ အကောင်းဆုံး ဓာတ်ပုံစက္ကူကို သုံးပါ။

သို့ရာတွင် အထင်ရှားဆုံး ပြဿနာတစ်ရပ်မှာ မူရင်းပစ္စည်းများကို ထိန်းသိမ်းခြင်း ပြဿနာဖြစ်၍၊ သင်၌ရှိသော ပစ္စည်းများကို ကူးထားရုံနှင့် ဤပြဿနာမပြေလည်နိုင်ပါ။ တိပ်ခွေအရေအတွက် ၂ဆနှင့် စာရွက်စာတမ်း အရေအတွက် ၂ဆ ရအောင် မိတ္တူကူးထားခြင်းသည် အလားအလာကောင်းမဖြစ်နိုင်။ ထို့ကြောင့် သင်၏ ပစ္စည်းများကို သိုလှောင်ထိန်းသိမ်းရန် လိုအပ်သော လျှပ်စစ်ကိရိယာ electric media သုံးနိုင်လျှင် ကောင်းပါမည်။ ရန်ကုန်မြို့တွင်ပင်လျှင် ရုပ်သံတိပ်ခွေများကို CD Rom တွင် ကူးသွင်းနိုင်သည်။ ယေဘုယျအားဖြင့် ဤသို့သော လုပ်ငန်းအဆင့်ဆင့်သည် ခက်ခဲ၍ ငွေကြေးအကုန်အကျများတတ်သော်လည်း ဓာတ်ပုံများ၊ စာရွက်စာတမ်းများနှင့် အသံဖမ်းတိတ်ခွေများကို scanning လုပ်၍ တီထွင်ထိန်းသိမ်းခြင်းသည် မခက်ခဲလှပါ။

ပစ္စည်းများကို နံပါတ်စဉ်တပ်ခြင်းအလုပ်သည် ကျွမ်းကျင်သူနှင့် ကိရိယာပစ္စည်းစုံစုံလင်လင် ရရှိနိုင်မှ လုပ်နိုင်မည်။ သို့သော် လိုအပ်သော ကိရိယာပစ္စည်းများကို လွယ်ကူစွာရနိုင်၍ ငွေကြေးအကုန်အကျ သက်သာစွာ ပြုလုပ်နိုင်ကြောင်း အံ့သြစွာတွေ့ရမည်။ ကျွမ်းကျင်သူ ပုဂ္ဂိုလ်မရှိ၊ သင်ကိုယ်တိုင်လည်း မကျွမ်းကျင်၊ လိုအပ်သော ကိရိယာပစ္စည်းလည်း မရနိုင်သည့်တိုင်အောင် အရေးကြီး သော ပစ္စည်းများကို ထိန်းသိမ်းရန် လျှပ်စစ်ကိရိယာ electric media ကို ရွေးချယ်အသုံးပြုရန် မခက်ခဲပါ။ စီးပွားရေး computer ကုမ္ပဏီများသည် ဈေးကွက်အပြိုင်အဆိုင်လုပ်၍ ရောင်းချနေကြသောကြောင့် သင်ကိုယ်တိုင် solfware နား လည်လျှင် လိုအပ်သောနည်းကို တတ်မြောက်ရန် မခဲယဉ်းပါ။

ချင်းမိုင်နှင့် ဘန်ကောက်မြို့များမှ စီးပွါးရေးကုမ္ပဏီများကို အသုံးပြုလျှင် ငွေကြေးအကုန်အကျ မများဘဲ လုပ်ပေးနိုင်ကြပါလိမ့်မည်။ သင်၏ ပစ္စည်းများသည် သင်၏ရပ်ရွာလူထုအတွက် ထူးခြား၍ တန်ဖိုးရှိလျှင်၊ ဤနည်းဖြင့် အရေး ကြီးဆုံးပစ္စည်းများကို ထိန်းသိမ်းရန် ကြံဆဆောင်ရွက်ရကျိုးနပ်ပါသည်။ ထို့ပြင် ဤပစ္စည်းများ၏ ကွန်ပျူတာ discs ပြားများကို ပုံနှိပ်ခြင်း websites များတွင် ထည့်ခြင်းစသော အသုံးမျိုးစုံအတွက် အကျိုးရှိပါသည်။

## စကင်နာကို အသုံးပြုခြင်းနှင့် ပုံကူးခြင်း

ယခုအခါ ရုပ်ပုံများနှင့် စာရွက်စာတမ်းများကို လွယ်လွယ်ကူကူနှင့် ငွေကြေးအကုန်အကျ သက်သာစွာဖြင့် ကွန်ပြူတာတွင် scan လုပ်နိုင်ပြီး ပစ္စည်းများကို သိုလှောင်ထိန်းသိမ်းရန် များစွာပို၍ လွယ်ကူစေသည့်အပြင်၊ ပုံနှိပ်ထုတ်ဝေရန် ပြင်ဆင်မှုအတွက်လည်း အသုံးဝင်သည်။ အတော်အတန် အရည်အသွေးကောင်းမွန်သော scanner များကို ဈေးနှုန်းချိုသာစွာရနိုင်ပြီး ရန်ကုန်မြို့များနှင့် မြန်မာနိုင်ငံ မြို့ကြီးများတွင် ရနိုင်ပြီဖြစ်သည်။ သို့သော် သင်၏ ပစ္စည်းများကို ထိုစီးပွားရေးဗဟိုအချက်အချာ မြို့များသို့ သယ် ဆောင်သွားရန် လိုပါမည်။ အောက်ဖော်ပြပါ အကြောင်းအရာ အချက်အလက်များသည် ကွန်ပျူတာနှင့် ပုံနှိပ်ထုတ်ဝေခြင်းကို သင်၏ မကျွမ်းကျင် နားမလည်သော်လည်း scanning လုပ်ခြင်းကို ထူးဆန်းကြောက်လန့်စရာကောင်းသော အလုပ်ဟု မထင်ရဘဲ ဆောင်ရွက်နိုင်ရန် ရှင်းလင်းပေးလိမ့်မည်။

## ဖိုင်အရွယ်အစား

ရုပ်ပုံတစ်ပုံကို ကွန်ပျူတာတွင် scanning လုပ်လျှင်၊ တပုံစီသည် နေရာအတော် ကျယ်ကျယ် ယူလိမ့်မည်ကို သိထားသင့်သည်။ သင်၏ ကွန်ပျူတာသည် memory များများ မပါရှိလျှင် scanning လုပ်သော ရုပ်ပုံများအတွက် အချိန်အလွန်ကုန်ကြောင်းတွေ့ ရ မည်။ သာမန်ရုပ်ပုံတစ်ပုံသည် သင်၏ hand drive တွင် စာလုံးပေါင်း ၁၈၀၀၀၀ လုံး (၁၈5 megabytes of disc space) နှင့်ညီမျှ ပါမည်။

scanner များစွာတို့သည် resolution မြင့်သောကြောင့် (about 600 dpi - "dots per inch") အဆင့် တိုးရသည်။ ဆိုလို သည်မှာ scanning လုပ်သော ရုပ်ပုံများကို အသေးစိတ်တိတိကျကျ

ကူးပေးနိုင်ခြင်းဖြစ်သည်။ အမှန်မှာ သင်သည် ထိုမျှလောက် အသေးစိတ်ကို (ရုပ်ပုံတစ်ပုံ၏ အသေးစိတ် လက်မ လွတ်စေပဲ သေးငယ်သော အစိတ်အပိုင်းတစ်ခုကို scanning လုပ်လိုသော အခါမျိုးမှအပ) များသောအားဖြင့် လိုအပ်မည်မဟုတ်။ အကယ်၍ ၆၀၀ dpi ဖြင့် scanning လုပ်လျှင် ၆" x ၄" ပုံတစ်ပုံသည် ၂၅ megabyte အရွယ်အစား ရှိပါမည်။ ထို့ကြောင့် အသေးစိတ်ပုံကူးရန် အကြောင်းထူးမရှိပါက အနိမ့်ဆုံး resolution ဖြင့် scanning ပြုလုပ်ပါ။

scanning လုပ်သော ရုပ်ပုံလွှာများကို သင်၏ disc တွင် နေရာများများ မယူစေရန် အခြား လက်တွေ့နည်းတစ်နည်းမှာ သင်၏ရုပ်ပုံလွှာကို မူလအရွယ်ထက်သေးငယ်အောင်ချုံ့၍ save လုပ်ထားပါ။ ရုပ်ပုံ၏ သဘာဝအပေါ်မူတည်၍ scanning အမျိုးမျိုး လုပ်တတ်ရန် သင်ယူထားပါ။

မှတ်တမ်းပစ္စည်းသည် အလွန် အရေးကြီးပါက၊ ၄င်းအတွက် လိုအပ်သလောက် နေရာပေးပါ။ သို့မဟုတ်ပါက ရုပ်ပုံကို အရွယ်အစား ခပ်သေးသေး save လုပ်ထားပါ။

## ရုပ်ပုံများရိုက်နှိပ်ခြင်း

သင်၏ရုပ်ပုံများကို JPEG (ဂျေပက်) ရုပ်ပုံများအဖြစ် save လုပ်၍ file နေရာကို ချွေတာနိုင်သည်။ JPEG file ကိုဖွင့်သော အခါ အလိုအလျောက် ပုံမှန်ရုပ်ပုံလွှာအဖြစ် ပြန်ချဲ့ပေးသည်။ သို့ရာတွင် JPEG ရုပ်လွှာကို သင် scanning လုပ်၍မရနိုင်။ TIFF file အဖြစ် scanning လုပ်ရပါလိမ့်မည်။ ၄င်းကို save မလုပ်မီ save as ကို နှိပ်၍ JPEG သို့ scroll down ဆွဲပြီးနောက် save လုပ်ပါ။ ဤအဆင့်တွင် အနည်းငယ်ချုံ့ရန် ၁ မှ ၁၀ အထိ အခွင့်ရလိမ့်မည်။ (၁သည် အများဆုံးချုံ့၍ ၁၀သည် အနည်းဆုံးချုံ့ သည်။ သင်နှစ်သက်သော အရွယ်ကို စမ်းသပ်ကြည့်ပါ။ အနိမ့်ဆုံး (၁–၂) အဆင့်တွင် သင့်အတွက် အရည်အသွေး ဆုံးရှုံးမှု ကြုံ နိုင်သည်။ Halvor Moorshead of Genealogy.com အနေဖြင့် (၈) အဆင့်လောက်သုံးရန် အကြံပြုထားသည်။ ပြန်ဖွင့်၍ ပြုပြင်ပြောင်းလဲပြီး save ပြန်လုပ်မည်။ file မျိုးတွင် JPEG compression ကို မသုံးသင့်ပါ။ (ဥပမာ ကွန်ပျူတာမှ ပျက်စီးသွား သော ရုပ်ပုံကို ပြန်ရရန် ကြိုးပမ်းလျှင်) ထိုသို့ပြုလုပ်ပါက၊ သင် save လုပ်တိုင်း အရည်အသွေး ညံ့သည်ထက် ညံ့သွားမည်။

## စာရွက်စာတမ်းများကို စကင်ဖတ်ခြင်း (scanning)

သင်သည် အခြားစာရွက်စာတမ်းများကိုလည်း scanning လုပ်နိုင်ပါသည်။ (ဥပမာ အစီရင်ခံစာများ၊ ပေးစာများ စသည်တို့ကို disc သို့ပြောင်း၍ scanners အများစုသည် ဤသို့ပြောင်းရန် OCR (optical character recognition) ပါရှိတတ်သည်။ အမှန်မှာ ပျမ်းမျှ home -scanner (အိမ်သုံး scanner) များတွင်ပါလာသည် software သည် အရည်အသွေး သိပ်မကောင်း သောကြောင့် အချို့ရုပ်ပုံလွှာများ စာရွက်များကို scanning လုပ်ရာတွင် ပြဿနာပေါ်နိုင်သည်။ ဥပမာ အချို့ scanners များတွင် ဓါတ်ပုံများ၊ logos အမှတ်တံဆိပ်ပုံများ စသဖြင့် ပါရှိတတ်သည်။ ဤပြဿနာကို ဖြေရှင်းရန်နည်းမှာ မူရင်းကို မိတ္တူကူးပြီး ၄င်း မိတ္တူ၏ ကော်လံများကို ကပ်ကျေးဖြင့်ကိုက်၍ ၄င်းပေါ်ရှိ ဓာတ်ပုံများကို ဖယ်ရှားရန် ဖြစ်သည်။ အချို့အကြံပြုချက်အရဆိုလျှင် မိတ္တူကူးထားသော ဓာတ်ပုံကို အကျယ်ချဲ့လျှင် Scanning လိုရာတွင် ပိုမိုလွယ်ကူကြောင်း သိရသည်။ အများအားဖြင့် ထိုသို့ ဖြစ်မလာတတ်ပါ။

ရုပ်ပုံလွှာတစ်ခုကို line art အနေအထားဖြင့် အကောင်းဆုံး save လုပ်ပြီးလျှင် သင်၏ OCR ပစ္စည်းကိရိယာကို လုံးဝ သုံးရန် မလိုအောင် text လုပ်ထားပါ။

## ရုပ်ပုံလွှာကို စကင်ဖတ်ပြီးနောက် တဖန်ပြောင်းခြင်း

Scanning လုပ်နေစဉ် အရောင်နှင့် အလင်းအမှောင်ချိန်ဆရန် option ရွေးချယ်နိုင်သော်လည်း ထိုသို့မလုပ်ပါနှင့်၊ သင်၏ ရုပ်ပုံလွှာကို Sacning လုပ်ပြီးနောက် ထိုသို့ပြုရန် option ရွေးချယ်ခွင့်ရဦးမည်။ ထို့ကြောင့် ရုပ်ပုံလွှာကို Scanning လုပ်ပြီး နောက် Save လုပ်ပါ၊ နောက်မှ လိုအပ်သလို adjust ညှိ၍ချိန်ဆပါ။ ဤစည်းမျဉ်း၏ ခြွင်းချက် ၂ ခု ရှိသည်။

(1) Text စာရွက်စာတမ်းတစ်ခုကို 600dpi တွင်––– Line Art image အဖြစ် Save လုပ်စဉ်၊ ဤရုပ်ပုံများကို လွယ်ကူစွာ adjust အပြောင်းအရွှေ့ချိန်ဆ မရနိုင်သော "bit maps" ( .bmp files) အဖြစ် save လုပ်လိမ့်မည်။

(2) Descreening လုပ်ခြင်း

သတင်းစာများနှင့် မဂ္ဂဇင်းများတွင် ပါရှိသော ရုပ်ပုံလွှာများကို ဓါတ်ပုံကူးခြင်းနှင့်မတူသော နည်းဖြင့်ထုတ်လုပ်ကြသည်။ ၎င်းပုံများကို အစက်အပြောက်ငယ်များစွာအဖြစ် ချုံ၍ကူးရသည်။ ၎င်းတို့ကို scanning လုပ်သော အခါတွင် မူရင်းရုပ်ပုံပေါ်မှ အစက် အပြောက်များနှင့် Scanning လုပ်သော အစက်အပြောက်များ မတူဘဲ ကွာခြားနေကြောင်း လွယ်ကူစွာတွေ့မြင်ရမည်။ အချို့ Scanners များသည် Scanning လုပ်နေစဉ် descreen လုပ်နိုင်သည်။ (အစက်အပြောက်များကို မှေးမှိန်စေ၍ မူရင်းပုံနှင့် ပိုတူ စေသည်)။ ဤသို့ ပြုလုပ်ခြင်းသည် အလွန်ထိရောက်မှုရှိပြီး ဓါတ်ပုံကူး Software ဖြင့် screening လုပ်ခြင်း သို့မဟုတ် patterning ပုံစံဖော်ခြင်းကို ကျော်လွှားရန် ကြိုးပမ်းခြင်းထက် အဆပေါင်းများစွာ ပိုမိုကောင်းမွန်ပါသည်။

## အဖြူအမည်း အလင်းအမှောင် အရောင်အပြင်းအပျော့ ညှိခြင်း

အရည်အသွေးကောင်းသော ရုပ်ပုံပြန်ရရန် ကွန်ပျူတာဖြင့် ပြုပြင်ခြင်းသည် ကျွမ်းကျင်မှုလိုသော အလုပ်ဖြစ်သော်လည်း အရောင်မှေးမှိန်သော သို့မဟုတ် အနည်းငယ်ပျက်စီးနေသော ဓာတ်ပုံတစ်ပုံကို Scanning လုပ်ပါက နည်းနည်း ပိုကောင်းလာအောင်ဆောင်ရွက်နိုင်ပါသည်။ အလင်းအမှောင် အဖြူ အမည်းနှင့် အရောင်အပြင်းအပျော့် ထိန်းခလုပ်ကို အသုံးပြု၍ ရုပ်ပုံလွှာကို ပိုမိုကြည်လင်ပြတ်သားလာအောင် ပြုလုပ်နိုင်သည်။ မည်သို့လုပ်ရမည်ကို သေသေချာချာမသိလျှင် ဓာတ်ပုံပြုပြင်သော စက် အစိတ်အပိုင်း photo enhancenent program အမျိုးစုတွင် ပါသော AUTOMATIC facility အလိုအလျောက် အလုပ်လုပ် သော ကိရိယာခလုပ်များကို စမ်းကြည့်နိုင်သည်။ ရရှိလာသောပုံကို မကျေနပ် သဘောမကျလျှင် Undo လုပ်ပြီး ပြန်စမ်းကြည့်ပါ။

## အဖြူအမဲပုံများ

ယခုအခါလူများသည် ရောင်စုံဓာတ်ပုံများတွင် ဖွဲ့စည်းပါရှိသော ရုပ်ပုံ sepiatoned အရောင် မှေးမှိန်တတ်သောကြောင့် အဖြူ အမဲ ပုံများကို ရောင်စုံပုံများနည်းတူ save လုပ်၍ သိမ်းဆည်းထားကြသည်။ အမှန်မှာ ထိုသို့အရောင်မှေးမှိန်သွားခြင်းသည် ဓာတ်ပုံ ပျက်စီးပုံပျက်သွားခြင်းဖြစ်သည်။

ဖိုင်များ files ကို save လုပ်၍ ထိန်းသိမ်းလျှင် file space နေရာ ၃–ဆ ယူ၍ ဓာတ်ပုံကို ပြုပြင်ခြင်းထက် အရောင်ပြောင်းခြင်းကြောင့် ဓာတ်ပုံပျက်စီးသွားခြင်းကို ကာကွယ်ထိန်းသိမ်းပေးသည်။ Monochrome ရုပ်ပုံများကို ရောင်စုံပုံများအဖြစ် သိမ်းဆည်း ခြင်းသည် အကျိုးမဖြစ်ထွန်းပါ။

## ရုပ်ပုံများကို **scanning** လုပ်ပြီးနောက် သိမ်းဆည်းထားခြင်း

လိုက်နာရန်မှာ သင်၏ ရုပ်ပုံများကို Hard drive တွင် မသိမ်းဆည်းထားပါနှင့် ဟူ၍ဖြစ်သည်။ အဖြူအမည်း ပုံများစွာတို့ကို JPEG files များအဖြစ် ပြောင်း၍ standard 3-1/2 inch floppy disc တွင် သိမ်းဆည်းထားနိုင်သည်။ ထိုသို့ပြုရန် အခွင့်သာ လျှင် ရုပ်ပုံလွှာများကို CD တွင် သိမ်းဆည်းထားပါ။ CD_R (Recordable CD drive ) ကို ရရှိရန် ငွေကြေးအကုန် အကျမှုများ သော်လည်း ကွန်ပြူတာ ကုမ္ပဏီများစွာတို့က ဤ CD_R များကို ရောင်းချနေပြီဖြစ်၍၊ CD discs များ ဈေးနှုန်း သက်သာစွာရ ရှိနိုင်ပါသည်။ CD တစ်ချပ်တွင် 650 megabytes သိမ်းဆည်းနိုင်ပြီး၊ ရောင်စုံ ဓါတ်ပုံ အတော်များများ အပြည့်ဆန့်ပါမည်။ ဤ discs များတွင် ကူးထားလျှင် ၄င်းတွင် ထပ်ကူး၍မရနိုင်သောကြောင့် မတော်တဆ ဖျက်မိမည်ကို မစိုးရိမ်ရ။

## ပုံနှိပ်ထုတ်ယူခြင်း

သင့်တွင် သာမန်အိမ်သုံး home printer ရှိလျှင် ရုပ်ပုံလွှာများကို scanning လုပ်ပြီးနောက် သင်ပုံနှိပ်ယူသော ပစ္စည်း၏ အရည်အသွေးကို မကျေမနပ်ဖြစ်နိုင်သည်။ ဤသို့ဖြစ်ရခြင်းမှာ ရုပ်ပုံလွှာကြောင့် မဟုတ်ဘဲ printer ပုံနှိပ်စက်ကြောင့် ဖြစ်နိုင်သည်။ သင်ပုံနှိပ်ယူရခြင်းအကြောင်းရင်းပေါ် မူတည်၍ သင်၏ Disc ကို သင့်အတွက် print out လုပ်ပေးမည့် သူထံ ယူသွားပါ။ သူ၏ printer စက်ဖြင့် အရည်အချင်း ပိုကောင်းသော ရုပ်ပုံလွှာများကို print out လုပ်ပါစေ။ ရုပ်ပုံလွှာများကို ပုံနှိပ်ထုတ်ဝေလိုပါက postive film ကို သုံးပါ၊

ယခုအခါ scanning လုပ်ထားသောဓါတ်ပုံများကို print out လုပ်ရန် အရည်အသွေးကောင်းသော အထူးစက္ကူများ ရနိုင်ပြီဖြစ် သည်။ အကျိုးထူးကို ရနိုင်သည်။ သို့ရာတွင် ယေဘုယျအားဖြင့် ရုပ်ပုံလွှာတစ်ခုကို မည်သည့်ကိစ္စအတွက်သုံးမည်၊ မည်သည့်ရွေးချယ်မှုကိုလုပ်မည် စသဖြင့် ကောင်းစွာစဉ်းစားပါ။

## ကက်ဆက်တိပ်ခွေနှင့် ရုပ်သံတိပ်ခွေကို စီဒီ **(CD)** သို့ပြောင်းနည်း အခြေခံအချို့

### ကက်ဆက်တိပ်ခွေများ

အသံဖမ်းထားသော ကက်ဆက်တိပ်ခွေများမှ စီဒီ သို့ကူးပြောင်းခြင်းသည် အထူးလွယ်ကူ၍ ရုပ်ပုံများနှင့် ရုပ်သံ တိပ်ခွေများကို ကူးခြင်းထက် ပိုမိုလွယ်ကူသည်။ အရေးကြီးသည်မှာ မူရင်းကက်ဆက်တိပ်ခွေများကို အကောင်း ဆုံးဖြစ်အောင် လုပ်ထားရန်ဖြစ်သည်။ သို့သော် ဂဏန်းမှတ်ကိရိယာပါသော အသံကူးစက် သုံးရန်မလိုပါ၊ သာမန်အသံဖမ်း ကက်ဆက်သုံးလျှင် လုံလောက်ပါသည်။ ဂဏန်းမှတ်ကိရိယာဖြင့် အသံဖမ်း၍ ပြန်လည် စီစစ်ခြင်းဖြင့်ပြဿနာများကို ရွေးထုတ်ရန် လွယ်ကူသော်လည်း၊ ကက်ဆက်ခွေတွင်မပါရှိသော အရာကို မဖန် တီးနိုင်။ သင်ကူးထားသော ကက်ဆက်တိပ်ခွေတွင် အသံဝါးနေခြင်း၊ ပြတ်တောက်နေခြင်းကို အကန့်အသတ်ဖြင့်သာ တိုးတက် ကောင်းမွန်အောင် လုပ်နိုင်မည်။ အကြောင်းအရာများကို ဖြတ်တောက်ယူ၍ အသံများကို လိုအပ်သောနေရာတွင် ကူးနိုင်သည်။ နမူနာကို 8 bit/22050khz သို့ mono နှင့် save as quick time လုပ်ပြီးထားသောအရာနှင့် ဆန့်ကျင်ဖက် အလင်းအ မှောင်မညီပါနှင့်။[၂၈]

---

[28] *Making a Family History CD: Recommended Procedures with Audio*, http:/members.aol.com/TomboMedia/Audio.html

**ဗွီဒီယိုခွေများ**

ဗီဒီယိုခွေများကို စီဒီခွေများသို့ကူးပြောင်းခြင်းသည် အခက်ခဲဆုံးနှင့် ကုန်ကျစရိတ်အများဆုံး လုပ်ငန်းစဉ်ဖြစ်သည်။ သို့သော်ထိုလုပ်ငန်းကို ရန်ကုန်မြို့တွင်ပြုလုပ်နိုင်သည်။ ပြည်ပတွင်ပြုလုပ်ခြင်းထက် ရန်ကုန်တွင် ပြုလုပ်ခြင်းက အကုန်အကျသက်သာပါသည်။ သင့်တွင်ငွေကြေးထောက်ပံ့မည့်သူရှိပါက ဗီဒီယို တစ်ခွေလုံးကို စီဒီခွေပုံစံသို့ ကူးပြောင်းနိုင်သော်လည်း၊ ယခု လောလောဆယ်တွင်ကား၊ ဗီဒီယိုတွင် အဓိကကျသော အစိတ်အပိုင်းကိုသာသိမ်းဆည်းရန် တည်းဖြတ်ခြင်းပြုလုပ်ရပါသည်။ ကိန်းဂဏာန်းဖြင့် **digital** ပုံစံပြောင်းလဲ ကူးယူခြင်းသည် စက်ကိရိယာပိုင်းဆိုင်ရာ ခက်ခဲမှုရှိနိုင်သည့်အပြင် **digitizing boards** စက်ကိရိယာများသည် ဈေးကြီးသောကြောင့်၊ စီးပွားရေးလုပ်ငန်းကုမ္ပဏီများက ပြုလုပ်ပေးရသည်။ သင့်အနေဖြင့် စီးပွားရေး ဗီဒီယို လုပ်ငန်းကုမ္ပဏီများကိုအသုံးပြု၍ မှတ်တမ်းပစ္စည်းများကို ထပ်ကူးခြင်း၊ တည်းဖြတ်ခြင်းပြုလုပ်ရန် လိုအပ်ပါလိမ့်မည်။ ဤကိစ္စကို အကုန်အကျသက်သာစွာပြုလုပ်နိုင်ပါသည်။ အနာဂတ်အချိန်တွင်၊ **DVD format** နည်းစနစ်ကို ဖော်ထုတ်အသုံးပြုခြင်းဖြင့် ဤလုပ်ငန်းစဉ်များကို ပိုမိုလွယ်ကူစွာ ပြုလုပ်နိုင်ပါလိမ့်မည်။ သို့ရာတွင် ယခုလောလောဆယ်အားဖြင့်၊ ဤနည်းသည် လုပ်ငန်းစဉ်၏အရှိန်နှုန်း၊ ငွေကြေးအကုန်အကျ သို့မဟုတ် **media conversion** မီဒီယာကိရိယာအရ အသွင်ကူးပြောင်းသိမ်းဆည်းခြင်းတို့ကို ပိုမိုလွယ်ကူ တိုးတက် စေနိုင်မည်မဟုတ်။ မည်သို့ဆိုစေ၊ သင့်အနေဖြင့် ၂–မိနစ် သို့မဟုတ် ၃–မိနစ်ခန့်မျှသော မှတ်တမ်းပုံ အချက်အလက် များကို ကူးပြောင်းသိမ်းဆည်းနိုင်လျှင် စိတ်ဝင်စားဖွယ် **Website** သို့ပြောင်းလဲအသုံးပြုရန် အသုံးဝင်လိမ့်မည်။

## သင်၏ပစ္စည်းများဖြင့် အလုပ်လုပ်ခြင်း

သင်၏အသံနှင့် ရုပ်သံဖမ်းမှတ်တမ်းတင်ခြင်းသည် မော်ကွန်းတိုက်အတွက် သပ်သပ်မဟုတ်လျှင် သင်၏ ပစ္စည်းများနှင့် မည်ကဲ့သို့ အလုပ်လုပ်ရမည်ကို စဉ်းစားထားရန် လိုပါမည်။ [29]

စီမံကိန်း တစ်ခုမှ ထုတ်လုပ်နိုင်သောအရာအမျိုးမျိုးမှာ –

- ဒေသခံဘာသာစကား စာပေပုံနှိပ်ထုတ်ဝေခြင်း
- အမျိုးသား ဘာသာစကား စာပေ ပုံနှိပ်ထုတ်ဝေခြင်း
- အပြည်ပြည်ဆိုင်ရာ ဘာသာစကား စာပေ ပုံနှိပ်ထုတ်ဝေခြင်း
- ရေဒီယိုအသံလွှင့်အစီအစဉ်များအတွက် ထုတ်လုပ်ခြင်း
- ပညာရေးနှင့် စာရေးစာဖတ်တတ်မြောက်ရေးစာစောင်များ
- အင်တာနက် ကွန်ယက် အစီအစဉ်စသဖြင့်

မည်သို့ဆိုစေ ဝတ္ထုပစ္စည်းများနှင့် အလုပ်လုပ်၍ ပြုစုဆောင်ရွက်ရာတွင် အရေးကြီးသော အချက်အချို့ကိုထည့် စဉ်းစားရန် လိုသည်။ ဥပမာ – သင်ရရှိလိုသော ပရိသတ်၊ ဤဝတ္ထုပစ္စည်းကို တင်ပြလိုသည့် ရည်ရွယ်ချက်၊ ဤဝတ္ထုပစ္စည်းကို သယ်ဆောင်ရာတွင် အသုံးပြုသည့် ကိရိယာ၊ နည်းလမ်းများ၊ ၎င်းဝတ္ထုပစ္စည်းအပေါ် အထူးအာရုံစိုက် အလေးပေးလိုသည့် အချက် များကို စဉ်းစားရမည်။

---

[29] Information in thies section has been taken from *Giving Voice*, Panos OTP, London, 1999.

## ၁။ ကြည့်ရှု နားထောင်မည့်ပရိသတ်

အတွင်းပရိသတ် နှင့် အပြင်ပရိသတ် ဟူ၍ ၂ မျိုး ရှိနိုင်သည်။

- ♦ အတွင်းပရိသတ်များ

ဥပမာ – ကိုယ်တွေ့သက်သေခံချက်များကို စတင်ထွက်ဆိုမှတ်တမ်းတင်သော ရပ်ရွာလူထုပရိသတ်နှင့် တွေ့ဆုံမေးမြန်းသူများဖြစ်ပြီး၊ သူတို့သည် မိမိတို့စိတ်ဝင်စားမှုအပေါ် အခြေခံ၍ ထွက်ဆိုချက်များကို စစ်ဆေးသူများဖြစ်သည်။

- ♦ အပြင်ပရိသတ်များ

သတင်းပေး၍ လွှမ်းမိုးလိုသော ပိုမိုကျယ်ပြန့်များပြားသည့် ပရိသတ်ဖြစ်သည်။ ဤဒုတိယအမျိုး အစား ပရိသတ်လူထုသည် သာမန်အရပ်သူ အရပ်သားများဖြစ်နိုင်သည်။ သို့သော် ပို၍ကျွမ်းကျင်သော ဖွံ့ဖြိုးရေး ဆောင်ရွက်သူများနှင့် သုတေသီများလည်း ဖြစ်နိုင်သည်။

## ၂။ ရည်ရွယ်ချက်

သင့်ပရိသတ်အား သင့် မှတ်တမ်းပစ္စည်း (ဓါတ်ပုံ၊ စာရွက်စာတမ်း၊ အသံနှင့် ရုပ်သံမှတ်တမ်း) များမှ မည်သည့် အကြောင်းအရာ အချက်အလက်များကို သင်ယူရရှိစေလိုသနည်း။ အဖြတ်အတောက်မရှိသော တွေ့ဆုံမေးမြန်းခန်းမှတ်တမ်းများကို စကားတစ်လုံးချင်း ပြန်လည်ထုတ်ဝေရန် မဟုတ်ပါက၊ ဤအချက်သည်သင်၏ ဆုံးဖြတ်ချက် ရွေးချယ်မှုနှင့် တည်းဖြတ်မှု ဟူသမျှကို လွှမ်းမိုးလိမ့်မည်။ သင်၏ရည်ရွယ်ချက်နှင့် ပတ်သက်၍ အမှန်အတိုင်း ဖြစ်ပါစေ သို့မဟုတ်ပါက သင်၏ပရိသတ်နှင့် သင်ကိုယ်တိုင်ပင်လျှင် သတိမပြုမိဘဲ၊ သင်၏ ဝတ္ထုပစ္စည်းများတွင် ပါရှိသောအကြောင်း အရာတစ်ခုလုံးကို တင်ပြမည့်အစား၊ သင်စိတ်ဝင်စားသော အစိတ်အပိုင်းကိုသာ သင်၏ သဘောထားအမြင်အတိုင်း တင်ပြနေမိတတ်သည်။ မူလရည်ရွယ်ထားသော ဦးတည်ချက်သည် ပညာပေးခြင်း သို့မဟုတ် မှတ်တမ်းတင်ခြင်း သို့မဟုတ် ဖျော်ဖြေခြင်းဖြစ်ပါက၊ သင်၏ ဝတ္ထုပစ္စည်းများကို တင်ပြသည့် နည်းလမ်းနှင့် သင်အသုံးပြုသော ကြားခံကိရိယာကိုလည်း လွှမ်းမိုးနေလိမ့်မည် (ရည်ရွယ်ထားသော ဦးတည်ချက်အရ ရွေးချယ်လိမ့်မည်)။

## ၃။ မီဒီယာ သို့မဟုတ် ကြားခံဆက်သွယ်ရေး

သင်၏မှတ်တမ်းပစ္စည်းများကို ပုံနှိပ်စာလုံးဖြင့်ဖြစ်စေ၊ ကက်ဆက်ခွေဖြင့်ဖြစ်စေ၊ စီဒီဖြင့်ဖြစ်စေ၊ အင်တာနက်ဖြင့်ဖြစ်စေ တင်ပြရန် ရွေးချယ်နိုင်သည်။ ရေဒီယိုအစီအစဉ်ဖြင့် ထုတ်လွှင့်ခြင်း သို့မဟုတ် ရပ်ရွာအတွင်း ဝေငှဖြန့်ချီရန် ကက်ဆက် ခွေထုတ်ခြင်း၊ ဈေးနှုန်းသက်သာသော  မိတ္တူ စာအုပ်ငယ်များ ထုတ်ဝေခြင်း ပြုလုပ်လိုက ပြုလုပ်မည်။

မြန်မာနိုင်ငံတွင်းမှ အချို့အဖွဲ့အစည်းများသည် မိမိတို့၏ အင်တာနက်ကွန်ယက်များကို ပြုလုပ်ထားပြီး သင်လိုအပ် သော web site design ဒီဇိုင်းများကို အင်တာနက်တွင် အဆင့်ဆင့် တည်ဆောက်ယူနိုင်ရန် အလွန်လွယ်ကူသော နည်းဖြင့် လမ်းညွှန်သည့် ကုမ္ပဏီများရှိပါသည်။ ဤလက်စွဲစာအုပ်၏ အစပိုင်းတွင် ဖော်ပြခဲ့သည့်အတိုင်း ကွန်ပျူတာနှင့် အင်တာနက် ကွန်ယက် နည်းပညာကို အသုံးပြုခြင်း၊ တည်းဖြတ်ခြင်း၊ ပုံနှိပ်ထုတ်ဝေရန် စာရွက်စာတမ်းများကို ပြင်ဆင်ခြင်း အစရှိသည့် နည်းပညာ ကျွမ်းကျင်မှုများ စသည်တို့သည် လူငယ်များအား သင်၏ လုပ်ငန်းအပေါ် စိတ်ဝင်စားလာအောင် ဆွဲဆောင်နိုင်သည့် နည်းလမ်းကောင်းများဖြစ်သည်။ မြန်မာနိုင်ငံအတွင်းမှ လူထုအသိုင်းအဝိုင်းများအတွက် အင်တာနက်ဆက်သွယ်မှု  အလွန်ခဲယဉ်းသော်လည်း လက်လှမ်းမီနိုင်သော အဖွဲ့အစည်းများအတွက် ကိရိယာစုစည်းရာ forum များသည် သင်၏ ရပ်ရွာလူထုအကြောင်း သတင်းအချက်အလက်များကို ပိုမိုကျယ်ပြန့်သော ပရိသတ်ထံ ပို့ဆောင်တင်ပြရေးအတွက်

အလွန်ထိရောက်သောနည်းလမ်းဖြစ်သည်။ အောက်တွင်ဖော်ပြထားသော နမူနာသည် ရိုးရိုးရှင်းရှင်းလေးဖြစ်သော်လည်း ခမာနီအစိုးရလက်ထက်တွင် ကမ္ဘောဒီးယား တိုင်းသူပြည်သားများ ထွက် ပြေးတိမ်းရှောင်ခဲ့သော အကြောင်းအရာကို တင်ပြသည့် အလွန်ထိရောက်သော အင်တာနက် ကွန်ယက် တစ်ခု ဖြစ်သည်။

၄င်းကွန်ယက်တွင် ပါဝင်သော အချက်အလက်များမှာ ပုဂ္ဂိုလ်ရေးသက်သေခံချက်များကို ရေးသားထားသော ကိုယ်တိုင်ရေးမှတ်တမ်းများဖြစ်သော်လည်း၊ နှုတ်ပြောသက်သေထွက်ဆိုချက်ကို ကူးရေးထားသောအရာများလည်း ပါရှိသည်။ ထိုကွန်ယက်အားလုံး၌ အဆက်အသွယ် (**Link**) အမျိုးမျိုး ပါရှိတတ်သဖြင့် နီးစပ်ဆက်နွယ်နေသော ကွန်ယက်များကို **click** လုပ်၍ ရွေးချယ်ယူနိုင်သည်။ သင်လိုအပ်သော သတင်းအချက်အလက်ကို **click** လုပ်ပြီး နောက်ထပ် သတင်းအချက်အလက်များကို ရှာဖွေရရှိနိုင်သည်။ နှုတ်ပြောသမိုင်းနှင့် နှုတ်ပြောရိုးရာဓလေ့ စီမံကိန်းများကို ဖော်ထုတ်လိုသည့် (အထူးသဖြင့် အသက်အရွယ်ကြီးရင့်သူများစွာတို့သည်) သူတို့သည် အင်တာနက်ကြောင့် သူတို့ကဏ္ဍမေးမှိန် သွားမည်ဟု စိုးရိမ်နေကြကြောင်း အံ့သြစွာတွေ့ရသည်။ အင်တာနက် အသုံးပြုခြင်းနှင့် ၄င်းကို အသုံးပြုရန် ခက်ခဲခြင်းကိုတွေ့၍ စိုးရိမ်သူများစွာရှိကြသည်။ **Media Briefing** မီဒီယာ အသုံးပြုနည်းကို ဤစာအုပ် နောက်ဆက်တွဲ (၁) တွင် ပူးတွဲဖော်ပြထားရာ၊ မြန်မာနိုင်ငံ အပါအဝင် အချို့တိုင်းပြည်များ၌ အင်တာနက်ဟူ သည် မည်သည့်အရာ ဖြစ်ကြောင်း၊ အင်တာနက်ကို မည်ကဲ့သို့ တည်ဆောက်ကြောင်း၊ အင်တာနက်ကို လက်လှမ်းမီရန် မျှတသော အခွင့်အရေးမရှိသောကြောင့် ပေါ်ပေါက်လာသော ပြဿနာများ စသည့် အင်တာနက်ဆိုင်ရာ အချက်အလက်များနှင့် အရေးကိစ္စများကို အကြမ်းဖျင်းသိရှိရန် အထောက်အကူ ဖြစ်စေပါလိမ့်မည်။

## ၄။ အလေးပေးဆောင်ရွက်ခြင်း

နှုတ်ပြောမှတ်တမ်းပစ္စည်းများကို ပုံနှိပ်ထားသော စာအုပ်စာတမ်း အများစုသည် ပြောပြသူ၏ အသံကို အထူး အလေးပေးတတ်ကြသည်။ သို့ဖြင့် စာအုပ်တစ်အုပ်တွင် ပြောပြသူကိုယ်တိုင်၏ စကားလုံးများက အများဆုံး နေရာယူလိမ့်မည်။ နှုတ်ပြောသက်သေခံချက် စီမံကိန်းများတွင် ထိုကဲ့သို့ ဖြစ်နေတတ်သည်။ ပညာရေး ပိုဆန်သော ချဉ်းကပ်နည်းတွင်မူကား မှတ်တမ်းပစ္စည်းအပေါ် စာရေးသူ သို့မဟုတ် သုတေသီ၏ စီစစ်ဝေဖန်ချက်နှင့် အနက်ဖွင့်ချက်များ၊ အခြေအတင်ငြင်းချက်ကို တင်ပြရန် ကောက်နုတ်ချက်များက စာအုပ်စာတမ်းတွင် အများဆုံး ပါဝင်နေတတ်သည်။ သို့သော် ဤချဉ်းကပ်နည်း ၂မျိုးသည် တစ်မျိုးနှင့်တစ်မျိုး လုံးဝအဆက်အစပ်မရှိဟု မဆိုနိုင်။ ဥပမာ စီဒီရွှန်(**CD - Rom** )တစ်ခုသည် ပရိသတ်များအတွက် သတင်းအချက်အလက် တစ်မျိုးမှ အခြားတစ်မျိုးသို့ ကူးပြောင်း ရယူရန် ပုံဖော်ပေးနိုင်သည်။

အကယ်၍ သင့်အနေဖြင့်၊ လူများ၏ အသံများကို အထူးအာရုံစိုက် အလေးပေးလိုလျှင် စာအုပ်ငယ်များတွင် ဖော်ပြနိုင်သော နည်းအမျိုးမျိုးရှိပါသည်။

## ပြောပြသူကို အခြေခံခြင်း

- မေးခွန်းများနှင့်တကွ ဖြတ်တောက်ခြင်းမရှိဘဲ ပြောပြသူ၏ သက်သေခံချက်များအားလုံး
- မေးခွန်းများကိုသာ ဖယ်ရှားထား၍ အခြားဖြတ်တောက်ခြင်းမရှိဘဲ ပြောပြသူ၏ သက်သေခံချက်များအားလုံး
- ထပ်တလဲလဲပြောသော အပိုင်းများကို မူရင်းမှ ဖြတ်တောက်ထားသည့် ပြောပြသူ၏ သက်သေခံချက်များအားလုံး
- နှုတ်ပြော သက်သေခံချက်များမှ ရွေးချယ်ကောက်နုတ်ချက်များ၊ ဤမှတ်တမ်းစာစောင်မျိုးတွင် ပိုမိုတိကျသော တည်းဖြတ်မှုပါဝင်သည်။ သင် နှင့် အခြားပါဝင်သူများအတွက် စိတ်ဝင်စားစရာအကောင်းဆုံး၊ အချောမောဆုံး၊ အားအရှိဆုံး သို့မဟုတ် ကိုယ်စားအပြုနိုင်ဆုံးဟု

ထင်မြင်ယူဆသော (မေးခွန်းများ မပါဝင်ဘဲ) အပိုင်းများဖြစ်သည်။ ဤကောက်နုတ်ချက်များသည် ကိုးကားချက်အတိုများမှ ပိုရှည်လျားသော အစိတ်အပိုင်းအထိ အမျိုးမျိုးဖြစ်နိုင်သည်။

## ခေါင်းစဉ်အလိုက် ခွဲခြားထုတ်ဝေခြင်း

- ♦ ပြောပြသူကိုလိုက်၍ ထုတ်ဝေမည့်အစား၊ ခေါင်းစဉ်အလိုက် သက်သေခံချက်များကို ရွေးချယ်ခြင်းဖြစ်သည်။ သို့ဖြင့် သင်သည် အကြောင်းအရာခေါင်းစဉ်များ အောက်တွင် ပြောပြသူ အမျိုးမျိုးထဲမှ ကောက်နုတ်ချက်များကို ထုတ်ယူပြုစုထားလိမ့်မည်။ ဉပမာ – ပြောင်းရွှေ့နေထိုင်ခြင်း သို့မဟုတ် အိမ်ထောင်ပြုခြင်း ပုံစံအမျိုးမျိုးတို့ကို တွေ့ဆုံမေးမြန်းခဲ့မှုလုပ်ခဲ့သူအမျိုးမျိုးထံမှ ကိုးကားချက် ကျယ်ကျယ်ပြန့်ပြန့်ပါဝင်နေလိမ့်မည်။

ဤတင်ပြချက် နှစ်မျိုးစလုံးတွင် အကျိုးကျေးဇူးများ ရှိပါသည်။ သင်သည် ပြောပြသူတစ်ဦးမှတစ်ဦး ချဉ်းကပ်နည်းကို သုံးစဉ်တွင်ပင်လျှင် အကြောင်းအရာနှင့် အတူတွဲပါလာသော အဓိကအချက်များကို ဖော်ပြသည့် ခေါင်းစဉ်ငယ်များကို အသုံးပြုနိုင်ပါသည်။ သင်၏ ပရိသတ်များသည် ရပ်ရွာလူထုပြောသူများ၊တွေ့ဆုံ မေးမြန်းသူများ၊ သူတို့၏ မိတ်ဆွေများနှင့် မိသားစုများဖြစ်နေလျှင် မေးမြန်းမှုမှတ်တမ်းများကို ခေါင်းစဉ်အလိုက် အပိုင်းပိုင်း ခွဲခြားတင်ပြမည့်အစား၊ ဤအတိုင်းတင်ပြရန် ပိုမိုလိုလားကြလိမ့်မည်။ သူတို့အနေဖြင့်၊ ပထမဆုံး ပုံနှိပ်ထုတ်ဝေသော မှတ်တမ်း စာအုပ်စာတမ်းများကို သူတို့၏သားစဉ်မြေးဆက်များအား လက်ဆင့်ကမ်းရမည်။ သူတို့၏ ရပ်ရွာနှင့် ပတ်သက်သော သမိုင်းဝင် မှတ်တမ်းအဖြစ် မြင်ကြပါက၊ သက်သေခံ အပြည့်အစုံကို ပုံနှိပ်ထုတ်ဝေရန် ပိုမိုလိုလားကြပါလိမ့်မည်။

သင့်အနေဖြင့်၊ ရပ်ရွာလူထုပရိသက်အား အကြောင်းအရာခေါင်းစဉ်အလိုက် တင်ပြရန် ရွေးချယ်ဆုံးဖြတ်ပါက၊ အဓိကအချက် ရွေးချယ်ဆုံးဖြတ်ခြင်းနှင့် အကြောင်းအချက်အလက်ရွေးချယ်ခြင်းအတွက် အချိန်ပိုပေးရန်လိုလိမ့်မည်။ သို့သော် ထိုသို့ အချိန်ယူပြုစုခြင်းဖြင့် ရပ်ရွာအတွင်းလူ နှင့် ရပ်ရွာအပြင်လူ ပရိသတ်နှစ်မျိုးစလုံး၏ စိတ်ဝင်စားမှု အာရုံကို ဆွဲဆောင်နိုင်သော၊ ပိုမိုကျစ်လစ်သိပ်သည်းပြီးလိုအပ်သော အချက်အလက်များကို ရယူလွယ်သော စာအုပ်စာတမ်းမျိုးကို ထုတ်ဝေနိုင်မည် ဖြစ်သည်။
အချိန်ကုန် အသက်သာဆုံး ချဉ်းကပ်နည်းမှာ –တည်းဖြတ်ခြင်းမရှိသော မှတ်တမ်းပစ္စည်းများကို ပြောပြသူ တစ်ဦးချင်းအလိုက် တင်ပြခြင်းဖြစ်သည်။ သို့သော် ဤသို့ ပြုလျှင် အလွန်များပြားသော စာရွက်စာတမ်းများကို ထုတ်ဝေရမည်ဖြစ်ပြီး ပြောပြသူတစ်ဦးချင်း သဘောကျသော်လည်း၊ စာဖတ်ပရိသတ်များအတွက် မနိုင်မနင်း များပြားလွန်းနေလိမ့်မည်။ ထို့ပြင် အချို့စာဖတ်ပရိတ်သက်များအနေဖြင့် ထိုသူတို့၏ သက်သေခံချက်အချို့ကို ဖြတ်တောက်ရန် လိုလားကြပါလိမ့်မည်။ ဉပမာပြောဆိုသော အကြောင်းအရာနှင့် ပတ်သက်၍ မရှင်းမလင်း မရေမရာဖြစ်သော အစိတ်အပိုင်းများ သို့မဟုတ် တစ်ကြောင်းမေး တစ်ကြောင်းဖြေဝါကျ များလွန်းသော အပိုင်းများ၊ သို့မဟုတ် အပြန်အလှန်စကားပြောသောစကားကြောကိုဖြတ်၍ ပလုံးပထွေး ဖြစ်နေသော အပိုင်းမျိုးများကို ဖြတ်တောက်စေလိုကြလိမ့်မည်။ သူတို့၏အမြင်တွင် ပို၍သေချာသည်ဟု ယူဆသောအပိုင်းများ၊ သို့မဟုတ် စိတ်ဝင်စားစရာကောင်းသည်ဟုထင်သောအပိုင်းများ၊ သို့မဟုတ် အကြံဉာဏ်ကောင်း ဖြစ်သည် ဟု မှတ်ယူ ထားသောအချက်အလက်များကိုသာ ပုံနှိပ်ထုတ်ဝေစေလိုကြလိမ့်မည်။ အကောင်းဆုံးနည်းလမ်းမှာ ဤအကြောင်းအရာ အကြံဉာဏ်များနှင့်ပတ်သက်၍ ဘက်စုံမှ စဉ်စားတွေးတောရန်နှင့် သူတို့ပိုမိုဖြစ်စေလိုသော အချက်ကို ထောက်ရန်ဖြစ်သည်။

အကယ်၍ သင်သည် နှုတ်ပြော ရိုးရာဓလေ့နှင့် ပတ်သက်သော သုတေသနမှတ်တမ်းများကို တင်ပြရန်ရှိပါက၊ အထူးသဖြင့် ထိုနုတ်ပြောရိုးရာအဆိုသည် အတော်ရှည်လျားနေလျှင်၊ အလားတူစဉ်းစားရန် လိုအပ်လာပါလိမ့်မည်။ ရိုးရာအဆိုများကို အပြည့်အစုံတင်ပြလိုပါသလား။ သို့မဟုတ် ကောက်နှုတ်ချက်မျှကိုသာ တင်ပြလိုပါသလား။ ဝေဖန်သုံးသပ်အကြံပြုချက် သို့မဟုတ် ဘာသာပြန်ဆိုချက်ကိုလည်း ပူးတွဲထည့်သွင်း တင်ပြလိုပါသလား။ ဘာသာပြန် ဆိုချက်ကို မူရင်းစာမူ၏ တစ်ဖက်တစ်ချက်တွင် ထည့်သွင်းရန်လိုအပ်သလား။ သို့မဟုတ် ဘာသာပြန်ဆိုချက်ကို မူရင်းစာမူ မတိုင်မီ သို့မဟုတ် မူရင်းစာမူ၏နောက်တွင် ထည့်သွင်း ဖော်ပြလိုပါ

သလား။ ယင်းအလုပ်မျိုးတွင် တစ်နည်းထက်မက နည်းအမျိုးမျိုးဖြင့် တင်ပြနိုင်သည်။ သို့သော် ဖြစ်နိုင်သောနည်းလမ်း အားလုံးကို ဂရုတစိုက်စဉ်းစားရန် လိုအပ်ပါသည်။

## ဘယ်ဆီမှန်းမသိသည့် ခရီးပန်းတိုင်

(အသက် ၄၁နှစ် အရွယ် ဒါရာအီယာ(Dara Ea) သည် ၁၉၈၁ ခုနှစ် ဖေဖော်ဝါရီလတွင် ကမ္ဘောဒီးယား ဒုက္ခသည်များစွာနှင့် အတူ အမေရိကန်ပြည်ထောင်စုသို့ ရောက်ရှိလာသည်။ ခမာနီအစိုးရလက်အောက်တွင် သူတို့ မိသားစုအတွင်းမှ ၃ ဦးသာ အသက်ဆုံးရှုံးခဲ့သည်။ ဗီယက်နမ်များ ကျူးကျော် ဝင်ရောက်ပြီး မကြာမီပင် ထိုင်းနိုင်ငံ တွင်းသို့ ထွက်ပြေးလွတ်မြောက်လာသည်။ နောက် ၂ နှစ် အကြာတွင် ကယ်လီဖိုနီးယားသို့ ရောက်သွားသည်။ နောက်တော့ ဒါရာသည် ထိုင်းနိုင်ငံသို့ ပြန်သွား၍ ဒုက္ခသည်စခန်းတခုတွင် ဘာသာပြန်သူနှင့် စာရင်းကိုင်အဖြစ် အမှုထမ်းခဲ့သည်။

တဖန် ဒါရာသည် အမေရိကန်ပြည်ထောင်စုသို့ ပြန်လာပြီး၊ စက်မှုလက်မှုကျောင်းတခု(Techinical school and College) တွင် ပညာသင်ယူ၍ အမေရိကန်ရေတပ်တွင် ၄ နှစ် အမှုထမ်းခဲ့သည်။

သူသည် ဂုဏ်သိက္ခာအပြည့်နှင့် ရေတပ်မှ ထွက်ခွင့်ရပြီးနောက်၊ အရပ်သားအဖြစ် ပြန်လည်နေထိုင်၍ ကယ်လီဖိုနီးယားပြည်နယ် ဆန်ဂျိုးစ်မြို့ တွင် အမေရိကန်အစိုးရစာပို့ လုပ်ငန်းတွင် အမှုထမ်း ဝင်လုပ်ခဲ့သည်။

သူရေးသားသော ဆောင်းပါးအရဆိုလျှင် ကမ္ဘောဒီးယားနိုင်ငံမှ ထွက်ခွာလာပြီးနောက် သူ့ဘဝ အောင်မြင်မှုရရှိခဲ့သော်လည်း သူနှင့် အခြားထောင်ပေါင်းများစွာသော ကမ္ဘောဒီးယားဒုက္ခသည်များအတွက် အမေရိကန်ပြည်ထောင်စုတွင် အသက်ရှင်နေထိုင်ရေးအတွက် ညှိနှိုင်းရသည်မှာ ခက်ခဲကြောင်း သိရသည်။ )

ဒုက္ခသည် အပြည့်တင်ဆောင်သော ဂျက်လေယာဉ်သည် ဘန်ကောက်မြို့မှ ထွက်ခွာပြီး ကောင်းကင်ယံ ထုတွင် အန္တရာယ်များသည့် အရှေ့တောင်အာရှပင်လယ်ကို လေ့လာသော စူးစမ်းရှာဖွေရေးအဖွဲ့ကဲ့သို့ ပျံသန်းခဲ့ကြသည်။ ဒုက္ခသည်များ၏ မျက်နှာများသည် စိုးရိမ်ပူပင်သော အရိပ်သန်းနေသော်လည်း၊ ပြည်တွင်းစစ်ဒဏ် နှစ်ပေါင်းများစွာ ခံရပြီးနောက် မိမိတို့တိုင်းပြည်မှ ထွက်ပြေးတိမ်းရှောင်၍ ယခုအခါ အေးချမ်းသာယာစွာနေ ထိုင်ရတော့မည်ကို သိသဖြင့် ဝမ်းသာနေကြသည်။ သမ္မတ ကာတာ၏ ကျေးဇူးကြောင့် နိုင်ငံအသစ်ဖြစ်သော အမေရိကန်ပြည်ထောင်စုတွင် နေထိုင်ရန် နိုင်ငံရေးခိုလှုံခွင့်ရရှိခဲ့ကြသည်။

လေယာဉ်သည် ကမ္ဘောဒီးယား၊ ဗီယက်နမ်နှင့် လာအိုနိုင်ငံများမှ ဒုက္ခသည်များကို အမည်မသိသော ခရီးဆုံးသို့ သယ်ဆောင်၍ ချောမောစွာပျံသန်းခဲ့သည်။

အရှေ့တောင်အာရှမှ လူများသည် ခက်ခဲသော အချိန်များကြားတွင်ပင်လျှင် မိမိတို့ဇာတိမြေတွင် နှစ်ပေါင်းများစွာ ပျော်ရွှင်စွာနေထိုင်ခဲ့ကြသည်။ ဗီယက်နမ် စစ်ပွဲသည် ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံများအတွင်း ပြည်တွင်းစစ်ကို ဖန်တီးခဲ့သည်။ ပိုပေ့နှင့် ကွန်မြူနစ်ပါတီကြောင့် ကမ္ဘောဒီးယားလူမျိုးများသည် မိမိတို့တိုင်းပြည်ကို အထီးကျန်စေခဲ့ကြသည်။ သူတို့သည် တိုင်းသူပြည်သားကို မြေကျွန်များဘဝ အဖြစ်သို့ လျှော့ချလိုက်ကြသည်။ ပိုပေ့၏ အစိုးရသည် အတိတ်မှ ရုပ်လွှာအဖြစ်အပျက်များကို ချေဖျက်ရန် သူတို့၏ တိုင်းသူပြည်သား တစ်သန်းကျော်ကို သတ်ဖြတ်ခဲ့ကြသည်။ ကွန်မြူနစ်လူ့ဘောင်ကို တည်ဆောက်ရန် ရည်စူးခဲ့ကြသည်။

လေယာဉ်အောက်တွင် ဆားငန်ရေလှိုင်းများကိုဖြတ်၍ အဝေးမှ ကုန်းမြေအစွန်း ပင်လယ်ကမ်းခြေများကို တဖြည်းဖြည်း တိုက်စားသော ပင်လယ်များကို တွေ့ရသည်။ ဤအထီးကျန်လေယာဉ်ကို မောင်းလာသော အဖွဲ့သားများသည် ရယ်စရာကောင်းသောစကားတစ်မျိုးကို ပြောဆိုသောသူများဖြစ်သည်။ သူတို့ပြောသော အင်္ဂလိပ်စကား မြန်လွန်းသဖြင့် ကျွန်ုပ်တို့ မည်သူမျှ နားမလည်နိုင်ကြ ပါ။ လေယာဉ်မောင်းအဖွဲ့သည် ကျွန်ုပ်တို့ထဲမှ အင်္ဂလိပ်အတော်အတန်နားလည်သော သူတစ်ယောက်ကို ရွေးပြီး လေယဉ်လုံခြုံ ရေးလမ်းညွှန်မှုကို ခမာစကားဖြင့် ပြောခိုင်းကြသည်။ ကျွန်ုပ်တို့၏ စိတ်တွင် ရှုပ်ထွေးနေသောကြောင့် သူတို့ရှင်းပြသည့် လမ်းညွှန်ချက်ကို နားမလည် နိုင်ကြပါ။ ကျွန်ုပ်တို့ ကမ္ဘောဒီးယားမှ ထွက်ခွါခဲ့သည့် နေ့မှစ၍ ယခုကျွန်ုပ်တို့ ဘဝသည် ကျွန်ုပ်တို့ကို ကူညီသော အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများပေါ်တွင် တည်နေပါသည်။ စားသောက်ချိန်သည် စွန့်စားခန်း တစ်ခုဖြစ်သည်။ မည်သည့်အစားအစာမျိုးပေးမည်ကို ကျွန်ုပ်တို့မသိ။ ပလပ်စတစ်ပါးပါးဖုံးထားသော လင်ပန်းသေးသေးလေးတွင်

ဟင်းသီး ဟင်းရွက်နှင့် အသားညှပ်ထားသော ပေါင်မုန့် ၂ချပ် ထည့်ပေးကြသည်။ လက်သုတ်ပုဂံ စက္ကူဘေးတွင် လိမ္မော်ရည်ဘူးကလေး တစ်ဘူးလည်းပါသည်။ တစ်ကိုက်လောက် ကိုက်ကြည့်ပြီးနောက် အရသာတစ်မျိုးကြီး ဖြစ်နေ၍ ဆက်မစားနိုင်ကြတော့ပါ။

ထို့ကြောင့် (လေယာဉ်မယ်) အပျိုချောကလေးများ လာမသိမ်းမီ၊ တစ်ခုခုဖြစ်မည်စိုး၍ နောက်မှစားရန် အိတ်ထဲသို့ သိမ်းလိုက်ကြသည်။ ကမ္ဘောဒီးယားနိုင်ငံတွင် အစားအစာသည် နှစ်ပေါင်းများစွာ ရောင်းကုန်ပစ္စည်း တစ်မျိုးဖြစ်ခဲ့သည်။

အချိန်ဇုံ အထူးအပြောင်းအလဲကြောင့် ကျွန်ုပ်တို့ ၂ ရက် ၂ညခရီးနှင်ခဲ့ကြသည်။ ထိုင်ခုံအားလုံးသည် ထောင်လိုက်ဖြစ်နေ၍ အိပ်ရန်အလွန်ခက်ပါသည်၊ ကျွန်ုပ်တို့လဲလျောင်းရန်အတွက် လေယာဉ်အမှုထမ်းများ၏ ခုံရှည်အနည်းငယ်ရှိပါသည်။ သူတို့က ကျွန်ုပ်ကို ခဏတဖြုတ်အိပ်စက်ခွင့်ပြုကြသည်။

လေယာဉ်သည် နောက်ထပ်နာရီအနည်းငယ်အတွင်း လေထဲမှ အောက်သို့ဆင်းခဲ့သည်။ ပတ်ပတ်လည်တွင် ပင်လယ်ဝိုင်းရံထားသော အဆောက်အဦးမြင့်မြင့်ကို တွေ့မြင်ကြရသည်။ ၄င်းတို့ကို ဝင် တိုက်တော့မည်လား။ ဟောင်ကောင် အပြည် ပြည်ဆိုင်ရာလေဆိပ်သို့ ဆင်းသက်ကြောင်း သိရသည်။

ပစိဖိတ်သမုဒ္ဒရာကိုဖြတ်၍ ခရီးရှည်ဆက်ရန် ပြင်ဆင်သောအနေဖြင့် လေယာဉ်ဆီဖြည့်ကြသည်။ လေယဉ်အမှုထမ်းများက ကျွန်ုပ်တို့ကို လေယာဉ်ပေါ်တွင် တစ်နာရီခန့် နေခိုင်းပြီးနောက်၊ မကြာမီပြန်လည်ပျံသန်း ခဲ့ကြသည်။ ကျွန်ုပ်တို့၏ရှေ့တွင် ရေပြင်မှလွဲ၍ မည်သည့်အရာမျှ မရှိသောကြောင့် စိတ်ချောက်ချားစရာ အလွန်ကောင်းပါသည်။ နည်းနည်းမှားလိုက်ရုံနှင့် လေယာဉ်ပေါ်ရှိသူတိုင်းကို ပင်လယ်ရေအောက်သို့ ရောက်သွားစေ နိုင်ပါသည်။ လေယာဉ်မောင်းသူသည် ကျွန်ုပ်တို့၏ ကယ်တင်ရှင် ဖြစ်သည်။ သူက ကျွန်ုပ်တို့ကို လေထဲသို့ လုံခြုံစွာ သယ်ဆောင်လာခဲ့သည်။ ဟောင်ကောင်သည် ကျွန်ုပ်တို့၏နောက်တွင် ကျန်ခဲ့ပြီ။ ကျွန်ုပ်တို့သည် မည်သည့်အရာကိုမျှ မတွေ့ရတော့သည်အထိ အထက်သို့ပျံတက်ခဲ့ကြသည်။ ကောင်းကင်ပြင်ကြီးနှင့် တောက်ပသော အလင်းရောင်မှအပ မည်သည့်အရာမျှမရှိတော့ပါ။

ယခုအခါ ကျွန်ုပ်တို့သည် အမေရိကန်ပြည်ထောင်စုတွင် မည်သို့ဆက်ဆံနေထိုင်ရမည့်အကြောင်း စတင်တွေးတောနေကြပါပြီ။ ကျွန်ုပ်တို့၏ဘဝသည် အတိတ်ကာလနှင့် တူနိုင်တော့မည်မဟုတ်၊ ကျွန်ုပ်တို့၏ မိတ်ဆွေအချို့နှင့် ဆွေမျိုးအချို့ထံမှ ကြားခဲ့ရသည့်အတိုင်းဆိုလျှင်၊ အရာရာတိုင်းသည် ကျွန်ုပ်တို့ ကြုံတွေ့ခဲ့ပြီးသည့် အခြေအနေထက် ပိုကောင်းပါလိမ့်မည်။ အိမ်သေးသေးလေးတစ်လုံးနှင့် လွတ်လပ်မှု အနည်းငယ်ရလျှင် ပျော်ရွှင်နိုင် လိမ့်မည်ဟု ထင်ခဲ့ကြသည်။ ကမ္ဘောဒီးယားနိုင်ငံသည် ကျွန်ုပ်တို့၏ ဘဝကို လုံးဝဖျက်ဆီးခဲ့ပြီ။ ထိုထက်ဆိုးနိုင်စရာ ဘာရှိဦးမည်နည်း။

လေယာဉ်သည် ကျွန်ုပ်တို့တစ်ခါမျှ မကြားဖူးသော မှောင်မိုက်နေသည့် နေရာတစ်နေရာတွင် ဆင်းသက်ခဲ့သည်။ ညအချိန် ဖြစ်နေသည်။ လေယာဉ်အမှုထမ်းတစ်ယောက်က ကျွန်ုပ်တို့ အလက်စကာသို့ Alasca သို့ရောက်နေပြီဖြစ်ကြောင်း ပြောပါသည်။ အလက်စကာ ဆိုပါလား၊ ဘယ်မှာပါလိမ့်ဟု အချင်းချင်း မေးကြပါသည်။ ရာသီဥတုအလွန်အေးနေပါသည်။ အဆောက်အဦးတစ်ခု ပေါ်မှ တွဲလောင်းဆွဲချိတ်ထားသော အလင်းရောင်ကိုသာ မြင်တွေ့ရသည်။ ထိုနေရာတွင် ခဏလောက်ရပ်နားပြီးနောက် ကျွန်ုပ်တို့ခရီးဆက်ကြပါသည်။

နံနက် ၇း၃၀ နာရီလောက်တွင် ကယ်လီဖိုနီးယားပြည်နယ် အုတ်ကလန်ကွင်းသို့ ဆိုက်ရောက်ကြပါသည်။ ကျွန်ုပ်တို့ ဝတ်ဆင်ထား သော အင်္ကျီ လက်တို၊ ပါးသောဘောင်းဘီရှည်နှင့် ညှပ်ဖိနပ်များသည် ကယ်လီဖိုနီးယား အတွက် ဝိုင်းကြည့်စရာဖြစ်နေပါသည်။ ကျွန်ုပ်တို့၏ အဝတ်အစားများသည် ဆိုင်တွင် အော်ဒါချုပ် အဝတ်အစားများ ဖြစ်ပါသည်။ ဤနိုင်ငံသစ်ကြီးသို့ အကောင်းဆုံး အဝတ်အစားများ ဝတ်ဆင်ပြီး လာချင်ကြသည်။ ကျွန်ုပ်တို့သည် လေယာဉ်မှ အမြန်ဆုံးထွက်ခွါ၍၊ အနီးရှိ အဆောက်အဦးသို့ လျှောက်ခဲ့ကြသည်။ ထိုနေရာတွင် ရှိနေသော ကမ္ဘောဒီးယား အလုပ်သမားအချို့က ကျွန်ုပ်တို့ကို ကြိုကြပါသည်။ အိုး – ချမ်း လိုက်တာ။ အကောက်ခွန် ကိုယ်စားလှယ်များကတစ်မျိုး။ ကျွန်ုပ်တို့သည် ကျဉ်းမြောင်းသော ဂိတ်ပေါက်မှ လမ်းလျှောက်သွားသောအခါ ကုလသမဂ္ဂအဖွဲ့အစည်းက ရွှေ့ပြောင်းနေထိုင်ရေး အရာရာအဆင်ပြေရန် စီစဉ်ပေးလိုက်သော စာရွက်စာတမ်းစစ် ဆေးမည့် ကိုယ်စားလှယ်များ စောင့်နေရာသို့ ရောက်ရှိလာပါသည်။ ထိုနောက် ကျွန်ုပ်တို့ အထုပ်အပိုး အားလုံးကို ဖွင့်ပြရန် ကျယ်ပြန့်သော စားပွဲကြီးရှိရာသို့ ရောက်လာကြပါသည်။ တားမြစ်ကုန်ပစ္စည်းဟူသမျှကို စစ်ဆေးကြသည်။

ကျွန်ုပ်တို့တွင် ဆေးဝါးအချို့၊ ဆေးထိုးအပ်များနှင့် အကိုက်အခဲပျောက်ဆေး (ရောဂါသေစေသောပတိဇီဝဆေး) အပြင် မည်သည့်တရားမဝင် ပစ္စည်းမျှ မပါလာကြ။ သူတို့က ထိုပစ္စည်းများကို မသိမ်းကြပါ။ သွားလေရာရာတွင် ရှည်လျားသော ဆေးတံများကို တပါတည်း သယ်ဆောင်သွားကြသည့်လောနိုင်ငံမှ ဒုက္ခသည် မုန်း လူမျိုးများ အကြောင်း ကြားဖူးပါသည်။ ထိုပစ္စည်းများသည် နိုင်ငံတွင်း နေရာတကာတွေ့မြင်နေကျဖြစ်သည်။ ဖြစ်ချင်တော့ အမေရိကန်များက ထိုပစ္စည်းများကို တရားမဝင် မူးယစ်ဆေးဝါးနှင့် ဆက်နွယ်နေသော ပစ္စည်းများဟု သတ်မှတ်ကြသည်။ သူတို့ကို ရှေ့ဆက်သွားခွင့်မပြုမီ ထိုပစ္စည်းများကို သိမ်းလိုက်ကြသည်။ အချို့ မုန်းလူမျိုး များသည် ထိုပစ္စည်းမရှိဘဲ အသက်မရှင်နိုင်သောကြောင့် ပြန်ပို့ပေးရန် ကိုယ်စားလှယ်များကို ပန်ကြားသည်။ သို့သော် သူတို့ လက်လျှော့ပြီး ခရီးဆက်ကြသည်။ သို့သော် အုတ်ကလန်မြို့သို့ ကျွန်ုပ်တို့ လူအပြည့် သယ်ဆောင်လာသည့် လေယာဉ်ဆိုက်ရောက်သောအခါ ထိုသို့သော အဖြစ်အပျက်မျိုးကို မတွေ့ခဲ့ရပါ။

အပြင်တွင် ကျွန်ုပ်တို့ ဒုက္ခခံရသောကြောင့် သူတို့က ကျွန်ုပ်တို့ကို အပူပေးထားသော အခန်းကျယ်ကြီး တစ်ခုအတွင်းသို့ ပို့ပေးကြသည်။ အပြင်တွင် အလွန်အေးပါသည်။ တစ်စုံတစ်ယောက်က ကျွန်ုပ်တို့ကို ကုတ်အင်္ကျီ ထူထူယူလာပေးပါသည်။ ၄င်းကုတ်အင်္ကျီ ထူထူကြီးများသည် အကြည့်ရဆိုးပြီး လေးလံသော နိုင်လွန် အဝတ်အစား များ ဖြစ်ကြသည်။ ဝတ်ကြည့်တော့ နွေးသည်။ နေထွက်လာ၍ လင်းနေသော်လည်း အေးလျက်ရှိသေးသည်။ အလွန် ထူးဆန်းသည်။ ကမ္ဘောဒီးယားမှာတော့ အေးသည့်အချိန်ဟူ၍မရှိ။

ထို့နောက် ဘယ်နေရာဟု ကျွန်ုပ်တို့ ခန့်မှန်း၍မရသော တနေရာသို့ ကျွန်ုပ်တို့ကို ခေါ်သွားကြပါသည်။ ခေါက်ကုတင် အထပ်ထပ် ရှိသော အဆောက်အဦးကြီးတစ်ခုသို့ ရောက်ကြပါသည်။ တစ်စုံတစ်ယောက်က စစ်စခန်းတစ်ခုဖြစ်ကြောင်း ပြောပြပါသည်။ ကျွန်ုပ်တို့ အလွန်ပင်ပမ်းနွမ်းနယ်ကုန်သဖြင့် ဂရုမစိုက်နိုင်တော့ပါ။ အထုပ်အပိုးအားလုံးချ၍ လဲလျောင်းအိပ်ကြပါသည်။ အိမ်သာဘယ်မှာဆိုသည်ကိုပင် ကျွန်ုပ်တို့မသိကြပါ။ ဒါတွေကို ကျွန်ုပ်တို့ လုံးဝဂရုမစိုက်နိုင်ကြတော့ပါ။ လေယာဉ်ပေါ်တွင် ၂ည ၃ ရက် ခရီးသွားရသည်မှာ ကျွန်ုပ်တို့အတွက် တော်လောက်ပါပြီ။ သို့သော် အလွန်ထူးဆန်းသော အတွေ့အကြုံဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ၁၉၈၁ ခုနှစ် ဖေဖော်ဝါရီလ ၂၁ ရက်နေ့ နံက် ၃း၃၀ နာရီတွင် ဘန်ကောက်မြို့မှ ထွက်ခွာပြီး ထိုနေ့မနက် ၇း၃၀ နာရီ တွင် အုတ်ကလန် မြို့သို့ရောက်ရှိကြပါသည်။ ဘယ်လိုဖြစ်နိုင်ပါလိမ့်။ အတွက်မှားခြင်းလား။ အချိန်ဇုန်ကြောင့် ဖြစ်မည်ထင်ပါသည်။

အချိန်ကြာကြာ အိပ်စက်ကြပြီးနောက် ကျွန်ုပ်တို့ကို လူပြန်စု၍ ခရီးရှည်ပြန်ထွက်ကြပါသည်။ ကျွန်ုပ်တို့ ဆန်ဖရန်စစ္စကို အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ သွားနေကြောင်း ကျွန်ုပ်တို့ကို ပြောပြပါသည်။ စစ်စခန်းမှ ကျွန်ုပ်တို့ ထွက်ခွာလာသော လမ်းခရီးသည် အလွန်ပျော်စရာကောင်းပါသည်။ အိပ်မက်စိတ်ကူး၌ပင် မတွေးခဲ့ဖူးသော တံတားရှည်ကြီးတစ်ခုကို ကူးဖြတ်ကြပါသည်။ ဒီလိုတံတားကို ဘယ်လိုလုပ် တည်ဆောက်နိုင်ကြပါလိမ့်ဟု တွေးတောအံ့သြခဲ့ကြပါသည်။ ထို့နောက် လူအုပ်ထူထပ်သော လေဆိပ်တစ်ခုသို့ ရောက်လာကြပြီး၊ တာဝန်ယူ ပေးသော ပုဂ္ဂိုလ်များနှင့်တွေ့ဆုံ၍ ကျွန်ုပ်တို့ကို အခြားလေယာဉ်တစ်စင်းပေါ်သို့ တင်ပေးလိုက်ကြပါသည်။ ကျွန်ုပ်တို့ထဲမှ အချို့သည် အခြားခရီးသို့ သွားရမည်ဖြစ်သောကြောင့် လူတိုင်းသည် ဆန်ဖရန်စစ္စကို အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ လာရပါသည်။ ကျွန်ုပ်တို့ကို တာဝန်ယူထောက်ပံ့သူက လေဆိပ်မှ အဝေးပြေးလမ်းမသို့ ကားဖြင့် တင်ဆောင်သွားပါသည်။ လူတိုင်းအရှိန်ပြင်းပြင်းကားမောင်းကြပါသည်။ အဝေးပြေးလမ်းမပေါ်တွင် ဤမျှများသော မီးချောင်းမီးလုံးများကို တစ်ခါမျှ မမြင်ဘူးခဲ့ပါ။ ထိုအချိန်သည် ညနေ ပိုင်းစောစောအချိန်ဖြစ်၍ ကျွန်ုပ်တို့ကို တာဝန်ယူထောက်ပံ့သူ အလုပ်ဆင်းပြီးနောက် ဝင်ခေါ်ခြင်းဖြစ်သည်။

သူ့အိမ်ရောက်လျှင် ပန်းသီးနှင့်စပျစ်သီးဖြင့် ဧည့်ခံကျွေးမွေးပါသည်။ ထိုသစ်သီးများသည် ဈေးကြီး၍ ချမ်းသာသောသူများသာလျှင် တစ်ခါတစ်ရံစားရပါသည်။ အိပ်ခန်း ၃ ခန်းပါသော ဤအိမ် ကလေးသည် ယခုအခါ လူ ၁၇ ယောက်ဖြင့် ပြည့်နေပါပြီ။ မယုံနိုင်စရာ အလွန်ကောင်းပါသည်။ ပရိဘောဂပစ္စည်းများက အများဆုံးနေရာ ယူထားပါသည်။ တာဝန်ယူထောက်ပံ့သူက ကျွန်ုပ်တို့အတွက် နေရာသစ် တစ်ခု စီစဉ်ပေးသောကြောင့်၊ ထိုအိမ်ကလေးတွင် ခဏတဖြုတ်သာ နေထိုင်ခဲ့ရပါသည်။

ထို့နောက် ကျွန်ုပ်တို့သည် အခန်း ၄ခန်းပါသော အိမ်သို့ ပြောင်းရွှေ့နေထိုင်ကြပါသည်။ အိမ်ခန်းများတွင်း၌ ဘာပစ္စည်းမှမရှိ။ အိုး မရှိ၊ ဇလုံမရှိ၊ ဇွန်းမရှိ ကျွန်ုပ်တို့ ဒုံရင်းက ပြန်စကြရပါသည်။ ကျွန်ုပ်တို့သည် ဒုက္ခသည်များ

အတွက် ကိုယ်စားလှယ်များထံသို့ သွားသည်။ သူတို့က ကျွန်ုပ်တို့ကို ဒေါ်လာ ၃၀၀စီ ထုတ်ပေးကြပါသည်။ ထိုငွေကို ယူ၍ အခန်းငှားခ စပေါ်ငွေပေးသည်။ ကျွန်ုပ်တို့၏ဘဝ ပြန်လည်ထူထောင်ရေးအတွက် လိုအပ်သော ပစ္စည်းများ ဝယ်သည်။ အနီးအနားရှိ ကုန်တိုက်သို့ သွား၍ ဆန် ဝယ်ယူရန် သွားရှာကြပါသည်။ ဆန်ရှာ၍မရ ။ ကြက်သားနှင့် အချို့ဟင်းသီးဟင်းရွက်များသည် ဈေးအလွန်သက်သာပါသည်။ ကြက်သားပဲ တတ်နိုင်သောကြောင့် နေ့တိုင်းလိုလို ကြက်သားဟင်းစားကြပါသည်။

အရာရာတိုင်းသည် အလွန်ကွာခြားနေပါသည်။ အမေရိကန်ပြည်ထောင်စုတွင် လူတန်းစားအမျိုးမျိုးရှိကြသည်။ ကျွန်ုပ်တို့သည် မကြာသေးမီက ရောက်ရှိနေသော ကမ္ဘောဒီးယားလူမျိုးများနှင့် ပေါင်းသင်းဆက်ဆံကြပါသည်။

Bay area ကမ်းခြေသို့ နောက်ထပ် လူများစွာ ထပ်မံရောက်ရှိလာကြပါသည်။ ထိုကမ်းခြေဒေသသည် ကျွန်ုပ်တို့နေသော အရပ်နှင့် တစ်မိုင်ခရီးသာ ဝေးကွာသည်။ ထို့ကြောင့် ကျွန်ုပ်တို့၏ ဤအိမ်ငယ်ကလေးများတွင် အချင်းချင်း မိတ်ဖွဲ့ကြပါသည်။ အခြားမည်သူကမျှ လာမကူညီပါ။ အသက်ရှင်ရန် တစ်ခုတည်းသော နည်းလမ်းမှာ အတူတကွနေထိုင်၍ အချင်းချင်း ကူညီရန်သာ ဖြစ်ပါသည်။

ကျွန်ုပ်တို့၏အိမ်သည် အိမ်ဝင်းငယ်၏ အလယ်ဗဟိုတွင် ရှိသည်။ အနီးအနားတွင် အိမ် ၁၅ လုံး ခန့်ရှိပါသည်။ သုံးအိမ်ကျော် လောက်တွင် မက္ကဆီကိုလူမျိုး မိသားစုတစ်စု နေထိုင်သည်။ ကပ်လျက်တွင် သဘောကောင်းသော ကိုရီးယားလူမျိုး မိသားစုတစ်စု နေထိုင်သည်။ ကျန်အိမ်များသည် လူဖြူမိသားစုများ ပိုင်ဆိုင်သော အိမ်များဖြစ်သည်။ သူတို့က ကျွန်ုပ်တို့ကို  မည်သည့်အခါမျှ နှုတ်မဆက်၊ စကားလည်းမပြောကြ။

၄င်းသည် ယဉ်ကျေးမှု သွေးလန့်ခြင်းဖြစ်သည်။ ကျွန်ုပ်တို့၏ ရွာမှ အသက်ကြီးသူများသည် အချင်းချင်းသိကျွမ်းကြသည်။  ဤနေရာတွင် အလွန်ခက်ခဲပါသည်။ သူတို့သည် ကျွန်ုပ်တို့ကို တစ်ခါတရံမျှသာ လာရောက်စကားပြောဆိုကြသည်။ နောက်ဆုံး သူတို့ ပြောင်းရွှေ့သွားသည်။

နောက်ထပ် ကမ္ဘောဒီးယားလူမျိုး ထောင်ပေါင်းများစွာ ရောက်ရှိနေထိုင်သောအခါ၊ ကျွန်ုပ်တို့ အသိုင်းအဝိုင်း အင်အားကြီးလာပါသည်။ ကျွန်ုပ်တို့ စားသောက်နေကျ အစားအစာများကို ဝယ်ယူနိုင်သော အာရှဈေးဆိုင်များစွာ ဖွင့်လှစ်လာကြသည်။ လိုင်းကားမသုံးပဲ မိမိတို့လိုအပ်သော နေရာသို့သွားရောက် လုပ်ကိုင်နိုင်ရန် ကျွန်ုပ်တို့တွင် ကားအငယ်တစ်စီး ရှိသည်။

ကမ္ဘောဒီးယားလူမျိုးများသည် အမေရိကန်ပြည်ထောင်စုတွင် နေထိုင်သူအများစုနှင့် မတူသော အရာများစွာကို လုပ်ကြပါသည်။ ကျွန်ုပ်တို့သည် လိုင်းကားစီးလျှင်၊ ကျွန်ုပ်တို့၏ ပခုံးပေါ်တွင် ဆန်အိတ်ထမ်းထားကြပါသည်။ အခြားသူတို့အတွက် အသစ်အဆန်း ဖြစ်နေသည်။ ကျွန်ုပ်တို့သည် ရယ်စရာကောင်းသော စကားတစ်မျိုးပြောဆို၍ အခြားလူမျိုးစုများက ကျွန်ုပ်တို့၏ နှုတ်ခမ်းများ လှုပ်နေသည်ကို မြင်ရသော်လည်း ဘာကိုပြောဆိုနေကြောင်း မသိကြ။ ကျွန်ုပ်တို့ထဲမှ တနေ့တခြား ကားမောင်းသင်၍ ကားမောင်းလိုင်စင် ရရှိသူများပြားလာသည်။ ကျွန်ုပ်တို့၏ ကားမောင်းသင်ကျောင်းဟု ဆိုနိုင်သည်မှာ ဦးဆုံးကားမောင်းလိုင်စင် ရရှိထားသော  ကမ္ဘောဒီးယားလူမျိုး တစ်ယောက်သာဖြစ်သည်။ ကားမောင်းသင်ကျောင်းတက်ရန် ကျွန်ုပ်တို့ငွေကြေးမတတ်နိုင်ပါ။ သို့သော် အလုပ်ဖြစ်ပါသည်။ အတော်များများက ကားမောင်းလိုင်စင် ရရှိပြီးနောက်လည်း ကားကောင်းကောင်း မမောင်းတတ်ကြပါ။ လမ်းပြဆိုင်းဘုတ်နှင့် လမ်းညွှန်အမှတ်အသား အားလုံးသည်  အင်္ဂလိပ်ဘာသာဖြင့် ရေးထားသောကြောင့်၊ ခက်ခဲပြီး ဆိုလိုရင်းကို နားမလည်ပါ။

တစ်ကြိမ်က ကမ္ဘောဒီးယားလူမျိုး တစ်ယောက် မီးနီကို ဖြတ်မောင်းသဖြင့်၊ သူ့ကိုလမ်းပြပုလိပ်က ကားရပ်ခိုင်းပါသည်။ ရဲက ကမ္ဘောဒီးယားလူမျိုးကို အဘယ်ကြောင့် မီးနီဖြတ်မောင်းရသလဲဟု မေးပါသည်။ ရပ်ကြည့်ပြီး ဘယ်ဘက်ညာဘက် ကားတစ်စီးမှ မတွေ့ရသောကြောင့် ဖြတ်မောင်းခဲ့ကြောင်း ပြန်ပြောသည်။ ရဲက သူ့ကို လမ်းစည်းမျဉ်း ရှင်းပြပြီး စည်းကမ်း လိုက်နာ၍ ကားမောင်းရန် ပြောပြသည်။

ကမ္ဘောဒီးယားကားသမား၏ အင်္ဂလိပ်စကားသည် အလွန်ညံ့သောကြောင့် ရဲပြောသောစကားကို နားမလည်။ ကမ္ဘောဒီးယား ဘာသာစကားဖြင့် အသေးစိတ်ရှင်းပြသည်။ နောက်ဆုံး ရဲက စိတ်တို၍

ကမ္ဘောဒီးယားကားသမားကို ထိုနေရာမှ နှင်ထုတ်လိုက်ပါသည်။ သူ့အတွက် ကံကောင်းသောနေ့ဖြစ်၍ ဒဏ်ရိုက်မခံရ။ ထို့နောက် ရယ်စရာအဖြစ် ပြောကြသည်မှာ လမ်းပြရဲက ဖမ်းလျှင် အင်္ဂလိပ်စကားနားမလည်ဟန်ဆောင်၍ သူတို့ပြောဆို ဆက်သွယ်ခြင်းမပြုနိုင်သောအခါ လွှတ်လိုက်မည်ဟူ၍ ဖြစ်သည်။ ယခုအခါ ထိုသို့ မဟုတ်တော့။ သူတို့ထဲတွင် စကားပြန်များရှိနေပြီး အချို့ရဲများသည် ဘာသာစကား အမျိုးမျိုး ပြောဆိုနိုင်သူများဖြစ်ကြ သည်။

ကျွန်ုပ်သည် ထိုင်းအစိုးရအတွက် ဒုက္ခသည်များကို လူတွေ့မေးမြန်းပြီး **INS ( Immigration and Naturalization Service )** ခေါ် လူဝင်မှုကြီးကြပ်ရေး စာရွက်စာတမ်းများ စီစဉ်ပေးသော ကုလသမဂ္ဂ ကိုယ်စားလှယ်အဖွဲ့နှင့် **Joint Voluntary Agency** ပူးတွဲစေတနာ့ဝန်ထမ်းအဖွဲ့တို့အတွက် ထိုင်းနိုင်ငံတွင် အလုပ်လုပ်ရန် အခွင့်အလမ်း ရရှိခဲ့ပါသည်။ ကမ္ဘောဒီးယား၊ ဗီယက်နမ်နှင့် လောနိုင်ငံတို့မှ ဒုက္ခသည်များစွာတို့ကို ကျွန်ုပ်သိကျွမ်းခဲ့ရသည်။


ကျွန်ုပ်ကောင်းကောင်းသိကျွမ်းသော လာအိုမိသားစုတစ်စု ရှိပါသည်။ ခင်ပွန်းသည်က အသက် ၅၀ ကျော် ၆၀ နီးပါး ဖြစ်ပါသည်။ သူတို့မိသားစုသည် ကျွန်ုပ်နေထိုင်သော အရပ်သို့ ရောက်လာသည်။ သူတို့တွင် ပြောပြစရာ အဖြစ်အပျက် အတွေ့အကြုံ ဇာတ်လမ်းရှိသည်။ သူတို့မိသားစုသည် အမေရိကန်ပြည်ထောင်စုသို့ ရောက်လာခဲ့စဉ်က အင်္ဂလိပ်စကားတစ်လုံးမျှ မတတ်ပါ။ ထိုအချိန်က လူတိုင်းလူမှုဖူလုံရေး ထောက်ပံ့ငွေ သွားထုတ်ကြသည်။ သူက ထောက်ပံ့ငွေ ဆိုသည်မှာ မကောင်းပါဟု ဆိုပါ သည်။ သူတို့ရောက်လာပြီးနောက် အနည်းငယ်တွင် လျှပ်စစ်ပစ္စည်းတပ်ဆင်သော အလုပ်တစ်ခုရရှိသည်။ အလုပ်ကြိုးစားပြီး ငွေစုပါသည်။ သူသည်နှစ်အနည်းငယ်အတွင်း ဤနိုင်ငံတွင် ကိုယ်ပိုင်အိမ်ဝယ်ယူနိုင်ခဲ့ကြောင်း တွေ့ရသည်။

လူမှုဖူလုံရေးစံနစ်ကို အခွင့်ကောင်းယူသော လူများစွာ ရှိကြသည်။ သူတို့သည် ကျောင်းတက်ပြီး ရနိုင်သမျှ ပညာကို သင်ယူ၍ စားသောက်နေထိုင်ရန်၊ အလုပ်အကိုင် ကောင်းကောင်းရရှိကြသည်။ ထိုပုဂ္ဂိုလ်များသည် ယခုအခါ ကောင်းစား၍ လူမှုဖူလုံရေး ထောက်ပံ့ကြေးရရန် မလိုတော့ပါ။ အချို့သောသူများသည် အချောင်ရသော ထောက်ပံ့ကြေးကိုသာ မှီခို စားသောက်နေကြသည်။ ထိုသူများသည် ဝင်ငွေခွန်ဆောင်ရန် မလိုသောကြောင့်၊ သာမန်လုပ်သားများ၏ ပျမ်းမျှဝင်ငွေထက်ပင် ပို၍ ကောင်းကောင်းခံစားနေကြသည်။ တရားမျှတမှုရှိပါသလား။ လုံးဝမတရားပါ။ ကျွန်ုပ်တို့ ဘာများတတ်နိုင်မည်နည်း။ သူတို့ ကို ဖမ်းမိလျှင် ဒါဏ်ရိုက်ခံရမည် သို့သော် ထိုသို့ကျင့်ကြံပြုမူသောကြောင့် အဖမ်းခံရခြင်း အလွန်ရှားသည်။

အမေရိကန်ပြည်ထောင်စုသို့ ကျွန်ုပ်တို့ရောက်ရှိလာခဲ့သည်မှာ ယခုအခါ နှစ်ပေါင်းအတော်ကြာခဲ့ပြီ။ ကျွန်ုပ်တို့နေရာသည် ကမ္ဘာ အရပ်ရပ်မှ (အထူးသဖြင့် – အရှေ့တောင်အာရှမှ) နောက်ထပ် ဒုက္ခသည်ပေါင်းများစွာ ရောက်ရှိလာသောကြောင့် များစွာနေပြောင်းလဲသွားခဲ့သည်။ အာရှကုန်စုံဆိုင်ကြီးများနှင့် ကုန်တိုက်ကြီးများစွာ ပေါ်ပေါက်နေပါပြီ။ ယခုအခါတွင် ကျွန်ုပ်တို့ ရလိုသော အစားအသောက်များကို ရှာဝယ်ရန် ပို၍ လွယ်ကူနေပြီ။ ကျွန်ုပ်တို့၏ ရိုးရာ မင်္ဂလာဆောင် ညှော်ခံပွဲများ ကျင်းပနိုင်အောင် ကျယ်ဝန်းသော စားသောက်ဆိုင်ကြီးများလည်း ရှိနေပါပြီ။ ကျွန်ုပ်တို့၏ ရိုးရာဓလေ့အတိုင်း အသုဘချနိုင်သော ရင်ခွဲရုံများလည်း ရှိနေပြီ ။ ကယ်လီဖိုနီးယားပြည်နယ်၏ အလယ်ပိုင်း **Stockton, Long Beach** နှင့် **San Jose** စသော မြို့များတွင် အမေရိကန်ပြည်ထောင်စုနေ အာရှတိုက်သားဦးရေ သည် ၂၀ရာနှုန်းမှ ၄၅ရာနှုန်းအထိ များပြားနေပါသည်။ ဤအရပ်ဒေသ၏ ရာသီဥတုသည် အရှေ့တောင်အာရှ၏ ရာသီဥတုနှင့် တူညီသောကြောင့် လူအများအပြား ဤအရပ်သို့ လာရောက်ပြောင်းရွှေ့နေထိုင်ကြပါသည်။

ကျွန်ုပ်တို့ထဲမှ အများစု အထူးသဖြင့် – လူငယ်များသည် အသက်မွေးဝမ်းကျောင်း အလုပ်များတွင် အခြေချ လုပ်ကိုင်နေကြပါပြီ။ ကွန်ုပ်တို့၏ သားသမီးများစွာတို့သည် ယခုအခါ အမေရိကန်ပြည်ထောင်စုတဝှမ်းရှိ တက္ကသိုလ်ကျောင်းသင်တန်းမျိုးစုံမှ အောင်လက်မှတ်များ ရရှိပြီးဖြစ်သည်။ ကောလိပ်ပညာတတ် အာရှဒုက္ခသည်များ သည် အမေရိကန်ပြည်ထောင်စု တဝန်းလုံးတွင် ရှိနေကြပါပြီ။ ကျွန်ုပ်တို့ ကမ္ဘောဒီးယားမိသားစုများထဲမှ ဆရာဝန်များ၊ အင်ဂျင်နီယာများ ရှေ့နေကြီးများ ပေါ်ထွက်နေပြီ။ သို့သော် လူထုအများစုက ကျွန်ုပ်တို့အပေါ်တွင် တစ်မျိုးမြင်နေဆဲဖြစ်သည်။ မုန်းတီးခြင်းများ တဖြည်းဖြည်းနှင့် လျော့ပါး ပျောက်ကွယ်နေပါပြီ။ အမေရိကန်ပြည်ထောင်စုတွင် နေထိုင်ကြသော အခြားလူမျိုး အသိုင်းအဝိုင်းထက် အာရှတိုက်သားများက

ပိုမိုလျင်မြန်စွာ များ လာပါသည်။ ပြည်ထောင်စု တဝှမ်းလုံးရှိ အစိုးရအဖွဲ့အစည်းများသည် ကျွန်ုပ်တို့၏ ယဉ်ကျေးမှုခြားနားချက်ကို သတိပြုမူလာပြီး လူမျိုးခွဲခြားမှုကို ကြိုတင်ကာကွယ်တားဆီးရန် စတင်ခြေလှမ်းနေပြီ။ ကျွန်ုပ်တို့၏ သားသမီးများကို ကျွန်ုပ်တို့တတ်နိုင်သော အတိုင်းအတာအတွင်းရှိ ကျောင်းများတွင် အကောင်းဆုံးပညာသင်ခွင့်ရရန် ကျောင်းအပ်သောအခါ ကျွန်ုပ်တို့ကိုယ်ကို အလွန် နှိမ့်ချခဲ့ကြပါသည်။ ဤသားသမီးများသည် ယခုအခါတွင် လူမှုအသိုင်းအဝိုင်းတွင် ဝင်ရောက်နေကြပြီ။ အာရှတိုက် သားများအကြားတွင်၊ အထူးသဖြင့် – စက်မှုလက်မှု နည်းပညာကဏ္ဍမှ စီးပွါးရေးလုပ်ငန်းသစ်များတည်ထောင်မှု ရေပန်းစားလာသည်။ အာရှတိုက်သားများ ပိုင်ဆိုင်သော လျှပ်စစ်ကုမ္ပဏီများစွာကို တွေ့မြင်ကြရသည်။ မျိုးဆက်သစ်များက ပြည်ထောင်စု အစိုးရအတွက် စိမ်ခေါ်မှု ဖြစ်နေကြောင်းလည်း တွေ့ရသည်။ အခြေအနေ ပို၍ပို၍ ကောင်းလာနေပါသည်။ ယခုအခါ များစွာသော လူတို့သည် အာရှတိုက်သားများအပေါ် ဒုက္ခပေးမည့် လူပိုများဟု မမြင်တော့ဘဲ၊ မိမိတို့ဘာသာ ရပ်တည်နိုင်သော စွမ်းအားမြင့်မားသူများအဖြစ် မြင်လာကြပါပြီ။ ဤအချက်သည် ကျွန်ုပ်တို့အတွက် အခွင့်ကောင်းဖြစ်ပါသည်။



# နောက်ဆက်တွဲ ( ၁ )

ပူးတွဲပါမှတ်စုများ – မေးခွန်းများနှင့် လက်တွေ့လုပ်ငန်းများ ပါဝင်သော ဘောင်ခတ်ထားသည့် Boxများ

## နောက်ဆက်တွဲ – ၁

### ပူးတွဲပါမှတ်စုများ – မေးခွန်းများနှင့် လက်တွေ့လုပ်ငန်းများကို ဖော်ပြထားသည့် **Box** များ

မေးခွန်းများနှင့် လက်တွေ့လုပ်ငန်းများကို ဖော်ပြထားသည့် **Box**များမှ ပေါ်ပေါက်လာသော ကိစ္စများသည် အချို့သောသူများအတွက် ထိခိုက်နာကျည်းစရာများ ဖြစ်တတ်သောကြောင့် လေ့ကျင့်သင်ကြားပေးသူများ၊ စီမံကိန်းညှိနှိုင်းဆောင်ရွက်သူတာဝန်ခံများလိုက်နာရန် ယေဘုယျလမ်းညွှန်ချက်ကို အောက်တွင် ဖော်ပြထားပါသည်။

- အချေအတင် ဖော်ပြချက်၏ ရည်ရွယ်ချက်မှာ လက်တွေ့ကျပြီး ကူညီဖြည့်ဆည်းပေးမည့် စီမံကိန်းများ အကောင်အထည်ပေါ်လာရေးအတွက် အပြုသဘောဆွေးနွေးမှုကို အားပေးကူညီရန် ဖြစ်သည်။ မည်မျှစိတ်ဝင်စားစရာကောင်းသည်ဖြစ်စေ၊ မူလရည်ရွယ်ချက်မှ ဝေးကွာသွားအောင် ဆွေးနွေးခြင်းမျိုးကို ရှောင်ရန်နှင့် ပန်းတိုင်ကို မျက်ခြေမပြတ်ရန် အားထုတ်ပါ။ ဥပမာ အချို့လူများက မိမိတို့၏ မိသားစုသမိုင်းအဖြစ်အပျက်များမှ အကြောင်းအရာတစ်ခုခုကို ရုတ်တရက် သတိရပြီး၊ အခြားသူများကလည်း မိမိတို့၏ အတွေ့အကြုံများဖြင့် ရှည်လျားစွာ ပါဝင်ဆွေးနွေးတတ်ကြကြောင်း တွေ့ရပါမည်။ သို့သော် သူတို့၏ အတွေ့အကြုံများ၊ သူတို့ပြောသော အကြောင်းအရာသည် ဆောင်ရွက်နေသော စီမံကိန်းအတွက် မည်သို့သောအဓိပ္ပါယ်ကို ဆောင်ကြောင်း အမြဲဆင်ခြင်သုံးသပ်ပါ။
- အချို့သောသူများသည် အသိုင်းအဝိုင်း၏ သမိုင်းဖြစ်ရပ်များအပေါ်တွင်ဖြစ်စေ၊ သူ့ကိုယ်ပိုင်သမိုင်း ပေါ်တွင်ဖြစ်စေ ဒေါသထွက်နေတတ်ရာ ၄င်းဒေါသကို လေးစားရန်လိုအပ်သည်။ ၄င်းဒေါသ နှင့် မုန်းတီးမှုကို ဖျောက်ဖျက်ရန် အာရုံစိုက်မည့်အစား ယင်း သမိုင်းဖြစ်ရပ်များ မည်ကဲ့သို့သော တန်ဖိုးရှိနိုင်ကြောင်းနှင့် မည်သည့်နည်းမျိုးဖြင့် မှတ်တမ်းတင်နိုင်ကြောင်း အပြုသဘော ကိုင်တွယ်သင့်သည်။
- ဘာသာရေးအရဖြစ်ဖြစ်၊ လူမျိုးရေးအရဖြစ်ဖြစ်၊ လူမျိုးခွဲခြားသော၊ လိင်ခွဲခြားသော၊ အာဃာတထားသော အဆိုများကို ဟန့်တားသင့်သည်။ ဤသို့သော အဆိုမျိုးသည် စိတ်လှုပ်ရှားမှုများဖြင့် ဆွေးနွေးသည့်အခါမျိုးတွင် ပေါ်ပေါက်လာတတ်သည်။ မည်မျှ ပွင့်လင်း၍ မည်မျှမှန်ကန်သည် ဖြစ်စေ ယင်းအဆိုများသည် ဤလက်စွဲစာအုပ်တွင် ဖော်ပြထားသော လုပ်ငန်းများအတွက် အထောက်အကူမဖြစ်နိုင်ပါ။ ထိုသို့သော အဆိုမျိုး၏ အကြောင်းရင်းကို အပြုသဘော သုံးသပ်လျှင် အကျိုးရှိသည်။ တစ်ခါတစ်ရံ ယင်းအဆိုများတွင် သမိုင်းရေး အမြင်များ ပါနေတတ်သည်။ ထိုအဆို၏ နောက်ခံတွင် ရှိသော ရပ်ရွာလူထုပြောပြချက်များကို စီမံကိန်းမှတဆင့် ကိုင်တွယ်တင်ပြနိုင်ပုံကို ပြလျှင် အကျိုးရှိပါမည်။
- တစ်ခါတစ်ရံတွင် ဤအဆိုမျိုးကို အထွေထွေဆွေးနွေးခန်းသို့ မတင်ပြမီ နှစ်ယောက် တစ်တွဲ သို့မဟုတ် အုပ်စုငယ်များတွင် ဦးစွာဆွေးနွေးခိုင်းလျှင် ကောင်းပါသည်။ ထိုသို့ပြုခြင်းဖြင့် တစ်ဦးချင်း၏ ခံစားချက်ကို မှားသည် သို့မဟုတ် ယုတ္တိမတန်ဟု ထင်မြင်ခံရမည် စိုးရိမ်ခြင်းနှင့် တစ်ဦး တစ်ယောက်တည်း အပေါ် ဝိုင်းဝေဖန်မည့် အရေးကို ရှောင်လွှဲနိုင်လိမ့်မည်။ နှစ်ယောက်တတွဲဖြစ်စေ အုပ်စုငယ်များဖြင့် ဖြစ်စေ ဦးစွာဆွေးနွေးသည့်အခါတွင် အဖွဲ့တိုင်းမှ လူများ ပါဝင်၍ ဆွေးနွေးတင်ပြပါစေ။ တစ်ဦးတည်းက ဒိုင်ခံ ဆွေးနွေးခြင်းမျိုးကို ရှောင်ရှားပါ။
- သင်တန်းချိန် အစပိုင်းတွင် ပါဝင်သူများသည် သူတို့ ဘာပြောရမည်ကို သိပ်မသေချာ၍ အဖြေမှန်ဟု ထင်သော အရာကိုသာ ပြောလိုကြလိမ့်မည်။ ဘောင်အပြင်ဘက်ထွက်သွားသည့် အဆိုများကို ကွဲလွဲအဆိုများအဖြစ် ဆုံးဖြတ် သတ်မှတ်ခြင်းမရှိကြောင်းနှင့် ထိုအဆိုမျိုးကို အားပေးကြောင်း ပြသပါ။
- ဆွေးနွေးချက်တစ်ခု ပြီးဆုံးတိုင်း ထိုအဖွဲ့က ဆွေးနွေးသော အဓိကအချက်အလက်များကို စာရင်းရေးမှတ်ပါ။ စီမံကိန်းအတွက် မည်ကဲ့သို့သက်ဆိုင် အသုံးဝင်ကြောင်း ရှင်းလင်းရေးသားပါ။ ဆွေးနွေးတင်ပြလာသော

ကိစ္စများကို စီမံကိန်းအကောင်အထည်ဖော်ရာတွင် မည်ကဲ့သို့ ထည့်သွင်းမည်ဆိုသည့်အကြောင်းကို တိတိကျကျဖော်ပြပါ။

## အမေး အဖြေ – နှုတ်ပြောသမိုင်း အကြောင်းအရာ အချက်အလက်များ ( စာမျက်နှာ ၃ )

ဤအပိုင်း၏ အဓိကအချက်မှာ မကြာသေးမီက ဖြစ်ပျက်သော အကြောင်းအရာများကို၊ ရပ်ရွာမှ သာမန်လူတန်းစားများ၏ အတွေ့အကြုံနှင့် ဆက်နွယ်၍ ပြန်လည်သုံးသပ်ရန်လည်းကောင်း၊ မျိုးဆက်အဆင့်ဆင့်၏ အတွေ့အကြုံနှင့် နှိုင်းယှဉ်သုံးသပ်ရန်လည်းကောင်း ဖြစ်သည်။ သင်တန်းသားများကို ရပ်ရွာတွင် မတူညီသော အသက်အရွယ် ကျား၊ မ (လိင်) လူမှုရေးအဆင့်အတန်းတို့ကို ထည့်စဉ်းစားရန် တိုက်တွန်းအားပေးရမည်။ သမိုင်း ဟူ သည်မှာ တစ်ခုတည်း မဟုတ်ဘဲ၊ ရပ်ရွာတွင် နေထိုင်ကြသော လူ့အသိုင်းအဝိုင်း အဖွဲ့များတွင် သူတို့ တွေ့ကြုံရသော အဖြစ်အပျက်များနှင့် ၄င်းတို့၏ အတွေ့အကြုံတစ်ခုနှင့်တစ်ခု ဆက်စပ်နေခြင်း၊ ထပ်နေခြင်း အပြင် သူတို့ကိုယ်တိုင်အား အများနှင့်မတူ ထင်ရှားသိသာစေသော အကြောင်းအရာများအဖြစ် သမိုင်းမျိုး ရှိနိုင်ကြောင်း သိမြင်ရန်အားပေးပါ။ ဤသို့ပြုရခြင်း၏ ရည်ရွယ်ချက်မှာ မည်သည့်လူမှုအဖွဲ့အစည်းကမျှ (ဥပမာ မျိုးဆက်တစ်ခု သို့မဟုတ် လူမှုအဆင့်အတန်းတစ်ခုမှ အမျိုးသား များ) သူတို့၏ အတွေ့အကြုံများကို ရပ်ရွာ တစ်ခုလုံး၏ ကိုယ်စားပြုနိုင်ခြင်း မရှိကြောင်း၊ သင်တန်းသားများ သိမြင်သဘောပေါက်ရန် ကြိုးပမ်းခြင်းဖြစ်သည်။ သမိုင်းဟူသည်မှာ မတူညီ ကွဲပြားခြားနားသော ပြောဆိုချက်များ အပြန်အလှန် ဆက်နွယ်နေသော အရာဖြစ် ကြောင်း သင်တန်းသားများ အသိအမှတ်ပြုတတ်လာရန် အားပေးသင့်သည်။

## အ မေး အ ဖြေ – နှုတ်ပြောရိုးရာအစဉ်အလာများ ( စာမျက်နှာ ၅ )

သင်၏ အဖွဲ့အစည်းတွင် ပါဝင်သောသင်တန်းသားများအနေဖြင့်၊ သူတို့၏ ရပ်ရွာလူမှုအသိုင်းအဝိုင်းများမှ နှုတ်ပြောရိုးရာအစဉ်အလာများကို မလေ့လာမစဉ်းစားသူများ ဖြစ်ကောင်းဖြစ်ပါလိမ့်မည်။ ဤနှုတ်ပြောရိုးရာအစဉ်အလာများကို ရှေးဆန်သည် ဟူ၍သော်၄င်း၊ ယခုခေတ်နှင့် မလျော်ညီဟူ၍လည်းကောင်း၊ လူတွေ အမြဲတွေ့မြင်နေကျ အရာဖြစ်သောကြောင့် အမှုမဲ့အမှတ်မဲ့သော်လည်းကောင်း၊ ရှုမြင်တတ်ကြသည်။ BOX များအတွင်းရှိ မေးခွန်းများသည် ရပ်ရွာလူထုအတွင်း နှုတ်ပြောရိုးရာအစဉ်အလာများ၏ ပါဝင်မှုကဏ္ဍကို သတိထားရှုမြင်တတ်ရန်၊ ၄င်းနှုတ်ပြော ရိုးရာအစဉ်အလာများကို သူတို့ကိုယ်တိုင်ကြားရသော အတွေ့အကြုံများ သူတို့ကိုယ်တိုင်ပြောဆိုလိုက်နာသော အတွေ့အကြုံများကို သတိထားမိရန်နှင့် ပိုမိုကျယ်ပြန့်သော ယဉ်ကျေးမှုနှင့် လူမှုအသိုင်းအဝန်းတွင် တွေ့ကြုံရခြင်းကို သတိပြုမိစေရန် အထူးအာရုံစိုက် အလေးပေးသင့်ပါသည်။

နှုတ်ပြောရိုးရာအစဉ်အလာများကို ပြောပြသူတို့၏ အသက်အပိုင်းအခြားနှင့် ကျား၊ မ၊ (လိင်) ကို ထည့်စဉ်းစားသင့်သည်။ ထို့ပြင် လူမှု အဆင့်အတန်းအလိုက် နှုတ်အဆိုရိုးရာဓလေ့များ၏ အကျိုးဆက်ကိုလည်းကောင်း၊ ထိရောက်သော စီမံကိန်းတစ်ခုအတွက် ယင်းနှုတ်ပြောရိုးရာအစဉ်အလာကို ပြောပြသူတို့၏ အဆင့်အတန်း များကြောင့် ဖြစ်ပေါ်သောအကြောင်းအရာများကိုလည်း ထည့်စဉ်းစားသင့်သည်။ ရပ် ရွာလူထုအတွင်းမှ နှုတ်ပြောရိုးရာအစဉ်အလာများနှင့် ဆက်နွယ်၍ ပြောဆိုတင်ပြသောနည်းစံနစ်နှင့် သတင်းအချက်အလက်များကို ဆွေးနွေးရန် အားပေးသည့် အခြားရပ်ရွာအသိုင်းအဝိုင်းအကြောင်း ထည့်စဉ်းစားရမည်။

## အမေး အဖြေ – နှုတ်ပြောသမိုင်းနှင့် ဖွံ့ဖြိုးရေး (စာမျက်နှာ ၇)

ဤအပိုင်းသည် ခက်ခဲသော အပိုင်းဖြစ်သော်လည်း၊ ဤအပိုင်းကို ထည့်သွင်းဖော်ပြရခြင်း၏ ရည်ရွယ်ချက်မှာ နှုတ်ပြောသမိုင်းနှင့် နှုတ်ပြောရိုးရာအစဉ်အလာများအနေဖြင့် စီမံကိန်းတည်ဆောက်မှု အောင်မြင်ရန် မည်ကဲ့သို့ အထောက်အကူပြုနိုင်ကြောင်းကို အထူးအာရုံစိုက်နိုင်ရန်ဖြစ်သည်။ မည်သည့်ကိစ္စအတွက် မည်သူ့ကို အပြစ်တင်ရမည်ဟူသော ခါးသီးသော ဆွေးနွေးမှုမျိုး မဖြစ်ပေါ်စေရန်၊ အောက်မြင်မှု ဆုံးရှုံးမှုများကို ပုဂ္ဂလဆန်ဆန် မပြုဘဲ နှုတ်ပြောသမိုင်း၊ နှုတ်ပြောသက်သေခံချက်၊ နှုတ်ပြောရိုးရာအစဉ်အလာများ၏ အပြုသဘော ပါဝင်မှုကို ဦးစားပေး အာရုံစိုက်ရမည်။ ရပ်ရွာအသိုင်းအဝိုင်း သို့မဟုတ် ဒေသခံပတ်ဝန်းကျင်တွင် အရေးကြီးသော လတ်တလော အရေးကိစ္စ များပေါ်တွင် အခြေခံကာ ဖွံ့ဖြိုးရေး အစီအစဉ်သစ်များကို စဉ်းစားခြင်းသည်လည်းကောင်း စီမံကိန်းပုံစံထဲသို့ နှုတ်ပြောသမိုင်းကို ထိရောက်စွာ ထည့်သွင်းရေးဆွဲနိုင်သော နည်းလမ်းများ ကို ဆင်ခြင်၍ မည်သည့်ရည်ရွယ်ချက်အတွက် မည်သည့်အကျိုးကို မျှော်လင့်ကြောင်း ထည့်စဉ်းစားလျှင်လည်းကောင်း ပိုကောင်းပါမည်။ နားမထောင်ကြခြင်း အကြောင်းရင်းကို နက်ရှိုင်းစွာ စဉ်းစားဆင်ခြင်ပြီး၊ ပါဝင်သူများ ကိုယ်တိုင် ဤကိစ္စအပေါ်တွင် လူမှုရေးအဆင့်အတန်းနှင့် ပညာရေးအဆင့်အတန်းကို အခြေခံကာ ထင်မြင်ယူဆပုံကို စဉ်းစားခိုင်းလျှင် အကျိုးရှိပါမည်။

## အ မေး အ ဖြေ – လူမျိုးစုငယ်တို့၏ သမိုင်းများ (စာမျက်နှာ ၁၅ )

ဤအပိုင်းတွင် အရေးကြီးသောပါဝင်သူသင်တန်းသားများကို ရပ်ရွာလူထု၏ သမိုင်းများမှ ထူးခြားချက်များကို စဉ်းစားရန် သာမက ဤအဖြစ်အပျက် ပြောပြချက်များအနေဖြင့် ထိုရပ်ရွာလူထုနှင့် ထိတွေ့ဆက်ဆံနေပြီးသော အခြားအုပ်စုငယ်များအပေါ်တွင် ဆက်နွယ်နေပုံကိုပါ စဉ်းစားရန် အားပေးခြင်းဖြစ်သည်။ သူတို့သည် ဤအဖြစ် အပျက်ပြောပြချက်များကို အခြားသူများဟု သတ်မှတ်သောအချက်ကို အဘယ်ကြောင့် ခွဲခြားထားရကြောင်းနှင့် အုပ်စုငယ်အဖြစ်မဟုတ်ဘဲ သေးငယ်သော အတိုင်းအတာနှင့် ကျယ်ဝန်းသော အတိုင်းအတာနှစ်ခုလုံးတွင် ဤများ ဆက်နွယ်နေပုံကို စဉ်းစားဆင်ခြင်သင့်သည်။ သူတို့သည် သူတို့၏ ရပ်ရွာလူထု အသိုင်းအဝိုင်းအကြောင်း ရေးသားထားသော စာအုပ်စာတမ်းအမျိုးမျိုးနှင့် သူတို့၏ အားသာချက်နှင့် အားနည်းချက် တို့ကို ရေးထားသော စာအုပ်စာတမ်း အမျိုးမျိုးကို ပြန်လည်ဆန်းစစ်ခြင်း၊ စစ်ဆေးကြည့်ခြင်း များ ကိုလည်း ပြုလုပ်သင့်သည်။ သူတို့သည် စာဖြင့်ရေးသားထားသော အချက်အလက်တစ်ခုခုကို ဝေဖန်လျှင်၊ ပါဝင်သူသင်တန်းသားများ ဘက်မှလည်း လက်တွေ့ကျ သော အထောက်အထားများဖြင့် ထောက်ခံအကြံပြုကြရန် အားပေးသင့်သည်။ ထို့နောက်မှ သူတို့သိသော သမိုင်းသည် စာဖြင့် ရေးသားပြုစုထားသော သမိုင်းနှင့် မည်သို့သော ကွာခြားချက်များရှိပါက၊ ဤကွာခြားချက်များကို မည်ကဲ့သို့မှတ်တမ်းတင်ပြီး သုတေသနပြုရန်နှင့် ပိုမိုနက်ရှိုင်းသော အခြေအတင်ဆွေးနွေးမှုသို့ မည်သည့်နည်းဖြင့် ထည့်သွင်းဖော်ပြမည်နည်း။ အကယ်၍ ရေးသားပြုစုထားသော သမိုင်းအပေါ်တွင် စာဖြင့်မရေးထားသော်လည်း၊ ရပ်ရွာလူထုကသိသော အချက်ကို အခြေခံပြီး ဝေဖန် လျှင် ထိုထင်ပေါ်သော မှတ်တမ်းများကို ကျယ်ကျယ်ပြန့်ပြန့် တင်ပြရန် အလေးထား ဆွေးနွေးရလိမ့်မည်။

ဤအသိပညာကို မည်သူချုပ်ကိုင်ထားသနည်း။ ၄င်းကို မည်သည့်နည်းဖြင့် ဖြန့်ဝေမည်နည်း။ စာဖြင့် ရေးသားသော မူရင်းအချက်အလက်များနှင့် နှုတ်ဖြင့်ပြောဆိုသော မူရင်းအချက်အလက်များကို ၄င်းအဖွဲ့အစည်း၏ သမိုင်းနှင့် ဆက်နွယ်၍ ပါဝင်သော ကဏ္ဍကို အလေးပေး ဖော်ပြရန် လိုအပ်ပါသည်။

## အ မေး အ ဖြေ – သမိုင်းဆိုင်ရာအထောက်အထားများ ( စာမျက်နှာ ၃၀ )

ဤအပိုင်းရှိ အဖြေများစွာတို့ကို မူလစာမူ တွင် ထင်ရှားပေါ်လွင်သည်ဖြစ်စေ၊ မထင်မရှားဖြစ်စေ တွေ့ရှိနိုင်ပြီး၊ ပါဝင်သူသင်တန်းသားများကို ထိုနေရာတွင် အဖြေရှာဖွေရန် အားပေးသင့်သည်။ ဘက်လိုက်ခြင်း ဆိုသည်မှာ အဘယ်နည်းဟူသော မေးခွန်းမျိုးတို့သည် သမိုင်းပညာရှင်များ ခေတ်အဆက်ဆက် အချေအတင် ငြင်းဆိုလာသည့် သဘောတရားဆန်၍ ခက်ခဲရှုပ်ထွေးသော အရေးကိစ္စများဖြစ်သည်။ ထို့ကြောင့် ဤအပိုင်း၏ အရေးကြီးဆုံး ကိစ္စများသည် ပါဝင်သူ သင်တန်းသားများ သူတို့၏ နောက်ကြောင်းရာဇဝင်၊ လူမှုရေးအဆင့်အတန်း၊ ပညာရေး၊ ကိုးကွယ်သည့်ဘာသာ၊ မိမိပါဝင်နေသော လူမျိုးစု၊ ကျား၊ မ၊ လိင်၊ အသက်အရွယ် စသည်တို့က မှတ်တမ်း စာရွက်စာတမ်းများ အပေါ် အကဲဖြတ် အနက်ဖွင့်ရာတွင် လွှမ်းမိုးနိုင်ကြောင်း သိရှိလာရန် မြှင့်တင်ပေးခြင်း နှင့် ဆက်နွှယ်နေသည်။ သို့မဟုတ် သူတို့ရေးသော သမိုင်းသည် အခြားသူများနှင့် ဆက်နွှယ်ပါတ်သက်နေသလောက် မိမိတို့ ရေးသားပုံရေးသားနည်း ၄င်းသမိုင်း အပေါ်တွင် လွှမ်းမိုးကြောင်း သတိထားမိရန် မြှင့်တင်ပေးခြင်းနှင့် ဆက်နွှယ်နေသည်။ သို့နှင့် အခြားသူများ ရေးသားပြုစုသော မှတ်တမ်းစာရွက်စာတမ်းများ သို့မဟုတ် စာရင်းဇယား စာအုပ်စာတမ်းများသည် ပါဝင်သူ သင်တန်းသားများ ကိုယ်တိုင် သူတို့၏ ဘဝအသက်တာနှင့် လုပ်ငန်းခွင်တွင် ရင်ဆိုင်နေရသော အရေးကိစ္စ များအတွက် နည်းလမ်းများကို ဖန်တီးဖော်ထုတ်ပေးနိုင်သည်။ ၄င်းပြင် အပေါ်ယံ အမြင် အားဖြင့် လုံးဝ အသုံးမဝင်ဟု ထင်ရှားသော အချက်အလက်မှတ်တမ်းများပင်လျှင် ဂရုတစိုက် ဝေဖန်ဆန်းစစ်သောနည်းကို သုံးပါက အကျိုးရှိနိုင်ကြောင်း ပြသရန်လည်း အရေးကြီးပါသည်။

## အမေးအဖြေ – သင်နှင့် သင်၏ဘာသာစကား ( စာမျက်နှာ ၃၂ )

ဤ စတုဂံပုံမေးခွန်းဘောင်၏ ရည်ရွယ်ချက်ကို text စာအုပ်ပါ အကြောင်းအရာတွင် စီစဉ်ဖော်ပြထားပြီးဖြစ်သည်။ သို့ရာတွင် သင်၏ စီမံကိန်း နှင့် ဆက်နွှယ်နေသော ဘာသာစကားဗေဒဆိုင်ရာ အရေးကိစ္စများကို အကျေအလည် စဉ်းစားဆင်ခြင်ရန် အလွန်အရေးကြီးပါသည်။ သင်၏စီမံကိန်းတွင် ပါဝင်သူများစွာတို့သည် အများသုံးဘာသာ စကား ပြောအုပ်စုမှ ဖြစ်နိုင်ပြီး၊ သူတို့အရေး မိမိတို့၏ ရပ်ရွာအသိုင်းအဝိုင်းတွင် အခြားသူများ၏ ကွဲလွဲအမြင်များကို စဉ်းစားရန် တိုက်တွန်း အားပေး သင့်သည်။ ထိုရပ်ရွာအသိုင်းအဝိုင်းအတွင်း စာဖြင့်ဆက်သွယ်ခြင်း၊ နှုတ်ဖြင့် ဆက်သွယ်ခြင်း တို့၏ အဆင့်အတန်းကိုလည်း ထည့်စဉ်းစားသင့်ပါသည်။ ၄င်းပြင် နှုတ်ထွက်စကား မှတ်တမ်းများကို စာဖြင့်ကူးရေးခြင်း ဘာသာပြန်ခြင်းကို မည်ကဲ့သို့ ပြု လုပ်မည့်အကြောင်း၊ ထိုဆုံးဖြတ်ချက်များကို မည်ကဲ့သို့ လက်တွေ့ကျင့်သုံးမည့်အကြောင်းလည်း ထည့်စဉ်းစားသင့်ပါသည်။ စီမံကိန်း၏ အရင်းအနှီး စမသန္ဓြခအျ သကအ စအေ ကို လူအမျိုးမျိုး လက်လှမ်းမီရယူနိုင်ရေး၊ ၄င်းတို့ကို ထည့်စဉ်းစားမည်လားဟူ၍ ဖြစ်သည်။

နားထောင်ရန်သင်ယူခြင်း (Leaning to Listen)

စာအုပ်သည်၊ မြန်မာနိုင်ငံအတွင်းရှိလူများ သို့မဟုတ် မြန်မာနိုင်ငံမှလာသူများနှင့်အတူ ပါးစပ်ရာဇဝင်နှင့် နှုတ်ဖြင့်သက်သေထွက်ဆိုချက် စီမံကိန်းလုပ်ငန်း ဆောင်ရွက်လိုသူများအတွက် အထူးစီစဉ်ပြုစုထားသော လက်စွဲစာ အုပ်ဖြစ်ပါသည်။ အစိုးရမဟုတ်သည့်အဖွဲ့အစည်းများ **(NGOs)** နှင့်ရပ်ရွာလူထု အဖွဲ့အစည်းများတွင် အသုံးပြုရန် သင်တန်းသုံး စာရွက်စာတမ်းများတွင် ပူးပေါင်းပါဝင်ခွင့်ပြုသော Panos Oral Testimony Programme ပါနော့စ် နှုတ်ဖြင့်သက်သေထွက်ဆိုချက် အစီအစဉ်၏ ထောက်ပံ့မှုဖြင့် ဤလက်စွဲစာအုပ်ကို ပြုစုနိုင်ခဲ့ပါသည်။

ဤလက်စွဲစာအုပ်သည် နှုတ်ပြောစီမံကိန်းများကို စီစဉ်ရေးဆွဲခြင်း၊ လက်တွေ့အကောင်အထည်ဖော်ခြင်းနှင့် အကဲဖြတ်ခြင်းအတွက် အခြေခံနိဒါန်း တင်ပြထားသည့်ပြင်၊ အခြေခံနည်းပညာများသာ ရရှိသည့်အခြေအနေမျိုးတွင် နှုတ်ထွက်အကြောင်းအရာများနှင့် မျက်စိဖြင့်မြင်နိုင်သည့် ပစ္စည်းများကို ဖြန့်ဝေရန်နှင့် ထိန်းသိမ်းရန်လမ်းညွှန်မှုများ ကိုပေးပါသည်၊ သို့ရာတွင်ဤလက်စွဲစာအုပ်ပါ စည်းစနစ်များသည် အခြေအနေမျိုးစုံတွင် လက်တွေ့အသုံးချနိုင်ပြီး၊ သင်ပြပါအကြောင်းကိစ္စများကို အသေးစိတ်ဆွေးနွေးလိုသူများအတွက် စီမံကိန်းအမျိုး ပေါင်းများစွာတွင် နမူနာများ ထည့်သွင်းပေးထားပါသည်။

နားထောင်ရန်သင်ယူခြင်း (Learning to Listen) စာအုပ်သည် မြန်မာနိုင်ငံမှ ရပ်ရွာလူထုများနှင့်အတူ နှုတ်ထွက် ပါးစပ်ရာဇဝင် သုတေသနပြုလုပ်ခြင်းတွင် စိတ်ဝင်စားသူများ အားလုံးအတွက် အဖိုးတန်ကိရိယာ ပစ္စည်း တစ်မျိုးဖြစ်ပြီး၊ မြန်မာဘာသာဖြင့် ပြန်ဆိုထုတ်ပြန်သည့် ဤစာအုပ်သည် ပြည်တွင်းသုတေသီများအတွက်၊ ပူးပေါင်းလုပ်ဆောင်လိုသူများအတွက်ပါ အကျိုးဖြစ်ထွန်းပါလိမ့်မည်။

ISBN 974851268-1
9789748512686